

ဓမ္မသေနာပတိ

# အရှင်သာရိပုတ္တရာ

ပါဠိပါရဂူ

## ဦးအောင်မိုး

ဒုတိယအကြိမ်

ပန်းမြိုင်တိုး

ပါဠိပါရဂူဦးအောင်မိုး

# ဓမ္မသေနာပတိအရှင်သာရိပုတ္တရာ

၂၅၂၀၉

ဓမ္မသေနာပတိ  အရှင်သာရိပုတ္တရာ
ဒုတိယအကြိမ်၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ၊ အုပ်ရေ ၅၀၀

အဖုံးပန်းချီ   စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၅၃/ ၂၀၀၁(၄)နှင့် စာမူခွင့်ပြုချက်အမှတ် ၁၈၂/ ၂၀၀၁(၃)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/ ၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးကို ဦးတင်မောင်ဝင်း(၀၅၉၄၆)သင်းလဲ့ဝင်းပုံနှိပ်တိုက်၊ အမှတ် ၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ် နှင့် အတွင်းစာသားကို ဦးသန်းဝင်း(၀၅၂၅၉)၊ သော်တာဝင်းအော့ဖ်ဆက်၊ ၁၄၁၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

တန်ဖိုး ၈၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

သူ [illegible]

# မာတိကာ

[illegible] တော် [illegible] ရေးဦးစီး [illegible]

ကမ္ဘာ့ခအား [illegible] ကုန်။


အခန်း (၁) ဖွားမြင်ခန်း

၁။ အရှင်သာရိပုတ္တရာ ဖွားမြင်တော်မူခြင်း ... ၁၄
၂။ တောင်ထိပ်ပွဲကြည့်ခြင်း ... ၁၆
၃။ သံဝေဂရခြင်း ... ၁၇
၄။ ပရိဗိုဇ်ရဟန်းပြုခြင်း ... ၁၈

အခန်း (၂) ရဟန်းပြုခန်း

၁။ အရှင်အဿဇိနှင့် တွေ့ခြင်း ... ၂၀
၂။ သောတာပန်ဖြစ်ခြင်း ... ၂၁
၃။ သိဉ္စည်းဆရာကို ခေါ်ခြင်း ... ၂၃
၄။ ရဟန်းအဖြစ်သို့ရောက်ခြင်း ... ၂၅
၅။ ရဟန္တာဖြစ်ခြင်း ... ၂၆
၆။ လက်ယာတော်ရံ
ပထမအဂ္ဂသာဝကအရာကို ရခြင်း ... ၂၇
၇။ ရှေးဆုတောင်း ... ၂၈
၈။ အနုစ်သာရ ... ၃၆
၉။ အရှင်သာရိပုတ္တရာ၏ အိမ်သားများ ... ၃၆
၁၀။ ညီတော်အငယ်ဆုံး ရေဝတ ... ၃၇
၁၁။ အရှင်ရေဝတ၏တန်ခိုး ... ၄၃

အခန်း (၃) အလေ့အကျင့် အပြုအမူ

၁။ ဆရာကို ရိုသေလေးစားခြင်း ... ၄၆
၂။ မယ်တော်ကို လေးစားခြင်း ... ၄၇
၃။ ဆုံးမသြဝါဒကို လိုလားခြင်း ... ၄၈
၄။ အခွင့်အရေး မယူခြင်း ... ၄၉
၅။ အပြစ်မကင်းသည်ကို ရှက်ကြောက်ခြင်း ... ၅၀
၆။ နှုတ်မြွက်ပြောဆို၍ရသောအစာကို ရှောင်ခြင်း... ၅၁
၇။ တပည့်ကို သည်းခံခြင်း ... ၅၃

၈။ ပုဏ္ဏားမိုက်ကို သည်းခံခြင်း ... ၅၄
၉။ တပည့်များကို ငဲ့ကွက်ခြင်း ... ၅၆
၁၀။ ဆိတ်ငြိမ်မှုကို အလိုရှိတော်မူခြင်း ... ၅၇
၁၁။ ငြိမ်းချမ်းသော စိတ်နှလုံးရှိခြင်း ... ၆၀
၁၂။ စိတ်နှလုံး ပြတ်သားခြင်း ... ၆၂
၁၃။ ကျေးဇူးတင်တတ်ခြင်း ... ၆၄
၁၄။ သူ့ကျေးဇူးကိုသိခြင်း ... ၆၅
၁၅။ ဒုက္ခသည်ကို ကယ်တင်ခြင်း ... ၆၇
(တမ္ဗဒါဌိကဝတ္ထု)
၁၆။ ဆင်းရဲသူကို ချီးမြှောက်တော်မူခြင်း ... ၇၂
(အမယ်အိုကြီးဝတ္ထု)
၁၇။ သူတစ်ပါးကို ကူညီတတ်ခြင်း ... ၇၃
(ယသော်ဓရာထေရီအတွက် သရက်သီးအဖျော်)
၁၈။ ဂိလာနပုဂ္ဂိုလ်တို့အား စောင့်ရှောက်ခြင်း ... ၇၅
(ဂိလာနအတွက် သားပြုတ်ရည်)
၁၉။ အလွန်သနားတတ်ခြင်း ... ၇၆
(လောသကတိဿဝတ္ထု)
၂၀။ ဆွေမျိုးတို့၏အကျိုးကို ဆောင်ရွက်ခြင်း ... ၇၉
(မာတုလ ဗြာဟ္မဏဝတ္ထု)
၂၁။ ခမည်းတော်၏သူငယ်ချင်းကို ချီးမြှောက်ခြင်း... ၈၁
(တိဿသာမဏေဝတ္ထု)
၂၂။ သူတစ်ပါးအား ချီးမွမ်းတတ်ခြင်း ... ၉၀
(နန္ဒမာတာဝတ္ထု)
၂၃။ သူတစ်ပါး၏အလိုသို့လိုက်ခြင်း ... ၉၂
(ပဏ္ဍိတသာမဏေဝတ္ထု)
၂၄။ စေတနာလွန်တော်မူခြင်း ... ၉၈
(ကောရဏ္ဍိယဇာတ်)
၂၅။ ကုန်းချော၍မရခြင်း ... ၉၉
(စားကြွင်းစားဝတ္ထု)
၂၆။ ခုနစ်ရက်သားကလေးက စကားတုံ့ပြန်ခြင်း ... ၁၀၂
(သုပ္ပဝါသာဝတ္ထု)

၂၇။ ဖြေရှင်းစရာရှိသော် ရဲဝံ့စွာဖြေရှင်းခြင်း ... ၁၀၄
(သီဟနာဒသုတ်)
၂၈။ ပညာရှိသူတော်ကောင်းကို မြတ်နိုးတတ်ခြင်း ... ၁၀၇
(ရထဝိနီတ သုတ္တန်)
၂၉။ အပြစ်ကင်းစင်တော်မူခြင်း ... ၁၁၃
(ဝင်္ဂီသသံယုတ်)
၃၀။ သိက္ခာပုဒ်ကို အလွန်ရိုသေခြင်း ... ၁၁၅
(က) ဇရပ်ဆွမ်း (ဝိနယ၊ ပါစိတ္တိယ)
(ခ) ကြက်သွန်ဖြူ (ဝိနယ၊ မဟာဝဂ္ဂ)
(ဂ) ကြာစွယ်ကြာရင်း (ဝိနယ၊ စူဠဝဂ္ဂ)

အခန်း (၄) ပညာဂုဏ်ကြီးမားခြင်း
၁။ မဟာပညာဗျာဒိတ် ... ၁၁၉
(ထေရာပဒါန်)
၂။ ဗုဒ္ဓမှတစ်ပါး ပညာအရာ၌ပြိုင်ဘက်ကင်းခြင်း... ၁၂၀
(ဒေဝေါရောဟဏဝတ္ထု)
၃။ ဗဟုသုတ ... ၁၂၃
(ကုဏ္ဍလကေသီဝတ္ထု)
၄။ မေးသမျှပြဿနာကို ဖြေဆိုခြင်း ... ၁၃၀
(ပရိဗိုဇ်မ ၄ ယောက်တို့ဝတ္ထု)
၅။ စကားစစ်ထိုးခြင်း ... ၁၃၃
(မဟာဝါဒီပရိဗိုဇ်ဝတ္ထု)
၆။ စကားအရာ၌ လိမ္မာတော်မူခြင်း ... ၁၃၆
(သုစိမုခီသုတ်)
၇။ နက်နဲသောစကားရှိခြင်း ... ၁၃၈
(တောနေရဟန်းသုံးကျိပ်တို့ဝတ္ထု)
၈။ ဆွယ်တရား အဟောကောင်းခြင်း ... ၁၄၀
(သမ္မာဒိဋ္ဌိမယားနှင့် မိစ္ဆာဒိဋ္ဌိလင်)
၉။ စွမ်းရည်သတ္တိ ထက်မြက်ခြင်း ... ၁၄၁
(ဒေဝဒတ်ဝတ္ထု)

၁၀။ အရှင်သာရိပုတ္တရာ၏ စီးပွားရေးတရား ... ၁၄၅
(လာဘဂရဟဇာတ်)
၁၁။ စကြဝဠာဆားအိုးကြီး အရှင်သာရိပုတ္တရာ ... ၁၄၈
(အရှင်မဟာမောဂ္ဂလ္လာန်)
၁၂။ အရှင်သာရိပုတ္တရာ၏ သမာဓိတန်ခိုး ... ၁၅၀
(ယက္ခပ္ပဟာရသုတ်)
၁၃။ ဗုဒ္ဓအလိုတော်ကို သိတတ်ခြင်း (ပီတိသုတ်) ... ၁၅၂
၁၄။ တရားပြကောင်းသည် (အနုရုဒ္ဓသုတ်စသည်)... ၁၅၅
၁၅။ တရားဆွေးနွေးလေ့ရှိသည် ... ၁၅၇
(သမိဒ္ဓိသုတ်စသည်)
၁၆။ နေရာတကာတွင် ပညာရှိမလုပ်ခြင်း ... ၁၆၆
(ခိပ္ပနိသန္တိသုတ်စသည်)
၁၇။ တိုးတက်မှုကို လိုလားခြင်း ... ၁၇၀
(သက္ကစ္စသုတ်)
၁၈။ ခမာဂုဏ်နှင့် ပြည့်စုံခြင်း ... ၁၇၄
(နိရောဓသုတ်)
၁၉။ အရှင်သာရိပုတ္တရာ၏ ဂုဏ်ပုဒ်များ ... ၁၇၇
(အနုပဒသုတ် စသည်)
၂၀။ အရှင်သာရိပုတ္တရာ၏ ဂုဏ်သတင်း ... ၁၈၅
(သုသိမသုတ်)
၂၁။ အရှင်သာရိပုတ္တရာ၏ စွမ်းဆောင်ချက်များ ... ၁၈၇
(အထွေထွေ)

## အခန်း (၅) အရှင်သာရိပုတ္တရာဟောကြားတော်မူခဲ့သော သုတ္တန်များ

၁။ ပရိသတ်အစည်ကားဆုံးတရားပွဲ ... ၁၉၂
(သမစိတ္တသုတ္တန်)
၂။ လူမမာအားပေးတရား ... ၁၉၉
(ပထမ အနာထပိဏ္ဍိကသုတ်)
၃။ ဗြဟ္မာ့လမ်းစဉ်တရား ... ၂၀၃
(ဓနဉ္စာနိသုတ်)

၄။ သမ္မာဒိဋ္ဌိအမြင်မှန်တရားတော် ... ၂၁၀
(သမ္မာဒိဋ္ဌိသုတ်)
၅။ သစ္စာလေးပါးတရားတော် ... ၂၁၄
(သစ္စဝိဘင်္ဂသုတ်)
၆။ နာမကျန်းသူ အရှင်ဆန္နအား မိန့်ကြားသော ... ၂၂၀
ဩဝါဒ (ဆန္နောဝါဒသုတ်)
၇။ အရှင်သာရိပုတ္တရာ၏တရားနှင့် အနာထပိဏ်သူဌေး
ကြီး၏ မျက်ရည်ကျခဲ့သောတရားတော် ... ၂၂၃
(အနာထပိဏ္ဍိကောဝါဒသုတ်)
၈။ ဆင်ခြေရာတရားတော် ... ၂၃၀
(မဟာဟတ္ထိပဒေါပမသုတ်)
၉။ အရှင်မဟာမောဂ္ဂလ္လာန်က ချီးကျူးသော
တရားကောင်းတစ်ပုဒ် (အနင်္ဂဏသုတ္တန်) ... ၂၃၈
၁၀။ တောရတရား (ဂေါလိယာနိသုတ်) ... ၂၄၅
၁၁။ ခက်ခဲနက်နဲသော ပြဿနာအဖြေများ ... ၂၄၉
(မဟာဝေဒလ္လသုတ်)
၁၂။ အရှင်သာရိပုတ္တရာ၏ဉာဏ်ပညာနှင့် ဗုဒ္ဓဂုဏ်... ၂၆၀
(သမ္ပသာဒနီယသုတ်)
၁၃။ အခြားသုတ္တန်ဒေသနာများ ... ၂၇၈

အခန်း (၆) ပရိနိဗ္ဗာန်ပြုခြင်း

၁။ ပရိနိဗ္ဗာန်ပြုရန် အကြံဖြစ်ခြင်း ... ၂၈၄
၂။ မယ်တော်ကို သတိရခြင်း ... ၂၈၄
၃။ မြတ်စွာဘုရားထံ ခွင့်ပန်ခြင်း ... ၂၈၆
၄။ တန်ခိုးပြ၍ တရားဟောခြင်း ... ၂၈၆
၅။ နောက်ဆုံးကန်တော့ခြင်း ... ၂၈၇
၆။ ရဟန်းရှင်လူတို့က လိုက်ပို့ကြခြင်း ... ၂၈၉
၇။ မယ်တော်ရွာသို့ ကြွသွားခြင်း ... ၂၉၀
၈။ ဖွားတော်မူရာ တိုက်ခန်းသို့ဝင်ခြင်း ... ၂၉၁
၉။ နတ်ဗြဟ္မာတို့ အလုပ်အကျွေးလာကြခြင်း ... ၂၉၁

| | | | |
|---|---|---|---|
| ၁၀။ | မယ်တော်အား တရားဟောခြင်း | ... | ၂၉၃ |
| ၁၁။ | ပရိနိဗ္ဗာန်ပြုတော်မူခြင်း | ... | ၂၉၄ |
| ၁၂။ | မယ်တော်ငိုကြွေးခြင်း | ... | ၂၉၄ |
| ၁၃။ | သာစုကာငွနသဘင် | ... | ၂၉၅ |
| ၁၄။ | ရေဝတီနတ်သမီး | ... | ၂၉၆ |
| ၁၅။ | အရှင်စုန္ဒ ဓာတ်တော်ကို ယူ၍လာခြင်း | ... | ၂၉၇ |
| ၁၆။ | အရှင်အာနန္ဒာအား မြတ်စွာဘုရားက တရားပြတော်မူခြင်း | ... | ၂၉၉ |
| | နိဂုံး | ... | ၃၀၂ |

# ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာဝတ္ထု
## ဒုတိယအကြိမ်ရိုက်
## နိဒါန်း

ဗုဒ္ဓ၏ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာဝတ္ထုကို ၁၉၆၀ ပြည့်နှစ်တွင် ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ ယင်းပထမအကြိမ်ရိုက် စာအုပ်မှာ လူငယ်လူရွယ်များကို အဓိကထား၍ရေးသားခဲ့သော စာအုပ်ဖြစ်၍ ပြည့်စုံသင့်သလောက် မပြည့်စုံကြောင်း ဝန်ခံအပ်ပါသည်။

သို့ရာတွင် ယင်းစာအုပ်ကိုဖတ်ရသော မိတ်ဆွေအပေါင်းတို့က နှစ်ထောင်းအားရရှိကြသဖြင့် ဒုတိယအကြိမ် ထုတ်ဝေရန် အကြိမ်ကြိမ် တိုက်တွန်းကြပါသည်။ သို့ဖြင့် ယင်းစာအုပ်ကို အတော်အတန် ပြင်ဆင်ဖြည့်စွက်၍ ၁၉၇၅ ခုနှစ်တွင် ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေရန် ကြိုးစားခဲ့ပါသည်။ သို့သော်လည်း အကြောင်းမညီညွတ်သဖြင့် မအောင်မြင်ခဲ့ပါ။

သို့ဖြင့် နှစ်ပေါင်း ၂၀ ကြာမြင့်လာခဲ့သည်။ မလျှော့သော ဇွဲလုံ့လဖြင့် အရှင်အာနန္ဒာဝတ္ထု၊ အရှင်မဟာမောဂ္ဂလာန် စသည်တို့ကိုလည်း အခါအခွင့်ကို ကြည့်ရှု၍ အစဉ်တစိုက် ပြုစုလာခဲ့ပါသည်။ ယင်းဝတ္ထုတို့ကား အရှင်သာရိပုတ္တရာဝတ္ထု (ပထမရိုက်)ထက် နှစ်ဆသုံးဆမျှ ကြီးမား၍ များစွာပြည့်စုံကြပါသည်။ ထိုဝတ္ထုများ ပြီးစီးလာသောအခါ ဗုဒ္ဓ၏ ပထမအဂ္ဂသာဝက ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာဝတ္ထုကိုလည်း အရှင်မြတ်၏ဂုဏ်နှင့်လိုက်အောင် ယင်းသို့ ပြည့်ပြည့်စုံစုံ ဖြစ်စေချင်သော စေတနာသည် တဖွားဖွား ဖြစ်ပေါ်လာခဲ့သည်။ သို့ဖြင့် အရှင်မြတ်၏ အကြောင်းအရာတို့ကို အသစ်ထပ်မံရှာဖွေစုဆောင်း၍ အကောင်းဆုံးဖြစ်လာအောင် ပြင်ဆင်ဖြည့်စွက်၍ အသစ်တစ်ဖန် ပြန်လည်ရေးသားအပ်ပါသည်။

ဤသို့ ထပ်မံပြင်ဆင်ဖြည့်စွက်ထားသည့် ဤအရှင်သာရိပုတ္တရာဝတ္ထုသည် လူငယ်လူရွယ်များအတွက်သာ မဟုတ်တော့ဘဲ လူကြီးလူငယ်မရွေး ရဟန်းရှင်လူအစရှိသူတို့ ဖတ်သင့်သော စာအုပ်အဖြစ်သို့ ရောက်ရှိပြီဟု ယုံကြည်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုလေ့လာလျှင် ယဉ်ကျေးမှုကိုသာမက ဗုဒ္ဓဝါဒအစစ်အမှန်ကိုလည်း သိမြင်နားလည်နိုင်ကြပါသည်။

အထူးသဖြင့် အခန်း ၄ တွင် ဖော်ပြထားသော သုတ္တန်တို့သည် တစ်မင်တစ်ဖိုလ်အရောက် ပို့ဆောင်နိုင်သော တရားဒေသနာများ ဖြစ်ကြပါသည်။

အရှင်မြတ်သည် သောတာပန်အဖြစ်သို့ရောက်အောင် အပို့အဆောင်ကောင်းလှသဖြင့် သာရိပုတ္တရာသည် သံဃာ့မွေးသမိခင်ဟု ဗုဒ္ဓ၏ ချီးမွမ်းခြင်းကို ခံယူရသူဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရား သာသနာတော်၌ စံပြသာဝကကြီးနှစ်ပါးရှိရာတွင် အရှင်သာရိပုတ္တရာသည် ပထမစံပြသာဝကကြီး ဖြစ်တော်မူသကဲ့သို့ ဗုဒ္ဓဘာသာယဉ်ကျေးမှုအရာတွင် ဤအရှင်သာရိပုတ္တရာဝတ္ထုသည်လည်း စံပြဝတ္ထုတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသတည်း။

ရန်ကုန်မြို့ အောင်မိုး
၁၅-၁၀-၈၀

# ကျမ်းဦးနိဒါန်း

အကျွန်ုပ်သည် ဆရာသမားတို့၏ ဂုဏ်ကျေးဇူးဖြင့် ပါဠိဘာသာကို ကောင်းစွာ တတ်မြောက်ခဲ့သည့်အလျောက် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့ကို အားလပ်သမျှ အချိန်တို့၌ ကြည့်ရှုမှတ်သားလေ့ရှိသဖြင့် ယင်းပါဠိအဋ္ဌကထာတို့၌ ကြည်ညိုဖွယ်ရာကောင်းလှသော အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးများကို အထူးတလည် တွေ့ရှိရပါသည်။ တွေ့ရှိရသမျှမှာလည်း လွန်စွာ မှတ်သားအတုယူဖွယ် ကောင်းလှသဖြင့် သီးခြားထုတ်နုတ်၍ ရေးမှတ်စုဆောင်းခဲ့ပါသည်။

စုဆောင်းမိသမျှ အကြောင်းအရာများကို စုပေါင်းလိုက်သောအခါ ဝတ္ထုကျမ်းစာ တစ်စောင်တစ်ဖွဲ့ ဖွဲ့လောက်နေသည်ကို တွေ့ရပါသည်။ ဤအကြောင်းအရာများကို စုပေါင်း၍ အရှင်သာရိပုတ္တရာ၏ ဝတ္ထုကို စီစဉ်ရသော် အကျွန်ုပ်ကဲ့သို့ပင် ဖတ်ရသူအပေါင်းတို့မှာလည်း ထူးကဲသောသဒ္ဓါတရား ဖြစ်ပွားလောက်သည်ဟု ယုံကြည်ပါသည်။ ဤသို့ ယုံကြည်ခြင်းကြောင့်ပင် ဤအရှင်သာရိပုတ္တရာ ဝတ္ထုကို စုပေါင်းစီစဉ်လိုက်ခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို စီစဉ်ရသည်မှာ အခြားသော ဇာတ်ဝတ္ထုများကို ရေးသားရသကဲ့သို့ ကျမ်းတစ်စောင်တစ်ဖွဲ့ကိုကြည့်၍ ဘာသာပြန်ကာမျှနှင့် မပြီးနိုင်သော ဝတ္ထုမျိုးဖြစ်၍ လွယ်ကူလှသည်မဟုတ်ပါ။ နိကာယ်ငါးရပ်တို့မှ သက်ဆိုင်ရာ အကြောင်းအရာများကို ရှာဖွေစုဆောင်း၍ ပေါင်းစပ်ယူရသော ဝတ္ထုမျိုး ဖြစ်ပါသည်။ ပါဠိတော်များသာမကဘဲ အဋ္ဌကထာများ၌လာသော အချို့အချက်အလက်များကိုပါ စုပေါင်းလိုက်မှသာ အတော်အသင့် ပြည့်စုံသော ဝတ္ထုဖြစ်လာပါသည်။ သို့ရာတွင် အလုံးစုံပြည့်စုံပြီဟုကား ဝန်မခံနိုင်သေးပါ။

ဤဝတ္ထုပါ အကြောင်းအရာများသည် အထက်ပါစကားဟိုင်း ပါဠိ အဋ္ဌကထာထွက်များသာ ဖြစ်ကြပါသည်။ ဋီကာ ဂဏ္ဌိ ဂန္ထန္တရထွက် စကားများ လုံးဝ မပါရှိပါ။ ကြည်ညိုစေချင်လွန်း၍ ပိုမိုချီးကျူးခြင်းများလည်း မပါဝင်ပါ။ အကြောင်းအရာတစ်ခုကို ပြလိုက်သောအခါ အဆက်အစပ်ဖြစ်သော စကားရပ် အနည်းငယ်မျှကိုသာ မိမိဘာသာ ဆက်စပ်ရေးသား၍ ထည့်သွင်းထားပါသည်။

ဤဝတ္ထုကို ဖတ်ရသောအခါ ဗုဒ္ဓဘာသာ၏ ယဉ်ကျေးမှုပြည့်ဝပုံကို အတော်စုံလင်စွာ တွေ့ရပါလိမ့်မည်။ ဗုဒ္ဓဘာသာ၏ ခမ်းနားကြီးကျယ်ပုံကိုလည်း အကဲခတ်နိုင်ပါလိမ့်မည်။ 'ပညာရှိသူတော်ကောင်း'ဆိုသည်ကား ဤပုဂ္ဂိုလ်မျိုးသာ ဖြစ်တော့သည်။ 'ဗုဒ္ဓဘာသာကား မြင့်မြတ်လှ၏တကား'ဟူသော အရသာကိုလည်း ခံစားရလိမ့်မည် ဖြစ်ပါသတည်း။

ဒေါင်မိုး

၁၂-၁၂-၆၀

## ဂန္ထာရမ္ဘ

၁။ ဒွေ ကာ သီတိ မဟာဂ္ဂေဟိ၊ ကုဋ္ဌာ နေကေဟိ လင်္ကတံ။
သုပုဏ္ဏံ သာသနံ ဗုဒ္ဓ၊ သိခရံ သောဏ္ဏပဗ္ဗတံ။ ။
၂။ စက္ကာနုဝတ္တကံ ဒန္တံ၊ သာရိပုတ္တံ အနောပမံ။
ဘူ အာ ပါ နိ လာ နလ စိတ္တံ၊ ဓမ္မသေနာပတိံ နမေ။ ။
၃။ ဒိသွာန ပဥ္စနိကာယ၊ အဋ္ဌကထေ ဋီကစရံ စရံ။
ဂုဏရတနံ ဒဿာမိ၊ အာဝုနန္တော ယထာဗလံ။ ။

၁။ ဒွေ ကာ သီတိ မဟာဂ္ဂေဟိ၊ အဂ္ဂသာဝကနှစ်ပါး မဟာသာဝကတစ်ပါး ပကတိသာဝကရှစ်ဆယ်တည်းဟူသော တောင်ထွတ်ကြီးတို့ဖြင့်လည်းကောင်း။ ကုဋ္ဌာနေကေဟိ၊ ပဋိသမ္ဘိဒါပတ္တ၊ ဆဠာဘိညာ၊ တေဝိဇ္ဇနှင့် ဥဘတောဘာဂဝိမုတ္တ၊ ကေတောဘာဂ ဝိမုတ္တတည်းဟူသော တစ်ပါးမက များပြားလှစွာသော တောင်ထွတ်ငယ်တို့ဖြင့်လည်းကောင်း။ လင်္ကတံ အလင်္ကတံ၊ တေဒဂ်အတန်တန် ဉာဏ်ပညာအမျိုးမျိုး တန်ခိုးအဖြာဖြာတို့ဖြင့် တန်ဆာဆင်အပ်သော။ ဗုဒ္ဓသိခရံ၊ အတုမဲ့ဂုဏ်ရှင် ဘုရားသခင်တည်းဟူသော အထွတ်အထိပ်လည်း ရှိထသော။ သုပုဏ္ဏံ၊ သီလသမာ ပညာတန်ဆောင် ရွှေဝါရောင်တို့ဖြင့် အလွန်တောက်ပြောင်ထသော။ သာသနံ၊ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်တည်းဟူသော။ သောဏ္ဏပဗ္ဗတံ၊ ကမ္ဘာ့ကျက်သရေ တက်နေရောင်လင်း ရွှေတောင်မင်းကို။ နမေ၊ ကျေးဇူးတော်ဂုဏ် အလုံးစုံကို ကြည်ယုံမြတ်နိုး၍ ရှိခိုးဦးညွတ်ပါသတည်း။

၂။ စက္ကာနုဝတ္တကံ၊ တရားတည်းဟူသော စကြာရတနာကို အတုလိုက်၍ လည်စေနိုင်ထသော။ ဒန္တံ၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံး ယဉ်ကျေးတော်မူပြီးထသော။ အနောပမံ၊ နှိုင်းခိုင်းစရာ ဥပမာမရှိသည့် အသိဉာဏ်ပညာနှင့်လည်း ပြည့်စုံတော်မူထသော။ ဘူ အာ ပါ နိ လာ နလ စိတ္တံ၊ မြေအတူ ရေအတူ လေအတူ မီးအတူ အကြီးမဟူ အငယ်မထားဘဲ သနားသည်းခံစိတ် ရှိတော်မူထသော။ ဓမ္မသေနာပတိံ၊ တရားအရာ မဟာစစ်သူကြီး ဖြစ်တော်မူသော။ သာရိပုတ္တံ၊ မဟာပညာတေဒဂ်ရ ပထမအဂ္ဂသာဝက ဒက္ခိဏလက်ယာတော်ရံ တစ်ဆယ့်ခြောက်တန်သော ပညာသခင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကိုလည်း။ နမေ၊ အတ္တုပ္ပတ္တိလျှောက်ဆို၍ ကြည်ညိုသောသဒ္ဓါတရားဖြင့် ညွတ်တွားရိုကျိုး၍ ရှိခိုး ဦးညွတ်ပါသတည်း။

၃။ အဟံ၊ ဗုဒ္ဓမြတ်စွာ သာသနာကို သဒ္ဓါမြတ်နိုးသည့် မောင်အောင်မိုး အမည်ရှိသော ငါသည်။ ပဉ္စနိကာယ အဏ္ဏဝေ၊ ပိဋကတ်သုံးသွယ် နိကာယ် ငါးဖြာ သမုဒ္ဒရာ၌။ ဂေါစရံ၊ ဆရာသမားတို့ထံမှ ခံယူရရှိသော ပါဠိဘာသာ ပညာမျက်စိဖြင့် ကြည့်ရှုမှတ်သား၍ ကျက်စားခြင်းကို။ စရံ စရန္တော၊ အထပ်ထပ် အခါခါ လူးလာပြန်ခေါက် အကြိမ်ကြိမ်ပေါက်အောင် အထက်အောက်လှည့်လည် ကျက်စားသည်ရှိသော်။ ဂုဏရတနံ၊ ပုလဲမြသန္တာ၊ ရတနာအရောင်ကောင်းတို့နှင့် တူသော အရှင်သာရိပုတ္တရာ၏ ရတနာဂုဏ်ကျေးဇူးအပေါင်းကို။ ဒိသွာန၊ ထိုထို နေရာ များစွာသော ပါဠိ အဋ္ဌကထာတို့၌ သဒ္ဓါမျက်စိဖြင့် မြင်မိသည်ဖြစ်၍။ ဂုဏရတနံ၊ ကြည်ညိုဖွယ်အဖြာဖြာ မှတ်စရာအသွယ်သွယ် အားကျဖွယ်အမျိုးမျိုး အတုခိုးစရာအဖုံဖုံဖြစ်သော ဂုဏ်ရတနာအပေါင်းကို။ အာဝုနန္တော၊ ရတနာပုလဲသီ သကဲ့သို့ အစီအရီတံဆိပ်ခတ်လျက် စိတ်ဓာတ်နှင့် ဝါသနာ ပညာဂုဏ်အဆန်း ဆန်းဟု အခန်းလိုက် အခန်းလိုက် သီကုံးလျက်။ ယထာဗလံ၊ ခေတ်ဉာဏ် စာဉာဏ် နှစ်တန်ရောပြွမ်း၍ အစွမ်းရှိသလောက်။ ဒဿာမိ၊ ဆင်စေမြန်းစေ လန်းစေရွှင်စေ ယဉ်စေကျေးစေ အေးစေငြိမ်းစေ အထွေထွေ မျှော်တွေး၍ပေးကမ်း ပါအံ့သတည်း။

## အခန်း (၁)

# ဖွားမြင်ခန်း

### ၁။ အရှင်သာရိပုတ္တရာ ဖွားမြင်တော်မူခြင်း

အရှင်သာရိပုတ္တရာသည် မဂဓတိုင်း ရာဇဂြိုဟ်မြို့တော်မှ မနီးမဝေးဖြစ်သော နာလကရွာ၌ ဖွားမြင်တော်မူ၏။ ထိုနာလကရွာကား ဗြဟ္မာကို ကိုးကွယ်သော ပုဏ္ဏားတို့နေထိုင်ရာ ပုဏ္ဏားရွာကြီးဖြစ်၏။ ထိုရွာကြီးကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်မင်းမြတ်သည် များသောအားဖြင့် ပုဏ္ဏားတို့အား အပိုင်စားပေးတော်မူထားလေ့ရှိသောကြောင့် ပုဏ္ဏားစားရွာကြီးဟုလည်း ထင်ရှား၏။ ထိုရွာကြီးကိုပင် ဥပတိဿရွာဟူ၍လည်းကောင်း၊ နာလကရွာဟူ၍လည်းကောင်း အချို့က ခေါ်ဝေါ်ကြကုန်၏။ နာလကရွာသည် ရာဇဂြိုဟ်မြို့တော်၏ ဆင်ခြေဖုံးရွာကြီးဖြစ်၍ တစ်နံနက်ခင်း၌ပင် သွား၍ ပြန်လာနိုင်၏။ ထို့နာလကရွာ၏ ပိုင်ရှင်ကား ကုဋေရှစ်ဆယ်ကြွယ်ဝသော ဝင်္ဂန္တပုဏ္ဏားဖြစ်၏။ ထိုဝင်္ဂန္တပုဏ္ဏား၏ ကြင်ရာဖြစ်သော ရူပသာရီပုဏ္ဏေးမသည် အရှင်သာရိပုတ္တရာ၏ မယ်တော်ဖြစ်၏။ ရူပသာရီပုဏ္ဏေးမ၌ သားသမီး ခုနစ်ယောက်ရှိသည့်အနက် အရှင်သာရိပုတ္တရာအလောင်းလျာသူငယ်သည် အကြီးဆုံးသားဦးဖြစ်ပေ၏။

ထိုနာလကရွာနှင့် မနီးမဝေး၌ပင် ကောလိတအမည်ရှိသော ရွာကြီးတစ်ရွာလည်း ရှိ၏။ ထိုကောလိတရွာ၏ အကြီးအကဲကား ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားသူကြွယ်ဖြစ်၏။ ထိုကောလိတသူကြွယ် ပုဏ္ဏား၏ ကြင်ရာဖြစ်သော မောဂ္ဂလိပုဏ္ဏေးမသည် အရှင်မဟာမောဂ္ဂလ္လာန်၏ မယ်တော်ဖြစ်၏။ ဝင်္ဂန္တပုဏ္ဏားနှင့် ကောလိတပုဏ္ဏားတို့သည် အမျိုးအနွယ်၊ စည်းစိမ်ဥစ္စာ၊ အယူဝါဒအားဖြင့် တူမျှကြသည့်ပြင် ဆွေမျိုးခုနစ်ဆက်မျှ အစဉ်မပျက် ပေါင်းဖက်ချစ်ခင်ခဲ့ကြသော မိတ်ဆွေရင်းကြီးများ ဖြစ်ကြကုန်၏။

နာလကရွာ၌ ရူပသာရီပုဏ္ဏေးမသည် အရှင်သာရိပုတ္တရာအလောင်းလျာကို ကိုယ်ဝန်ရှိသောနေ့၌ပင် မောဂ္ဂလိပုဏ္ဏေးမ၌လည်း ကိုယ်ဝန်ရှိ၏။ ဖွားမြင်သောအခါ၌လည်း တစ်ရက်တည်း၌ပင် မိခင်နှစ်ဦးတို့သည် အဂ္ဂသာဝကနှစ်ပါး၏ အလောင်းလျာ သူငယ်နှစ်ဦးတို့ကို ဖွားမြင်ကြကုန်၏။ ကိုယ်ဝန်ပဋိသန္ဓေရှိကြောင်းကိုလည်းကောင်း၊ ဖွားမြင်ကြောင်းကိုလည်းကောင်း ချစ်ခင်လှသော

သူငယ်ချင်းများဖြစ်၍ အချင်းချင်း ပြောဆိုမေးမြန်းကြသဖြင့် တစ်နေ့တည်း၌ပင် ပဋိသန္ဓေရှိကြ၍ တစ်နေ့တည်း၌ပင် ဖွားမြင်ကြောင်းကို သိကြကုန်၏။ ရွာပိုင်ရှင်ဖြစ်သော မိဘနှစ်အိမ်ထောင်တို့သည် မိမိတို့၏ သားဦးရတနာကလေးများကို လွန်စွာ မြတ်နိုးစုံမက်ကြကုန်လျက် များလှသောအခြွေအရံ အစောင့်အရှောက်တို့ဖြင့် ကောင်းစွာ မွေးမြူကြကုန်၏။

အမည်မှည့်ခြင်း

အမည်မှည့်သောအခါ၌ကား သာရိပုဏ္ဏေးမ၏သားကို ဥပတိဿဟု မှည့်ခေါ်ကြကုန်၏။ မောဂ္ဂလိပုဏ္ဏေးမ၏သားကို ကောလိတဟု မှည့်ခေါ်ကြကုန်၏။ ဤနာမည်တို့ကား ရွာ၏အမည်များသာ ဖြစ်ကြကုန်၏။ နာလကရွာ၏ ရှေးအမည်မှာ ဥပတိဿရွာဖြစ်၍ ထိုရွာ၏ အကြီးအမှူးဖြစ်သော ဝင်္ဂန္တပုဏ္ဏားနှင့် သာရိပုဏ္ဏေးမ၏သားကို ဥပတိဿဟု မှည့်ကြခြင်းဖြစ်၏။ ထို့အတူ ကောလိတရွာ၏ အကြီးအမှူးဖြစ်သူ၏ သားဖြစ်သောကြောင့် မောဂ္ဂလိပုဏ္ဏေးမ၏သားကို ကောလိတဟု မှည့်ကြကုန်၏။

ဥပတိဿနှင့် ကောလိတတို့သည် ငယ်စဉ်ကပင် အတူတကွ နေထိုင်သွားလာလေ့ရှိကြ၏။ အလွန်ချစ်ခင်သော သူငယ်ချင်းနှစ်ယောက်ဖြစ်ကြကုန်၏။ အတတ်ပညာ သင်ကြားချိန်ရောက်သောအခါ၌လည်း အတူတကွ ပညာသင်ကြကုန်၏။ ထိုသူငယ်နှစ်ယောက်တို့ကား ပါရမီပြည့်ဝသည့် အဂ္ဂသာဝကလောင်းလျာများဖြစ်ကြသောကြောင့် လောကီလူသားတို့ တတ်အပ်သော အတတ်ပညာကို အလွယ်တကူဖြင့်သာ သင်ကြားတတ်မြောက်ကြကုန်၏။ အတတ်မျိုးစုံတို့၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်သည့် ပါရဂူကလေးနှစ်ယောက် ဖြစ်လာကြကုန်၏။

ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသောမိဘတို့၏ သားသမီးများဖြစ်ကြသောကြောင့် အသီးအသီး လုလင်ဖော်ငါးရာစီ အခြံအရံရှိကြကုန်၏။ ဥပတိဿသည် ကစားမြူးထူးရန် မြစ်ဆိပ်များ ဥယျာဉ်များသို့သွားသောအခါ ရွှေထမ်းစင်ငါးရာ အခြံအရံပါလျက် သွားလာရ၏။ ကောလိတကား ဤသို့သွားလာသောအခါ အာဇာနည်မြင်းရထားငါးရာတို့ အခြံအရံပါလျက် သွားလာရ၏။ ဤလုလင်နှစ်ယောက်တို့ကား အမျိုးတူ အရွယ်တူ အခြံအရံငါးရာစီဖြင့် လောကီလူတို့၏ စည်းစိမ်ကို ချမ်းသာစွာ စံစားကြကုန်၏။

## ၂။ တောင်ထိပ်ပွဲကြည့်ခြင်း

ရာဇဂြိုဟ်မြို့ကြီးကား 'တောင်ငါးလုံး ကာရံသည့် ရာဇဂြိုဟ်'ဟု ခေါ်ဆိုကြရသည့်အတိုင်း တောင်တို့အလယ်၌ တင့်တယ်လှသော မြို့ကြီးတစ်မြို့ဖြစ်၏။ ထို့ကြောင့် နှစ်စဉ် တောင်ထိပ်ပွဲသဘင် ဆင်ယင်ကျင်းပလေ့ရှိကြ၏။ ထိုတောင်ထိပ်ပွဲသဘင်ကား တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပမြဲဖြစ်၏။ ရှေးအစဉ်အလာဖြစ်သော ကြတ္တိကာနက္ခတ်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲကို တောင်များသော အရပ်ဒေသဖြစ်၍ တောင်ထိပ်ပွဲအဖြစ်ဖြင့် ဆင်ယင်ကျင်းပခြင်းဖြစ်သည်ဟု ဆိုစရာပင်ဖြစ်၏။ ထိုတောင်ထိပ်ပွဲကား ရာဇဂြိုဟ်မြို့တော်ကြီးတွင် အစည်ကားဆုံးပွဲလမ်းတစ်ခု ဖြစ်ပေလိမ့်မည်။ တောင်ထိပ်နှင့်တကွ သင့်လျော်သောနေရာများတွင် အလှအပ ခင်းကျင်းပြုပြင်၍ ကြည့်ရှုစရာ ပွဲလမ်းသဘင်အမျိုးမျိုးကိုလည်း ပြသကြ၏။ မီးများလည်း ထိန်ထိန်ညီးအောင် ထွန်းညှိထားကြ၏။ ပွဲသဘင်များကား ရယ်စရာ၊ ပျော်ရွှင်စရာ၊ ကြောက်စရာ စသည် ပွဲအရသာကိုးပါးကို ပြည့်ပြည့်ဝဝ ခံစားရသော ပွဲသဘင်များ ဖြစ်ကြကုန်၏။ ပွဲသဘင်၌ ကြည့်ရှုသူ ပရိသတ်တို့ကား နေစရာ ထိုင်စရာများကို စောစောပင် တင်ကြိုခင်းကျင်း၍ ခံ့ညားစွာ ကြည့်ရှုကြရ၏။ မင်း သူဌေးသူကြွယ် ဆင်းရဲသား အမျိုးလေးပါးတို့ ပါဝင်ကြ၍ မိမိတို့စည်းစိမ်အလိုက် ဝတ်စားဆင်ယင်၍ အဆောင်အယောင် အခမ်းအနားအမျိုးမျိုးဖြင့် လာရောက်ကြည့်ရှုကြ၏။ ကြည့်ရှုသူ မင်း သူဌေး သူကြွယ်တို့က သဘောကျနှစ်ခြိုက်သော် ဆုလာဘ်များ ပေးကြကုန်၏။ ပျော်ရွှင်စရာအကောင်းဆုံး ပွဲလမ်းသဘင်ကြီးပင် ဖြစ်ပေ၏။

ဥပတိဿနှင့် ကောလိတတို့ကား နေရာတကာတွင် မခွဲမခွာဘဲ အလွန်တရာ ချစ်ခင်သော သူငယ်ချင်းများဖြစ်ကြသည့်အလျောက် ထိုတောင်ထိပ်ပွဲသဘင်ကြီးကို သွားရောက်ကြည့်ကြသောအခါ တစ်နေရာတည်းတွင် နှစ်ယောက်အတူနေ၍ ပွဲသဘင်ကို ကြည့်လေ့ရှိကြ၏။ သူငယ်ချင်းနှစ်ယောက်တို့ကား စိတ်ဓာတ်ချင်းလည်း အလွန်တရာ တူညီကြသဖြင့် ရယ်စရာကိုမြင်ရလျှင် အတူတကွ ရယ်ကြ၏။ ထိတ်လန့်စရာကို မြင်ရလျှင် အတူတူပင် ထိတ်လန့်မိကြ၏။ သဘောကျ၍ သဘင်သည်တို့အား ဆုပေးစရာရှိလျှင်လည်း နှစ်ယောက်အတူတူ နှစ်နာမည်ဖြင့် ဆုပေးလေ့ရှိကြ၏။ သူငယ်ချင်းနှစ်ယေက်တွဲတို့တွင် ထူးကဲသည့် စံပြသူငယ်ချင်းနှစ်ယောက်တို့ပင် ဖြစ်ပေ၏။

## ၃။ သံဝေဂရခြင်း

ဥပတိဿနှင့် ကောလိတတို့သည် နှစ်စဉ်ပင် တောင်ထိပ်ပွဲသို့ သွားရောက်ဆင်နွှဲလေ့ရှိကြရာ ဉာဏ်ပညာရင့်ကျက်သော အချိန်အခါသို့ပင် ရောက်လာခဲ့လေ၏။ ဤသို့ ဉာဏ်ပညာရင့်ကျက်သောနှစ်တွင် ကျင်းပသည့် တောင်ထိပ်ပွဲသဘင်သို့ သူငယ်ချင်းနှစ်ယောက် အတူတကွ သွားရောက်ကြည့်ရှုကြသော်လည်း ယခင်နှစ်များတွင် ကြည့်စဉ် ပွဲသဘင်၌ စိတ်ဝင်စားသကဲ့သို့ စိတ်ပါဝင်စားခြင်း မရှိကြတော့ချေ။ ရယ်စရာကိုလည်း မရယ်ကြ၊ လန့်စရာကိုလည်း မလန့်ကြ၊ ဆုပေးရမည့်နေရာ၌လည်း ဆုပေးလိုစိတ်မရှိကြကုန်။ သူငယ်ချင်းနှစ်ယောက်လုံး၏စိတ်၌ ပွဲသဘင်ကြည့်ရင်းပင် သံဝေဂရလျက် တရားရှာလိုသည့် ဆန္ဒသာ တဖွားဖွား ဖြစ်ပေါ်လာကြကုန်၏။

"ဤပွဲလမ်းသဘင်၌ ကြည့်ရှုသင့်သောသဘောသည် အဘယ်မှာရှိအံ့နည်း၊ ဤပွဲလမ်းသဘင်၌ ရှိကြသော အလုံးစုံသောသူတို့သည် နှစ်ပေါင်းတစ်ရာသို့ မရောက်မီအတွင်း၌သာ သေဆုံးကြကုန်လတ္တံ့၊ ခေါ်ဝေါ်စရာမရှိခြင်းသို့ ရောက်ကြကုန်လတ္တံ့၊ ထို့ကြောင့် ဤသေခြင်းသဘောမှ လွတ်မြောက်ရေးတရားကို ရှာသင့်ပြီ"

ဤသို့ သူငယ်ချင်းနှစ်ယောက်လုံး အကြံဖြစ်လျက် ရှိကြ၏။ ဤသို့ အကြံဖြစ်၍ အချင်းချင်း အကဲခတ်ကြည့်ရှုရာမှ ကောလိတသည် ဥပတိဿကို ဤသို့မေး၏။

"အဆွေ ဥပတိဿ၊ အဆွေသည် ယခင်နေ့များ၌ကဲ့သို့ ရွှင်လန်းဝမ်းမြောက်ခြင်းမရှိ၊ ယခုအခါ စိတ်နှလုံး မသာမယာဖြစ်သလော၊ အဆွေသည် အဘယ်သို့ စိတ်ကူးနေသနည်း"

"အဆွေ ကောလိတ 'ဤသဘင်သည်တို့ကို ကြည့်ခြင်း၌ အဘယ်မှာ အနှစ်သာရရှိအံ့နည်း။ ဤသို့ကြည့်ခြင်းသည် အကျိုးမဲ့အချည်းနှီးသာဖြစ်၏။ လွတ်မြောက်ရေးတရားကိုသာ ရှာသင့်သည်'ဟု ကြံ၍ ထိုင်နေပါသည်။ အဆွေကား အဘယ်ကြောင့် နှလုံးမသာမယာ ဖြစ်သနည်း"

"အဆွေ ဥပတိဿ ကျွန်ုပ်လည်း အဆွေကဲ့သို့ပင် စိတ်ကူးနေမိပါသည်"

"သို့ဖြစ်လျှင် ငါတို့နှစ်ယောက်၏ အကြံကား ကောင်းသောအကြံပင် ဖြစ်တော့သည်။ လွတ်မြောက်ရေးတရားကို ရှာလိုသူသည် တစ်မျိုးမျိုးသော ရဟန်းအဖြစ်ကို ယူသင့်သည်။ ယခု ငါတို့ အဘယ်သူ့ထံ၌ ရဟန်းပြုကြမည်နည်း"

ဤသို့ အချင်းချင်း အပြန်အလှန် ဆွေးနွေးကြ၍။ ပွဲကြည့်စဉ်မှာပင် လွတ်မြောက်ရေးတရားရှာရန် အညီအညွတ် ဆုံးဖြတ်လိုက်ကြ၏။ ထိုအချိန်အခါ၌ ရာဇဂြိုဟ်မြို့ကြီးတွင် ပရိဗိုဇ် ပရိသတ်အများနှင့်တကွ နေထိုင်၍ ဘုရားတစ်ဆူကဲ့သို့ ထင်ရှားကျော်စောသူကား သဉ္စယခေါ် သိဉ္စည်းဆရာဖြစ်ပေ၏။ ထို့ကြောင့် သူငယ်ချင်းနှစ်ယောက်တို့သည် သိဉ္စည်းဆရာအထံ၌ ရဟန်းပြုကြရန် သဘောတူညီကြလေ၏။

## ၄။ ပရိဗိုဇ်ရဟန်းပြုခြင်း

သိဉ္စည်းဆရာ့အထံ၌ ရဟန်းပြုကြမည်ဟု ဆုံးဖြတ်လိုက်ကြပြီးနောက် ဥပတိဿနှင့် ကောလိတတို့သည် မိမိတို့၏အခြံအရံဖြစ်သော လုလင်တို့အား ထမ်းစင်ငါးရာနှင့် ရထားငါးရာတို့ကိုယူ၍ အိမ်သို့ပြန်ကြကုန်ဟု စေလွှတ်လိုက်ကြ၏။ ထမ်းစင်တစ်စင်၊ ရထားတစ်စီးဖြင့်သာ သိဉ္စည်းပရဗိုဇ်၏အထံသို့သွား၍ ပရိဗိုဇ်ပြုကြကုန်၏။ ဥပတိဿနှင့် ကောလိတတို့ ပရိဗိုဇ်ပြုကြသော့အချိန်မှစ၍ သိဉ္စည်းဆရာသည် လာဘ်အများဆုံးရသူ၊ အခြံအရံအများဆုံးရှိသူအဖြစ်သို့ ရောက်လေ၏။ ဥပတိဿနှင့် ကောလိတတို့သည် ပရိဗိုဇ်ရဟန်းပြုပြီးနောက် နှစ်ရက်သုံးရက်ဖြင့်သာ သိဉ္စည်းဆရာ့ထံမှ သင်စရာရှိသော အတတ်ပညာတို့ကို အလုံးစုံသင်ယူ၍ ပြီးစီးကြလေ၏။ သိဉ္စည်းဆရာ၏ အတတ်ပညာ နည်းနာနိဿယတို့ကို အားလုံးသင်ယူပြီးသောအခါ ဤသို့မေးကြကုန်၏။

"ဆရာ ဆရာတို့၏အတတ်ပညာသည် ဤမျှသာရှိသလော၊ သို့မဟုတ် ဤမျှထက် ပို၍ရှိပါသေးသလော"

"ဤမျှသာ ရှိပေသည်။ သင်တို့လည်း အလုံးစုံကိုပင် တတ်မြောက်ကြပေပြီ"

ထိုစကားကိုကြားသောအခါ ဥပတိဿနှင့် ကောလိတတို့သည် "ဤသို့ဖြစ်လျှင် ဤဆရာ့အထံ၌ နေရခြင်းဖြင့် အကျိုးမရှိပြီ၊ ငါတို့ကား သေခြင်းတရားမှ လွတ်မြောက်ရေးတရားကို ရှာရန် ထွက်ခဲ့ကြကုန်၏။ ဤလွတ်မြောက်ရေးတရားကို ဤဆရာ့အထံ၌ မရနိုင်တော့ပြီ။ ဇမ္ဗူဒိပ်ကျွန်းကား ကျယ်ဝန်းပါသေး၏။ ရွာနိဂုံး မင်းနေပြည်များသို့ လှည့်လည်၍ရှာလျှင် လွတ်မြောက်ရေးတရားကို ဟောပြနိုင်သူ တစ်စုံတစ်ယောက်ကို မချွတ်ကေန် တွေ့တန်ရာသည်"ဟု အကြံဖြစ်ကြကုန်၏။

## တရားရှာခြင်း

ထိုအချိန်မှစ၍ ဥပတိဿနှင့် ကောလိတတို့သည် ပညာရှိသော ရဟန်း ပုဏ္ဏားတို့ ရှိသည်ဟု ကြားရသောအရပ်တိုင်းသို့ သွား၍ ထိုပညာရှိဆိုသူနှင့် ဆွေးနွေးကြကုန်၏။ လွတ်မြောက်ရေးတရားကို ရှာဖွေမေးမြန်းကြကုန်၏။ တွေ့ သမျှသော ပညာရှိတို့သည် ထိုသူနှစ်ယောက်တို့၏ အမေးကို မဖြေနိုင်ကြကုန်။ ထိုသူနှစ်ယောက်တို့ကသာ ဖြေရှင်းခဲ့ကြရကုန်၏။ ထိုသူနှစ်ယောက်တို့ကို တရား မပြနိုင်ကြကုန်။ ထိုသူတို့ကသာ အကြံဉာဏ်ပေး၍ ပြန်ခဲ့ကြရ၏။ ဤသို့လျှင် ဇမ္ဗူဒိပ်၌ လှည့်လည်၍ တရားပြနိုင်သူမတွေ့ရသဖြင့် မိမိတို့ဆရာရင်းဖြစ်သော သိဉ္စည်းပရိဗိုဇ်ထံသို့သာ ပြန်လာ၍ နေထိုင်ကြကုန်၏။ ထိုအခါ အချင်းချင်း ကတိကဝတ်တစ်ခုကို ပြုကြကုန်၏။ ထိုကတိကဝတ်ကား "ငါတို့နှစ်ယောက်တို့တွင် တစ်ယောက်ယောက်သည် လွတ်မြောက်ရေးတရားထူးကို အလျင်ရခဲ့သော် ကျန်တစ်ယောက်အား ပြန်၍ပြောစတမ်း"ဟူသော ကတိပင် ဖြစ်၏။

အခန်း (၂)

# ရဟန်းပြုခန်း

## ၁။ အရှင်အဿဇိနှင့် တွေ့ခြင်း

အချိန်ကား ရွှေ့လျား၍ သက္ကရာဇ် ၁၀၃ ခုသို့ ရောက်ခဲ့လေပြီ။ မြတ်စွာဘုရားသည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဓမ္မစကြာတရားကို မိဂဒါဝုန်တော၌ ဟောတော်မူပြီးနောက် ထိုတောမှာပင် ပထမဝါဆိုတော်မူ၍ ဝါကျွတ်သောအခါ ဂယာသီသသို့ ကြွတော်မူပြီးလျှင် ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ ထိုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့တွင် ဂယာသီသမှ ရဟန္တာတစ်ထောင် ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခဲ့ရာ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့တွင် ရာဇဂြိုဟ်သို့ ရောက်တော်မူ၏။ ရောက်လျှင် လဋ္ဌိဝနခေါ်သော နွယ်ချိုတောဉယျာဉ်၌ ခေတ္တသီတင်းသုံးတော်မူရာ ဗိမ္ဗိသာရမင်းကြီးသည် ပုဏ္ဏား သူဌေးသူကြွယ် တစ်သိန်းနှစ်သောင်းနှင့်တကွ မြတ်စွာဘုရားအား လာရောက်ဖူးမြော်၏။ ထိုပရိသတ်၌ ဉရုဝေလကဿပသည်ဆရာလော၊ မြတ်စွာဘုရားသည် ဆရာလောဟု အချို့က တွေးတောယုံမှားနေကြသဖြင့် ပရိသတ်ရှေ့၌ပင် ဉရုဝေလကဿပအား မည်သူကဆရာဖြစ်ကြောင်းကို လျှောက်ထားစေပြီးနောက် နာရဒဇာတ်တော်ကြီးကို ဟောတော်မူရာ ဗိမ္ဗိသာရမင်းနှင့်တကွ ပရိသတ် တစ်သိန်းတစ်သောင်းသည် သောတာပန်ဖြစ်၏။ တစ်သောင်းကား သရဏဂုံတည်လေ၏။

နောက်တစ်နေ့ ပြာသိုလပြည့်ကျော် ၁၂ ရက်တွင် ဉရုဝေလစသော ရဟန္တာတစ်ထောင်နှင့်တကွ မြတ်စွာဘုရားကို နန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ဉယျာဉ်တော်ကို မင်းနန်း မင်းတဲနှင့်တကွ ရေစက်သွန်းချ၍ မြတ်စွာဘုရားအား လှူတော်မူ၏။ ထိုအခါ သာသနာတော်၏ အခြေအမြစ်တည်လေပြီဟူသော အထိမ်းအမှတ်ဖြင့် မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်၏။ ဤသို့ ကျောင်းအလှူပွဲ၌ မြေလှုပ်သည်ကား သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းကို လှူသောအခါ၌လည်း လှုပ်၏။ ဤနှစ်ကြိမ်မှတစ်ပါး ကျောင်းလှူ၍ မြေလှုပ်သည်ဟု မရှိဖူးလေ။

ယင်းသို့ ဝေဠုဝန်ဉယျာဉ်ကို အလှူခံတော်မူရပြီးနောက် သုံးရက်မြောက်ဖြစ်သော ပြာသိုလကွယ်နေ့တွင် ဉပတိဿပရိဗိုဇ်သည် နံနက်ခင်းအချိန်၌ အရှင်အဿဇိနှင့် တွေ့ဆုံသတည်း။

အရှင်အဿဇိကား ပဉ္စဝဂ္ဂီငါးပါး အပါအဝင်ဖြစ်၍ ယင်းသည့် ၁၀၃ ခုနှစ် ဝါကျွတ်သောအခါ နယ်လှည့်၍ သာသနာပြုစုတော်မူရာမှ မြတ်စွာဘုရား ကြွတော်မူရာ ရာဇဂြိုဟ်မြို့တော်သို့ လိုက်လာတော်မူခြင်းဖြစ်၏။ မြတ်စွာဘုရား နှင့်အတူပါသော ရဟန္တာတစ်ထောင်တွင် အပါအဝင်မဟုတ်ပေ။ အရှင်အဿဇိ သည် လဆုတ် ၁၄ ရက်နေ့တွင် ရောက်လာ၍ ထိုလကွယ်နေ့ နံနက်တွင် ရာဇဂြိုဟ်မြို့တွင်းသို့ တစ်ပါးချင်း ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ ဥပတိဿလည်း မြို့တွင်းမှ စောစောဆွမ်းစားပြီးလျှင် ပရိဗိုဇ်ကျောင်းသို့ ပြန်လာရာ လမ်း၌ အရှင်အဿဇိကို ဖူးမြင်ရလေ၏။ ထိုအခါ ဥပတိဿသည် ပညာလွန်ပုဂ္ဂိုလ် တစ်ပါးဖြစ်၍ အရှင်အဿဇိကို မြင်ကာမျှဖြင့်ပင် ဤသို့စဉ်းစားဆင်ခြင်မိ၏။

"ငါသည် ဤရဟန်းမျိုးကို တစ်ခါမျှမမြင်ရဖူးသေး၊ ဤရဟန်းသည် ရဟန္တာအစစ်နှင့် ရဟန္တာဖြစ်ကြောင်းအစစ်ကိုကျင့်သည့် ပုဂ္ဂိုလ်မျိုးတို့တွင် တစ်ပါး အပါအဝင်ဖြစ်ရာသည်။ ငါသည် ဤရဟန်းအထံသို့ ချဉ်းကပ်၍ 'အရှင်သည် အဘယ်သူ၏တပည့်ဖြစ်သနည်း၊ အဘယ်သူ့ကို ရည်မှန်း၍ ရဟန်းပြုသနည်း၊ အဘယ်သူ၏တရားကို နှစ်သက်ပါသနည်း' ဟု မေးရလျှင် ကောင်းမည်။ သို့ရာတွင် ယခုကား ဤပြဿနာများကိုမေးရန် အချိန်မဟုတ်သေး။ အရှင်သည် မြို့တွင်း၌ ဆွမ်းခံတော်မူဆဲ ဖြစ်ပေသည်။ ငါသည် ဤရဟန်း၏နောက်သို့ အစဉ်တစိုက် လိုက်သွားမှသင့်မည်။ မိမိက အလိုရှိနေလျှင် ထိုသူအား ပြုသင့်သော တာဝန်ကို သိသင့်တော့သည်"

## ၂။ သောတာပန်ဖြစ်ခြင်း

ဥပတိဿသည် အရှင်အဿဇိနောက်သို့ ထက်ကြပ်မကွာ မလှမ်းမကမ်းမှ လိုက်၏။ အရှင်အဿဇိလည်း အိမ်စဉ်အတိုင်း ဆွမ်းရပ်၍ မျှတလောက်သော ဆွမ်းကိုရသဖြင့် ဆွမ်းဘုဉ်းပေးရန် သင့်လျော်သော နေရာတစ်ခုသို့ ချဉ်းကပ်၏။ ထိုအခါ ဥပတိဿသည် ထိုင်တော်မူလိုသည်ကို သိသဖြင့် မိမိ၌ အသင့်ပါလာ သော ပရိဗိုဇ်အင်းပျဉ်ကို ခင်း၍ပေး၏။ ထိုင်စရာအင်းပျဉ်၌ ထိုင်၍ အရှင်အဿဇိ သည် ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဥပတိဿသည် အရှင် အဿဇိအား မိမိ၌ပါလာသော ရေကရားမှရေကို ဆက်ကပ်၏။ ထို့နောက် နှုတ်ဆက်စကား ပြောဆို၍ ဤသို့လျှောက်ထား၏။

"ငါ့ရှင်၏ မျက်စိမျက်နှာ ဣန္ဒြေအဖြာဖြာတို့သည် ကြည်လင်ကုန်၏။ အရေအဆင်းလည်း ဖြူစင်၏။ ငါ့ရှင်သည် အဘယ်သူ့ကို ရည်မှန်း၍ ရဟန်းပြု

ခဲ့ပါသနည်း၊ ငါ့ရှင်၏ဆရာကား အဘယ်သူဖြစ်သနည်း၊ အဘယ်သူ၏တရားကို နှစ်သက်ပါသနည်း''

ထိုအခါ ရှင်အဿဇိသည် 'ဤပရိဗိုဇ်တို့ကား သာသနာတော်၏ ဆန့်ကျင်ဘက်ရန်သူများ ဖြစ်ကြ၏။ ရှေးဦးစွာ သာသနာတော်၏ နက်နဲခြင်းကို ပြဦးမည်'ဟု ကြံတော်မူ၍ ဤသို့အလေးအနက် မိန့်ဆို၏။

''ငါ့ရှင် ငါကား ရဟန်းသစ်သာဖြစ်ပေသည်။ ဤသာသနာတော်၌ ရဟန်းအဖြစ်သို့ရောက်သည်မှာ မကြာလှသေး။ ထို့ကြောင့် ငါ့ရှင်အား တရားတော်ကို အကျယ်တဝင့် ရှင်းလင်းဟောကြားရန် တတ်နိုင်မည်မဟုတ်ပေ''

''အကျွန်ုပ်သည် ကျော်စောထင်ရှားသော ဉပတိဿဆိုသူပင် ဖြစ်ပါသည်။ အနည်းငယ်မျှကိုဖြစ်စေ အများအပြားကိုဖြစ်စေ ငါ့ရှင်စွမ်းနိုင်သမျှကိုသာ ဟောကြားပါလော့။ ဟောသမျှကို နည်းအရာအထောင်တို့ဖြင့် တန်ဆာဆင်၍ သိနားလည်ရန်မှာ ကျွန်ုပ်တာဝန်သာ ဖြစ်ပါသည်။ ကျွန်ုပ်ကား သဒ္ဒါစကားပုဒ်အများကို အလိုမရှိပါ။ အနက်အဓိပ္ပာယ်ကိုသာ အလိုရှိပါသည်။ စကားလုံးအများအပြားဖြင့် အဘယ်ပြုရပါအံ့နည်း''

''အနည်းအများ၊ မဟူငြားဘူး၊ တရားအထွက်၊ ဓိပ္ပာယ်နက်ကို၊
အချက်ပိုင်စွာ၊ ဟောကြားပါလော့၊ သဒ္ဒါစကား၊ ပုဒ်အများဖြင့်၊ မပွားသိမှု၊
အဘယ်ပြုအံ့၊ ဉပတိဿ၊ ငါ့ဆန္ဒကား၊ အတ္ထခေါ်ဆို၊ အနက်ကိုလျှင်
လိုလှားပါဘိ၊ အရှင်သိလော့။''

''သို့ဖြစ်လျှင် ကောင်းစွာနာယူလော့''

ယေဓမ္မာ ဟေတု ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

ငါတို့ဆရာ မြတ်စွာဘုရားသည် အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရားကိုလည်း ဟောကြားတော်မူ၏။ ထိုအကျိုးတရားတို့၏ အကြောင်းရင်းတရားကိုလည်း ဟောတော်မူ၏။ ထိုအကျိုးအကြောင်း တရားနှစ်ပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုလည်း ဟောတော်မူ၏။ ထိုနိဗ္ဗာန်၏ အကြောင်းတရားကိုလည်း ဟောကြားတော်မူ၏။ ငါတို့ဆရာ ရဟန်းတကာတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားကား ဤသို့လျှင် ဟောကြားတော်မူလေ့ရှိပေ၏။

''ဘုရားမြတ်စွာ၊ ငါ့ဆရာကား၊ ကြောင်းခြာဖန်ပြု၊ အကျိုးစုနှင့်၊
ချုပ်မှုအမှန်၊ မြတ်နိဗ္ဗာန်ကို၊ ဝေဖန်ဟောကြား၊ ထိုနှစ်ပါး၏၊ ကြောင်းခြင်း
နှစ်ချက်၊ တဏှာမဂ်ကို၊ မိန့်မြွက်စုံစေ့၊ ဟောဖော်လေ့၏''

ဥပတိဿသည် ဤဂါထာ၏ ရှေ့ထက်ဝက်ဖြစ်သော နှစ်ပါဒကို ကြားရသောအခါ၌သာလျှင် နည်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်လေ၏။ သောတာပန်တည်ပြီးမှသာ နောက်ထက်ဝက်ဖြစ်သော နှစ်ပါဒကို နာယူတော်မူရ၏။ လေးပါဒသာရှိသော ဂါထာတစ်ပုဒ်ကို ပြီးဆုံးအောင် မနာရဘဲ ထက်ဝက်မျှနှင့် သောတာပန်တည်သည်မှာ ခိပ္ပါဘိညခေါ် အသိမြန်သောပုဂ္ဂိုလ်အမျိုးအစား ဖြစ်တော်မူသောကြောင့် ဖြစ်ပေသည်။ ထို့နောက် အထက်မဂ် အထက်ဖိုလ်များသို့ မရောက်နိုင်ဘဲရှိနေသဖြင့် အကြောင်းထူးတစ်ခု ရှိရာသည်ဟု ဆင်ခြင်မိ၍ ဤသို့လျှောက်ပြန်၏။

"အရှင်ဘုရား ဒေသနာတော်ကို ရှေ့သို့တိုးတက်ရန် ဟောတော်မမူပါလင့်ဦး၊ ဤမျှသာရှိပါစေလော့၊ အကျွန်ုပ်တို့၏ဆရာ မြတ်စွာဘုရားသည် ယခုအဘယ်၌ သီတင်းသုံးတော်မူပါသနည်း"

"ငါ့ရှင် ဝေဠုဝန်ဥယျာဉ်၌ သီတင်းသုံးတော်မူသည်"

"အရှင်ဘုရား သို့ဖြစ်လျှင် အရှင်ဘုရား ရှေ့ကကြွတော်မူနှင့်ပါ။ အကျွန်ုပ်ကား 'အမြိုက်တရားထူးရသူသည် တစ်ဦးကို ပြန်ပြောစတမ်း'ဟု ကတိကဝတ်ပြုထားသော သူငယ်ချင်းတစ်ယောက် ရှိပါသည်။ ထိုသူငယ်ချင်းကို ကတိရှိသည့်အတိုင်း ပြောဆိုခေါ်ငင်၍ အရှင်ဘုရား ကြွတော်မူသည့်လမ်းအတိုင်းပင် မြတ်စွာဘုရားအထံတော်သို့ လိုက်ခဲ့ပါမည်"

ဥပတိဿသည် အဿဇိမထေရ်၏ ခြေတော်တို့၌ တုပ်ပျပ်ရှိခိုး၍ သုံးကြိမ် လက်ယာရစ်လှည့်ပြီးမှ အရှင်အဿဇိမထေရ်ကို လွှတ်လိုက်၍ မိမိနေရာ ပရိဗိုဇ်ကျောင်းသို့ ရှေ့ရှုထွက်သွား၏။

## ၃။ သိဋ္ဌည်းဆရာကို ခေါ်ခြင်း

ဥပတိဿသည် ပရိဗိုဇ်ကျောင်းသို့ ရှေ့ရှုပြန်လာသောအခါ အသင့်စောင့်မျှော်နေသော ကောလိတသည် သူငယ်ချင်းဖြစ်သူ၏ မျက်နှာကိုမြင်လျှင် "ဥပတိဿကား အမြိုက်တရားရခဲ့ပြီ"ဟု သိသဖြင့် ဤသို့ ဆီး၍မေး၏။

"အဆွေ၊ အဆွေ၏မျက်နှာ အသွေးအရောင်သည် အခါတိုင်းနှင့်မတူ၊ အထူးသဖြင့် ကြည်လင်ငြိမ်သက်၏။ အဆွေသည် မချွတ်ဧကန် အမြိုက်တရားရခဲ့ပြီဟုထင်၏။ အသို့နည်း၊ အမြိုက်တရားရခဲ့ပြီ မဟုတ်လော"

"အဆွေကောလိတ၊ မှန်ပေသည်"

ထို့နောက် ဥပတိဿသည် ကောလိတအား အရှင်အဿဇိဟောကြားသော ယေဓမ္မာ အစချီသော ဂါထာကိုပင် တစ်ဆင့်ဟောကြား၏။ ထိုဂါထာ၏အဆုံး၌ ကောလိတသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

"အဆွေ ဥပတိဿ၊ ငါတို့ဆရာ မြတ်စွာဘုရားသည် ယခု အဘယ်၌ သီတင်းသုံးတော်မူသနည်း"

"ငါတို့ဆရာ အရှင်အဿဇိမထေရ်က 'မြတ်စွာဘုရားသည် ဝေဠုဝန် ဥယျာဉ်၌ သီတင်းသုံးတော်မူသည်'ဟု အမိန့်ရှိပါသည်"

"သို့ဖြစ်လျှင် လာလော့၊ သွားကြကုန်အံ့၊ မြတ်စွာဘုရားကို ဖူးမြင်ကြကုန်အံ့"

ထိုအခါ ဆရာကို ရိုသေပူဇော်ရာ၌ သူမတူအောင် ရိုသေပူဇော်တတ်သော ဥပတိဿသည် ဤသို့ပြောဆို၏။

"အဆွေ ကောလိတ၊ ငါတို့သိရသော အမြိုက်တရားကို ငါတို့ဆရာ သိဉ္စည်းပရိဗိုဇ်အား ဟောကြားကြကုန်အံ့။ သိမည့်ပုဂ္ဂိုလ်ဖြစ်သော် ထိုးထွင်း၍ သိမြင်လတ္တံ့။ မသိနိုင်သော် ငါတို့ကို ယုံကြည်သောအားဖြင့် မြတ်စွာဘုရားအထံ တော်သို့ သွားလတ္တံ့။ သွား၍ တရားတော်ကို နာရသော် မဂ်ဖိုလ်တရားကို ထိုးထွင်း၍ သိပါလတ္တံ့"

ဤသို့ တိုင်ပင်၍ သိဉ္စည်းဆရာထံသို့ နှစ်ယောက်လုံး သွားကြသောအခါ သိဉ္စည်းဆရာသည် ဤသို့မေး၏။

"တပည့်တို့ မသေရာနည်းလမ်းကို ညွှန်ပြနိုင်သူ တွေ့ခဲ့ကြပြီလော"

"တွေ့ခဲ့ကြပါပြီ၊ လောက၌ မြတ်စွာဘုရား ပွင့်တော်မူပါပြီ၊ တရားတော် မြတ်တည်ထွန်းခဲ့ပါပြီ၊ သံဃာတော်မြတ် ဖြစ်ပေါ်ခဲ့ပါပြီ၊ ဆရာတို့ကား အချည်းနှီး အနှစ်သာရကင်းမဲ့စွာ လှည့်လည်နေကြပါသည်။ ထို့ကြောင့် ယခုပင် ကြွပါလော့။ မြတ်စွာဘုရားအထံတော်သို့ သွားကြပါကုန်အံ့"

"တပည့်တို့ မသွားလိုကြကုန်လင့်။ ငါတို့သုံးယောက်တို့သည် အတူတကွ ပူးပေါင်း၍ ဤတပည့်ပရိဗိုဇ်တို့ကို ထိန်းသိမ်းကြကုန်အံ့"

"ဆရာ အကျွန်ုပ်တို့ကား မြတ်စွာဘုရားအထံတော်သို့ သွားကြရပါလိမ့်မည်။ ဆရာလည်း အကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့စေလိုပါသည်"

"တား၍မရသော် သင်တို့သာ သွားကြကုန်။ ငါကား မလိုက်နိုင်ပါ"

"ဆရာ အဘယ်ကြောင့်ပါနည်း"

"ငါသည် လူအများ၏ဆရာဖြစ်၍ သွားလာနေထိုင်ခဲ့သည်။ ယင်းသို့ သူတစ်ပါးတို့၏ ဆရာလုပ်ခဲ့သောငါသည် သူတစ်ယောက်၏ တပည့်အဖြစ်ဖြင့်

နေခဲ့သော် ရေလှောင်အိုးစရည်းက ရေလောင်းအိုးငယ် ဖြစ်ပြန်သည်နှင့် တူလိမ့်မည်။ ထို့ကြောင့် သူတစ်ပါး၏တပည့်အဖြစ်ဖြင့် မနေလိုတော့ပေ''

''ဆရာ ဤသို့မပြုပါလင့်''

''တပည့်တို့ ရှိစေတော့၊ သင်တို့သာ သွားကြကုန်လော့''

''ဆရာ လောက၌ မြတ်စွာဘုရား ပွင့်တော်မူချိန်မှစ၍ လူအများတို့သည် ပန်းနံ့သာ စသော လှူစရာကို ကိုင်ဆွဲ၍ မြတ်စွာဘုရားအထံတော်သို့သာ သွားကြပါလိမ့်မည်။ ထိုအခါ ဆရာတို့ကား အသို့ပြုနိုင်တော့အံ့နည်း''

''ဤလောက၌ ပညာရှိများသလော၊ ပညာမဲ့များသလော''

''ပညာရှိနည်းပါသည်။ ပညာမဲ့တို့သာ များကြပါသည်''

''သို့ဖြစ်လျှင် ပညာရှိတို့သည် ဂေါတမဘုရားအထံသို့ သွားကြကုန်လတ္တံ့။ ပညာမဲ့တို့ကား ငါ့ထံသို့ လာကြကုန်လတ္တံ့''

''ဆရာတို့ကား နောင်အခါ သိကြရပါလိမ့်မည်''

## ၄။ ရဟန်းအဖြစ်သို့ရောက်ခြင်း

ဥပတိဿနှင့် ကောလိတတို့သည် သိဉ္စည်းဆရာကို မြတ်စွာဘုရားအထံတော်သို့လိုက်ရန် ခေါ်၍မရနိုင်သောအခါ မိမိတို့တပည့်ရင်းများကိုခေါ်၍ မြတ်စွာဘုရားအထံတော်သို့ ရှေးရှုထွက်ကြကုန်၏။ ထိုအခါ သိဉ္စည်းဆရာ၏ ပရိဗိုဇ် ပရိသတ်သည် ပြိုကွဲလေတော့သည်။ သိဉ္စည်းဆရာထံ၌ တစ်ယောက်မျှ မနေရစ်ကြတော့ဘဲ ဥပတိဿနှင့် ကောလိတတို့နောက်သို့သာ အကုန်လုံး လိုက်ကြကုန်၏။ ပရိဗိုဇ်ကျောင်းအရံတစ်ခုလုံးသည် အချည်းနှီးဖြစ်လေ၏။ ထိုအဖြစ်ကို မြင်ရသောအခါ သိဉ္စည်းဆရာသည် လွန်စွာစိတ်နှလုံးပူပန်လှသဖြင့် သွေးပူတို့သည် ပါးစပ်မှလျှံ၍ အန်ထွက်ကုန်၏။ ဤသို့ သနားစဖွယ်ဖြစ်ရစ်သည်ကို မြင်ကြရလေလျှင် သိဉ္စည်းဆရာ၏ တပည့်ရင်း နှစ်ရာငါးဆယ်တို့သည် မိမိတို့ဆရာကိုငဲ့ညှာ၍ သိဉ္စည်းဆရာ့ထံမှာပင် ပြန်၍နေရစ်ကြရကုန်၏။ ဥပတိဿနှင့် ကောလိတတို့လည်း မိမိတို့တပည့်ရင်း နှစ်ရာငါးဆယ်တို့ကိုသာ ခေါ်ယူ၍ မြတ်စွာဘုရားရှိတော်မူရာ ဝေဠုဝန်ဥယျာဉ်သို့ သွားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပရိသတ်လေးပါးတို့အား တရားဟောတော်မူလျက် ပရိသတ်လယ်၌ စံပယ်တော်မူစဉ်မှာပင် ဥပတိဿနှင့် ကောလိတတို့ လာကြသည်ကို အဝေးမှ မြင်တော်မူ၍ ဤသို့မိန့်တော်မူနှင့်၏။

"ရဟန်းတို့ ဤဥပတိဿနှင့် ကောလိတ သူငယ်ချင်းနှစ်ယောက်တို့သည် ယခု ငါဘုရားအထံတော်သို့ လာကြကုန်၏။ ဤသူငယ်ချင်းနှစ်ယောက်တို့ကား ငါဘုရား၏ အဂ္ဂသာဝကအစုံ၊ အမြတ်ဆုံးတပည့်အစုံ ဖြစ်ကြကုန်လတ္တံ့"

ယင်းသို့ မိန့်တော်မူစဉ်မှာပင် ဥပတိဿနှင့် ကောလိတတို့သည် ပရိဗိုဇ် အခြံအရံ နှစ်ရာ့ငါးဆယ်တို့နှင့်အတူ မြတ်စွာဘုရားအထံတော်သို့ ရောက်လာကြ၍ ရိုသေစွာ ရှိခိုးဦးတိုက်ပြီးလျှင် သင့်ရာ၌ ထိုင်ကြ၍ ဤသို့လျှောက်ကြကုန်၏။

"အရှင်ဘုရား၊ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားအထံတော်၌ ရဟန်းအဖြစ်ကို ရလိုကြပါသည်။ ရဟန်းအဖြစ်ကို ပေးတော်မူပါလော့"

"ရဟန်းတို့ လာကြကုန်လော့။ ငါဘုရားသည် တရားတော်မြတ်ကို ကောင်းစွာဟောကြားအပ်ပေပြီ။ သင်တို့သည် ဆင်းရဲဒုက္ခ၏အဆုံးကို ကောင်းစွာ ပြုနိုင်စေရန် မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့"

ဤသို့ 'ဧဟိဘိက္ခု' 'ရဟန်းတို့ လာကြလော့'ဟု မိန့်တော်မူသောအခါ အလုံးစုံသော ပရိဗိုဇ်တို့သည် ပရိဗိုဇ်အသွင် ကွယ်ပျောက်၍ တန်ခိုးဖြင့်ပြီးသော သင်္ကန်း သပိတ် ပရိက္ခရာအစုံအလင်ဖြင့် ဝါတော်ခြောက်ဆယ်ရပြီးသော မထေရ်ကြီးတို့ကဲ့သို့ တစ်မုဟုတ်ချင်း ဖြစ်ကြကုန်၏။

## ၅။ ရဟန္တာဖြစ်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် ထိုပရိဗိုဇ်နှစ်ရာ့ငါးဆယ်တို့အား လျောက်ပတ်သော တရားဒေသနာကို ဟောကြားတော်မူ၏။ တရားတော်ပြီးဆုံးသောအခါ ဥပတိဿနှင့် ကောလိတတို့မှတစ်ပါး ပရိဗိုဇ်ဟောင်းဖြစ်ခဲ့ကြသော ရဟန်း နှစ်ရာ့ငါးဆယ်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ ဥပတိဿနှင့် ကောလိတတို့ကား သာဝကပါရမီဉာဏ် ရင့်သန်တော်မူလှသောကြောင့် ဆင်ခြင်သုံးသပ်မှု ကျယ်ဝန်းရကား အထက်မဂ်သုံးပါးသို့ မရောက်နိုင်ကြသေးကုန်။ ဥပမာသော်ကား တစ်စုံတစ်ခုသော အရပ်သို့သွားလိုသောအခါ ဆင်းရဲသားတို့သည် အလျင် အမြန် ထွက်သွားနိုင်ကြသော်လည်း ပြည့်ရှင်မင်းတို့ကား ပြုပြင် စီမံစရာများပြားသည်ဖြစ်၍ ကြာမြင့်မှ ခရီးထွက်နိုင်သကဲ့သို့ပင် ဖြစ်ပေ၏။

ရှင်သာရိပုတ္တရာကား ရဟန်းဖြစ်သည့်နေ့မှ တစ်ဆယ့်ငါးရက်မြောက်ဖြစ်သော တပို့တွဲလပြည့်နေ့၌ ရဟန္တာအဖြစ်သို့ရောက်၍ ပြုဖွယ်ကိစ္စကုန်တော်မူ၏။ ရှင်မောဂ္ဂလ္လာန်ကား ရဟန်းဖြစ်သည့်နေ့မှစ၍ ခုနစ်ရက်မြောက်ဖြစ်သောနေ့၌

မဂဓတိုင်း ကလ္လဝါလရွာငယ်၌ သီတင်းသုံးတော်မူစဉ် ရဟန္တာအဖြစ်သို့ရောက်၍ ပြုဖွယ်ကိစ္စ ကုန်တော်မူ၏။

## ၆။ လက်ယာတော်ရံ ပထမအဂ္ဂသာဝကအရာကို ရခြင်း

အရှင်သာရိပုတ္တရာ ရဟန္တာအဖြစ်သို့ရောက်သောနေ့၌ပင် မြတ်စွာဘုရားသည် ရဟန်းတို့အား စည်းဝေးစေတော်မူ၍ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့အား သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်ဟူသော အမည်အသီးအသီးဖြင့်အဂ္ဂသာဝကအရာ၌ ထားတော်မူ၏။ ရှင်သာရိပုတ္တရာကား လက်ယာတော်ရံ ပထမအဂ္ဂသာဝက၊ ရှင်မောဂ္ဂလ္လာန်ကား လက်ဝဲတော်ရံ ဒုတိယ အဂ္ဂသာဝကအရာ၌ ထားတော်မူ၏။

ရွာ၏အမည်ဟောင်းဖြင့် ငယ်မည်ခေါ်တွင်သော ဥပတိဿသည် မယ်တော် သာရိပုဏ္ဏေးမကို အစွဲပြု၍ 'သာရိပုတ္တ–သာရီသား'ဟု တွင်၏။ ထို့အတူ ရွာ၏အမည်ဖြင့် ခေါ်တွင်လာခဲ့သော ကောလိတသည် မယ်တော် မောဂ္ဂလိပုဏ္ဏေးမကို အစွဲပြု၍ 'မောဂ္ဂလ္လာန–မောဂ္ဂလိသား'ဟု အမည်တွင်၏။

ထိုနေ့ကား တပို့တွဲလပြည့်နေ့လည်းဖြစ်သောကြောင့် ရဟန်းတော်တို့၏ အစည်းအဝေး၌ပင် မြတ်စွာဘုရားသည် ဩဝါဒပါတိမောက်ကို ဟောကြားတော်မူ၏။ ဩဝါဒပါတိမောက်ကား မြတ်စွာဘုရားတိုင်း ဟောတော်မူမြဲဖြစ်သော သံဃဥပုသ်နေ့ အဆုံးအမဩဝါဒ မိန့်ခွန်းတော်ပင်ဖြစ်၏။

ထိုအခါ အချို့ရဟန်းတို့သည် မြတ်စွာဘုရားအား ကဲ့ရဲ့ကြကုန်၏။

''မြတ်စွာဘုရားသည် မျက်နှာကိုကြည့်၍ ဆွမ်းဘုဉ်းပေးတော်မူ၏၊ မျက်နှာလိုက်တော်မူ၏၊ မြတ်စွာဘုရားသည် အဂ္ဂသာဝကအရာကို ပေးတော်မူလိုသော် ရှေးဦးစွာ ရဟန်းဖြစ်သော ပဉ္စဝဂ္ဂီတို့အား ပေးတော်မူသင့်၏။ ပဉ္စဝဂ္ဂီတို့ကို မကြည့်ရှုလိုလျှင် ယသထေရ်အမှူးရှိသော ငါးကျိပ်ငါးပါးတို့အား ပေးတော်မူသင့်၏။ ဤပုဂ္ဂိုလ်တို့ကို မကြည့်ရှုလိုလျှင် ဘဒ္ဒဝဂ္ဂီသုံးကျိပ်တို့အား ပေးတော်မူသင့်၏။ ဤပုဂ္ဂိုလ်တို့ကို မကြည့်လိုသော် ဥရုဝေလ စသော ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား ပေးတော်မူသင့်၏။ ယခုမူ ဤမထေရ်ကြီးတို့ကို ဖယ်ထား၍ နောက်ဆုံးမှ ရဟန်းဖြစ်လာသော ပုဂ္ဂိုလ်နှစ်ဦးအား အဂ္ဂသာဝကအရာကို ပေးတော်မူ၏။

''ရဟန်းတို့ ယခုအခါ အဘယ်စကားကို ပြောဆိုနေကြသနည်း''

"အဂ္ဂသာဝကအရာကို မျက်နှာလိုက်၍ ပေးတော်မူသည်ဟု ထင်ကြကြောင်းကို ပြောဆိုနေကြပါသည်"

"ငါဘုရားသည် မျက်နှာလိုက်၍ အဂ္ဂသာဝကအရာကို ပေးတော်မူသည် မဟုတ်။ ဤပုဂ္ဂိုလ်တို့ ရှေးက ဆုတောင်းခဲ့သည့်အရာကို ပေးတော်မူခြင်းသာ ဖြစ်ပေသည်။ အညာသိ ကောဏ္ဍညလည်း အဂ္ဂသာဝကဆုကို မတောင်းခဲ့။ တရားဦးရသူအဖြစ်ကိုသာ ဆုတောင်းခဲ့သည်။ ယသအမျိုးသား ဘဒ္ဒဝဂ္ဂီတို့နှင့် ဥရုဝေလတို့လည်း အဂ္ဂသာဝကဆုကို မတောင်းခဲ့ကြကုန်"

"အဂ္ဂသာဝကနှစ်ပါးတို့ကား အဘယ်ကောင်းမှုကိုပြု၍ အဂ္ဂသာဝကဆုကို တောင်းခဲ့ကြပါသနည်း"

"ရဟန်းတို့ သို့ဖြစ်လျှင် အဂ္ဂသာဝကနှစ်ပါးတို့၏ ရှေးကောင်းမှုနှင့် ဆုတောင်းပုံကို နားထောင်ကြကုန်လော့"

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၍ အဂ္ဂသာဝကတို့၏ ရှေးဆုတောင်းကို ဟောတော်မူ၏။

## ၇။ ရှေးဆုတောင်း

ဤကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေထက်၌ သာရိပုတ္တရာသည် ဗြာဟ္မဏမဟာသာလမျိုး၌ ဖြစ်၏။ အမည်ကား သရဒလုလင် အမည်ရှိ၏။ မောဂ္ဂလ္လာန်သည် ဂဟပတိ မဟာသာလမျိုး၌ ဖြစ်၏။ အမည်ကား သိရိဝဍ္ဍ အမည်ရှိ၏။ ထိုသူနှစ်ယောက်တို့သည် မြေမှုန့်ကစားဖက် သူငယ်ချင်းများ ဖြစ်ကြကုန်၏။ သရဒလုလင်သည် အဖကွယ်လွန်သောအခါ အမျိုး၏ဥစ္စာဖြစ်သော များလှသော ဥစ္စာစုကို ထိန်းသိမ်းနေထိုင်ရ၏။ ထိုအခါ ဤသို့ အကြံဖြစ်၏။

"ငါသည် ဤမျက်မြင် အတ္တဘောကိုသာ သိ၏။ တမလွန်လောက၌ ဖြစ်ရမည့် အတ္တဘောကိုမသိ။ တမလွန်လောကသို့ သွားရသောအခါ အဘယ် ကိုယ်ကာယ အတ္တဘောဖြင့် ဖြစ်မည်ကို မသိနိုင်။ မွေးဖွားလာကြသော သတ္တဝါတို့၏ သေရခြင်းတရားကား မချွတ်ကေန် မြဲ၏။ ငါသည် အမျိုးမျိုးသော ရဟန်းအဖြစ်ကိုပြု၍ လွတ်မြောက်ရေးတရားကို ရှာသင့်၏"

ဤသို့အကြံရသဖြင့် သူငယ်ချင်းဖြစ်သော သိရိဝဍ္ဍအား ရဟန်းပြုလိုက်ပါမည်လောဟု သွားရောက်မေးမြန်းရာ သိရိဝဍ္ဍကား မလိုက်နိုင်ကြောင်း

ပြောကြားသဖြင့် 'တမလွန်ဘဝသို့ သွားရသူသည် အဖော်ပါတော့သည်မဟုတ်၊ မိမိကံသည် မိမိအတွက်သာဖြစ်သည်'ဟု နှလုံးသွင်း၍ ရတနာတိုက်တို့ကိုဖွင့်ကာ စွန့်ကြဲပေးကမ်း၏။ ထို့နောက် တစ်ခုသောတောင်ခြေသို့သွား၍ ရသေ့ရဟန်းပြု၏။ သရဒလုလင် ရဟန်းပြုကြောင်းကို ကြားသိရသဖြင့် အတုလိုက်၍ ရသေ့ရဟန်းပြုသူတို့ကား တဖြည်းဖြည်း များပြား၍ ခုနစ်သောင်းလေးထောင်မျှ ရှိလေ၏။ သရဒရသေ့သည် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ အခြားရသေ့တို့အားလည်း ကသိုဏ်းပရိကံတို့ကို ဟောကြားသဖြင့် ဈာန်အဘိညာဉ်ရသေ့တို့သာ ဖြစ်ကြကုန်၏။

## အနောမဒဿီ မြတ်စွာဘုရား

ထိုအခါ လောက၌ အနောမဒဿီမြတ်စွာဘုရား ပွင့်တော်မူ၏။ မြို့ကား စန္ဒဝတီအမည်ရှိ၏။ ခမည်းတော်ကား ယသဝါမင်း၊ မယ်တော်ကား ယသော်ဓရာမိဖုရား၊ ဗောဓိပင်ကား ထောက်ကြံ့ပင်၊ အဂ္ဂသာဝကအစုံကား နိသဘထေရ်နှင့် အနောမထေရ်၊ အလုပ်အကျွေးကား ဝရုဏထေရ်၊ အဂ္ဂသာဝိကာအစုံကား သုန္ဒရာထေရီနှင့် သုမနာထေရီ၊ အသက်တမ်းကား တစ်သိန်းဖြစ်၏။ ကိုယ်တော်၏ အရပ်ကား ငါးဆယ့်ရှစ်တောင်မြင့်တော်မူ၏။ ကိုယ်တော်ရောင်ကား တစ်ဆယ့်နှစ်ယူဇနာမျှ ပျံ့နှံ့၏။ ရဟန်းတစ်သိန်း အခြံအရံ ရှိတော်မူ၏။

တစ်နေ့သောအခါ အနောမဒဿီမြတ်စွာဘုရားသည် မဟာကရုဏာသမာပတ်မှ ထတော်မူ၍ နံနက်မိုးသောက်အခါ လောကကို ကြည့်တော်မူသော် သရဒရသေ့ကို မြင်တော်မူ၏။

"ယနေ့ကား သရဒရသေ့ထံသို့ ကြွသွားရသော် ကြီးစွာသော တရားပွဲလည်း ဖြစ်ပေအံ့။ သရဒရသေ့လည်း ပထမ အဂ္ဂသာဝကဆုကို တောင်းလတ္တံ့။ သူ၏သူငယ်ချင်း သိရိဝဍ္ဍနသူဌေးလည်း ဒုတိယအဂ္ဂသာဝကဆုကို တောင်းလတ္တံ့။ တရားတော်အဆုံး၌ ရသေ့ခုနစ်သောင်းလေးထောင်တို့လည်း ရဟန္တာဖြစ်ကြကုန်လတ္တံ့။ ငါဘုရားသည် ထိုအရပ်သို့ ကြွသွားသင့်လှ၏"

ဤသို့ ကြံတော်မူ၍ ခြင်္သေ့မင်းကဲ့သို့ ကိုယ်တော်တစ်ပါးတည်းသာ သရဒရသေ့၏နေရာသို့ ကြွတော်မူ၏။ အနောမဒဿီမြတ်စွာဘုရားသည် သရဒရသေ့၏ တပည့်များ သစ်သီးရှာသွားကြခိုက်တွင် "ငါ့အား ဘုရားရှင်အဖြစ်ကို သိစေသတည်း"ဟု ဓိဋ္ဌာန်တော်မူ၍ သရဒရသေ့ မြင်စဉ်မှာပင် ကောင်းကင်မှ ဆင်း၍ မြေ၌ရပ်တော်မူ၏။ သရဒရသေ့သည် အနောမဒဿီမြတ်စွာဘုရား၏

ဘုရားရှင်တို့၏ တန်ခိုးတော်ကိုလည်းကောင်း၊ လက္ခဏာကြီးငယ် အသွယ်သွယ်ကိုလည်းကောင်း မြင်၍ လက္ခဏာဗေဒင်ကို ဆင်ခြင်သုံးသပ်ကာ "ဤလက္ခဏာတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကား လူ့ဘောင်၌နေသော် စကြာမင်းဖြစ်ရာ၏။ ရဟန်းပြုသော် အတုမရှိသော ဘုရားရှင်ဖြစ်ရာ၏။ ဤပုဂ္ဂိုလ်ကား ဤသို့သော လက္ခဏာကြွန်အင်နှင့် စုံလင်ပြည့်ဝသဖြင့် မုချဧကန် သဗ္ဗညုဘုရားအမှန်ဖြစ်တော့သည်"ဟု သိလေ၏။

သရဒရသေ့သည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကိုပြု၍ ရိုသေစွာ ရှိခိုးပြီးလျှင် အမြတ်ဆုံးဖြစ်သော အခင်းကိုခင်း၍ ပေးပေ၏။ မြတ်စွာဘုရားထိုင်တော်မူသောအခါ မိမိလည်း သင့်ရာ၌ထိုင်၍ မြတ်စွာဘုရားကို ဖူးမြော်၏။ ထိုခဏ၌ပင် သရဒရသေ့၏ တပည့်ရသေ့တို့သည် သစ်သီးရှာရာမှ ပြန်ရောက်လာကြ၍ မိမိတို့ဆရာနှင့် မြတ်စွာဘုရားတို့ ထိုင်နေပုံကို မြင်ရသောအခါ ဤသို့မေးကြကုန်၏။

"ဆရာ ကျွန်ုပ်တို့သည် လောက၌ ဆရာ့ထက်မြတ်သူမရှိပြီဟု ပြောဆိုလှည့်လည်ကြပါသည်။ ဤပုဂ္ဂိုလ်ကား ဆရာတို့ထက်ပင် မြတ်သည်ဟု ထင်ပါသည်"

"တပည့်တို့ အသို့ဆိုကြကုန်သနည်း။ မုန်ညင်းစေ့ငယ်နှင့် ယုဇနာပေါင်းခြောက်ဆယ့်ရှစ်သိန်း မြင့်သော မြင်းမိုရ်တောင်ကို နှိုင်းယှဉ်လိုကြသလော၊ တပည့်တို့ ဆရာ့အား မြတ်စွာဘုရားနှင့် မနှိုင်းယှဉ်ကြကုန်လင့်"

ထိုအခါ ရသေ့အပေါင်းတို့သည် "ဆရာကား သာမန်ပုဂ္ဂိုလ်ကို ဤသို့ဥပမာဆောင်၍ မမိန့်ပေရာ။ ဆရာကိုယ်တိုင်ကပင် ဤသို့ ကြီးကျယ်သော ဥပမာကိုဆောင်၍ ပြောဆိုချီးကျူးခြင်းခံရသော ဤပုဂ္ဂိုလ်ကား အလွန်လျှင် မြတ်လှသော ယောကျ်ားမြတ်ပေတကား"ဟု ဝမ်းမြောက်ဝမ်းသာ ယုံကြည်စွာ ခြေတော်ရင်း၌ ဝပ်စင်း၍ ဦးခေါင်းညွတ်ကျိုး ရှိခိုးကြကုန်၏။

"တပည့်တို့ ငါတို့အား မြတ်စွာဘုရားနှင့် လျောက်ပတ်သော လှူဖွယ်အထူးကားမရှိ။ သို့ရာတွင် မြတ်စွာဘုရားသည် ဆွမ်းခံကြွတော်မူရမည့် အချိန်အခါ၌ ဤနေရာသို့ ကြွတော်မူလာ၏။ ငါတို့စွမ်းအားရှိသလောက် လှူဖွယ်ဝတ္ထုကို လှူကြကုန်အံ့။ မွန်မြတ်သော သစ်သီးကြီးငယ်တို့ကို ယူခဲ့ကြကုန်"

တပည့်တို့သည် သစ်သီးကြီးငယ် အများအပြားတို့မှ ကောင်းနိုးရာရာကို ယူဆောင်ခဲ့ကြသောအခါ သရဒရသေ့သည် ကိုယ်တိုင်ပင် ရွေးချယ်၍ မြတ်စွာဘုရား၏ သပိတ်တော်၌ထည့်၏။ သစ်သီးတို့ကို မြတ်စွာဘုရား ခံယူတော်မူကာ

မျှဒ်ပင် နတ်တို့သည် သစ်သီးတို့၌ နတ်ဩဇာကို ထည့်ကြကုန်၏။ မြတ်စွာဘုရားသည် သစ်သီးဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ သရဒရသေ့သည် ကိုယ်တိုင်ပင် ရေကိုစစ်၍ ဆက်ကပ်၏။ ဆွမ်းကိစ္စပြီး၍ မြတ်စွာဘုရား ထိုင်နေတော်မူသောအခါ၌ သရဒရသေ့သည် တပည့်တို့ကို အစုံအညီခေါ်၍ မြတ်စွာဘုရားအား ခြံရံကာ ရာသက်ပန် အောက်မေ့ထိုက်သောစကားတို့ကို လျှောက်ထားလျက် ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် 'အဂ္ဂသာဝကနှစ်ပါးတို့နှင့်တကွ ရဟန်းအပေါင်းတို့ လာစေသတည်း'ဟု ကြံစည်တော်မူ၏။ အဂ္ဂသာဝကနှစ်ပါးတို့လည်း မြတ်စွာဘုရား၏ အကြံတော်ကို သိ၍ ရဟန်းအပေါင်းတို့နှင့်တကွ ထိုခဏ၌ပင် မြတ်စွာဘုရားအထံတော်သို့ ရောက်လာကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပြီးမှ သင့်ရာ၌ ထိုင်တော်မူကြကုန်၏။

ထိုအခါ သရဒရသေ့သည် အလွန်သဒ္ဓါတရား ဖြစ်ပွားလှသဖြင့် ဤသို့မိန့်ဆို၏။

"တပည့်တို့ မြတ်စွာဘုရား၏ နေရာတော်သည် နိမ့်၏။ ရဟန်းတော်တစ်သိန်းတို့အတွက်လည်း ထိုင်စရာနေရာမရှိသေး။ ယနေ့ကား တပည့်တို့သည် မြတ်စွာဘုရားအား မွန်မြတ်သော ပူဇော်ခြင်းမျိုးဖြင့် ပူဇော်သင့်၏။ တောင်ခြေမှ အဆင်းအနံ့နှင့် ပြည့်စုံသောပန်းတို့ကို ဆောင်ယူခဲ့ကြကုန်လော့"

## ပန်းမွေ့ရာခင်းကြခြင်း

ပြောဆိုလိုက်သောအချိန်သည်ပင် ကြာသကဲ့သို့ ဖြစ်၏။ တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့၏ တန်ခိုးအရာကား မကြံစည်အပ်ပါပေ။ ထို့ကြောင့် သရဒရသေ့၏ တပည့်တို့လည်း တစ်မဟုတ်ချင်းဖြင့်သာလျှင် အဆင်းအနံ့နှင့် ပြည့်စုံသောပန်းတို့ကို တောင်ခြေမှ ဆောင်ယူခဲ့ကြ၍ မြတ်စွာဘုရားအတွက် တစ်ယူဇနာမျှမြင့်သော ပန်းနေရာကို ခင်းကြကုန်၏။ အဂ္ဂသာဝကနှစ်ပါးတို့အတွက် သုံးဂါဝုတ်မြင့်သော ပန်းနေရာတို့ကိုလည်းကောင်း၊ ကြွင်းသော ရဟန်းတို့အတွက် ယူဇနာဝက်မှစ၍ အငယ်ဆုံး သင်္ဃနောပုဂ္ဂိုလ်အတွက် တစ်ဥသဘမျှရှိသော အသီးအသီးသော ပန်းနေရာတို့ကိုလည်းကောင်း ခင်းကြကုန်၏။ တစ်ခုတည်းသော သင်္ခမ်းကျောင်း၌ ဤမျှများပြားသောနေရာတို့ကို အဘယ်ကဲ့သို့ ခင်းလေသနည်းဟု မကြံစည်အပ်ပေ။ ဤသို့ ခင်းနိုင်ခြင်း၊ ခင်းလောက်ခြင်းကား တန်ခိုးအရာသာ ဖြစ်ပေ၏။ ဤသို့ ပန်းနေရာတို့ကို ခင်းပြီးနောက် သရဒရသေ့သည် မြတ်စွာဘုရား၏ ရှေ့တော်၌ လက်အုပ်ချီ၍ရပ်လျက် ဤသို့လျှောက်၏။

"အရှင်ဘုရား အကျွန်ုပ်တို့အား ကြာမြင့်စွာ စီးပွားချမ်းသာ ဖြစ်ပွားပါစေ ခြင်းအကျိုးငှာ ဤပန်းနေရာသို့ တက်ကြွခဲ့နေတော်မူပါလော့"

အနောမဒဿီမြတ်စွာဘုရားသည် ပန်းနေရာထက်သို့ တက်ကြွ၍ စံပယ် တော်မူသောအခါ အဂ္ဂသာဝကနှစ်ပါးတို့မှစ၍ တစ်သိန်းသော ရဟန်းတို့လည်း အသီးအသီး မိမိတို့ကျရောက်ရာနေရာသို့ တက်ကြွ၍ စံပယ်တော်မူကြကုန်၏။ ထိုအခါ သရဒရသေ့သည် ကြီးစွာသောပန်းထီးကိုကိုင်၍ မြတ်စွာဘုရား၏အထက် ၌ ဆောင်းမိုးလျက် ရပ်၏။ မြတ်စွာဘုရားလည်း 'ရသေ့တို့၏ ဤပူဇော်သကာ ကား အကျိုးကြီးပါစေ'ဟု ကြံတော်မူ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ ရဟန်းတို့လည်း မြတ်စွာဘုရားသည် နိရောဓသမာပတ်ကို ဝင်စားတော်မူပြီဟု သိတော်မူကြသဖြင့် အားလုံးပင် နိရောဓသမာပတ်ကို ဝင်စားတော်မူကြကုန်၏။ ဤသို့ နိရောဓသမာပတ် ဝင်စားတော်မူကြသောအခါ တပည့်ရသေ့တို့သည် ဆွမ်းစားချိန်ရောက်သော် တောသစ်သီးများကို သွားရောက်ယူငင်ကာ ဘုဉ်းပေး ကြကုန်၏။ ကြွင်းသောအချိန်တို့၌ကား မြတ်စွာဘုရားအား လက်အုပ်ချီမိုး၍ ရှိခိုးလျက် တည်နေကြကုန်၏။ သရဒရသေ့ကား အစာစားရန်ပင် မသွားတော့ဘဲ ပန်းထီးကိုကိုင်လျက် ဆောင်းမိုး၍ ခုနစ်ရက်ပတ်လုံး ပီတိသုခဖြင့် သာ အချိန်ကို ကုန်လွန်စေ၏။ နှစ်သက်ခြင်းချမ်းသာဖြင့်သာ နေတော့၏။

ပထမအဂ္ဂသာဝကဆုပန်ခြင်း

မြတ်စွာဘုရားသည် ခုနစ်ရက်မြောက်သောအခါ နိရောဓသမာပတ်မှ ထတော်မူ၍ လက်ယာဘက်နံပါး၌ ထိုင်နေတော်မူသော ပထမအဂ္ဂသာဝကဖြစ် သည့် နိသဘမထေရ်ကို "နိသဘ ပူဇော်သကာပြုကြကုန်သော ရသေ့တို့အား ပန်းအနုမောဒနာပြုလော့"ဟု မိန့်တော်မူ၏။ ထိုအခါ နိသဘမထေရ်သည် စကြာမင်းထံမှ များမြတ်သောဆုလာဘ်ကို ရထားသော သူရဲကောင်းကြီးတစ် ယောက်ကဲ့သို့ နှစ်သက်ဝမ်းမြောက်သောစိတ်ဖြင့် သာဝကပါရမီဉာဏ်၌ တည်၍ ပန်းနေရာ အနုမောဒနာတရားကို ဟောတော်မူ၏။ ထို့နောက် လက်ဝဲရံ အနောမ မထေရ်ကိုလည်း ပန်းမွေ့ရာ အနုမောဒနာတရားကို ဟောစေတော်မူ၏။ အနောမ မထေရ်လည်း ပိဋကတ်သုံးပုံဖြစ်သော မြတ်စွာဘုရား၏ တရားတော်ကို သုံးသပ် ၍ အနုမောဒနာတရားကို ဟောတော်မူ၏။ ဤသို့ အဂ္ဂသာဝကနှစ်ပါးတို့သည် အလျှုဒကာဖြစ်ကြသော ရသေ့တို့အား ဝမ်းမြောက်ရွှင်လန်းစေမည့် အနုမောဒနာ တရားကို ဟောတော်မူကြပါသော်လည်း တစ်စုံတစ်ယောက်မျှ တရားထူးကိုမရ။ နှစ်သက်ဝမ်းမြောက်ရုံမျှသာ ဖြစ်ကြကုန်၏။

ထို့နောက်မှ အနောမဒဿီမြတ်စွာဘုရားသည် အတိုင်းအရှည် ပမာဏ မရှိသော ဘုရားရှင်တို့အရာ၌ တည်တော်မူ၍ တရားဒေသနာကို အားထုတ်တော်မူ၏။ ရသေ့တို့၏စရိုက်နှင့် လျော်သော တရားကို ကမ္ဘာပြုမိုးကြီး ရွာသွန်းသကဲ့သို့ ဟောကြားတော်မူပြီးသောအဆုံး၌ သရဒရသေ့မှတစ်ပါး ရသေ့ပေါင်း ခုနစ်သောင်း လေးထောင်တို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ အနောမဒဿီမြတ်စွာဘုရားသည် လက်တော်ကိုဆန့်တန်း၍ "ရဟန်းတို့ လာကြကုန်လော့" ဟု ဧဟိဘိက္ခုခေါ်တော်မူလျှင် ဆံမုတ်ဆိတ်ကွယ်ပျောက်၍ သပိတ် သင်္ကန်း အလိုလို ရောက်ကြကုန်လျက် ရဟန်းပြုပြီး ဖြစ်ကြကုန်၏။

သရဒရသေ့ကား ပထမလက်ယာရံ အဂ္ဂသာဝကနိသဘမထေရ် တရားဟောစဉ်ကပင် 'ဤမထေရ်ကဲ့သို့ နောင်ဘုရားရှင်တို့ သာသနာတော်၌ ပထမအဂ္ဂသာဝကဖြစ်ရမူ ကောင်းလေစွ'ဟု ဆုထူးပန်လိုသောစိတ်ဆန္ဒ ပြင်းပြနေခြင်းကြောင့် တစ်မဂ်တစ်ဖိုလ်သို့ မရောက်ခြင်းဖြစ်ပေ၏။ ထို့နောက်မှ သရဒရသေ့သည် မြတ်စွာဘုရားကို ဤသို့လျှောက်၏။

"အရှင်ဘုရား၊ အရှင်ဘုရား၏ လက်ယာနံပါး၌ အခြားမဲ့ဖြစ်၍ ထိုင်နေသော ရဟန်းကား အဘယ်အမည်တော်ရှိပါသနည်း"

"ဤရဟန်းကား နိသဘအမည်ရှိ၏။ ငါဘုရား လည်စေတော်မူသော တရားစကြာကို အတုလိုက်၍ ကိုယ်စားပြု၍ လည်စေနိုင်သော တပည့်ကြီးဖြစ်၏။ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ရောက်၏။ တစ်ဆယ့်ခြောက်ပါးသော ပညာတို့ကို ထိုးထွင်း၍ သိမြင်၏။ ငါဘုရားသာသနာတော်၌ အမြတ်ဆုံးတပည့် ပထမအဂ္ဂသာဝက ဖြစ်ပေ၏"

"အရှင်ဘုရား အကျွန်ုပ်သည် ခုနစ်ရက်ပတ်လုံး ပန်းထီးကို ဆောင်းမိုး၍ ပူဇော်မှုကို ပြုပါသည်။ ဤကောင်းမှုဖြင့် တစ်ပါးသော သိကြားဗြဟ္မာအဖြစ်ကို မတောင့်တပါ။ နောင်အနာဂတ်အခါ၌ တစ်ဆူဆူသော ဘုရားရှင်၏သာသနာတော်၌ ဤနိသဘမထေရ်ကဲ့သို့ ပထမအဂ္ဂသာဝက ဖြစ်ရပါလို၏"

## နိယတဗျာဒိတ်ရခြင်း

ဤသို့ ဆုတောင်းသောအခါ အနောမဒဿီမြတ်စွာဘုရားသည် "ဤယောက်ျား၏ဆုတောင်းကား ပြည့်စုံလတ္တံ့လော"ဟု အနာဂတံသဉာဏ်တော်ဖြင့် ကြည့်တော်မူလေသော် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေကိုကျော်လွန်သော အခါ၌ ပြည့်စုံအံ့သည်ကို မြင်တော်မူ၍ ဤသို့ နိယတဗျာဒိတ် မြွက်ကြားတော်မူ၏။

"အို ရသေ့၊ သင်၏ဆုတောင်းကား အချည်းနှီးမဖြစ်လတ္တံ့၊ အနာဂတ်ကာလ၌ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေကိုကျော်လွန်သောအခါ ဂေါတမအမည်ရှိသော မြတ်စွာဘုရား ပွင့်တော်မူလတ္တံ့၊ မယ်တော်ကား မဟာမာယာ၊ ခမည်းတော်ကား သုဒ္ဓေါဒန၊ သားတော်ကား ရာဟုလာ၊ အလုပ်အကျွေးကား အာနန္ဒာ၊ ဒုတိယအဂ္ဂသာဝကကား မောဂ္ဂလ္လာန်အမည်ရှိသည် ဖြစ်လတ္တံ့၊ သင်ရသေ့ကား ဓမ္မသေနာပတိ သာရိပုတ္တရာမည်သော ပထမအဂ္ဂသာဝက ဖြစ်လတ္တံ့"

ဤသို့ နိယတဗျာဒိတ်ကို မြွက်ကြားတော်မူပြီးသောအခါ၌ အနောမဒဿီမြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ကောင်းကင်သို့ ပျံကြွတော်မူ၏။

## သူငယ်ချင်း၏အကျိုးကို ဆောင်ရွက်ခြင်း

သရဒရသေ့သည် မိမိ၏တပည့်ဖြစ်ခဲ့ကြဖူးသော ရဟန္တာအရှင်မြတ်တို့ထံသို့ ချဉ်းကပ်၍ "အရှင်ဘုရားတို့ အကျွန်ုပ်၏သူငယ်ချင်းအား 'သင်၏သူငယ်ချင်း သရဒရသေ့သည် အနောမဒဿီမြတ်စွာဘုရား၏ ခြေတော်ရင်း၌ နောင်အခါ ပွင့်တော်မူမည့် ဂေါတမဘုရားရှင်သာသနာတော်၌ ပထမ အဂ္ဂသာဝကဆုကို တောင်းလိုက်ပေပြီ၊ သင်လည်း ဒုတိယအဂ္ဂသာဝကဆုကို တောင်းလော့'ဟု မိန့်တော်မူကြပါကုန်"ဟု သူငယ်ချင်းထံသို့ သတင်းစကား ပါးလိုက်ပေ၏။

သို့ရာတွင် မထေရ်တို့အလျင် ရှေးဦးစွာ တစ်ဖက်မှသွားနှင့်၍ သိရိဝဍ္ဎအိမ်သို့ ကြွလေ၏။ ရောက်သောအခါ သိရိဝဍ္ဎသည် 'ကြာမြင့်မှ ကြွလာတော်မူသည်'ဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာ ဆီးကြိုနှုတ်ဆက်၍ နေရာထိုင်ခင်းပေးကာ ထိုင်စေပြီးမှ မိမိကား နိမ့်သောနေရာ၌နေ၍ ဤသို့လျှောက်၏။

"အရှင်ဘုရား အရှင်ဘုရား၏ တပည့်ပရိသတ်ကား အဘယ်ကြောင့် မပါလာပါသနည်း။ အရှင်ဘုရား တစ်ပါးတည်းသာ ကြွလာပါသလော"

"အဆွေ၊ မှန်၏။ ငါတစ်ပါးတည်းသာ ကြွလာရပေသည်။ အကြောင်းမူကာ အနောမဒဿီမြတ်စွာဘုရားသည် ငါတို့ကျောင်းသခ်မ်းသို့ ကြွလာတော်မူသဖြင့် ငါတို့ကား မိမိတို့အင်အားအလျောက် ပူဇော်မှုကိုပြုကြသည်။ မြတ်စွာဘုရားသည် ငါတို့အား တရားဟောပေသည်။ တရားတော်အဆုံး၌ကား ငါ့ကိုချန်ထား၍ ငါ၏တပည့်ပရိသတ်အားလုံးပင် ရဟန္တာအဖြစ်သို့ရောက်ကြသည်။ ယခု ရဟန်းဖြစ်ကြကုန်ပြီ။ ငါကား မြတ်စွာဘုရား၏ ပထမအဂ္ဂသာဝက နိသဘမထေရ်ကို မြင်ရ၍ ပွင့်တော်မူလတ္တံ့သော ဂေါတမဘုရားသာသနာတော်၌ ပထမအဂ္ဂသာဝကဆုကို တောင်းပေသည်။ အဆွေလည်း ထိုဂေါတမဘုရားသာသနာ၌ပင် ဒုတိယအဂ္ဂသာဝကဆုကို တောင်းပါလော့"

"အရှင်ဘုရား အကျွန်ုပ်သည် ဘုရားရှင်နှင့်အတူတကွ လျှောက်ထား ပြောဆိုဖူးခြင်းမရှိပါ၊ ဘုရားရှင်နှင့် မရင်းနှီးပါ"

"မြတ်စွာဘုရားအား လျှောက်ထားရန်ကိစ္စမှာ ငါ့တာဝန်ရှိစေ။ သင်ကား ကြီးစွာသော ပူဇော်သကာကိုသာ စီရင်လော့"

"အရှင်ဘုရား ကောင်းလှပါပြီ"

ထို့နောက် သိရိဝဍ္ဎဏလည်း မိမိအိမ်တံခါးအနီး၌ ရှစ်မင်းပယ်စာရှိသော မြေအရပ်ကို အညီအညွတ်ပြုစေ၍ သဲဖြူးပြီးနောက် ပေါက်ပေါက်လျှင် ငါးခု မြောက်ရှိသောပန်းတို့ကို ကြဲဖြန့်စေလျက် ကြာညိုပန်းအဆင်းနှင့်တူသော အမိုးရှိသည့် မဏ္ဍပ်ကြီးကို ပြုစေ၏။ မဏ္ဍပ်တွင်း၌ကား မြတ်စွာဘုရားနှင့် ရဟန်းတော်တို့၏ နေရာများကို တင့်တယ်ကောင်းမွန်စွာ စီရင်၍ ကြီးစွာသော မြတ်နိုးတနာ ပူဇော်သကာများကို စီမံပြုလုပ်ပြီး မြတ်စွာဘုရားကို ပင့်ဖိတ်ရန် သရဒရသေ့အား အမှတ်ပေး၏။ သရဒရသေ့လည်း အနောမဒဿီမြတ်စွာဘုရား အမှူး ရှိသော ရဟန်းအပေါင်းကို ပင့်ဆောင်ခဲ့၍ သိရိဝဍ္ဎဏ၏အိမ်သို့ ကြွသွား၏။ ရောက်လျှင် သိရိဝဍ္ဎဏလည်း ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုလျက် မြတ်စွာ ဘုရားလက်တော်မှ သပိတ်ကိုယူ၍ မဏ္ဍပ်တွင်းသို့ ပင့်ဆောင်၏။

သိရိဝဍ္ဎဏသည် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်တို့အား မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၍ ဆွမ်းကိစ္စ ပြီးစီးသောအခါ မြတ်သောသူတို့အားသာ ထိုက်တန်သော သင်္ကန်းလျာအဝတ်တို့ကို လှူဒါန်းပြီးလျှင် ဤသို့ လျှောက်၏။

"အရှင်ဘုရား အကျွန်ုပ်သည် ဤအလှူဒါနကို သေးငယ်သော အရာဌာန အတွက်ပြုလုပ်ခြင်းမဟုတ်ပါ။ ခုနစ်ရက်ပတ်လုံး ဤနည်းအတိုင်းသာ ကြွရောက် ၍ သနားသဖြင့် အလှူခံတော်မူပါလော့"

မြတ်စွာဘုရားလည်း သိရိဝဍ္ဎဏ၏ လျှောက်ထားချက်ကို ဆိတ်ဆိတ်နေ တော်မူခြင်းဖြင့် လက်ခံတော်မူ၏။ သိရိဝဍ္ဎဏလည်း ခုနစ်ရက်ပတ်လုံး ဤနည်း အတိုင်းပင် လှူဒါန်းပူဇော်ပြီးမှ မြတ်စွာဘုရားကို ရှိခိုး၍ လက်အုပ်ချီကာရပ်လျက် ဤသို့ဆုတောင်း၏။

"အရှင်ဘုရား အကျွန်ုပ်၏သူငယ်ချင်းဖြစ်သော သရဒရသေ့သည် ပဌမ အဂ္ဂသာဝက ဖြစ်ပါစေရန် ဆုပန်သော ဘုရားရှင်၏ သာသနာတော်၌သာလျှင် အကျွန်ုပ်သည် ဒုတိယအဂ္ဂသာဝက ဖြစ်ရပါလို၏"

"သင် သိရိဝဍ္ဎသူဌေးသည် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေကိုကျော်၍ ဂေါတမဘုရားရှင်၏ သာသနာတော်၌ ဒုတိယအဂ္ဂသာဝက ဖြစ်လတ္တံ့"

ဤသို့ နိယတဗျာဒိတ်စကားကို ကြားရသောအခါ သိရိဝဍ္ဎသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်၏။ မြတ်စွာဘုရားလည်း အလှူဒါန၏ အနုမောဒနာ တရားကို ဟောတော်မူ၍ ကျောင်းတော်သို့ ပြန်ကြွတော်မူသတည်း။

## ၈။ အနှစ်သာရ

ဤသို့ အဂ္ဂသာဝကနှစ်ပါးတို့၏ ရှေးကောင်းမှုနှင့် ဆုတောင်းရှိပုံကို ဟောတော်မူပြီးသောအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

"ရဟန်းတို့ ဤသည်ကား ရှေးအခါ၌ ငါ့သားတော် အဂ္ဂသာဝကနှစ်ပါးတို့၏ ဆုတောင်းတည်း။ ထိုသားတော်နှစ်ပါးတို့သည် မိမိတို့တောင်းခဲ့သောအရာကိုသာ ရကြခြင်းဖြစ်ပေသည်။ ငါဘုရားသည် မျက်နှာလိုက်၍ အရာအထူးကို ပေးသည်မဟုတ်ပါပေ"

ဤသို့ မိန့်တော်မူသောအခါ အဂ္ဂသာဝကနှစ်ပါးတို့သည် တောင်ထိပ်ပွဲသဘင်ကြည့်ရာမှစ၍ သိဥ္စည်းဆရာအား ပြောဆိုခဲ့ကြသည့် စကားတိုင်အောင် အကြောင်းစုံကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် သိဥ္စည်းဆရာ၏ အယူအဆနှင့်ပတ်သက်၍ ဤသို့ဟောဖော်ကျူးရင့်တော်မူ၏။

"အကြင်သူတို့သည် အနှစ်သာရမဟုတ်ရာ၌ အနှစ်သာရဟုတ်သည်ဟု အယူရှိကြကုန်၏။ မှားယွင်းသော အတွေးအခေါ်တို့၌သာ ကျက်စားကြကုန်သော ထိုသူတို့သည် အနှစ်သာရကို မရနိုင်ကြကုန်"

"အကြင်သူတို့သည်ကား အနှစ်သာရကို အနှစ်သာရဟု သိကြကုန်၏။ အနှစ်သာရမဟုတ်သည်ကိုလည်း အနှစ်သာရမဟုတ်ဟု သိကြကုန်၏။ မှန်ကန်သော အတွေးအခေါ်၌ ကျက်စားကြကုန်သော ထိုသူတို့သည်ကား အနှစ်သာရကို ရရှိကြကုန်၏"

## ၉။ အရှင်သာရိပုတ္တရာ၏ အိမ်သားများ

အရှင်သာရိပုတ္တရာသည် ဝင်္ဂန္တပုဏ္ဏားနှင့် သာရိပုဏ္ဏေးမတို့၏ သားအကြီးဆုံးဖြစ်တော်မူ၏။ အရှင်သာရိပုတ္တရာကို ဖွားမြင်ပြီးနောက် မယ်တော်သည်

ဥပသေနဟူသော ဒုတိယသားတစ်ယောက်၊ စာလာဟူသော တတိယသမီးတစ်ယောက်၊ ဥပစာလာဟူသော စတုတ္ထသမီးတစ်ယောက်၊ သီသူပစာလာဟူသော ပဉ္စမသမီးတစ်ယောက်၊ စုန္ဒဟူသော ဆဋ္ဌသားတစ်ယောက်၊ ရေဝတဟူသော သတ္တမ သားတစ်ယောက်တို့ကိုလည်း ဖွားမြင်၏။ သာရိပုဏ္ဏေးမဠ္ဌ ဤသို့ သားယောကျ်ားလေးယောက်၊ သမီးသုံးယောက် ထွန်းကား၏။

အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုသွားသော အခါ ညီတော် ဥပသေနသည် အရှင်သာရိပုတ္တရာကို ချစ်ခင်၍ တစ်လတစ်ကြိမ် ကျောင်းတော်သို့ လာတတ်၏။ တစ်နေ့သော် မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် သဒ္ဓါတရားဖြစ်ပွား၍ ထိုနေ့ပင် သာသနာတော်သို့ဝင်၍ ရဟန်းပြု ၏။ ရဟန်းပြုပြီးနောက် တစ်ဝါရသောအခါ တပည့်တစ်ပါးကို မွေးမြူ၏။ ဒုတိယဝါ ဝါကျွတ်၍ မြတ်စွာဘုရားအထံတော်သို့ အဖူးအမြော်လာရာတွင် တစ်ဝါရကာမျှနှင့် တပည့်မွေးဘိသည်ဟု မြတ်စွာဘုရား ကဲ့ရဲ့တော်မူသဖြင့် မိမိနေရာသို့ ပြန်သွား၍ တရားကို လွန်စွာအားထုတ်ရာ ရဟန္တာအဖြစ်သို့ရောက် ၏။ ထိုအခါ 'မိမိအား ပရိသတ်ကိုမှီ၍ အကဲ့ရဲ့တော်ကို ခံခဲ့ရသည်၊ ယခုအခါ ပရိသတ်ကိုပင် အမှီပြု၍ ချီးမွမ်းတော်မူစေအံ့'ဟု ကြံ၍ မိမိလည်း ဓုတင်ဆောင် ၏။ ဓုတင်ဆောင်နိုင်သူကိုသာ ရဟန်းပြုပေး၍ တပည့်မွေး၏။ ဆယ်ဝါရသော အခါ ဓုတင်ဆောင် တပည့်ရဟန်းငါးရာ အခြံအရံနှင့် ကြွလာ၍ ဖူးမြင်လာသော် မြတ်စွာဘုရားလည်း အရှင်ဥပသေနအား သမန္တပါသာဒိက ဧတဒဂ်ပေးတော်မူ ၏။ တပည့်ပရိသတ်နှင့်တကွ ထက်ဝန်းကျင် ကြည်ညိုဖွယ်အကောင်းဆုံး ရဟန်း အဖြစ် ကြေညာတော်မူ၏။

နောက်အခါ စာလာ၊ ဥပစာလာ၊ သီသူပစာလာတို့လည်း သာသနာတော်၌ ဘိက္ခုနီများပြုလုပ်၍ ရဟန္တာမိန်းမများ ဖြစ်ကြကုန်၏။ ညီတော်ငယ် စုန္ဒလည်း အသက်ခုနစ်နှစ်အရွယ်တွင် နောင်တော်အစ်မတော်များထံသို့ လာရာတွင် အရှင် သာရိပုတ္တရာက ဝတ်စားတန်ဆာကို ချွတ်စေ၍ ရှင်သာမဏေပြုပေးတော်မူရာ ဆံချသည့်အဆုံး၌ပင် တစပဉ္စက ကမ္မဋ္ဌာန်းကို ပွား၍ ရဟန္တာ ဖြစ်တော်မူ၏။

## ၁၀။ ညီတော်အငယ်ဆုံး ရေဝတ

အရှင်သာရိပုတ္တရာသည် ညီနှင့်နမများကို သာသနာဘောင်သို့ရောက် အောင် ချီးမြှင့်တော်မူရာတွင် ညီတော်အငယ်ဆုံး ရေဝတ၏အကြောင်းကား

ဆန်းကြယ်လှ၏။ အရှင်သာရိပုတ္တရာသည် ညီတော်အငယ်ဆုံး ရေဝတအတွက် သာသနာတော်တွင်းသို့ အရောက်ခေါ်ယူရန် မလွယ်ကူဘဲရှိနေ၏။ ရေဝတမှာ လည်း အသက်အရွယ် ငယ်လှသေး၏။ မယ်တော်ကလည်း မိစ္ဆာဒိဋ္ဌိအယူရှိသူ ဖြစ်သောကြောင့် သာသနာဘောင်သို့ ဝင်မည်ကို စိုးရိမ်၏။ သားသမီးခုနစ် ယောက် ရှိသည့်အနက် ဤရေဝတကလေးတစ်ယောက်သာ အိမ်၌ရှိရစ်တော့ သဖြင့် ရဟန်းပြုမသွားနိုင်စေရန် အမျိုးမျိုး အကြံထုတ်လျက်ရှိ၏။ နောက်ဆုံး အကြံရသည်ကား ရေဝတကို ခုနစ်နှစ်အရွယ် ငယ်စဉ်ကပင် လက်ထပ်ထိမ်းမြား ၍ အိမ်ထောင်မှု သံယောဇဉ်ကြိုးဖြင့် ချည်နှောင်ထားရန်ပင် ဖြစ်၏။ မယ်တော် ၏ အကြံကား ထူးခြားလှ၏။

"ငါ့သား သာရိပုတ္တရာသည် ကုဋေရှစ်ဆယ်ကျော်မျှ များပြားလှသော ဥစ္စာတို့ကို စွန့်၍ ရဟန်းပြုခဲ့၏။ စာလာ၊ ဥပစာလာ၊ သီသူပစာလာ ဟူသော သမီးသုံးယောက်တို့ကိုလည်း ဘိက္ခုနီ ပြုစေခဲ့၏။ စုန္ဒနှင့် ဥပသေနတို့ကိုလည်း ရဟန်းပြုစေခဲ့၏။ ရေဝတတစ်ယောက်သာ အိမ်၌ရှိတော့သည်။ ရေဝတကိုပါ ရဟန်းပြုစေခဲ့သော် ဤမျှ များပြားသော ဥစ္စာစုသည် ပျက်စီးရတော့မည်။ အမျိုးအနွယ်လည်း ပြတ်တော့မည်။ ရေဝတကို ငယ်ရွယ်စဉ်ကပင် အိမ်ထောင်မှု သံယောဇဉ်ဖြင့် ချည်နှောင်ထားမှ စိတ်ချရတော့မည်"

မယ်တော်သည် သာသနာတော်သို့ ဝင်ရောက်ရဟန်းပြုခြင်းကို မလိုလား ဘဲ ဤသို့အတားအဆီးပြုလိမ့်မည်ကို သိတော်မူသော အရှင်သာရိပုတ္တရာသည် သိတင်းသုံးဖော်ဖြစ်သော ရဟန်းတို့အား ဤသို့မှာထားတော်မူ၏။

"ငါ့ရှင်တို့ ငါ့ညီရေဝတသည် ရှင်ရဟန်းပြုလိုပါသည်ဆို၍ ကျောင်းသို့ ရောက်လာလျှင် ချက်ချင်းသာ ရှင်သာမဏေပြုပေးကြကုန်လော့။ ငါတို့၏ မိဘတို့ကား မိစ္ဆာဒိဋ္ဌိများဖြစ်ကြ၏။ မိဘတို့ကို ပန်ကြားနေခြင်းဖြင့် အဘယ်မှုစ အံ့နည်း။ ငါသာလျှင် ရေဝတ၏ အမိအဖ ဖြစ်တော့သည်"

ဤမှာထားချက်ကို ကြည့်လျှင် အရှင်သာရိပုတ္တရာသည် ညီတော်ငယ် ရေဝတအတွက် မည်မျှကြောင့်ကြစိုက်သည်ကိုလည်းကောင်း၊ လာမည့်အရေးကို မျှော်တွေးသိမြင်တော်မူပုံကိုလည်းကောင်း သိသာလှ၏။

## ရေဝတ၏ မင်္ဂလာဆောင်

မယ်တော် သာရိပုဏ္ဏေးမကြီးသည် သားတော်အငယ်ဆုံး ရေဝတကို အိမ်ထောင်မှုသံယောဇဉ်ကြိုးဖြင့် ချည်နှောင်ထားလိုသောကြောင့် အသက်အံ့ရွယ်

အားဖြင့် ခုနစ်နှစ်မျှသာရှိသော ရေဝတကို မနီးမဝေး၌ရှိသော ရွာတစ်ရွာ၌ အမျိုးဇာတ် ဂုဏ်ရည်တူသော အမျိုးသမီးကလေးတစ်ဦးနှင့် စေ့စပ်ကြောင်းလမ်း၍ ရက်သတ်လိုက်၏။ ချိန်းချက်သော မင်္ဂလာဆောင်နေ့သို့ ရောက်သောအခါ ရေဝတကို မင်္ဂလာသတို့သားအဖြစ် ကောင်းစွာ တန်ဆာဆင်ယင်၍ များလှသော အခြံအရံတို့နှင့်တကွ သတို့သမီး၏အိမ်သို့ ခေါ်ဆောင်၏။

သတို့သမီးအိမ်သို့ရောက်သောအခါ မင်္ဂလာပွဲ ဆင်ယင် ကျင်းပ၏။ သတို့သားနှင့် သတို့သမီးတို့၏ ဆွေမျိုးမိတ်ဆွေများ စုံညီတွင် သတို့သားနှင့် သတို့သမီးတို့၏ လက်တို့ကို ရေခွက်တစ်ခု၌ ချစေ၍ မင်္ဂလာစကားတို့ကို ပြောဆိုကြကုန်၏။ ထိုအခါ သတို့သမီး၏ ကြီးပွားချမ်းသာခြင်းကို လိုလား တောင့်တကြသည့်အတိုင်း သတို့သမီး၏ဆွေမျိုးတို့သည် ဤသို့ဆုပေးကြကုန်၏။

''သင့်အဘွားသည် သိအပ်သောတရားကို သင်လည်း သိပါစေ။ သင့်အဘွားကဲ့သို့ ကြာမြင့်စွာ အသက်ရှည်ပါစေ''

ထိုအခါ ရေဝတသတို့သားသည် ဤသူငယ်မ၏အဘွားကား အဘယ်သူဖြစ်လေသနည်းဟု ကြံမိ၍ ဤသို့မေး၏။

''ဤနှမ၏အဘွားသည် အဘယ်သူနည်း''

''ချစ်သား အသက် ၁၂၀ ရှိသော ဤအမေကြီးကို သင်မမြင်လော။ သွားကျိုး၊ ဆံဖြူ၊ အရေတွန့် မှဲ့စွဲ၍ အခြင် ရနယ်ကဲ့သို့ နံရိုးကျဲတဲရှိသော ဤအမေအိုကြီးသည် သင့်နှမလေး၏အဘွား ဖြစ်ပေသည်''

''ဤနှမလေးသည် ဤကဲ့သို့ပင် ဖြစ်ဦးမည်လော''

''ချစ်သား အကယ်၍ အသက်ရှည်လျှင် ဖြစ်ရလိမ့်ဦးမည်''

ထိုအခါ ရေဝတသတို့သားသည် ပါရမီအခံ ရင့်ကျက်သူဖြစ်၍ ဤသို့ ကြံ၏။

· ''ဤမျှ လှပတင့်တယ်သော ကိုယ်ကိုပင် အိုမင်းခြင်းသည် ဤမျှ ဖောက်ပြန်ခြင်းသို့ပင် ရောက်စေလိမ့်ဦးမည်တကား။ ငါ၏နောင်တော်ကြီးသည် ဤဆင်းရဲကို မြင်တော်မူသည် ဖြစ်လတ္တံ့။ ငါလည်း ယနေ့ပင် ထွက်ပြေး၍ နောင်တော်ကြီးကဲ့သို့ ရဟန်းပြုတော့အံ့''

မင်္ဂလာပွဲ ပြီးစီးသောအခါ မိဘတို့သည် သတို့သမီးငယ်ကို ခေါ်ဆောင်ခဲ့၍ ရေဝတနှင့်အတူ ယာဉ်ငယ်တစ်ခုကို စီးစေလျက် နာလကရွာသို့ ပြန်ကြကုန်၏။

ရေဝတသတို့သား ထွက်ပြေးခြင်း

ထွက်ပြေးရန် အကြံရှိနေသော ရေဝတသည် ခရီးသွား၍ အတန်ငယ် ရောက်သောအခါ "ကိုယ်လက်သုတ်သင်လိုပါသည်"ဟု ညွှန်ပြပြောဆို၍ ယာဉ်ငယ်ကို ရပ်စေကာ ဆင်းသွားပြီးလျှင် ချုံတစ်ချုံ၌ ခဏမျှနေ၍ ယာဉ်ငယ်ကို တက်စီးကာ လိုက်ပြန်၏။ ဤနည်းတူပင် အတန်ငယ်သွားမိကြသောအခါ ကိုယ်လက်သုတ်သင်လိုဟန်ဖြင့် ဆင်း၍ ဆင်း၍ နေရစ်ကာ ပြန်၍ ပြန်၍လာ၏။ ဤသို့ သုံးကြိမ်တိုင်ပြုသောအခါ "ရေဝတသည် ကျင်ကြီးကျင်ငယ် ထကြွခြင်း ခံနေရသည်"ဟု ယူဆကာ အစောင့်အရှောက်ကို တင်းကျပ်စွာမပြုကြတော့ကုန်။ နောက်ဆုံးအကြိမ်၌ကား ရေဝတသည် ရှေးနည်းတူပင် ပြောဆိုကာ ဆင်းနေရစ် ပြန်လျှင် "သင်တို့ရှေ့ကသွားနှင့်ကြကုန်၊ ကျွန်ုပ်ကား ဖြည်းဖြည်းသာ နောက်မှ လိုက်လာပါအံ့"ဟု ဆို၍ ချုံတစ်ခုသို့ ရှေးရှုထွက်သွား၏။ မိဘဆွေမျိုးတို့လည်း နောက်မှလိုက်လာလိမ့်မည်ဟု စိတ်ချ၍ ယာဉ်ကိုမောင်းနှင်လျက် သွားမြဲတိုင်းပင် သွားကြကုန်၏။ ရေဝတလည်း ထိုချုံကွယ်မှ လျင်မြန်စွာ ထွက်ပြေးလေသော် ပုံသကူစုတင်ဆောင်ကြသော ရဟန်းသုံးကျိပ်တို့နေရာသို့ ရောက်လေ၏။ ထိုအခါ ရဟန်းတို့ကို ရှိခိုး၍ ဤသို့လျှောက်၏။

"အရှင်ဘုရားတို့ အကျွန်ုပ်ကို ရှင်သာမဏေပြုပေးတော်မူကြပါကုန်"

"သူငယ် သင်သည် ဝတ်စားတန်ဆာ ကောင်းမွန်စွာဆင်ယင်ထားသူ ဖြစ်၏။ အမတ်သားသော်လည်းကောင်း၊ မင်းသားသော်လည်းကောင်း ဖြစ်မည်ကို မသိနိုင်။ အဘယ်သို့လျှင် ရှင်သာမဏေပြုပေးကြရမည်နည်း"

"အရှင်ဘုရားတို့ အကျွန်ုပ်ကို မသိကြပါသလော"

"မသိကြကုန်"

"အကျွန်ုပ်သည် ဥပတိဿ၏ ညီငယ်အထွေးဆုံးဖြစ်ပါသည်"

"ဥပတိဿကား အဘယ်သူနည်း"

"အရှင်ဘုရားတို့သည် အကျွန်ုပ်၏နောင်တော်ကို သာရိပုတ္တရာဟု ခေါ်ကြပါသည်။ ထို့ကြောင့် ဥပတိဿဟု လျှောက်သည်ကို မသိကြခြင်း ဖြစ်ပါလိမ့်မည်"

"သင်သည် အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံးလော"

"မှန်ပါသည်"

"သို့ဖြစ်လျှင် လာလော့၊ သင့်နောင်တော်ကြီးသည် ခွင့်ပြုတော်မူပြီး ဖြစ်ပေသည်"

ထိုပံ့သကူဆောင် ရဟန်းတို့သည် ရေဝတ၏ အဆင်တန်ဆာတို့ကိုချွတ်၍ တစ်နေရာ၌ထားစေပြီးသော် ရေဝတကို ရှင်သာမဏေပြုပေးတော်မူကြကုန်၏။ အရှင်သာရိပုတ္တရာ၏ အထံသို့လည်း သတင်းပို့တော်မူကြကုန်၏။

## တာဝန်သိသော အရှင်သာရိပုတ္တရာ

ထိုသတင်းကို ကြားတော်မူသော် အရှင်သာရိပုတ္တရာသည် ညီအငယ်ဆုံး ဖြစ်သော ရေဝတအား စောင့်ရှောက်ရမည့် တာဝန်ရှိသည့်အတိုင်း ရေဝတ၏အထံသို့ သွားလိုပါကြောင်း၊ သာသနာတော်၌ ပျော်ပိုက်သည် မပျော်ပိုက်သည်ကို မသိရသေး ဖြစ်ပါကြောင်းကို မြတ်စွာဘုရားအား လျှောက်ထား၍ ခွင့်ပန်၏။ ထိုအခါ အလုံးစုံသောအရာကို သိတော်မူသော မြတ်စွာဘုရားသည် ရေဝတ၏ ကမ္မဋ္ဌာန်းအန္တရာယ်ဖြစ်မည်ကို မြင်တော်မူသဖြင့် ''သာရိပုတ္တရာ သည်းခံဦးလော့'' ဟု မိန့်တော်မူ၍ တားမြစ်တော်မူ၏။ အတန်ကြာသော် အရှင်သာရိပုတ္တရာလည်း ဒုတိယအကြိမ် မြတ်စွာဘုရားအား ခွင့်ပန်တော်မူပြန်၏။ ထိုအခါ မြတ်စွာဘုရား သည် ''သာရိပုတ္တရာ သည်းခံဦးလော့၊ ရေဝတအထံသို့ ငါဘုရားလည်း လိုက် တော်မူအံ့''ဟု မိန့်တော်မူ၏။

ရေဝတလည်း ထိုပံ့သကူမထေရ်မြတ်တို့အထံ၌သာ နေသော် ''လိုက်လံ ရှာဖွေသောသူတို့နှင့် တွေ့လေက ပြန်၍ခေါ်ကြလေတော့မည်''ဟု အကြံဖြစ်၍ ရဟန္တာအဖြစ်သို့ရောက်အောင် ပို့ဆောင်နိုင်သော ကမ္မဋ္ဌာန်းကို သင်ယူခဲ့၍ သပိတ် သင်္ကန်းကိုယူကာ ထိုအရပ်မှ ထွက်ကြွတော်မူ၏။ အစဉ်သဖြင့် လူအသိ နည်းပါးသောအရပ်ကို ရှာဖွေလျက် ကြွတော်မူလေသော် ယူဇနာသုံးဆယ်ကွာ သော ကြမ်းတမ်းဆိုးဝါးလှသည့် ရှားတောကြီးတစ်တောသို့ ရောက်လေ၏။ ထိုရှားတောကား မြေလည်းမညီညွတ်၊ ဆူးငြောင့်ခလုတ်လည်း ပေါများလှ၏။ ဆွမ်းအတွက်လည်း ခက်ခဲသောနေရာပင်ဖြစ်၏။ ထိုရှားတော၌ ဝါဆိုတော်မူ၍ တရားကို အားထုတ်တော်မူရာ ဝါတွင်း၌ပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

## မြတ်စွာဘုရားကိုယ်တော်တိုင် ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ရေဝတသာမဏေ၏ ဤသို့သော ရဟန္တာဖြစ်ခြင်းကို ပင် ငံ့လင့်တော်မူသည်ဖြစ်၍ အရှင်သာရိပုတ္တရာကို ဝါတွင်းသုံးလမျှကြာအောင် ဆိုင်းငံ့ထားတော်မူခြင်းဖြစ်၏။ ဝါကျွတ်သောအခါ၌ ပဝါရဏာပြုပြီးသော် အရှင်

သာရိပုတ္တရာသည် ညီတော်အထွေးဆုံးဖြစ်သော ရေဝတထံသို့သွားခွင့်ပြုပါရန် မြတ်စွာဘုရားအား ပန်ကြားပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် "ငါလည်း လိုက်တော်မူအံ့"ဟု မိန့်တော်မူ၍ ရဟန်းငါးရာတို့နှင့် အတူတကွ ရေဝတ သာမဏေရှိနေသည်ဟု ကြားရသောအရပ်သို့ ထွက်ကြွတော်မူ၏။

ကြွသွား၍ အတန်ကြာလတ်သော် ခရီးနှစ်ခုသို့ ရောက်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် ခရီးဆုံ၌ရပ်၏။ မြတ်စွာဘုရားအား ဤသို့လျှောက်၏။

"အရှင်ဘုရား၊ ရေဝတ၏နေရာသို့သွားသော ခရီးနှစ်ခုတို့တွင် ဤမှာ ဘက် ခရီးအား လူတို့နေထိုင်ရာအရပ်ဖြစ်၍ ယူဇနာအားဖြင့် ခြောက်ဆယ်မျှ ရှိပါသည်။ ထိုမှာဘက်ခရီးကား လူတို့နေထိုင်ရာအရပ်မဟုတ်ပါ။ သို့ရာတွင် ခရီးဖြောင့်ဖြစ်၍ ယူဇနာသုံးဆယ်သာ ရှိပါသည်။ အဘယ်လမ်းသို့လိုက်တော်မူ လိုပါသနည်း"

"အာနန္ဒာ သီဝလိထေရ်သည် ငါတို့နှင့် အတူပါလာသလော"

"အရှင်ဘုရား ပါလာပါသည်"

"သီဝလိပါလာလျှင် လမ်းဖြောင့်ဖြင့်သာ သွားကြကုန်အံ့"

## အရှင်သီဝလိ၏ တန်ခိုး

မြတ်စွာဘုရားသည် ရဟန်းတို့အား "ငါဘုရားသည် ဆွမ်းဘောဇဉ်တို့ကို ဖြစ်စေအံ့၊ လမ်းဖြောင့်သို့သာ လိုက်လော့"ဟု မိန့်တော်မမူဘဲ အရှင်သီဝလိ၏ ဘုန်းကံကြီးမား၍ လာဘ်များခြင်းကို ထင်ရှားစိမ့်သောငှာ အရှင်သီဝလိ၏ ကောင်းမှုပြုခဲ့ဖူးသော ဌာနဖြစ်သည်ကိုလည်း သိတော်မူသဖြင့် "သီဝလိပါသော် လမ်းဖြောင့်ဖြင့်သာ သွားကြကုန်အံ့"ဟု မိန့်တော်မူ၏။ မိန့်တော်မူသည့်အတိုင်း ပင် လူတို့မနေသော တောအရပ်ကို ဖြတ်သန်း၍ ယူဇနာသုံးဆယ်ခရီးကို ကြွ တော်မူ၏။ ထိုအခါ လမ်းခရီးတစ်လျှောက်လုံးပင် နတ်တို့သည် "ငါတို့အရှင် သီဝလိထေရ်အား ပူဇော်သကာပြုကြကုန်အံ့"ဟု တိုင်ပင်ညီညွှတ်၍ တစ်ယူဇနာ တိုင်း တစ်ယူဇနာတိုင်း၌ ကျောင်းတို့ကို ဖန်ဆင်းကြပြီးသော် တစ်ယူဇနာထက်ပို၍ ကြွခွင့်မပေးဘဲ နံနက်စောစောကပင် ယာဂု စသည်တို့ကို ယူလာကြကုန်၏။ "ကျွန်ုပ်တို့အရှင် သီဝလိထေရ် အဘယ်မှာနည်း"ဟု မေးလျှောက်၍ လှည့်လည် ရှာဖွေကာ လှူဒါန်းကြကုန်၏။ အရှင်သီဝလိလည်း မိမိအား နတ်တို့လှူဒါန်း သော ယာဂုဆွမ်း စသည်တို့ကို ဘုရားရှင်အမှူးရှိသော သံဃာအား တစ်ဆင့် လှူဒါန်းစေတော်မူ၏။ ဤသို့လျှင် မြတ်စွာဘုရားသည် သံဃာတော်ငါးရာတို့နှင့်

တကွ ယူဇနာသုံးဆယ်ရှိသော ခရီးတစ်လျှောက်လုံး အရှင်သီဝလိ၏ ဘုန်းကံကို အမှီပြုတော်မူ၍ နတ်တို့ ဆွမ်းဘောဇဉ်ကို သုံးဆောင်တော်မူကာ ကြွတော်မူ၏။

## ၁၁။ အရှင်ရေဝတ၏တန်ခိုး

အရှင်ရေဝတလည်း မြတ်စွာဘုရားသည် သံဃာတော်ငါးရာတို့နှင့် အတူတကွ ကြွလာတော်မူသည်ကိုသိ၍ ဂန္ဓကုဋီတိုက်ကိုလည်းကောင်း၊ စုလစ်မွမ်းချွန်တပ်သော ကျောင်းငါးရာတို့ကိုလည်းကောင်း၊ စင်္ကြံငါးရာ၊ နေ့သန့်ရာ ညဉ့်သန့်ရာ ငါးရာတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။ မြတ်စွာဘုရား ရောက်တော်မူသောနေ့၌ နတ်တို့က အဖျော်ရှစ်ပါးကို လှူကြကုန်၏။ ရေဝတသာမဏေ၏ အထံ၌ မြတ်စွာဘုရားသည် တစ်လမျှ သီတင်းသုံးတော်မူရာ အရှင်သီဝလိ၏ ဘုန်းကံကိုသာလျှင် အမှီပြု၍ ဆွမ်းဘောဇဉ်တို့ကို သုံးဆောင်တော်မူ၏။

တစ်ဆယ့်ငါးရက်ခန့်ကြာသောအခါ ရဟန်းကြီးနှစ်ပါးတို့သည် ဤသို့ အကြံဖြစ်ကြကုန်၏။

''ဤကျောင်းတော်တို့နှင့် နှိုင်းစာသော် ဇေတဝန်ကျောင်းတော်၊ ပုဗ္ဗာရုံကျောင်းတော်တို့ပင် အဘယ်မူစအံ့နည်း။ ဤမျှ များပြားကောင်းမွန်လှသော ကျောင်းတို့ကို စီမံဆောက်လုပ်စေသော ရေဝတသည် အဘယ်မှာ ရဟန်းတရားကို ပွားများချိန် ရပါမည်နည်း။ မြတ်စွာဘုရားသည် 'ရေဝတကား အရှင်သာရိပုတ္တရာ၏ ညီတော်ဖြစ်သည်'ဟု မျက်နှာကိုကြည့်၍ကာ ဤမျှ အမှုကိစ္စများပြားသော ရေဝတ၏အထံသို့ ကြွတော်မူဘိ၏''

မြတ်စွာဘုရားသည် ထိုရဟန်းကြီးနှစ်ပါးတို့၏ အကြံကို သိတော်မူရကား တစ်လခန့်နေတော်မူ၍ ပြန်ကြွတော်မူသောအခါ ထိုရဟန်းနှစ်ပါးတို့၏ ဆီကျည်တောက်ရေဘူး၊ ဖိနပ်တို့ကို မေ့ကျန်ရစ်အောင် မိဋ္ဌာန်တော်မူ၏။ ထိုရဟန်းကြီးနှစ်ပါးတို့သည် ထိုပစ္စည်းများကို မေ့ကျန်ထားခဲ့ကြကုန်၏။ ထို့နောက် ကျောင်းဥပစာမှ ပြင်ဘက်သို့ရောက်သောအခါ မြတ်စွာဘုရားသည် တန်ခိုးတော်ကို ရုပ်သိမ်းလိုက်သဖြင့် ထိုရဟန်းကြီးနှစ်ပါးတို့သည် မိမိတို့ပစ္စည်းများကို သတိရကာ သံဃာအများမှ ဖဲခွာ၍ နောက်သို့ ပြန်လာခဲ့ကြကုန်၏။

ထိုအခါ ရဟန်းကြီးနှစ်ပါးတို့သည် မိမိတို့ထွက်ခွာလာခဲ့သောကျောင်းကို ရှာမတွေ့ကြတော့ဘဲ လမ်းကိုပင် မသိနိုင်အောင်ဖြစ်လျက် ရှားပင်တို့မှ ဆူးများအစူးအချိတ်ခံကာ လှည့်လည် ရှာဖွေကြရကုန်၏။ အတန်ကြာမှပင် ရှားပင်တစ်ပင်၌ ချိတ်ဆွဲထားသော မိမိတို့ပစ္စည်းများကို တွေ့၍ ယူခဲ့ကြရ၏။ ထိုအခါ

မှပင် ရှင်ရေဝတသည် စုလစ်မွမ်းချွန်တပ်သော ကျောင်းငါးရာတို့ကို မြတ်စွာဘုရားကြွလာစဉ် ဖန်ဆင်းထားကြောင်း၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာတစ်ပါးဖြစ်ကြောင်းကို သိကြကုန်၏။ မြတ်စွာဘုရားလည်း လာခဲ့သောလမ်းအတိုင်းပင် ပြန်ကြွ၍ အရှင်သီဝလိ၏ ဘုန်းကံကို အမှီပြုကာ သာဝတ္ထိပြည်သို့ ရောက်၍ ပုဗ္ဗာရုံကျောင်းတော်သို့ ဝင်တော်မူ၏။

ရှင်ရေဝတကား မြတ်စွာဘုရား ကြွတော်မူရာသို့မလိုက်ဘဲ မြတ်စွာဘုရားနှင့် နောင်တော်ကြီး အရှင်သာရိပုတ္တရာတို့ကို သင့်လျော်ရုံလိုက်ပို့၍ ထိုရှားတောအရပ်သို့ပင် ပြန်ကြွ၍ သီတင်းသုံးတော်မူ၏။

မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းသို့ ရောက်တော်မူသည်ဟု ကြားလျှင် ဝိသာခါသည် ရဟန်းတော်တို့အတွက် အာဂန္တုကဘတ်၊ ညှော်သည်ဆွမ်းလှူရန်ပြင်ဆင်၏။ ထိုရဟန်းကြီးနှစ်ပါးလည်း နောက်တစ်နေ့နံနက် ဝိသာခါ၏အိမ်သို့ စောစောကြွ၍ ယာဂုကို သောက်ပြီးလျှင် ခဲဖွယ်ကို ဘုဉ်းပေး၍ ထိုင်နေကြကုန်၏။ ထိုအခါ ဝိသာခါသည် ဤသို့ မေးလျှောက်၏။

''အရှင်ဘုရားတို့ မြတ်စွာဘုရားနှင့်အတူ ရေဝတထေရ်၏နေရာသို့ကြွတော်မူကြသည် မဟုတ်ပါလော''

''မှန်ပေသည်''

''မထေရ်၏နေရာသည် မွေ့လျော်ဖွယ် ရှိပါ၏လော''

''ဥပါသိကာ အဘယ်မှာ မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဆူးဖြူသော ရှားပင်တို့ဖြင့် ရှုပ်ထွေး၏။ ပြိတ္တာတို့၏နေရာနှင့် တူ၏''

ထိုအခိုက်မှာပင် ရဟန်းငယ်နှစ်ပါးတို့ ရောက်လာပြန်ရာ ဝိသာခါသည် ဝတ်ပြုရန် ထိုရဟန်းငယ်နှစ်ပါးကို ရှေးနည်းတူ မေးလျှောက်ပြန်၏။ ရဟန်းငယ်နှစ်ပါးတို့ကား ဤသို့ဆိုကြကုန်၏။

''အို ဥပါသိကာမကြီး မထေရ်၏နေရာကား ချီးမွမ်းရန်မတတ်ကောင်းသော အရပ်ဖြစ်ပေသည်။ တာဝတိံသာ သုဓမ္မာနတ်သဘင်နှင့် တူသည်သာမက တန်ခိုးဖြင့်သာ ဖန်ဆင်းထားသည်နှင့် တူလှပေသည်''

ထိုအခါ ဝိသာခါသည် ''ပထမရဟန်းတို့ကား တစ်မျိုးမိန့်ကြကုန်၏။ ဒုတိယရဟန်းတို့ကား တစ်မျိုးပင် မိန့်ကြပြန်၏။ ပထမရဟန်းတို့သည် တစ်စုံတစ်ရာ မေ့ကျန်ရစ်သဖြင့် တန်ခိုးဖြေလွှတ်ပြီးမှ ပြန်ရောက်သွားကြသည်ဖြစ်မည်။ နောက်လာသော ရဟန်းတို့ကား တန်ခိုးဖြင့် ဖန်ဆင်းထားစဉ် ရောက်၍ ပြန်လာကြသည်ဖြစ်မည်ဟု အမှန်အတိုင်း ဆင်ခြင်မိ၏။ ဤသို့ ဆင်ခြင်ဉာဏ်နှင့်

ပြည့်စုံသော ဝိသာခါသည် မြတ်စွာဘုရား ကြွလာတော်မူမှပင် ဤအကြောင်းကို လျှောက်ဦးမည်ဟု ကြံ၍ စောင့်နေ၏။

မြတ်စွာဘုရားလည်း တစ်မဟုတ်ချင်းပင် ရဟန်းအပေါင်း ခြံရံလျက် ဝိသာခါ၏အိမ်သို့ ကြွလာတော်မူ၏။ ဝိသာခါသည် မြတ်စွာဘုရားနှင့် ရဟန်းအပေါင်းအား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးပြီးမှ ထိုအကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"အို ဥပါသိကာ ရွာပင်ဖြစ်စေ၊ တောပင်ဖြစ်စေ ရဟန္တာတို့ သီတင်းသုံးရာ အရပ်သည် မွေ့လျော်ဖွယ်ရှိသည်သာလျှင်တည်း"

ထို့နောက် ဇေတဝန်ကျောင်းတော် အရိယာသံဃာတော်တို့ အစည်းအဝေး၌ အရှင်ရေဝတထေရ်ကို အာရညကတေဒဂ်အရာ၌ ထားတော်မူ၏။ အခြားသော တောနေရဟန်းများရှိသော်လည်း အရှင်ရေဝတကိုသာ အာရညက တေဒဂ်ထားတော်မူသည်မှာ အရှင်ရေဝတသည် မွေ့လျော်ဖွယ်ရှိသော တောအရပ်၊ ဆွမ်းရလွယ်သော တောအရပ်ဟူ၍ မရွေးချယ်ဘဲ မြေမညီမညွတ်၊ ဆူးငြောင့် ခလုတ်များပြား၍ ကြမ်းတမ်းဆိုးဝါးလှသော တောအရပ်၌ပင် တောရဆောက်တည်နေထိုင်တော်မူခြင်းကြောင့် ဤသို့ တေဒဂ်ထားတော်မူသတည်း။

အရှင်သာရိပုတ္တရာ၏ ညီတော် နှမတော်တို့တွင် အရှင်ဥပသေနကား သမန္တပါသာဒိက တေဒဂ်ရ၊ အရှင်ရေဝတကား အာရညကတေဒဂ်ရ၊ အရှင်စုန္ဒကား တေဒဂ်မရသော အသီတိသာဝက အဝင်အပါ ရဟန္တာ ဖြစ်တော်မူကြကုန်၏။ နှမတော်သုံးယောက်တို့လည်း ရဟန္တာ ဘိက္ခုနီတို့သာ ဖြစ်ကြကုန်၏။

အရှင်ဥပသေနကား အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံတော်မမူမီပင် ရာဇဂြိုဟ်ပြည် ယင်းထိုက်တောသုသာန် မြွေပါးပျဉ်းချောက်၌ သီတင်းသုံးတော်မူသည့်အခါ လေသောက်တံခါး၌ သင်္ကန်းချုပ်တော်မူစဉ် ကစားပြေးလွှားရာမှ ကျလာသော ဖုဍဝိသမြွေသည် ကိုယ်တော်၏ပခုံးပေါ်သို့ ကျသဖြင့် ဖွဲကဲ့သို့ မှုန့်မှုန့်ညက်ညက်ဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူသတည်း။

# အခန်း (၃)

# အလေ့အကျင့် အပြုအမူ

## ၁။ ဆရာကို ရိုသေလေးစားခြင်း

အရှင်သာရိပုတ္တရာသည် ဆရာကို ရိုသေလေးစားရာ၌ စံထားထိုက်သော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါး ဖြစ်ပေ၏။ အရှင်အဿဇိကား အရှင်သာရိပုတ္တရာ၏ လက်ဦးဆရာ ဖြစ်တော်မူသည့်အလျောက် အရှင်သာရိပုတ္တရာသည် အရှင်အဿဇိနှင့် တစ်ကျောင်းတည်း အတူနေရသောအခါ မြတ်စွာဘုရားအား ဆည်းကပ်ခစားပြီးသောအခါ အရှင်အဿဇိထေရ်ထံသို့ သွား၍ ဆည်းကပ်ခစားလေ့ရှိ၏။ ထို့ပြင် အရှင်အဿဇိ ရှိတော်မူရာအရပ်ကို အမြဲတမ်း ဦးခေါင်းပြု၍ အိပ်တော်မူလေ့ရှိ၏။

တခြားစီ သီတင်းသုံးတော်မူကြသောအခါ၌ကား အရှင်သာရိပုတ္တရာသည် အရှင်အဿဇိ ရှိတော်မူရာအရပ်သို့ လှည့်၍ အရှင်အဿဇိအား ရည်မှန်းလျက် တည်ခြင်းငါးပါးဖြင့် ရိုသေစွာ ရှိခိုးတော်မူပြီးမှ လက်အုပ်ချီကာ ခဏမျှရပ်နေတော်မူ၏။ ဤသို့ လက်ဦးဆရာဖြစ်ပေသည်ဟု ရှိခိုးဝတ်ပြုသည်မှာ တစ်ကြိမ်သာမဟုတ်ဘဲ နေ့စဉ်ပြုလုပ်လေ့ရှိသဖြင့် အခြားရဟန်းတို့က အရှင်သာရိပုတ္တရာအား အထင်အမြင်လွဲကြကုန်၏။ အရှင်သာရိပုတ္တရာသည် ယနေ့တိုင်အောင်ပင် မိစ္ဆာဒိဋ္ဌိအယူကို မစွန့်သေး၊ အရပ်မျက်နှာတို့ကို ရှိခိုးလျက်ပင် ရှိသေးသည်ဟု စွပ်စွဲပြောဆိုကြကုန်၏။ ဤစွပ်စွဲချက်နှင့် ပတ်သက်၍ ဤသို့ ဖြေရှင်းတော်မူရ၏။

"သာရိပုတ္တရာ သင်သည် အရပ်မျက်နှာတို့ကို ရှိခိုးလျက် လှည့်လည်သည်ဟု လျှောက်ထားကြသည်မှာ မှန်သလော"

"အရှင်ဘုရား အကျွန်ုပ် အရပ်မျက်နှာတို့ကို ရှိခိုးသည်၊ ရှိမခိုးသည်ကို မြတ်စွာဘုရားသာ သိတော်မူပါလော့"

"ရဟန်းတို့ သာရိပုတ္တရာသည် အရပ်မျက်နှာတို့ကို ရှိခိုးသည်မဟုတ်၊ အဿဇိမထေရ်ထံမှ တရားတော်ကိုနာရ၍ သောတာပန်ဖြစ်ရခြင်းကြောင့် မိမိ၏ လက်ဦးဆရာကို ရှိခိုးခြင်းသာ ဖြစ်ပေသည်။ အကြင်ဆရာကို အမှီပြု၍ တရားတော်ကို သိရ၏။ ပုဏ္ဏားသည် မီးကို ရိုသေစွာ ရှိခိုးသကဲ့သို့ ထိုဆရာကို ရှိခိုးသင့်လှပေသည်။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသောအခါ ရဟန်းတို့သည် အရှင်သာရိပုတ္တရာအပေါ်၌ ယုံမှားသံသယ ကင်းပျောက်သွားကြရုံမျှမကဘဲ လွန်စွာ သက်ဝင်ကြည်ညိုကြကုန်၏။

## ၂။ မယ်တော်ကို လေးစားခြင်း

အရှင်သာရိပုတ္တရာသည် မြေကြီးသဖွယ် သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံတော်မူ၏။ အခြားသူများအပေါ်၌ သည်းခံတော်မူသကဲ့သို့ မယ်တော်အားလည်း အထူးသဖြင့် တစ်ခွန်းသောစကားကိုမျှ တုံ့ပြန်၍မပြောမဆိုဘဲ သည်းခံတော်မူ၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာသည် မိမိ၏ပရိသတ်ဖြစ်သော ရဟန်းငါးရာတို့နှင့်တကွ နာလကရွာ မယ်တော်၏အိမ်သို့ ဆွမ်းခံကြွတော်မူ၏။ ထိုအခါ မယ်တော် သာရိပုဏ္ဏေးမသည် အရှင်သာရိပုတ္တရာနှင့် ရဟန်းတော်ငါးရာတို့ကို အိမ်သို့ပင့်ခေါ်ကာ ထိုင်နေတော်မူကြစေလျက် ဆွမ်းလောင်း၏။ သို့ရာတွင် သားတော်ကြီးဖြစ်သော အရှင်သာရိပုတ္တရာအပေါ်၌ လွန်စွာ မကျေမချမ်းဖြစ်၍ အမျက်ထွက်မိ၏။ မိမိတို့၌ ကုဋေရှစ်ဆယ်ကျော်မျှ ကြွယ်ဝချမ်းသာပါလျက် ထိုဥစ္စာတို့ကိုစွန့်၍ ရဟန်းပြုပြီးလျှင် ဤသို့စင် လှည့်လည်တောင်းစားဘိ၏ဟု ကရုဏာဒေါသ ဖြစ်လှသဖြင့် ဤသို့ဆဲရေး၏။

"ဟယ် စားကြွင်းစား၊ စားကြွင်းစားကျန်ဖြစ်သော ကစီရည်ကိုမျှ မရနိုင်သောကြောင့် သူတစ်ပါးတို့အိမ်၌ ယောင်းမကျောက်ကုန်းဖြင့် ချေအပ်သော ကစီရည်ကို သုံးဆောင်ရန်အတွက် ကုဋေရှစ်ဆယ်သော ဥစ္စာကိုစွန့်ပယ်၍ ရဟန်းပြုဘိ၏။ ငါတို့ကား သင့်ကြောင့် အမျိုးအနွယ်မှ ပျက်စီးရကုန်၏။ ယခု စားလော့"

ဤသို့ သားတော်ကြီး အရှင်သာရိပုတ္တရာကို ဆဲရေးကာမျှနှင့် အားမရသေးဘဲ ရဟန်းငါးရာတို့၏ သပိတ်၌ ဆွမ်းဘောဇဉ်လောင်းထည့်သောအခါ ရဟန်းငါးရာတို့ကိုပါ ဆဲရေးပြန်၏။

"သင်တို့သည် ငါ့သားကို သင်တို့၏ အလုပ်အကျွေးငယ် ပြုကြကုန်၏။ ယခု သင်တို့လည်း စားကြကုန်လော့"

အရှင်သာရိပုတ္တရာကား မယ်တော်အား တစ်ခွန်းသောစကားကိုမျှ မိန့်တော်မမူဘဲ ဆွမ်းကို ခံယူ၍ ဝေဠုဝန်ကျောင်းတော်သို့သာ ပရိသတ်နှင့်အတူ ပြန်ကြွတော်မူခဲ့၏။ ထိုပရိသတ်၌ အရှင်ရာဟုလ သာမဏေလည်း ပါသွားသဖြင့် အရှင်ရာဟုလသည် ကျောင်းတော်သို့ရောက်သောအခါ မြတ်စွာဘုရားအထံတော်

သို့ သွား၍ ''ဘုဉ်းပေးတော်မူပါ''ဟု ဆွမ်းဖြင့် ဖိတ်မန်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်ရာဟုလအား ဤသို့ မေးတော်မူ၏။

''ရာဟုလ အဘယ်သို့ ဆွမ်းခံသွားကြသနည်း''

''အဘွားရွာသို့ သွားကြပါသည်''

အရှင်သာရိပုတ္တရာကား သူ၏ ဥပဇ္ဈာယ်ဆရာဖြစ်၍ ခမည်းတော်အရာ၌ တည်သောကြောင့် ဤသို့လျှောက်ခြင်းဖြစ်၏။

''အဘွားသည် သင့်ဥပဇ္ဈာယ်ဆရာကို အသို့ဆိုသနည်း''

''အဘွားသည် ဥပဇ္ဈာယ်ဆရာကို ဆဲရေးပါသည်''

''အဘယ်သို့ဆို၍ ဆဲသနည်း''

''ဤသို့ဤပုံဆို၍ ဆဲရေးပါသည်''

''သင့်ဥပဇ္ဈာယ်က အသို့ဆိုသနည်း''

''ဥပဇ္ဈာယ်ဆရာကမူ တစ်ခွန်းမျှ ပြန်မပြောပါ''

ဤသို့ အရှင်ရာဟုလ လျှောက်ထားသည်ကို ကြားရသောအခါ ရဟန်းတို့သည် ''ငါ့ရှင်တို့ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးတို့ကား အံ့ဩဖွယ်ရှိပါပေကုန်စွတကား။ ဤမျှပင် မယ်တော်က ဆဲရေးပါသော်လည်း အမျက်ထွက်ခြင်းမျှ ဖြစ်တော်မမူခဲ့ပါတကား''ဟု ချီးမွမ်းကြကုန်၏။ ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူ၍ ဤသို့ ဟောကြားတော်မူ၏။

''အမျက်မထွက်သော၊ ဓုတင်ကျင့်ဝတ်ရှိသော၊ သီလလည်းရှိသော၊ တဏှာမဖြစ်ပွားသော၊ ယဉ်ကျေးပြီးသော၊ နောက်ဆုံးကိုယ်ကိုဆောင်သော ဤသို့သော ပုဂ္ဂိုလ်မျိုးကို 'ဗြာဟ္မဏ' မကောင်းမှုမှ စင်ကြယ်သူဟု ငါဘုရား ဟောတော်မူသတည်း''

## ၃။ ဆုံးမသြဝါဒကို လိုလားခြင်း

အရှင်သာရိပုတ္တရာသည် မိမိအား ဆုံးမလာသည်ရှိသော် ကြီးသည် ငယ်သည်ကို မရွေးဘဲ လွန်စွာကျေးဇူးတင်တော်မူတတ်၏။ ဆုံးမသူကို အလွန်တရာ ရိုသေကိုင်းရှိုင်းတော်မူတတ်၏။ ဆုံးမသည်ကိုလည်း အလွယ်တကူ နာယူတော်မူလေ့ရှိ၏။ ကြီးမားသော ပုဂ္ဂိုလ်တို့ကို မဆိုထားဘဲ ခုနစ်နှစ်အရွယ် ငယ်လှသော သာမဏေကလေး၏ သတိပေးလျှောက်ထားချက်ကိုပင် မိမိ၏ငယ်ဆရာက ဆုံးမသကဲ့သို့ ရိုသေစွာ နာယူတော်မူတတ်၏။ မိမိအပြစ်ကိုလည်း ရိုးသားစွာ ဝန်ခံလေ့ရှိတော်မူ၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာ၏ ကိုယ်ရုံသင်္ကန်းစွန်းသည် သတိမပြုမိသဖြင့် တွဲလျားကျလျက်ရှိ၏။ ခုနစ်နှစ်သားမျှသာ ရှိသေးသော သာမဏေငယ် တစ်ပါးသည် ထိုအခြင်းအရာကိုမြင်၍ အရှင်သာရိပုတ္တရာအား ဤသို့ သတိပေး လျှောက်ထား၏။

"အရှင်ဘုရား အဝန်းညီစွာ ဝတ်ရုံသင့်ပါသည်"

ထိုအခါ အရှင်သာရိပုတ္တရာသည် "သင့်စကားသည် ကောင်းမြတ်လှပေ သည်"ဟု မိန့်တော်မူ၍ ဆုံးမသြဝါဒကို ဦးခေါင်းဖြင့် ရိုသေစွာခံယူသကဲ့သို့ ခံယူကာ အတန်ငယ်ဝေးသော တစ်နေရာသို့သွား၍ ပြင်ဆင်ဝတ်ရုံပြီးမှ သာမဏေ ထံသို့ ပြန်လာ၍ လက်အုပ်ချီလျက် ဤသို့ဆို၏။

"ဆရာ ဤမျှဖြင့် သင့်လျော်ပါပြီလော"

ထို့နောက် အရှင်သာရိပုတ္တရာသည် ကိစ္စနှင့်ပတ်သက်၍ မိမိ၏အပြစ်ကို ဤသို့ ဝန်ခံတော်မူခဲ့၏။

"ငါကဲ့သို့သော ပုဂ္ဂိုလ်အား သတိမဲ့သဖြင့် ဤသို့ ကိုယ်ရုံသင်္ကန်းစွန်း တွဲလျားကျခြင်းသည် အပြစ်ပင်ဖြစ်တော့သည်"

ထို့နောက်တစ်ဖန် မိမိ၏သဘောကို ဖော်ပြရန် ဤသို့ ကျူးရင့်တော်မူ ပြန်၏။

"အသက်အားဖြင့် ခုနစ်နှစ်သားဖြစ်၍ ယနေ့ပင် ရှင်သာမဏေဖြစ်လာ သော သူကပင် ဆုံးမသော်လည်း အကျွန်ုပ်သည် ထိုဆုံးမချက်ကို ဦးထိပ်ဒွခံယူ ထားပါမည်"

## ၄။ အခွင့်အရေးမယူခြင်း

အခါတစ်ပါး အနာထပိဏ်သူဌေးကြီးသည် ငါးဆယ့်လေးကုဋေ အကုန် အကျခံ၍ သာဝတ္ထိပြည်၌ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးသည့် အခါ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအထံတော်သို့ တမန်စေလွှတ်၍ ကျောင်းတော်ကြီး ပြီးစီးပါကြောင်းကို လျှောက်ထားစေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်ကိုဖြတ်၍ သာဝတ္ထိ ပြည်သို့ ရဟန်းအပေါင်းနှင့်တကွ ကြွတော်မူ၏။

သာဝတ္ထိပြည်သို့ ရောက်လုနီးသော် ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်ရဟန်းငယ် တို့သည် သူတစ်ပါးတို့ထက် ဦးအောင် ရှေ့ကအလျင်သွားကြ၍ မထေရ်ကြီး များ နေရာမယူရသေးမီ မိမိတို့ဆရာဥပဇ္ဈာယ်များအတွက်လည်းကောင်း၊ မိမိတို့ အတွက်လည်းကောင်း နေရာများကို ဦးဦးဖျားဖျား ယူနှင့်ကြကုန်၏။ နောက်မှ

ကြွလာသော နောက်ကျသည့် မထေရ်ကြီးများသည် ကျောင်းနေရာကို မရနိုင်ကြတော့ကုန်။ နောက်မှကြွလာတော်မူသော အရှင်သာရိပုတ္တရာ၏ တပည့်တို့လည်း မိမိတို့ဆရာ အရှင်သာရိပုတ္တရာအတွက် နေရာရှာသောအခါ နေရာမရကြတော့ကုန်။

အရှင်သာရိပုတ္တရာသည် မိမိအတွက် နေရာမရသောအခါ မည်သူ့ကိုမှ အဖယ်အရှားမခိုင်း၊ အနှောင့်အယှက်လည်း မပေးတော့ဘဲ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ကျောင်းတော်၏အနီး သစ်ပင်တစ်ပင်ရင်း၌ ထိုင်ခြင်း စင်္ကြံကြွခြင်းဖြင့်သာ ထိုညကို ကုန်လွန်စေတော်မူ၏။

နံနက်မိုးသောက်သောအခါ မြတ်စွာဘုရားသည် ကျောင်းတော်မှထွက်၍ ချောင်းသံပေးတော်မူ၏။ ထိုအခါ ရှင်သာရိပုတ္တရာကလည်း ပြန်၍ချောင်းသံပြု၏။

"ဤနေရာ၌ အသူနည်း"

"သာရိပုတ္တရာ ဖြစ်ပါသည်"

"ဤအချိန် ဤနေရာ၌ အဘယ်ကိုပြုသနည်း"

ထိုအခါ အရှင်သာရိပုတ္တရာသည် အကြောင်းမှန်ကို မြတ်စွာဘုရားအား လျှောက်ထားတော်မူ၏။ မြတ်စွာဘုရားလည်း "ငါဘုရား ထင်ရှားရှိစဉ်မှာပင် ရဟန်းတို့သည် အချင်းချင်း အရိုအသေမဲ့ကြသည်။ ငါဘုရား ပရိနိဗ္ဗာန်ပြုသော် အသို့နေကြလတ္တံ့နည်း"ဟု သံဝေဂ ဖြစ်တော်မူ၏။ မိုးလင်းသောအခါ၌ ဤကိစ္စကို အကြောင်းပြု၍ ရဟန်းတို့ကို စည်းဝေးစေတော်မူပြီးလျှင် "သီတင်းသိက္ခာကြီးသူကို ဦးစားပေး၍ အရိုအသေပြုရမည်"ဟု မိန့်တော်မူ၍ တိတ္တိရဇာတ်ကို ဟောတော်မူသည်။

## ၅။ အပြစ်မကင်းသည်ကို ရက်ကြောက်ခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာလည်း ဇေတဝန်ကျောင်း၌ပင် သီတင်းသုံးတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာ၏ တပည့် စူဠသာရီအမည်ရှိသော ရဟန်းသည် ရဟန်းတို့နှင့် မလျော်သော ဆေးကုခြင်းဖြင့် အသက်မွေး၏။ ထိုအချိန်၌ ဆေးကုခြင်း၊ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသော ကုလဒူသနခေါ် လူတို့သဒ္ဓါတရားကို ဖျက်ဆီးတတ်သောအမှုတို့ကို တားမြစ်တော်မမူသေးဖြစ်၏။ အရှင်သာရိပုတ္တရာကား မြတ်စွာဘုရားပင် မတားမြစ်ရသေးသော်လည်း

ဤသို့သောအမှုမျိုးကို ရဟန်းတို့နှင့်မလျော်ဟု ပညာဖြင့် သိတော်မူပြီးဖြစ်၍ စက်ဆုပ်တော်မူ၏။ ဤအမှုမျိုးကို ပြုလုပ်ရန် ရက်ကြောက်တော်မူ၏။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာသည် သပိတ်ကိုပိုက်၍ ဆွမ်းခံကြွတော်မူလာစဉ် လမ်းခရီး၌ ထိုရဟန်းနှင့် ရင်ဆိုင်တွေ့ဆုံတော်မူ၏။ ထိုရဟန်းကား ဆေးကုသဖြင့် လူနာရှင်တစ်ဦးက လှူဒါန်းလိုက်သော မွန်မြတ်သောဘောဇဉ်ကို ရ၍ ဆောင်ယူလာခဲ့၏။ ထိုရဟန်းသည် မိမိဆရာဖြစ်သော အရှင်သာရိပုတ္တရာကို ဤသို့လျှောက်၏။

"အရှင်ဘုရား၊ ဤဆွမ်းကို တပည့်တော် ဆေးကုသဖြင့် ရခဲ့ခြင်းဖြစ်ပါသည်။ အရှင်ဘုရားတို့သည် အခြားနေရာတို့၌ ဤဆွမ်းမျိုးကို ရနိုင်မည်မဟုတ်ပါ။ ဤဆွမ်းကို ဘုဉ်းပေးတော်မူပါလော့။ တပည့်တော်သည် ဆေးကု၍ အမြဲတမ်းပင် ဤဆွမ်းမျိုးကို ဆောင်ယူခဲ့ပါမည်။ အရှင်ဘုရား ဆွမ်းခံကြွတော်မူရန် မလိုပါ"

အရှင်သာရိပုတ္တရာကား ထိုရဟန်းကို တစ်စုံတစ်ရာမျှ မိန့်တော်မမူဘဲ ဆိတ်ဆိတ်သာနေ၍ ဆွမ်းခံကြွမြဲ ကြွသွားတော်မူ၏။ ထိုအကြောင်းကို ရဟန်းတို့ မြင်ကြသိကြရာ မြတ်စွာဘုရားကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့ မိန့်ကြားတော်မူ၏။

"ရဟန်းတို့ အရှက်မရှိသော ရဟန်းသည် ကျီးကန်းကဲ့သို့ မအပ်သော ရှာမှီးခြင်းဖြင့် ဘောဇဉ်ကို ရှာမှီးတတ်လှသည်"

## ၆။ နှုတ်မြွက်ပြောဆို၍ရသော အစာကို ရှောင်ခြင်း

အခါတစ်ပါး အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလ္လာန်နှင့်အတူ ဆိတ်ငြိမ်ခြင်းကို အလိုရှိတော်မူသဖြင့် တစ်ခုသော တောကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ တစ်နေ့သ၌ အရှင်သာရိပုတ္တရာအား လေနာသည်ထ၏။ ဆင်းရဲဒုက္ခကို ဖြစ်စေ၏။ ညောင်စောင်း၌ လျောင်း၍ နေတော်မူရ၏။

ညနေချမ်းအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်သာရိပုတ္တရာထံသို့ ကြွလာသော် လျောင်းနေတော်မူသည်ကို မြင်၍ ဤသို့မေးမြန်း၏။

"ငါ့ရှင် အဘယ်ကြောင့် လျောင်း၍သာနေသနည်း"

"ဝမ်း၌ လေနာထခြင်းကြောင့် လျောင်းပေသည်"

"လူအဖြစ်နှင့် နေစဉ်အခါ အဘယ်အစာဖြင့် ပျောက်ဖူးသနည်း"

"ထောပတ်၊ ပျား၊ သကာတို့နှင့်ရောသော ရေမပါသော နို့ဃနာကို မယ်တော်က ကျွေးသဖြင့် ပျောက်ဖူးပေသည်"

"ငါ့ရှင်အားလည်းကောင်း၊ ငါအားလည်းကောင်း ဘုန်းကံရှိခဲ့သော် နက်ဖြန်နံနက်၌ ထိုဃနာကို ရပါလိမ့်မည်"

ဤသို့ မထေရ်နှစ်ပါးတို့ စကားပြောဆိုသည်ကို စင်္ကြံစွန်း၌နေသော ရုက္ခစိုးနတ်သည် အလုံးစုံကြားသိရသောကြောင့် အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော အကြီးအကဲတစ်ယောက်အိမ်သို့ သွား၍ သားကိုပူးကပ်၏။ ထို့နောက် ရုက္ခစိုးနတ်သည် "နက်ဖြန် ထောပတ်ပျားသကာတို့နှင့်ရောသော ရေမပါသော နို့ဃနာကို အရှင်သာရိပုတ္တရာအားလှူလျှင် သင်တို့သားကို ငါလွှတ်မည်"ဟု ဆို၏။ ထိုအလုပ်အကျွေးဖြစ်သူ ဒကာကလည်း "အသင်နတ်မင်း မပြောသော်လည်း နေ့တိုင်းပင် မထေရ်ကို လှူဒါန်းကြပါသည်"ဟု ဆို၏။ နောက်တစ်နေ့နံနက်၌ မထေရ်အားလှူရန် ရုက္ခစိုးမှာသော နို့ဃနာကို စီရင်ကြကုန်၏။

ထိုနေ့နံနက်၌ အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်သာရိပုတ္တရာအား မိမိပြန်မလာမချင်း ဤနေရာ၌သာ နေရစ်ပါဟု မှာထားခဲ့၍ ထိုရွာသို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအလုပ်အကျွေးဒကာလည်း အရှင်မောဂ္ဂလ္လာန်ကိုမြင်လျှင် ပင့်၍ နို့ဃနာကို လှူ၏။ အရှင်မောဂ္ဂလ္လာန်လည်း သပိတ်ကိုယူ၍ ပြန်ကြွမည်ပြု၏။ ထိုအခါ ဒကာသည် "အရှင်ဘုရား ဤနေရာ၌ထိုင်၍ ဘုဉ်းပေးတော်မူပါလော့။ နောက်ထပ်လည်း သပိတ်၌ လောင်းလှူပါဦးမည်"ဟု လျှောက်ထား၏။ အရှင်မောဂ္ဂလ္လာန်လည်း နို့ဃနာကို ဘုဉ်းပေးတော်မူပြီးနောက် သပိတ်၌ လောင်းလှူသည့် နို့ဃနာကို ယူဆောင်၍ ပြန်ကြွ၏။

ကျောင်းသို့ရောက်သောအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် နို့ဃနာဆွမ်းကို အရှင်သာရိပုတ္တရာအားပေး၍ "ငါ့ရှင် ဘုဉ်းပေးလော့"ဟု ဆို၏။ အရှင်သာရိပုတ္တရာလည်း နို့ဃနာကိုမြင်သော် ကောင်းမွန်လှသည်ဖြစ်၍ အကြောင်းကို ဆင်ခြင်တော်မူရာ အဖြစ်မှန်ကို သိတော်မူ၏။ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်အား "ငါ့ရှင် ဤနို့ဃနာကား မအပ်"ဟု မိန့်တော်မူ၏။ ဤသို့မိန့်တော်မူလျှင် အရှင်မဟာမောဂ္ဂလ္လာန်လည်း တစ်စုံတစ်ရာကြံစည်ခြင်းမရှိဘဲ သပိတ်အနားရေး၌ ကိုင်၍ သင့်လျော်ရာအရပ်၌ စွန့်တော်မူ၏။ နို့ဃနာသည် မြေသို့ကျရောက်ကာမျှ၌သာလျှင် အရှင်သာရိပုတ္တရာ၏ လေနာလည်း ငြိမ်းပျောက်လေ၏။ ထို့နောက် လေးဆယ့်လေးနှစ်တိုင်တိုင် တစ်ကြိမ်မျှ မဖြစ်ပေါ်တော့ပေ။ ဤသို့ ပျောက်ကင်း

ခြင်းကား နတ်တို့တန်ခိုးကြောင့် ပျောက်သည်ဟုပင် ဆိုသင့်၏။ ထို့နောက် အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလ္လာန်အား ဤသို့ မိမိ၏စိတ်သဘောကို ဖော်ပြ၍ မိန့်မြွက်တော်မူ၏။

"ငါ့ရှင် နှုတ်မြွက်ပြောဆိုခြင်းကြောင့်ဖြစ်သော ချိုမြိန်သော နို့ဃနာကို စားသုံးခဲ့သည်ရှိသော် ငါ၏အသက်ရှင်ခြင်းသည် ကဲ့ရဲ့ထိုက်သော အသက်ရှင်ခြင်းသာ ဖြစ်ပေရာသည်။

ငါ၏အူသည် ဝမ်းအပြင်သို့ထွက်၍ ကျစေကာမူ မိမိ၏အသက်ကို စွန့်လွှတ်လိုက်ရစေကာမူ ကောင်းသောအသက်မွေးခြင်းကို ဖျက်ဆီးမည်မဟုတ်သည်သာလျှင်တည်း။

ငါကား မိမိစိတ်ကို မိမိနှစ်သက်စေပါမည်။ မသင့်သောရှာမှီးခြင်းကို ရှောင်ကြဉ်ပါမည်။ မြတ်စွာဘုရား စက်ဆုပ်တော်မူသော မသင့်သော ရှာမှီးခြင်းမျိုးကိုကား ပြုမည်မဟုတ်သည်သာလျှင်တည်း"

## ၇။ တပည့်ကို သည်းခံခြင်း

အရှင်သာရိပုတ္တရာသည် တပည့်ရဟန်းတို့ကို သည်းခံရန် စောင့်ရှောက်မွေးမြူတော်မူ၏။ အများအားဖြင့် တပည့်တို့သည် အရှင်သာရိပုတ္တရာအား လွန်စွာ ရိုသေကျိုးနွံ၏။ အချို့ကား ရံခါ တစ်နေရာ၌ ကျိုးနွံရိုသေ၏။ ရံခါ တစ်နေရာသို့ရောက်သောအခါ၌ မကျိုးမနွံပြု၏။ ဤသို့ ထူးဆန်းစွာပြုမူသော တပည့်ကိုလည်း အရှင်သာရိပုတ္တရာသည် သည်းခံ၍ စောင့်ရှောက်မွေးမြူတော်မူ၏။

အရှင်သာရိပုတ္တရာအား ထူးဆန်းသော တပည့်တစ်ပါးရှိ၏။ ထိုတပည့်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ နေသောအခါ အရှင်သာရိပုတ္တရာအား လွန်စွာရိုသေကျိုးနွံ၏။ ဆုံးမလွယ်၏။ စကားကို နာယူတတ်၏။ ကြီးမားသော လုံ့လဖြင့် အရှင်သာရိပုတ္တရာကို လုပ်ကျွေး၏။

အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ပန်ကြားခဲ့၍ ထိုတပည့်နှင့်အတူ ဒေသစာရီ လှည့်လည်တော်မူရာ ဒက္ခိဏာဂိရိဇနပုဒ်သို့ ရောက်တော်မူ၏။ ထိုအရပ်သို့ရောက်သောအခါ ယင်းတပည့်သည် အရှင်သာရိပုတ္တရာအား ရိုသေကျိုးနွံခြင်းမရှိ ဖြစ်လေ၏။ မာန်ခက်ထန်၍ စကားကိုလည်း မလိုက်နာဘဲ ဆန့်ကျင်ဘက်သာပြု၏။

အရှင်သာရိပုတ္တရာကား ထိုထူးဆန်းသောတပည့်ကို သည်းခံတော်မူ၏။ သို့ရာတွင် ထိုတပည့်၏ အတွင်းစိတ်ကိုကား သိတော်မမူပေ။ ထိုအရပ်၌ မွေ့လျော်သမျှ နေတော်မူပြီးနောက် ထိုတပည့်နှင့်အတူပင် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့ပြန်၏။ ဇေတဝန်ကျောင်းသို့ရောက်သောအခါ၌ကား ရှေးယခင်ကကဲ့သို့ပင် ထိုတပည့်သည် အရှင်သာရိပုတ္တရာအား ရိုသေကျိုးနွံစွာ ကြီးမားသော လုံ့လဖြင့် လုပ်ကျွေးမြဲ လုပ်ကျွေးပြန်၏။

အရှင်သာရိပုတ္တရာသည် ထိုတပည့်၏ထူးဆန်းသောသဘောကို မသိနိုင်သောကြောင့် မြတ်စွာဘုရားအား လျှောက်ထားရလေ၏။ ထိုအခါ မြတ်စွာဘုရားသည် "ဤသူကား ယခုသာ တစ်နေရာ၌တစ်မျိုး၊ တစ်နေရာ၌တစ်ဖုံ ဖြစ်သည်မဟုတ်၊ ရှေးကလည်း ဤသို့ပင်ဖြစ်ခဲ့ဖူးပြီ။ ဤသည်ကား သူ၏ဓလေ့ပင်ဖြစ်သည်"ဟု မိန့်တော်မူ၍ နန္ဒဇာတ်ကို ဟောတော်မူ၏။

## ၈။ ပုဏ္ဏားမိုက်ကို သည်းခံခြင်း

အရှင်သာရိပုတ္တရာ၏ သည်းခံခြင်းဂုဏ်ကျေးဇူးကား လူအများတို့၌ ထင်ရှားလှ၏။ တစ်နေ့သောအခါ သာဝတ္ထိမြို့သား လူအများတို့သည် တစ်နေရာ၌ စုမိကြ၍ "ငါတို့အရှင်ကောင်း အရှင်သာရိပုတ္တရာကား သည်းခံခြင်းအားနှင့် ပြည့်စုံတော်မူလှပါပေသည်။ သူတစ်ပါးတို့က ဆဲရေးကြသော်လည်းကောင်း၊ ပုတ်ခတ်ကြသော်လည်းကောင်း အမျက်ထွက်ခြင်းမျှ မရှိပါပေ"ဟု ချီးမွမ်းပြောဆိုကြကုန်၏။ ထိုအခါ သာဝတ္ထိမြို့သား ပုဏ္ဏားတစ်ယောက်သည် ထိုစကားကို ကြားရ၍ လူတို့အား ဤသို့မေး၏။

"အမျက်မထွက်ဟု သင်တို့ပြောဆိုသူကား အသူနည်း"

"ငါတို့မထေရ် အရှင်သာရိပုတ္တရာဖြစ်သည်"

"သို့ဖြစ်လျှင် မထေရ်ကို ကျွန်ုပ် အမျက်ထွက်အောင်ပြုအံ့"

"တတ်နိုင်လျှင် ပြုလော့"

"ကောင်းပြီ၊ သိရကုန်အံ့"

ဤသို့ပြောဆိုပြီးနောက် ပုဏ္ဏားသည် အရှင်သာရိပုတ္တရာ ဆွမ်းခံကြွတော်မူလာသည်ကို မြင်ရ၍ နောက်မှလိုက်သွားပြီးသော် မထေရ်၏ ကျောက်ကုန်းအလယ်၌ ပြင်းထန်စွာ ပုတ်ခတ်၏။ မထေရ်ကား 'ဤအရာသည် အသို့နည်း' ဟု လှည့်၍မျှမကြည့်ဘဲ ကြွမြဲတိုင်းသာ ကြွသွားတော်မူ၏။ ထိုအခါ ပုဏ္ဏား၏ တစ်ကိုယ်လုံး၌ ပူလောင်ခြင်းသည် ဖြစ်၏။ ပုဏ္ဏားလည်း "ဤမထေရ်ကား

ဂုဏ်ကျေးဇူးနှင့် ပြည့်စုံစွတကား''ဟု ကြံ၍ မထေရ်၏ခြေရင်း၌ ဝပ်စင်းလျက် ဤသို့တောင်းပန်၏။

''အရှင်ဘုရား အကျွန်ုပ်အား သည်းခံတော်မူပါလော့''

''ဤသို့သည်းခံစေသည့်အမှုကား အဘယ်နည်း''

''အကျွန်ုပ်သည် အရှင်ဘုရားကို စုံစမ်းလိုသဖြင့် ကျောက်ကုန်းအလယ်၌ ရိုက်ခတ်မိပါသည်''

''ရှိစေတော့၊ သင့်အား ငါသည်းခံ၏''

''အရှင်ဘုရား သည်းခံတော်မူသည်ဖြစ်လျှင် အကျွန်ုပ်၏အိမ်၌သာ ထိုင်တော်မူ၍ အကျွန်ုပ်၏ဆွမ်းကို ခံယူတော်မူပါလော့''

ပုဏ္ဏားသည် ဤသို့လျှောက်၍ သပိတ်ကိုယူ၏။ အရှင်သာရိပုတ္တရာလည်း သပိတ်ကိုပေးတော်မူလိုက်၏။ ပုဏ္ဏားလည်း မထေရ်မြတ်ကိုပင့်၍ ဆွမ်းလုပ်ကျွေး၏။

ထိုအခါ အကြောင်းကို သိမြင်ကြသော လူတို့ကား အမျက်ထွက်ကြကုန်၏။ ''အပြစ်မရှိသော ငါတို့၏မထေရ်မြတ်ကို ဤပုဏ္ဏားသည် အကြောင်းမဲ့ ရိုက်နှက်ဘိသည်။ အပြစ်ဒဏ်ထားစေသော်လည်း ကျေနိုင်ဖွယ်မရှိ။ ထို့ကြောင့် ''ပုဏ္ဏားကို ဤအိမ်၌သာ သတ်ကြကုန်အံ့''ဟု ဆို၍ ခဲ တုတ် စသည်တို့ကိုကိုင်ကာ ပုဏ္ဏား၏ အိမ်တံခါး၌ ရပ်ကြကုန်၏။ မထေရ်လည်း ဆွမ်းကိစ္စပြီး၍ ပြန်ကြွတော်မူသော် ပုဏ္ဏား၏လက်၌ သပိတ်ကိုထားတော်မူ၏။ လူတို့သည် မထေရ်နှင့်အတူ ထွက်လာသော ပုဏ္ဏားကိုမြင်သော် မထေရ်အား ဤသို့လျှောက်ကြကုန်၏။

''အရှင်ဘုရား သပိတ်ကိုယူတော်မူ၍ ပုဏ္ဏားကို ပြန်စေပါလော့''

''ဥပါသကာတို့ ဤအမှုကား အဘယ်နည်း''

''ဤပုဏ္ဏားသည် အရှင်ဘုရားတို့ကို ရိုက်ခတ်ပါသည်။ ပုဏ္ဏားအား ပြုထိုက်သောအမှုကို တပည့်တော်တို့ သိကြပါကုန်အံ့''

''ဤပုဏ္ဏားသည် သင်တို့ကို ရိုက်သလော၊ ငါ့ကို ရိုက်သလော''

''အရှင်ဘုရားကို ရိုက်ပါသည်''

''ဤပုဏ္ဏားသည် ငါ့ကိုရိုက်ပြီးနောက် တောင်းပန်ဝန်ချပေသည်။ သင်တို့ သွားကြကုန်လော့''

ဤသို့ မိန့်တော်မူ၍ လူတို့ကိုလွှတ်လိုက်ပြီးမှ ပုဏ္ဏားကိုလည်း ပြန်စေ၍ ကျောင်းသို့ ကြွသွားတော်မူ၏။ ရဟန်းတို့ကား ဤအကြောင်းကိုသိ၍ ကဲ့ရဲ့

ကြကုန်၏။ "အရှင်သာရိပုတ္တရာသည် မိမိကိုရိုက်သော ပုဏ္ဏားအိမ်၌ ဆွမ်းခံပြီးမှ ပြန်လာ၏။ ဤအမှုကား အဘယ်အမှုမျိုးတဲ့နည်း။ ပုဏ္ဏားသည် မထေရ်ကို ရိုက်ပြီးသည့်အချိန်မှစ၍ အဘယ်သူကို ရက်ကြောက်တော့မည်နည်း။ တစ်ပါးသော ရဟန်းတို့ကိုလည်း ရိုက်နက်လျက် လှည့်လည်လတ္တံ့"ဟု ဆိုကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ကဲ့ရဲ့ကြသောအကြောင်းကို ကြားသိတော်မူလေသော် တရားသဘင်သို့ ကြွလာတော်မူ၍ ဤသို့ဆုံးမတော်မူ၏။

"ဗြာဟ္မဏကို မပုတ်ခတ်ရာ။ ဗြာဟ္မဏသည်လည်း ဒေါသကို မလွှတ်ရာ။ ဗြာဟ္မဏကို ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ကောင်း၏။ ဗြာဟ္မဏဖြစ်လျက် ဒေါသကို လွှတ်ခြင်းသည် သာ၍ စက်ဆုပ်ဖွယ်ကောင်း၏"

## ၉။ တပည့်များကို ငဲ့ကွက်ခြင်း

အရှင်သာရိပုတ္တရာသည် မိမိက လာဘ်လာဘကို စုံမက်တွယ်တာမှုမရှိသော်လည်း တပည့်တို့အတွက်ကား လျစ်လျူရှုတော်မမူပေ။ ရသင့်သည်ကို ရအောင်၊ ခံစားသင့်သည်ကို ခံစားရအောင် ကြောင့်ကြစိုက်တော်မူ၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာသည် တပည့်အခြံအရံငါးရာတို့နှင့်အတူ ဇနပုဒ်တောရွာသို့ ကြွ၍ ဝါဆိုတော်မူ၏။ လူတို့သည် မထေရ်ကို ဖူးကြရန် များလှသော ဝါဆိုအလှူကို ဝန်ခံကြကုန်၏။ ဝါဆိုအလှူကား မိမိတို့ကျောင်း၌ ဝါကပ်သော ရဟန်းတို့အား ဝါကျွတ်သောအခါ လှူသည့် အလှူဖြစ်၏။

အရှင်သာရိပုတ္တရာသည် ဝါကျွတ်သောအခါ ပဝါရဏာပြုတော်မူပြီးနောက် ဝါဆိုအလှူများ မလှူရသေးမီပင် မြတ်စွာဘုရားအထံတော်သို့ ကြွသွားတော်မူလိုသည်ဖြစ်၍ နေရစ်သော ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

"လူတို့က ဝန်ခံထားသည့်အတိုင်း ဝါဆိုအလှူကို လှူဒါန်းကြသော် ရဟန်းငယ်များနှင့် သာမဏေများအတွက်ကို ယူထား၍ ငါတို့ရှိရာသို့ ပို့လိုက်ကြကုန်။ သို့မဟုတ် ကျောင်းတွင် သိမ်းဆည်းထား၍ သတင်းစကား မှာကြားလိုက်ကြကုန်"

ဤသို့မိန့်မှာတော်မူခဲ့၍ မြတ်စွာဘုရားအထံသို့ ကြွတော်မူလေ၏။ ထိုအခါ အချို့ရဟန်းတို့သည် "အရှင်သာရိပုတ္တရာကား ယနေ့တိုင်ပင် တဏှာမကင်းသေးဟု ထင်၏။ ထို့ကြောင့်ပင် လူတို့က ဝါဆိုအလှူသင်္ကန်းများကို လှူသော် မိမိအတူနေ တပည့်တို့အထံသို့ ပို့လိုက်ကြကုန်၊ သတင်းစကားကိုသော်လည်း ပါးလိုက်ကြကုန်ဟု ရဟန်းတို့အား မှာကြား၍လာခဲ့၏"ဟူသော စကားကို ပြောဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ စဝေးပြောဆိုရာသို့ ကြွတော်မူ၍ "ရဟန်းတို့ သာရိပုတ္တရာကား တဏှာမကင်းသေးသည်မဟုတ်၊ လူတို့အား ကောင်းမှုမှ မယုတ်လျော့စေရန် ရဟန်းငယ် သာမဏေငယ်တို့အား တရားသဖြင့် ရသင့်သောလာဘ်မှ မယုတ်လျော့စေရန်သာ မှာခဲ့ခြင်းဖြစ်ပေသည်"ဟု ဖြေရှင်းတော်မူသတည်း။

## ၁၀။ ဆိတ်ငြိမ်မှုကို အလိုရှိတော်မူခြင်း

အရှင်သာရိပုတ္တရာသည် သာသနာတော်၌ နေတစ်ဆူ လတစ်ဆူ အလွန်ထင်ရှားတော်မူသည်ဖြစ်၍ တပည့်ရဟန်းများနှင့် ဒကာဒကာမတို့အား တရားဓမ္မဟောကြားဆုံးမကာ သာသနာဝန်ကို စကြာမင်း၏သားကြီးရတနာကဲ့သို့ လွန်စွာထမ်းဆောင်တော်မူသော်လည်း ဆိတ်ငြိမ်စွာ နေထိုင်မှုကို အလွန်လိုလားတော်မူ၏။ လာဘ်သပ်ပကာများသော အဂ္ဂသာဝကတစ်ပါးဖြစ်သော်လည်း လွန်စွာအလိုနည်းတော်မူ၏။ မြတ်စွာဘုရား မနှစ်သက်သော အမှုမျိုးကိုလည်း အနည်းငယ်မျှ မပြုမိအောင် စောင့်ရှောက်တော်မူ၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ဝါတွင်းသုံးလပတ်လုံး ဆိတ်ငြိမ်စွာ သီတင်းသုံးတော်မူလိုကြသဖြင့် နှစ်ပါးတည်းကြွသွား၍ ကောကာလိကတိုင်း ကောကာလိကရဟန်း၏ ကျောင်း၌ ဝါဆိုတော်မူကြကုန်၏။ မထေရ်နှစ်ပါးတို့သည် ကောကာလိကရဟန်းအား မိမိတို့ဝါဆိုကြောင်းကို မည်သူ့ကိုမျှ မပြောကြားရန် နှုတ်ပိတ်၍ထားတော်မူကြ၏။ မိမိတို့ဝါဆိုသည့်အတွက် ကောကာလိကအားလည်း ပရိယတ်ကို သင်ကြားခြင်း၊ တရားဟောခြင်းများကို ပြုမည်ဖြစ်၍ ကောကာလိကလည်း ချမ်းသာစွာနေရမည်။ မိမိတို့လည်း ကောကာလိကကိုမှီ၍ မည်သူမျှ အသိမခံရလျှင် ချမ်းသာစွာနေကြရမည်ဟု ရှင်းလင်းမိန့်တော်မူသဖြင့် ကောကာလိကလည်း သဘောတူလေ၏။

ဝါကျွတ်၍ မထေရ်နှစ်ပါးတို့ ပြန်မည်ရှိသောအခါ ကောကာလိကသည် မထေရ်နှစ်ပါးတို့ကို ပင့်၍ ရွာတွင်းသို့ ဆွမ်းခံဝင်၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် မထေရ်နှစ်ပါးတို့သည် ကျောင်းသို့ပြန်ကြွကုန်၏။ ထိုအခါ ကောကာလိကသည် လူတို့ကို ဤသို့ဆို၏။

"သင်တို့ကား တိရစ္ဆာန်တို့နှင့် တူကုန်၏။ အဂ္ဂသာဝကနှစ်ပါးတို့သည် မိမိတို့ရွာဦးကျောင်း၌ ဝါတွင်းသုံးလပတ်လုံး နေကြသည်ကိုပင် မသိကြကုန်။ ယခု ကြွသွားတော်မူကြကုန်ပြီ"

"အရှင်ဘုရားသည် ဤအကြောင်းကို အကျွန်ုပ်တို့အား အဘယ်ကြောင့် မိန့်တော်မမူပါသနည်း၊ အရှင်မိန့်ကြားသော်သာ သိကြရပါမည်"

"ဤသို့လျှောက်ထား၍ လူတို့သည် ထောပတ် ပျား တင်လဲတို့နှင့်တကွ အဝတ်အရုံတို့ကိုယူ၍ မထေရ်တို့နောက်သို့ လိုက်ကြပြီးသော် "ယခုမှသာ သိရပါသည်။ ဤပစ္စည်းတို့ကို အလှူခံတော်မူကြပါ"ဟု လျှောက်၍ လှူကြကုန်၏။ ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်သော ကောကာလိကကား "မထေရ်နှစ်ပါးတို့သည် အလိုနည်းတော်မူကြကုန်၏။ ဤပစ္စည်းတို့ကို ငါ့အား လှူစေတော်မူကြကုန်လတ္တံ့"ဟုကြံ၍ လူတို့နှင့် အတူတကွ လိုက်ပါလာ၏။ မထေရ်နှစ်ပါးတို့သည် ရဟန်းကိုယ်တိုင် တိုက်တွန်းစီမံသည်ကို သိတော်မူကြသဖြင့် ထိုပစ္စည်းတို့ကို အလှူမခံကြကုန်။ ကောကာလိကကိုလည်း မလှူစေကြကုန်။ မည်သို့မျှ မိန့်တော်မမူကြဘဲ ဇေတဝန်ကျောင်းတော်သို့သာ ရှေးရှုကြွတော်မူကြကုန်၏။ ထိုအခါ ကောကာလိကသည် စိတ်ဆိုး၍ မထေရ်နှစ်ပါးတို့ကို ရန်ငြိုးဖွဲ့၏။ သို့ပင် ပစ္စည်းမက်သော်လည်း ကောကာလိကကား ဆင်းရဲသော အမျိုးအနွယ်မှ လာသူမဟုတ်၊ ကောကာလိကသူဌေးသားဖြစ်၍ သူ၏ခမည်းတော်က ဆောက်လုပ်ပေးသောကျောင်း၌ နေထိုင်သော ပုဂ္ဂိုလ်ဖြစ်၏။

မထေရ်နှစ်ပါးတို့သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်တော်မူကြပြီးနောက် အတန်ကြာသောအခါ မြတ်စွာဘုရားကပင် တိုက်တွန်းတော်မူသဖြင့် ရဟန်းတစ်ထောင်နှင့်တကွ ဒေသစာရီ လှည့်လည်တော်မူကြပြန်၏။ ထိုအကြိမ်၌လည်း ကောကာလိကတိုင်းသို့ ရောက်တော်မူကြပြန်လေသော် ထိုဒကာတို့သည် မထေရ်တို့အား ခရီးဦးကြိုပြု၍ ကောကာလိက၏ ကျောင်းသို့ပင် ပင့်ဆောင်ခဲ့ကြကုန်၏။ ထောပတ် ပျားသကာနှင့် အဝတ်အရုံများစွာတို့ကိုလည်း လှူဒါန်းကြကုန်၏။ မထေရ်တို့နှင့် ပါလာသော ရဟန်းတို့သည် ပစ္စည်းတို့ကို ခွဲဝေသောအခါ ကောကာလိကအဖို့ မဝေဘဲ မိမိတို့သာ ခွဲဝေယူကြကုန်၏။ မထေရ်နှစ်ပါးတို့ကလည်း ကောကာလိကအား အပေးမခိုင်းကြကုန်။ အမှန်အားဖြင့် အာဂန္တုရဟန်းတို့ကို ရည်ညွှန်း၍ လှူသော ပစ္စည်းများဖြစ်ခြင်းကြောင့် ကော်ကာလိကကျောင်းနေရဟန်းအား မပေးဝေကြခြင်းဖြစ်၏။

ထိုအခါ ကောကာလိကသည် သင်္ကန်းစသော ပစ္စည်းတို့ကို မရသောကြောင့် ယခင်ကလည်း ရန်ငြိုးရှိသည့်အတိုင်း "သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ကား အလိုဆိုးရှိကြကုန်၏။ ယခင်ကလှူသည်ကို မယူဘဲ ယခုမှယူကြပြန်သည်။

သူတို့အလိုဆန္ဒပင် ပြည့်ဝနိုင်သည်မရှိ၊ သူတစ်ပါးကို မကြည့်ကြကုန်''ဟု ဆဲရေး၏။

မထေရ်နှစ်ပါးတို့လည်း ''ကောကာလိကကား ငါတို့ကို အမှီပြု၍ အကုသိုလ်ပွားရသည်''ဟု ကြံ၍ အခြံအရံနှင့်တကွ ထွက်ကြကုန်၏။ နှစ်ရက်သုံးရက်နေတော်မူကြပါဦးဟု ဒကာတို့လျှောက်သော်လည်း မနေလိုကြကုန်။ ထိုအခါ ရဟန်းငယ်တစ်ပါးသည် ''ဒကာတို့ မထေရ်တို့ အဘယ်မှာနေတော်မူကြအံ့နည်း။ သင်တို့ဆရာရဟန်းသည် မထေရ်တို့နေကြသည်ကို သည်းမခံနိုင်''ဟု ဆို၏။ ထိုအခါမှ အကြောင်းမှန်ကို သိကြသဖြင့် ဒကာတို့သည် ကောကာလိကထံသို့ သွားကြ၍ ''အရှင်သည် မထေရ်တို့နေကြသည်ကို သည်းမခံနိုင်''ဟု ဆိုသည်။ မထေရ်တို့ကို တောင်းပန်၍ ပြန်ကြွလာအောင်ပြုပါ။ မပြုနိုင်သော် ဤကျောင်းတွင်မနေဘဲ တခြားသို့သာ ကြွပါလော့''ဟု ဆိုကြကုန်၏။ ကောကာလိကလည်း မနေသာသဖြင့် မထေရ်တို့ကို လိုက်၍တောင်းပန်၏။ သို့ရာတွင် မထေရ်တို့ကား မပြန်လာကြတော့ကုန်။ မထေရ်တို့ ပြန်မကြွလာသဖြင့် ဒကာတို့သည် အမျက်ထွက်ကုန်ရကား ကောကာလိကကို ကျောင်းမှ နှင်ထုတ်လိုက်ကြကုန်၏။

ကောကာလိကလည်း သပိတ် သင်္ကန်းကိုယူ၍ ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားအထံသို့ သွားပြီးလျှင် ''အရှင်ဘုရား သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့သည် အလိုဆိုးရှိကြကုန်၏။ အလိုဆိုး၏ အလိုနိုင်ငံသို့ လိုက်ကြကုန်၏''ဟု လျှောက်၏။ မြတ်စွာဘုရားသည် ''ကောကာလိက ဤသို့မဆိုလင့်။ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ကို ကြည်ညိုလော့''ဟု သုံးကြိမ်တိုင် မိန့်တော်မူသော်လည်း မရဘဲ ''အရှင်ဘုရားသည် အရှင်ဘုရား၏ အဂ္ဂသာဝကတို့ကို ယုံကြည်တော်မူ၏။ အကျွန်ုပ်ကား မျက်မြင်ဖြစ်ပါသည်။ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့သည် အလိုဆိုးရှိကြကုန်၏။ မိမိတို့အမှုကို ဖုံးလွှမ်း၍ ဟန်ဆောင်ကြကုန်၏။ သီလမရှိကြကုန်''ဟု ဆို၍ ထွက်သွား၏။

သွား၍မကြာမီပင် ကောကာလိက၏ကိုယ်မှ မုန်ညင်းစေ့ခန့် အဖုငယ်တို့ ထ၍ တဖြည်းဖြည်းကြီးလာပြီးလျှင် ဥသျှစ်သီးမှည့် ပမာဏမျှရှိ၍ သွေးပြည်တို့ ယိုထွက်ကုန်၏။ ကောကာလိကသည် ညည်းညူလျက် ဝေဒနာခံစား၍ ဇေတဝန်ကျောင်းတော်တံခါး မုခ်အနီး၌ လဲလျောင်း၏။

ကောကာလိကသည် အဂ္ဂသာဝကနှစ်ပါးတို့ကို ဆဲသည်ဟူသော သတင်းကား တစ်မဟုတ်ချင်း ပျံ့နှံ့၍ ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။ ထိုအခါ ကောကာလိက၏ ဥပဇ္ဈာယ်ဆရာဖြစ်ခဲ့ဖူးသော တုရုဗြဟ္မာကြီးသည် ချက်ချင်းရောက်လာ၍ ကောင်းကင်၌ရပ်လျက် ဤသို့ဆို၏။

"အို ကောကာလိက သင်သည် ကြမ်းတမ်းသောကံကို ပြုဘိ၏။ သာ
ပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ကို ကြည်ညိုလော့"

"သင်ကား အသူနည်း"

"သင်၏ဆရာ တုရူဗြဟ္မာဖြစ်သည်"

"တုရူဗြဟ္မာသည် အနာဂါမ်ဖြစ်၍ ဤလူ့ဘုံသို့မလာပြီဟု မြတ်စွာဘုရ
မိန့်တော်မူသည်၊ ယခုလာသည်ကား အမိုက်ပုံစောင့်နတ်သာ ဖြစ်မည်"

ဤသို့ပြောဆို၍မရသော် တုရူဗြဟ္မာလည်း ပြန်လေ၏။ ကောကာလိဂ
လည်း သေလွန်၍ ပဒုမငရဲသို့ ငရဲ၌ ဖြစ်လေ၏။ ဤကောကာလိကကာ
ဒေဝဒတ်၏တပည့်မဟုတ်၊ သူဌေးသား စူဠကောကာလိက ဖြစ်သတည်း။

## ၁၁။ ငြိမ်းချမ်းသော စိတ်နှလုံးရှိခြင်း

အရှင်သာရိပုတ္တရာကား မြတ်စွာဘုရားအပါးတော်၌ ရွှေပုံကြီးကဲ့သို့ တ
တယ်စွာ ထိုင်နေတော်မူတတ်၏။ ကျောက်တောင်ကြီးကဲ့သို့ တည်ငြိမ်စွာ ထိုင်
တော်မူတတ်၏။ ဤသို့ထိုင်နေသဖြင့် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ
ကြည့်တော်မူ၍ ဥဒါန်းစကား မြွက်ကြားကျူးရင့်တော်မူခဲ့ဖူး၏။ စိတ်သဘော
အားဖြင့်ကား အလွန်ငြိမ်းချမ်းတော်မူ၏။ ပညာတန်ခိုးဖြင့် လွှမ်းမိုးနိုင်တိုင်
ပရိသတ်လေးပါးတို့အကြား၌ လှုပ်ရှား၍နေတော်မူလိုခြင်း မရှိပါပေ။

အခါတစ်ပါး မြတ်စွာဘုရားသည် သာကီဝင်တို့နေထိုင်ရာ စာတုမရွာ
သို့ကြွသွားတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာ
အမှူးရှိသော ရဟန်းငါးရာတို့ ရောက်လာတော်မူကြကုန်၏။ ထိုအခါ အာဂန္တု
ရဟန်းတို့သည် သပိတ်ပရိက္ခရာ သိမ်းဆည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့်
ကျောင်းနေရဟန်းတို့နှင့် အုတ်အုတ်ကျက်ကျက် ပြုကြကုန်၏။ မြတ်စွာဘုရား
သည် ထိုအုတ်အုတ်ကျက်ကျက် အသံကို ကြားတော်မူ၍ အရှင်အာနန္ဒာကိုခေါ်
ပြီးလျှင် အကြောင်းကို မေးတော်မူ၏။ အရှင်အာနန္ဒာသည် ထိုအကြောင်းကို
မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာ
အား ရဟန်းအားလုံးကို ခေါ်စေတော်မူ၍ ရဟန်းတို့ကို အားလုံးပင် နှင်ထုတ်
တော်မူ၏။ ရဟန်းတို့လည်း မြတ်စွာဘုရားကို ရှိခိုး၍ သပိတ်သင်္ကန်းကို ယူပြီး
လျှင် ကျောင်းမှ ထွက်ခွာကြကုန်၏။

စာတုမရွာသား သာကီဝင်တို့သည် ကိစ္စတစ်ခုဖြင့် အစည်းအဝေးရုံ၌
စည်းဝေးနေကြစဉ် ရဟန်းတို့ ထွက်ခွာလာကြသည်ကို မြင်၍ အကြောင်းကိုမေး

လျှောက်၍ အမှန်အတိုင်း သိကြရသော် ရဟန်းတို့ကို ဆိုင်းငံ့ထားပြီးမှ မြတ်စွာဘုရား အထံတော်သို့သွား၍ တောင်းပန်ကြကုန်၏။ ထိုအခါ သဟမ္ပတိ ဗြဟ္မာကြီးလည်း မြတ်စွာဘုရား၏စိတ်အကြံကိုသိ၍ လာရောက်တောင်းပန်၏။ "အရှင်ဘုရား ရေမရသော သစ်ပင်ငယ်တို့သည် ပျက်စီးကြကုန်ရာသကဲ့သို့လည်းကောင်း၊ အမိကိုမမြင်ရသော နွားငယ်သည် ပျက်စီးရာကဲ့သို့လည်းကောင်း ရဟန်းငယ်တို့သည် မြတ်စွာဘုရားနှင့် ကင်းကွာသော် ပျက်စီးကြရာပါသည်"ဟု လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို သိမ်းပိုက်ချီးမြှောက်ရန် လက်ခံတော်မူ၏။

မြတ်စွာဘုရား လက်ခံတော်မူပြီဖြစ်ကြောင်းကို သာကီဝင်တို့က လျှောက်ထားသောအခါ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်အမှူးရှိသော ရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ ပြန်သွား၍ ဆည်းကပ်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာကို ဤသို့ မေးတော်မူ၏။

"အို သာရိပုတ္တရာ၊ ငါဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူသောအခါ အဘယ်သို့ အကြံဖြစ်သနည်း"

"မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူခဲ့၏။ မြတ်စွာဘုရားသည် ယခုအခါ ကြောင့်ကြမဲ့ မျက်မှောက်ချမ်းသာသုခဖြင့် နေတော်မူပေတော့မည်။ ငါတို့လည်း ယခုအခါ ကြောင့်ကြမဲ့ မျက်မှောက်ချမ်းသာသုခဖြင့် နေကြကုန်တော့အံ့ဟု အကြံဖြစ်ပါသည်"

"အို သာရိပုတ္တရာ ဆိုင်းငံ့ဦးလော့၊ မျက်မှောက်ချမ်းသာသုခဖြင့် နေခြင်းကို ဆိုင်းငံ့ဦးလော့"

ထို့နောက် မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလ္လာန်ကို မေးတော်မူပြန်၏။

"အို မောဂ္ဂလ္လာန်၊ ငါဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူသောအခါ သင်၏စိတ်၌ အဘယ်သို့အကြံဖြစ်သနည်း"

"မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူခဲ့၏။ မြတ်စွာဘုရားသည် ယခုအခါ ကြောင့်ကြမဲ့ မျက်မှောက်ချမ်းသာသုခဖြင့် နေတော်မူပေတော့မည်။ ယခုအခါ ငါသည်လည်းကောင်း၊ အရှင်သာရိပုတ္တရာသည်လည်းကောင်း ရဟန်းအပေါင်းကို ဆောင်ကြဉ်းရပေတော့မည်ဟု အကြံဖြစ်ပါသည်"

"အို မောဂ္ဂလ္လာန်၊ ကောင်းစွ ကောင်းစွ၊ အို မောဂ္ဂလ္လာန် ငါဘုရားသည်လည်း ရဟန်းအပေါင်းကို ဆောင်ကြဉ်းတော်မူဦးအံ့၊ သင် သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့လည်း ဆောင်ကြဉ်းကြကုန်လော့"

ထို့နောက် မြတ်စွာဘုရားသည် ထိုပရိသတ်၌ "ရေသို့ဆင်းသောသူအား ရေလှိုင်းဘေး၊ မိကျောင်းဘေး၊ ရေဝဲဘေး၊ ငါးပုတျက်ဘေးဟူသော ဘေးကြီးလေးပါးတို့ ရှိကြသည်ဟု ဆိုနိုင်သကဲ့သို့ ဤသာသနာတော်၌ ရဟန်းတို့အားလည်း ဘေးကြီးလေးပါးတို့ ရှိကြသည်ဟု ဆိုနိုင်ကုန်၏။ ထိုဘေးတို့ကား အမျက်ထွက်ခြင်းဘေး၊ ဝမ်းရေးကို သည်းမခံနိုင်ခြင်းဘေး၊ ကာမဂုဏ်ဘေး၊ မာတုဂါမဘေး ဤလေးပါးတို့ ဖြစ်ကြပေသည်" စသည်ဖြင့် တရားဒေသနာကို ပြ၍ ဆုံးမတော်မူ၏။ သာသနာတော်မှ စိတ်ပျက်၍ လူထွက်ရာသော ဤအကြောင်းလေးပါးကို ဟောကြားတော်မူ၍ ရဟန်းအပေါင်းကို ထိန်းသိမ်းတော်မူပြန်သတည်း။

## ၁၂။ စိတ်နှလုံး ပြတ်သားခြင်း

အရှင်သာရိပုတ္တရာကား ပြတ်သားသောစိတ်ထား ရှိတော်မူ၏။ မြဲမြံသောသဘော ရှိတော်မူ၏။ ထွေးပြီးသားတံတွေးကို မျိုတော်မမူပေ။ တစ်ကြိမ်ပစ်ပယ်ခဲ့ပြီးသောအရာကို နောက်ထပ်ပြန်၍ လက်ခံသုံးဆောင်လေ့ရှိတော်မမူပေ။ ဤသို့ ပြတ်သားသောစိတ်ထားရှိခြင်းကြောင့်ပင် အရှင်သာရိပုတ္တရာသည် တစ်ကြိမ်က ပစ်ပယ်ခဲ့ပြီးသော မုန့်ညက်မုန့်ကို အသက်ထက်ဆုံး ဘုဉ်းမပေးဘဲ နေတော်မူ၏။

အရှင်သာရိပုတ္တရာသည် မုန့်ညက်မုန့်ကို ဘုဉ်းပေးတော်မူသောအခါ၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ လူတို့သည် မုန့်ခဲဖွယ်ကို ရဟန်းတို့အား အများအပြားပင် လှူဒါန်းကြကုန်၏။

တစ်နေ့သောအခါ လူတို့သည် မုန့်ခဲဖွယ်ကို အများအပြားစီရင်၍ဇေတဝန်ကျောင်းတော်သို့ ယူလာကြပြီးလျှင် သံဃာအား လှူဒါန်းကြကုန်၏။ ရဟန်းတို့ အသီးအသီး ခံယူပြီးသော်လည်း မုန့်ကား မကုန်သေး။ များစွာကြွင်းကျန်နေသေး၏။ ထို့ကြောင့် လူတို့သည် "အရှင်ဘုရားတို့ မြို့တွင်းသို့ဝင်နေခိုက်ကြုံသော ရဟန်းတို့အတွက်ကိုလည်း ခံယူထားတော်မူကြပါကုန်"ဟု လျှောက်ကြကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် မြို့တွင်းသို့ ဝင်နေခိုက်ဖြစ်၍ ကျောင်း၌ မရှိသော အတူနေ တပည့်တစ်ပါးအတွက် မုန့်ကို အလှူခံထားတော်မူ၏။ နေမြင့်လုသည့်တိုင်အောင် ထိုရဟန်းငယ် ကြွမလာသဖြင့် "အလွန်နေမြင့်ခဲ့ပြီ"ဟု နှလုံးသွင်း၍ ထိုမုန့်ကို အရှင်သာရိပုတ္တရာပင် ဘုဉ်းပေးတော်မူလိုက်၏။ ဘုဉ်းပေးပြီးသောအခါ၌ပင် ထိုရဟန်းငယ် ပြန်ရောက်လာလေသော် အရှင်သာရိပုတ္တရာသည် ဤသို့မိန့်တော်မူ၏။

"သင့်အတွက် အလှူခံထားသော မုန့်ခဲဖွယ်ကို နေမြင့်လှပြီဖြစ်၍ ငါပင် ဘုဉ်းပေးလိုက်မိပြီ"

"အရှင်ဘုရား ချိုမြိန်သောအရသာကို အဘယ်သူသည် မနှစ်သက်ဘဲရှိအံ့နည်း"

ထိုစကားကိုကြားသောအခါ အရှင်သာရိပုတ္တရာသည် အလွန်သံဝေဂ ဖြစ်တော်မူ၏။ "ဤအချိန်မှစ၍ မုန့်ခဲဖွယ်ကို မစားတော့အံ့"ဟု အဓိဋ္ဌာန်ပြုတော်မူ၏။

ထိုအခါမှစ၍ အရှင်သာရိပုတ္တရာသည် မုန့်ခဲဖွယ်ကို ဘုဉ်းပေးတော်မမူ တော့ပေ။ ဤသို့ မုန့်ခဲဖွယ်ကို ဘုဉ်းပေးတော်မမူကြောင်းသည် တဖြည်းဖြည်း ရဟန်းတော်တို့၌ ထင်ရှား၍ လာလေ၏။ တစ်နေ့သောအခါ ရဟန်းတို့သည် တရားသဘင်၌ စုဝေး၍ ထိုအကြောင်းကို ပြောဆိုကြကုန်၏။ ထိုအခါ မြတ်စွာ ဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလေသော် ဤသို့မိန့်တော် မူ၏။

"ရဟန်းတို့ သာရိပုတ္တရာကား ယခုဘဝ၌သာလျှင် တစ်ကြိမ်စွန့်ပယ်ပြီး သောအရာကို နောက်တစ်ဖန် ပြန်၍ မစားတော့သည်မဟုတ်။ ရှေးကလည်း တစ်ကြိမ်ပယ်စွန့်ပြီးသောအရာကို အသက်ကိုပင်စွန့်ရသော်လည်း နောက်တစ်ခါ မမျိုတော့သည်သာလျှင်တည်း"

ဤသို့မိန့်တော်မူ၍ ဝိသဝန္တဇာတ်ကို ဟောတော်မူ၏။ ဤဇာတ်၌ အရှင် သာရိပုတ္တရာသည် မြွေဖြစ်၍ ဇနပုဒ်ရွာသားတစ်ယောက်ကို ဒေါသအလျောက် ကိုက်၏။ ထိုအခါ ဘုရားလောင်းမြွေဆရာကို ပင့်၍ ကုစေကြသည်ရှိသော် ဘုရားလောင်းမြွေဆရာသည် ကိုက်သည့်မြွေကို မန္တန်ဖြင့်ခေါ်ယူ၍ အဆိပ်ကို ပြန်၍အစုပ်ခိုင်း၏။ မြွေသည် အဆိပ်ကို မစုပ်ဘဲနေသဖြင့် အနီး၌မီးကိုဖိုစေ၍ "အဆိပ်ကိုသော်လည်း စုပ်မည်လော၊ ဤမီးပုံတွင်းသို့သော်လည်း ဝင်မည်လော" ဟု မေးရာ မီးပုံတွင်းသို့သာဝင်မည်ဟုဆို၍ မီးပုံသို့ ရှေးရှုသွား၏။ ထိုအခါမှ ဘုရားလောင်းသည် မြွေကို မစုပ်စေတော့ဘဲ လွတ်ရာသို့လွှတ်လိုက်၍ ဆေးဝါး ဖြင့်သာ ပျောက်အောင်ကုသလေ၏။

အရှင်သာရိပုတ္တရာသည် ဤမြွေဖြစ်စဉ်ဘဝ၌ပင် တစ်ကြိမ်စွန့်ထုတ်ပြီး သော အဆိပ်၊ မိမိ၏တံတွေးကို အသက်ကိုသာစွန့်မည်ပြု၏။ ပြန်၍မမျိုတော့ပေ။ ဤနောက်ဆုံး ပါရမီပြည့်ဝသော အဂ္ဂသာဝကဘဝ၌ကား အဘယ်မှာဆိုဖွယ်ရာ ရှိအံ့နည်း။ အလွန်လျှင် မြဲမြံသော ပြတ်သားသော စိတ်နှလုံး ရှိတော်မူသတည်း။

## ၁၃။ ကျေးဇူးတင်တတ်ခြင်း

လောက၌ သူတစ်ပါးအား ကျေးဇူးတင်တတ်သူကား ရှားပါး၏။ ကျေးဇူး မတင် အပြစ်မြင်တတ်သူသာ များ၏။ တစ်ဦးနှင့်တစ်ဦး ကျေးဇူးတင်တတ်ခြင်း သည် ငြိမ်းချမ်းခြင်း၏ အကြောင်းဖြစ်၏။ ကျေးဇူးတင်မှ ချစ်ခင်မည်၊ ချစ်ခင်မှ ရန်နည်းမည်၊ ရန်နည်းမှ ငြိမ်းချမ်းမည်မဟုတ်ပါလော။ အပြစ်မြင်တတ်ခြင်းကား ခိုက်ရန်ဒေါသ ဖြစ်ပွားခြင်း၏ အကြောင်းဖြစ်၏။ သူတစ်ပါး၏ အမှားအယွင်း ကိုသာကြည့်သော် အပြစ်ကိုချည်း မြင်သည်၊ အပြစ်မြင်နေသော် မချစ်ခင်၊ မကြင်နာနိုင်ဖြစ်သည်။ မချစ်ခင်သော် မသင့်မြတ်နိုင်ဖြစ်သည်။ မသင့်မြတ်သော် ခိုက်ရန်ဖြစ်ပွားတတ်တော့သည်။

အရှင်သာရိပုတ္တရာကား သူတစ်ပါးအား ရှာကြံ၍ ကျေးဇူးတင်တတ်သော အလေ့ကောင်းရှိ၏။ ဤအလေ့ကောင်းကြောင့်ပင် အရှင်မဟာမောဂ္ဂလ္လာန်နှင့် လည်းကောင်း၊ အရှင်မဟာကဿပ စသော မထေရ်ကြီးတို့နှင့်လည်းကောင်း လွန်စွာချစ်ကျွမ်းဝင်တော်မူ၏။ တစ်ပါးနှင့်တစ်ပါး အကျိုးကိုသာ လိုလားတော် မူကြ၏။ အထူးသဖြင့် အရှင်အာနန္ဒာနှင့် ချစ်ကျွမ်းဝင်တော်မူပုံကား မှတ်သား လောက်သော စံနမူနာပင် ဖြစ်တော့၏။

အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့သည် အချင်းချင်း လွန်စွာချစ် ကျွမ်းဝင်တော်မူကြ၏။ အရှင်အာနန္ဒာသည် မွန်မြတ်သောအရာကိုရလျှင် အရှင် သာရိပုတ္တရာအားလှူ၏။ မိမိ၏အလုပ်အကျွေးဖြစ်သော ဒကာရင်းတို့၏ သား ငယ်များကို ရှင်ပြုသည်ရှိသော် အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ဆရာ ပြုစေတော် မူ၏။ ရဟန်းခံစရာရှိသော် ထို့အတူပင် အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ဆရာ ပြုစေတော်မူ၏။ အရှင်သာရိပုတ္တရာကလည်း ထိုနည်းတူပင် အတုံ့အပြန်ပြုတော် မူလေ့ရှိ၏။ အကြောင်းမူကား အချင်းချင်း၏ ဂုဏ်ကျေးဇူးကို ကြည်ညိုမြတ်နိုး တော်မူကြ၏။ ဂုဏ်ကျေးဇူးကိုသိမြင်၍ အချင်းချင်း ကျေးဇူးတင်တော်မူကြ၏။

အရှင်အာနန္ဒာသည် အရှင်သာရိပုတ္တရာအား ဤသို့ ကြည်ညို၏။ "အရှင် သာရိပုတ္တရာကား ငါတို့၏နောင်တော်အကြီးဆုံး ဖြစ်ပေသည်။ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော်မူခဲ့၍ တစ်ဆယ့်ခြောက်ပါးသော ပညာတို့ကို ထိုးထွင်းသိမြင်တော်မူသည်။ တရားစစ်သူကြီး အရာ၌ တည်တော်မူသည်"

အရှင်သာရိပုတ္တရာသည် အရှင်အာနန္ဒာအား ဤသို့ကျေးဇူးတင်၍ ကြည်ညို၏။ "အရှင်အာနန္ဒာကား မြတ်စွာဘုရားအား မိမိပြုရမည့်တာဝန်များ ကို ပြုစု၍ လုပ်ကျွေးပါပေသည်။ (အရှင်အာနန္ဒာသာ မလုပ်ကျွေးသော် မြတ်စွာ

ဘုရားအား မိမိပင် ပြုစုလုပ်ကျွေးရမည့် တာဝန်ရှိပေသည်။) အရှင်အာနန္ဒာကို အမှီပြု၍ ငြိမ်းချမ်းစွာ သမာပတ်ဝင်စားခွင့်ရသည်။ (အရှင်အာနန္ဒာမရှိလျှင် မြတ်စွာဘုရား၏ တာဝန်ကို ထမ်းဆောင်နေရမည်ဖြစ်၍ သမာပတ်ဝင်စားခွင့် ရတော့မည်မဟုတ်)''

ဤသို့ကြည်ညို၍ ချစ်ကျွမ်းဝင်ခြင်းကြောင့်ပင် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုတော်မူသောအခါ အရှင်အာနန္ဒာသည် ဝမ်းနည်းကြေကွဲတော်မူသဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင်ပင် တရားပြ၍ အားပေးတော်မူရသတည်း။

## ၁၄။ သူ့ကျေးဇူးကို သိခြင်း

သူ့ကျေးဇူးကို သိတတ်သောသူကား လောက၌ ရှားပါးလှ၏။ ဤသို့ ရှားပါးလှသော ကျေးဇူးသိသည့်ပုဂ္ဂိုလ်အပေါင်းတွင် အရှင်သာရိပုတ္တရာကား အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ကျေးဇူးသိတတ်သောပုဂ္ဂိုလ်မြတ်ကြီးတစ်ပါး ဖြစ်ပေ၏။

သာဝတ္ထိပြည်၌ ဆင်းရဲလှသော ပုဏ္ဏားတစ်ယောက်သည် စားသောက်ရန် ခဲယဉ်းသဖြင့် ''ရဟန်းတို့ကို အမှီပြု၍နေမည်''ဟု ကြံ၍ ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် ရဟန်းတို့အား ဝတ်ကြီးဝတ်ငယ်ကို ပြုကာ နေထိုင်၏။ ထို ပုဏ္ဏားသည် မြက်ရှင်းခြင်း၊ တံမြက်လှည်းခြင်း၊ ရေခပ်ခြင်း စသောအမှုတို့ကို ပြု၍ ကျောင်းတော်တွင်း၌သာ နေထိုင်၏။ ရဟန်းတို့လည်း ပုဏ္ဏားကို ချီးမြှောက် မစတော်မူကြကုန်၏။ သို့ရာတွင် ရဟန်းပြုပေးရန်ကား အလိုမရှိကြကုန်။ ပုဏ္ဏားသည် ရဟန်းပြုလိုလျက် ပြုခွင့်မရခြင်းကြောင့် ကြုံလှီလျက်ရှိ၏။

မြတ်စွာဘုရားသည် တစ်ခုသောမိုးသောက်ထအခါ၌ လောကကို ကြည့်တော်မူသော် ထိုပုဏ္ဏားကို မြင်တော်မူ၏။ အကြောင်းကို ဆင်ခြင်တော်မူသောအခါ ပုဏ္ဏားသည် ရဟန္တာဖြစ်နိုင်သောအကြောင်းကံ ပါရမီရှိသည်ကို မြင်တော်မူ၏။ ထိုနေ့ ညနေချမ်းအခါ ကျောင်းစဉ်လှည့်သကဲ့သို့ ပြုတော်မူ၍ ထိုပုဏ္ဏား အထံသို့ ကြွတော်မူပြီးလျှင် အကြောင်းကို မေးတော်မူ၏။ ပုဏ္ဏားလည်း ရဟန်းပြုလိုသော်လည်း ရဟန်းတော်တို့က ရဟန်းပြုပေးရန် အလိုမရှိကြပါကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ကို စည်းဝေးစေတော်မူ၍ ထိုပုဏ္ဏား အကြောင်းကို မေးတော်မူပြီးမှ ဤသို့မိန့်တော်မူ၏။

''ရဟန်းတို့၊ ဤပုဏ္ဏား၏ ကျေးဇူးကို သတိရသူ တစ်စုံတစ်ယောက် ရှိသလော''

ထိုအခါ အရှင်သာရိပုတ္တရာသည် ဤသို့လျှောက်၏။

"အရှင်ဘုရား အကျွန်ုပ် သတိရပါသည်။ ဤပုဏ္ဏားသည် အကျွန်ုပ် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံစဉ် မိမိသို့ ရှေးရှုဆောင်ယူလာသော ဘောဇဉ်မှ တစ်ဇွန်း မျှသောဆွမ်းကို လှူစေဖူးပါသည်။ ဤကျေးဇူးကို ယခု သတိရပါသည်"

"သာရိပုတ္တရာ မိမိအား ကျေးဇူးပြုဖူးသူကို ဝဋ်ဒုက္ခမှ လွတ်မြောက်စေရန် ရဟန်းပြုပေးဖို့ မသင့်သလော"

"အရှင်ဘုရား ကောင်းလှပါပြီ၊ အကျွန်ုပ်ပင် ရဟန်းပြုပေးပါမည်"

အရှင်သာရိပုတ္တရာသည် ထိုပုဏ္ဏားဆင်းရဲကို သပိတ်သင်္ကန်းပေး၍ ရဟန်း ဖြစ်စေတော်မူ၏။ မိမိပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူ၏။ ထိုရဟန်းကား သိက္ခာအငယ်ဆုံးဖြစ်၍ ဆွမ်းစားကျောင်း၌ နေရာအားလုံးတို့၏ အစွန်ဆုံး၌ ကျရောက်၏။ ယာဂု ဆွမ်း စသည်တို့ဖြင့် ဆင်းရဲပင်ပန်း၏။ ထိုအခါ အရှင်သာရိ ပုတ္တရာသည် ထိုရဟန်းကို နောက်ပါခေါ်ဆောင်၍ ဒေသစာရီကြွတော်မူ၏။ အမြဲမပြတ်လည်း ဆုံးမတော်မူ၏။ ထိုရဟန်းကား လွန်စွာ ဆုံးမရန်လွယ်ကူ၏။ အရိအသေ ဆုံးမသြဝါဒကို ခံယူ၏။ ထို့ကြောင့် မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။

အရှင်သာရိပုတ္တရာသည် ထိုရဟန်းနှင့်အတူတကွ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့၏။ မြတ်စွာဘုရားအား ရှိခိုး၍ သင့်ရာ၌ ထိုင်နေကြသောအခါ မြတ်စွာဘုရားသည် နှုတ်ဆက်စကားမိန့်ကြားတော်မူပြီး နောက် ဤသို့ မေးတော်မူ၏။

"သာရိပုတ္တရာ သင်၏ အတွင်းနေတပည့်သည် ဆုံးမလွယ်၏လော"

"အရှင်ဘုရား အလွန်လျှင် ဆုံးမလွယ်ပါသည်။ အပြစ်တစ်စုံတစ်ရာကို ပြောဆိုဆုံးမသည်ရှိသော် အမျက်ထွက်ဖူးသည်ဟူ၍ မရှိပါ"

"သာရိပုတ္တရာ ဤတပည့်မျိုးကိုရသော် အဘယ်မျှယူလိုသနည်း"

"အများအပြားပင် ယူလိုပါသည်"

ထို့နောက် အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးကို သိတတ်ခြင်းကား ရဟန်း တို့၌ လွန်စွာထင်ရှားကျော်စော၏။ တစ်နေ့သောအခါ ရဟန်းတို့သည် တရား သဘင်၌ စုဝေး၍ အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးကို သိတတ်ပုံကို ပြောဆို ချီးမွမ်းကြသော် မြတ်စွာဘုရား ကြွလာတော်မူ၍ ထောက်ခံချီးမွမ်းတော်မူသော အားဖြင့် အလိနစိတ္တဇာတ်ကို ဟောတော်မူသတည်း။

## ၁၅။ ဒုက္ခသည်ကို ကယ်တင်ခြင်း

အရှင်သာရိပုတ္တရာကား သီလသမာဓိ ပညာဂုဏ်ကျေးဇူးတို့ကြောင့် လယ်ယာမြေကောင်းသဖွယ် သတ္တဝါတို့၏အားကိုးဖွယ်လည်း ဖြစ်တော်မူ၏။ တစ်နည်းအားဖြင့်ဆိုသော် ကြီးစွာသော ဆင်းရဲဒုက္ခနှင့် မုချရင်ဆိုင်ရတော့မည့်သူတို့၏ မိတ်ဆွေကောင်းကြီးတစ်ဆူလည်း ဖြစ်တော်မူပါပေ၏။ ဤသို့သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံတော်မူသော အရှင်သာရိပုတ္တရာသည် ဒုက္ခသည်တို့ကို ကယ်တင်လိုသော စိတ်ဆန္ဒထားရှိရာ၌ စံတင်လောက်ပါပေ၏။ မိမိကပင် ဒုက္ခသည်တို့ထံကြွသွား၍ ချမ်းသာသုခ ဖြစ်ပွားစေရန် ကြိုးစားတော်မူလေ့ရှိ၏။ တမ္ဗဒါဌိက အမည်ရှိသော ခိုးသူသတ်ကြီးကို ကယ်တင်တော်မူခဲ့သည်မှာ အလွန်ထင်ရှားလှသော ဥပမာကြီးတစ်ခုပင် ဖြစ်တော့၏။

ရာဇဂြိုဟ်ပြည်၌ ခိုးသားလေးရာ့ကိုးဆယ့်ကိုးယောက် (၄၉၉) တို့သည် ခိုးဝှက်တိုက်ခိုက်ခြင်း၊ ရွာလုံးကျွတ် ဖျက်ဆီးခြင်းတို့ကို ပြုရန် အသက်မွေးကြကုန်၏။ တစ်နေ့သောအခါ ထိုခိုးသားတို့ထံသို့ ယောက်ျားတစ်ယောက်ရောက်လာ၍ ခိုးသားတို့နှင့်အတူနေကာ သူခိုးဓားပြ လုပ်လိုပါကြောင်းကို ပြောဆို၏။ ထိုသူကား ထုတ်ချင်းခပ် မျက်စိကြောင်၏။ နီကျင်သော အစွယ်လည်းရှိ၏။ သူကား အသွင်နှင့်လိုက်လျောစွာ တမ္ဗဒါဌိက အမည်ရှိ၏။ အစွယ်နီရှိသူ 'စွယ်နီမောင်'ဟု အဓိပ္ပာယ်ရ၏။

ငယ်သားတို့သည် ထိုသူကိုခေါ်၍ ခိုးသူကြီးအား ပြသကြသောအခါ ခိုးသူကြီးသည် တမ္ဗဒါဌိကကို ကြည့်၍ "ဤသူကား အမိ၏သားမြတ်ကိုပင် ကိုက်ဖြတ်၍စားမည့်သူ၊ အဖ၏ လည်ချောင်းသွေးကိုပင် သောက်မည့်သူဖြစ်၏။ အလွန်ကြမ်းကြုတ်၏"ဟု ကြံ၍ မိမိတို့နှင့် အတူနေထိုင်ရန် ခွင့်မပြုချေ။ သို့ရာတွင် ဤခိုးသားဓားပြအလုပ်ကိုပင် အလွန်နှစ်သက်သော တမ္ဗဒါဌိကကား ပြန်မသွားဘဲ ခိုးသူကြီး၏တပည့်ရင်းတစ်ယောက်ထံ ချဉ်းကပ်၍ လုပ်ကျွေးပြုစုလျက် နှစ်သက်ကျေနပ်အောင်ပြု၏။ ထိုတပည့်ရင်းဖြစ်သူက ကူညီ၍ မရမကတောင်းပန်သဖြင့် ခိုးသူကြီးလည်း တမ္ဗဒါဌိကအား လက်ခံလိုက်ရလေ၏။

တစ်ခါသော် ပြည်သူပြည်သားတို့သည် ခိုးသားတို့၏ဒဏ်ကို မခံနိုင်သဖြင့် မင်းမှုထမ်းတို့နှင့် ပူးပေါင်း၍ ဖမ်းဆီးကြလေရာ ထိုခိုးသားငါးရာတို့ကို အရှင်ဖမ်းမိလာကြလေ၏။ ခိုးသားတို့ကို တရားသူကြီး အမတ်တို့ထံသို့ ပို့အပ်သောအခါ ဤခိုးသားတို့ကို "ပုဆိန်ဖြင့် ဦးခေါင်းကို ဖြတ်စေ"ဟု စီရင်ချက်ချလိုက်

ကြကုန်၏။ ထို့နောက် ခိုးသားတို့ကို သတ်မည့်သူ လိုလာသဖြင့် ရှာကြသော အခါ တစ်ဦးတစ်ယောက်ကိုမျှ မရနိုင်ဖြစ်လေ၏။ ထို့ကြောင့် မင်းချင်းတို့သည် ခိုးသားတို့ကိုပင် အချင်းချင်းသတ်စေမည်ဟုကြံ၍ ရှေးဦးစွာ ခိုးသူကြီးကို ဤသို့ ဆိုကြကုန်၏။

"သင်သည် ဤရာဇဝတ်ကောင်ဖြစ်သော ခိုးသားတို့ကို သတ်မည်ဖြစ်လျှင် သင့်အသက်လည်း ချမ်းသာမည်၊ မြတ်နိုးဆုကိုလည်း ရဦးမည်"

ဤသို့ခိုင်းစေကြသော်လည်း ခိုးသူကြီးသည် မိမိနှင့် အတူတကွ နေထိုင်လာခဲ့သူများဖြစ်၍ မသတ်လိုကြောင်းကို ပြောဆို၏။ ဤနည်းအတိုင်းပင် တစ်ယောက်စီ တစ်ယောက်စီကို မေးမြန်းပြောဆိုပါသော်လည်း အချင်းချင်းကိုသတ်လိုသူ တစ်ယောက်မျှမရှိဖြစ်၏။ နောက်ဆုံး တမ္ဗဒါဌိကကို မေးသောအခါ သဘောတူလိုက်၍ မင်းချင်းတို့သည် ခိုးသား ၄၉၉ ယောက်တို့ကို တမ္ဗဒါဌိကအား သတ်စေကြကုန်၏။ ထိုအခါ တမ္ဗဒါဌိကသည် သူ၏အသက်လည်း ချမ်းသာ၏။ မြတ်နိုးဆုကိုလည်း ရ၏။

ရာဇဂြိုဟ်မြို့၏ တောင်မျက်နှာမှ ခိုးသားငါးရာတို့ကိုလည်း ဤနည်းတူပင် ဖမ်းဆီးလာခဲ့ကြ၍ သတ်မည့်သူရှာသော် မရနိုင်သဖြင့် တမ္ဗဒါဌိကကိုပင် လိုက်လံရှာဖွေ၍ အသတ်ခိုင်းကြကုန်၏။ တမ္ဗဒါဌိကလည်း အခြားအလုပ်ကို မလုပ်တတ်သောကြောင့် သဘောတူဝန်ခံ၍ သတ်ပြန်လေ၏။ ထိုအခါ တမ္ဗဒါဌိကအားပင် ခိုးသူသတ်ရာထူးကို ပေးအပ်ကြကုန်၏။ ခိုးသူသတ်ရာထူးကို ရပြီးနောက် အနောက်မျက်နှာ၊ မြောက်မျက်နှာတို့မှ ဖမ်းလာသော ခိုးသားတစ်ထောင်တို့ကို တမ္ဗဒါဌိကပင် သတ်လေ၏။ နေ့တိုင်း နေ့တိုင်းလည်း သတ်စေအမိန့်ကျသူ တစ်ယောက် နှစ်ယောက်တို့ကို သတ်ရ၏။ ဤနည်းဖြင့် နှစ်ပေါင်း ငါးဆယ့်ငါးနှစ်တိုင်တိုင် ခိုးသူသတ်အလုပ်ဖြင့် အသက်မွေးလေ၏။

တမ္ဗဒါဌိကသည် နှစ်ပေါင်း ငါးဆယ့်ငါးနှစ်ကြာ၍ အသက်ကြီးလာသောအခါ ခိုးသူတို့ကို တစ်ချက်တည်းဖြင့် ဦးခေါင်းကိုပြတ်အောင် မဖြတ်နိုင်တော့ဘဲ နှစ်ချက်သုံးချက် ခုတ်ရလေ၏။ ထိုအခါ မင်းချင်းတို့သည် "လူအများ ပင်ပန်းဆင်းရဲပြီးမှ သေရသည်"ဟုဆို၍ တမ္ဗဒါဌိကကို ခိုးသူသတ်ရာထူးမှ ထုတ်ပယ်လိုက်ကြကုန်၏။

တမ္ဗဒါဌိကသည် ခိုးသူသတ်အလုပ်ကို လုပ်ကိုင်နေစဉ် ၁။ အစာမကြေသေးသော အဝတ်သစ်ကို မဝတ်ရ။ ၂။ ထောပတ်သစ်ဖြင့် စီရင်သော ယာဂုကို မသောက်ရ။ ၃။ မြတ်လေးပန်းကို မပန်ရ။ ၄။ နံ့သာမလိမ်းရ ဟူသော စည်းကမ်းသတ်မှတ်ချက်ကို လိုက်နာရ၏။

ထို့ကြောင့် တမ္ဗဒါဠိကသည် ခိုးသူသတ်ရာထူးမှ နုတ်ပယ်လိုက်သောနေ့၌ပင် "ထောပတ်သစ်ဖြင့် စီရင်သော နို့ယာဂုကို ချက်ကြကုန်"ဟု အိမ်သားတို့ကို မှာထားခဲ့၍ အစာမကြေသောအဝတ်၊ မြတ်လေးပန်း၊ နံ့သာတို့ကို ယူ၍ မြစ်ဆိပ်သို့ ရေချိုးရန်ထွက်ခဲ့၏။ ရေချိုးပြီးသောအခါ ငါးဆယ့်ငါးနှစ်ပတ်လုံး မရခဲ့သော အခွင့်အရေးကို ယနေ့ခံယူမည်ဟုကြံ၍ အစာမကြေသောအဝတ်ကို ဝတ်၏။ မြတ်လေးပန်းကိုပန်၏။ နံ့သာလိမ်း၏။ ထို့နောက်မှ မိမိကိုယ်ကိုမိမိ နှစ်သိမ့်ကျေနပ်လျက် အိမ်သို့ပြန်လာ၍ ထိုင်နေ၏။ အိမ်သားတို့သည် ထောပတ်သစ်ဖြင့် စီရင်ထားသော ကောင်းမြတ်လှသည့် နို့ယာဂုကိုယူ၍ တမ္ဗဒါဠိက၏ ရှေ့၌ချကာ လက်ဆေးရေကို ပေးကြကုန်၏။

## အရှင်သာရိပုတ္တရာ ကြွလာခြင်း

ထိုခဏ၌ အရှင်သာရိပုတ္တရာသည် သမာပတ်မှထတော်မူ၍ "ယနေ့ ငါသည် အဘယ်အိမ်သို့ သွားသင့်သနည်း"ဟု ကြည့်တော်မူလေသော် တမ္ဗဒါဠိက၏အိမ်၌ ယာဂုကို မြင်တော်မူ၏။ ထို့နောက် "ငါ့အား လှူလတ္တံ့လော"ဟု ဆင်ခြင်တော်မူပြန်သော် "ငါ့အား လှူလတ္တံ့၊ လှူပြီးနောက် ကြီးစွာသောစည်းစိမ်ကို ရလတ္တံ့"ဟု သိတော်မူ၍ သင်္ကန်းရုံကာ သပိတ်ကိုယူတော်မူပြီးမှ တမ္ဗဒါဠိက၏ အိမ်တံခါးသို့ တန်ခိုးဖြင့်ကြွ၍ ကိုယ်တော်ကို ပြတော်မူ၏။

တမ္ဗဒါဠိကသည် မထေရ်ကို မြင်သော် ကြည်လင်ကြသော စိတ်ရှိသည် ဖြစ်၍ ဤသို့ကြံ၏။

"ငါသည် ကြာမြင့်စွာ ခိုးသူသတ်အမှုကို ပြုခဲ့၏။ လူပေါင်းများစွာ သတ်ခဲ့၏။ ယခုကား အိမ်၌လည်း နို့ယာဂုကို စီရင်ပြီးရှိ၏။ မထေရ်မြတ်လည်း ကြွလာ၍ အိမ်တံခါး၌ ရပ်၏။ ငါသည် ဤသို့အကြောင်းညီညွတ်နေသဖြင့် အရှင်ကောင်းအား နို့ယာဂုကို လှူသင့်လှ၏"

ထိုသို့ကြံပြီးနောက် တမ္ဗဒါဠိကသည် မိမိရှေ့၌ရှိသော နို့ယာဂုကို ဖယ်ရှား၍ မထေရ်ထံသို့သွားကာ ချဉ်းကပ်ရှိခိုး၍ အိမ်တွင်းသို့ ပင့်ခဲ့၏။ မထေရ်ကို သင့်လျော်သောနေရာ၌ ထိုင်တော်မူစေပြီးမှ သပိတ်၌ နို့ယာဂုကိုထည့်၍ ထောပတ်သစ်ကို အပေါ်၌ ထပ်လောင်းပြီးလျှင် မထေရ်ကို ယပ်ခတ်လျက် ထိုင်၏။ မထေရ်သည် ယာဂုကို ဘုဉ်းပေးစဉ် ယပ်ခတ်လျက် ထိုင်နေသော်လည်း နို့ယာဂုကို မသောက်ရသည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့် အလွန်ပင်သောက်လိုသော အာသာ ပြင်းပြ၏။ ထိုအကြောင်းကို သိတော်မူသောကြောင့် မထေရ်သည်

ကြကုန်၏။ ထို့နောက် ခိုးသားတို့ကို သတ်မည့်သူ လိုလာသဖြင့် ရှာကြသော အခါ တစ်ဦးတစ်ယောက်ကိုမျှ မရနိုင်ဖြစ်လေ၏။ ထို့ကြောင့် မင်းချင်းတို့သည် ခိုးသားတို့ကိုပင် အချင်းချင်းသတ်စေမည်ဟုကြံ၍ ရှေးဦးစွာ ခိုးသူကြီးကို ဤသို့ ဆိုကြကုန်၏။

"သင်သည် ဤရာဇဝတ်ကောင်ဖြစ်သော ခိုးသားတို့ကို သတ်မည်ဖြစ်လျှင် သင့်အသက်လည်း ချမ်းသာမည်၊ မြတ်နိုးဆုကိုလည်း ရဦးမည်"

ဤသို့ခိုင်းစေကြသော်လည်း ခိုးသူကြီးသည် မိမိနှင့် အတူတကွ နေထိုင်လာခဲ့သူများဖြစ်၍ မသတ်လိုကြောင်းကို ပြောဆို၏။ ဤနည်းအတိုင်းပင် တစ်ယောက်စီ တစ်ယောက်စီကို မေးမြန်းပြောဆိုပါသော်လည်း အချင်းချင်းကိုသတ်လိုသူ တစ်ယောက်မျှမရှိဖြစ်၏။ နောက်ဆုံး တမ္ဗဒါဌိကကို မေးသောအခါ သဘောတူလိုက်၍ မင်းချင်းတို့သည် ခိုးသား ၄၉၉ ယောက်တို့ကို တမ္ဗဒါဌိကအား သတ်စေကြကုန်၏။ ထိုအခါ တမ္ဗဒါဌိကသည် သူ၏အသက်လည်း ချမ်းသာ၏။ မြတ်နိုးဆုကိုလည်း ရ၏။

ရာဇဂြိုဟ်မြို့၏ တောင်မျက်နှာမှ ခိုးသားငါးရာတို့ကိုလည်း ဤနည်းတူပင် ဖမ်းဆီးလာခဲ့ကြ၍ သတ်မည့်သူရှာသော် မရနိုင်သဖြင့် တမ္ဗဒါဌိကကိုပင် လိုက်လံရှာဖွေ၍ အသတ်ခိုင်းကြကုန်၏။ တမ္ဗဒါဌိကလည်း အခြားအလုပ်ကို မလုပ်တတ်သောကြောင့် သဘောတူဝန်ခံ၍ သတ်ပြန်လေ၏။ ထိုအခါ တမ္ဗဒါဌိကအားပင် ခိုးသူသတ်ရာထူးကို ပေးအပ်ကြကုန်၏။ ခိုးသူသတ်ရာထူးကို ရပြီးနောက် အနောက်မျက်နှာ၊ မြောက်မျက်နှာတို့မှ ဖမ်းလာသော ခိုးသားတစ်ထောင်တို့ကို တမ္ဗဒါဌိကပင် သတ်လေ၏။ နေ့တိုင်း နေ့တိုင်းလည်း သတ်စေအမိန့်ကျသူ တစ်ယောက် နှစ်ယောက်တို့ကို သတ်ရ၏။ ဤနည်းဖြင့် နှစ်ပေါင်း ငါးဆယ့်ငါးနှစ်တိုင်တိုင် ခိုးသူသတ်အလုပ်ဖြင့် အသက်မွေးလေ၏။

တမ္ဗဒါဌိကသည် နှစ်ပေါင်း ငါးဆယ့်ငါးနှစ်ကြာ၍ အသက်ကြီးလာသော အခါ ခိုးသူတို့ကို တစ်ချက်တည်းဖြင့် ဦးခေါင်းကိုပြတ်အောင် မဖြတ်နိုင်တော့ဘဲ နှစ်ချက်သုံးချက် ခုတ်ရလေ၏။ ထိုအခါ မင်းချင်းတို့သည် "လူအများ ပင်ပန်းဆင်းရဲပြီးမှ သေရသည်"ဟုဆို၍ တမ္ဗဒါဌိကကို ခိုးသူသတ်ရာထူးမှ ထုတ်ပယ်လိုက်ကြကုန်၏။

တမ္ဗဒါဌိကသည် ခိုးသူသတ်အလုပ်ကို လုပ်ကိုင်နေစဉ် ၁။ အစာ မကြေသေးသော အဝတ်သစ်ကို မဝတ်ရ။ ၂။ ထောပတ်သစ်ဖြင့် စီရင်သော ယာဂုကို မသောက်ရ။ ၃။ မြတ်လေးပန်းကို မပန်ရ။ ၄။ နံ့သာမလိမ်းရ ဟူသော စည်းကမ်းသတ်မှတ်ချက်ကို လိုက်နာရ၏။

ထို့ကြောင့် တမ္ဗဒါဌိကသည် ခိုးသူသတ်ရာထူးမှ နုတ်ပယ်လိုက်သောနေ့၌ပင် "ထောပတ်သစ်ဖြင့် စီရင်သော နို့ယာဂုကို ချက်ကြကုန်"ဟု အိမ်သားတို့ကို မှာထားခဲ့၍ အစာမကြေသောအဝတ်၊ မြတ်လေးပန်း၊ နံ့သာတို့ကို ယူ၍ မြစ်ဆိပ်သို့ ရေချိုးရန်ထွက်ခဲ့၏။ ရေချိုးပြီးသောအခါ ငါးဆယ့်ငါးနှစ်ပတ်လုံး မရခဲ့သော အခွင့်အရေးကို ယနေ့ခံယူမည်ဟုကြံ၍ အစာမကြေသောအဝတ်ကို ဝတ်၏။ မြတ်လေးပန်းကိုပန်၏။ နံ့သာလိမ်း၏။ ထို့နောက်မှ မိမိကိုယ်ကိုမိမိ နှစ်သိမ့်ကျေနပ်လျက် အိမ်သို့ပြန်လာ၍ ထိုင်နေ၏။ အိမ်သားတို့သည် ထောပတ်သစ်ဖြင့် စီရင်ထားသော ကောင်းမြတ်လှသည့် နို့ယာဂုကိုယူ၍ တမ္ဗဒါဌိက၏ ရှေ့၌ချကာ လက်ဆေးရေကို ပေးကြကုန်၏။

အရှင်သာရိပုတ္တရာ ကြွလာခြင်း

ထိုခဏ၌ အရှင်သာရိပုတ္တရာသည် သမာပတ်မှထတော်မူ၍ "ယနေ့ ငါသည် အဘယ်အိမ်သို့ သွားသင့်သနည်း"ဟု ကြည့်တော်မူလေသော် တမ္ဗဒါဌိက၏အိမ်၌ ယာဂုကို မြင်တော်မူ၏။ ထို့နောက် "ငါ့အား လှူလတ္တံ့လော"ဟု ဆင်ခြင်တော်မူပြန်သော် "ငါ့အား လှူလတ္တံ့၊ လှူပြီးနောက် ကြီးစွာသောစည်းစိမ်ကို ရလတ္တံ့"ဟု သိတော်မူ၍ သင်္ကန်းရုံကာ သပိတ်ကိုယူတော်မူပြီးမှ တမ္ဗဒါဌိက၏ အိမ်တံခါးသို့ တန်ခိုးဖြင့်ကြွ၍ ကိုယ်တော်ကို ပြတော်မူ၏။

တမ္ဗဒါဌိကသည် မထေရ်ကို မြင်သော် ကြည်လင်ကြသော စိတ်ရှိသည်ဖြစ်၍ ဤသို့ကြံ၏။

"ငါသည် ကြာမြင့်စွာ ခိုးသူသတ်အမှုကို ပြုခဲ့၏။ လူပေါင်းများစွာ သတ်ခဲ့၏။ ယခုကား အိမ်၌လည်း နို့ယာဂုကို စီရင်ပြီးရှိ၏။ မထေရ်မြတ်လည်း ကြွလာ၍ အိမ်တံခါး၌ ရပ်၏။ ငါသည် ဤသို့အကြောင်းညီညွတ်နေသဖြင့် အရှင်ကောင်းအား နို့ယာဂုကို လှူသင့်လှ၏"

ထိုသို့ကြံပြီးနောက် တမ္ဗဒါဌိကသည် မိမိရှေ့၌ရှိသော နို့ယာဂုကို ဖယ်ရှား၍ မထေရ်ထံသို့သွားကာ ချဉ်းကပ်ရှိခိုး၍ အိမ်တွင်းသို့ ပင့်ခဲ့၏။ မထေရ်ကို သင့်လျော်သောနေရာ၌ ထိုင်တော်မူစေပြီးမှ သပိတ်၌ နို့ယာဂုကိုထည့်၍ ထောပတ်သစ်ကို အပေါ်၌ ထပ်လောင်းပြီးလျှင် မထေရ်ကို ယပ်ခတ်လျက် ထိုင်၏။ မထေရ်သည် ယာဂုကို ဘုဉ်းပေးစဉ် ယပ်ခတ်လျက် ထိုင်နေသော်လည်း နို့ယာဂုကို မသောက်ရသည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့် အလွန်ပင်သောက်လိုသော အာသာ ပြင်းပြ၏။ ထိုအကြောင်းကို သိတော်မူသောကြောင့် မထေရ်သည်

"ဥပါသကာ မိမိအဖို့ထားသော ယာဂုကို သောက်ချေလော့"ဟု ခွင့်ပြုတော်မူ၏။ တမ္ဗဒါဌိကလည်း ယပ်ကို အခြားသူတစ်ယောက်အားပေး၍ မိမိအဖို့ဖြစ်သော ယာဂုကို သောက်၏။ မထေရ်လည်း ယပ်ခတ်သူကို "ဥပါသကာကိုသာ ခတ်လော့" မိန့်တော်မူ၏။ တမ္ဗဒါဌိကသည် ယပ်လေကိုခံ၍ ယာဂုကို ဝမ်းပြည့်အောင် သောက်ပြီးမှ လာ၍ မထေရ်ကို ယပ်ခတ်ပြန်၏။

ဆွမ်းကိစ္စပြီးသောအခါ တမ္ဗဒါဌိကသည် မထေရ်၏သပိတ်ကိုယူ၏။ ဤသို့ယူသည့်အလိုကား ဆွမ်းအနုမောဒနာပြုရန် ဖြစ်၏။ ထို့ကြောင့် မထေရ်လည်း ဆွမ်းအနုမောဒနာတရားကို ဟောတော်မူ၏။ တမ္ဗဒါဌိကကား တရားဒေသနာ၌ စိတ်သွင်း၍မရဘဲ လှုပ်ရှား၏။ ထိုအခြင်းအရာကို မြင်တော်မူသဖြင့် မထေရ်သည် တမ္ဗဒါဌိကကို ဤသို့မေးမြန်းတော်မူ၏။

"ဥပါသကာ၊ အဘယ်ကြောင့် ဒေသနာ၌ စိတ်မပါသနည်း"

"အရှင်ဘုရား အကျွန်ုပ်သည် ကြာမြင့်စွာ ကြမ်းကြုတ်သောအမှုကို ပြုခဲ့ပါသည်။ လူအများအပြားကို သတ်ခဲ့ပါသည်။ အကျွန်ုပ်သည် ထိုမိမိအမှုကို အစဉ်လျှောက်၍ အောက်မေ့မိသောကြောင့် ဒေသနာတော်၌ စိတ်မပါနိုင်ခြင်း ဖြစ်ပါသည်"

## ဥပါယ်တံမျဉ်၌ လိမ္မာတော်မူခြင်း

ထိုအခါ မထေရ်သည် "ဤတမ္ဗဒါဌိကကို လှည့်ပတ်ဦးအံ့"ဟု ကြံတော်မူ၍ ဥပါယ်တံမျဉ်ဖြင့် ဤသို့မေးတော်မူ၏။

"ဥပါသကာ သင်သည် ထိုအမှုကို မိမိအလိုအလျောက်ပြုသလော၊ သူတစ်ပါးတို့က စေခိုင်းသဖြင့် ပြုသလော"

"အရှင်ဘုရား အမှန်အားဖြင့် မင်းကြီးက စေခိုင်းခြင်းဖြစ်ပါသည်"

"ဤသို့ဖြစ်လျှင် သင်အား အကုသိုလ်ဖြစ်သလော"

ဤသို့မိန့်တော်မူသော် အသိဉာဏ်နုံသော တမ္ဗဒါဌိကသည် "ငါ့အား အကုသိုလ်မဖြစ်"ဟု အမှတ်ရှိသည်ဖြစ်၍ "သို့ဖြစ်လျှင် တရားကို ဟောတော်မူပါလော့"ဟု လျှောက်၏။ မထေရ်လည်း ထိုသူနှင့်လျော်မည်ထင်သော တရားဒေသနာကို ဟောတော်မူ၏။ ထိုအခါ တမ္ဗဒါဌိကသည် သောတာပတ္တိမဂ်စိတ်ဖြင့် ဤမှာဘက်၌ရှိသော အနုလောမခန္တီဉာဏ်ကို ဖြစ်စေ၏။ သောတာပတ္တိမဂ်ကို မရသော်လည်း သောတာပတ္တိမဂ်ဉာဏ်နှင့် အလျော်ဖြစ်သော ဉာဏ်ကို ရရှိ၏။

မထေရ်လည်း အနုမောဒနာပြုပြီးသော် ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

တမ္ဗဒါဋ္ဌိကသည် မထေရ်ကို အလွန်ကြည်ညိုသဖြင့် ခရီးအတန်ငယ်ရောက်အောင် နောက်မှလိုက်ပို့၏။ လိုက်ပို့၍ ပြန်လာသောအခါ ဘီလူးမတစ်ယောက်သည် နွားမအသွင်ဖြင့် လာပြီးလျှင် ရင်၌ဝှေ့ခတ်၍ သတ်၏။ တမ္ဗဒါဋ္ဌိကလည်း သေ၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ ထိုနေ့၌ပင် ရဟန်းတို့သည် တမ္ဗဒါဋ္ဌိက သေကြောင်းကို ကြားသိရသဖြင့် တရားသဘင်၌ စုဝေး၍ ထိုအကြောင်းကို ပြောဆိုကြကုန်၏။

"ငါ့ရှင်တို့၊ တမ္ဗဒါဋ္ဌိက ခိုးသူသတ်ကြီးသည် ငါးဆယ့်ငါးနှစ်တို့ပတ်လုံး ကြမ်းကြုတ်သော လူသတ်ခြင်းအမှုကို ပြုလုပ်ခဲ့၍ ယနေ့ပင် ထိုအမှုမှ လွတ်ကင်းသည်။ ယနေ့ပင် အရှင်သာရိပုတ္တရာအား နို့ယာဂုကို လှူသည်။ ယနေ့ပင် ကွယ်လွန်ရရှာသည်။ တမ္ဗဒါဋ္ဌိကသည် ယခုအခါ အဘယ်ဘုံ၌ ဖြစ်ရှာလေမည်နည်း"

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူသဖြင့် တရားသဘင်သို့ ကြွလာတော်မူ၍ ဤသို့မေးတော်မူ၏။

"ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေးကြကုန်သနည်း"

"တမ္ဗဒါဋ္ဌိကသည် အဘယ်ဘုံ၌ဖြစ်ရှာလေမည်နည်း"ဟူသော စကားဖြင့် စုဝေးနေကြပါသည်။

"ရဟန်းတို့ တမ္ဗဒါဋ္ဌိကသည် တုသိတာနတ်ဘုံ၌ ဖြစ်လေပြီ"

"အရှင်ဘုရား၊ အသို့မိန့်တော်မူပါသနည်း။ ဤမျှလောက်သော ကာလပတ်လုံး ဤမျှသောလူတို့ကို သတ်ပြီးမှ တုသိတာနတ်ပြည်မှာ ဖြစ်နိုင်ပါသလော"

"ရဟန်းတို့ မှန်ပေသည်၊ တမ္ဗဒါဋ္ဌိကသည် မြတ်လှသော မိတ်ဆွေကောင်းကိုရခဲ့သည်။ တမ္ဗဒါဋ္ဌိကသည် သာရိပုတ္တရာ၏တရားကို နာရ၍ အနုလောမဉာဏ်ကို ဖြစ်စေနိုင်ခဲ့သည်။ ထို့ကြောင့် ဤလူ့ပြည်မှ စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်ရပေသည်"

ရဟန်းတို့သည် ဤသို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဖြေရှင်းတော်မူမှ ယုံမှားသံသယကင်းကြကုန်၏။အရှင်သာရိပုတ္တရာ ဂုဏ်ကျေးဇူးကိုလည်း ချီးကျူးမိကြကုန်သတည်း။

## ၁၆။ ဆင်းရဲသူကို ချီးမြှောက်တော်မူခြင်း

အရှင်သာရိပုတ္တရာသည် အဂ္ဂသာဝက ဓမ္မသေနာပတိဖြစ်တော်မူသည့် အလျောက် ကောသလမင်းကြီး၊ ဝိသာခါ၊ အနာထပိဏ် စသော မင်း သူဌေး သူကြွယ်တို့၏ အထူးလေးစားကိုးကွယ်ခြင်းကို ခံတော်မူရ၏။ သို့ရာတွင် အရှင်သာရိပုတ္တရာသည် မင်း သူဌေးသူကြွယ်များကိုသာ စိတ်ဝင်စားတော်မူသည် မဟုတ်။ ဆင်းရဲသားများကိုလည်း အခါအခွင့်သင့်သော် သင့်သလို အမြဲမပြတ် ချီးမြှောက်တော်မူ၏။ အခွင့်အရေးပေးတော်မူ၏။ လူခပ်သိမ်းကိုပင် အယုတ် အလတ် အမြတ် မရွေး မျက်နှာမလိုက် အကျိုးစီးပွား ဖြစ်ထွန်းစေတော်မူ၏။ အထူးသဖြင့် အားကိုးရာမဲ့၍ မျက်နှာငယ်သော ဆင်းရဲသားတို့၏ အကျိုးကို အလွန်တရာ သယ်ပိုးရွက်ဆောင်တော်မူ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ ဝါဆိုတော်မူပြီးလျှင် ဝါကျွတ်သောအခါ ဒေသစာရီ လှည့်လည်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့ပင် တစ်ဖန် ပြန်လည်ကြွရောက်တော်မူ၏။ ထိုအခါ လူတို့သည် အာဂန္တုက သက္ကာရ၊ အာဂန္တုပူဇော်ပွဲကို ပြုလုပ်ကြကုန်၏။ ထိုပွဲ၌ လူတို့သည် မိမိတို့ တတ်နိုင်သမျှ ဆွမ်းခဲဖွယ်ကို အိမ်၌ အသင့်စီမံထားပြီးနောက် အလိုရှိသော သံဃာအရေအတွက်အတိုင်း ပင့်ယူ၍ ဆွမ်းလုပ်ကျွေးကြကုန်၏။ ထိုပွဲ၌ ဓမ္မဃောသက တရားကြွေးကြော် ရဟန်းသည် သံဃာစာရင်းကို ကိုင်၍ လူတို့ တောင်းသမျှသံဃာကို စိစစ်ဝေခွဲ၍ ပေးအပ်၏။ ထိုနေ့၌ နေအတန်မြင့်သောအခါ လူတို့ အသီးအသီး လာရောက်ပင့်ဆောင်သွားကြသဖြင့် ကျောင်း၌ သံဃာကုန်လေ၏။

ထိုအခါ အမယ်အိုတစ်ယောက်သည် တစ်ပါးစာမျှ ဆွမ်းခဲဖွယ်ကို ခဲယဉ်းစွာ စီမံချက်ပြုတ်၍ နောက်ကျလှမှ ကျောင်းသို့လာကာ ဓမ္မဃောသက ရဟန်းထံ၌ ရဟန်းတစ်ပါးတောင်း၏။ ဓမ္မဃောသက ရဟန်းလည်း "အခြားသံဃာ ကား မရှိပြီ။ အရှင်သာရိပုတ္တရာတစ်ပါးသာ ကျောင်းထဲ၌ ရှိနေသည်။ ကြွလာလျှင် သပိတ်ကိုတောင်း၍ ပင့်ဆောင်ပါလော့"ဟု ဆို၏။ အမယ်အိုလည်း ကျောင်းတံခါးမှစောင့်၍နေရာ အရှင်သာရိပုတ္တရာသည် ကျောင်းမှထွက်၍ ကြွလာတော်မူ၏။ အမယ်အိုသည် သပိတ်ကိုတောင်းလျက် မိမိအိမ်သို့ ဆွမ်းအလှူခံပင့်လေသော် အရှင်သာရိပုတ္တရာလည်း ဤအမယ်အိုအတွက် နောက်ချန်နေခြင်း ဖြစ်သောကြောင့် သပိတ်ကို ပေး၍ လိုက်တော်မူ၏။

ထိုအခါ "ဆင်းရဲနွမ်းပါးလှသော အမယ်အိုတစ်ယောက်သည် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာကို ပင့်သွားလေပြီ"ဟူသော သတင်းသည် တစ်မဟုတ်ချင်း ပျံ့နှံ့၍သွားလေ၏။ ထိုသတင်းကိုကြားရသောအခါ ကောသလမင်းကြီးသည် အမယ်အိုထံသို့ အသပြာတစ်ထောင်၊ အဝတ်ကောင်းတစ်ထည်နှင့် ဆွမ်းအုပ်တို့ကို ပို့စေတော်မူ၏။ "ဤအသပြာကို သုံးစွဲ၍ ဤအဝတ်ကို ဝတ်ပြီးလျှင် မထေရ်အား လုပ်ကျွေးပါလေ"ဟုလည်း မှာတော်မူလိုက်၏။ ထိုနည်းတူပင် အနာထပိဏ်သူဌေး၊ စူဠအနာထပိဏ်သူဌေး၊ ဝိသာခါကျောင်းအမကြီးတို့ကလည်း ပို့ကြကုန်၏။ ကြွင်းသောသူတို့ကလည်း မထေရ်မြတ် မညှိုးမနွမ်းရှိစေရန် တတ်နိုင်သမျှ အသပြာများကို ပို့ကြကုန်၏။ အမယ်အိုကား တစ်နေ့ချင်းဖြင့် အသပြာတစ်သိန်း ရလေ၏။ ဤသို့ပို့စေသူ များပြားလှသော်လည်း အရှင်သာရိပုတ္တရာကား အမယ်အို စီမံချက်ပြုတ်ထားသော ခဲဖွယ်နှင့် ဆွမ်းကိုသာ ဘုဉ်းပေးတော်မူ၍ ကျောင်းသို့ ပြန်ကြွတော်မူ၏။

အမယ်အိုသည် အရှင်သာရိပုတ္တရာအား ဆွမ်းကျွေးရန် အခွင့်ရသဖြင့် အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ တစ်နေ့ချင်းဖြင့်ပင် အသပြာတစ်သိန်း ရသည်ဟူသော သတင်းသည် ရဟန်းတော်တို့၌ ပျံ့နှံ့လေ၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စုဝေးကြ၍ "အရှင်သာရိပုတ္တရာကား အမယ်အို၏ဆွမ်းကို မရွံမရှာ ဘုဉ်းပေးတော်မူပါပေသည်။ တစ်နေ့ချင်းဖြင့် အသပြာတစ်သိန်းရ၍ ချမ်းသာကြွယ်ဝစေသဖြင့် အမယ်အို၏ကိုးကွယ်ရာလည်း ဖြစ်တော်မူပါပေသည်" ဟု ပြောဆိုချီးမွမ်းကြကုန်၏။

ထိုအခါ ရဟန်းတို့ ပြောဆိုချီးမွမ်းကြခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားသည် "ရဟန်းတို့ သာရိပုတ္တရာကား ယခုသာ ဤအမယ်အိုကျွေးသမျှကို မရွံမရှာ စားသည်မဟုတ်၊ ရှေးကလည်း ဤအမယ်အိုကျွေးသမျှကိုပင် မရွံမရှာ စားခဲ့ဖူးပြီ။ ကိုးကွယ်ရာလည်း ဖြစ်ခဲ့ဖူးပြီ"ဟု မိန့်တော်မူ၍ ကဏ္ဍက ကစ္ဆိသိန္ဓဝ ဇာတ်ကို ဟောတော်မူသတည်း။

## ၁၇။ သူတစ်ပါးကို ကူညီတတ်ခြင်း

မိန်းမတို့အား သာသနာတော်၌ ရဟန်းပြုခွင့်ကို ပေးတော်မူသောအခါ ယသော်ဓရာ ဗိမ္ဗာဒေဝီလည်း သားတော်ရာဟုလနှင့် မြတ်စွာဘုရားကို မပြတ်ဖူးမြော်ရစေတော့ဟု သဘောထား၍ ဘိက္ခုနီပြုလုပ်တော်မူ၏။ ဘိက္ခုနီပြုရန် ရှေးဦးစွာ ရာဇဂြိုဟ်ပြည်သို့ သွားရ၏။ ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ

မိထွေးတော် ဂေါတမီထေရီအထံ၌ ဘိက္ခုနီ ပြုရ၏။ ဘိက္ခုနီဖြစ်သောအခါ မြတ်စွာဘုရားသည် သားတော်ရာဟုလနှင့်အတူ သာဝတ္ထိပြည်သို့ ကြွသွားပြီဖြစ်၍ ယသော်ဓရာထေရီလည်း သာဝတ္ထိပြည်သို့ လိုက်တော်မူ၏။ သာဝတ္ထိပြည်သို့ ရောက်သောအခါ အဖော်များရှိရာ ဘိက္ခုနီကျောင်း၌ သီတင်းသုံးတော်မူ၏။ အရှင်ရာဟုလ သာမဏေလည်း မယ်တော်ရှိရာသို့လာ၍ နေ့စဉ်ဖူးတွေ့၏။

တစ်နေ့သောအခါ ယသော်ဓရာထေရီသည် လေနာထသဖြင့် သားတော်ရာဟုလသာမဏေ ကြွလာသောအခါ ကျောင်းတွင်းမှ မထွက်နိုင်ရကား အခြားဘိက္ခုနီမတို့က ယသော်ဓရာထေရီ နာမကျန်းဖြစ်၍ မထွက်နိုင်ပါကြောင်းကို လျှောက်၏။ အရှင်ရာဟုလလည်း ဘိက္ခုနီမကျောင်းတွင်းသို့ ဝင်၍ မယ်တော်အား မေးမြန်းတော်မူ၏။

"မယ်တော် လူအဖြစ်နှင့်နေစဉ် အဘယ်ဖြင့်ပျောက်ဖူးပါသနည်း"

"မယ်တော်ကား သကြားနှင့်ရောသော သရက်သီးအရည်ကိုသောက်၍ ပျောက်ကင်းဖူးပါသည်။ ယခုကား ဆွမ်းခံနိုင်မှစားရသဖြင့် အဘယ်မှာ သရက်သီးရည်ကို ရနိုင်ပါမည်နည်း"

"သားတော်ရလျှင် ယူခဲ့ပါမည်"

အရှင်ရာဟုလသည် ဤသို့အားပေးခဲ့၍ ဇေတဝန်ကျောင်းတော်သို့ ပြန်လာပြီးလျှင် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာထံသို့သွား၍ ရှိခိုးဝတ်ပြုကာ မျက်နှာမကောင်းဘဲ ထိုင်နေ၏။ အရှင်သာရိပုတ္တရာလည်း အကြောင်းကို မေးတော်မူ၍ သိရလေသော် "ရာဟုလ မစိုးရိမ်လင့်၊ ရလိမ့်မည်"ဟု မိန့်တော်မူ၏။

နောက်တစ်နေ့နံနက်၌ အရှင်ရာဟုလ သာမဏေကို ခေါ်ခဲ့၍ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့၏။ ထို့နောက် အရှင်ရာဟုလကို ဆွမ်းစားဇရပ်၌ ထားတော်မူခဲ့ပြီးမှ ကောသလမင်းကြီး၏ နန်းတော်သို့ ကြွတော်မူ၏။

ထိုခဏ၌ပင် ကောသလမင်းကြီး၏ ဥယျာဉ်စောင့်သည် သရက်သီးတစ်ထုပ်ကို ယူဆောင်ခဲ့၍ ကောသလမင်းကြီးအား ဆက်သ၏။ မင်းကြီးသည် သရက်သီးတို့ကို အခွံသင်ကာ သကြားထည့်၍ ကိုယ်တိုင်နယ်ပြီးမှ မထေရ်၏ သပိတ်၌ သရက်သီးရည်အပြည့် လောင်းလှူ၏။ မထေရ်မြတ်လည်း နန်းတော်မှ ဆင်းသက်တော်မူ၍ ဆွမ်းစားဇရပ်၌ အသင့်စောင့်နေသော အရှင်ရာဟုလအား ပေးတော်မူကာ "ယခုသွား၍ သင့်မယ်တော်အား ပေးလော့"ဟု မိန့်တော်မူ၏။ အရှင်ရာဟုလလည်း သရက်သီးရည်ကို ယူဆောင်၍ မယ်တော်အား ပေး၏။

ယသော်ဓရာထေရီလည်း သရက်သီးရည်ကို သောက်ပြီးကာမျှဖြင့် လေနာမှ လွတ်တော်မူ၏။

ကောသလမင်းကြီးလည်း "မထေရ်ကား ဤနန်းတော်၌ ဘုဉ်းမပေးဘဲ အဘယ်သူအားပေးရန် ယူဆောင်တော်မူသနည်း"ဟု သိလိုသဖြင့် မင်းချင်းတစ်ယောက်ကို လိုက်၍စုံစမ်းစေတော်မူ၏။ မင်းချင်းလည်း မြင်သည့်တိုင်း အမှန်ကို လျှောက်၏။ ထိုအခါ ယသော်ဓရာထေရီအား အလွန်ကြင်နာတော်မူသဖြင့် အမြဲမပြတ် သရက်သီးရည်ကို ဝတ်ပြု၍ လှူတော်မူ၏။

ထိုအကြောင်းကို ရဟန်းတို့သိကြသောအခါ "ယသော်ဓရာထေရီ၏ အလိုဆန္ဒကို အရှင်သာရိပုတ္တရာသည် ပြည့်ဝစေတော်မူနိုင်ပါပေသည်"ဟု ပြောဆိုချီးမွမ်းကြကုန်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းနှင့်စပ်၍ အမ္ဗဇာတ်ကို ဟောတော်မူပြီးလျှင် ရှေးအခါကလည်း သာရိပုတ္တရာသည် အသက်ကိုစွန့်၍ ယသော်ဓရာ၏ချင်ခြင်းကို ဖြည့်ခဲ့ဖူးပြီဟု ထောက်ခံမိန့်မြွက်တော်မူ၏။

ဤနည်းတူပင် ယသော်ဓရာထေရီသည် တစ်ကြိမ်က လေနာထသဖြင့် ငါးကြင်းသားဟင်းရည်ကို သောက်၍ ပျောက်ဖူးသည်ဟုဆိုသည်ကို ရာဟုလာသာမဏေမှတစ်ဆင့် ကြားသိတော်မူလေသော် ငါးကြင်းသားဟင်းရည်ကို အလှူခံ၍ ပေးတော်မူ၏။ ယသော်ဓရာထေရ်ရီ၏လေနာလည်း ငါးကြင်းသားဟင်းရည်ကို သောက်ရလေသော် ခဏချင်း ပျောက်ငြိမ်း၏။ ဤဒုတိယအကြိမ် ရဟန်းတို့ ချီးမွမ်းကြသောအခါ မင်း၏ပွဲတော်စာကို အသက်စွန့်၍ ယူကျွေးဖူးသော သုပတ္တဇာတ်ကို ဟောတော်မူ၏။

ဤသို့ ယသော်ဓရာ ဗိမ္ဗာဒေဝီ၏ အလိုဆန္ဒကို အရှင်သာရိပုတ္တရာသည် မိမိ၏ ဘုန်းကံစွမ်းအားဖြင့် နှစ်ကြိမ်တိုင်တိုင် ပြည့်ဝစေတော်မူ၏။

## ၁၈။ ဂိလာနပုဂ္ဂိုလ်တို့အား စောင့်ရှောက်ခြင်း

အရှင်သာရိပုတ္တရာသည် သူတစ်ပါးတို့အား မိမိစွမ်းအားရှိသမျှ အကူအညီပေးတော်မူတတ်၏။ ရှေးဆုတောင်းပြည့်ဝသဖြင့် မိမိလိုအင်ဆန္ဒသာမက သူတစ်ပါးတို့၏ လိုအင်ဆန္ဒကိုပါ ဖြည့်စွမ်းတော်မူနိုင်၏။ သူတစ်ပါးတို့ အလှူခံရန် မရနိုင်သောအရာကိုပင် အရှင်သာရိပုတ္တရာကား အလိုရှိသည့်အတိုင်း ရစေနိုင်သော ဘုန်းကံသမ္ဘာနှင့် ပြည့်စုံတော်မူ၏။ ဤသို့သော ဘုန်းကံမျိုးကား အံ့ဩဖွယ်ပင် ဖြစ်တော့၏။

အခါတစ်ပါး ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့သည် ဝမ်းနုတ်ဆီကို သောက်၍ ဝမ်းနုတ်ကြကုန်၏။ ထိုရဟန်းတို့အတွက် အမှန်စင်စစ်အားဖြင့် ရသ ပိဏ္ဍခေါ် အသားရည်ဆွမ်းကို ဘုဉ်းပေးရန်လို၏။ ထို့ကြောင့် သူနာပြုရဟန်းတို့သည် "ဝမ်းနုတ်ထား၍ မကျန်းမာသောရဟန်းတို့အား အသားရည်ဆွမ်းကို ဆောင်ယူ ကျွေးမွေးကြမည်"ဟု ကြံ၍ သာဝတ္ထိမြို့တော် ထမင်းဆိုင်လမ်းသို့ ဆွမ်းခံကြွတော်မူကြကုန်၏။ ထိုသူနာပြုရဟန်းတို့သည် အသားရည်ဆွမ်းကို မရခဲ့ကြဘဲ စောစောပင် ကျောင်းတော်သို့ ပြန်ခဲ့ကြရကုန်၏။

ထိုအခါ ကျောင်းတိုက်တစ်တိုက်လုံး၌ မကြည့်ညှိသူများ အပြစ်ဆိုစရာမရှိအောင် ကြည့်ရှုသိမ်းဆည်းပြီးမှ နောက်ကျ၍ ဆွမ်းခံထွက်လေ့ရှိသော အရှင်သာရိပုတ္တရာနှင့် လမ်းတွင် ဆုံမိကြလေ၏။ အရှင်သာရိပုတ္တရာသည် ထိုရဟန်းတို့ စောစောပြန်လာကြသည်ကို မြင်၍ အကြောင်းကို မေးတော်မူရာ ထိုရဟန်းတို့လည်း မှန်သည့်အတိုင်း လျှောက်ကြကုန်၏။

ထိုအခါ ဒံ့ရှင်သာရိပုတ္တရာသည် ထိုသူနာပြုရဟန်းတို့ကို မိမိနောက်က တစ်ပါတည်းခေါ်ခဲ့၍ ထိုထမင်းဆိုင်လမ်းသို့ပင် ဆွမ်းခံကြွတော်မူ၏။ ထိုအခါ များလှသောလူတို့သည် အသားရည်ဆွမ်းကို လောင်းလှူကြကုန်၏။ သူနာပြုရဟန်းတို့လည်း အသားရည်ဆွမ်းကိုရသော် မကျန်းမာသောရဟန်းတို့အား တိုက်ကျွေးကြကုန်၏။

ဤသို့ ထူးဆန်းအံ့သြဖွယ် ဘုန်းကံနှင့် ပြည့်စုံတော်မူ၍ သူတစ်ပါးတို့၏ အလိုဆန္ဒကို ဖြည့်တော်မူသောအခါ များစွာသောရဟန်းတို့သည် အရှင်သာရိပုတ္တရာအား ချီးမွမ်းကြကုန်၏။ ရဟန်းတို့ ချီးမွမ်းကြသောအခါ မြတ်စွာဘုရားသည် စကားပြောတတ်သဖြင့် အသားကိုရခဲ့ဖူးသော သဗ္ဗမံသလာဘဇာတ်ကို ဟောတော်မူ၏။

## ၁၉။ အလွန်သနားတတ်ခြင်း

အရှင်သာရိပုတ္တရာသည် အလွန်တရာသနားခြင်းနှင့် ပြည့်စုံတော်မူ၏။ ဆင်းရဲဒုက္ခရောက်သောသူတို့ကို စိတ်၌ သနားကရုဏာ ဖြစ်ပွားရုံမျှသာမကဘဲ ကိုယ်ထိလက်ရောက် ကယ်တင်စောင့်ရှောက်တော်မူတတ်၏။ အောက်ပါအဖြစ်အပျက်ကား သာသနာ့ငါးထောင်တည်သမျှ ကာလပတ်လုံး မပျောက်မပျက်ဘဲ အစဉ်အဆက် ပြောပချီးမွမ်းစရာတစ်ခုပင် ဖြစ်တော့၏။

ကောသလတိုင်း၌ အိမ်ခြေတစ်ထောင်ရှိသော တံငါရွာကြီးတစ်ရွာရှိ၏။ ထိုရွာ၌ ဝင့်ကြွေးပါလာသောသူတစ်ယောက်သည် ပဋိသန္ဓေတည်နေလာ၏။ ထိုသူငယ် ပဋိသန္ဓေနေသည့်နေ့၌ပင် အိမ်ခြေတစ်ထောင်ရှိ တံငါရွာကြီးတစ်ရွာလုံး ငါးငယ်ကလေးတစ်ကောင်မျှ မရဖြစ်သောဟူ၏။ ထိုသူငယ် ပဋိသန္ဓေနေစဉ် ထိုရွာကြီး၌ မီးခုနစ်ကြိမ်လောင်၏။ မင်းပြစ်မင်းဒဏ် ခုနစ်ခါသင့်၏။ ထိုအခါ ရွာသားတို့သည် "အသရေမဲ့သူရှိမည်"ဟု ကြံ၍ နှစ်စုခွဲကြကုန်၏။ ထိုသူငယ် အမိပါသောအစု၌ ဆင်းရဲဒုက္ခအမျိုးမျိုး ကျရောက်၏။ ထိုအခါ ထပ်၍ နှစ်စုခွဲကြပြန်၏။ ဤနည်းဖြင့် ခွဲ၍ခွဲ၍ ထုတ်ကြသောအခါ နောက်ဆုံး၌ အသရေမဲ့သူကား ထိုသူငယ်၏ အမိသာဖြစ်နေသဖြင့် ရိုက်နှက်ပုတ်ခတ်၍ ရွာမှ နှင်လိုက်ကြကုန်၏။

အမိဖြစ်သူသည် သင့်ရာသို့သွား၍ ကိုယ်ဝန်ကိုစောင့်ရှောက်ကာ ဆယ်လစေ့သောအခါ ဖွားမြင်၏။ ပစ္ဆိမဘဝိကခေါ်သော နောက်ဆုံးဘဝ၌ ဖြစ်လာသူ၊ ပါရမီပြည့်ဝပြီးသူ ဖြစ်သောကြောင့် ဖျောက်ဖျက်ခြင်းငှာ မတတ်နိုင်ကြကုန်။ အမိဖြစ်သူသည် ထိုသူငယ် သွားတတ်သောအရွယ်သို့ရောက်အောင် ဆင်းရဲငြိုငြင်စွာ မွေးမြူခဲ့ပြီးနောက် တစ်နေ့သောအခါ ခွက်ငယ်တစ်ခုကိုပေး၍ အိမ်တစ်အိမ်သို့ အတောင်းလွှတ်လိုက်ပြီးသော် သူငယ်မမြင်အောင် လွတ်ရာသို့ ထွက်ပြေးလေတော့၏။

ထိုသူငယ်သည် ထိုအခါမှစ၍ တစ်ယောက်တည်း လှည့်လည်တောင်းစားလျက် တစ်နေရာ၌ အိပ်၏။ ရေလည်းမချိုးရ၊ ကိုယ်လက်သုတ်သင်ခြင်းကိုမျှ မပြုတတ်သေးသောကြောင့် မြေဘုတ်ဘီလူးကလေးသဖွယ် သနားဖွယ် ဖြစ်လေ၏။ အစဉ်သဖြင့် ကြီးလာခဲ့၍ ခုနစ်နှစ်အရွယ်သို့ရောက်သောအခါ လှည့်လည်သွားခြင်းဖြင့် သာဝတ္ထိမြို့တော်ကြီးသို့ ရောက်၍လာလေ၏။ ထိုအခါ အိမ်တစ်အိမ်၌ ထမင်းအိုးဆေးသည့်ရေကို သွန်ပစ်ရာ၌ ပါလာသော ထမင်းလုံးကလေးများကို ကျီးကန်းကဲ့သို့ တစ်လုံးစီ ကောက်၍ကောက်၍စား၏။ အရှင်သာရိပုတ္တရာသည် ဆွမ်းခံကြွလာတော်မူခိုက် ထိုသူငယ်ကိုမြင်တော်မူလေသော် အနီးသို့ခေါ်၍ ဤသို့ မေးတော်မူ၏။

"သူငယ် သင်ကား အဘယ်ရွာသားဖြစ်သနည်း။ သင်၏ မိဘများကား အဘယ်မှာနည်း"

"အရှင်ဘုရား အကျွန်ုပ်သည် အားကိုးရာမဲ့သူဖြစ်ပါသည်။ မိဘတို့လည်း အကျွန်ုပ်ကြောင့် ဆင်းရဲရသည်ဆို၍ စွန့်ပစ်ကာ ထွက်ပြေးကြပါသည်"

"သို့ဖြစ်လျှင် ရှင်သာမဏေ ပြုမည်လော"

"အကျွန်ုပ်ကဲ့သို့ အထီးကျန်သူကို အဘယ်သူ ရှင်ပြုပေးပါမည်နည်း"

"ငါပြုပေးမည်"

"သို့ဖြစ်လျှင် ကောင်းပါပြီ"

အရှင်သာရိပုတ္တရာသည် စားသောက်ဖွယ်ကို ပေးကမ်း၍ ကျောင်းသို့ ခေါ်တော်မူခဲ့ပြီးလျှင် ကိုယ်တော်တိုင် မိမိလက်ဖြင့် ပွတ်သပ်ကာ ရေချိုး၍ ရှင်သာမဏေ ပြုပေးတော်မူ၏။ ထို့နောက် အစဉ်သဖြင့် စောင့်ရှောက်တော်မူလျက် အသက် ၂၀ ပြည့်သောအခါ ရဟန်းပြုပေးတော်မူပြန်၏။ ထိုရဟန်းကား ကြီးသောအခါ လောသကတိဿဟု အမည်တွင်၏။ ဘုန်းကံနည်း၏။ လာဘ်နည်းပါး၏။ ရေးကံဟောင်းရှိနေသောကြောင့် ကောသလမင်းကြီး၏ အသဒိသ ဒါန အလှူတော်ကြီး ပေးသောအခါ၌သော်လည်း ဝမ်းဝအောင် မစားရ။ အသက် မသေရုံမျှသာ စားရ၏။ ဆွမ်းခံသောအခါ လူတို့သည် ဆွမ်းတစ်ဇွန်းလောင်းလျှင် ပြည့်သကဲ့သို့ထင်၍ နောက်ထပ်မလောင်းကြတော့ကုန်။ ယာဂုလှူလိုလျှင် လူတို့ လက်၌ရှိသော ယာဂုပင် လှူမည်ပြုသောအခါ ကုန်သွားတတ်၏ ဟူသတတ်။ ဤသို့ ဆင်းရဲဒုက္ခကို ခံစားရသော်လည်း ပါရမီပြည့်ဝပြီး ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ နောက်အခါ၌ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ရဟန္တာဖြစ်တော်မူ၍ ကာလကြာမြင့်သောအခါ ပရိနိဗ္ဗာန်ပြုရမည့်အချိန်သို့ ရောက်တော်မူခဲ့၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် အမြဲသတိပြုလျက်ရှိသောကြောင့် "ယနေ့ကား လောသကရဟန်းသည် ပရိနိဗ္ဗာန်ပြုရလတ္တံ့"ဟု သိတော်မူ၏။ အရှင်သာရိပုတ္တရာသည် "တစ်သက်လုံး ဝမ်းဝအောင်မစားရသော လောသကအား ယနေ့ကား အဝစားစေအံ့"ဟု ကြံတော်မူ၍ လောသကကို ခေါ်ကာ ဆွမ်းခံကြွတော်မူ၏။ ထိုအခါ မထေရ်ကိုကြည်ညိုပြီးဖြစ်သော ဒကာရင်းတို့ပင် ဆွမ်းအာဟာရကို မဆိုထားဘိ ရှိခိုးရုံမျှပင် ရှိမခိုးကြတော့ကုန်။

အရှင်သာရိပုတ္တရာလည်း လောသကတိဿကို "ငါ့ရှင် သွားလော့၊ ဆွမ်းစားကျောင်း၌ စောင့်နေလော့"ဟု လွှတ်လိုက်ပြီးမှ ဆွမ်းခံကြွတော်မူပြန်၏။ ဤသို့ တစ်ပါးတည်း ကြွတော်မူသောအခါ လူတို့သည် ရွှင်လန်းဝမ်းမြောက်စွာ အရှင်သာရိပုတ္တရာအား ဆွမ်းလုပ်ကျွေးကြကုန်၏။ မထေရ်လည်း ဤဆွမ်းကို လောသကတိဿရဟန်းအား သွား၍လှူဒါန်းကြကုန်"ဟု မိန့်တော်မူ၍ လူတို့ကို ပို့စေ၏။ အပို့သွားသူတို့သည် လမ်းသို့ရောက်သောအခါ လောသကတိဿကို သတိမေ့၍ မိမိတို့ပင် စားသောက်ကြကုန်၏။

အရှင်သာရိပုတ္တရာသည် ဆွမ်းကိစ္စပြီး၍ နေရာမှထ၍ ကျောင်းသို့ပြန်ကြွလာသောအခါ လောသကတိဿသည် မထေရ်ကို ဆီး၍ရှိခိုး၏။ မထေရ်လည်း ရပ်လျက်ပင် လောသကဘက်သို့ လှည့်တော်မူ၍ "ဆွမ်းရပြီလော"ဟု မေးတော်မူ၏။ လောသကလည်း "ရပါလိမ့်မည်"ဟု လျှောက်၏။ မထေရ်မြတ်လည်း လွန်စွာ သံဝေဂရတော်မူ၏။ အချိန်ကိုကြည့်သော် မွန်းလွဲခဲ့ပြီဖြစ်၏။ ထိုအခါ မထေရ်မြတ်သည် လောသကအား "ဤနေရာ၌ပင် နေရစ်ဦးလော့"ဟု မှာတော်မူခဲ့၍ ကောသလမင်းကြီး၏ နန်းတော်သို့ ကြွတော်မူ၏။ ကောသလမင်းကြီးလည်း "ယခုကား ဆွမ်းချိန်မဟုတ်တော့ပြီ"ဟု သိ၍ စတုမဓုကို သပိတ်အပြည့် လှူတော်မူ၏။

အရှင်သာရိပုတ္တရာလည်း စတုမဓုကို ယူတော်မူခဲ့၍ လောသကတိဿအထံသို့ ကြွတော်မူပြီးလျှင် သပိတ်ကိုကိုင်လျက် ရပ်၍ "ငါ့ရှင် လာ၍ စတုမဓုကို စားလော့"ဟု မိန့်တော်မူ၏။ လောသကတိဿလည်း အရှင်သာရိပုတ္တရာကို ရိုသေလေးစားလှသောကြောင့် ရှက်ကြောက်ခြင်းဖြစ်၍ မစားဘဲနေတော်မူ၏။

"အို တိဿ၊ ငါသည် ဤသပိတ်ကိုကိုင်၍ ရပ်နေမည်။ သင်ကား ထိုင်၍ ဤစတုမဓုကိုစားလော့။ အကယ်၍ ငါသည် သပိတ်ကို လွှတ်လိုက်အံ့။ စတုမဓုသည် ရှိတော့မည်မဟုတ်"ဟု မိန့်တော်မူမှ လောသကတိဿလည်း စတုမဓုကိုစား၏။ ထိုအခါ အရှင်သာရိပုတ္တရာ၏ မြတ်သောတန်ခိုးကြောင့် စတုမဓုသည် ကွယ်ပျောက်ခြင်းသို့ မရောက်တော့ပေ။ လောသကတိဿသည် ဤတစ်ကြိမ်သာလျှင် ဝမ်းအဝစားရဖူးလေ၏။

ထိုနေ့၌ပင် လောသကတိဿသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ မြတ်စွာဘုရားသည် အနီး၌ထိုင်၍ သင်္ဂြိုဟ်တော်မူပြီးမှ ဓာတ်တော်တို့ကို စေတီတည်စေတော်မူ၏။

ဤဝင္ထုကား ကဿပဘုရားလက်ထက်တော် တောရွာနေ ကျောင်းထိုင်ပုဂ္ဂိုလ်ဖြစ်ခိုက် ရဟန္တာအာဂန္တုအား မနာလိုဝန်တို၍ သူ့ဖို့လှူသော စတုမဓုကို မီးလောင်ရာ၌ သွန်ချမိသော ကံဟောင်း၏ အကျိုးပင်ဖြစ်သတည်း။

## ၂၀။ ဆွေမျိုးတို့၏အကျိုးကို ဆောင်ခြင်း

ဆွေမျိုးတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းကား မြတ်စွာဘုရား၏ လမ်းကြောင်းကိုလိုက်ခြင်းပင် ဖြစ်၏။ မြတ်စွာဘုရားသည် နစဉ်အခါကပင် ဆွေမျိုးတို့၏အကျိုးကို ဆောင်တော်မူခဲ့၏။ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်

မူသောအခါ၌လည်း ဆွေတော်မျိုးတော်တို့၏အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူခဲ့၏။ တရားတော်၌လည်း 'ဉာတကာနဉ္စ သင်္ဂဟော'ဟု မင်္ဂလာတစ်ပါးအဖြစ်ဖြင့် ထည့်သွင်းဟောကြားတော်မူခဲ့၏။ တရားမင်းဘုရား၏ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရား၏ သားကြီးရတနာအလားဖြစ်တော်မူသည်နှင့်အညီ မြတ်စွာဘုရား၏ လမ်းစဉ်ကိုလိုက်သောအားဖြင့် ဆွေမျိုးတို့အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူ၏။

အရှင်သာရိပုတ္တရာ၏ဦးရီးဖြစ်သော ပုဏ္ဏားတစ်ယောက်သည် နိဂဏ္ဌတို့၏ တပည့် မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်၏။ အရှင်သာရိပုတ္တရာသည် ထိုဦးရီးပုဏ္ဏား၏ အထံသို့သွား၍ ဤသို့မေး၏။

"အို ဦးရီးပုဏ္ဏား ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုကို ပြု၏လော"

"အရှင်ဘုရား ပြုပါသည်"

"အဘယ်သို့ ပြုသနည်း"

"လစဉ် အသပြာတစ်ထောင် စွန့်ကြဲ၍ လှူဒါန်းပါသည်"

"အဘယ်သူအား လှူသနည်း"

"နိဂဏ္ဌတို့အား လှူပါသည်"

"အဘယ်ကို တောင့်တ၍လှူသနည်း"

"ဗြဟ္မာ့ပြည်ကို တောင့်တ၍လှူပါသည်"

"ဤအလှူမျိုးသည် ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း လမ်းစဉ်ဖြစ်၏လော"

"ဖြစ်ပါသည်"

"အဘယ်သူသည် ဤသို့ဟောသနည်း"

"နိဂဏ္ဌဆရာတို့က ဟောကြပါသည်"

"အို ပုဏ္ဏား သင်သည် ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း လမ်းစဉ်ကိုမသိ။ သင့်ဆရာတို့လည်း မသိကြကုန်။ မြတ်စွာဘုရားသာ ထိုလမ်းစဉ်ကို သိတော်မူသည်။ အို ပုဏ္ဏား၊ လာလော့။ သင့်အား ဗြဟ္မာ့ပြည်သို့ရောက်ကြောင်းလမ်းစဉ်ကို ဟောတော်မူစေအံ့"

ဤသို့မိန့်တော်မူ၍ ဦးရီးပုဏ္ဏားကို မြတ်စွာဘုရားအထံတော်သို့ ခေါ်တော်မူခဲ့၏။ အထံတော်သို့ရောက်သောအခါ ဦးရီးပုဏ္ဏား၏အကြောင်းကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် မေးမြန်းစိစစ်တော်မူ၍ ဤသို့မိန့်တော်မူ၏။

"အို ပုဏ္ဏား၊ ဤသို့ နှစ်တစ်ရာတိုင်တိုင် လှူရသော အလှူထက် တစ်မုဟုတ်မျှ ကြည်ညိုသောစိတ်ဖြင့် ငါ၏တပည့်သာဝကကို ဖူးမြင်ရခြင်းသည်

လည်းကောင်း၊ တစ်ဖွန်းမျှသော ဆွမ်းကို လှူရခြင်းသည့်လည်းကောင်း မြတ်၏"
"နှစ်တစ်ရာလုံး လတိုင်းလတိုင်း အသပြာတစ်ထောင်လှူသော အလှူထက် ပွားပြီးသော စိတ်နှလုံးရှိသော အရိယာသာဝကတို့ကို တမဟုတ်မျှ ပူဇော်ရခြင်းသည် မြတ်၏"

ဤသို့ ဟောတော်မူရာ ပုဏ္ဏားသည် သောတာပန်အဖြစ်သို့ ရောက်လေ၏။ ဤအတူပင် မီးပူဇော်သော တူဖြစ်သောပုဏ္ဏားနှင့် ယဇ်ပူဇော်သော သူငယ်ချင်း ပုဏ္ဏားတို့ကိုလည်း သောတာပန် ဖြစ်စေတော်မူ၏။

## ၂၁။ ခမည်းတော်၏သူငယ်ချင်းကို ချီးမြှောက်ခြင်း

အရှင်သာရိပုတ္တရာ၏ ခမည်းတော် ဝင်္ဂန္တပုဏ္ဏား၏ သူငယ်ချင်းတစ်ယောက်သည် ရာဇဂြိုဟ်မြို့တော်၌ နေ၏။ သူ၏အမည်ကား မဟာသေနဖြစ်သတည်း။ ထိုမဟာသေနပုဏ္ဏားသည် စည်းစိမ်ဥစ္စာ ပျက်ပြား၍ ဆင်းရဲနွမ်းပါးနေရာ၏။

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေသော် ထိုမဟာသေနပုဏ္ဏားကို သနားတော်မူသဖြင့် သူ၏အိမ်တံခါးသို့ ကြွ၍ ဆွမ်းရပ်တော်မူ၏။ ထိုအခါ မဟာသေနပုဏ္ဏားသည် အရှင်သာရိပုတ္တရာကို မြင်သော် "ငါ့သားသည် ငါ့အိမ်သို့ ဆွမ်းခံကြွလာခြင်းပင် ဖြစ်တော့သည်။ ငါလည်း ဆင်းရဲလှ၏။ ငါဆင်းရဲခြင်းကို ငါ့သား သာရိပုတ္တရာသည် သိမည်မထင်။ ငါ့အား ငါ့သားကို လှူစရာဟူ၍တစ်စုံတစ်ရာမျှမရှိခဲ့"ဟု ကြံ၍ မထေရ်၏အမြင်ကို မခံဝံ့သောကြောင့် ပုန်း၍နေ၏။ မထေရ်မြတ်ကား နောက်တစ်နေ့၌လည်း ကြွ၍ ဆွမ်းရပ်တော်မူ၏။ ပုဏ္ဏားလည်း ပုန်း၍သာနေပြန်၏။ ထိုရက်များ၌ "တစ်စုံတစ်ရာကို ရခဲ့ပါလျှင် လှူမည်"ဟု စိတ်စေတနာရှိပါသော်လည်း မဟာသေနပုဏ္ဏားသည် ဘယ်အရာကိုမျှ မရခဲ့ရှာပေ၊

တစ်နေ့သောအခါ ပုဏ္ဏားသည် မန္တန်ရွတ်ပွဲတစ်ခုမှ အဝတ်ကြမ်းတစ်ထည်နှင့် နို့ဃနာတစ်ခွက်ကို ရခဲ့၏။ ပုဏ္ဏားသည် ထိုပစ္စည်းများကိုယူ၍ ပြန်လာရာ အိမ်သို့ရောက်လျှင်ရောက်ချင်းပင် မထေရ်ကို သတိရ၏။ "ဤနို့ဃနာကို မထေရ်အား လှူရန် သင့်လျော်လှ၏"ဟု အကြံဖြစ်၏။

ထိုခဏ၌ပင် မထေရ်မြတ်လည်း သမာပတ်မှထတော်မူ၍ မဟာသေနပုဏ္ဏားကို ကြည့်တော်မူလေသော် "ပုဏ္ဏားသည် လှူဖွယ်ရာကိုရ၍ ငါ၏လာခြင်း

ကို တောင့်တနေသည်''ဟု မြင်တော်မူ၍ ''ငါသွားမှသင့်မည်''ဟု နှလုံးသွင်းကာ တစ်မုဟုတ်ချင်းဖြင့် ပုဏ္ဏားၡ၏အိမ်တံခါး၌ ရပ်လျက် ထင်ရှားပြတော်မူ၏။ ပုဏ္ဏားသည် မထေရ်ကိုမြင်သော် စိတ်ကြည်လင်၏။ သဒ္ဓါတရားဖြစ်ပွား၏။ ပုဏ္ဏားသည် မထေရ်ထံသို့သွား၍ ရှိခိုးနှုတ်ဆက်ကာ အိမ်တွင်းသို့ ပင့်ခဲ့၏။ မထေရ်မြတ် ထိုင်တော်မူသောအခါ နို့ဃနာခွက်ကိုယူ၍ သပိတ်၌လောင်း၏။ မထေရ်သည် တစ်ဝက်မျှလောင်းပြီးသောအခါ လက်ဖြင့် သပိတ်ကို ပိတ်၏။ ပုဏ္ဏားလည်း ''အရှင်ဘုရား ဤနို့ဃနာသည် တစ်ယောက်စာမျှသာ ဖြစ်ပါသည်။ အကျွန်ုပ်အား တမလွန်လောကအတွက် ချီးမြှောက်ခြင်းကို ပြုတော်မူပါလော့။ ယခုဘဝအတွက် ချီးမြှောက်ခြင်းကို ပြုတော်မမူပါလင့်။ အကြွင်းမဲ့ အကုန်အစင်သာ လှူပါရစေ''ဟု လျှောက်၍ အကုန်လောင်းထည့်၏။ မထေရ်မြတ်လည်း ထိုနေရာ၌ပင် ဘုဉ်းပေးတော်မူ၏။ ဘုဉ်းပေးတော်မူပြီးသောအခါ သဒ္ဓါတရားအသစ်ပွားပြန်သဖြင့် ရခဲ့သော အဝတ်ကြမ်းကို လှူ၍ ရှိခိုးပြီးလျှင် ''အရှင်ဘုရားတို့ သိမြင်သောတရားကို သိမြင်ရပါလို၏''ဟု ဆုတောင်း၏။

အရှင်သာရိပုတ္တရာလည်း ''အို ပုဏ္ဏား ဆုတောင်းသည့်အတိုင်း ဖြစ်စေသတည်း''ဟု အနုမောဒနာပြုတော်မူ၍ ကြွတော်မူ၏။ ထိုမှဆက်လက်၍ ဒေသစာရီ လှည့်လည်တော်မူရာ အစဉ်အတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏။

ဆင်းရဲသောအချိန်၌ လှူရသောအလှူကား အလွန်လျှင် နှစ်သက်စေတတ်၏။ ထို့ကြောင့် ပုဏ္ဏားလည်း ထိုအလှူကို လှူရပြီးနောက် ကြည်လင်ရွှင်လန်းသောစိတ် ဖြစ်ပွားလျက် မထေရ်မြတ်၌ အလွန်အကဲ ချစ်ခင်ကြည်ညိုရှာလေ၏။ မဟာသေနပုဏ္ဏားသည် မထေရ်မြတ်၌ ချစ်ခင်ကြည်ညိုသောစိတ်ဖြင့်သာ ကွယ်လွန်ခဲ့၍ သာဝတ္ထိပြည် မထေရ်၏အလုပ်အကျွေးဖြစ်သော အိမ်တစ်အိမ်၌ ပဋိသန္ဓေယူလေ၏။ ထိုခဏ၌ပင် မိခင်သည် ဝမ်း၌ ကိုယ်ဝန်တည်ကြောင်းကိုသိ၍ လင်ယောကျ်ားအား ပြောကြား၏။ လင်ယောကျ်ားလည်း ကိုယ်ဝန်အစောင့်အရှောက်ကို ပေး၏။ ဤသို့ ကိုယ်ဝန်ရှိနေစဉ် ထိုမိန်းမအား ဤသို့သောချင်ခြင်းသည် ဖြစ်၏။

''ငါသည် အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းငါးရာတို့ကို ပင့်ဖိတ်၍ ရေမရောသော နို့ဃနာကို ဆက်ကပ်လှူဒါန်းပြီးလျှင် မိမိကိုယ်တိုင် ဖန်ရည်ဆိုးသော သင်္ကန်းကိုဝတ်၍ ရွှေခွက်ငယ်ကိုကိုင်ကာ သံဃာတော်တို့၏နေရာအစွန်း၌ နေလျက် ဤရဟန်းငါးရာတို့၏ စားကြွင်းနို့ဃနာကို စားရမူကား ကောင်းပါလေစွ''

ထိုမိန်းမ၏ သက်န်းဝတ်လိုသော ချင်ခြင်းကား ဝမ်း၌ဖြစ်သော သူငယ်သည် သာသနာတော်၌ ရဟန်းပြုမည့် ရှေ့ပြေးနိမိတ်ဖြစ်သတတ်။ မိဘဆွေမျိုးတို့အား ထိုချင်ခြင်းကို ပြောကြားသောအခါ "ငါတို့သမီး၏ချင်ခြင်းကား တရားသဖြင့် ဖြစ်ပေသည်"ဟု ဆိုကြကုန်၏။ အရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်းငါးရာတို့ကို ပင့်ဖိတ်၍ ရေမရောသော နို့ဃနာကို လှူကြကုန်၏။ ထိုမိန်းမလည်း ဖန်ရည်ဆိုးသော အဝတ်တစ်ထည်ကိုဝတ်၍ တစ်ထည်ကိုရုံပြီးလျှင် ရွှေခွက်ငယ်ကိုကိုင်၍ ရဟန်းတော်တို့နေရာအစွန်း၌ နေလျက် သံဃာ့စားကြွင်းဖြစ်သော နို့ဃနာကိုစား၏။ ထိုခဏ၌ပင် ချင်ခြင်းသည် ပျောက်ငြိမ်းလေ၏။

ထို့နောက် ကိုယ်ဝန်ရှိနေစဉ် ရံဖန်ရံခါပြုသော မင်္ဂလာကိစ္စတို့၌လည်းကောင်း၊ ဆယ်လစေ့၍ ဖွားမြင်ပြီးသောအခါ ပြုအပ်သော မင်္ဂလာကိစ္စတို့၌လည်းကောင်း အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းငါးရာတို့အား ရေအနည်းငယ်သာပါသော ချိုသော နို့ဃနာကိုသာ လှူဒါန်းကြကုန်၏။ ဤသို့ နို့ဃနာကို လှူဒါန်းရခြင်းကား သူငယ်သည် ရှေးဘဝ၌ ပုဏ္ဏားအဖြစ်ဖြင့် လှူခဲ့သော နို့ဃနာ၏ အကျိုးဆက်ပင်ဖြစ်သတတ်။

## တိဿသတို့သားကို ဖွားမြင်ခြင်း

ဤသို့ ကိုယ်ဝန်အစောင့်အရှောက်ဖြင့် ချမ်းသာစွာနေ၍ ဆယ်လစေ့သောအခါ ထိုမိန်းမသည် သတို့သားကို ဖွားမြင်၏။ ထို့နောက် မိဘဆွေမျိုးတို့သည် သားဖွားမင်္ဂလာ ပြုကြကုန်၏။ ထိုနေ့၌ သူငယ်ကို စောစောကပင် ရေချိုး၍ တန်ဆာဆင်ပြီးလျှင် အသရေရှိသောနေရာ၌ တစ်သိန်းထိုက်သော ကမ္ဗလာထက်၌ အိပ်စေကြကုန်၏။ ထိုနေ့၌လည်း အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းငါးရာတို့ကို ပင့်၍ နို့ဃနာကို လှူဒါန်းကြကုန်၏။ သူငယ်သည် အိပ်လျက်လျှင် အရှင်သာရိပုတ္တရာကိုမြင်သော် "ဤမထေရ်ကား ငါ၏ရှေးဆရာတည်း၊ ငါသည် မထေရ်ကိုအမှီပြု၍ ဤစည်းစိမ်ကို ရအပ်၏။ ငါသည် မထေရ်အား တစ်စုံတစ်ခုကို လှူသင့်၏"ဟု ကြံ၏။

သူငယ်ကိုသိက္ခာတင်ရန် မထေရ်မြတ်အထံသို့ ခေါ်ယူသောအခါ ခင်းထားသော ထိုကမ္ဗလာကို လက်ချောင်းဖြင့်ရစ်၍ ကိုင်၏။ အထိန်းအယတို့သည် သူငယ်၏လက်၌ ကမ္ဗလာငြိသည်ဟုထင်၍ ဆွဲယူရန် အားထုတ်ကြကုန်၏။ ထိုအခါ သူငယ်သည် ငို၏။ သူငယ်ငိုသဖြင့် မိဘဆွေမျိုးတို့သည် "ဖယ်ကြကုန်၊ သူငယ်ကို မငိုစေကြကုန်လင့်"ဟု ဆို၍ ကမ္ဗလာကို လက်၌ ပါမြဲပါစေ

၍ ချီယူကြကုန်၏။ သူငယ်သည် မထေရ်မြတ်ကို ရှိခိုးသောအခါ၌ ကမ္ဗလာကို လွှတ်လိုက်၍ မထေရ်မြတ်၏ခြေရင်း၌ ကျစေ၏။ မိဘဆွေမျိုးတို့လည်း “ကလေး ကား မသိဘဲသာပြုမိသည်”ဟု သဘောမထားကြဘဲ “အရှင်ဘုရား အကျွန်ုပ် တို့သားသည် လှူအပ်သော အလှူကား အကျွန်ုပ်တို့က လှူဒါန်းပြီးလည်း ဖြစ်ပါသည်”ဟု လျှောက်ကြကုန်၏။ ထို့နောက် သိက္ခာတင်ရန် ဤသို့လျှောက် ကြပြန်၏။

“အရှင်ဘုရား တစ်သိန်းထိုက်သော ကမ္ဗလာဖြင့် ပူဇော်သမှုပြုသော အရှင်ဘုရားတို့၏ တပည့်ငယ်အား သိက္ခာပုဒ်တို့ကို ပေးတော်မူပါလော့”

“ဤသူငယ်ကား အဘယ်အမည်ရှိသနည်း”

“အရှင်ဘုရားနှင့် အမည်တူ တိဿအမည်ရှိသူ ဖြစ်ပါလိမ့်မည်”

အရှင်သာရိပုတ္တရာ၏ ငယ်မည်ကား ဥပတိဿ အမည်ရှိ၏။ ထို့ကြောင့် ဤသူငယ်၏ မိဘဆွေမျိုးတို့သည် အရှင်ဘုရားနှင့် အမည်တူ တိဿဖြစ်ပါလိမ့် မည်ဟု လျှောက်ကြခြင်းဖြစ်၏။ အရှင်သာရိပုတ္တရာလည်း သိက္ခာတင်ပေး၍ ပြန်ကြွတော်မူ၏။ တိဿ၏မိခင်ဖြစ်သူလည်း ဤနေ့မှစ၍ သားငယ်၏ အလိုဆန္ဒမှန်သမျှကို မဖျက်အံ့။ အလိုရှိရာကို ပြုစေအံ့ဟု ကြံ၏။

ဤနည်းအတိုင်းပင် အမည်မှည့်သော နာမကရဏမင်္ဂလာ၊ ထမင်းခွံ့သော အာဟာရပရိဘောဂ မင်္ဂလာ၊ နားထွင်းသော ကဏ္ဏဝိဇ္ဈနမင်္ဂလာ၊ အဝတ်ဆင်သော ဒုဿဂ္ဂဟဏမင်္ဂလာ၊ ဦးသျှောင်ထုံးသော စူဠာကပ္ပနမင်္ဂလာတို့၌လည်း အရှင်သာရိ ပုတ္တရာ အမှူးရှိသော သံဃာတော်ငါးရာတို့အား ရေအနည်းငယ်သာပါသော ချိုသော နို့ဃနာကိုသာ လှူဒါန်းကြကုန်၏။

## တိဿသူငယ် ရှင်သာမဏေပြုခြင်း

တိဿသတို့သားသည် ချမ်းသာစွာ ကြီးပြင်းခဲ့၍ အသက်ခုနစ်နှစ်အရွယ် သို့ ရောက်သောအခါ မိခင်ဖြစ်သူကို ဤသို့ခွင့်တောင်း၏။

“အိ မိခင် မထေရ်၏အထံ၌ ရှင်သာမဏေပြုလိုပါသည်”

“ချစ်သား ကောင်းပြီ၊ မိခင်သည် ဖွားစကပင် ‘ငါသည် ငါ့သား၏အလို ဆန္ဒကို မဖျက်ဆီးသင့်’ဟု စိတ်အကြံရှိခဲ့သည်။ ချစ်သား အလိုရှိသည့်အတိုင်း ရှင်သာမဏေပြုလော့”

ထို့နောက် အမိဖြစ်သူသည် အရှင်သာရိပုတ္တရာကိုပင့်၍ ဆွမ်းလှူဒါန်း ပြီးလျှင် “အရှင်ဘုရား အရှင်ဘုရား၏ တပည့်ငယ်သည် ရှင်သာမဏေပြုလိုသည်

ဟု ဆိုပါသည်။ ညနေချမ်းအချိန်ရောက်သော် သူငယ်ကို ခေါ်ခဲ့၍ ကျောင်းသို့ လာခဲ့ကြပါမည်''ဟု လျှောက်လိုက်၏။

ထိုနေ့ ညနေချမ်း၌ကား ကြီးကျယ်သော ချီးမြှောက်ပူဇော်ခြင်းဖြင့် ချီးမြှောက်ပူဇော်၍ တိဿသတို့သားကို ခေါ်ဆောင်ခဲ့ကြပြီးသော် အရှင်သာရိပုတ္တရာ၏ ကျောင်းတော်သို့သွား၍ မထေရ်မြတ်အား အပ်နှင်း၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် တိဿသတို့သားအား ဤသို့မိန့်တော်မူ၏။

''အို တိဿ ရှင်ရဟန်းမည်သည်ကား အပြုခက်သောအရာဖြစ်၏။ ရှင်ရဟန်း ဖြစ်သူသည် အပူကိုလိုသော် အအေးကို ရတတ်၏။ အအေးကိုလိုသော် အပူကို ရတတ်၏။ ခဲယဉ်းငြိုငြင်စွာ အသက်မွေးရကုန်၏။ သင်ကား ချမ်းသာစွာ ကြီးပြင်းခဲ့သူဖြစ်၏''

''အရှင်ဘုရား အရှင်ဘုရားမိန့်တော်မူသည့်နည်းအတိုင်း အားလုံးပြုကျင့်နိုင်ပါလိမ့်မည်''

''သို့ဖြစ်လျှင် ကောင်းပြီ''

ထိုအခါ အရှင်သာရိပုတ္တရာသည် 'ကိုယ်ကာယကား စက်ဆုပ်ဖွယ်သာ ဖြစ်သည်'ဟု ရှေးဦးစွာ နှလုံးသွင်းစေတော်မူလိုသဖြင့် 'ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော' 'ဆံပင်၊ မွေးညှင်း၊ လက်သည်းခြေသည်း၊ သွား၊ အရေထူ အရေပါး'ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို သင်တော်မူ၏။ ထို့နောက်မှ သင်္ကန်း စည်းတော်မူ၍ သရဏဂုံနှင့် ဆယ်ပါးသီလကို ပေးတော်မူ၏။

တိဿ၏ မိဘတို့သည် သား၏ရှင်ပြုပွဲ ပဗ္ဗဇ္ဇမင်္ဂလာ ပူဇော်သကာကို ပြုလိုသဖြင့် ခုနစ်ရက်ပတ်လုံး ကျောင်း၌သာ နေကြ၍ မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ရေအနည်းငယ်သာပါသော နို့ဃနာကို ခုနစ်ရက် ပတ်လုံး လှူဒါန်းကြကုန်၏။ ထိုအခါ နေ့တိုင်းပင် နို့ဃနာကို စားသုံးနေကြရသဖြင့် အချို့သော ရဟန်းတို့သည် ''အမြဲတမ်း နို့ဃနာကိုသာ မစားနိုင်''ဟုပင် ကဲ့ရဲ့ပြောဆိုကြကုန်၏။

## တိဿ သာမဏေ ဆွမ်းခံဝင်ခြင်း

တိဿသာမဏေ၏ မိဘတို့သည် ခုနစ်ရက်မြောက်သောနေ့ ညနေချမ်း၌ အိမ်သို့ပြန်ကြကုန်၏။ ရှစ်ရက်မြောက်သောနေ့၌ကား တိဿသာမဏေသည် ရဟန်းတို့နှင့်အတူ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ ထိုဆွမ်းခံဝင်မည့်နေ့၌ လူတို့သည် ''ယနေ့ကား တိဿသာမဏေသည် ဆွမ်းခံဝင်လိမ့်မည်။

ပူဇော်သကာကို ပြုကြကုန်အံ့''ဟု ဆို၍ လှည်းငါးရာတို့၌ ကရွတ်ခွေငါးရာတို့ ခံပြီးမှ ဆွမ်းအုပ်ငါးရာတို့ကို တင်ဆောင်လာကြပြီးသော် တိဿသာမဏေ ဆွမ်းခံကြွမည့်လမ်း၌ နေကာ သာမဏေအား ဆီးကြို၍ လှူဒါန်းကြကုန်၏။ ဒုတိယနေ့၌လည်း ဇေတဝန်ကျောင်းတော်အနီး ဥယျာဉ်သို့တိုင်အောင်လာ၍ ရှေးနည်းတူပင် ဆွမ်းအုပ်ငါးရာတို့ကို လှူဒါန်းကြကုန်၏။ ဤသို့လျှင် တိဿသာမဏေသည် နှစ်ရက်အတွင်း၌ လှည်းတစ်ထောင်တို့ဖြင့် တင်ယူခဲ့သော ဆွမ်းအုပ်တစ်ထောင်ကို ရတော်မူ၏။ သာမဏေလည်း ရသမျှဆွမ်းတို့ကို ရဟန်းတော်တို့အား လှူစေ၏။ ဤသို့ရခြင်းကား မဟာသေနပုဏ္ဏားဘဝ၌ လှူခဲ့သော အဝတ်ကြမ်းတစ်ထည်၏ အကျိုးဆက်ပင်ဖြစ်သတတ်။ ထိုအခါ ရဟန်းတို့သည် တိဿသာမဏေကို ပိဏ္ဍပါတဒါယကတိဿ = ဆွမ်းဒကာတိဿဟု ခေါ်ဝေါ်ကြကုန်၏။

ထို့နောက် တိဿသာမဏေသည် အေးချမ်းလှသောအခါ၌ ကျောင်းတို့၌ လှည့်လည်ကြည့်ရှုလေသော် မီးတင်းကုပ် စသော ထိုထိုနေရာတို့၌ သင်္ကန်းတို့ကို ထပ်၍ချုပ်ကြကုန်သော ရဟန်းတို့ကိုမြင်၍ ဤသို့မေး၏။

''အရှင်ဘုရားတို့ အဘယ်ကြောင့် သင်္ကန်းတို့ကို ချုပ်တည်းကြကုန်သနည်း''

''သာမဏေ အအေးသည် ငါတို့ကို နှိပ်စက်၏။ ခြုံစရာရအောင် ချုပ်ကြရပေသည်''

''အေးသောအခါ၌ ကမ္ဗလာကို ရုံသင့်ပါသည်။ ကမ္ဗလာကား အအေးကို တားဆီးပါသည်''

''သာမဏေ သင်ကား ဘုန်းကံကြီးသူဖြစ်၍ ကမ္ဗလာကို ရနိုင်ပေရာသည်။ ငါတို့အား အဘယ်မှာလျှင် ကမ္ဗလာရှိအံ့နည်း''

''သို့ဖြစ်လျှင် ကမ္ဗလာလိုချင်သော ရဟန်းတို့သည် အကျွန်ုပ်နှင့် အတူ လိုက်ခဲ့ကြပါကုန်''

## ကမ္ဗလာအလှူခံထွက်ခြင်း

ဤသို့လျှောက်ထားပြီးနောက် ကျောင်းတိုက်တစ်တိုက်လုံး၌ ရှိသော ကမ္ဗလာအလိုရှိသော ရဟန်းတို့ကို အကြောင်းကြားစေ၏။ ရဟန်းတို့သည် ''သာမဏေနှင့် အတူလိုက်၍ ကမ္ဗလာကို ဆောင်ယူကြကုန်အံ့''ဟုဆိုကာ ထွက်ကြကုန်၏။ ခုနစ်နှစ်သာမျှရှိသော သာမဏေကို အကြောင်းပြု၍ ကမ္ဗလာအလှူခံ

ရန်အတွက် ထွက်လာကြသော ရဟန်းတို့ကား တစ်ထောင်မျှစင် ရှိကုန်၏။ သာမဏေသည် "ဤမျှများလှသော ရဟန်းတို့အတွက် အဘယ်မှာလျှင် ကမ္ဗလာကို ရနိုင်အံ့နည်း"ဟု စိတ်မျှပင်မဖြစ်ဘဲ ထိုရဟန်းတို့ကိုခေါ်၍ သာဝတ္ထိမြို့သို့ ရှေးရှုကြွသွား၏။ ကောင်းစွာလှူအပ်သော ဒါနအား ဤသို့သော အာနုဘော်မျိုး ရှိမြတည်း။

သာမဏေသည် ရဟန်းတစ်ထောင်နှင့်အတူ အိမ်စဉ်အတိုင်း လှည့်လည်လေသော် မြို့တံတိုင်းပြင်ဘက်၌ပင် ကမ္ဗလာငါးရာတို့ကို ရတော်မူ၏။ ထို့နောက် မြို့တွင်းသို့ ဝင်ခဲ့ပြန်ရာ လူတို့သည် ထိုမှဤမှ ကမ္ဗလာကို ဆောင်ယူခဲ့ကြကုန်၏။

အံ့ဩဖွယ်ရှိလှသော ဘုန်းကံ

ထိုအခါ ယောကျ်ားတစ်ယောက်သည် ဈေးအနီးမှ လာလေသော် ကမ္ဗလာထည်ငါးရာတို့ကို ဖြန့်၍နေသော ဈေးသည်တစ်ယောက်ကိုမြင်၍ ဤသို့ပြောဆို၏။

"အို အဆွေ၊ သာမဏေတစ်ပါးသည် ကမ္ဗလာတို့ကို ဆောင်ယူလိုသည်ဖြစ်ရာ ယခုလာနေသည်။ သင့်ကမ္ဗလာတို့ကို ဖုံးဝှက်၍ထားပါလော့"

"ထိုသာမဏေသည် လှူသည်ကိုသာ ယူသလော၊ သို့မဟုတ် မလှူသည်ကိုလည်း ယူသလော"

"လှူသည်ကိုသာ ယူပေသည်"

"ဤသို့ဖြစ်လျှင် လှူလိုသော် လှူအံ့၊ မလှူလိုသော် မလှူဘဲနေအံ့၊ အဆွေ သွားလေလော့"

ဤသို့သော ယောကျ်ားမျိုးရှိသည်ကား အမှန်ပင်ဖြစ်၏။ အကြောင်းမူကား ဝန်တိုတတ်သော လူမိုက်ကန်းတို့သည် ဤသို့သော အလှူကြီးမျိုးကို လှူရာ၌ ဝန်တိုတတ်ကြကုန်၏။ ဤသို့ ဝန်တိုမိ၍ အသဒိသဒါနအလှူတော်ကြီးပေးသောအခါ ဝန်တိုမိသဖြင့် ငရဲ၌ကျရသော ကာနအမည်ရှိသောသူကဲ့သို့ ငရဲ၌ ဖြစ်ကြရကုန်၏။

ထို့နောက် ဈေးသည်ဖြစ်သူသည် ဤသို့အကြံဖြစ်ပြန်၏။

"ဤယောကျ်ားသည် မိမိသဘောအတိုင်းသာလာလျက် 'ဤကမ္ဗလာတို့ကို ဖုံးဝှက်၍ထားလော့'ဟု ဆို၏။ ငါလည်း လှူလိုက လှူမည်၊ မလှူလိုက မလှူဘဲနေမည်ဟု ပြောလိုက်၏။ သို့ရာတွင် မြင်နေရသောအရာကို မလှူသော

ပူဇော်သကာကို ပြကြကုန်အံ့''ဟု ဆို၍ လှည်းငါးရာတို့၌ ကရွတ်ခွေငါးရာတို့ ခံပြီးမှ ဆွမ်းအုပ်ငါးရာတို့ကို တင်ဆောင်လာကြပြီးသော် တိဿသာမဏေ ဆွမ်းခံကြွမည့်လမ်း၌ နေကာ သာမဏေအား ဆီးကြို၍ လှူဒါန်းကြကုန်၏။ ဒုတိယနေ့၌လည်း ဇေတဝန်ကျောင်းတော်အနီး ဥယျာဉ်သို့တိုင်အောင်လာ၍ ရှေးနည်းတူပင် ဆွမ်းအုပ်ငါးရာတို့ကို လှူဒါန်းကြကုန်၏။ ဤသို့လျှင် တိဿသာမဏေသည် နှစ်ရက်အတွင်း၌ လှည်းတစ်ထောင်တို့ဖြင့် တင်ယူခဲ့သော ဆွမ်းအုပ်တစ်ထောင်ကို ရတော်မူ၏။ သာမဏေလည်း ရသမျှဆွမ်းတို့ကို ရဟန်းတော်တို့အား လှူစေ၏။ ဤသို့ရခြင်းကား မဟာသေနပုဏ္ဏားဘဝ၌ လှူခဲ့သော အဝတ်ကြမ်းတစ်ထည်၏ အကျိုးဆက်ပင်ဖြစ်သတတ်။ ထိုအခါ ရဟန်းတို့သည် တိဿသာမဏေကို ပိဏ္ဍပါတဒါယကတိဿ = ဆွမ်းဒကာတိဿဟု ခေါ်ဝေါ်ကြကုန်၏။

ထို့နောက် တိဿသာမဏေသည် အေးချမ်းလှသောအခါ၌ ကျောင်းတို့၌ လှည့်လည်ကြည့်ရှုလေသော် မီးတင်းကုပ် စသော ထိုထိုနေရာတို့၌ သက်န်းတို့ကို ထပ်၍ချုပ်ကြကုန်သော ရဟန်းတို့ကိုမြင်၍ ဤသို့မေး၏။

''အရှင်ဘုရားတို့ အဘယ်ကြောင့် သက်န်းတို့ကို ချုပ်တည်းကြကုန်သနည်း''

''သာမဏေ အအေးသည် ငါတို့ကို နှိပ်စက်၏။ ခြုံစရာရအောင် ချုပ်ကြရပေသည်''

''အေးသောအခါ၌ ကမ္ဗလာကို ရုံသင့်ပါသည်။ ကမ္ဗလာကား အအေးကို တားဆီးပါသည်''

''သာမဏေ သင်ကား ဘုန်းကံကြီးသူဖြစ်၍ ကမ္ဗလာကို ရနိုင်ပေရာသည်။ ငါတို့အား အဘယ်မှာလျှင် ကမ္ဗလာရှိအံ့နည်း''

''သို့ဖြစ်လျှင် ကမ္ဗလာလိုချင်သော ရဟန်းတို့သည် အကျွန်ုပ်နှင့် အတူ လိုက်ခဲ့ကြပါကုန်''

## ကမ္ဗလာအလှူခံထွက်ခြင်း

ဤသို့လျှောက်ထားပြီးနောက် ကျောင်းတိုက်တစ်တိုက်လုံး၌ ရှိသော ကမ္ဗလာအလိုရှိသော ရဟန်းတို့ကို အကြောင်းကြားစေ၏။ ရဟန်းတို့သည် ''သာမဏေနှင့် အတူလိုက်၍ ကမ္ဗလာကို ဆောင်ယူကြကုန်အံ့''ဟုဆိုကာ ထွက်ကြကုန်၏။ ခုနစ်နှစ်သာမျှရှိသော သာမဏေကို အကြောင်းပြု၍ ကမ္ဗလာအလှူခံ

ရန်အတွက် ယွက်လာကြသော ရဟန်းတို့ကား တစ်ယောင်မျှစင် ရှိကုန်၏။ သာမဏေသည် "ဤမျှများလှသော ရဟန်းတို့အတွက် အဘယ်မှာလျှင် ကမ္ဗလာကို ရနိုင်အံ့နည်း"ဟု စိတ်မျှပင်မဖြစ်ဘဲ ထိုရဟန်းတို့ကိုခေါ်၍ သာဝတ္ထိမြို့သို့ ရှေးရှုကြွသွား၏။ ကောင်းစွာလှူအပ်သော ဒါနအား ဤသို့သော အာနုဘော်မျိုး ရှိမြတည်း။

သာမဏေသည် ရဟန်းတစ်ထောင်နှင့်အတူ အိမ်စဉ်အတိုင်း လှည့်လည်လေသော် မြို့တံတိုင်းပြင်ဘက်၌ပင် ကမ္ဗလာငါးရာတို့ကို ရတော်မူ၏။ ထို့နောက် မြို့တွင်းသို့ ဝင်ခဲ့ပြန်ရာ လူတို့သည် ထိုမှဤမှ ကမ္ဗလာကို ဆောင်ယူခဲ့ကြကုန်၏။

## အံ့ဩဖွယ်ရှိလှသော ဘုန်းကံ

ထိုအခါ ယောက်ျားတစ်ယောက်သည် ဈေးအနီးမှ လာလေသော် ကမ္ဗလာထည်ငါးရာတို့ကို ဖြန့်၍နေသော ဈေးသည်တစ်ယောက်ကိုမြင်၍ ဤသို့ပြောဆို၏။

"အို အဆွေ၊ သာမဏေတစ်ပါးသည် ကမ္ဗလာတို့ကို ဆောင်ယူလိုသည်ဖြစ်ရာ ယခုလာနေသည်။ သင့်ကမ္ဗလာတို့ကို ဖုံးဝှက်၍ထားပါလော့"

"ထိုသာမဏေသည် လှူသည်ကိုသာ ယူသလော၊ သို့မဟုတ် မလှူသည်ကိုလည်း ယူသလော"

"လှူသည်ကိုသာ ယူပေသည်"

"ဤသို့ဖြစ်လျှင် လှူလိုသော် လှူအံ့၊ မလှူလိုသော် မလှူဘဲနေအံ့၊ အဆွေ သွားလေလော့"

ဤသို့သော ယောက်ျားမျိုးရှိသည်ကား အမှန်ပင်ဖြစ်၏။ အကြောင်းမူကား ဝန်တိုတတ်သော လူမိုက်ကန်းတို့သည် ဤသို့သော အလှူကြီးမျိုးကို လှူရာ၌ ဝန်တိုတတ်ကြကုန်၏။ ဤသို့ ဝန်တိုမိ၍ အသဒိသဒါနအလှူတော်ကြီးပေးသောအခါ ဝန်တိုမိသဖြင့် ငရဲ၌ကျရသော ကာနအမည်ရှိသောသူကဲ့သို့ ငရဲ၌ ဖြစ်ကြရကုန်၏။

ထို့နောက် ဈေးသည်ဖြစ်သူသည် ဤသို့အကြံဖြစ်ပြန်၏။

"ဤယောက်ျားသည် မိမိသဘောအတိုင်းသာလာလျက် 'ဤကမ္ဗလာတို့ကို ဖုံးဝှက်၍ထားလော့'ဟု ဆို၏။ ငါလည်း လှူလိုက လှူမည်၊ မလှူလိုက မလှူဘဲနေမည်ဟု ပြောလိုက်၏။ သို့ရာတွင် မြင်နေရသောအရာကို မလှူသော

သူကား အရက်ရတတ်၏။ မိမိပစ္စည်းကို မိမိဖုံးလွှမ်းထားသူအား အပြစ်မရှိပေ။ ထို့ကြောင့် ကမ္ဗလာငါးရာတို့တွင် အဖိုးတစ်သိန်းစီထိုက်သော ဤကမ္ဗလာနှစ်ထည်ကို ဖုံးလွှမ်းထားဦးမှသင့်မည်''

ဤသို့ကြံ၍ ထိုကမ္ဗလာသည် သည် တစ်သိန်းထိုက်သော ကမ္ဗလာနှစ်ထည်ကို အမြိတ်ချင်းဆက်၍ အခြားကမ္ဗလာတို့အကြား၌ထိုးကာ ဝှက်ထားလိုက်၏။ သာမဏေလည်း ရဟန်းတစ်ထောင်တို့နှင့်တကွ ထိုအရပ်သို့ ရောက်လာ၏။ ဈေးသည်လည်း တိဿသာမဏေကိုမြင်သော် သားဟူသောချစ်ခြင်းသည် ဖြစ်၏။ တစ်ကိုယ်လုံး အချစ်မေတ္တာဖြင့် ပြည့်လျှမ်း၏။ ''ကမ္ဗလာတို့ကို ထားလိုက်ပါဦး၊ ဤသာမဏေကို ဖူးမြင်ရသော် နှလုံးသားကိုပင် လှူသင့်၏''ဟု ကြံ၍ ထိုကမ္ဗလာနှစ်ထည်ကို ထုတ်ပြီးလျှင် သာမဏေ၏ ခြေရင်းချ၍ ရှိခိုးလျက် ဤသို့လျှောက်၏။

''အရှင်ဘုရား အရှင်ဘုရားတို့ သိအပ်သောတရား၏ အဖို့ဖြစ်ပါစေသတည်း''

''ဆုတောင်းသည့်အတိုင်းပင် ဖြစ်စေသတည်း''

ဤနည်းဖြင့် သာမဏေသည် သာဝတ္ထိမြို့တော်တွင်းမှလည်း ကမ္ဗလာငါးရာတို့ကို ရရှိ၏။ ဤသို့လျှင် သာမဏေသည် တစ်နေ့ချင်းဖြင့် ကမ္ဗလာတစ်ထောင်ရ၍ ရဟန်းတစ်ထောင်တို့အား ဝေငှလှူဒါန်း၏။ ထိုအခါ ရဟန်းတို့သည် တိဿသာမဏေကို ကမ္ဗလဒါယကတိဿဟု ခေါ်ဝေါ်ကြပြန်၏။

ဤသို့လျှင် အမည်မှည့်သော နာမကရဏမင်္ဂလာနေ့၌လှူသည့် ကမ္ဗလာတစ်ထည်သည် ခုနစ်နှစ်သားအရွယ်သို့ ရောက်သောအခါ ကမ္ဗလာတစ်ထောင်အဖြစ်သို့ ရောက်လေ၏။

## တောအရပ်သို့ ကြွ၍ တရားကျင့်ခြင်း

တိဿသာမဏေသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးသောအခါ ဆွေမျိုးဒကာတို့သည် မပြတ်လာရောက်၍ စကားပြောဆိုကြကုန်၏။ ထို့ကြောင့် တရားကို လိုလားသော သာမဏေသည် ဤသို့အကြံဖြစ်၏။

''ငါကား ဤအရပ်၌သာနေသော် ဆွေမျိုးဒကာတို့လာ၍ စကားပြောကြသောအခါ ပြန်မပြောဘဲနေရန်လည်းမသင့်၊ ဤသူတို့နှင့် အကျယ်အပွား စကားပြော၍သာနေသော် မိမိ၏ ထောက်တည်ရာတရားထူးကို အားထုတ်ရန်

တတ်နိုင်မည်မဟုတ်။ ငါသည် မြတ်စွာဘုရားအထံတော်မှ ကမ္ဗဋ္ဌာန်းကိုယူ၍ တောသို့ ဝင်ရမှု ကောင်းမြတ်လေရာ၏''

ထို့နောက် တိဿသာမဏေသည် မြတ်စွာဘုရားအထံတော်သို့သွား၍ အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်သော ကမ္မဋ္ဌာန်းကို တောင်းခဲ့ပြီးလျှင် ဆွေမျိုးတို့ လိုက်လံပင့်ခေါ်မည်ကို စိုးရိမ်ခြင်းကြောင့် သာဝတ္ထိမြို့မှ ယူဇနာနှစ်ရာတိုင်အောင် ကြွသွားတော်မူ၏။ တစ်ခုသောရွာသို့ ရောက်သောအခါ ဥပါသကာကြီးတစ်ယောက်ကို တွေ့၍ တောကျောင်းရှိသလောဟု မေးမြန်းရာ ထိုဥပါသကာကြီးသည် သားကဲ့သို့ ချစ်ကြည်ညိုလျက် လမ်းပြခေါ်ဆောင်၍ သီတင်းသုံးရန်သင့်သော တောကျောင်းနေရာကို ပြပေ၏။ သာမဏေသည် ထိုရွာကိုအမှီပြု၍ ဝါဆိုပြီးလျှင် မြတ်စွာဘုရားအထံတော်မှ ယူလာသော ကမ္မဋ္ဌာန်းကို အားထုတ်တော်မူရာ ဝါတွင်းသုံးလတွင် တတိယမြောက်လသို့ရောက်သောအခါ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ ထိုရွာသို့ ရောက်စကပင် ဥပါသကာကြီးက မေးသဖြင့် မိမိ၏အမည်ကို ဝနဝါသီတိဿဟု မိန့်တော်မူရာ ထိုအခါမှစ၍ ဝနဝါသီတိဿ-တောကျောင်းနေတိဿဟု အမည်တွင်ပြန်၏။

## အရှင်သာရိပုတ္တရာတို့ လိုက်သွားကြခြင်း

ထိုနှစ် ဝါကျွတ်သောအခါ အရှင်သာရိပုတ္တရာသည် တိဿသာမဏေ၏ အထံသို့ သွားလိုပါကြောင်းကို လျှောက်ထား၍ ခွင့်တောင်း၏။ မြတ်စွာဘုရားသည် ခွင့်ပြုတော်မူသောအခါ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဥပါလိ၊ အရှင်ပုဏ္ဏတို့ကိုလည်း ထိုအကြောင်းကို မိန့်ကြားတော်မူ၏။ ထိုမထေရ်တို့လည်း အရှင်သာရိပုတ္တရာနှင့်အတူ လိုက်တော်မူကြကန်၏။ မထေရ်တို့အား အခြံအရံငါးရာစီရှိသောကြောင့် အတူလိုက်ပါတော်မူကြသော ရဟန်းအပေါင်းကား လေးသောင်းမျှရှိလေ၏။

အရှင်သာရိပုတ္တရာတို့သည် ထိုတောရွာကလေးသို့ ရောက်သောအခါ တိဿ၏ အမြဲတမ်းအလုပ်အကျွေးဖြစ်သော ဥပါသကာကြီးနှင့်တွေ့၍ တိဿ၏ ကျောင်းကို မေးမြန်းကာ ကြွတော်မူကြကုန်၏။ ဥပါသကာကြီးကား ရွာတွင်းသို့ ဝင်၍ ဆော်ဩကာ လှူစရာတို့ကို ယူကြပြီးလျှင် မထေရ်တို့နောက်မှ တောကျောင်းသို့ လိုက်သွားကြကုန်၏။ ကျောင်းသို့ရောက်သောအခါ သံဃာတော်တို့အတွက် နေရာထိုင်ခင်း စီမံကြစဉ်တွင် နေဝင်လေတော့၏။ ထိုအခါ အရှင်သာရိ

ပုတ္တရာသည် ဒကာတို့အား မှောင်ပြီဖြစ်၍ ပြန်ကြရန် သတိပေးတော်မူရာ ဒကာတို့ကား "ယနေ့ညကား တရားနာကြမည်ဖြစ်၍ မပြန်ကြလိုပါကြောင်း"ကို လျှောက်ထားကြကုန်၏။ အရှင်သာရိပုတ္တရာလည်း "ဆိမ်းထွန်း၍ တရားနာရန် ကြွေးကြော်ကြကုန်"ဟု မိန့်တော်မူ၍ ပရိသတ်တို့ စုဝေးမိသောအခါ တိဿသာမဏေကို တရားဟောစေတော်မူ၏။ ထိုအခါ ဒကာတို့လည်း "အရှင်ဘုရား အကျွန်ုပ်တို့ဆရာကား 'သုခိတာဟောထ၊ ဒုက္ခာမုစ္စထ၊ ချမ်းသာကြစေကုန်၊ ဆင်းရဲမှ လွတ်မြောက်ကြစေကုန်'ဟု ဤစကားနှစ်ခွန်းကိုသာ မိန့်မြွက်လေ့ရှိပါသည်။ အခြားပုဂ္ဂိုလ်ကို ပေးတော်မူပါ"ဟု လျှောက်ကြကုန်၏။

အရှင်သာရိပုတ္တရာလည်း "တိဿ အဘယ်သို့ ချမ်းသာခြင်းဖြစ်ကြရသည်၊ အဘယ်သို့ ဆင်းရဲခြင်းကင်းကြသည် ဟူသော ဤစကားနှစ်ရပ်ကို ချဲ့ထွင်၍ ဟောလော့"ဟု တိဿသာမဏေအား တိုက်တွန်းတော်မူ၏။ ထိုအခါ တိဿသာမဏေလည်း ပိဋကတ်သုံးပုံနှင့် နှီးနှော၍ တရားဒေသနာကို များစွာ ဟောကြားတော်မူ၏။ သရဘညခေါ် အသံဖြင့် နာပျော်ဖွယ်ရွတ်ခြင်းကိုလည်း ရွတ်တော်မူ၏။ ဤသို့ တရားဟောပြီးသည့်အချိန်၌ကား အရုဏ်တက်လေတော့၏။

ထိုအခါ ဒကာတို့သည် နှစ်မျိုးနှစ်စား ကွဲပြားကြကုန်၏။ အချို့ကား တိဿအား နှစ်သက်ကြည်ညိုကြကုန်၏။ အချို့ကား ဤမျှတတ်ကျွမ်းလျက် မိမိတို့အား ယခင်က တစ်ခါမျှ တရားမဟောဘဲနေဘိသည်ဟု အမျက်ထွက်ကြကုန်၏။ ဤသို့ စိတ်အလိုအားဖြင့် နှစ်မျိုးကွဲကြသော်လည်း ဒကာတို့သည် ရွာသို့ပြန်၍ ရွာလယ်၌ မဏ္ဍပ်ကြီးထိုးပြီးသော် လျှုဖွယ်အများစီရင်၍ မထေရ်တို့ ကြွအလာကို စောင့်မျှော်၍နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူသဖြင့် အမျက်ထွက်သော ဒကာတို့ကို အပါယ်သို့မကျစေရန် တစ်မုဟုတ်ချင်း သံဃာတော်တို့ရှေ့၌ ပေါ်လာ၍ မဏ္ဍပ်သို့ ဝင်တော်မူ၏။ ဆွမ်းအနုမောဒနာပြုတော်မူသောအခါ တိဿကိုမှီ၍ မြတ်စွာဘုရားနှင့် အသီတိဿ သာဝကကြီးတို့ကို ဖူးရသည်ဖြစ်၍ ဝမ်းမြောက်ထိုက်ကြောင်း ဟောတော်မူမှ အမျက်ပြေ၍ ကြည်ညိုကြကုန်၏။

## ၂၂။ သူတစ်ပါးအား ချီးမွမ်းတတ်ခြင်း

အရှင်သာရိပုတ္တရာသည် သူတစ်ပါးတို့က မိမိအား ချီးမွမ်းသည့်စကားကိုသာ နှစ်သိမ့်ကျေနပ်စွာ နားထောင်နေတတ်သူမျိုး မဟုတ်။ ချီးမွမ်းမြောက်စား

စရာရှိလျှင် ကြံဖန်ရှာဖွေ၍ ချီးမွမ်းမြှောက်စားလေ့ရှိတော်မူ၏။ ဤသို့ ချီးမွမ်းမြှောက်စားတော်မူသည်မှာလည်း မိမိကို နှစ်သက်ကြည်ညိုစေရန် ရည်ရွယ်၍ မြှောက်ပင့်ခြင်းမဟုတ်။ ချီးမွမ်းထိုက်သည်ကို ချီးမွမ်းခြင်းမျိုးသာဖြစ်၏။ တရားသဖြင့် ရိုးရိုးချီးမွမ်းခြင်းသာဖြစ်၏။ သူတစ်ပါးချီးမွမ်းခံရသည်ကို ဖနာလိုသောကြောင့် ချီးမွမ်းစရာရှိလျက် မချီးမွမ်းဘဲ ဖုံးလွှမ်းထိန်ဝှက်၍မထားတတ်ကြောင်းကို ပြခြင်းသာဖြစ်၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ဒက္ခိဏာဂီရိအရပ်၌ ဒေသစာရီ လှည့်လည်တော်မူကြကုန်၏။ ထိုအခါ ဒက္ခိဏာဂီရိအရပ် ဝေဠုကဏ္ဍကီရွာ၌ နန္ဒမာတာအမည်ရှိသော ဥပါသိကာသည် ညတစ်ညမိုးသောက်ယံအခါ၌ အိပ်ရာမှထ၍ ပါရာယနသုတ္တန်ကို ကြည်ညိုဖွယ်အသံဖြင့် ရွတ်အံသရဇ္ဈာယ်၏။

ဝေဿဝဏ်နတ်မင်းကြီးသည် မြောက်ဘက်မှ တောင်ဘက်သို့ ကိစ္စတစ်ခုဖြင့် ကောင်းကင်၌သွားစဉ် ထိုအသံကို ကြားရ၍ ပြီးဆုံးသည့်တိုင်အောင် ရပ်လျက် နားထောင်၏။ နန္ဒမာတာသည် သုတ္တန်ဒေသနာတော်ကို ရွတ်အံပြီး၍ ဆိတ်ဆိတ်နေသောအခါ ဝေဿဝဏ်နတ်မင်းသည် သာဓုခေါ်၏။

"အို နမ သာဓု၊ သာဓု"

"ဤသာဓုခေါ်သူကား အသူနည်း"

"မောင်ကြီး ဝေဿဝဏ်နတ်မင်းဖြစ်ပေသည်"

"သို့ဖြစ်လျှင် ဤပါရာယနသုတ္တန်သည် အရှင်အား ဧည့်ဝတ်ပြုခြင်းပင်ဖြစ်ပါတော့သည်"

"အို နမ၊ ဤသုတ္တန်တရားတော်သည်လည်း ကျွန်ုပ်အား ဧည့်ဝတ်ပြုခြင်းဖြစ်ပါစေလော့။ ထို့ပြင်လည်း နက်ဖြန်နံနက်၌ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလ္လာန်တို့သည် ဆွမ်းမဘုဉ်းပေးရသေးမီ ဤရွာသို့ ရောက်လာတော်မူကြလိမ့်မည်။ မထေရ်နှစ်ပါးတို့နှင့်တကွ ရဟန်းအပေါင်းအား ဆွမ်းလုပ်ကျွေးပြီးလျှင် ကျွန်ုပ်အား ရည်ညွှန်း၍ အမျှဝေပေါ။ ဤသို့အမျှဝေခြင်းသည်လည်း မောင်ကြီးအား ဧည့်ဝတ်ပြုခြင်းတစ်ခု ဖြစ်ပါလိမ့်မည်"

နန္ဒမာတာလည်း ဤသို့ ဝေဿဝဏ်နတ်မင်းက နှိုးဆော်သဖြင့် ဝမ်းမြောက်ဝမ်းသာရှိလျက် ထိုနေ့နံနက်၌ ရဟန်းတော်တို့အတွက် ဆွမ်းခဲဖွယ်တို့ကို အသင့်စီရင်၍ ထား၏။ အရှင်သာရိပုတ္တရာတို့ ရောက်လာကြောင်း ကြားရသောအခါ ယောက်ျားတစ်ယောက်ကို စေလွှတ်ပြီးလျှင် "ဆွမ်းပြင်ဆင်ပြီးပြီဖြစ်၍

နန္ဒမာတာ၏အိမ်သို့ ကြွတော်မူပါ''ဟု အပင့်ခိုင်းလိုက်၏။ အရှင်သာရိပုတ္တရာတို့လည်း ခရီးရောက်မဆိုက်ပင် အသင့်ပင့်လာသော ယောကျ်ားနှင့်အတူ ကြွတော်မူကြ၍ ဆွမ်းဘုဉ်းပေးတော်မူကြ၏။ ဆွမ်းကိစ္စပြီးစီး၍ ထိုင်နေသောအခါ အရှင်သာရိပုတ္တရာသည် နန္ဒမာတာအား ဤသို့မေးတော်မူ၏။

''အို နန္ဒမာတာ၊ ရဟန်းအပေါင်း ကြွလာသည်ဟု မည်သူပြောကြားနှင့်သနည်း''

''အရှင်ဘုရား၊ မိုးသောက်ယံအခါ ဝေဿဝဏ်နတ်မင်းကြီးက ပြောကြားသွားပါသည်''

ဤသို့စကားခံ၍ အကြောင်းမှန်ကို အရှင်သာရိပုတ္တရာအား အလုံးစုံ လျှောက်ထားပြီးလျှင် ဤသို့ အမျှဝေ၏။

''အရှင်ဘုရား ဤအလှူဒါနၶ ဖြစ်ပွားသော ကောင်းမှုသည်လည်းကောင်း၊ ကောင်းမှုဖြင့် ပူဇော်ခြင်းသည်လည်းကောင်း၊ ဝေဿဝဏ်နတ်မင်းအား ချမ်းသာသုခအကျိုးငှာ ဖြစ်ပါစေသတည်း''

''အို နန္ဒမာတာ အံ့ဖွယ်ရှိလှ၏။ အို နန္ဒမာတာ မဖြစ်ဖူးမြဲ ထူးကဲလှ၏။ သင်ဥပါသိကာသည် ဤသို့ တန်ခိုးကြီးသော ဝေဿဝဏ်နတ်မင်းနှင့် ကိုယ်တိုင်တွေ့ဆုံ၍ စကားပြောရပေသည်တကား''

ထိုအခါ နန္ဒမာတာသည် သူ၏အံ့သြဖွယ်ကောင်းသော ဂုဏ်များကိုလည်း စကားအလျဉ်းသင့်၍ အရှင်သာရိပုတ္တရာအား လျှောက်၏။ ထို့နောက် အရှင်သာရိပုတ္တရာသည် နန္ဒမာတာအား အနုမောဒနာတရားတော်ဖြင့် နှစ်သက်ဝမ်းမြောက်စေတော်မူ၍ ရဟန်းအပေါင်းနှင့်အတူ ပြန်ကြွတော်မူသတည်း။

## ၂၃။ သူတစ်ပါး၏အလိုသို့လိုက်ခြင်း

လူတို့တွင် သူတစ်ပါးအလိုသို့ လိုက်လျောသူကား နည်းပါး၏။ မိမိအလိုသို့ သူတစ်ပါးကို လိုက်စေချင်သူသာ များပြား၏။ ဤသို့ သူ့အလိုသို့မလိုက်ဘဲ မိမိအကြိုက်ကိုသာ ပြုစေလိုကြသဖြင့် လောက၌ မစဲနိုင်သောရန်ပွဲတို့သည် အချိန်တိုင်းဖြစ်ပွားလျက်ရှိ၏။ အရှင်သာရိပုတ္တရာကား သူတစ်ပါး၏ အလိုသို့ လိုက်တော်မူတတ်၏။ မိမိအလိုသို့ ပါအောင်လည်း ဆွဲဆောင်တော်မူတတ်၏။ သူတစ်ပါး၏အလိုသို့ လိုက်ရာ၌ မထေရ်ကြီးများကို မဆိုထားဘဲ ခုနစ်နှစ်သား အရွယ် ငယ်လှသော တပည့်သာမဏေကလေးများ၏ အလိုသို့ပင် လိုက်တော်မူခဲ့၏။

တစ်ရံရောအခါ သာဝတ္ထိပြည် အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေးဖြစ်သော ဒကာတစ်ယောက်အိမ်၌ ဘုန်းကံနှင့် ပြည့်စုံသောသူတစ်ယောက်သည် ပဋိသန္ဓေနေလာ၏။ ထိုသူကား ကဿပဘုရားလက်ထက်တော်၌ 'မဟာဒုက်'ဟု ထင်ရှားခဲ့သူတည်း။

ထိုသူငယ် ပဋိသန္ဓေနေသောအခါ အမိသည် ''အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းငါးရာတို့အား ငါးကြင်းရည်ဆွမ်းဖြင့် လုပ်ကျွေး၍ မိမိလည်း ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်လျက် ရွှေခွက်ငယ်ကိုင်ကာ ရဟန်းတော်တို့၏ နေရာအစွန်း၌နေ၍ သံဃာ့စားကြွင်းကို စားလိုသည်''ဟု ချင်ခြင်းဖြစ်၏။ မိဘဆွေမျိုးတို့လည်း ထိုမိန်းမအလိုရှိတိုင်း အရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းငါးရာတို့ကိုပင့်၍ ငါးကြင်းရည်ဆွမ်းကို လှူဒါန်းကြကုန်၏။ ထိုမိန်းမကိုလည်း ချင်ခြင်းဖြစ်သည့်အတိုင်း စားစေ၏။ ထို့နောက် သားဖွားမင်္ဂလာမှစ၍ မင်္ဂလာခုနစ်မျိုးတို့၌လည်း ငါးကြင်းသားရည်ဆွမ်းကိုသာ ရဟန်းငါးရာတို့အား ကျွေးမွေးလှူဒါန်း၏။ ဤသူငယ်ကိုကား 'ပဋိသန္ဓေရှိသည့်အချိန်မှစ၍ အိမ်၌ရှိသော ထိုင်းမှိုင်းဆွံ့အသူတို့ပင် ပညာရှိလာကြပေသည်'ဟုကြံ၍ မိဘတို့သည် ပဏ္ဍိတဟု အမည်မှည့်ကြကုန်၏။ ဤပဏ္ဍိတ သတို့သားလည်း တိဿသတို့သားနည်းတူပင် အစဉ်အတိုင်း ချမ်းသာစွာ ကြီးပြင်း၍ အသက်ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ကျောင်းသို့ပို့ဆောင်၍ ရှင်သာမဏေပြုစေကြကုန်၏။ ဤပဏ္ဍိတ၏ မိဘတို့လည်း ကျောင်း၌သာနေ၍ ခုနစ်ရက်ပတ်လုံး ငါးကြင်းသားရည်ဆွမ်းဖြင့် မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းအား လုပ်ကျွေးကြကုန်၍ ခုနစ်ရက်မြောက်သောနေ့ညနေ၌ အိမ်သို့ပြန်ကြကုန်၏။

## ပဏ္ဍိတသာမဏေ၏ ပါရမီဉာဏ်

ရှစ်ရက်မြောက်သောနေ့၌ အရှင်သာရိပုတ္တရာသည် ရဟန်းတို့နှင့်အတူ ဆွမ်းခံမကြွဘဲ နေမြင့်မှ ပဏ္ဍိတသာမဏေကို နောက်ပါခေါ်တော်မူ၍ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ ဤသို့ နောက်ကျ၍ ကြွတော်မူခြင်းကား အကြောင်းနှစ်ပါးရှိ၏။ တစ်ကြောင်းကား ပဏ္ဍိတသာမဏေသည် သင်္ကန်းကို ကြည်ညိုဖွယ်ကောင်းအောင် မဝတ်သေးခြင်းဖြစ်၍ အခြားအကြောင်းတစ်ခုကား မထေရ်သည် ကျောင်း၌ ပြုဖွယ်ကိစ္စများကို ပြုလိုခြင်းပင်ဖြစ်၏။ အရှင်သာရိပုတ္တရာသည် ရဟန်းတို့ မြို့တွင်းသို့ ဆွမ်းခံကြွသွားကြသောအခါ ကျောင်းတိုက်အတွင်း၌ လှည့်လည်တော်မူ၍ တံမြက်မလှည်းရသေးသောနေရာရှိလျှင် တံမြက်

လှည်းတော်မူ၏။ ရေမရှိသော အိုးတို့ကိုတွေ့လျှင် ရေထည့်တော်မူ၏။ မသိမ်းဆည်းရသေးသော ညောင်စောင်း အင်းပျဉ်တို့ကိုတွေ့လျှင် သိမ်းဆည်းတော်မူ၏။ ဤသို့ နေ့စဉ်ပြုလုပ်တော်မူခြင်းကား သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော တိတ္ထိတို့သည် ရဟန်းများမရှိခိုက် ကျောင်းတော်တွင်းသို့ဝင်၍ ကြည့်ကြခဲ့သော် "ရဟန်းဂေါတမ၏ တပည့်တို့နေရာအရပ်ကို ကြည့်စမ်းကြကုန်"ဟု ဆိုစရာမရအောင် ဆောင်ရွက်တော်မူခြင်းဖြစ်၏။ ထို့ကြောင့် ထိုမထေရ်သည် အမြဲတမ်းပင် နေမြင့်၍ နောက်ကျလှမှ ဆွမ်းခံထွက်တော်မူ၏။

သာမဏေသည် အရှင်သာရိပုတ္တရာနှင့်အတူ ကြွသွားတော်မူစဉ် လမ်း၌ ရေမြောင်းတစ်ခုကိုမြင်၍ မထေရ်အား ဤသို့မေး၏။ ခုနစ်နှစ်သားငယ်တို့သဘောသည် သူ၏စိတ်၌ အသစ်အဆန်းဖြစ်လေသမျှကို သိချင်သောအားဖြင့် မေးတတ်လှ၏။ သူ့မှာလည်း မြင်သမျှသည် အသစ်အဆန်းသာ ဖြစ်၍နေတတ်၏။

"အရှင်ဘုရား ဤအရာသည် အဘယ်အမည်ရှိပါသနည်း"

"ရေမြောင်းအမည်ရှိပေသည်"

"ရေမြောင်းဖြင့် အဘယ်ကို ပြုကြသနည်း"

"ထိုမှဤမှ စီးလာသောရေကို လိုရာသို့ သွယ်ယူ၍ မိမိတို့လယ်ကို ရေဖြည့်ကြရသည်။"

"ရေ၌ စိတ်ရှိပါသလော"

"ရေ၌ စိတ်မရှိပေ"

"စိတ်မရှိသောရေကို လိုရာသို့ရောက်အောင် ဆောင်ယူကြခြင်း ဖြစ်ပါသလော"

"မှန်ပေသည်"

ထိုအခါ သာမဏေသည် "စိတ်မရှိသော ရေကိုပင် လိုရာသို့ရောက်အောင် ဆောင်ယူနိုင်ကြလျှင် စိတ်ရှိသူတို့သည် စိတ်ကို မိမိတို့၏အလိုကျဖြစ်စေ၍ ရဟန်းတရားကိုပြုကျင့်ရန် အဘယ်ကြောင့် မတတ်နိုင်ဘဲရှိအံ့နည်း"ဟု ကြံ၏။

ထို့နောက် ဆက်လက်၍ ကြွသွားတော်မူကြရာ မြားလုပ်သမားတို့ကို တွေ့ကြရပြန်၏။ မြားသမားတို့သည် မြားကို မီးကင်၍ မျက်စိအစွန်းဖြင့် ကြည့်ကာ ကြည့်ကာ မြားကို ဖြောင့်မတ်စေကြကုန်၏။ ထိုအခါ သာမဏေသည် မထေရ်အား ဤသို့မေးမြန်း၏။

"အရှင်ဘုရား ဤသူတို့သည် အဘယ်အမည်ရှိကြကုန်သတည်း"

"မြားသမားဟု အမည်ရှိကြပေသည်"

"ဤသူတို့သည် အဘယ်ကို ပြုလုပ်ကြပါသနည်း"
"မီးကင်၍ မြားကို ဖြောင့်အောင်ပြုကြသည်"
"မြား၌ စိတ်ရှိပါသလော"
"မြား၌ စိတ်မရှိပေ"

ထိုအခါ သာမဏေသည် "အကယ်၍ စိတ်မရှိသောမြားကို မီးကင်၍ မိမိအလိုကျ ဖြောင့်မတ်အောင်ပြုကြပါလျှင် စိတ်ရှိသူတို့သည် စိတ်ကို မိမိအလိုကျ ဖြစ်စေ၍ အဘယ်ကြောင့် ရဟန်းတရားကို အားမထုတ်နိုင်ဘဲ ရှိကြကုန်သနည်း" ဟု ကြံပြန်၏။

ထို့နောက် ရှေ့သို့ ကြွသွားတော်မူကြပြန်ရာ သစ်သားတို့ကို ဒေါက်၊ တကူ၊ ပုံတောင်းဖြစ်အောင် ခုတ်ရွေကြသော (လှည်းဆရာ) ဒေါင်ရွေသမားတို့ကို မြင်ကြကုန်၏။ ထိုအခါ သာမဏေသည် မထေရ်အား ဤသို့မေးပြန်၏။

"အရှင်ဘုရား ဤသူတို့သည် အဘယ်အမည်ရှိကြပါသနည်း"
"ဒေါင်ရွေသမား (လှည်းဆရာ)တို့ဟု အမည်ရှိကြပေသည်"
"ဤသူတို့သည် အဘယ်ကိုပြုကြသနည်း"
"သစ်သားတို့ကို ခုတ်ရွေ၍ လှည်းဘီး၊ ရထားဘီးစသည်တို့ကို ပြုကြပေသည်"
"ဤသစ်သားတို့၌ စိတ်ရှိပါသလော"
"စိတ်မရှိပေ"

ထိုအခါ သာမဏေသည် "အကယ်၍ စိတ်မရှိသော သစ်သားတို့ကိုယူ၍ လှည်းဘီး စသည် လိုရာကို ပြုလိုက်နိုင်ကြလျှင် စိတ်ရှိသူတို့သည် စိတ်ကို မိမိအလိုကျဖြစ်စေ၍ ရဟန်းတရားကို အားထုတ်ရန် အဘယ်ကြောင့် မဖြစ်နိုင်ဘဲ ရှိအံ့နည်း"ဟု ကြံပြန်၏။ ထို့နောက် သာမဏေသည် မထေရ်အား ဤသို့ လျှောက်၏။

"အရှင်ဘုရား အရှင်ဘုရား၏ သပိတ်သင်္ကန်းကို အရှင်ဘုရားပင် ယူတော်မူမည်ဖြစ်လျှင် အကျွန်ုပ် ကျောင်းသို့ပြန်လိုပါသည်"

ထိုအခါ အရှင်သာရိပုတ္တရာသည် "ဤသို့သော သာမဏေငယ်သည် ငါ့နောက်မှလိုက်လျက် ငါ့အား ဤသို့လျှောက်ဘိသည်"ဟု မအောက်မေ့မူ၍ သာမဏေ၏အထံမှ သပိတ်သင်္ကန်းကို ယူတော်မူ၏။ သာမဏေလည်း မထေရ်ကို ရှိခိုး၍ ပြန်မည်ပြုသောအခါ ဤသို့မှာပြန်၏။

"အရှင်ဘုရား အကျွန်ုပ်တို့ ဆွမ်းယူတော်မူခဲ့သော် ငါးကြင်းသားရည်ဆွမ်းကို ဆောင်ယူတော်မူခဲ့ပါလော့"

"သာမဏေ အဘယ်မှာ ရနိုင်အံ့နည်း"

"အရှင်ဘုရားတို့ဘုန်းကံဖြင့် မရနိုင်သော် အကျွန်ုပ်ဘုန်းကံဖြင့် ရတော်မူပါလိမ့်မည်"

မထေရ်လည်း သာမဏေသည် ကျောင်းသို့ပြန်သွား၍ ကျောင်းခန်းပြင်ဘက်၌သာ နေရသော် ဘေးရန်ရှိရာသည်ဟု ကြံတော်မူ၍ မိမိအခန်းကိုဖွင့်ရန် သော့ကို ပေးတော်မူပြီးမှ "ငါနေသောအခန်းတံခါးကို ဖွင့်၍ဝင်ကာ အခန်းတွင်း၌သာ နေလော့"ဟု မှာတော်မူ၏။ သာမဏေလည်း ကျောင်းသို့ပြန်သွား၍ မှာတော်မူသည့်အတိုင်း အခန်းတွင်းသို့ဝင်၍ ထိုင်ပြီးလျှင် မိမိကိုယ်ကာယ၌ ဉာဏ်ကိုချသွင်း၍ အတ္တဘောကို ဆင်ခြင်သုံးသပ်၏။

သာမဏေ၏ တန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြ၏။ သိကြားမင်းသည် ကြည့်ရှုဆင်ခြင်သော် ပဏ္ဍိတသာမဏေ တရားအားထုတ်ရာ၌ အကူအညီလိုနေသည်ကိုမြင်၍ စတုမဟာရာဇ်နတ်မင်းလေးယောက်တို့ကို ခေါ်ခဲ့ပြီးလျှင် သာမဏေအား အစောင့်အရှောက်ပြု၏။ လနတ်သား နေနတ်သားတို့ကိုလည်း လနေတို့ကို ဆွဲကိုင်ထားကြရန် မိန့်မှာခဲ့၏။ သိကြားမင်းသည် စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့ကို "ကျောင်းအနီးဥယျာဉ်၌နေသော ငှက်တို့ကို ပြေးစေ၍ ထက်ဝန်းကျင်မှစောင့်ရှောက်ကြကုန်"ဟု စေခိုင်း၏။ မိမိကား သာမဏေရှိသော အခန်းတံခါးအနီး၌ စောင့်ရှောက်၏။ ထိုအခါ နတ်တို့ တန်ခိုးကြောင့် ကျောင်း၌ သစ်ရွက်ရော်ကြွေသံကိုမျှ မကြားရ ဖြစ်လေ၏။ သာမဏေလည်း စိတ်တည်ငြိမ်မှုကိုရသဖြင့် ဆွမ်းမစားမီပင် အောက်မဂ်သုံးပါးတို့ကို ဆိုက်ရောက်၏။ (အနာဂါမိဖိုလ်၌ တည်၏။)

အရှင်သာရိပုတ္တရာလည်း "သာမဏေကား ကျောင်း၌ နေရစ်၏။ သာမဏေအား သင့်လျော်သော သူမှာသောဘောဇဉ်ကို အဘယ်မှာရအံ့နည်း" ဟု ကြံတော်မူ၏။ ချစ်ခင်ခြင်း၊ ရိုသေခြင်း ရှိလှသော အလုပ်အကျွေးဒကာအိမ်သို့ ကြွတော်မူ၏။ ထိုအိမ်သားတို့လည်း ထိုနေ့ပင် ငါးကြင်းတို့ကိုရသဖြင့် မထေရ်ကိုပင် မျှော်၍နေကြကုန်၏။ မထေရ်မြတ်ရောက်သွားသောအခါ အဆင်သင့်ပင်ရှိနေသော ငါးကြင်းသားရည်ဆွမ်းကို လောင်းလှူကြကုန်၏။ ထိုအခါ မထေရ်သည် သပိတ်ကိုယူ၍ ပြန်ကြွမည်ပြုလေသော် "အရှင်ဘုရား ဤနေရာ၌ပင် ဘုဉ်းပေးတော်မူပါ၊ ကျောင်းသို့ယူစရာ ငါးကြင်းသားရည်ဆွမ်းကိုလည်း လှူပါဦးမည်"ဟု လျှောက်ကြကုန်၏။ မထေရ်မြတ်လည်း ထိုင်၍ ဘုဉ်းပေးတော်

မူ၏။ ဘုဉ်းပေးပြီးသောအခါ ငါးကြင်းရည်ဆွမ်းကို သပိတ်အပြည့်ပင် ထပ်၍ လှူလိုက်ကြကုန်၏။ ထိုအခါ မထေရ်သည် "သာမဏေကား ဆာလောင်ခဲ့ပြီ"ဟု အမှတ်ပြု၍ အမြန်ပြန်ကြွတော်မူ၏။

မြတ်စွာဘုရားလည်း ထိုနေ့၌ စောစောကပင် ဆွမ်းဘုဉ်းပေးတော်မူခဲ့ပြီး နောက် ကျောင်းတော်သို့ ပြန်ကြွ၍ ပဏ္ဍိတသာမဏေကို ဆင်ခြင်တော်မူရာ "သာမဏေသည် အောက်ဖိုလ်သုံးပါးကို ရသည်ကို မြင်တော်မူ၏။ ထို့နောက် ယနေ့နံနက်ပင် အရဟတ္တဖိုလ်ကို ရနိုင်မရနိုင်ကို ဆင်ခြင်တော်မူပြန်ရာ ရနိုင်သည် ကို မြင်တော်မူ၏။ ထို့ပြင် "သာရိပုတ္တရာကား ဆွမ်းကိုယူ၍ အမြန်ပြန်လာ၏။ သာမဏေသည် ရဟန္တာအဖြစ်သို့ မရောက်သေးမီ ပြန်ရောက်လာခဲ့သော် အနှောင့် အယှက်ဖြစ်ရာသည်။ သိကြားမင်းလည်း သာရိပုတ္တရာအား တားဝံ့မည်မဟုတ်၊ ငါသွား၍ ကျောင်းတံခါးမုခ်၌ စောင့်ပြီးလျှင် သာရိပုတ္တရာအား ပြဿနာမေးအံ့။ ပြဿနာဖြေစဉ် သာမဏေသည် ရဟန္တာအဖြစ်သို့ ရောက်လတ္တံ့"ဟု ကြံတော်မူ ၍ မြတ်စွာဘုရားသည် တံခါးမုခ်သို့ ကြွတော်မူကာ မထေရ်မြတ်ရောက်လာ သောအခါ ဆီး၍ ပြဿနာမေးတော်မူ၏။

"သာရိပုတ္တရာ အဘယ်အရာကို ရခဲ့သနည်း"

"အာဟာရကို ရခဲ့ပါသည်"

"အာဟာရသည် အဘယ်ကို ဆောင်တတ်သနည်း"

"ခံစားမှုဝေဒနာကို ဆောင်ပါသည်"

"ဝေဒနာသည် အဘယ်ကို ဆောင်သနည်း"

"ရုပ်ကို ဆောင်ပါသည်"

"ရုပ်သည် အဘယ်ကို ဆောင်သနည်း"

"တွေ့ထိခြင်း ဖဿကို ဆောင်ပါသည်"

ဤသို့ ပြဿနာလေးချက်ကို အရှင်သာရိပုတ္တရာ ဖြေလျှောက်စဉ်မှာပင် သာမဏေသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ မြတ်စွာဘုရားလည်း "သာရိပုတ္တရာ သွားလော့၊ သင်၏သာမဏေအား ဆွမ်းကို ပေးချေလော့"ဟု လွှတ်တော်မူလိုက်၏။ မထေရ်လည်း ကျောင်းခန်းသို့ကြွသွား ၍ တံခါးကို ခေါက်တော်မူ၏။ သာမဏေသည် တံခါးဖွင့်၍ ထွက်လာပြီးလျှင် သပိတ်ကိုယူ၍ သင့်ရာ၌ ထားပြီးမှ မထေရ်ကို ယပ်ခတ်၏။

"သာမဏေ ဆွမ်းစားချေလော့"

"အရှင်ဘုရားတို့ ဆွမ်းဘုဉ်းပေးပြီးပါပြီလော"

"ဆွမ်းဘုဉ်းပေးခဲ့ပြီ"

ထိုအခါ သာမဏေသည် ဆွမ်း၌ဆင်ခြင်အပ်သော တရားကို ဆင်ခြင်၍ ဘုဉ်းပေး၏။ သာမဏေသည် သပိတ်ကိုဆေးပြီး၍ သိမ်းဆည်းထားလိုက်ပြီးသော အခါ နေနတ်သားသည် နေဗိမာန်ကိုလွှတ်၏။ လနတ်သားသည် လဗိမာန်ကို လွှတ်၏။ သိကြားမင်းနှင့် စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့လည်း မိမိတို့ တာဝန်ယူထားသော အစောင့်အရှောက်တာဝန်ကို လွှတ်လိုက်ကြကုန်၏။ နေသည် မွန်းတည့်နေရာမှ ရွေ့လျော၍သွား၏။ တခဏချင်း ညနေစောင်း ဖြစ်လေ၏။

ထိုအခါ ရဟန်းတို့သည် နေစောင်းသည်ကိုမြင်၍ "နေသည် မွန်းတည့်ရာမှ ရွေ့လျော၏။ သာမဏေလည်း ယခုပင် ဆွမ်းစား၍ပြီး၏။ အသို့နည်း"ဟု ကဲ့ရဲ့ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ရှိရာသို့ ကြွလာတော်မူ၍ ဤသို့ မေးတော်မူ၏။

"ရဟန်းတို့ အဘယ်ကို ပြောဆိုကြကုန်သနည်း"

"ဤမည်သောစကားကို ပြောဆိုကြပါသည်"

"ရဟန်းတို့ သင်တို့ဆိုသည့်အတိုင်းမှန်၏။ ဘုန်းရှိသူသည် ရဟန်းတရားကို အားထုတ်သောအခါ၌ လနတ်သားသည် လဝန်းကို၊ နေနတ်သားသည် နေဝန်းကို ဆွဲငင်၍ ထားရ၏။ စတုမဟာရာဇ်နတ်မင်း လေးယောက်တို့သည် ကျောင်းဥယျာဉ်၌ အရပ်လေးမျက်နှာ၌ စောင့်ရှောက်ကြကုန်၏။ သိကြားမင်းသည် တံခါးရွက်လည်ရာအရပ်၌ စောင့်ရှောက်၏။ ငါကိုယ်တိုင်ပင် 'မြတ်စွာဘုရားဖြစ်သည်'ဟု ကြောင့်ကြမဲ့နေခွင့်မရ။ တံခါးမုခ်၌ ငါ့သားတော်အား အစောင့်အရှောက် ယူခဲ့ရ၏။ ရေသွယ်သမားတို့သည် ရေကို ဆောင်ယူကြကုန်၏။ မြားသမားတို့သည် မြားကိုဖြောင့်ကြကုန်၏။ ဒေါင်ရွေသမားတို့သည် သစ်သားကို ခုတ်ရွေကြကုန်၏။ ပညာရှိတို့ကား မိမိကိုယ်ကို ဆုံးမကြကုန်၏" ဤသို့ မိန့်တော်မူရာ သောတာပန် စသည် ဖြစ်ကြပြန်ကုန်သတည်း။

## ၂၄။ စေတနာလွန်တော်မူခြင်း

အရှင်သာရိပုတ္တရာသည် အများကို လွန်စွာကောင်းစားစေလိုတော်မူ၏။ ကောင်းစားကြောင်းဖြစ်သော အကျင့်သီလကို စောင့်ထိန်းကြစေလိုတော်မူ၏။ ယင်းသို့ သီလကို စောင့်ထိန်းကြမှသာ ချမ်းသာသုခနှင့် ပြည့်စုံကြလိမ့်မည်ကို

ယုံကြည်ကြစေလိုတော်မူ၏။ ထို့ကြောင့်ပင် 'ပညာရှိ သတိဖြစ်ခဲ'ဆိုသကဲ့သို့ မဖြစ်နိုင်သည်ကိုပင် စေတနာလွန်၍ အားထုတ်ကြိုးပမ်းတော်မူသဖြင့် တပည့်တို့ကပင် သတိပေးလျှောက်ထားခဲ့ရ၏။

အရှင်သာရိပုတ္တရာသည် ချမ်းသာသုခနှင့် ပြည့်ဝစေလိုတော်မူသဖြင့် မိမိအထံသို့ ရောက်လာသမျှ ပရိသတ်တို့အား သီလပေးတော်မူလေ့ရှိ၏။ မထေရ်မြတ်ကား စေတနာလွန်တော်မူ၍ သီလကင်းမဲ့သူ၊ သားမုဆိုးဖြစ်သူ စသောသူတို့အားလည်း မကျန်စေရဘဲ သီလပေးတော်မူ၏။ ထိုသူတို့သည် မထေရ်မြတ်ကို ရိုသေလေးစားခြင်းကြောင့် မငြင်းပယ်ဘဲ သီလခံယူကြကုန်၏။ သို့ရာတွင် သီလခံယူပြီးနောက် အချို့သူတို့သည် သီလကို မစောင့်ထိန်းကြကုန်။ မိမိတို့လုပ်မြဲအလုပ်ကိုသာလုပ်၍ နေမြဲပင် နေထိုင်ကြကုန်၏။

ထိုအကြောင်းကို သိတော်မူသောအခါ အရှင်သာရိပုတ္တရာသည် မိမိ၏တပည့်ရဟန်းတစ်ပါးကို ဤသို့မိန့်တော်မူ၏။

"လူတို့သည် ငါ့အထံ၌ သီလယူသွားကြပြီးနောက် မစောင့်ထိန်းကြကုန်"

"အရှင်ဘုရား၊ အရှင်ဘုရားသည် ထိုသူတို့အလိုမရှိကြဘဲ သီလပေးတော်မူသဖြင့် ရှေ့တော်၌ မပယ်ဝံ့၍ သီလယူကြသော်လည်း နောက်အခါ၌ သီလကို မစောင့်ထိန်းကြပါ။ ဤသို့ အလိုမရှိသောသူတို့အား သီလပေးတော်မမူသင့်ပါ"

အရှင်သာရိပုတ္တရာသည် ဤသို့ တပည့်ရဟန်းတစ်ပါးက သတိပေးလျှောက်ထားသောအခါ လွန်စွာ သတိသံဝေဂ ရတော်မူ၏။

ထိုအကြောင်းကို မြတ်စွာဘုရား ကြားတော်မူသောအခါ "သာရိပုတ္တရာကား ယခုသာမဟုတ် ရှေးကလည်း ဤသို့ပင် လူတွေ့တိုင်း သီလပေးခဲ့ဖူးပြီ"ဟု ကောရဏ္ဍိယဇာတ်ကို ဟောတော်မူ၏။ ဤကောရဏ္ဍိယဇာတ်၌ အရှင်သာရိပုတ္တရာသည် တက္ကသိုလ်ဆရာကြီးဖြစ်၍ လူတွေ့တိုင်း သီလပေး၏။ လူတို့ကား ထိုသီလကို မစောင့်ထိန်းကြကုန်။ ထိုအခါ ဘုရားလောင်း ကောရဏ္ဍိယအမည်ရှိသော တပည့်သည် ချောက်ကြီးတစ်ခုကို ကျောက်ခဲကြီးကိုယူ၍ဖို့ကာ မြေအလုံးကို အညီအညွတ်ပြုရန် မဖြစ်နိုင်ကြောင်းကို ဉပမာပြ၍ သတိပေးခဲ့ဖူးသတည်း။

## ၂၅။ ကုန်းချော၍မရခြင်း

အရှင်သာရိပုတ္တရာသည် ပညာအရာ၌ ဧတဒဂ်ရ အဂ္ဂသာဝကကြီး ဖြစ်တော်မူသည်နှင့်အညီ အကြောင်းဟုတ်မဟုတ်ကို ဆင်ခြင်တိုင်းထွာတော်မူလေ့

ရှိ၏။ မြင်းမိုရ်တောင်ကြီးပမာ လွန်စွာကြံ့ခိုင်တော်မူရကား မလိုမုန်းထားသူတို့က မည်သို့ ချောပစ်ကုန်းတိုက်စေကာမူ တုန်လှုပ်တော်မူလေ့မရှိ။ လောကဓံလေကြမ်းကို ခံနိုင်စွမ်းရှိတော်မူ၏။

ချောပစ်ကုန်းတိုက်ခြင်းဟူသော လောကဓံလေကြမ်းကား သီလသမာဓိ၊ ဉာဏ်ပညာ နုနယ်သူတို့အဖို့ လွန်စွာပင် ဆိုးသွမ်းလှ၏။ နှစ်ပေါင်းများစွာ အတူတကွ နေထိုင်လာကြပါသော်လည်း အကြောင်းယုတ္တိဆင်၍ အထင်အမြင်လွဲအောင် လိမ္မာပါးနပ်စွာ ကုန်းချောလျှင် ပင်ကိုသဘောမှ ဖောက်ပြန်၍ မခံမရပ်နိုင်အောင် တုန်လှုပ်ကြကုန်၏။ ကွဲပြားကြကုန်၏။ ခိုက်ရန်ဒေါသ ဖြစ်ကြရကုန်၏။ ဤလောကဓံလေကြမ်းကား အရှင်သာရိပုတ္တရာ အရှင်မဟာ မောဂ္ဂလ္လာန်တည်းဟူသော ကျောက်တောင်ကြီးများကိုလည်း မရှောင်မကွင်းဘဲ ပြင်းထန်စွာ တိုက်ခတ်ခဲ့ဖူး၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ဆိတ်ငြိမ်စွာ နေတော်မူလိုကြသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ နှစ်ပါးတည်း ထွက်ခွာ၍ အစွန်အဖျားကျလှသော ရွာငယ်တစ်ရွာကိုမှီ၍ တောအရပ်၌ ဝါဆိုတော်မူကြကုန်၏။

ထိုရွာမှ မရှိနွမ်းပါးသော စားကြွင်းစားတစ်ယောက်သည် မထေရ်မြတ်နှစ်ပါး သီတင်းသုံးတော်မူကြရာ တောအရပ်သို့ရောက်လာ၍ မထေရ်မြတ်တို့ကို အမှီပြုလျက် အကြွင်းအကျန်ကိုစားသောက်ကာ နေထိုင်၏။ ထိုစားကြွင်းစားသည် မထေရ်မြတ်နှစ်ပါးတို့သည် အထူးသဖြင့် ချစ်ကျွမ်းဝင်၍ ညီညွတ်တော်မူကြသည်ကို မြင်၍ "ငါသည် ဤမထေရ်နှစ်ပါးကို ကွဲပြားအောင် ပြုနိုင်ငြားအံ့လည်း မသိ"ဟု ကြံပြီးလျှင် မထေရ်နှစ်ပါးတို့ကို အချင်းချင်းကွဲပြားအောင် ကုန်းချောလေတော့၏။ ထိုစားကြွင်းစားသည် တစ်နေ့သောအခါ အရှင်သာရိပုတ္တရာထံသွား၍ ဤသို့ကုန်းချော၏။

"အရှင်ဘုရား အရှင်မောဂ္ဂလ္လာန်နှင့် အရှင်ဘုရားတို့ ရန်ဖြစ်ဖူးကြပါသလော"

"အဘယ်ကြောင့်နည်း"

"အရှင်မောဂ္ဂလ္လာန်သည် အရှင်ဘုရားအား 'အရှင်သာရိပုတ္တရာကား အမျိုး အနွယ်၊ ဗဟုသုတ၊ ကျမ်းဂန်တရားကို သိမြင်မှုနှင့် တန်ခိုးအရာတို့၌ ငါ့ကိုမမီ'ဟု ဆိုပါသည်"

ထိုအခါ အရှင်သာရိပုတ္တရာသည် ပြုံးတော်မူ၍ "ဒကာ သွားလော့"ဟု မိန့်တော်မူ၏။

ထို့နောက် တစ်ပါးသောနေ့၌ စားကြွင်းစားသည် အရှင်မဟာမောဂ္ဂလ္လာန် အထံသို့ ချဉ်းကပ်၍ ရှေးနည်းတူ ချောပစ်ကုန်းတိုက်ပြန်၏။ အရှင်မဟာ မောဂ္ဂလ္လာန်လည်း စားကြွင်းစား၏စကားကို လက်မခံဘဲ ပြုံးတော်မူ၍ "ဒကာ သွားလော့"ဟု မိန့်တော်မူလိုက်၏။

စားကြွင်းစား ထွက်သွားသောအခါ အရှင်သာရိပုတ္တရာ၏ အထံသို့သွား၍ အရှင်မဟာမောဂ္ဂလ္လာန်သည် ဤသို့မေးတော်မူ၏။

"ငါ့ရှင် ဤစားကြွင်းစားသည် ငါ့ရှင်အထံ၌ တစ်စုံတစ်ရာကိုဆိုသလော"

"ငါ့ရှင် ဆိုပေသည်၊ ဤစားကြွင်းစားကို နှင်ထုတ်သင့်ချေပြီ"

"ငါ့ရှင် ကောင်းပြီ၊ နှင်ထုတ်ပါလော့"

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်သည် 'ဤအရပ်၌ မနေလင့်'ဟု လက်ဖျစ်တီး၍ စားကြွင်းစားကို နှင်တော်မူလိုက်၏။ စားကြွင်းစားလည်း မနေဝံ့ တော့ဘဲ လွတ်ရာသို့ ထွက်ပြေးလေ၏။

ထို့နောက် မထေရ်မြတ်နှစ်ပါးတို့သည် ရှင်လန်းဝမ်းမြောက်စွာ အတူတကွ သီတင်းသုံးတော်မူကြပြီးလျှင် ဝါကျွတ်သောအခါ မြတ်စွာဘုရားအထံတော်သို့ ပြန်သွား၍ ရှိခိုးဦးတိုက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် နှုတ်ဆက် စကား မိန့်ကြားတော်မူ၍ ဤသို့မေးမြန်းတော်မူ၏။

"ချမ်းသာစွာ ဝါဆိုခဲ့ကြရကုန်၏လော"

"အရှင်ဘုရား စားကြွင်းစားတစ်ယောက်သည် အကျွန်ုပ်တို့ကို ကွဲပြား အောင် ကုန်းချော၍မရဘဲသာ ထွက်ပြေးပါသည်"

"သာရိပုတ္တရာ ထိုစားကြွင်းစားသည် ယခုသာမဟုတ်၊ ရှေးကလည်း သင်တို့နှစ်ဦးအား ကွဲပြားအောင် ကုန်းချောမည်ဟုကြံ၍ ကုန်းချောပါသော်လည်း မတတ်နိုင်ဘဲ သူသာ ထွက်ပြေးခဲ့ရဖူးလေပြီ"

ဤသို့မိန့်တော်မူရာ မထေရ်မြတ်နှစ်ပါးတို့က တောင်းပန်သဖြင့် ရှေးက ဖြစ်ခဲ့ဖူးသော ဝဏ္ဏာရောဟဇာတ်ကို ဟောတော်မူ၏။ ဤဇာတ်၌ အရှင်သာရိ ပုတ္တရာသည် ခြသေ့်ဖြစ်၍ အရှင်မဟာမောဂ္ဂလ္လာန်သည် ကျားဖြစ်၏။ ခြသေ့်နှင့် ကျားကို ကွဲပြားအောင် ကုန်းချောသော မြေခွေးကား ဤစားကြွင်းစားပင် ဖြစ်၏။ ခြသေ့်နှင့် ကျားကား အချစ်မပျက်ဘဲ အချင်းချင်း ဖြေရှင်း၍ နားလည်မှု ရကြကုန်၏။ မြေခွေးကား စားကြွင်းမျှမစားဝံ့တော့ဘဲ အချင်းချင်း ထွက်ပြေးရ လေသတည်း။

## ၂၆။ ခုနစ်ရက်သားကလေးက စကားတုံ့ပြန်ခြင်း

အရှင်သာရိပုတ္တရာကား ပညာကြီးတော်မူသည်သာမက စိတ်သဘောလည်း နှိုင်းစရာ ဥပမာကောင်းလောက်အောင် မြင့်မြတ်တော်မူ၏။ စိတ်သဘောမြင့်မြတ်သည်သာမက ဘုန်းကံလည်း ကြီးမားတော်မူ၏။ ဘုန်းကံအားကြီးတော်မူသည်သာမက တန်ခိုးလည်း ကြီးကျယ်တော်မူ၏။ ဤသို့ ဂုဏ်ကျေးဇူးကြွယ်ဝတော်မူခြင်းကြောင့်ပင် ခုနစ်ရက်သားမျှသာ ရှိသေးသော ကလေးငယ်နှင့်လည်း အတူတကွ စကားပြောတော်မူနိုင်၏။

သုပ္ပဝါသာ အမည်ရှိသော ကောလိယမင်းသမီးသည် အရှင်သီဝလိအလောင်းတော်ကို ပဋိသန္ဓေလွယ်ရသောအခါ ခုနစ်နှစ်လွယ်ရ၏။ ထို့နောက်ခုနစ်ရက်ကိုယ်ဝန်ကြောင့် မိန်းမောနေရ၏။ ဤသို့ ကြီးမားသော ဆင်းရဲကိုခံစားနေရစဉ် သုပ္ပဝါသာသည် မြတ်စွာဘုရား၏ အနွယ်တော်ဖြစ်သည့် အားလျော်စွာ ရတနာသုံးပါး၏ဂုဏ်ကို နှလုံးသွင်း၍ သည်းခံ၏။ "မြတ်စွာဘုရားသည် ဤဆင်းရဲမျိုးကို ပယ်ထုတ်နိုင်ရန် တရားကို ဟောတော်မူပေ၏။ သံဃာတော်သည် ဤဆင်းရဲမျိုးကို ပယ်ထုတ်နိုင်ရန် ကျင့်ကြံတော်မူ၏။ နိဗ္ဗာန်တရားတော်၌ ဤဆင်းရဲမျိုး မရှိပါတကား"ဟု ရတနာသုံးပါးတို့၏ဂုဏ်ကို ဆင်ခြင်၏။

သုပ္ပဝါသာသည် ဤသို့သောဆင်းရဲကို မြတ်စွာဘုရား သိတော်မူစေလိုသဖြင့် မိမိ၏ကြင်ရာတော်ကို စေလွှတ်၍ မြတ်စွာဘုရားအား လျှောက်ထားစေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုမင်းသားအား "သုပ္ပဝါသာသည် ချမ်းသာစေ၊ ရောဂါမရှိဘဲ သားကိုဖွားမြင်စေ"ဟု မိန့်တော်မူ၏။ ထိုခဏ၌ပင် သုပ္ပဝါသာသည် ချမ်းသာစွာ သားဖွား၏။ မင်းသားသည် မြတ်စွာဘုရားအထံတော်မှ မိမိအိမ်သို့ ပြန်သွားသောအခါ ချမ်းသာစွာ သားဖွားပြီးဖြစ်သည်ကို တွေ့ရလေ၏။

ထိုအခါ လွန်စွာအံ့ဩ၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေသော မိမိ၏ကြင်ရာတော်မင်းသားကို "သုပ္ပဝါသာသည် ချမ်းသာစွာ သားဖွားပါသည်၊ ခုနစ်ရက်တိုင်တိုင် သုပ္ပဝါသာ၏ဆွမ်းအလှူကို ခံယူတော်မူစေလိုပါသည်"ဟု မြတ်စွာဘုရားအား လျှောက်ထားစေပြန်၏။

ထိုမင်းသားသည် သုပ္ပဝါသာမှာကြားသည့်အတိုင်း မြတ်စွာဘုရားအားလျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူ၍ လက်ခံတော်မူပြီးမှ ဥပါသကာတစ်ယောက်သည် နက်ဖြန် ဆွမ်းလုပ်ကျွေးရန် လျှောက်ထားနှင့်ပြီး ဖြစ်သောကြောင့် အရှင်မဟာမောဂ္ဂလ္လာန်ကို ဤသို့ မိန့်တော်မူ၏။

"မောဂ္ဂလ္လာန် သုပ္ပဝါသာသည် နက်ဖြန်မှစ၍ ခုနစ်ရက်တိုင်တိုင် ဆွမ်းလှူလိုသည်။ ဥပါသကာတစ်ယောက်ကလည်း နက်ဖြန်အတွက် ဆွမ်းဖိတ်ပြီးဖြစ်သည်။ ထိုဥပါသကာသည် သင့်အလုပ်အကျွေးဒကာဖြစ်၍ ခုနစ်ရက်လွန်မှ ဆွမ်းလုပ်ကျွေးရန် ပြောချေလော့"

အရှင်မဟာမောဂ္ဂလ္လာန်လည်း မြတ်စွာဘုရား၏အမိန့်တော်ဖြင့် ထိုဥပါသကာထံသို့သွား၍ အကြောင်းကို ရှင်းလင်းမိန့်ကြား၏။ ထိုအခါ လိမ္မာသော ထိုဥပါသကာသည် ဤသို့လျှောက်၏။

"အရှင်ဘုရား ဤသို့ဖြစ်လျှင် အကျွန်ုပ်၏ စည်းစိမ်၊ အသက်၊ သဒ္ဓါတရား ဤသုံးပါးတို့ ခုနစ်ရက်အတွင်း မပျက်မစီးစေရန် တာဝန်ခံတော်မူပါလော့"

"ဥပါသကာ သင်၏စည်းစိမ်နှင့် အသက်ကို ငါဝန်ခံနိုင်ပေသည်။ သင်၏ သဒ္ဓါတရားကိုကား ဝန်မခံနိုင်ပေ"

"ဤမျှဝန်ခံလျှင် မြတ်စွာဘုရား အလိုတော်အတိုင်း ခုနစ်ရက်လွန်မှ အကျွန်ုပ် ဆွမ်းလုပ်ကျွေးပါတော့မည်"

ထို့နောက် သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရားနှင့်တကွ ရဟန်းအပေါင်းအား ဆွမ်းလုပ်ကျွေး၏။ ခုနစ်ရက်မြောက်သောအခါ ထိုသားငယ်ကိုလည်း မြတ်စွာဘုရားနှင့် ရဟန်းအပေါင်းတို့ကို ရှိခိုးစေ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် ခုနစ်ရက်သား ကလေးငယ်ကို နှုတ်ဆက်မေးမြန်းတော်မူ၏။

"အို သူငယ်၊ ကျန်းခံ့၏လော၊ မျှတ၏လော၊ ဆင်းရဲမရှိဖြစ်၏လော"

"အရှင်ဘုရား အဘယ်မှာ ကျန်းခံ့သာပါအံ့နည်း၊ အကျွန်ုပ်သည် ခုနစ်နှစ်တို့ပတ်လုံး လောဟကုမ္ဘီငရဲ၌ နေခဲ့ရပါသည်"

ဤသို့ သားငယ်က မထေရ်မြတ်အား စကားတုံ့ပြန်လျှောက်သောအခါ သုပ္ပဝါသာသည် "ငါ့သားကား ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာနှင့် စကားပြောပေသည်"ဟု အလွန်ဝမ်းသာ၏။ မြတ်စွာဘုရားသည် ထိုသို့အလွန်ဝမ်းသာသည်ကို မြင်တော်မူသော် ဤသို့မေးတော်မူ၏။

"သုပ္ပဝါသာ ဤသားမျိုးကိုရလျှင် ယူလိုသေးသလော"

"အရှင်ဘုရား ခုနစ်ယောက်အထိပင် လိုချင်ပါသေးသည်"

ထိုအခါ မြတ်စွာဘုရားသည် ကျူးရင့်တော်မူ၏။

"သာယာဖွယ် မရှိသော၊ ချစ်ဖွယ်မဟုတ်သော ဒုက္ခတရားတို့သည် သာယာဖွယ်ရှိသော၊ ချစ်ဖွယ်ကောင်းသော သုခတရားအဖြစ်ဖြင့် မေ့လျော့သူကို လွှမ်းမိုးတတ်ကြပေသည်တကား"

## ၂၇။ ဖြေရှင်းစရာရှိသော် ရဲဝံ့စွာဖြေရှင်းခြင်း

ဤလောက၌ လူအပေါင်းကား မိမိတို့ကိုယ်ကို ထင်ပေါ်စေလိုလှ၏။ အမျိုးအနွယ် အမည်နာမကို အခေါ်ခံချင်လှ၏။ ဤသို့ မထင်ပေါ်ရလျှင် အခေါ် မခံရလျှင် အမျက်ထွက်၏။ အမျက်ထွက်သော် ရန်ငြိုးဖွဲ့၍ မဟုတ်မတရား အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ကဲ့ရဲ့စွပ်စွဲလေတော့၏။ ဤသို့သော လောကဓံတရားကား အပြစ်ကင်းမဲ့သူတို့အပေါ်၌ပင် ကျရောက်လာတတ်သဖြင့် ကြောက်စရာကောင်းလှ၏။ အရှင်သာရိပုတ္တရာလည်း လောကသားတစ်ဦးအဖြစ် ဖြင့် ရှိနေတော်မူစဉ် ထိုလောကဓံတရားနှင့် ရင်ဆိုင်ခဲ့ရဖူး၏။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာသည် ဒေသစာရီ လှည့်လည်လိုသဖြင့် မြတ်စွာဘုရားအား ခွင့်တောင်းပန်ကြား၍ ဇေတဝန်ကျောင်းတော်မှ ထွက်ကြွ တော်မူ၏။ ထိုအခါ မထေရ်ကြီးများသည် အရှင်သာရိပုတ္တရာကို လိုက်ပို့၍ နှုတ်ဆက်ကြကုန်၏။ ထိုရဟန်းတို့အား အရှင်သာရိပုတ္တရာသည် အမျိုးအမည်ကို ထုတ်ဖော်ကာ ပြန်လည်နှုတ်ဆက်၍ နေရစ်စေတော်မူ၏။

ထိုအခါ မထင်ရှားသော ရဟန်းတစ်ပါးသည် မိမိကိုလည်း သူတစ်ပါးတို့ ၏နည်းတူ အမျိုးအမည်ကို ထုတ်ဖော်၍ နှုတ်ဆက်စေလို၏။ သို့ရာတွင် အရှင် သာရိပုတ္တရာကား မထေရ်ကြီးတို့အကြားတွင် ရဟန်းကို မမှတ်မိ။ သတိမထား ဖြစ်တော်မူ၏။ ဤသို့ နှုတ်ဆက်မခံရသဖြင့် ပထမ ရန်ငြိုးဖွဲ့၏။ တစ်ဖန်လည်း အရှင်သာရိပုတ္တရာ၏ နှစ်ထပ်သင်္ကန်းအစွန်းသည် ထိုရဟန်းကို အမှတ်မထင် ထိခိုက်မိ၏။ ထိုသို့ ထိခိုက်သွားသဖြင့် ဒုတိယရန်ငြိုးဖွဲ့ပြန်၏။

ထိုရဟန်းသည် အရှင်သာရိပုတ္တရာတို့ကား ကျောင်းဥပစာသို့ လွန်လေပြီ ဟု အမှတ်ရှိ၍ မြတ်စွာဘုရားအထံသို့ သွားပြီးလျှင် ဤသို့လျှောက်၏။

"အရှင်ဘုရား အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ် သည်ဟူသော အနေဖြင့် အကျွန်ုပ်ကို နားကွဲမတတ် သက်န်းဖြင့် တိုက်ခိုက်၍ မလွတ်မကင်းဘဲ ထွက်သွားပါသည်"

ထိုအခါ မြတ်စွာဘုရားသည် အမှန်ကိုသိတော်မူသော်လည်း ထင်ရှားစေ ရန် အရှင်အာနန္ဒာကို စေလွှတ်၍ အရှင်သာရိပုတ္တရာအား ခေါ်စေတော်မူ၏။ အရှင်သာရိပုတ္တရာလည်း ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွ၍ မြတ်စွာဘုရားကို ရှိခိုးလျက် ထိုင်၏။ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်အာနန္ဒာတို့သည် သံကောက်ကိုကိုင်၍ ကျောင်းတိုင်းလှည့်လည်ကြပြီးသော် "အရှင်သာရိပုတ္တရာ

သည် ခြသေ့်ဟောက်သကဲ့သို့ ရဲရဲတောက် ပြန်လည်ချေပပေလိမ့်မည်။ နားထောင်လိုသူတို့ ထွက်ကြကုန်''ဟု ရဟန်းတို့ကို ခေါ်ယူကာ စည်းဝေးစေကုန်၏။

''သာရိပုတ္တရာ သင်၏ သီတင်းသုံးဖော်ဖြစ်သော ရဟန်းတစ်ပါးသည် 'အရှင်သာရိပုတ္တရာကား အကျွန်ုပ်ကို တိုက်ခိုက်တိုးဝှေ့၍ မရှောင်မကွင်းဘဲ ထွက်သွားပါသည်'ဟု ရွတ်ချလျှောက်ထားပေသည်''

ထိုအခါ အရှင်သာရိပုတ္တရာသည် ''အကျွန်ုပ်ကား ဤရဟန်းကို မထိပါးရပါ''ဟု မလျှောက်ထားဘဲ မိမိ၏ဂုဏ်ကျေးဇူးနှင့်စပ်သော စကားကိုသာ ဤသို့ လျှောက်၏။

''အရှင်ဘုရား မိမိ၏ကိုယ်ကာယ၌ ကာယဂတာသတိကို မဖြစ်ပွားစေနိုင်သော ရဟန်းတည်း ဖြစ်ခဲ့ပါမူကား မိမိ၏သီတင်းသုံးဖော်ကို တိုက်ခိုက်တိုးဝှေ့၍ မရှောင်မကွင်းဘဲ ထွက်ခဲ့ရာပါသည်။

အရှင်ဘုရား မြေကြီးသည် မိမိအပေါ်၌ ပစ်ချအပ်သော စင်ကြယ်သော အရာကိုလည်းကောင်း၊ ကျင်ကြီးကျင်ငယ် နပ် တံတွေး သွေးပြည် စသော မစင်ကြယ်သောအရာကိုလည်းကောင်း စက်ဆုပ်ရွံရှာခြင်းမရှိသကဲ့သို့ ဤအတူ သာလျှင် အကျွန်ုပ်သည် မြေကြီးနှင့်တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား ရေသည် မိမိ၌ လာ၍လျှော်ဖွပ်ကြသော စင်ကြယ်သော အရာကိုလည်းကောင်း၊ ကျင်ကြီးကျင်ငယ် နပ် တံတွေး သွေးပြည် စသော မစင်ကြယ်သောအရာကိုလည်းကောင်း စက်ဆုပ်ရွံရှာခြင်းမရှိသကဲ့သို့ ဤအတူ သာလျှင် အကျွန်ုပ်သည် ရေနှင့်တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား မီးသည် စင်ကြယ်သောအရာကိုလည်းကောင်း၊ ကျင်ကြီး ကျင်ငယ် နပ် တံတွေး သွေးပြည် စသော မစင်ကြယ်သောအရာကိုလည်းကောင်း စက်ဆုပ်ရွံရှာခြင်းမရှိဘဲ လောင်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် မီးနှင့် တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား လေသည် စင်ကြယ်သောအရာကိုလည်းကောင်း၊ ကျင်ကြီးကျင်ငယ် နပ် တံတွေး သွေးပြည် စသော မစင်ကြယ်သောအရာကိုလည်း ကောင်း စက်ဆုပ်ရွံရှာခြင်းမရှိဘဲ တိုက်ခတ်သွားသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် လေနှင့်တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား ဖုန်သုတ်အဝတ်သည် စင်ကြယ်သောအရာကိုလည်းကောင်း၊ ကျင်ကြီးကျင်ငယ် နပ် တံတွေး သွေးပြည် စသော မစင်ကြယ်သောအရာကိုလည်း ကောင်း စက်ဆုပ်ရွံရှာခြင်းမရှိဘဲ သုတ်ယူသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ် သည် ဖုန်သုတ်အဝတ်နှင့်တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား ခွက်လက်စွဲသော အဝတ်နွမ်းကိုဝတ်သော ဒွန်းစဏ္ဍားသည် ရွာနိဂုံးသို့ဝင်သည်ရှိသော် နိမ့်ကျသောစိတ်ကို ဖြစ်စေ၍ ဝင်သကဲ့သို့ ဤအတူ သာလျှင် အကျွန်ုပ်သည် ဒွန်းစဏ္ဍားနှင့်တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား ဦးချိုကျိုးသော ယဉ်ကျေးပြီးသော နွားလားသည် လမ်းဆုံ လမ်းခွတို့၌ လှည့်လည်သည်ရှိသော် မည်သူ့ကိုမျှ ခြေဖြင့်လည်းကောင်း၊ ဦးချို ဖြင့်လည်းကောင်း မညှဉ်းဆဲသကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဦးချို ကျိုးသော နွားလားနှင့်တူသောစိတ်ဖြင့် နေပါသည်။

အရှင်ဘုရား ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော တန်ဆာဆင်လိုသည့် သဘောရှိသော ပျိုရွယ်သောသူသည် လည်ပင်း၌ ငြိကပ်သော မြွေကောင်၊ ခွေးကောင်၊ လူကောင်ပုပ်ကို စက်ဆုပ်သကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် ဤကိုယ်ကောင်ပုပ်ကို စက်ဆုပ်ရွံရှာပါသည်။

အရှင်ဘုရား အပေါက်ကြီးအပေါက်ငယ်ရှိသော အထက်အောက် ယိုကျ နေသော အဆီအိုးကို ရွက်ဆောင်နေရသူကဲ့သို့ ဤအတူသာလျှင် အကျွန်ုပ်သည် အပေါက်ကြီးအပေါက်ငယ်ရှိသော အထက်အောက် ယိုကျနေသော ဤကိုယ် ကာယကို စက်ဆုပ်ရွံရှာပါသည်။

အရှင်ဘုရား မိမိ၏ ကိုယ်ကာယ၌ ကာယဂတာသတိကို မဖြစ်ပွားစေ နိုင်သော ရဟန်းတည်း ဖြစ်ခဲ့ပါမူကား မိမိ၏သီတင်းသုံးဖော်ကို တိုက်ခိုက်၍ မရှောင်မကွင်းဘဲ ထွက်သွားရာပါသည်''

ဤသို့ မိမိဂုဏ်ကျေးဇူးနှင့်စပ်သော စကားကို လျှောက်ထားသောအခါ ဥပမာကိုးမျိုးတို့ဖြင့်လျှောက်သော စကားကိုးခွန်းတို့၏ အဆုံးအဆုံး၌ ကိုးကြိမ် တိုင်တိုင် မြေငလျင် ပြင်းစွာတုန်လှုပ်၏။ ဖုန်သုတ်အဝတ်၊ ဒွန်းစဏ္ဍား၊ အဆီအိုး ဥပမာကိုဆောင်၍ လျှောက်ထားသောအခါတို့၌ ပုထုဇဉ်ရဟန်းတို့ကား မျက်ရည် မဆည်နိုင်ကြကုန်၊ ရဟန္တာပုဂ္ဂိုလ်တို့အား ဓမ္မသံဝေဂ ဖြစ်သတည်း။

အရှင်သာရိပုတ္တရာသည် မိမိဂုဏ်ကျေးဇူးစကားကို လျှောက်ထားစဉ်မှာပင် စွပ်စွဲသောရဟန်း၏ တစ်ကိုယ်လုံးသည် ပူလောင်၏။ ထိုရဟန်းသည် မြတ်စွာ ဘုရား၏ ခြေတော်ရင်း၌ ပျပ်ဝပ်၍ ဤသို့လျှောက်၏။

''အရှင်ဘုရား အကျွန်ုပ်သည် အရှင်သာရိပုတ္တရာအား မဟုတ်မမှန် စွပ်စွဲမိပါသည်။ အကျွန်ုပ်သည် မိုက်မဲတွေဝေသည့်အလျောက် အပြစ်ဒေါသ လွှမ်းမိုးခဲ့ပါသည်။ အကျွန်ုပ်၏အပြစ်ကို နောင်အခါ စောင့်စည်းရန်အတွက် အပြစ်အနေဖြင့် ခံယူတော်မူပါလော့''

"အို ရဟန်း၊ တကယ်ပင် သင့်ကို အပြစ်ဒေါသလွှမ်းမိုးခဲ့ပေသည်။ သင်သည် သာရိပုတ္တရာကို မဟုတ်မမှန် စွပ်စွဲဘိ၏။ သင်သည် အပြစ်ကို အပြစ်ဟုသိ၍ တောင်းပန်ကုစားခြင်းကြောင့် သင့်အပြစ်ကို သည်းခံတော်မူသည်။ ဤသို့ကုစားခြင်းသည် သူတော်ကောင်းတို့ ဆုံးမသြဝါဒ၌ ကြီးပွားကြောင်းပင် ဖြစ်ပေသည်"

"အို သာရိပုတ္တရာ ဤယောကျ်ားဖျင်း၏ ဦးခေါင်းသည် ခုနစ်စိတ်မကွဲသေးမီ ဤယောကျ်ားဖျင်းကို သည်းခံလော့"

ထိုအခါ အရှင်သာရိပုတ္တရာသည် ဆောင့်ကြောင့်ထိုင်တော်မူကာ လက်အုပ်ချီမိုး၍ ဤသို့လျှောက်၏။

"အရှင်ဘုရား ထိုအရှင်အား အကျွန်ုပ်သည် သည်းခံပါသည်။ အကျွန်ုပ်အား အပြစ်ရှိလျှင်လည်း ထိုအရှင်က သည်းခံစေချင်ပါသည်"

ထိုအခြင်းအရာကို မြင်ရသော ရဟန်းတို့သည် "ငါ့ရှင်တို့ မထေရ်၏ မနှိုင်းသာသော ဂုဏ်ကျေးဇူးကို ကြည့်ကြကုန်"ဟု ချီးမွမ်းကြကုန်၏။ ထိုအကြောင်းနှင့်စပ်၍ မြတ်စွာဘုရားသည် တရားတစ်ပုဒ် ဟောတော်မူရပြန်သတည်း။

## ၂၈။ ပညာရှိသူတော်ကောင်းကို မြတ်နိုးတတ်ခြင်း

အရှင်သာရိပုတ္တရာသည် မိမိက မဟာပညာ ဧတဒဂ်ရဖြစ်သောကြောင့် ပညာရှိသူတော်ကောင်းကို လွန်စွာ မြတ်နိုးတော်မူ၏။ မိမိသာ ပညာကြီးကျယ်သူဖြစ်လို၍ သူတစ်ပါးတို့ ပညာကြီးကျယ်ကြောင်းကို ကြားရလျှင် မလိုသော ပညာရှိမျိုး မဟုတ်ပေ။ ထို့ပြင် မိမိကိုယ်ကိုသာ အထင်ကြီး၍ အခြား ပညာရှိသူတော်ကောင်းတို့ အထင်သေးတတ်သော ပညာရှိမျိုးလည်းမဟုတ်ပါပေ။ အမှန်အားဖြင့် မိမိကိုယ်တိုင်က အနစ်သာရပြည့်ဝ၍ အနှစ်သာရပြည့်ဝသော သူတစ်ပါးကိုလည်း ဓာတ်တူသဘောတူ ဖြစ်သည့်အလျောက် မြတ်နိုးတော်မူတတ်၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိမိတို့ဇာတိရပ်သားများ ဖြစ်ကြ၍ ဇာတိရပ်မြေ၌ ဝါဆိုတော်မူခဲ့ကြသော ရဟန်းတို့သည် အဖူးအမြော် ရောက်လာကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ဤသို့မေးတော်မူ၏။

"ရဟန်းတို့ ဇာတိရပ်သားဖြစ်ကြသော ဇာတိရပ်မြေ၌ ဝါဆိုခဲ့ကြသော ရဟန်းတို့က 'ကိုယ်တိုင်လည်း အလိုနည်း၍ သူတစ်ပါးကို အလိုနည်းအောင်

ဟောသူ၊ ကိုယ်တိုင် ရောင့်ရဲလွယ်သူဖြစ်၍၊ ဆိတ်ငြိမ်ရာသို့ကပ်သူဖြစ်၍၊ ဒကာတို့နှင့် မရောနှောသူဖြစ်၍၊ လုံ့လရှိသူဖြစ်၍၊ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံသူဖြစ်၍ သူတစ်ပါးတို့ကို မိမိကဲ့သို့ ပြည့်စုံစေသူ၊ သူတစ်ပါးတို့အား ဆုံးမဟောကြားတတ်သူ'ဟု ချီးကျူးခံရသောရဟန်းကား အဘယ်ရဟန်းနည်း''

''အရှင်ဘုရား မန္တာဏီသား ပုဏ္ဏမထေရ်မြတ် ဖြစ်ပါသည်''

ထိုအခါ မြတ်စွာဘုရားအနီး၌ရှိသော အရှင်သာရိပုတ္တရာသည် ဤသို့ သိတင်းသုံးဖော်တို့က မြတ်စွာဘုရားရှေ့တော်၌ ချီးကျူးခြင်းခံရသော အရှင်ပုဏ္ဏအား အားရနှစ်သက်တော်မူသည်ဖြစ်၍ ''တစ်နေ့နေ့ တစ်နေရာရာ၌ အရှင်ပုဏ္ဏနှင့် တွေ့ဆုံရပါမူ စကားပြောဆိုရပါမူ ကောင်းလေစွ''ဟု အကြံဖြစ်တော်မူ၏။ အမြဲမပြတ်ပင် အရှင်ပုဏ္ဏအား ချီးမွမ်းတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်သမျှ နေတော်မူ၍ သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ အရှင်ပုဏ္ဏလည်း ထိုသို့ကြွလာကြောင်းကို ကြားသိတော်မူရသဖြင့် မိမိ၏ဇာတိရပ်မြေမှ သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းသို့ ကြွတော်မူ၏။ ရောက်သောအခါ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့၍ အပါးတော်မှ ခွာခဲ့ပြီးသော် နေ့သန့်နေထိုင်တော်မူရန် သာဝတ္ထိပြည် မိုက်ကန်းတောကြီးသို့ ကြွတော်မူ၏။

ထိုအခါ ရဟန်းတစ်ပါးသည် အရှင်ပုဏ္ဏကို မှတ်မိသိရှိသူဖြစ်ခြင်းကြောင့် အရှင်သာရိပုတ္တရာ၏ အထံသို့သွား၍ ''အရှင် မပြတ်ချီးမွမ်းတော်မူသော အရှင်ပုဏ္ဏသည် မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ပြီး၍ နေ့သန့်နေရန် မိုက်ကန်းတောကြီးသို့ ယခုပင် ကြွသွားတော်မူပြီ''ဟု လျှောက်၏။

ထိုစကားကိုကြားလျှင် အရှင်သာရိပုတ္တရာလည်း အဆောတလျင် နိသီဒိုင်အခင်းကိုယူ၍ အရှင်ပုဏ္ဏ၏နောက်မှ ဦးခေါင်းကို မျက်ခြည်မပြတ် မျှော်ကြည့်လျက် အစဉ်လိုက်သွား၏။ အရှင်ပုဏ္ဏသည် မိုက်ကန်းတောကြီးသို့ဝင်၍ သစ်ပင်တစ်ပင်းရင်း၌ နေ့သန့် ထိုင်နေတော်မူ၏။ အရှင်သာရိပုတ္တရာလည်း ထို့အတူပင် မိုက်ကန်းတောကြီးသို့ဝင်၍ သစ်ပင်တစ်ပင်ရင်း၌ နေ့သန့် ထိုင်နေတော်မူ၏။

ညနေချမ်းသို့ရောက်သောအခါ အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏထံသို့ သွား၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြားပြီးနောက် သင့်ရာ၌ထိုင်၍ ဤသို့ အရှင်ပုဏ္ဏကို မေး၏။

''ငါ့ရှင် မြတ်စွာဘုရား၏ သာသနာတော်၌ ကျင့်သုံးသည် မဟုတ်လော''

"ငါ့ရှင် မှန်ပေသည်"

"ငါ့ရှင်သည် သီလဝိသုဒ္ဓိ- သီလစင်ကြယ်ခြင်းအတွက် မြတ်စွာဘုရား၏ သာသနာတော်၌ ကျင့်သုံးခြင်း ဖြစ်ပါသလော"

"မဟုတ်ပါ"

"စိတ္တဝိသုဒ္ဓိ- သမာဓိစိတ်စင်ကြယ်ခြင်းအတွက် ကျင့်သုံးပါသလော"

"မဟုတ်ပါ"

"ဒိဋ္ဌိဝိသုဒ္ဓိ- အယူအဆ စင်ကြယ်ခြင်းအတွက် ကျင့်သုံးပါသလော"

"မဟုတ်ပါ"

"ကင်္ခါဝိတရဏဝိသုဒ္ဓိ- ယုံမှားသံသယမှ လွတ်မြောက်၍ စင်ကြယ်ခြင်း အတွက် ကျင့်သုံးပါသလော"

"မဟုတ်ပါ"

"မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ- မဂ်ဟုတ်သည်မဟုတ်သည်ကို သိသော ဉာဏ်အမြင် စင်ကြယ်ခြင်းအတွက် ကျင့်သုံးပါသလော"

"မဟုတ်ပါ"

"ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ- အကျင့်လမ်းစဉ် ဉာဏ်အမြင် စင်ကြယ် ခြင်းအတွက် ကျင့်သုံးပါသလော"

"မဟုတ်ပါ"

"ဉာဏဒဿနဝိသုဒ္ဓိ- မဂ်ဉာဏ်ဖိုလ်ဉာဏ် အမြင်စင်ကြယ်ခြင်းအတွက် ကျင့်သုံးပါသလော"

"မဟုတ်ပါ"

"သို့ဖြစ်လျှင် အဘယ်အကျိုးငှာ မြတ်စွာဘုရားသာသနာတော်၌ ကျင့်သုံး ပါသနည်း"

"အစွဲအလမ်းမရှိသော ပရိနိဗ္ဗာန်အတွက် ဖြစ်ပါသည်"

"ငါ့ရှင် သီလဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်လော"

"မဟုတ်ပါ"

"စိတ္တဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်လော"

"မဟုတ်ပါ"

"ဒိဋ္ဌိဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်လော"

"မဟုတ်ပါ"

"ကင်္ခါဝိတရဏဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်လော"

"မဟုတ်ပါ"

"မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်လော"

"မဟုတ်ပါ"

"ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်လော"

"မဟုတ်ပါ"

"ဉာဏဒဿနဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်လော"

"မဟုတ်ပါ"

"ဤသို့ဝိသုဒ္ဓိတို့မှတစ်ပါး အစွဲအလမ်းမရှိသောနိဗ္ဗာန် ရှိပါသလော"

"မရှိပါ"

"ငါ့ရှင် သို့ဖြစ်လျှင် ဤစကား၏အဓိပ္ပာယ်ကို အဘယ်သို့မှတ်အပ်ပါသနည်း"

"ငါ့ရှင် သီလဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော နိဗ္ဗာန်ဖြစ်သည်ဟု မြတ်စွာဘုရားသည် ပညတ်တော်မူခဲ့ပါလျှင် အစွဲအလမ်းရှိသော နိဗ္ဗာန်ကို ပညတ်တော်မူရာ ရောက်ပါလိမ့်မည်။ စိတ္တဝိသုဒ္ဓိသည်၊ ဒိဋ္ဌိဝိသုဒ္ဓိသည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိသည်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသည်၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိသည်၊ ဉာဏဒဿန ဝိသုဒ္ဓိသည် အစွဲအလမ်းရှိသော နိဗ္ဗာန်ဖြစ်သည်ဟု မြတ်စွာဘုရားသည် ပညတ်တော်မူခဲ့ပါလျှင် အစွဲအလမ်းရှိသော နိဗ္ဗာန်ကိုသာ ပညတ်တော်မူရာ ရောက်ပါလိမ့်မည်။ ဤဝိသုဒ္ဓိ ခုနစ်ပါးတို့မှတစ်ပါး အစွဲအလမ်းမရှိသော နိဗ္ဗာန်ရှိခဲ့လျှင် ပုထုဇဉ်သည် ပရိနိဗ္ဗာန်ပြုခဲ့ရာပါသည်။ ပုထုဇဉ်ကား ဤဝိသုဒ္ဓိ ခုနစ်ပါးတို့မှ တစ်ပါးဖြစ်ပါသည်။ ထို့ကြောင့် ငါ့ရှင်အား ဥပမာပြုပါမည်။ ဤလောက၌ အချို့သောပညာရှိတို့သည် ဥပမာဖြင့်လည်း အနက်အဓိပ္ပာယ်ကို သိကြပါသည်။

ငါ့ရှင် ဥပမာသော်ကား သာဝတ္ထိမြို့တော်၌နေသော ကောသလမင်းအား သာကေတမြို့၌ အရေးတကြီးပြုဖွယ်ကိစ္စ ရှိခဲ့ရာ၏။ ထိုကောသလမင်းအတွက် သာဝတ္ထိနှင့် သာကေတအကြား၌ ရထားယာဉ်ကောင်း ခုနစ်စီးတို့ကို ထားကြကုန်ရာ၏။ ထိုအခါ ကောသလမင်းသည် သာဝတ္ထိမြို့မှထွက်၍ နန်းမြို့တံခါးမှ ပထမရထားကို စီးရာ၏။ ပထမရထားဖြင့် ဒုတိယရထားသို့ ရောက်ရာ၏။ ထိုအခါ ပထမရထားကိုစွန့်၍ ဒုတိယရထားကို စီးရာ၏။ ဒုတိယရထားဖြင့် တတိယရထားသို့ ရောက်ရာ၏။ ထိုအခါ ဒုတိယရထားကိုစွန့်၍ တတိယရထား

ကို စီးရာ၏။ တတိယရထားဖြင့် စတုတ္ထရထားသို့ ရောက်ရာ၏။ ထိုအခါ တတိယရထားကိုစွန့်၍ စတုတ္ထရထားကို စီးရာ၏။ စတုတ္ထရထားဖြင့် ပဉ္စမရထားသို့ ရောက်ရာ၏။ ထိုအခါ စတုတ္ထရထားကိုစွန့်၍ ပဉ္စမရထားကို စီးရာ၏။ ပဉ္စမရထားဖြင့် ဆဋ္ဌမရထားသို့ ရောက်ရာ၏။ ထိုအခါ ပဉ္စမရထားကိုစွန့်၍ ဆဋ္ဌမရထားကို စီးရာ၏။ ဆဋ္ဌမရထားဖြင့် သတ္တမရထားသို့ ရောက်ရာ၏။ ထိုအခါ ဆဋ္ဌမရထားကိုစွန့်၍ သတ္တမရထားကို စီးရာ၏။ သတ္တမရထားဖြင့် သာကေတနန်းမြို့တံခါးသို့ ရောက်ရာ၏။

ထိုအခါ မိတ်ဆွေသူငယ်ချင်း ဆွေမျိုးသားချင်းတို့သည် ထိုကောသလမင်းကို ''အရှင်မင်းမြတ် အဘယ်ရထားဖြင့် သာဝတ္ထိမှ သာကေတနန်းမြို့တံခါးသို့ ရောက်ပါသနည်း''ဟု မေးကြကုန်ရာ၏။

''ငါ့ရှင် ဤသို့မေးကြသည်ရှိသော် ကောသလမင်းသည် အဘယ်သို့ဖြေမှ အဖြေကောင်း အဖြေမှန် ဖြစ်ရာသနည်း''

''ငါ့ရှင် ထိုကောသလမင်းသည် 'ငါကား သာဝတ္ထိမြို့မှ သာကေတမြို့သို့ အရေးတကြီးကိစ္စရှိ၍ လာခဲ့ရာ သာဝတ္ထိမှ သာကေတအကြား၌ ငါ့အတွက် ရထားယာဉ်ကောင်းခုနစ်စီးတို့ကို ထားကြသည်။ ငါသည် သာဝတ္ထိနန်းမြို့တံခါးမှ ပထမရထားကိုစီးသည်၊ ပထမရထားဖြင့် ဒုတိယရထားသို့ ရောက်သည်။ ထိုအခါ ပထမရထားကိုစွန့်၍ ဒုတိယရထားကို စီးသည်။ ဤနည်းဖြင့် တတိယရထားကို၊ စတုတ္ထရထားကို၊ ပဉ္စမရထားကို၊ ဆဋ္ဌမရထားကို သတ္တမရထားကို စီးသည်။ သတ္တမရထားဖြင့် သာကေတနန်းမြို့တံခါးသို့ ရောက်သည်'ဟုဖြေမှ အဖြေကောင်း အဖြေမှန် ဖြစ်ပါလိမ့်မည်''

''ငါ့ရှင် ဤဥပမာအတူသာလျှင် သီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိအတွက် ဖြစ်ပေသည်။ စိတ္တဝိသုဒ္ဓိသည် ဒိဋ္ဌိဝိသုဒ္ဓိအတွက် ဖြစ်ပေသည်။ ဒိဋ္ဌိဝိသုဒ္ဓိသည် ကင်္ခါဝိတရဏဝိသုဒ္ဓိအတွက် ဖြစ်ပေသည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိသည် မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိအတွက် ဖြစ်ပေသည်။ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိအတွက် ဖြစ်ပေသည်။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသည် ဉာဏဒဿန ဝိသုဒ္ဓိအတွက် ဖြစ်ပေသည်။ ဉာဏဒဿန ဝိသုဒ္ဓိသည် အစွဲအလမ်းမရှိသော အနုပါဒါ ပရိနိဗ္ဗာန်အတွက် ဖြစ်ပေသည်။

ငါ့ရှင် အကျွန်ုပ်ကား ထိုအနုပါဒါ ပရိနိဗ္ဗာန်အတွက် မြတ်စွာဘုရားသာသနာတော်၌ ကျင့်သုံးပါသည်''

ထိုအခါ အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏကို ဤသို့မေး၏။

''အရှင်ကား အဘယ်အမည်ရှိပါသနည်း။ သီတင်းသုံးဖော်တို့က အရှင့်ကို အဘယ်သို့ သိကြပါသနည်း''

''ငါ့ရှင် အကျွန်ုပ်၏အမည်ကား ပုဏ္ဏဖြစ်ပါသည်။ သီတင်းသုံးဖော်တို့က အကျွန်ုပ်ကို မန္တာဏိပုတ္တ-မန္တာဏီသားဟု သိကြပါသည်''

''ငါ့ရှင် အံ့ဩဖွယ်ရှိလှပါပေသည်။ မဖြစ်ဖူးမြဲ ထူးကဲလှပါပေသည်။ ဗဟုသုတနှင့် ပြည့်စုံ၍ မြတ်စွာဘုရား၏ အဆုံးအမတော်ကို တတ်သိလှသော ပညာရှိသည် ဖြေဆိုသကဲ့သို့ မန္တာဏီသားဖြစ်သော အရှင်ပုဏ္ဏသည် နက်နဲလှသော ပြဿနာကို နှိုင်းချိန်၍ နှိုင်းချိန်၍ ဖြေတတ်ပါပေသည်။ အရှင်ပုဏ္ဏကို ဖူးမြော်ရသော ဆည်းကပ်ရသော သီတင်းသုံးဖော်တို့ကား အရတော်ကြပါပေစွ။ အရှင်ပုဏ္ဏကို ခေါင်းခုဖြင့် ဦးထိပ်၌ ရွက်ထား၍ ဖူးမြော်ရန်၊ ဆည်းကပ်ရန် ရကြစေကာမူ ထိုသီတင်းသုံးဖော်တို့သည် အရတော်ကြပါပေစွတကား။ အရှင်ပုဏ္ဏကို ဖူးမြော်ရန်၊ ဆည်းကပ်ရန် ရရှိသော အကျွန်ုပ်သည်လည်း အရတော်ပါလေစွတကား''

ထိုအခါ အရှင်ပုဏ္ဏသည် အရှင်သာရိပုတ္တရာကို ဤသို့မေး၏။

''အရှင်ကား အဘယ်အမည်ရှိပါသနည်း။ သီတင်းသုံးဖော်တို့ကား အရှင့်ကို အဘယ်သို့ သိကြပါကုန်သနည်း''

''ငါ့ရှင် အကျွန်ုပ်၏အမည်ကား ဥပတိဿ ဖြစ်ပေသည်။ သီတင်းသုံးဖော်တို့သည် အကျွန်ုပ်ကို သာရိပုတ္တ- သာရိသားဟု သိကြပါသည်''

''အို အရှင် အကျွန်ုပ်သည် မြတ်စွာဘုရားနှင့် အလားတူသော သာဝကကြီးနှင့် အတူတကွ စကားပြောဆိုရလျက် အရှင်သာရိပုတ္တရာဟု မသိမိပါတကား။ အကျွန်ုပ်သည် အကယ်၍သာ အရှင်သာရိပုတ္တရာဟု သိရငြားအံ့။ ဤမျှလောက်စဉ် ပြောဆိုမိမည်မထင်ပါ။''

''ငါ့ရှင် အံ့ဩဖွယ်ရှိလှပါပေသည်။ မဖြစ်စဖူး ထူးကဲလှပါပေသည်။ ဗဟုသုတ ကြွယ်ဝ၍ မြတ်စွာဘုရား၏ အဆုံးအမတော်ကို တတ်သိသော ပညာရှိသည် မေးသကဲ့သို့ အရှင်သာရိပုတ္တရာသည် နက်နဲလှသော ပြဿနာကို နှိုင်းချိန်၍ နှိုင်းချိန်၍ မေးတတ်ပါပေသည်။ အရှင်သာရိပုတ္တရာကို ဖူးမြော်ရန်၊ ဆည်းကပ်ရန် အခွင့်ရကြကုန်သော သီတင်းသုံးဖော်တို့သည် အရတော်ကြပါပေစွ။ အရှင်သာရိပုတ္တရာကို ခေါင်းခုဖြင့် ဦးထိပ်၌ ရွက်ထား၍ ဖူးမြော်ရန်၊

ဆည်းကပ်ရန် ရကြစေကာမူ ထိုသီတင်းသုံးဖော်တို့သည် အရတော်ကြပါပေစွတကား။ အရှင်သာရိပုတ္တရာကို ဖူးမြော်ရန်၊ ဆည်းကပ်ရန် ခွင့်ရသော အကျွန်ုပ်သည်လည်း အရတော်ပါလေစွတကား"

ဤသို့လျှင် ရဟန္တာကြီးနှစ်ပါးတို့သည် အချင်းချင်း ချီးကျူးတော်မူကြကုန်သတည်း။

## ၂၉။ အပြစ်ကင်းစင်တော်မူခြင်း

ဤလောက၌ အပြစ်ကင်းစင်သောသူကား မရှိသလောက်ပင် ရှားပါးလှ၏။ ထိုမျှရှားပါးသော အပြစ်ကင်းစင်သူတို့တွင် အရှင်သာရိပုတ္တရာသည် တစ်ပါးအပါအဝင်ဖြစ်တော်မူ၏။ အရှင်သာရိပုတ္တရာသည် အပြစ်ကင်းစင်သည်ဟု ဝန်ခံသော ပုဂ္ဂိုလ်ကား သာမန်ပညာရှိတစ်ပါးမဟုတ်၊ သဗ္ဗညုမြတ်စွာဘုရားပင်ဖြစ်၏။ သတ္တဝါတို့၏ ကိုယ် နှုတ် စိတ် အမူအရာ ခပ်သိမ်းစုံကို သိတော်မူသောမြတ်စွာဘုရားကပင်လျှင် အပြစ်မရှိ ကင်းစင်ပေသည်ဟု ဝန်ခံလျှင် မျက်မြင်အလေ့အကျင့် အပြုအမူမျှကိုသာ အကဲခတ်နိုင်သော သာမန်ပညာရှိတို့၏ အမြင်၌ကား ဆိုဖွယ်ရာပင် ရှိမည်မဟုတ်ပေ။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဝိသာခါဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် တစ်ခုသော သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ညနေချမ်း၌ ရောက်လာသော ပရိသတ်အား အခါကာလအား လျော်သော တရားကို ဟောတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် ရေချိုးအိမ်၌ ရေချိုးတော်မူပြီးမှ အလယ်တိုင်ကို အမှီပြု၍ ခင်းထားအပ်သော မြတ်စွာဘုရား၏ နေရာတော်၌ အရှေ့ဥဒည်တောင်မှ ထွက်ပေါ်လာသော လဝန်း၏အသရေကို မိမိအသရေဖြင့် လွှမ်းမိုးစေလျက် ထိုင်နေတော်မူ၏။ မြတ်စွာဘုရား၏ ပတ်ဝန်းကျင်၌ ကိလေသာကင်းပြီးသော ရဟန္တာငါးရာကိုသည် မြတ်စွာဘုရားကို ခြံရံ၍ လက်လှုပ်ခြင်း၊ ခြေလှုပ်ခြင်းမျှမရှိ ငြိမ်သက်စွာ လွင်တီးခေါင်၌ ထိုင်နေတော်မူကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ငြိမ်သက်လှသော ရဟန်းပရိသတ်ကို စောင်းငဲ့ကြည့်ရှုတော်မူ၍ ဤသို့မိန့်တော်မူ၏။

"ရဟန်းတို့ ယခုအခါ ငါဘုရားသည် သင်တို့အား ဖိတ်ကြား၏။ ငါဘုရား၏ ကိုယ်အမူရာ နှုတ်အမူအရာ တစ်စုံတစ်ခုကိုမျှ သင်တို့ မကဲ့ရဲ့ကြကုန်သလော။ (ငါဘုရားအား သင်တို့ ကဲ့ရဲ့ဖွယ်ရာ ကိုယ်အမူအရာ နှုတ်အမူအရာ တစ်စုံတစ်ခု ရှိသလော)။"

ထိုအခါ အရှင်သာရိပုတ္တရာသည် ဓမ္မသေနာပတိ တရားစစ်သူကြီးအရာ၌ တည်သူဖြစ်သောကြောင့် ရဟန်းအပေါင်း၏ တာဝန်ကို ထမ်းဆောင်သောအားဖြင့် ရဟန်းငါးရာတို့ကိုယ်စား လျှောက်ထားရမည့် ဝတ္တရားရှိနေ၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် နေရာမှထ၍ သင်္ကန်းကို လက်ကန်တော့တင်ပြီးမှ မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီမိုးကာ ညွှတ်ကိုင်း၍ ဤသို့လျှောက်၏။

"အရှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ တစ်စုံတစ်ခုသော ကိုယ်အမူအရာ နှုတ်အမူအရာကိုမျှ မကဲ့ရဲ့ကြပါကုန်။ ကဲ့ရဲ့စရာမရှိကြပါကုန်။ မြတ်စွာဘုရားသည် မရှိသေးသောလမ်းကို တီထွင်ပေးသူ ဖြစ်တော်မူပါသည်။ ယခုအခါ ရဟန်းတို့သည် မြတ်စွာဘုရား၏ လမ်းစဉ်ကို အစဉ်လိုက်သူများသာ ဖြစ်ကြပါသည်"

"အရှင်ဘုရား အကျွန်ုပ်လည်း မြတ်စွာဘုရားကို ဖိတ်ကြားပါသည်။ မြတ်စွာဘုရားသည် အကျွန်ုပ်၏ တစ်စုံတစ်ခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို ကဲ့ရဲ့တော်မမူပါလော"

"အို သာရိပုတ္တရာ ငါဘုရားသည် သင်၏ တစ်စုံတစ်ခုသော ကိုယ်အမူအရာ နှုတ်အမူအရာကိုမျှ ကဲ့ရဲ့တော်မမူ၊ ကဲ့ရဲ့စရာ မရှိပါပေ။ အို သာရိပုတ္တရာ သင်ကား ကြီးမြတ်သော ပညာရှိဖြစ်၏။ စကြာမင်း၏ သားကြီးရတနာသည် စကြာရတနာကို အတုလိုက်၍လည်စေသကဲ့သို့ ငါဘုရားသည် ဖြစ်စေအပ်သော တရားစကြာကို အတုလိုက်၍ လည်စေနိုင်သူ ဖြစ်ပေ၏"

"အရှင်ဘုရား အကျွန်ုပ်၏ တစ်စုံတစ်ခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို ကဲ့ရဲ့တော်မမူပါလျှင် မြတ်စွာဘုရားသည် ဤငါးရာသော ရဟန်းတို့၏ တစ်စုံတစ်ခုသော ကိုယ်အမူအရာ နှုတ်အမူအရာကို ကဲ့ရဲ့တော်မူပါသလော။ (ဤရဟန်းတို့အား မြတ်စွာဘုရား ကဲ့ရဲ့တော်မူစရာ ရှိပါသလော။)

"အို သာရိပုတ္တရာ ငါဘုရားသည် ဤငါးရာသော ရဟန်းတို့၏ တစ်စုံတစ်ခုသော ကိုယ်အမူအရာ နှုတ်အမူအရာကိုလည်း ငါဘုရား ကဲ့ရဲ့တော်မမူ။ ကဲ့ရဲ့စရာမရှိပါပေ။ အို သာရိပုတ္တရာ ဤရဟန်းတို့တွင် ခြောက်ဆယ်သောရဟန်းတို့သည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသော ရဟန္တာတို့ ဖြစ်ကြပေကုန်၏။ ခြောက်ဆယ်သောရဟန်းတို့သည် အဘိညာဉ်ခြောက်ပါးကိုရသော ရဟန္တာတို့ ဖြစ်ကြပေကုန်၏။ ခြောက်ဆယ်သောရဟန်းတို့သည် သမာဓိပညာ နှစ်ပါးတို့ဖြင့် ကိလေသာမှ

လွတ်သော ရဟန္တာတို့ ဖြစ်ကြပေကုန်၏။ ဤမှကြွင်းသော ရဟန်းတို့ကား ပညာဖြင့် ကိလေသာမှလွတ်သော ရဟန္တာတို့ ဖြစ်ကြပေကုန်၏''

ဤသို့ မိန့်မြွက်တော်မူသောအခါ ဧတဒဂ်ရ ပဋိဘာန်ဉာဏ် ရှိတော်မူသော အရှင်ဝင်္ဂီသသည် မြတ်စွာဘုရားနှင့် ရဟန္တာငါးရာတို့အား စကြာမင်းနှင့် ဥပမာပြု၍ တစ်မုဟုတ်ချင်း နှုတ်လွတ်ဂါထာများ ဖွဲ့နွဲ့လျှောက်ထားသတည်း။

## ၃၀။ သိက္ခာပုဒ်ကို အလွန်ရိုသေခြင်း

### (က) ဇရပ်ဆွမ်း

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည် အသင်းတစ်သင်းသည် ဇရပ်ဆွမ်းကို တည်ခင်းလှူဒါန်းသည်။ ဇရပ်ဆွမ်းကား ဇရပ်တစ်ခုပြုလုပ်၍ ခရီးသွား အာဂန္တုရဟန်းများ၊ မကျန်းမာသော ဂိလာနပုဂ္ဂိုလ်များ၊ ကိုယ်ဝန်ဆောင်မိန်းမများကို ရည်ညွှန်း၍ တည်ခင်းလှူဒါန်းသော ဆွမ်းဖြစ်သည်။ ယင်းကို အာဝသထပိဏ္ဍပုဟု ခေါ်သည်။

တစ်နေ့သော် ဆဗ္ဗဂ္ဂီရဟန်းတို့သည် သာဝတ္ထိမြို့ကြီးတွင် ဆွမ်းခံ၍ ဆွမ်းမရခဲ့သဖြင့် ထိုဇရပ်သို့သွား၍ ဇရပ်ဆွမ်းကို အလှူခံကြသည်။ ဆဗ္ဗဂ္ဂီရဟန်းတို့ကား အကျင့်မကောင်းသဖြင့် ကြည်ညိုသူနည်းပါး၍ ဆွမ်းမရခဲ့ကြခြင်းဖြစ်သည်။ ထိုရဟန်းတို့သည် သုံးရက်တိုင်အောင် ဤနည်းဖြင့် ဇရပ်ဆွမ်းကို ခံယူကြသည်။ ထို့နောက် ''ငါတို့သည် ကျောင်းသို့ပြန်သွားလျှင်လည်း ဤဇရပ်သို့သာ ဆွမ်းခံလာကြရဦးမည်ဖြစ်၍ ဤဇရပ်မှာပင် နေကြမည်ဟု စိတ်ကူးပေါက်၍ ကျောင်းသို့မပြန်ကြတော့ဘဲ ထိုဇရပ်မှာပင် နေကြတော့သည်။ ထိုအခါ တိတ္ထိအလှူခံများ ထိုဇရပ်သို့ အလာနည်းသွားကြသည်။

ထိုအခါ ဒကာတို့က ရဟန်းတို့ကို ကဲ့ရဲ့စကားဆိုကြသည်။ ထိုကဲ့ရဲ့စကားသံကို ရဟန်းများ ကြားသိရသောအခါ မြတ်စွာဘုရားအား လျှောက်ထားကြသဖြင့် မြတ်စွာဘုရားလည်း ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်စေ၍ စစ်ဆေးမေးမြန်းတော်မူပြီး ''ဇရပ်ဆွမ်းကို တစ်ကြိမ်သာ စားရမည်။ ထို့ထက်အလွန်စားလျှင် ပါစိတ်အာပတ်သင့်စေ''ဟု သိက္ခာပုဒ် ပညတ်တော်မူသည်။

တစ်နေ့တွင် အရှင်သာရိပုတ္တရာသည် ကောသလတိုင်း သာဝတ္ထိပြည်သို့ ကြွသွားတော်မူရာ ဇရပ်ဆွမ်းလှူရာ ဇရပ်တစ်ခုသို့ ရောက်တော်မူသည်။ ထိုအခါ လူတို့က ''အရှင်မြတ် ကြာမြင့်မှ ကြွလာတော်မူသည်''ဟု ရိုသေစွာ လှူဒါန်း

လုပ်ကျွေးကြသည်။ ယင်းဇရပ်ဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ အရှင်သာရိပုတ္တရာအား ကြမ်းတမ်းသောရောဂါတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ အရှင်မြတ်လည်း ထိုဇရပ်မှ ကြွသွားရန် မတတ်နိုင်သဖြင့် ထိုဇရပ်မှာပင် ညအိပ်တော်မူရသည်။ လူတို့သည် နောက်တစ်နေ့၌လည်း အရှင်မြတ်အား ဇရပ်ဆွမ်းကို ဆက်ကပ်လှူဒါန်းကြပြန်သည်။ ထိုအခါ အရှင်မြတ်သည် "ဇရပ်တွင်နေ၍ ဇရပ်ဆွမ်းကို မသုံးဆောင်ရ"ဟု မြတ်စွာဘုရား တားမြစ်တော်မူထားသည်ဟု ထိုဆွမ်းကို ဘုဉ်းပေးတော်မမူဘဲ နေတော်မူသည်။ သို့ဖြင့် အရှင်မြတ်သည် ဆွမ်းခံလည်း မကြွသွားနိုင်သဖြင့် ဆွမ်းတစ်နပ် ပြတ်တော်မူသည်။

ထို့နောက် အရှင်မြတ် ဇေတဝန်ကျောင်းတော်သို့ရောက်၍ ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူသောအခါ နာမကျန်းသောရဟန်းကား တစ်ကြိမ်ထက်အလွန် ဇရပ်ဆွမ်းကို စားနိုင်သည်ဟု သိက္ခာပုဒ်တွင် ခြွင်းချက်ထည့်တော်မူသည်။

(ခ) ကြက်သွန်ဖြူနှင့် လေနာ

တစ်ခါသော် မြတ်စွာဘုရားသည် ပရိသတ်အလယ်၌ တရားဟောလျက် ထိုင်နေတော်မူသည်။ ထိုအခါ ရဟန်းတစ်ပါးသည် ကြက်သွန်ဖြူကို စားလာသဖြင့် သူတစ်ပါးတို့အား အနှောင့်အယှက်မဖြစ်ပါစေနှင့်ဟု စိတ်ထား၍ ပရိသတ်အစွန်းက တစ်နေရာ၌ ထိုင်နေသည်။ ယင်းသို့ ထိုင်နေသည်ကို မြင်တော်မူလျှင် မြတ်စွာဘုရားလည်း ရဟန်းတို့ကို ဤသို့မေးတော်မူသည်။

"ရဟန်းတို့ ထိုရဟန်းသည် အဘယ်ကြောင့် တစ်နေရာတွင် ထိုင်နေသနည်း"

"အရှင်ဘုရား ထိုရဟန်းသည် ကြက်သွန်ဖြူကို စားလာသဖြင့် သူတစ်ပါးတို့အား အနှောင့်အယှက်မဖြစ်စေရန် တစ်နေရာ၌ ထိုင်နေပါသည်"

"ရဟန်းတို့ အကြင်ကြက်သွန်ဖြူကို စားသဖြင့် ဤသို့သော တရားပွဲမှ ပြင်ပ၌ နေရ၏။ ထိုသို့သော ကြက်သွန်ဖြူကို စားသင့်သလော"

"အရှင်ဘုရား မစားသင့်ပါ"

"ရဟန်းတို့ ကြက်သွန်ဖြူကို မစားအပ်၊ စားသောရဟန်းအား ဒုက္កဋ်အာပတ်သင့်စေ"

ဤသို့ဖြင့် မြတ်စွာဘုရားသည် ကြက်သွန်ဖြူကို မစားကြရန် ရဟန်းတို့အား သိက္ခာပုဒ် ပညတ်တော်မူလိုက်သည်။ ထို့နောက် တစ်နေ့သောအခါ

အရှင်သာရိပုတ္တရာအား ဝမ်းလေထိုးကျင့်သော လေနာ ဖြစ်ပေါ်လာခဲ့သည်။ ယင်းသို့ အရှင်သာရိပုတ္တရာအား လေနာနှိပ်စက်နေသည်ကို မြင်လျှင် အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်မြတ်ထံသို့ ချဉ်းကပ်၍ ဤသို့ မေးမြန်းတော်မူသည်။

"ငါ့ရှင် သာရိပုတ္တရာ ယခင်က သင့်အား လေနာဖြစ်ပေါ်လာခဲ့လျှင် အဘယ်ဖြင့် ပျောက်ကင်းဖူးသနည်း"

"ငါ့ရှင်မောဂ္ဂလ္လာန် ကြက်သွန်ဖြူဖြင့် ပျောက်ခဲ့ဖူးသည်"

ဤစကားကိုကြားရသောအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား အထံတော်သို့သွား၍ ထိုအကြောင်းကို လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ အနာရောဂါဟူသော အကြောင်းရှိလျှင် ကြက်သွန်ဖြူကို စားရန် ခွင့်ပြုတော်မူသည်"ဟု ခြွင်းချက်ထုတ်တော်မူသည်။ အရှင်သာရိပုတ္တရာကား မြတ်စွာဘုရားကသာ ခွင့်ပြုတော်မမူလျှင် အသက်ကိုသာ အသေခံတော်မူရာသည်။ ပညတ်ထားသော ဝိနည်းသိက္ခာပုဒ်ကိုကား ဖျက်ဆီးချိုးဖောက်မည် မဟုတ်ပေ။

## (ဂ) ကြာစွယ်ကြာရင်းနှင့် ကိုယ်ပူနာ

တစ်ခါသော် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင် မွေ့လျော်သမျှ နေတော်မူပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူသည်။ မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူသောအခါ အရှင်သာရိပုတ္တရာအား ကိုယ်ပူနာ ဖြစ်ပွားလာခဲ့သည်။ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်မြတ်ထံသို့ ချဉ်းကပ်၍ "ယခင်က မည်သည့်အရာဖြင့် ကိုယ်ပူနာ ပျောက်ဖူးပါသနည်း"ဟု မေးမြန်းရာ အရှင်မြတ်က ကြာစွယ်ကြာရင်းဖြင့် ပျောက်ဖူးသည်ဟု ဖြေကြားတော်မူသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် လက်တစ်ဆန့်တစ်ကွေးမျှသော အချိန်အတွင်းမှာပင် ဇေတဝန်ကျောင်းတော်မှ ကွယ်ပျောက်၍ ဟိမဝန္တာ မန္ဒာကိနီအိုင် ကမ်းနားသို့ ထင်ရှားရောက်တော်မူသည်။ ထိုအခါ ဆင်ပြောင်ကြီးတစ်ကောင်သည် အရှင်မဟာမောဂ္ဂလ္လာန်ကို တွေ့မြင်ရ၍ ဤသို့မေးလျှောက်သည်။

"အရှင်မဟာ မောဂ္ဂလ္လာန်ဘုရား ကြွတော်မူပါ၊ အရှင်ဘုရား ကြွရောက်တော်မူလာခြင်းသည် ကောင်းသောကြွလာခြင်းပင် ဖြစ်ပါသည်။ အရှင်ဘုရား အဘယ်ကို အလိုရှိတော်မူပါသနည်း၊ အဘယ်ကို လှူဒါန်းရပါမည်နည်း"

"ငါ့ရှင်ဒကာ ကြာစွယ်ကြာရင်းတို့ကို အလိုရှိသည်"

ထိုစကားကိုကြားလျှင် ထိုဆင်ပြောင်သည် အခြားဆင်ပြောင်တစ်ကောင်ကို ခေါ်၍ "အချင်း အရှင်မြတ်အား ကြာစွယ်ကြာရင်း အလိုရှိသလောက် လှူဒါန်းလော့"ဟု အမိန့်ပေးသည်။ ထိုအမိန့်ပေးခံရသော ဆင်ပြောင်လည်း မန္ဒာကိနီအိုင်အတွင်းသို့ သက်ဆင်း၍ ကြာစွယ်ကြာရင်းတို့ကို နုတ်ယူဆေးကြော၍ အထုပ်ပြုလုပ်ပြီး အရှင်မြတ်ထံသို့ ယူဆောင်သွားသည်။ အရှင်မြတ်လည်း လက်တစ်ဆန့် လက်တစ်ကွေး အချိန်အတွင်းမှာပင် မန္ဒာကိနီအိုင်မှ ကွယ်ပျောက်၍ ဇေတဝန်ကျောင်းတော်သို့ ထင်ရှားရောက်တော်မူသည်။ ထိုဆင်ပြောင်လည်း လက်တစ်ဆန့် လက်တစ်ကွေးအတွင်းမှာပင် မန္ဒာကိနီအိုင်မှ ကွယ်ပျောက်၍ ဇေတဝန်ကျောင်းတော်သို့ ရောက်သည်။ ရောက်လျှင် ထိုဆင်ပြောင်သည် ကြာစွယ်ကြာရင်းထုပ်ကြီးကို အရှင်မဟာမောဂ္ဂလ္လာန်အား ဆက်ကပ်လှူဒါန်း၍ တစ်ခဏချင်းပင် ဇေတဝန်ကျောင်းတော်မှ ကွယ်ပျောက်၍ မန္ဒာကိနီအိုင် ကမ်းနားသို့ ရောက်သွားသည်။

အရှင်မဟာမောဂ္ဂလ္လာန်လည်း အရှင်သာရိပုတ္တရာအား ကြာစွယ်ကြာရင်းတို့ကို ဆက်ကပ်သည်။ ကြာစွယ်ကြာရင်းတို့ကို ဘုဉ်းပေးတော်မူပြီးသောအခါ အရှင်သာရိပုတ္တရာ၏ ကိုယ်ပူနာသည်လည်း ပျောက်ငြိမ်းသည်။ ကြာစွယ်ကြာရင်းတို့ကား များစွာပင် ကျန်ရှိနေကြသည်။ သို့ရာတွင် ဆွမ်းဘုဉ်းပေးပြီးဖြစ်၍ ရဟန်းတို့ သံသယရှိကြသဖြင့် မခံယူဘဲ နေကြသည်။ ထို့နောက် မြတ်စွာဘုရား သိတော်မူ၍ ခွင့်ပြုတော်မူသဖြင့် ခံယူသုံးဆောင်တော်မူကြသည်။

# အခန်း (၄)

# ပညာဂုဏ် ကြီးမားခြင်း

## ၁။ မဟာပညာဗျာဒိတ် (ထေရာပဒါန်)

အရှင်သာရိပုတ္တရာသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ အနောမဒဿီ မြတ်စွာဘုရား၏ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့ရ၏။ ထိုနိယတဗျာဒိတ်ကား "ဤသရဒရသေ့သည် ဂေါတမဘုရားရှင်လက်ထက် ပထမအဂ္ဂသာဝကဖြစ်သောအခါ၌ မဟာပညာတေဒဂ်ကို ရသူဖြစ်လိမ့်မည်"ဟူသော ဗျာဒိတ်စကားဖြစ်သည်။

ထိုစဉ်အခါက အနောမဒဿီ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအလောင်းလျာဖြစ်သော သရဒရသေ့အား နိယတဗျာဒိတ်စကားကို မြွက်ကြားတော်မူရင်း ဤသို့ ချီးကျူးမိန့်မြွက်တော်မူခဲ့၏။

"ဟိမဝန္တာမှစ၍ မဟာသမုဒ္ဒရာ ရောက်သည်တိုင်အောင် ဤအတွင်း၌ရှိသော မြေမှုန့်များကို ရေတွက်သော် ရေတွက်နိုင်ရာ၏။ သာရိပုတ္တရာ၏ ပညာကိုကား မရေမတွက်နိုင်ပေလတ္တံ့။"

"ဂင်္ဂါမြစ်၌ရှိသော သဲလုံးများကို ရေတွက်၍ တစ်နေရာ၌ ချထားသော် သဲလုံးတို့သည် ကုန်ဆုံးခဲ့ကုန်ရာ၏။ သာရိပုတ္တရာ၏ ပညာကား ရေတွက်၍ မကုန်ဆုံးနိုင်ပေလတ္တံ့။"

"မဟာသမုဒ္ဒရာ၌ များလှသော လှိုင်းတံပိုးတို့သည် ရေတွက်၍ မကုန်ဆုံးနိုင်ရာသကဲ့သို့ သာရိပုတ္တရာ၏ ပညာအဆုံးသည် မရှိပေလတ္တံ့"

ဤသို့ ဗျာဒိတ်ရ ပညာကြီးကျယ်သူဖြစ်သည့်အတိုင်းပင် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား မိမိ၏ ပညာကြီးကျယ်ပုံကို ကိုယ်တိုင်ပင် ဤသို့ လျှောက်ထားခဲ့ဖူး၏။

"ဗုဒ္ဓခေတ် စကြဝဠာတစ်သောင်း၌ မြတ်စွာဘုရားကို ချန်ထား၍ ပညာအားဖြင့် အကျွန်ုပ်သည် အမြတ်ဆုံးဖြစ်ပါသည်။ ပညာအားဖြင့် အကျွန်ုပ်နှင့်တူသူ မရှိပါ"

ဤသို့ အနောမဒဿီ မြတ်စွာဘုရား၏ မဟာပညာနိယတ ဗျာဒိတ်စကားကို ရခဲ့သော အရှင်သာရိပုတ္တရာသည် ဂေါတမမြတ်စွာဘုရား လက်ထက်တော်

၌ မဟာပညာတေဒဂ်ရ အဂ္ဂသာဝကဖြစ်တော်မူ၍ မြတ်စွာဘုရား၏ အထူးသဖြင့် ချီးမွမ်းမြှောက်စားခြင်းကို ခံယူတော်မူရ၏။ ချီးမွမ်းတော်မူပုံကား ဤသို့တည်း။

## ၂။ ဗုဒ္ဓမှတစ်ပါး ပညာအရာ၌ ပြိုင်ဘက်ကင်းခြင်း (ဒေဝေါရောဟဏဝတ္ထု)

မြတ်စွာဘုရားသည် တန်ခိုးပြိုင်မည်ဟု ဝါကြွားထောင်လွှားသော တိတ္ထိတို့ကို နှိမ်နင်းတော်မူခြင်းငှာ သာဝတ္ထိပြည် ကဏ္ဍအမည်ရှိသော သရက်ဖြူပင်ရင်း ရေမီးအစုံအစုံထွက်စေသော ယမိုက်ပြာဋိဟာကို ပြတော်မူ၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကာ အဘိဓမ္မာတရားကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။

တန်ခိုးပြာဋိဟာပြရာမှ ရုတ်တရက် တာဝတိံသာသို့ ကြွသွားတော်မူသော အခါ ပရိသတ်တို့သည် ဖူးမြင်၍ မရောင့်ရဲနိုင်အောင် ရှိနေခိုက် ပျောက်ကွယ်သွားသဖြင့် ငိုကြွေးကြကုန်၏။ ထို့နောက် အရှင်မဟာမောဂ္ဂလ္လာန်မှတစ်ဆင့် အရှင်အနုရုဒ္ဓါသို့ကပ်၍ မေးလျှောက်ကြသော် "မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ အဘိဓမ္မာတရားဟောရန် ကြွသွားတော်မူကြောင်း၊ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ လူ့ပြည်သို့ ပြန်ကြွလာလိမ့်မည်ဖြစ်ကြောင်း"ကို သိရသဖြင့် သက်သာရာရကြကုန်၏။ လူတို့သည် "မြတ်စွာဘုရားကို မဖူးရသော် မပြန်ပြီ"ဟု ဆို၍ တန်ခိုးပြတော်မူရာအရပ်၌ပင် တဲအုံကန္နား ထိုး၍နေကြကုန်၏။ မြတ်စွာဘုရားလည်း ထိုအကြောင်းကို သိမြင်တော်မူသဖြင့် တစ်ဆယ့်နှစ်ယူဇနာမျှရှိသော ထိုပရိသတ်အား အရှင်မဟာမောဂ္ဂလ္လာန်က တရားဟောပြောရန်၊ စူဠအနာထပိဏ်သူဌေးက ကျွေးမွေးစောင့်ရှောက်ရန် မိန့်မြွက်တော်မူခဲ့ပြီးဖြစ်၏။

မဟာပဝါရဏာနေ့သို့ရောက်ရန် ခုနစ်ရက်သာလိုသောအခါ၌ ပရိသတ်တို့သည် အရှင်မဟာမောဂ္ဂလ္လာန်အား "မြတ်စွာဘုရား ကြွတော်မူမည့်နေ့ကို သိထားဖို့ သင့်ပါပြီ"ဟု လျှောက်ကြကုန်သဖြင့် အရှင်မဟာမောဂ္ဂလ္လာန်သည် ပရိသတ်တို့ မြင်ရအောင် အဓိဋ္ဌာန်ပြုတော်မူ၍ တာဝတိံသာသို့ ကြွတော်မူ၏။ အရှင်မဟာ မောဂ္ဂလ္လာန်သည် ပရိသတ်တို့မြင်စဉ်မှာပင် မြတ်စွာဘုရား၏ခြေတော်ကို ဦးထိပ်ဖြင့်ရွက်သကဲ့သို့ ရှိခိုး၍ ဤသို့လျှောက်၏။

"အရှင်ဘုရား ပရိသတ်တို့သည် အရှင်မြတ်ဘုရားကို ဖူးမြင်ပြီးမှသာ ပြန်လိုကြပါသည်။ အဘယ်အခါမှာ ဆင်းကြွတော်မူပါမည်နည်း"

"အို မောဂ္ဂလ္လာန် သင့်နောင်တော်ကြီး သာရိပုတ္တရာသည် အဘယ်အရပ်မှာ ရှိသနည်း"

''အရှင်သာရိပုတ္တရာသည် သင်္ကဿမြို့၌ ဝါဆိုပါသည်''

''အို မောဂ္ဂလ္လာန် ငါဘုရားသည် ယနေ့မှ နောက်ခုနစ်ရက်မြောက်သော မဟာပဝါရဏာနေ့၌ သင်္ကဿနဂိုရ်ပြည် မြို့တံခါး၌ ဆင်းသက်တော်မူအံ့။ ငါဘုရားကို မြင်လိုသူတို့ ထိုအရပ်သို့ သွားကြစေကုန်လော့။ သာဝတ္ထိမှ သင်္ကဿနဂိုရ်မြို့သည် ယူဇနာသုံးဆယ်ဝေးပေသည်။ ဤခရီး၌ သွားကြသောအခါ လမ်းခရီးအတွက် ရိက္ခာများကို ယူစရာမလိုဘဲ ရှာဦးကျောင်းသို့ ဥပုသ်စောင့်သွားသကဲ့သို့သာ လာကြကုန်လော့ဟု ပြောကြားလော့''

''အရှင်ဘုရား ကောင်းပါပြီ''

သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့သို့ ရောက်သောအခါ သိကြားမင်းသည် အလယ်မှ ပတ္တမြားစောင်းတန်း၊ လက်ဝဲမှ ငွေစောင်းတန်း၊ လက်ယာမှ ရွှေစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်း၏။ ငွေစောင်းတန်းမှ ဗြဟ္မာတို့ ဆင်းကြသည်။ ရွှေစောင်းတန်းမှ နတ်တို့ ဆင်းသည်။ အလယ်ပတ္တမြားစောင်းတန်းမှ မြတ်စွာဘုရား ဆင်းတော်မူ၏။ ပဉ္စသိခနတ်သားသည် မြတ်စွာဘုရား၏ လက်ယာဘက်မှ ဗေလုဝစောင်းကိုတီး၍ မာတလိနတ်သားသည် ဝဲဘက်မှ ပန်းကုံးကိုကိုင်၍ မဟာဗြဟ္မာသည် ထီးဖြူကိုမိုး၍ သုယာမနတ်သားသည် သားမြီးယပ်ကိုကိုင်၍ လိုက်ကြကုန်၏။ ဤသို့လျှင် မြတ်စွာဘုရားသည် မန္တိုင်းယှဉ်အပ်သော၊ ချီးကျူး၍ မကုန်နိုင်သော အသရေဖြင့် သင်္ကဿနဂိုရ်မြို့သို့ ဆင်းသက်တော်မူ၏။

ထိုအခါ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ကြည်ညိုဖွယ် ဆင်းတော်မူသောအခါ အလုံးစုံသော မထေရ်ကြီးတို့သည် မြတ်စွာဘုရားကို လက်ဦးစွာ ဖူးမြော်လိုကြကုန်၏။ သို့ရာတွင် အရှင်သာရိပုတ္တရာသည်သာလျှင် လက်ဦးစွာ ဖူးမြော်တော်မူရ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် အလွန်တရာ ကြည်ညိုတော်မူလှသဖြင့် မြတ်စွာဘုရားအား များစွာသော အကြောင်းတို့ဖြင့် ချီးကျူးလျှောက်ထား၏။

''အရှင်ဘုရား အကျွန်ုပ်သည် သာယာစွာ တရားဟောကြားတော်မူတတ်သော မြတ်စွာဘုရားကား ဤသို့ နတ်ဗြဟ္မာအပေါင်းတို့ ခြံရံလျက် နှစ်သက်ကြည်ညိုဖွယ်ရာ တာဝတိံသာမှ ကြွလာတော်မူသည်ကို ဤအချိန်မှ ရှေးအခါ၌ တစ်ကြိမ်တစ်ခါမျှ မဖူးမြော်ရဖူးပါ။ တစ်စုံတစ်ယောက်သော သူထံမှလည်း မကြားခဲ့ရဖူးပါ၊

အရှင်ဘုရား ယနေ့ကား အလုံးစုံသော လူနတ်အများတို့သည် အရှင်မြတ်စွာဘုရားအား မြတ်နိုးကြည်ညိုကြပါသည်။ ဘုရားရှင်အဖြစ်ကို ဆုတောင်းကြပါသည်''

ထိုအခါ မြတ်စွာဘုရားသည် လူနတ်အပေါင်းတို့ ကြည်ညိုကြောင်းဖြစ်သော ဂုဏ်ကျေးဇူးတော်တို့ကို ဟောတော်မူရာ ကုဋေသုံးဆယ်မျှ အကျွတ်တရားရကြကုန်၏။ အရှင်သာရိပုတ္တရာ၏ တပည့်ရင်း ရဟန်းငါးရာတို့ကား အရဟတ္တဖိုလ်၌ တည်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် "ငါ၏တပည့်ရဟန်းတို့တွင် မောဂ္ဂလ္လာန်စသော ရဟန်းတို့ကား မိမိတို့တန်ခိုးဣဒ္ဓိပါဒ် စသည်ဖြင့် လူနတ်တို့၌ ထင်ရှားကျော်စောကြကုန်၏။ သာရိပုတ္တရာကား လူနတ်တို့၌ မထင်ရှားသေး။ ယခုအခါ သာရိပုတ္တရာကို ပညာကြီးကြောင်း ထင်ရှားစေအံ့"ဟု ကြံတော်မူ၍ ပြဿနာ မေးတော်မူ၏။

ရှေးဦးစွာ ပုထုဇဉ်တို့အရာ၌ ပြဿနာကို မေးတော်မူရာ ပရိသတ်တို့သည် အားလုံးပင် ဖြေဆိုလျှောက်ထားကြကုန်၏။ တစ်ဖန် သောတာပန်တို့အရာ၌သာဖြစ်သော ပြဿနာကို မေးတော်မူရာ ပုထုဇဉ်တို့ကား မဖြေနိုင်ကြကုန်။ သောတာပန်တို့သာ ဖြေဆိုကြကုန်၏။ တစ်ဖန် သကဒါဂါမ်တို့အရာ၌ဖြစ်သော ပြဿနာကို မေးတော်မူရာ သောတာပန်တို့သည် မဖြေနိုင်ကြကုန်။ သကဒါဂါမ်တို့သာ ဖြေဆိုကြကုန်၏။ တစ်ဖန် အနာဂါမ်တို့အရာ၌ ဖြစ်သော ပြဿနာကို မေးတော်မူရာ သကဒါဂါမ်တို့သည် မဖြေနိုင်ကြကုန်။ အနာဂါမ်တို့သာ ဖြေဆိုကြကုန်၏။ တစ်ဖန် ရဟန္တာတို့အရာ၌ဖြစ်သော ပြဿနာကို မေးတော်မူရာ အနာဂါမ်တို့သည် မဖြေနိုင်ကြကုန်။ ရဟန္တာတို့သာ ဖြေဆိုကြကုန်၏။ တစ်ဖန် မဟာသာဝကတို့၏ အရာ၌ဖြစ်သောပြဿနာကို မေးတော်မူရာ ရဟန္တာသာဝက ရိုးရိုးတို့သည် မဖြေနိုင်ကြကုန်။ မဟာသာဝကတို့သာ ဖြေဆိုကြကုန်၏။ တစ်ဖန် အရှင်မဟာမောဂ္ဂလ္လာန်၏အရာ၌ဖြစ်သော ပြဿနာကို မေးတော်မူရာ မဟာသာဝကတို့သည် မဖြေနိုင်ကြကုန်။ အရှင်မဟာမောဂ္ဂလ္လာန်သာ ဖြေဆိုတော်မူ၏။ တစ်ဖန် အရှင်သာရိပုတ္တရာ၏အရာ၌ဖြစ်သောပြဿနာကို မေးတော်မူရာ အရှင်မဟာမောဂ္ဂလ္လာန်သည် မဖြေဆိုနိုင်။ အရှင်သာရိပုတ္တရာသာ ဖြေဆိုတော်မူ၏။ တစ်ဖန် မြတ်စွာဘုရားတို့အရာ၌ဖြစ်သော ပြဿနာကို မေးတော်မူရာ အရှင်သာရိပုတ္တရာသည် ရုတ်ခြည်း မဖြေဆိုနိုင်ဘဲ အရပ်မျက်နှာတို့သို့ ကြည့်တော်မူ၏။ အရပ်မျက်နှာတို့ကား တစ်ပြင်တည်းသာ ဖြစ်ကုန်၏။ ထိုအခါ အရပ်မျက်နှာမှ နတ် နဂါး ဂဠုန် အလုံးစုံတို့သည် "အရှင်ဘုရား ဤကျွန်ုပ်တို့ဘက်၌ ဤပြဿနာကို ဖြေတတ်သူမရှိပါ။ ဤတစ်ဆယ့်နှစ်ယူဇနာရှိသော ပရိသတ်၌သာ စူးစမ်းတော်မူပါ"ဟု လက်အုပ်ချီ၍ အရှင်သာရိပုတ္တရာအား လျှောက်ထားကြကုန်၏။ ထိုအခါ

မြတ်စွာဘုရားသည် နည်းအမြွက်ကို မိန့်ကြားတော်မူ၏။ ထိုနည်းအမြွက်ကိုရသော အခါ အရှင်သာရိပုတ္တရာသည် သဗ္ဗညုဘုရားရှင်တို့အရာ၌သာဖြစ်သော ပြဿနာကို စုံလင်စွာ ဖြေဆိုတော်မူ၏။

ထို့နောက် အရှင်သာရိပုတ္တရာသည် မိမိပညာသည် မည်မျှကြီးကျယ်ကြောင်း၊ သို့ပင် ကြီးကျယ်ပါသော်လည်း မြတ်စွာဘုရားတို့အရာ၌သာ ဖြစ်သော ပြဿနာကို နည်းအမြွက်မျှမရက ပြည့်စုံစွာ မဖြေနိုင်သဖြင့် သဗ္ဗညုဘုရားရှင်တို့ ပညာတော်ကား နှိုင်းယှဉ်စရာမရှိကြောင်းကို သိစေတော်မူလိုသည်ဖြစ်၍ မြတ်စွာဘုရား၏ ရှေ့တော်၌ရပ်၍ ခြင်္သေ့ဟောက်သကဲ့သို့ ရဲရင့်စွာ မိမိပညာအစွမ်းကို ဤသို့လျှောက်ထား၏။

''အရှင်ဘုရား အကျွန်ုပ်သည် တစ်ကမ္ဘာပတ်လုံးရွာသောမိုး၏ ''ဤမျှသော ရေပေါက်တို့ကား သမုဒ္ဒရာ၌ ကျကုန်၏။ ဤမျှကား မြေပေါ်၌၊ ဤမျှကား တောင်များပေါ်၌ ကျသည်''ဟု ရေတွက်၍ ရေးမှတ်ထားရန်ပင် စွမ်းနိုင်ပါသည်''

''အို သာရိပုတ္တရာ သင်သည် ဤမျှသော မိုးရေပေါက်တို့ကို ရေနိုင်စွမ်းရှိသည်ဟု ငါဘုရား သိတော်မူပေသည်''

ဤသို့ ပညာကြီးကျယ်တော်မူသော အရှင်သာရိပုတ္တရာကား မိမိပညာကြီးကျယ်ပုံကို တစ်ဖန် အောက်ပါအတိုင်း လျှောက်ထားတော်မူပြန်သတည်း။

''အရှင်ဘုရား ပြဿနာတစ်ခုဖြေတိုင်း သဲတစ်လုံးတစ်လုံးချ၍ လည်းကောင်း၊ ရေတစ်ပေါက်တစ်ပေါက်ချ၍ လည်းကောင်း၊ မြေတစ်မှုန့်တစ်မှုန့်ချ၍ လည်းကောင်း ရေတွက်သည်ရှိသော် ဂင်္ဂါမြစ်၌ သဲလုံးတို့သည် ကုန်ခဲ့ကုန်ရာပါ၏။ သမုဒ္ဒရာ၌ ရေတို့သည် ကုန်ခဲ့ကုန်ရာပါ၏။ မဟာပထဝီမြေကြီး၌ မြေမှုန့်တို့သည် ကုန်ခဲ့ကုန်ရာပါ၏။ အကျွန်ုပ်၏ပညာဖြင့်ဖြေသော ပြဿနာအဖြေတို့ကား မကုန်ဆုံးကုန်ရာပါဘုရား''

ဤသို့လျှင် အရှင်သာရိပုတ္တရာ၏ပညာကား နှိုင်းယှဉ်စရာ ဥပမာပင် မရှိဖြစ်သတည်း။ ဤအခါတွင်မှ အရှင်သာရိပုတ္တရာ ပညာကြီးကျယ်ကြောင်းကို လူနတ်အပေါင်းတို့ သိကြကုန်သတည်း။

## ၃။ ဗဟုသုတ (ကုဏ္ဍလကေသီဝတ္ထု)

ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာကား တရားစစ်သူကြီးဟူသော အမည်တော်နှင့် လိုက်လျောညီညွတ်စွာ ဝါဒစစ်ပွဲဆင်နွှဲရာ၌ အောင်မြင်တော်မူသည်သာ

ဖြစ်၏။ လောက၌ မည်မျှကျော်စောထင်ရှားသော ပညာရှိပင် ဖြစ်စေကာမူ အရှင်သာရိပုတ္တရာနှင့် ဝါဒစစ်ပွဲ ဆင်နွှဲမိသည်ရှိသော် အရှုံးပေးအညံ့ခံ၍ အလဲလဲ ရသည်သာဖြစ်၏။ မြတ်စွာဘုရား၏ သာသနာတော်ကို ဝါဒဖြင့် စစ်ဆင်၍ ပြိုင်ဆိုင် ကိုက်ခိုက်လာသမျှ အောင်မြင်စွာ ခုခံချေမှုန်းခဲ့သည်သာ ဖြစ်ပေ၏။ တစ်နေ့သောအခါ "ဤဇမ္ဗူဒိပ်၌ ငါကား ဇမ္ဗုသပြေပင်ကြီးကဲ့သို့ ပညာဖြင့် ထင်ရှားကျော်စောသည်"ဟု ပညာမာန်ယစ်၍ ဝါဒစစ်ဆင်လာသော ပရိဗိုဇ်မတစ်ဦး ကား ဇမ္ဗူပရိဗိုဇ်မပင် ဖြစ်၏။ သူ၏ အတ္ထုပ္ပတ္တိကား မှတ်သားစရာကောင်း လှ၏။

ရာဇဂြိုဟ်မြို့တော်ကြီး၌ သူဌေးသမီးတစ်ယောက်သည် အသက်အားဖြင့် တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ၍ ရုပ်အဆင်းအားဖြင့်လည်း လွန်စွာပင် လှပ တင့်တယ်၏။ မိဘတို့သည် ထိုသူဌေးသမီးကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ဆုံးအထပ်၌ထား၍ အစေခံကျွန်မတစ်ယောက်ကို အလုပ်အကျွေးပြုစေ လျက် ကောင်းစွာ စောင့်ရှောက်ကြကုန်၏။ သို့ရာတွင် ထိုအရွယ်၌ရှိနေသော မိန်းမပျိုတို့ကား ယောကျ်ား၌ လျှစ်ပေါ်လော်လည်တတ်ကြသည့်အတိုင်း သူဌေး သမီးသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ လေသောက်တံခါးမှ လမ်းဘက်သို့ မျှော်ကြည့်စဉ် လက်ပြန်ကြိုးတုပ်၍ ရိုက်နှက်ကာ သူသတ်ကုန်းသို့ ခေါ်ဆောင် လာကြသော သူခိုးတစ်ယောက်ကိုမြင်၍ တပ်မက်ခြင်း ပြင်းစွာဖြစ်လေ၏။

သူဌေးသမီးသည် အစာကိုမစားတော့ဘဲ အိပ်ရာ၌ ညှိုးငယ်စွာအိပ်၍နေ သောအခါ အမိဖြစ်သူသည် အကြောင်းကိုမေး၏။ သမီးဖြစ်သူသည် အမိအား အမှန်အတိုင်းဖွင့်ဟ၍ "ဤသူကိုမရလျှင် မုချသေရပါလိမ့်မည်"ဟု ပြောဆို၏။ ထိုအခါ အမိသည် "အမျိုးအနွယ်တူသော လင်ယောကျ်ားကို ရှာဖွေပေးစားပါ မည်"ဟု ချော့မော့ပြောဆိုသော်လည်း မရသဖြင့် အဘသူဌေးကို တိုင်ကြားရလေ ၏။ အဘသူဌေးလည်း သမီးကို ဖျောင်းဖျပြောဆို၍ မရသဖြင့် ခိုးသူသတ် မင်းချင်းတို့ထံသို့ အများမသိရအောင် အသပြာတစ်ထောင်ကို တိတ်တဆိတ် ပို့စေ၍ ခိုးသူကိုပေးပါရန် တောင်းရလေ၏။ အသပြာတစ်ထောင်ရသော် မင်းချင်း တို့လည်း ခိုးသူကို သူဌေး ထံသို့ လူမသိရအောင်ပို့စေ၍ အခြားသူတစ်ယောက်ကို သတ်ပြီးလျှင် "ခိုးသူကို သတ်ပြီးပါပြီ"ဟု ဘုရင်မင်းမြတ်အား သံတော်ဦးတင် ကြကုန်၏။ သူဌေးလည်း ခိုးသူကိုရသော် သမီးအားပေး၍ ချမ်းသာစွာ နေစေ၏။ သူဌေးသမီးလည်း "လင်ကို နှစ်သက်အားရစေအံ့"ဟု ကြံ၍ ဝတ်စားတန်ဆာ စုံလင်စွာဝတ်ဆင်လျက် ကိုယ်တိုင် ချက်ပြုတ်စီမံ၍ ခိုးသူအား လုပ်ကျွေး၏။

ခိုးသူကား နှစ်ရက်သုံးရက်မျှရှိသောအခါ "ငါသည် အဘယ်အခါ၌ ဤသူဌေးသမီးကိုသတ်၍ တန်ဆာတို့ကို ယူကာ အရက်ဆိုင်၌ရောင်း၍ သောက်စားရပါအံ့နည်း"ဟု အကြံဖြစ်၏။

တစ်နေ့သောအခါ ခိုးသူသည် အိပ်ရာမှမထဘဲ မစားမသောက်နေ၏။ သူဌေးသမီးလည်း ချစ်ခင်ကြင်နာစွာ အကြောင်းကိုမေး၏။ ထိုအခါ ခိုးသူသည် လီဆယ်လို၍ "ငါ့အား အခြားအကြောင်းမရှိပေ၊ မင်းချင်းတို့သတ်ရန် သူသတ်ကုန်းကို ခေါ်ဆောင်ကြစဉ် ခိုးသူချရာချောက်၌စောင့်သောနတ်ကို ကိုးကွယ်တိုင်တန်း၍ 'အကျွန်ုပ်အသက်မသေသော် အရှင်အား ပူဇော်ပသပါမည်'ဟု ဝန်ခံသဖြင့်သာ ယခုလို လွတ်မြောက်၍ ချမ်းသာစွာနေရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ထိုကျေးဇူးရှင်နတ်အား ပူဇော်ပသလိုပါသည်"ဟု ဆို၏။ သူဌေးသမီးလည်း "သို့ဖြစ်လျှင် ပူဇော်ပသကြပါမည်။ ပူဇော်ရန် အဘယ်အရာများကို လိုပါသနည်း"ဟု မေး၍ "ရေမရောသော နို့ဃနာနှင့် ပေါက်ပေါက်လျှင် ငါးခုမြောက်ရှိသောပန်းတို့ကို လိုသည်"ဆိုသဖြင့် လင်ယောကျ်ားဆိုတိုင်း စီမံပြုလုပ်၏။

"အရှင် အားလုံးစီမံပြီးပါပြီ၊ သွားကြပါကုန်အံ့"

"သို့ဖြစ်လျှင် သင့်ဆွေမျိုးတို့ကို နေရစ်စေ၍ သင်တစ်ယောက်တည်းသာ ဝတ်စားတန်ဆာစုံလင်စွာ ဝတ်ဆင်လော့၊ ငါတို့နှစ်ယောက် ပျော်ရွှင်စွာ ကစားမြူးထူး၍ ချမ်းသာစွာ သွားကြကုန်အံ့"

သူဌေးသမီးလည်း လင်ယောကျ်ားဆိုတိုင်း ဝတ်စားဆင်ယင်၍ ရထားစီးကာ ခိုးသူဖြစ်သော လင်နှင့်တကွ အိမ်မှထွက်၏။ တောင်ခြေသို့ရောက်သောအခါ "ဤနေရာမှ ရှေ့အဖို့၌ ငါတို့နှစ်ယောက်တည်းသာ သွားကြကုန်အံ့။ အခြွေအရံတို့ကို ရထားနှင့်တကွ ပြန်စေ၍ ပူဇော်စရာများကို သင်သာလျှင် ချီမခဲ့ပါလော့"ဟု ဆို၏။ သူဌေးသမီးလည်းလင်ယောကျ်ားအလိုအတိုင်းသာ အခြွေအရံတို့ကို ပြန်စေ၍ ပူဇော်စရာကို ကိုယ်တိုင်ယူခဲ့၏။ ခိုးသူလည်း သူဌေးသမီးကိုခေါ်၍ ခိုးသူသတ်ရာ ချောက်ရှိသော တောင်ပေါ်သို့တက်၏။ ထိုတောင်ကား တစ်ဖက်၌ လူတို့တက်နိုင်၏။ တစ်ဖက်၌ကား ကမ်းပါးပြတ်ကြီးဖြစ်၏။ တောင်ထိပ်၌တည်နေ၍ ထိုကမ်းပါးပြတ်၌ ခိုးသူတို့ကို ပစ်ချကြသည်ရှိသော် အပိုင်းပိုင်းပြတ်၍ မြေသို့ကျကုန်၏။ ထို့ကြောင့်ပင် ခိုးသူသတ်ချောက်ဟု အမည်တွင်ခြင်းဖြစ်၏။ သူဌေးသမီးသည် တောင်ထိပ်သို့ရောက်သောအခါ "အရှင် နတ်ပူဇော်မှုကိုပြုပါလော့"ဟု ဆို၏။ ခိုးသူကား မည်သို့ပြောရပြုရမည်ကို ကြံလျက် ဆိတ်ဆိတ်နေ၏။

"အရှင် အဘယ်ကြောင့် ဆိတ်ဆိတ်နေသနည်း"

"ငါသည် နတ်ပူဇော်လိုသည်မဟုတ်၊ သင့်ကို လှည့်ဖြား၍ ခေါ်ခဲ့ခြင်းသာ ဖြစ်သည်"

"အဘယ်ကြောင့် လှည့်စားခေါ်ငင်ခဲ့ပါသနည်း"

"သင့်ကိုသတ်ပြီးလျှင် ဝတ်စားတန်ဆာတို့ကို ယူ၍ ထွက်ပြေးလိုသော ကြောင့်ဖြစ်သည်"

"ကျွန်ုပ်သည်လည်းကောင်း၊ အဆင်တန်ဆာတို့သည် လည်းကောင်း၊ အရှင့်ဥစ္စာများသာ ဖြစ်ကြပါသည်။ အဘယ်ကြောင့် ဤသို့ပြောဆိုပါသနည်း။ ဤသို့ပြုရန်မသင့်ပါ"

"သင့်ကို သတ်ရမည်သာဖြစ်၏။ မသတ်ဘဲ မနေနိုင်ပေ"

"အရှင် ဤသို့ဖြစ်သော် အကျွန်ုပ်သေခြင်းဖြင့် အရှင်အား အဘယ်အကျိုး ရှိအံ့နည်း၊ ဤအဆင်တန်ဆာတို့ကိုယူ၍ အကျွန်ုပ်အသက်ကိုကား ချမ်းသာပေးပါ လော့၊ ဤအချိန်မှစ၍ အကျွန်ုပ်ကို သေပြီဟုသာ သဘောထားပါလော့၊ သို့မဟုတ် လျှင်လည်း အရှင်၏ ကျွန်မအရာ၌နေ၍သာ အမှုကိစ္စရှိသမျှကို လုပ်ပါမည်"

"ဤသို့ပြုသော် သင်သည် သင့်မိဘတို့ထံသို့ ပြန်သွား၍ အကြောင်းစုံကို ပြောကြားလတ္တံ့၊ ထို့ကြောင့် သင့်ကိုသတ်ရမည်သာ ဖြစ်ပေသည်၊ ရှင်မ ယခုအခါ ပြင်းထန်စွာ ငိုကြွေး၍ မနေပါလင့်"

ဤစကားကို ကြားရသောအခါ သူဌေးသမီးသည် ငိုကြွေးလျက်ပင် 'ဤအမှုကား ဝန်လေးလှချေ၏တကား၊ ပညာမည်သည်ကိုလည်း ချက်ပြုတ်စားသောက်ရန် သင်ကြားကြရသည်မဟုတ်၊ စင်စစ်ကား ယခုကဲ့သို့ အခက်အခဲ ရှိသောအခါ၌ ဆင်ခြင်ဆုံးဖြတ်တတ်ရန်သာ သင်ကြားကြရသည်။ ဤမျှ ယုတ်မာ ရက်စက်သောသူအား ပြုရမည့်အမှုကို သိစေတော့အံ့' ဟု ကြံ၍ ဤသို့ဆို၏။

"အရှင် ဤသို့ဖြစ်သော် အကျွန်ုပ်ကား အရှင့်ကို ခိုးသူဟု ဖမ်းယူခေါ် ဆောင်သွားကြသောအချိန်၌ မိဘတို့အား မရမကပြောကြား၍ အသပြာတစ်ထောင် ပေးကာ အိမ်၌ထားခဲ့ပါသည်။ ထိုအခါမှစ၍ အရှင့်အား ရိုသေစွာ လုပ်ကျွေးခဲ့ပါ သည်။ ယနေ့ကား နောက်ဆုံးနေ့ဖြစ်၍ ဝဝကြီးကြည့်ရှု၍ အရှင့်ကို ရှိခိုးကန်တော့ ခွင့် ပေးပါလော့"

"ရှင်မ ကောင်းပြီ၊ ဝဝကြီးကြည့်ရှု၍ ရှိခိုးလော့"

ခိုးသားသည် တောင်ထိပ်၌ရပ်ကာ ရှိခိုးကန်တော့ခံ၏။ သူဌေးသမီးလည်း သုံးကြိမ် လက်ယာရစ်လှည့်၍ အရပ်လေးမျက်နှာတို့၌နေ၍ ရှိခိုးပြီးလျှင် "အရှင်

ဤယခုမြင်ရခြင်းကား နောက်ဆုံးမြင်ရခြင်း ဖြစ်ပါသည်၊ ယခုအခါ အရှင့်ကို ကျွန်ုပ်မြင်ရခြင်းသည်လည်းကောင်း၊ ကျွန်ုပ်ကို အရှင်မြင်ရခြင်းသည်လည်းကောင်း မရှိတော့ပါပြီ''ဟုဆို၍ ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း ပွေ့ဖက်ကာ သတိမမူဘဲရပ်၍နေသော ခိုးသားကို နောက်ကျောဘက်၌ရပ်၍ လက်တစ်ဖက်ဖြင့် ပခုံးကို လက်တစ်ဖက်ဖြင့်ခါးကို ကိုင်၍ ချောက်ကမ်းပါး၌ ပစ်ချ၏။ ခိုးသားသည် ချောက်ကမ်းပါး၌ ထိခိုက်၍ အပိုင်းပိုင်းပြတ်ပြီးမှ မြေ၌ကျလေ၏။ ထိုအခါ တောင်စောင့်နတ်သည် ဤအခြင်းအရာအလုံးစုံကို အကုန်အစင် သိမြင်ရသည်ဖြစ်၍ သူဌေးသမီးအား ဤသို့ကောင်းချီးပေး၏။

''ယောကျ်ားသာလျှင် နေရာတကာတို့၌ ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း ထိုထိုနေရာတို့၌ ဆင်ခြင်သိမြင်တတ်သော ပညာဉာဏ် ရှိပါပေသည် တကား''

ထို့နောက် သူဌေးသမီးသည် ''ငါသည် အကယ်၍ အိမ်သို့ပြန်သွားအံ့၊ သင့်ယောကျ်ားကား အဘယ်မှာနည်းဟု ငါ့ကို မေးကြကုန်လတ္တံ့၊ ထိုအခါ အကယ်၍ 'ကျွန်ုပ်သတ်ခဲ့ပါသည်'ဟု ဆိုသော် 'ဟယ်- အဆုံးမခက်သော မိန်းကလေး သင်ကား အသပြာတစ်ထောင်ပေး၍ ခေါ်ယူထားပြီးမှ ယခုသတ်ပြန်ခဲ့သည်'ဟု ဆိုကြကုန်လတ္တံ့။ ကျွန်ုပ်၏ ဝတ်စားတန်ဆာကို သတ်ယူထွက်ပြေးလိုသော ယောကျ်ားဖြစ်ပါသည်ဟု ငါဆိုသော်လည်း ငါ့စကားကို မယုံကြည်ကြကုန်လတ္တံ့။ ငါ့အား အိမ်သို့ပြန်ခြင်းဖြင့် အကျိုးရှိတော့မည်မဟုတ်ပြီ''ဟု အကြံဖြစ်၏။

သူဌေးသမီးသည် အဆင်တန်ဆာတို့ကို ချွတ်၍ ထိုတောင်ထိပ်၌သာလျှင် ထားခဲ့ပြီးနောက် တောအရပ်သို့ဝင်၍ အစဉ်အတိုင်း လျှောက်သွားလေသော် ပရိဗိုဇ်ကျောင်းတစ်ကျောင်းသို့ ရောက်လေ၏။ သူဌေးသမီးသည် ပရိဗိုဇ်တို့ထံ ဝင်၍ မိမိ ပရိဗိုဇ်ပြုလိုပါကြောင်းကို ခွင့်တောင်း၏။ ပရိဗိုဇ်တို့လည်း သူဌေးသမီးကို ပရိဗိုဇ်ပြုလုပ်ပေးကြကုန်၏။ ထို့နောက် သူဌေးသမီးသည် ပရိဗိုဇ်တို့ကို ဤသို့မေး၏။

''အရှင်တို့ အရှင်တို့၏ ရဟန်းအဖြစ်၌ အဘယ်သည် အမြတ်ဆုံးနည်း''

''အို နမ ကသိုဏ်း ၁၀ ပါးကိုပွား၍ ဈာန်ကိုသော်လည်း ဖြစ်စေအပ်၏။ ဝါဒတစ်ထောင်ကိုသော်လည်း သင်ယူအပ်၏။ ဤအကျိုးနှစ်ပါးတို့သည် အမြတ်ဆုံးတည်း''

''အရှင်ကောင်းတို့ ကျွန်ုပ်သည် ဈာန်တရားကို ဖြစ်စေနိုင်မည်မထင်ပါ။ ဝါဒတစ်ထောင်ကိုသာ သင်ယူပါအံ့''

ပရိဗိုဇ်တို့သည် သူဌေးသမီးအား ဝါဒတစ်ထောင်ကို သင်ပေးကြကုန်၏။ သူဌေးသမီးလည်း ပညာဉာဏ် ထက်မြက်သူဖြစ်၍ ဝါဒတစ်ထောင်ကို မမြင့်မီပင် တတ်မြောက်လေ၏။ ထိုအခါ ပရိဗိုဇ်တို့သည် "သင်ကား အတတ်ပညာကို တတ်သိလေပြီ။ ယခုအခါ ဇမ္ဗူဒိပ်မြေအပြင်၌ လှည့်လည်၍ မိမိနှင့် ယှဉ်ပြိုင်၍ ပြဿနာဖြေဆိုနိုင်သူကို ရှာဖွေလော့"ဟု ထိုပရိဗိုဇ်မ၏ လက်၌ သပြေခက်ကို ပေးအပ်၍ လွှတ်လိုက်ကြကုန်၏။ "အို နှမ သင်နှင့်ယှဉ်ပြိုင်၍ ပြဿနာဖြေဆိုနိုင်သူကို တွေ့ရလျှင် လူဖြစ်သော် ထိုသူကို လုပ်ကျွေးလေလော့၊ ရဟန်းဖြစ်သော် သူ့ထံ၌ ရဟန်းပြုလေလော့"ဟု မှာလိုက်ကြကုန်၏။

ထိုပရိဗိုဇ်မသည် ဇမ္ဗူ့ပရိဗိုဇ်မဟု အမည်တွင်၏။ ဇမ္ဗူဒိပ်ကျွန်းကို လှည့်လည်၍ ဝါဒအရာ၌ ပြဿနာကို ဖြေဆိုနိုင်မည့်သူကို ရှာ၏။ ဇမ္ဗူ့ပရိဗိုဇ်မနှင့် ယှဉ်ပြိုင်၍ ဝါဒအရာ၌ ပြဿနာဖြေဆိုနိုင်သူကား မရှိဖြစ်လေ၏။ ဇမ္ဗူ့ပရိဗိုဇ် လာသည်ဟု ကြားလျှင် လူတို့သည် ပြဿနာမေးမည်ကို ကြောက်၍ ထွက်ပြေးကြကုန်၏။ ဇမ္ဗူ့ပရိဗိုဇ်သည် ရွာနိဂုံးသို့ ဆွမ်းခံဝင်သည်ရှိသော် ရွာတံခါး၌ သဲကိုစုပုံ၍ သပြေခက်ကို စိုက်ခဲ့၏။ "ငါနှင့် ဝါဒယှဉ်ပြိုင်နိုင်သူသာ ဤသပြေခက်ကို ချိုးပိုင်စေ"ဟု ဆို၍ ရွာတွင်းသို့ ဝင်လေ့ရှိ၏။ ထိုအခါ ပရိဗိုဇ်မ၏ သပြေခက်အနီးသို့ ချဉ်းကပ်ဝံ့သူပင် မရှိဖြစ်လေ၏။

တစ်နေ့သောအခါ ဇမ္ဗူ့ပရိဗိုဇ်မသည် သာဝတ္ထိမြို့တော်သို့ ရောက်လာ၏။ မြို့တံခါး၌ သပြေခက်ကို စိုက်ထား၍ ယခင်နည်းတူ ပြောဆိုခဲ့ပြီးမှ မြို့တွင်းသို့ ဆွမ်းခံဝင်၏။ ကလေးသူငယ်တို့သည် စုရုံး၍ သပြေခက်စိုက်ရာအရပ်၌ ရပ်နေကြကုန်၏။

## အရှင်သာရိပုတ္တရာနှင့်တွေ့ခြင်း

ထိုအခါ အရှင်သာရိပုတ္တရာသည် မြို့တွင်းမှ ဆွမ်းဘုဉ်းပေး၍ ပြန်ကြွလာတော်မူလေသော် မြို့တံခါး၌ သပြေခက်ကို ဝန်းရံ ကြည့်ရှုနေကြသော ကလေးတို့ကို မြင်တော်မူ၍ မေးတော်မူ၏။ ကလေးတို့လည်း မထေရ်အား ထိုအကြောင်းကို လျှောက်ကြကုန်၏။

"သူငယ်တို့ သို့ဖြစ်လျှင် ဤသပြေခက်ကို ချိုးဖျက်ကြကုန်"

"အရှင်ဘုရား ကြောက်ရွံ့ပါသည်"

"ငါသည် ပြဿနာကို ဖြေအံ့၊ သင်တို့ ချေဖျက်ကြကုန်"

သူငယ်တို့သည် မထေရ်၏စကားဖြင့် အားတက်၍ သပြေခက်ကို နုတ်ယူ

ကာ ချေဖျက်ကြကုန်၏။ ပရိဗိုဇ်မသည် ဆွမ်းခံရာမှ ပြန်လာ၍ မိမိ၏ သပြေခက် ကြေမွနေသည်ကိုမြင်သော် သူငယ်တို့ကို ရေရွတ်ပြောဆို၍ ဤသို့မေး၏။

"သင်တို့သည် ငါ့ပြဿနာနှင့် မစပ်ဆိုင်ကြကုန်၊ အဘယ်ကြောင့် ချိုးဖျက်ကြကုန်သနည်း"

"ဤအရှင်က အချေဖျက်ခိုင်းပါသည်"

"အရှင်ဘုရား အရှင်ဘုရားသည် ကျွန်ုပ်၏ သပြေခက်ကို ချေဖျက်ခိုင်းပါသလော"

"အို နှမ ခိုင်းပေသည်"

"သို့ဖြစ်လျှင် အကျွန်ုပ်၏ ပြဿနာကို ဖြေပါလော့"

"ကောင်းပြီ ငါဖြေဆိုအံ့"

ထို့နောက် ဇမ္ဗူ့ပရိဗိုဇ်မသည် ညနေစောင်းအချိန်၌ ပြဿနာမေးရန် ဇေတဝန်ကျောင်းတော် အရှင်သာရိပုတ္တရာ၏ အထံသို့သွား၏။ သာဝတ္ထိတစ်မြို့လုံးသည် တုန်လှုပ်ချောက်ချား၏။ "ပညာရှိနှစ်ပါးတို့၏စကားကို နားထောင်ကြကုန်အံ့"ဟု ဆို၍ မြို့သူမြို့သားတို့သည် ဇမ္ဗူ့ပရိဗိုဇ်မနှင့် အတူတကွသာလျှင် ဇေတဝန်ကျောင်းတော်သို့ သွားကြကုန်၏။ အရှင်သာရိပုတ္တရာ၏ အထံသို့ရောက်သောအခါ ရှိခိုး၍ သင့်ရာ၌ ထိုင်ကြကုန်၏။ ထိုအခါ ဇမ္ဗူ့ပရိဗိုဇ်မသည် အရှင်သာရိပုတ္တရာအား ဤသို့ဆို၏။

"အရှင်ဘုရား အကျွန်ုပ် ပြဿနာမေးပါအံ့"

"အို နှမ မေးလော့"

ဤသို့ ခွင့်ပြုတော်မူသောအခါ ဇမ္ဗူ့ပရိဗိုဇ်မသည် ဝါဒတစ်ထောင်ကို မေး၏။ မေးတိုင်း မေးတိုင်းသော ပြဿနာကို အရှင်သာရိပုတ္တရာသည် ဖြေဆိုတော်မူ၏။ ထို့နောက် ဇမ္ဗူ့ပရိဗိုဇ်မသည် မေးစရာကုန်၍ အမေးရပ်သွားသောအခါ မထေရ်သည် ပရိဗိုဇ်မအား ဤသို့မိန့်၏။

"အို နှမ သင်၏ပြဿနာကား ဤမျှသာလော၊ သို့တည်းမဟုတ် ဤမှတစ်ပါးလည်း ရှိသေးသလော"

"အရှင်ဘုရား ဤမျှသာဖြစ်ပါသည်"

"သင်သည် ငါ့အား ပြဿနာအများကိုပင် မေးဘိသည်၊ ငါကလည်း သင့်အား ပြဿနာတစ်ခုကို မေးအံ့၊ သင်ဖြေမည်လော"

"သိလျှင် ဖြေပါမည်။ အရှင်ဘုရား မေးတော်မူပါလော့"

"အို နှမ တစ်ခုဆိုသည်ကား အဘယ်နည်း"

ထိုအခါ ဇမ္ဗုပရိဗိုဇ်မသည် ဤသို့ဖြေသင့်သည်ဟု မသိနိုင်သောကြောင့် အရှင်သာရိပုတ္တရာကိုပင် ပြန်၍ ဤသို့မေး၏။

"အရှင်ဘုရား ဤပြဿနာကား အဘယ်ပြဿနာမျိုးတည်း"

"အို နှမ ဗုဒ္ဓပြဿနာ ဖြစ်ပေသည်"

"အကျွန်ုပ်အားလည်း ထိုပြဿနာကို သင်ကြားပေးပါလော့"

"အကယ်၍ ငါကဲ့သို့ ရဟန်းပြုနိုင်လျှင် သင်ပေးမည်"

"အကျွန်ုပ် ရဟန်းပြုပါမည်၊ အကျွန်ုပ်ကို ရဟန်းပြုပေးပါလော့"

အရှင်သာရိပုတ္တရာသည် ဘိက္ခုနီတို့အား အကြောင်းကြား၍ ဇမ္ဗုပရိဗိုဇ်မကို ဘိက္ခုနီ ပြုစေတော်မူ၏။ ဘိက္ခုနီမတို့သည် ရှေးဦးစွာ ရှင်သာမဏေမ (သာမဏေရီ)ပြု၍ ထို့နောက်မှတစ်ဖန် ဘိက္ခုနီအဖြစ်သို့ ရောက်စေကြကုန်၏။ ဤသို့ ဘိက္ခုနီဖြစ်သောအခါ ပရိဗိုဇ်ကျောင်း၌ ပရိဗိုဇ်ရဟန်းပြုစဉ် ဆံပင်ကို ထန်းစေ့နှင့်ညှပ်၍ နုတ်ကြရာမှ ရစ်ခွေ၍ ဆံပင်များပေါက်သောကြောင့် ကုဏ္ဍလကေသီထေရီဟု အမည်တွင်လေ၏။ ဘိက္ခုနီအဖြစ်သို့ရောက်၍ နှစ်ရက်သုံးရက် ကုန်လွန်သောအခါ၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ထိုအခါ ရဟန်းတို့သည် "ကုဏ္ဍလကေသီထေရီမကား တရားကို များစွာ မနာရဘဲ ရဟန်းကိစ္စ ပြီးဆုံးတော့သည်၊ လူဝတ်နှင့် နေစဉ်ကလည်း ခိုးသူ တစ်ယောက်နှင့် စစ်ပွဲကြီးကျင်းပ၍ အနိုင်ရခဲ့ပေသည်"ဟု ချီးကျူးကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့စုဝေးကြရာ တရားသဘင်သို့ ကြွလာတော်မူ၍ အကြောင်းကို မေးတော်မူပြီးမှ ဤသို့ ဟောကြားတော်မူ၏။

"အကျိုးမဲ့ပုဒ်မျိုးတို့နှင့်တကွဖြစ်သော ဂါထာတစ်ရာကို ဟောခြင်းထက် ကြားနာရသောအခါ ကိလေသာငြိမ်းစေတတ်သော တရားပုဒ် တစ်ပုဒ်တစ်ပါဒကို ဟောခြင်းသည် မြတ်၏"

"စစ်ပွဲ၌ ဗိုလ်ပါတစ်သိန်းကို အောင်မြင်သော သူရဲကောင်းထက် တစ်ယောက်တည်းသော မိမိကိုယ်ကို အောင်မြင်သောသူသည် မြတ်၏။ အမြတ်ဆုံး စစ်အောင်သူ ဖြစ်ပေ၏"

## ၄။ မေးသမျှ ပြဿနာကို ဖြေဆိုခြင်း

(ပရိဗိုဇ်မလေးယောက်တို့ဝတ္ထု)

အရှင်သာရိပုတ္တရာသည် ပရိဗိုဇ်အဖြစ်နှင့်နေစဉ်ကပင် ဥပတိဿပရိဗိုဇ်ဟု ဆိုလျှင် မသိသူမရှိသလောက် ထင်ရှားကျော်စောခဲ့၏။ ဗေဒင်သုံးပုံနှင့်တကွ

ပရိဗိုဇ်တို့၏ အယူဝါဒများကို အကြွင်းမဲ့တတ်မြောက်တော်မူခဲ့၏။ ထို့နောက် အတုမရှိသော သဗ္ဗညုဘုရား၏ တရားတော်ကို နာရသောအခါ သာဝကတို့ ရောက်အပ်သော ပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်တော်မူခဲ့၏။ ဤသို့ လောကီလောကုတ္တရာ ပညာမျိုးစုံ တတ်ကျွမ်းတော်မူသောကြောင့် လောက၌ ဝါဒတံခွန်ထူ၍ တလုံ့လုံ့တက်ကြွသော ပညာရှိဆိုသူတို့သည် အရှင်သာရိပုတ္တရာနှင့် တွေ့သောအခါ မာန်တံခွန်ကိုချ၍ တပည့်ခံကြရသည်သာ ဖြစ်၏။ ဤသို့ လာလာသမျှ ပညာရှိဆိုသူတို့ကို ပညာလက်နက်ဖြင့် ဆီးဆို့တိုက်ဖျက်နိုင်စွမ်းရှိခြင်းကြောင့်ပင် ဓမ္မသေနာပတိ တရားစစ်သူကြီးအရာ၌ ထားတော်မူခြင်း ဖြစ်ပေ၏။

ဝေသာလီပြည်၌ နိဂဏ္ဌပညာရှိကြီးတစ်ဦးရှိ၏။ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက်သော လိစ္ဆဝီမင်းတို့သည် ပြဿနာ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းတို့၌ လွန်စွာ အထုံဝါသနာပါကြသဖြင့် ထိုဆရာကြီးကို နှစ်သက်ကြည်ညို၍ များစွာ ချီးမြှောက်ကြကုန်၏။ တစ်ရံရောအခါ နိဂဏ္ဌမိန်းမ ပညာရှိတစ်ဦးသည် ဝေသာလီပြည်သို့ရောက်လာ၏။ ထိုနိဂဏ္ဌမိန်းမလည်း ဝါဒငါးရာကို တတ်ကျွမ်းသူပင် ဖြစ်၍ အခြားသူတို့နှင့် ယှဉ်ပြိုင်ရန် မဖြစ်နိုင်သောကြောင့် နိဂဏ္ဌဆရာကြီးနှင့် တွေ့ဆုံ၍ အချေအတင် ဆွေးနွေးပြောဆိုစေကြကုန်၏။ နိဂဏ္ဌနှစ်ဦးတို့သည် တစ်ဦးကိုတစ်ဦး မလွှမ်းမိုးနိုင်ဘဲ ပညာရှိများသာ ဖြစ်ကြသည်ကို တွေ့ရသဖြင့် လိစ္ဆဝီမင်းတို့သည် ထိုနိဂဏ္ဌနှစ်ဦးကို စုံဖက်ပေးစား၍ ချီးမြှင့်မြှောက်စားကြကုန်၏။

ကာလကြာသော်ထိုနိဂဏ္ဌနှစ်ဦးတို့မှ သမီးလေးယောက် သားတစ်ယောက် ထွန်းကားခဲ့၏။ သမီးတို့ကား သစ္စာ၊ လောလာ၊ အဝဝါဒိကာ၊ ပဋ္ဌစ္ဆာဒါဟူ၍ အမည်ရှိကြကုန်၏။ သားတစ်ယောက်ကား သစ္စကအမည်ရှိ၏။ နိဂဏ္ဌနှစ်ဦးတို့ သည် မိမိတို့၏ သားသမီးတို့အား အမိအဘ နှစ်ဖက်လုံးတို့မှလာသော ဝါဒ တစ်ထောင်ကို သင်ကြကုန်၏။ သားသမီးတို့လည်း ဝါဒတစ်ထောင်တတ်သဖြင့် ဇမ္ဗူဒိပ်၌ ပြိုင်ဘက်ကင်းသော နိဂဏ္ဌပညာရှိများ ဖြစ်လာကြကုန်၏။ သစ္စကကား လိစ္ဆဝီမင်းတို့၏ ဆရာကြီးလုပ်၍ ဝေသာလီ၌ပင် နေထိုင်၏။ သူ၏အစ်မ လေးယောက်တို့ကိုကား မိဘတို့သည် "သင်တို့နှင့် ဝါဒပြိုင်နိုင်သူကို လိုက်လံ ရှာဖွေကြကုန်၊ တွေ့ရှိသောအခါ လူဖြစ်က လင်ပြု၍ လုပ်ကျွေးကြကုန်၊ ရှင် ရဟန်းဖြစ်က တပည့်ခံကြကုန်"ဟု မှာကြားသွန်သင်၍ လွှတ်လိုက်ကြကုန်၏။

ထိုပရိဗိုဇ်မလေးယောက်တို့သည် "ငါတို့ကား ဇမ္ဗူဒိပ်၌ ဇမ္ဗူသပြေပင် ကဲ့သို့ ထင်ရှားကျော်စောသူများ ဖြစ်ကြသည်"ဟူသော အထိမ်းအမှတ်ဖြင့် သပြေ

ခက်တစ်ခက်ကို ကိုင်၍ တစ်မြို့မှ တစ်မြို့သို့ လှည့်လည်ကြကုန်၏။ ပညာနှင့် ကြင်ရာရှာခြင်းပင်ဖြစ်၏။ ပရိဗိုဇ်မတို့သည် ရောက်လေရာ မြို့ရွာတို့၌ ရွာတွင်းသို့ ဆွမ်းခံဝင်ကြသော ရွာတံခါး၌ သဲကိုစု၍ သပြေခက်ကိုစိုက်ပြီးမှ "ငါတို့နှင့် ဝါဒပြိုင်နိုင်သူသာ ဤသပြေခက်ကို နုတ်ယူပိုင်စေ"ဟု ကြွေးကြော်ခဲ့ကြကုန်၏။ ထိုပရိဗိုဇ်မ လေးယောက်တို့သည် သာဝတ္ထိပြည်သို့ ရောက်လာ၍ မြို့တံခါး၌ သပြေခက်ကို စိုက်ခဲ့ပြီးမှ မြို့တွင်းသို့ ဆွမ်းခံဝင်ကြကုန်၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူခိုက် ဖြစ်ပေ၏။ အရှင်သာရိပုတ္တရာသည် ဇေတဝန်ကျောင်းတော် တစ်တိုက်လုံး၌ တံမြက်မလှည်းရသေးသော နေရာကို တံမြက်လှည်း၍၊ ရေမထည့်ရသေးသော အိုးတို့၌ ရေထည့်၍၊ ဂိလာနတို့အား လိုသောအရာကို မေးမြန်းပြုစု၍ နေမြင့်မှ ဆွမ်းခံဝင်တော်မူလေ့ရှိ၏။ ထိုနေ့၌လည်း အခြားနေ့များ၌ကဲ့သို့ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်တော်မူ၍ နေမြင့်မှ သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံဝင်ခဲ့၏။

မြို့တံခါးသို့ရောက်သောအခါ သူငယ်တို့ သပြေခက်ကို ဝိုင်းအုံကြည့်ရှုနေကြသည်ကို မြင်တော်မူ၍ အကြောင်းကိုမေးတော်မူ၏။ သူငယ်တို့လည်း ပရိဗိုဇ်မတို့ မှာခဲ့သည့်အတိုင်း လျှောက်ထားကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် "သပြေခက်ကိုနုတ်ယူ၍ ချေဖျက်ကြကုန်၊ ပြဿနာမေးလိုသော် ဇေတဝန်ကျောင်းတော် တံခါးမုခ်သို့ လာ၍မေးလော့ဟု ဆိုကြကုန်"ဟု မိန့်တော်မူသဖြင့် သူငယ်တို့သည် သပြေခက်ကို နုတ်ယူ၍ ဖျက်ဆီးလိုက်ကြကုန်၏။

ပရိဗိုဇ်မတို့ ပြန်ထွက်လာသောအခါ သပြေခက် ပျက်စီးနေသည်ကိုမြင်၍ သူငယ်တို့အား "အသူဖျက်သနည်း"ဟု မေးသော် "အရှင်သာရိပုတ္တရာ ဖျက်စေသည်၊ ပြဿနာမေးလိုသော် ဇေတဝန်ကျောင်းတံခါးမုခ်သို့ လာ၍မေးနိုင်သည်ဟု မှာသွားပါသည်"ဟု ဆိုကြကုန်၏။ ထိုအခါ ပရိဗိုဇ်မတို့သည် သာဝတ္ထိမြို့တွင်းသို့ ဝင်ပြန်၍ သက်သေဖြစ်ထိုက်သောသူ၊ ကြားနာလိုသောသူတို့ကို ကြွေးကြော်ခေါ်ယူခဲ့ကြပြီးမှ လူတို့နှင့်အတူ ဇေတဝန်ကျောင်းတော်သို့ သွားကြကုန်၏။

အရှင်သာရိပုတ္တရာလည်း ဆွမ်းကိစ္စပြီးသောအခါ မြို့တွင်းမှ ထွက်တော်မူ၍ ဇေတဝန်ကျောင်းတံခါးမုခ်၌ ထိုင်၍စောင့်နေတော်မူ၏။ ပရိဗိုဇ်မတို့ ရောက်လာ၍ ပြဿနာမေးကြသောအခါ အလုံးစုံဖြေဆိုတော်မူပြီးနောက် ပရိဗိုဇ်မတို့အား "တစ်ခုဟူသည် အဘယ်နည်း"ဟု ပြဿနာတစ်ခုကိုသာ မေးတော်မူ၏။ ထို ပြဿနာကို ပရိဗိုဇ်မတို့ မဖြေနိုင်ကြသောကြောင့် မိဘတို့ မှာလိုက်သည့်အတိုင်း

အရှင်သာရိပုတ္တရာ၏အထံ၌ ရဟန်းပြုခွင့်တောင်း၍ ဇမ္ဗူ့ပရိဗိုဇ်အတူပင် ဘိက္ခုနီများ ပြုကြကုန်သတည်း။

## ၅။ စကားစစ်ထိုးခြင်း (မဟာဝါဒီပရိဗိုဇ်ဝတ္ထု)

အရှင်သာရိပုတ္တရာသည် ဝါဒစစ်ပွဲကိုသာ ဆင်နွှဲ၍ အောင်မြင်သည်မဟုတ်၊ လောက၌ တံခွန်စိုက်ဖြစ်သော ပညာရှိတို့နှင့် စကားစစ်ထိုးရာ၌လည်း အောင်မြင်တော်မူခဲ့သည်သာ ဖြစ်၏။ မိမိကိုယ်တိုင် ပရိဗိုဇ်အဖြစ်နှင့်နေ၍ သင်ခဲ့ပြီးဖြစ်သော ပရိဗိုဇ်တို့၏ ဝါဒများ၌သာ ကျွမ်းကျင်တော်မူသည်မဟုတ်၊ စာမရှိသားမြီးဖျား ကိုပင် မှန်အောင်ပစ်နိုင်သော ဝါလဝေဓိ လေးသမားကျော်ကဲ့သို့ သူတစ်ပါး၏ စကား၌ အပြစ်ကို လျင်မြန်စွာ ကောက်ယူပြောဆိုတတ်သော ပညာရှိတို့နှင့် အပြိုင်အဆိုင် ပြောဆိုခြင်း၌လည်း လိမ္မာကျွမ်းကျင်တော်မူလှ၏။

အခါတစ်ပါး ပသုရအမည်ရှိသော ပရိဗိုဇ်တစ်ယောက်သည် သာဝတ္ထိမြို့တော်သို့ ဆိုက်ရောက်လာခဲ့၏။ ထိုပသုရပရိဗိုဇ်ကား မဟာဝါဒီအယူရှိ၏။ "ဇမ္ဗူဒိပ်၌ ဝါဒအားဖြင့် ငါသာအမြတ်ဆုံးဖြစ်သည်"ဟု ယူဆ၏။ ထို့ကြောင့် "ဇမ္ဗူဒိပ်၌ ဇမ္ဗူ့သပြေပင်ကား အထင်ရှားဆုံးဖြစ်သကဲ့သို့ ငါသည်လည်း ဇမ္ဗူဒိပ်၌ ထင်ရှားစေအံ့"ဟု ကြံ၍ သပြေခက်ကို တံခွန်ပြုလျက် ဝါဒပြိုင်ဘက်ကို လိုက်၍ ရှာဖွေ၏။ ပသုရပရိဗိုဇ်သည် သူနှင့် ဝါဒပြိုင်ဘက်ကို မတွေ့ရသဖြင့် တစ်မြို့မှတစ်မြို့သို့၊ တစ်ရွာမှတစ်ရွာသို့ ကူး၍ လှည့်လည်လာခဲ့ရာ နောက်ဆုံး၌ သာဝတ္ထိမြို့တော်သို့ ရောက်ခဲ့လေ၏။

ပသုရပရိဗိုဇ်သည် မြို့အဝင်၌ သဲအပြင်ကိုပြု၍ သပြေခက်ကိုစိုက်ကာ "ငါနှင့် ဝါဒပြိုင်ဝံ့သူသာ ဤသပြေခက်ကို ချိုးပိုင်စေ"ဟု ဆို၍ မြို့တွင်းသို့ ဝင်၏။ လူကြီးလူငယ်တို့သည် ထိုသပြေခက်ကို ဝန်းရံ၍နေကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာလည်း မြို့တွင်းမှ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ကျောင်းသို့ ပြန်ကြွလာရာ မြို့တံခါး၌ စုဝေးနေကြသောသူတို့ကို မြင်၍ အကြောင်းကို မေးတော်မူ၏။ သူငယ်တို့လည်း ပသုရပရိဗိုဇ် ပြောဆိုသောစကားကို လျှောက်ကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် သူငယ်တို့အား ထိုသပြေခက်ကို ချိုးဖျက်စေတော်မူ၍ "ဝါဒပြိုင်လိုသော် ဇေတဝန်ကျောင်းတော်တံခါးမုခ်သို့ လိုက်ခဲ့စေ"ဟု မှာတော်မူခဲ့၏။

ပသုရပရိဗိုဇ်လည်း ဆွမ်းခံ၍ စားသောက်ပြီးသော် မြို့တွင်းမှ ထွက်ခဲ့၏။ မြို့တံခါးသို့ရောက်သောအခါ မိမိ၏သပြေခက်ကို ချိုးဖျက်ထားကြသဖြင့် အနီးရှိ

သူငယ်တို့ကို "အဘယ်သူ ချိုးဖျက်သနည်း"ဟု မေး၏။ သူငယ်တို့လည်း "ဂေါတမမြတ်စွာဘုရား၏ တပည့်ကြီး အရှင်သာရိပုတ္တရာ ချိုးဖျက်စေသည်"ဟု ဆိုကြကုန်၏။ ထိုစကားကိုကြားသော် ပသုရပရိဗိုဇ်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် မြို့တွင်းသို့ တစ်ဖန်ဝင်ပြန်၍ "ယနေ့ကား ငါကနိုင်၍ ရဟန်းဂေါတမ ရှုံးသည်ကို ပညာရှိတို့ မြင်ကြစေအံ့"ဟု ကြံ၍ ပြဿနာကို စဉ်းစားဆင်ခြင်တတ်သော သက်သေတို့ကိုခေါ်ဆောင်ရန်အလို့ငှာ လမ်းဆုံလမ်းခွတို့၌ရပ်၍ "ဂေါတမ၏ တပည့်ကြီး အဂ္ဂသာဝကဖြစ်သူနှင့် ငါတို့၏ ဝါဒအရာ၌ ပညာဖြင့် ပြောဆိုကြသော စကားစစ်ထိုးပွဲကို ကြားနာလိုသူတို့ ထွက်ကြကုန်"ဟု ကြွေးကြော်၏။ ထိုအခါ မြတ်စွာဘုရားကို ကြည်ညိုသူ၊ မြတ်စွာဘုရားကို မကြည်ညိုသူ အများအပြားတို့ပင် "ပညာရှိတို့စကားကို ကြားနာကြကုန်အံ့"ဟု မြို့မှထွက်ကြကုန်၏။ ပသုရပရိဗိုဇ်သည် ထွက်လာသော လူအများခြံရံကာ "ဤသို့ပြောလျှင် ဤသို့ ဆိုမည်"ဟု ကြံလျက် ဇေတဝန်ကျောင်းတော်သို့ သွား၏။

အရှင်သာရိပုတ္တရာလည်း ကျောင်းတိုက်တွင်း၌ လူအများ မဆူညံကြစေရန်၊ လူတို့ဖြင့် မရှုပ်ထွေးစေရန် ဇေတဝန်ကျောင်းတော် တံခါးမုခ်၌ နေရာခင်း၍ ထိုင်နေတော်မူနှင့်၏။ ပသုရပရိဗိုဇ်လည်း ပရိသတ်နှင့်အတူ အရှင်သာရိပုတ္တရာသို့ ချဉ်းကပ်၍ ဤသို့မေး၏။

"အို ရဟန်း သင်သည် ငါ၏သပြေခက်ကို ချိုးဖျက်စေသလော'

"အို ပရိဗိုဇ် မှန်ပေသည်"

"သို့ဖြစ်လျှင် ငါတို့ စကားအနည်းငယ် ပြောကြကုန်အံ့"

"ပြောဆိုလော့"

"အို ရဟန်း သင်က မေးလော့၊ ငါက ဖြေအံ့"

"အို ပရိဗိုဇ် အမေးနှင့် အဖြေရှိသည်တွင် အဘယ်က ခက်သနည်း"

"အဖြေက ခက်ပေသည်၊ အမေးကား အဘယ်မှာခက်အံ့နည်း၊ တစ်ယောက်ယောက်သည် တစ်ခုခုကို မေးတတ်သည်သာ ဖြစ်၏"

"သို့ဖြစ်လျှင် သင်မေးလော့၊ ငါဖြေအံ့"

ထိုအခါ ပသုရပရိဗိုဇ်သည် 'ဤရဟန်းကား သဘောကောင်း၏၊ အကြောင်းမှန်၌ တည်၍သာ သပြေခက်ကို ချိုးစေပေသည်'ဟု ကြံ၍ ရွှင်လန်းနှစ်သက်သောစိတ်ဖြင့် ဤသို့မေး၏။

"သတ္တဝါ၏ ကာမဂုဏ်ကား အဘယ်နည်း"

"ကြံစည်တပ်မက်ခြင်းသည် သတ္တဝါ၏ ကာမဂုဏ်ဖြစ်သည်"

ဤအဖြေကိုကြားရသောအခါ ပသုရပရိဗိုဇ်သည် "မထေရ်ကား လွဲခဲ့ပြီ"ဟု ထင်၍ အရှုံးကို မထေရ်အပေါ်သို့ တင်လိုသဖြင့် ဤသို့ဆို၏။

"အိုရဟန်း ဆန်းကြယ်သည်ထက် ဆန်းကြယ်သောအာရုံကို သတ္တဝါ၏ ကာမဂုဏ်ဟု မဆိုသည် မဟုတ်လော"

"အို ပရိဗိုဇ် မှန်ပေသည်၊ ဤသို့ ငါမဆိုပေ"

ပသုရပရိဗိုဇ်သည် ဤမေးခွန်းကို သုံးကြိမ်တိုင်တိုင်မေးရာ အရှင်သာရိပုတ္တရာလည်း သုံးကြိမ်တိုင်တိုင်ပင် ထပ်၍ထပ်၍ ဤအတိုင်းသာ ဝန်ခံတော်မူ၏။ ဤသို့ပြုခြင်းကား ပရိဗိုဇ်သည် မထေရ်ကို အပြစ်ကောက်လိုသဖြင့် ခိုင်မြဲစေရန် ဝန်ခံစေခြင်းဖြစ်၏။ ထို့နောက် ပရိဗိုဇ်သည် ပရိသတ်တို့ဘက်သို့လှည့်၍ "အချင်းတို့ ရဟန်း၏ဝါဒ၌ အပြစ်ကို နားထောင်ကြကုန်"ဟု သတိပေးပြီးမှ ဤသို့ မေး၏။

"အို ရဟန်း သင်တို့၏သိတင်းသုံးဖော်တို့သည် တောအရပ်၌ နေကြသည်မဟုတ်လော"

"အို ပရိဗိုဇ် နေကြပေသည်"

"ထိုရဟန်းတို့သည် ကာမဝိတက်-ကာမဂုဏ်အကြံကို ကြံစည်ကြကုန်သလော"

"ပုထုဇဉ်ရဟန်းတို့ကား ခဏတစ်ဖြုတ် ကြံစည်မိတတ်ကြပေသည်"

"ယင်းသို့ဖြစ်သော် ထိုရဟန်းတို့အား ရဟန်းအဖြစ်သည် အဘယ်မှာ ရှိနိုင်တော့အံ့နည်း၊ ထိုရဟန်းတို့သည် ကာမဂုဏ်ခံစားသော လူသားများသာ မဖြစ်ကြပါလော။ သင်ရဟန်းသည် လောက၌ ဆန်းကြယ်သောအာရုံတို့ကို ကာမဂုဏ်ဟု မဆိုခဲ့၊ ကြံစည်တပ်မက်ခြင်းကိုသာ ကာမဂုဏ်ဟု ဆိုခဲ့၏။ ဤသို့ဆိုသော် အကုသိုလ်အကြံအစည်တို့ကို ကြံစည်မိသော ရဟန်းသည် ကာမဂုဏ်ခံစားသူပင် ဖြစ်ရပေလိမ့်မည်"

ထိုအခါ အရှင်သာရိပုတ္တရာသည် ပရိဗိုဇ်၏ဝါဒ၌ အပြစ်ကို ဖော်ပြတော်မူလိုသဖြင့် ဤသို့မေးတော်မူ၏။

"အို ပရိဗိုဇ် သင်ကား ကြံစည်တပ်မက်မှုကို ကာမဂုဏ်ဟု မဆိုဘဲ ဆန်းကြယ်သည်ထက် ဆန်းကြယ်သော အာရုံတို့ကိုသာ ကာမဂုဏ်ဟု ဆိုသည် မဟုတ်လော"

"အို ရဟန်း ဤအတိုင်းမှန်ပေသည်"

ထိုအခါ အရှင်သာရိပုတ္တရာသည် ပသုရကို သုံးကြိမ်တိုင်တိုင် မေးတော်မူ၍ ဝန်ခံစေပြီးမှ ပရိသတ်တို့အား "အချင်းတို့ ပရိဗိုဇ်၏ဝါဒ၌ အပြစ်ကို ရှုကြကုန်"ဟု သတိပေးတိုက်တွန်းတော်မူ၍ ဤသို့မေးပြန်၏။

"အို ပသုရ၊ သင်အား ဆရာရှိသည်မဟုတ်လော"

"အို ရဟန်း၊ ဆရာရှိပေသည်"

"သင့်ဆရာသည် ဆန်းကြယ်သောအဆင်းတို့ကို ကြည့်သည် မဟုတ်လော၊ အသံ စသောအာရုံတို့ကိုလည်း မှီဝဲသည်မဟုတ်လော"

"မှီဝဲပေသည်"

"သို့ဖြစ်လျှင် သင့်ဆရာသည် အဘယ်မှာ ဆရာပရိဗိုဇ်ဖြစ်နိုင်အံ့နည်း။ ကာမဂုဏ်ခံစားသော လူသားသာမန်သာ မဟုတ်ပါလော။ သင်သည် လောက၌ ဆန်းကြယ်သောအာရုံတို့ကို ကာမဂုဏ်ဟု ဆိုခဲ့၏။ ကြံစည်တပ်မက်မှုကိုကား ကာမဂုဏ်ဟု မဆိုခဲ့ပေ။ ဤသို့ဆိုသော် နှစ်သက်စဖွယ် ဆန်းကြယ်သောအဆင်းကို ကြည့်သော၊ အသံကိုနားထောင်သော၊ အနံ့ကိုရှူသော၊ အရသာကို စားသော၊ အတွေ့အထိကို တွေ့ထိသော သင့်ဆရာသည် ကာမဂုဏ်ခံစားသူသာ ဖြစ်ရပေလိမ့်မည်။

ထိုအခါ ပသုရ ပရိဗိုဇ်သည် နောက်ထပ်ဆိုစရာ စကားမရှိသည်ဖြစ်၍ ဆိတ်ဆိတ်နေ၏။ "ဤရဟန်းကား မြတ်သောဝါဒရှိ၏။ ဤရဟန်းအထံ၌ ဝါဒကျမ်းဂန်ကို သင်အံ့"ဟု ကြံ၏။ ထို့နောက် ပသုရသည် မြို့တွင်းသို့ဝင်၍ သပိတ် သင်္ကန်းတို့ကို ရှာပြီးသော် ဇေတဝန်ကျောင်းတော်သို့ ပြန်လာ၏။ ကျောင်းတော်သို့ ရောက်သောအခါ၌ကား ရွှေအဆင်းကဲ့သို့ ဝါဝင်းတင့်တယ်သော လာလုဒါယီရဟန်းကို တွေ့မြင်၍ လာလုဒါယီထံ၌ ရဟန်းပြု၏။ လာလုဒါယီမထေရ်ကား စကားကိုမျှ အကျိုးအကြောင်း ပြည့်စုံအောင် ပြောဆိုတတ်သူ မဟုတ်သောကြောင့် ပသုရသည် လာလုဒါယီကို ဝါဒဖြင့် နှိမ်နင်းပြောဆို၍ ရဟန်းအပေါင်းကိုပင် အထင်သေးပြန်က ပရိဗိုဇ်ကျောင်းသို့သာ ရဟန်းအဝတ်ကိုမျှ မချွတ်မလဲဘဲ ပြန်သွားလေသတည်း။ အရှင်သာရိပုတ္တရာသည် စကားစစ်ပွဲကြီး အနိုင်တိုက် အောင်မြင်ပါသော်လည်း ပသုရကား မိတ်ဆွေကောင်းနှင့် မပေါင်းမိသဖြင့် တရားမရ ဖြစ်ရလေသတည်း။

## ၆။ စကားအရာ၌ လိမ္မာတော်မူခြင်း (သုစိမုခီ ပရိဗိုဇ်မဝတ္ထု)

အရှင်သာရိပုတ္တရာသည် စကားအရာ၌ လိမ္မာတော်မူလှ၏။ ဝါဒစစ်ပွဲကို ဆင်နွှဲခြင်း၊ အချေအတင် စကားစစ်ထိုးခြင်းတို့ကား အထူးသတိနှင့် ပြောဆိုဆင်နွှဲခြင်းဖြစ်၍ ဤအရာမျိုးတို့၌ အနှစ်သာရပြည့်ဝသော ပညာရှိတို့သည် စကားကောင်းများကိုသာ ရွေးချယ်၍ ပြောဆိုကြမြဲဖြစ်သောကြောင့် အမှားအယွင်း

နည်းပါးကြကုန်၏။ မိမိဘာသာ အမေ့အလျော့နေစဉ် အပြစ်ရှာလို၍ တစ်စုံ တစ်ယောက်က ပြောဆိုမေးမြန်းလိုက်သော အခါမျိုး၌ကား မိမိကိုယ်ကို အငိုက်မမိ စေရန် ပြောဆိုတတ်သောသူ ရှားပါးလှ၏။ တုန်လှုပ်ချောက်ချား၍ မှားယွင်းတတ် ကြကုန်၏။ အရှင်သာရိပုတ္တရာကား ဤသို့ အမေ့ကောက်၍ ပြောလာသော စကားမျိုးတို့၌လည်း အကျိုးမဲ့ အပြစ်မရှာနိုင်ရုံသာမက အလွန်တရာ ထိမိလှ သဖြင့် ရန်သူကပင် ကြည်ညိုရအောင် အချက်ကျကျ ပြောဆိုတော်မူတတ်၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာသည် ရှဉ့်နက်တို့ကို အစာပေး၍ ကျွေး မွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် နံနက်အချိန်၌ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့၏။ အိမ်စဉ်အတိုင်း ဆွမ်းရပ်၍ မျှတ လောက်သော ဆွမ်းကိုရသည့်အခါ တစ်ခုသောတံတိုင်းနံရံအခြေကို အမှီပြု၍ ဘုဉ်းပေးတော်မူ၏။ ထိုအခါ သုစိမုခီအမည်ရှိသော ပရိဗိုဇ်မသည် အရှင်သာရိ ပုတ္တရာအနီးသို့သွား၍ ဤသို့မေး၏။

"အို ရဟန်း၊ အောက်သို့ မျက်နှာမူ၍ စားသလော"

"အို နမ၊ အောက်သို့မျက်နှာမူ၍ ငါမစားပေ"

"သို့ဖြစ်လျှင် အထက်သို့ မျက်နှာမူ၍ စားသလော"

"အထက်သို့ မျက်နှာမူ၍လည်း ငါမစားပေ"

"တူရူဖြစ်သောအရပ်သို့ မျက်နှာမူ၍တည်း စားသလော"

"တူရူဖြစ်သောအရပ်သို့ မျက်နှာမူ၍လည်း ငါမစားပေ"

"အထောင့်အရပ်သို့ မျက်နှာမူ၍တည်း စားသလော"

"အထောင့်အရပ်သို့ မျက်နှာမူ၍လည်း ငါမစားပေ"

"ဤသို့ဖြစ်လျှင် အဘယ်သို့ မျက်နှာမူ၍ စားသနည်း"

"အို နမ၊ မြေကြွန်အတတ်ဖြင့် အသက်မွေးသော ရဟန်းပုဏ္ဏားတို့သည် အောက်သို့ မျက်နှာမူ၍ စားသူတို့ မည်ကုန်၏။ နက္ခတ်အတတ်ဖြင့် အသက်မွေး သော ရဟန်းပုဏ္ဏားတို့သည် အထက်သို့မျက်နှာမူ၍ စား.သူတို့မည်ကုန်၏။ လူတို့၏ အစေအပါးခံ၍ အသက်မွေးသော ရဟန်းပုဏ္ဏားတို့သည် တူရူအရပ် လေးမျက်နှာသို့ မျက်နှာမူ၍ စားသူတို့မည်ကုန်၏။ အင်္ဂဝိဇ္ဇာအတတ်ဖြင့် အသက် မွေးသော ရဟန်းပုဏ္ဏားတို့သည် အထောင့်အရပ်သို့ မျက်နှာမူ၍ စားသူတို့မည်ကုန် ၏။ အို နမ ငါကား ဤအတတ်မျိုးတို့ဖြင့် အသက်မွေးသူမဟုတ်။ တရားသဖြင့် ဆွမ်းခံ၍ အသက်မွေးသူသာ ဖြစ်ပေ၏။

သုစိမုခီပရိဗိုဇ်မသည် အရှင်သာရိပုတ္တရာ၏စကားကို နှစ်သက်ကြည်ညို သဖြင့် ထိုအခါမှစ၍ လမ်းဆုံလမ်းခွတို့၌ လှည့်လည်၍ "သာကီဝင်မင်းသား ဘုရားသားတော်တို့သည် တရားသဖြင့်ဖြစ်သော အပြစ်ကင်းသောဆွမ်းကိုသာ ခံယူသုံးဆောင်ကြကုန်၏။ ထိုရဟန်းတို့အား ဆွမ်းလောင်းကြကုန်"ဟု ကြွေးကြော် အားပေးသတည်း။

## ၇။ နက်နဲသောစကားရှိခြင်း (တောနေရဟန်းသုံးကျိပ်တို့ဝတ္ထု)

အရှင်သာရိပုတ္တရာကား နက်နဲသောစကား ရှိတော်မူ၏။ အရှင်သာရိပုတ္တရာ၏ နက်နဲသောစကားကို အချို့သောရဟန်းပညာရှိတို့ပင် နားမလည်နိုင်ကြကုန်။ သို့ရာတွင် ဤသို့ နက်နဲသောစကားကို အမြဲတမ်းပြောဆိုနေတတ်သူကား မဟုတ်ပေ။ အကြောင်းရှိမှသာ ဤသို့နက်နဲသောစကားကို ပြောဆိုတော်မူခြင်း ဖြစ်ပေသည်။ ထို့ပြင် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ အလိုဆန္ဒတော်ကိုလည်း သိတတ်လှပါပေသည်။ မြတ်စွာဘုရား၏ အရိပ်အခြည်ကို မြင်ကာမျှနှင့် မည်သို့အလိုဆန္ဒတော်ရှိကြောင်း သိတော်မူတတ်၏။ အတုမဲ့ပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားနှင့် မဟာပညာဧတဒဂ်ရ အရှင်သာရိပုတ္တရာကား လွန်စွာပင် အဆင်ပြေလှပါပေ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တောနေရဟန်းသုံးကျိပ်တို့သည် အဖူးအမြော်ရောက်လာကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် 'ထိုရဟန်းတို့ကား တရားတစ်ပုဒ်ဟောကာမျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြလိမ့်မည်'ဟု သိတော်မူသဖြင့် ထိုရဟန်းတို့၏ ရှေ့၌ အရှင်သာရိပုတ္တရာကို ဤသို့မေးတော်မူ၏။

"အို သာရိပုတ္တရာ 'သဒ္ဓိန္ဒြေသည် ပွားများအပ်သည်ရှိသော် အမြိုက်ဆေးဖြစ်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဝီရိယိန္ဒြေသည်၊ သတိန္ဒြေသည်၊ သမာဓိန္ဒြေသည်၊ ပညိန္ဒြေသည် ပွားများအပ်သည်ရှိသော် အမြိုက်ဆေးဖြစ်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏'ဟု ယုံကြည်သလော"

"အရှင်ဘုရား အကျွန်ုပ်သည် ဤအချက်၌ မြတ်စွာဘုရားအား ယုံကြည်သဖြင့် မြတ်စွာဘုရားအထံတော်သို့ လာရောက်ဆည်းကပ်ခဲ့သူ မဟုတ်ပါ။ သဒ္ဒိန္ဒြေသည်....လ....ပညိန္ဒြေသည် ပွားများအပ်သည်ရှိသော် အမြိုက်ဆေးဖြစ်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ဟူသော အချက်၌ မြတ်စွာဘုရားအား ယုံကြည်

သဖြင့် ဆည်းကပ်လာသူမဟုတ်ပါ။ ဤအကြောင်းကို ပညာဖြင့် မသိမမြင်ကြသော သူတို့ကား သူတစ်ပါးကိုယုံကြည်သဖြင့် သွားရောက်ဆည်းကပ်ကြရပါသည်''

ထိုစကားကို ကြားရသောအခါ ထိုတောနေရဟန်းသုံးကျိပ်တို့သည် အတိအကျ အဓိပ္ပာယ်ကို မကောက်နိုင်ဘဲ တစ်မျိုးတစ်ဖုံအားဖြင့် အဓိပ္ပာယ်ကောက်ယူကြ၍ ''အရှင်သာရိပုတ္တရာကား မိစ္ဆာအယူကိုမစွန့်သေး၊ ယခုအချိန်တိုင်အောင်ပင် မြတ်စွာဘုရားကို မယုံကြည်သေး''ဟု ပြောဆိုကြကုန်၏။ ထိုစကားကို ကြားတော်မူလျှင် မြတ်စွာဘုရားသည် တောနေရဟန်းသုံးကျိပ်တို့အား ဤသို့ ဖြေရှင်းမိန့်ကြားတော်မူ၏။

''ရဟန်းတို့ အဘယ်သို့သောစကားကို ပြောဆိုကြကုန်ဘိသနည်း။ ငါဘုရားသည် 'ဣန္ဒြေငါးပါးကို မပွားများဘဲ မဂ်ဖိုလ်တရားကို မျက်မှောက်ပြုနိုင်သူရှိသည်'ဟု သင်သာရိပုတ္တရာ ယုံကြည်သလောဟု မေးတော်မူသည်။ သာရိပုတ္တရာက 'အရှင်ဘုရား ဤသို့မျက်မှောက်ပြုနိုင်သူရှိသည်ဟု အကျွန်ုပ် မယုံကြည်ပါ'ဟု ဖြေသည်။ ပေးလှူပြုလုပ်သော ကံနှင့် ကံ၏အကျိုးကို မယုံဟု ဖြေသည်မဟုတ်၊ ရတနာသုံးပါး၏ဂုဏ်ကို မယုံကြည်ဟု ဖြေသည်လည်း မဟုတ်ပေ။ ဤသာရိပုတ္တရာကား မိမိထိုးထွင်းသိမြင်ပြီးဖြစ်သော ဈာန်တရား၊ ဝိပဿနာတရား၊ မဂ်တရား၊ ဖိုလ်တရားတို့၌ သူတစ်ပါးတို့အား ယုံကြည်၍ ဆည်းကပ်သူမဟုတ်။ မိမိကိုယ်တိုင်သိ၍ ဆည်းကပ်သူသာ ဖြစ်ပေသည်။ ထို့ကြောင့် သာရိပုတ္တရာအား မကဲ့ရဲ့ထိုက် မစွပ်စွဲထိုက်ပါပေ''

''အကြင်သူသည် သူတစ်ပါးတို့၏စကားဖြင့် မိမိရသောတရားကို ယုံကြည်သူလည်းမဟုတ်၊ အကြောင်းတရားတို့ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိသူလည်း ဖြစ်၏။ ပဋိသန္ဓေကိုလည်း ပယ်ဖြတ်နိုင်၏။ ဓာတိ၏ဖြစ်ခွင့်ကိုလည်း ပယ်ဖျက်ပြီးဖြစ်၏။ အလိုရမ္မက်ဟူသော တဏှာကိုလည်း ထွေးအန်ပြီးဖြစ်၏။ ထိုသို့သောသူမျိုးကို ယောကျ်ားမြတ်ဟု ဆိုအပ်ပေသတည်း''

ဤသို့ဖြေရှင်း၍ ဟောကြားတော်မူသောအခါ အရှင်သာရိပုတ္တရာအပေါ်၌ အမြင်မှန်ရကြသည်သာမက ရဟန္တာဖြစ်ကြောင်းတရား၊ ရဟန္တာ၏အင်္ဂါရပ်များကိုပါ သိမြင်ကြရသဖြင့် ထိုတောနေရဟန်းသုံးကျိပ်တို့သည် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်သတည်း။

## ၈။ ဆွယ်တရား အဟောကောင်းခြင်း
## (သမ္မာဒိဋ္ဌိမယားနှင့် မိစ္ဆာဒိဋ္ဌိလင်)

အရှင်သာရိပုတ္တရာသည် မိစ္ဆာဒိဋ္ဌိဖြစ်သူကိုပင် သမ္မာဒိဋ္ဌိဖြစ်၍ တစ်မင်တစ်ဖိုလ်ရအောင် ဟောပြောနိုင်စွမ်း ရှိတော်မူ၏။ ဤသို့ဟောရာ၌ တစ်ကြိမ်နှင့်မရသော် အကြိမ်ကြိမ် ဟောကြား၍ တရားပြသတော်မူ၏။ ဤသို့ စိတ်ရှည်လက်ရှည် ဟောကြားဆုံးမတော်မူသည်မှာ မိမိကိုယ်ကျိုးအတွက် မဟုတ်ဘဲ သူတစ်ပါးအား တရားမှန်ကို သိစေတော်မူလိုသော ဆန္ဒကြောင့်သာဖြစ်၏။ ဤသို့ ဖြူစင်မြင့်မြတ်လှသော စိတ်ဆန္ဒတော်ရှိခြင်းကြောင့်ပင် အရှင်သာရိပုတ္တရာအား နတ် လူ ဗြဟ္မာတို့က ကြည်ညို၍ အားမရနိုင်ကြခြင်း ဖြစ်ပေ၏။

အခါတစ်ပါး သာဝတ္ထိမြို့တော်ကြီး၌ အဂ္ဂသာဝကနှစ်ပါးတို့၏ အလုပ်အကျွေးဖြစ်သော ဥပါသကာတစ်ယောက်၏ သမီးသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ အကျင့်စာရိတ္တလည်း ကောင်းမွန်၏။ ဒါနကို ပြုလို၏။ သီလကိုစောင့်ထိန်းလို၏။ ပညာရှိ၏။ ထိုသတို့သမီးကို မိစ္ဆာဒိဋ္ဌိအမျိုးသားတစ်ယောက်သည် နှစ်သက်စုံမက်သဖြင့် 'သူ့အလိုကျထားပါမည်'ဟု ဝန်ခံ၍ မိဘတို့အား စေ့စပ်ကြောင်းလမ်း၏။ မိဘတို့လည်း သဘောတူ၍ ထိမ်းမြားလိုက်ကြကုန်၏။

သတို့သမီးသည် မိစ္ဆာဒိဋ္ဌိဖြစ်သော လင်ယောကျ်ားအိမ်သို့ ရောက်သောအခါ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်နှစ်ပါးတို့ကို ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေး၏။ "အရှင်ဘုရားတို့ ဤအိမ်သားများ ရတနာသုံးပါးဂုဏ်ကို သိသည်အထိ ဤအိမ်သို့ ကြွတော်မူကြပါ"ဟုလည်း ပင့်လျှောက်၏။ မထေရ်တို့လည်း မပြတ်ကြွတော်မူကြကုန်၏။ ကာလအတန်ကြာသော် သတို့သမီးသည် မိမိလင်ယောကျ်ားအား မထေရ်တို့ကို ဖူးမြော်စေ၏။ ဖူးမြော်လာသောအခါ၌ အရှင်သာရိပုတ္တရာသည် ထိုသူနှင့် သင့်လျော်သော တရားစကားကို အနည်းငယ်မျှ ပြောဟော၏။ ထိုမိစ္ဆာဒိဋ္ဌိယောကျ်ားလည်း အရှင်သာရိပုတ္တရာ၏ တရားစကားကို နှစ်သက်ကြည်ညိုသဖြင့် နောက်တစ်နေ့ ဆွမ်းကပ်သောအခါ နေရာခင်းခြင်း၊ ရေစစ်၍ကပ်ခြင်းတို့ကို ပြု၏။ အရှင်သာရိပုတ္တရာလည်း ကြိုးကြားကြိုးကြား တရားဟောတော်မူပြီးမှ ဉာဏ်ရင့်လောက်သောအခါ သစ္စာလေးပါးတရားကို ဟောကြားတော်မူ၏။ ထိုဇနီးမောင်နှံနှစ်ယောက်တို့သည် သောတာပန်များ ဖြစ်ကြကုန်၏။

ဤသတို့သမီး၏ လိမ္မာမှုကြောင့် မိစ္ဆာဒိဋ္ဌိလင်ယောကျ်ားသည် မိစ္ဆာဝါဒ အနှောင်အဖွဲ့မှ လွတ်မြောက်ရုံသာမက သောတာပန်ပင် ဖြစ်ရခြင်းအကြောင်းကို

ရဟန်းတို့ ချီးကျူးပြောဆိုကြသောအခါ မြတ်စွာဘုရားသည် ဤအချက်ကို အကြောင်းပြု၍ သုဝဏ္ဏမိဂဇာတ်ကို ဟောတော်မူကာ ထောက်ခံချီးကျူးတော်မူပြန်သတည်း။

## ၉။ စွမ်းရည်သတ္တိ ထက်မြက်ခြင်း (ဒေဝဒတ်ဝတ္ထု)

အရှင်သာရိပုတ္တရာသည် အံ့ချီးဖွယ်ရာ လွန်စွာထူးခြားသော စွမ်းရည်သတ္တိနှင့် ပြည့်စုံတော်မူ၏။ ဤသို့သော စွမ်းရည်သတ္တိမျိုးကား ဉာဏ်ပညာနှင့် တန်ခိုးဣဒ္ဓိပါဒ် နှစ်ပါးစုံရှိသော အရှင်သာရိပုတ္တရာ၏ အခြားသာဝကတို့ထက်ထူးကဲသော စွမ်းရည်သတ္တိပင်ဖြစ်၏။ ဤစွမ်းရည်သတ္တိမျိုးနှင့် ပြည့်စုံရန်မှာ ဉာဏ်ပညာ တန်ခိုးဣဒ္ဓိပါဒ်များသာမက အဟောအပြောအရာ၌လည်း သူ့ထက်သာသော အရည်အချင်းရှိဖို့ လိုပေသေး၏။ ဖြစ်ပေါ်ခဲ့သောကိစ္စကား အရှင်ဒေဝဒတ်နောက်သို့ ပါသွားကြသော ရဟန်းငါးရာတို့၏ ကိစ္စဖြစ်၏။ ဤရဟန်းငါးရာတို့ကို တရားလမ်းမှန်ပြ၍ မြတ်စွာဘုရား၏ဘက်သို့ ပြန်လည်ဝင်ရောက်လာစေရန်ကိစ္စမှာ အရှင်သာရိပုတ္တရာမှတစ်ပါး အခြားသာဝကတို့ စွမ်းနိုင်မည့်ကိစ္စမဟုတ်ချေ။ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလ္လာန်ကို အဖော်ထည့်၍ အရှင်သာရိပုတ္တရာကို တာဝန်ပေးအပ်တော်မူခြင်းဖြစ်၏။ ဤရဟန်းငါးရာတို့ကို ပြန်လည်သိမ်းသွင်းခြင်း မပြုနိုင်လျှင် ဤရဟန်းငါးရာတို့လည်း အပါယ်လေးပါးကျရောက်၍ အကြီးအကျယ် နစ်နာဆုံးရှုံးရာကြလိမ့်မည်။ မြတ်စွာဘုရား၏ သာသနာတော်မှာလည်း ဂိုဏ်းအကြီးအကျယ် ကွဲပြား၍ အားနည်းရပေတော့မည်။ မြတ်စွာဘုရားအထံတော်မှ ရဟန်းငါးရာကို ဒေဝဒတ်က ခွဲထုတ်ဆောင်ယူသွားနိုင်ခဲ့သည်ဟု ကဲ့ရဲ့ပြစ်တင်စရာလည်း ဖြစ်ရစ်ပေတော့မည်။ ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အရှင်သာရိပုတ္တရာကား သာသနာတော်အကျိုးကို အကြီးအကျယ်ဆုံး သယ်ပိုးရွက်ဆောင်တော်မူလိုက်ခြင်းပင် ဖြစ်ပေ၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရား ခွင့်မပြုသင့်သော ဝတ္ထုငါးပါးတို့တောင်းပန်ရာ မရသဖြင့် သံဃာသင်းခွဲခဲ့သည်။ ဒေဝဒတ်၏ ဝတ္ထုငါးပါးတို့ကား

၁။ ရဟန်းတို့သည် အသက်ထက်ဆုံး ပံ့သကူသင်္ကန်းကိုသာ ဆောင်ရမည်။ လူတို့လှူသော သင်္ကန်းကို မဝတ်ရ။

၂။ သစ်ပင်ရင်း ရက္ခမူ၌သာ နေရမည်။ လူတို့ဆောက်လုပ်လှူဒါန်းသော ကျောင်းများ၌ မနေရ။

၃။ သက်သတ်လွတ်သာ စားရမည်။ သားငါးများကို မစားရ။
၄။ ဆွမ်းခံ၍သာ စားရမည်။ ပင့်ဖိတ်ကျွေးမွေးသောဆွမ်းကို လက်မခံရ။
၅။ တောၐသာနေရမည်။ မြို့ရွာအနီး ကျောင်းများ၌ မနေစေရဟူသော အကြောင်းငါးပါးတို့ ဖြစ်ကြကုန်၏။

ဒေဝဒတ်သည် ဤဝတ္ထုငါးပါးတို့ကို မတောင်းပန်မီကပင် မြတ်စွာဘုရားသည် ခွင့်ပြုတော်မူမည်မဟုတ်ဟု သိပြီးဖြစ်၏။ ဤဝတ္ထုငါးပါးကို အခြေခံထား၍ သံဃာသင်းခွဲလိုခြင်းကြောင့်သာ မြတ်စွာဘုရားအား တောင်းခံလျှောက်ထားခြင်းဖြစ်၏။ ဤဝတ္ထုငါးပါးကို တောင်းခံသောအချိန်ကား ရဟန်းတို့ စုံညီစုဝေးနေကြသော သံဃဥပုသ်နေ့တစ်နေ့ဖြစ်၏။ ဤသို့တောင်း၍ မြတ်စွာဘုရား ခွင့်ပြုတော်မမူသောအခါ ဒေဝဒတ်သည် ''ဤဝတ္ထုငါးပါးကို ကျင့်ကြံအားထုတ်ရန်လိုလားသော ရဟန်းတို့ကား စာရေးတံမဲ ယူကြကုန်''ဟု မဲကောက်ရာ ဝဇ္ဇီတိုင်းသား ရဟန်းပြုသစ်စ ရဟန်းငယ်ငါးရာတို့သည် ဒေဝဒတ်၏အလိုကို နှစ်သက်၍ စာရေးတံမဲ နှိုက်ယူကြကုန်၏။ ဤရဟန်းငယ်တို့ကား အသိဉာဏ် နုနယ်၍ အကြားအမြင် နည်းပါးကြသေးသဖြင့် ဒေဝဒတ်တောင်းသော ဝတ္ထုငါးပါးကို ကြားလျှင် ''ခေါင်းပါးသောအကျင့်ပင် ဖြစ်သည်''ဟု နှစ်သက်ကြကုန်၏။

ဒေဝဒတ်လည်း ထိုရဟန်းငါးရာကိုခေါ်ယူ၍ ''ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသူတို့သည် ငါနှင့်အတူလိုက်ခဲ့ကြကုန်''ဟုဆိုကာ မြတ်စွာဘုရား အထံတော်မှ ထွက်ခွာပြီးလျှင် ဂယာသီသသို့သွား၍ သီးခြားဂိုဏ်းထောင်၏။ အဇာတသတ်လည်း ဒေဝဒတ်ကို ကျောင်းဆောက်လှူဒါန်း၍ ဆွမ်းအိုးငါးရာ ဝတ်ပြုလျက် ကိုးကွယ်ဆည်းကပ်၏။ ဒေဝဒတ်ကား မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် စသည်တို့ကို စေတနာထူးနှင့် ချီးမြှောက်စဉ်ကပင် မိမိအား ယောက်ဖတော်အရင်းဖြစ်လျက် မချီးမြှောက်ခဲ့ဟု ရန်ငြိုးဖွဲ့၏။ ထို့နောက်လည်း အခြံအရံအကျော်အစောကို လိုလားသူဖြစ်၍ ''မြတ်စွာဘုရားကား အသက်ကြီးတော်မူပြီ၊ သံဃာကို မိမိသာ ထိန်းသိမ်းစောင့်ရှောက်ပါမည်၊ သံဃာကို လွှဲအပ်ပေးပါ''ဟု သံဃာကို လွှဲအပ်ရန် တောင်းခံသောအခါ၌လည်း မြတ်စွာဘုရားသည် လွှဲအပ်တော်မမူခဲ့ပေ။ ဤသို့ သံဃာကို လွှဲအပ်မပေးခြင်းကြောင့်လည်း မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၏။ ထို့ကြောင့် ဝတ္ထုငါးပါးကို အများကြား၍ ကောင်းအောင် လျှောက်ထားတောင်းခံကာ ခွင့်မပြုသောအခါ သံဃာကို သင်းခွဲလိုက်ခြင်းဖြစ်၏။

ဤသို့ ဒေဝဒတ်သည် ရဟန်းငယ်ငါးရာကို ခေါ်ယူသွား၍ ဂယာသီသ၌ ဘုရားတစ်ဆူ ပြုလုပ်၍နေသော်လည်း မြတ်စွာဘုရားသည် ရဟန်းငယ်ငါးရာ တို့၏ အသိဉာဏ် ရင့်သန်မည့်အချိန်ကို စောင့်တော်မူ၏။ အသိဉာဏ်ရင့်သန် လောက်သောအခါ၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့ စေလွှတ်၍ ထိုရဟန်းငယ်တို့ကို ခေါ်စေတော်မူ၏။

ဤအသိဉာဏ်နည်းပါးသေးသော ရဟန်းငယ်ငါးရာတို့ကို ဖျောင်းဖျ၍ ပြန်လည်ခေါ်ဆောင်ရန်ကိစ္စကား ခက်ခဲလှ၏။ ဒေဝဒတ်သည် အမျိုးအနွယ်အား ဖြင့် မြတ်စွာဘုရားနှင့် ညီအစ်ကိုတစ်ဝမ်းကွဲပင် ဖြစ်၏။ ပညာဉာဏ်အားဖြင့် လည်း ဈာန်အဘိညာဉ်ကို ရရှိ၍ အဇာတသတ်ကိုပင် တန်ခိုးပြ၍ ကြည်ညိုစေခဲ့သူ ဖြစ်၏။ အဇာတသတ်က ကြည်ညိုသဖြင့်လည်း မြတ်စွာဘုရားအထံတော်၌ နေထိုင်ကြသော ရဟန်းတို့ကား နေ့စဉ်ချေးကျအောင် ဆွမ်းခံစားသော်လည်း ဒေဝဒတ်အထံ၌နေသော ရဟန်းတို့ကား ထိုအချိန်၌ ဆွမ်းမခံဘဲ သလေးဆွမ်းကို ချမ်းချမ်းသာသာ စားသောက်ကြကုန်၏။ ဤသို့ အစားအသောက်နှင့် ပြည့်စုံခြင်း ကြောင့်ပင် အချို့ရဟန်းများသည် ဒေဝဒတ်၏အပြုအမူကို မနှစ်သက်သော်လည်း ဂယာသီသသို့သွား၍ စားသောက်ပြီးမှ ပြန်လာတတ်ကြ၏။ ဤသို့သော အခြေ အနေ၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ရဟန်းငါးရာတို့ကို တရားဟော၍ ခေါ်ဆောင်တော်မူခဲ့ကြကုန်၏။

ထိုနေ့၌ ဒေဝဒတ်သည် ပရိသတ်အလယ်၌နေ၍ တရားဟော၏။ ဒေဝဒတ် သည် မြတ်စွာဘုရား၏ ဟန်အမူအရာအလုံးစုံကို မှတ်ယူ၍ အတုပြုလုပ်လေ့ရှိ၏။ မြတ်စွာဘုရားကို ဖက်ပြိုင်၍ ဘုရားတစ်ဆူကဲ့သို့ ပြုကျင့်၏။ သူ၏လက်ရုံးဖြစ် သော ပုဂ္ဂိုလ်ကား ကောကာလိကရဟန်း ဖြစ်၏။ ဒေဝဒတ်သည် အရှင်သာရိ- ပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့ ညနေချမ်းအချိန် ဂယာသီသသို့ ရောက်လာ ကြသည်ကို မြင်သောအခါ သူ၏ပရိသတ်ကို ဤသို့ဆို၏။

"အချင်းတို့ သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့သည် ယောက်ဖတော် ဂေါတမ ဘုရားထံမှ ထွက်ခွာ၍ ယခုအခါ ငါ့ထံသို့ ခိုဝင်၍ လာကြကုန်ပြီ"

ထိုအခါ ကောကာလိကသည် ဒေဝဒတ်ကို ဤသို့သတိပေး၏။

"ငါ့ရှင် ဒေဝဒတ်၊ သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့သည် ယုတ်မာသော အလိုဆန္ဒရှိကြကုန်၏။ သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့နှင့် အကျွမ်းမဝင်လင့်၊ ထိုသူတို့ကို မယုံကြည်လင့်"

"အို ကောကာလိက မစိုးရိမ်လင့်၊ ငါ့တရားကိုနှစ်သက်၍ ငါ့ထံသို့ လာကြခြင်းသာ ဖြစ်သည်"

ဤသို့ ပြောဆိုစဉ် အရှင်သာရိပုတ္တရာတို့ ရောက်သွားကြကုန်၏။ ထိုအခါ ဒေဝဒတ်သည် ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရား၏ အမူအရာမျိုးဖြင့် အရှင်သာရိပုတ္တရာကို လက်ယာဘက်မှ ထိုင်စေ၍ အရှင်မဟာမောဂ္ဂလ္လာန်ကို မိမိ၏ လက်ဝဲဘက်မှ ထိုင်နေစေပြီးလျှင် ဤသို့ဆို၏။

"အို သာရိပုတ္တရာ ငါကား ကျောက်ကုန်းနာခဲ့ပြီ၊ ခါးဆန့်ဦးအံ့၊ ပရိသတ်လည်း ငြိမ်သက်၏။ သင်ပင်လျှင် တရားဟောဦးလော့"

ထို့နောက် ဒေဝဒတ်သည် ခါးဆန့်သည့်အနေဖြင့် ကျောင်းခန်းသို့ဝင်၍ စိတ်ချလက်ချ အိပ်၏။ အရှင်သာရိပုတ္တရာလည်း ရဟန်းငါးရာတို့အား ညဥ့်ဦးယံမှစ၍ တရားဟော၏။ အရှင်မဟာ မောဂ္ဂလ္လာန်လည်း အံ့ဩဖွယ်ကောင်းသော တန်ခိုးပြာဋိဟာကိုပြ၍ အကူအညီပေးတော်မူ၏။

ဤသို့ တရားဟောခြင်း၊ ပြာဋိဟာပြခြင်းဖြင့် ရဟန်းငယ်ငါးရာတို့သည် အရဟတ်တက်သောအခါ အားလုံးပင် မဂ်ဖိုလ်တရားထူးကို ရကြကုန်၏။ အရှင်သာရိပုတ္တရာလည်း အရှင်မောဂ္ဂလ္လာန်နှင့်အတူ အရဟတ်တက်သောအခါ ရဟန်းငယ်ငါးရာတို့ကို တစ်ပါတည်း ခေါ်ဆောင်ခဲ့၍ ကောင်းကင်ခရီးဖြင့် ဝေဠုဝန်ကျောင်းတော်သို့ ပြန်လာ၏။

ထိုအခါ ကောကာလိကသည် ဒေဝဒတ်အိပ်ပျော်နေရာသို့ အဆောတလျင်ဝင်၍ ဒေဝဒတ်၏ရင်ကို ခြေဖြင့် ကန်ကျောက်ကာ နှိုးပြီးမှ ဤသို့ဆို၏။

"ငါ့ရှင် ဒေဝဒတ် ထလော့။ သင်ကား စိတ်ချလက်ချ အိပ်၏။ ယခု သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့သည် သင့်ပရိသတ်ကို အားလုံးပင် ခေါ်ဆောင်သွားကြကုန်ပြီ၊ သင်သည် 'သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ကား ယုတ်မာသော အလိုဆန္ဒရှိကြသည်၊ အကျွမ်းမဝင်လင့်'ဟု ငါပြောသောစကားကို မနာယူခဲ့။ သင့်ကို ကြည်ညို၍သာလာကြသည်ဟု သင်ဆိုခဲ့၏။ ယခု ကြည့်ဦးလော့"

ဒေဝဒတ်လည်း ကောကာလိက ကန်ကျောက်သောဒဏ်ရာဖြင့်ပင် ခံတွင်းမှ သွေးအန်၏။ မိမိပရိသတ်တို့ တစ်ယောက်မျှ မရှိတော့ပြီကို တွေ့ရသဖြင့် လွန်စွာ စိတ်မချမ်းမသာ ဖြစ်လေ၏။

အရှင်သာရိပုတ္တရာသည် အရှင်မောဂ္ဂလ္လာန်နှင့်အတူ ရဟန်းငါးရာဝိုဖြင့် တင့်တယ်စွာ ကောင်းကင်မှ ပျံလာသည်ကို မြင်ရသောရဟန်းတို့သည် လွန်စွာ အံ့ဩချီးကျူးကြကုန်၏။ ဤကြောင်းနှင့်စပ်၍ မြတ်စွာဘုရားသည် လက္ခဏမိဂဇာတ်ကို ဟောတော်မူ၍ အရှင်သာရိပုတ္တရာကို ချီးမွမ်းတော်မူသတည်း။

## ၁၀။ အရှင်သာရိပုတ္တရာ၏ စီးပွားရေးတရား
### (လာဘဂရဟဇာတ်)

အရှင်သာရိပုတ္တရာသည် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းတရား၌သာ လိမ္မာကျွမ်းကျင်တော်မူသည်မဟုတ်။ ပစ္စည်းဥစ္စာရကြောင်း စီးပွားရေးတရား၌လည်း လိမ္မာကျွမ်းကျင်တော်မူ၏။ ဤလောက၌ စီးပွားရေးနည်းလမ်းများကား တရားမှန်ကန်ခြင်း၊ မြင့်မြတ်ခြင်းတို့နှင့် အများအားဖြင့် ဆန့်ကျင်တတ်ကုန်၏။ ဤလောက၌ လူမိုက်သာများသောကြောင့် လူမိုက်တို့အကြိုက်ကို ပြုလုပ်တတ်သူသည် ဥစ္စာပစ္စည်းကို ရတတ်၏။ ကျော်စောထင်ရှားတတ်၏။ အရှင်သာရိပုတ္တရာသည် ဤသို့သော လောက၏သဘောကို အကုန်အစင် သိမြင်တော်မူပြီးဖြစ်၏။ ထို့ကြောင့်ပင် ပစ္စည်းရကြောင်းတရားကို လောကကြောင်းသက်သက်ဖြင့် ဓမ္မကြောင်းမဖက်ဘဲ လေးနက်စွာ ဟောကြားတော်မူခဲ့ပေ၏။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ၏ အတူနေတပည့်ရဟန်းတစ်ပါးသည် အရှင်သာရိပုတ္တရာအား လာဘ်ရကြောင်းအကျင့်ကို မေးလျှောက်၏။

"အရှင်ဘုရား လာဘ်ကို ဖြစ်စေတတ်သော အကျင့်လမ်းစဉ်ကို အကျွန်ုပ်အား ဟောကြားတော်မူပါလော့။ အဘယ်သို့ပြုကျင့်သော် သင်္ကန်း စသောလာဘ်များကို ရနိုင်ပါသနည်း"

"ငါ့ရှင် အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသူအား လာဘ်ပူဇော်သက္ကာသည် ဖြစ်ပေါ်လာတတ်၏၊

၁။ မိမိကိုယ်တွင်း၌ အရက်အကြောက်ကို ဖျက်ဆီး၍ ရဟန်းကျင့်ကို ပယ်ရှား၍ မရူးဘဲသာ အရူးကဲ့သို့ ဖြစ်ရမည်။
၂။ ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုရမည်။
၃။ သဘင်သည်နှင့် တူသူ ဖြစ်စေရမည်။
၄။ ပြုံးပြွမ်းသောစကားကို ပြောဆိုသူဖြစ်၍ အုတ်အုတ်ကျက်ကျက် ပြုတတ်သူ ဖြစ်ရမည်။

ဤလေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသောသူအား လာဘ်ပူဇော်သက္ကာသည် ဖြစ်ပေါ်လာတတ်၏"

ဤသို့ ဟောကြားသောအခါ ထိုရဟန်းသည် ထိုလာဘ်ရကြောင်းအကျင့်ကို ကဲ့ရဲ့ရှုတ်ချ၍ နေရာမှထသွား၏။ အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရား

အထံတော်သို့သွား၍ ထိုအကြောင်းကို အလုံးစုံလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် "သာရိပုတ္တရာ ဤရဟန်းကား ယခုသာ လာဘ်ကို ကဲ့ရဲ့သည်မဟုတ်၊ ရှေးကလည်း လာဘ်ကို ကဲ့ရဲ့ခဲ့ဖူးပြီ"ဟု မိန့်တော်မူ၍ လာဘဂရဟဇာတ်ကို ဟောတော်မူ၏။ ဤလာဘဂရဟဇာတ်၌ကား ဘုရားလောင်း ဒိသာပါမောက္ခဆရာကြီးသည် တပည့်တစ်ယောက်အား ဤသို့လာဘ်ရကြောင်းကို ဆုံးမခဲ့၏။

"အရူးနှင့်မတူသောသူသည် လူမိုက်တို့၌ လာဘ်ကိုမရနိုင်၊ ကုန်းမချောသောသူသည် သဘင်သည်နှင့်မတူသောသူသည် အုတ်အုတ်ကျက်ကျက် မပြုတတ်သောသူသည် လူမိုက်တို့၌ လာဘ်ကို မရနိုင်ပေ"

ဤနည်းပြစကားနှစ်ရပ်တို့ကား ထပ်တူထပ်မျှပင်ဖြစ်၏။ အရှင်သာရိပုတ္တရာလည်း မဟာပညာတေဒဂ်ရ ဓမ္မသေနာပတိဖြစ်တော်မူခြင်းကြောင့် ဤပြဿနာကို သဗ္ဗညုတဉာဏ်တော်နှင့် နီးနှောမိအောင် တစ်ထပ်တည်းကျအောင် ဖြေတော်မူနိုင်ပေသည်။

၁။ "အရူးနှင့်မတူသောသူသည် လူမိုက်တို့၌ လာဘ်မရနိုင်"၊ "မရူးဘဲသာ အရူးကဲ့သို့ဖြစ်ရမည်"ဟူသော စကား၏အဓိပ္ပာယ်ကား အရူးသည် ယောက်ျားမိန်းမ သူငယ်သူငယ်မတို့ကို တွေ့မြင်သော် အဝတ်အစား အဆင်တန်ဆာတို့ကို လုယက်၏။ ငါး အမဲ စသော စားစရာကိုလည်း တွေ့ရာအရပ်၌ လုယက်၍စားတတ်၏။ ဤအရူးကဲ့သို့ပင် အကြင်လူသားတစ်ယောက်သည် အရှက်အကြောက်ကို ပယ်၍ ကုသိုလ် အကုသိုလ်ကို မရေတွက်ဘဲ၊ ငရဲကိုမကြောက်ဘဲ လောဘတကြီး ကာမဂုဏ်ခံစား၏။ အနိုင်အထက် နိပ်စက်၍ ယူငင်၏။ ထိုသူသည် မရူးသော်လည်း အရူးနှင့်တူသူဖြစ်၏။ ရဟန်းဖြစ်သူသည်လည်း ထို့အတူ ငရဲကိုပင်မကြောက်ဘဲ သိက္ခာပုဒ်ကို ချေဖျက်လျက် မသန့်သောရှာမှီးခြင်း စသောအမှုကို ပြုသော် မရူးသော်လည်း အရူးနှင့်တူသူဖြစ်၏။ ဤသို့သောသူများအား လျင်မြန်စွာ လာဘ်လာဘ ဖြစ်ပေါ်တတ်၏။ ပစ္စည်းအရမြန်၏။

၂။ "ကုန်းမချောသောသူသည် လာဘ်ကိုမရနိုင်"၊ "ကုန်းချောရမည်"ဟူသော စကား၏အဓိပ္ပာယ်ကား အကြင်သူသည် "ဤသူကား ဤအမှုကိုပြုသည်"ဟု မင်း၊ အစိုးရတို့ထံ၌ ချောပစ်ကုန်းတိုက်၏။ ထိုသူသည် သူတစ်ပါး၏ အခြံအရံ အကျော်အစောကို လုယက်၍ မိမိအတွက် ယူတတ်၏။ မင်း၊ အစိုးရတို့ကလည်း ထိုသူကို "ငါတို့

အား ချစ်ခင်ပေသည်''ဟု ကျေးဇူးတင်၍ ရာထူးမြင့်ရာ၌ ထားတတ်ကြကုန်၏။ မှူးမတ်အပေါင်းအသင်းတို့ကလည်း ''ဤသူသည် မင်း၊ အစိုးရတို့ထံ၌ ငါတို့အား ကုန်းချောပေရာ၏''ဟု ကြောက်သဖြင့် ပေးကမ်းကြရကုန်၏။

၃။ ''သဘင်သည်နှင့် မတူသောသူသည် လာဘ်ကိုမရနိုင်''၊ ''သဘင်သည်နှင့်တူစေရမည်''ဟူသော စကား၏အဓိပ္ပာယ်ကား သဘင်သည်တို့သည် အရှက်အကြောက်ကို ပယ်၍ ဆိုကတီးမှုတ်ခြင်းတို့ဖြင့် ကခုန်မြူးထူး၍ ဥစ္စာပစ္စည်းကို စုဆောင်း၏။ ထို့အတူ လာဘ်ကို ရလိုသောသူသည် အရှက်အကြောက်ကို ပယ်ဖျက်၍ ယောကျ်ား မိန်းမ သူငယ် သူငယ်မတို့အား အရက်သေစာ သောက်စားဖက်ကဲ့သို့ အထူးထူး အပြားပြား ကစားရွှင်မြူးခြင်းကိုပြ၍ သွားလာရမည်။ သို့မှ လာဘ်ရမည်။

၄။ ''အုတ်အုတ်ကျက်ကျက် မပြုတတ်သူသည် လာဘ်မရနိုင်''၊ ''ပြုံးပွှမ်းသောစကားရှိသူ၊ အုတ်အုတ်ကျက်ကျက်လုပ်တတ်သူ ဖြစ်ရမည်''ဟူသော စကား၏အဓိပ္ပာယ်ကား မင်းတို့သည် အမတ်တို့ကို ''ဤမည်သောအရပ်၌ လူသတ်မှုဖြစ်သည်။ အိမ်ကိုလုယက်သည်။ မုဒိမ်းမှုလွန်ကျူးသည်။ ဤအမှုကား အဘယ်သူ၏ အမှုနည်း။ လက်သည်တရားခံကား အသူနည်း''ဟု မေးမြန်းတတ်ကုန်၏။ ထိုအခါ အခြားသူများ မလျှောက်တင်ရသေးမီ အလျင်ထ၍ ''ဤသူ ဤသူ ဖြစ်ပါသည်''ဟု ပြောဆိုတတ်သူကား အုတ်အုတ်ကျက်ကျက် ပြုတတ်သူပင် ဖြစ်၏။ မင်းတို့သည် ထိုသူ၏စကားဖြင့် ထိုတရားခံတို့ကိုရှာ၍ အမှုကို စီရင်တားမြစ်ကြကုန်၏။ ''ဤသူကိုမှီ၍ ဤမြို့သည် ခိုးသူဘေးမှ ကင်းဝေးရပေသည်''ဟု ကျေးဇူးတင်၍ များစွာသော အခြံအရံ အကျော်အစောကို ပေးကြကုန်၏။ မင်းမှတစ်ပါးသောသူတို့ကလည်း ''ဤသူသည် မင်းမှုထမ်းတို့က မေးသော် အကောင်းအဆိုးကို ပြောဆိုရာသည်''ဟု ကြောက်ရွံ့၍ ထိုသူအား ဥစ္စာကြေးငွေကို ပေးကြကုန်၏။ ဤသို့လျှင် အုတ်အုတ်ကျက်ကျက် ပြုတတ်သူအား လာဘ်သည် ဖြစ်ပေ၏။

ဤသို့မပြုတတ်သူတို့ကား သူမိုက်တို့ထံမှ ဥစ္စာပစ္စည်းကို မရနိုင်ဟု ဆိုလို၏။

ဤအရှင်သာရိပုတ္တရာ၏ လာဘ်ရကြောင်းစီးပွားရေးတရားကား ပြတ်သား ရှင်းလင်းလှပါပေ၏။ မြတ်စွာဘုရား အလိုတော်နှင့်လည်း တစ်ထပ်တည်း ကျပါ ပေ၏။ ယခုခေတ်၌ မိမိကိုယ်တိုင်က မသင့်သောအမှုဟု ယူဆသည်မှန်သော် လည်း အများအကြိုက်ကိုလိုက်၍ အရူးကဲ့သို့ ပြုကျင့်ရသူများလည်း ရှိ၏။ ဤသူတို့သည် ဥစ္စာကိုလိုချင်မှု စီးပွားရေးကြောင့်ပင် ဤသို့ပြုကြရပေ၏။ ကုန်း မချောတတ်သူသည်လည်း အများ၏လေးစားခြင်းကို မခံရတတ်။ တစ်ဖက်သားကို ပြစ်တင်ရှုတ်ချ၍ အကြည်ညိုပျက်စေကာ မိမိကို အထင်ကြီးအောင် ပြုတတ်သူ တို့သည် အများ၏လေးစားခြင်းကို ခံရကုန်၏။ အာဏာတန်ခိုး တိုးသည်ထက် တိုးတတ်ကြကုန်၏။ သဘင်သည်ကဲ့သို့ အရှက်အကြောက်ကင်းမဲ့စွာ အချင်းချင်း ဖက်ရမ်းနှုတ်ဆက်၍ ချစ်ခင်ဟန်ဆောင်ကာ ပေါင်းသင်းဆက်ဆံနေကြရသည်မှာ လည်း မျက်မြင်ပင် ဖြစ်ပေ၏။ ဤသို့ ဖက်လှဲတကင်း မပြုတတ်သောသူကိုကား လူရိုးလူအဟု အသုံးမချလိုကြပေ။ ယခုခေတ်ကား သဘင်သည်နှင့်တူရုံသာမဟုတ် ကျော်စောလိုသူတိုင်း သဘင်သည်တစ်ပိုင်းဖြစ်၍ ခေတ်စားအောင် ငွေရအောင် ကခုန်ကစားမှုကို ပြုလုပ်ကြရတော့သည်။ အုတ်အုတ်ကျက်ကျက် ရှုပ်ရှုပ်ယှက် ယှက် ပြောဆိုပေါင်းသင်းတတ်မှလည်း ပေါ်လွင်ထင်ရှား၍ ဂုဏ်သတင်းထွားကာ အသက်ဝင်ပေသည်။ အေးချမ်းငြိမ်သက်စွာ နေတတ်သူကား မီးမရှိသော ပြာ သဖွယ်ဖြစ်၍ အဘယ်မှာ ကျော်စောထင်ရှားပါမည်နည်း။ မထင်ရှားလျှင် အဘယ် မှာ ငွေကြေးလာဘ်လာဘ ရနိုင်ပါမည်နည်း။ လောကဖြစ်ပုံနှင့် အလုံးစုံကိုက်ညီ သော ဒေသနာတော်ပင်တကား။

## ၁၁။ စကြဝဠာဆားအိုးကြီး အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာသည် ပညာကြီးတော်မူသည်နှင့်အမျှ စိတ်သဘောလည်း ကြီးမားမြင့်မြတ်တော်မူလှ၏။ မိမိသာ အချီးမွမ်း အအံ့အသြခံလိုပြီးလျှင် သူ တစ်ပါးတို့ အချီးအမွမ်း၊ အအံ့အသြခံရသည်ကို မလိုလားသော ပုဂ္ဂိုလ်မျိုးမဟုတ်၊ အရှင်သာရိပုတ္တရာကား သူတစ်ပါးတို့၌ ထူးကဲသောဂုဏ်ကျေးဇူးများကို တွေ့မြင် ရပါမူ မတွန့်တို မဆုတ်ဆိုင်းဘဲ ဟုတ်တိုင်းမှန်စွာ ချီးမွမ်းတော်မူလေ့ရှိ၏။ အောက်ပါအကြောင်းအရာကား အရှင်သာရိပုတ္တရာသည် သူတစ်ပါးတို့အား ချီးမွမ်း တတ်သူဖြစ်သည်ဟူသော အချက်နှင့် သူတကာတို့နှင့် မနှိုင်းယှဉ်သာအောင် ပညာကြီးတော်မူသည်ဟူသော အချက်နှစ်ချက်ကို ပြက်ပြက်ထင်ထင် သိမြင်စေ တော့၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ရာဇဂြိုဟ်မြို့တော်ရှိ ရှဥ့်နက်တို့ကို အစာပေး၍ မွေးမြူရာဖြစ်သော ဝေဠုဝန်ကျောင်းတော်သို့ ရောက်တော်မူကြရာ အာဂန္တုရဟန်းတို့ များပြားလှသဖြင့် သီးခြားနေရာမရကြဘဲ တစ်ခန်းတည်း နှစ်ပါးအတူနေတော်မူကြရ၏။ ထိုအခါ ညနေချမ်းအချိန် နေ့သန့်နေထိုင်ရာမှ ထလာတော်မူသော အရှင်သာရိပုတ္တရာသည် အတူနေဖြစ်သော အရှင်မဟာမောဂ္ဂလ္လာန်ကို ဤသို့မေးတော်မူ၏။

"ငါ့ရှင် ငါ့ရှင်၏ မျက်နှာအဆင်းသည် ကြည်လင်လှ၏။ ယနေ့အဖို့ ငြိမ်းချမ်းသော သမာပတ်ချမ်းသာဖြင့် နေခဲ့သလော"

"ငါ့ရှင် ငြိမ်းချမ်းသောသမာပတ်ချမ်းသာဖြင့် မနေခဲ့ပါ။ ကြမ်းတမ်းသော အာရုံဖြင့်သာ နေခဲ့ပါသည်။ အမှန်စင်စစ်ကား တရားစကား ဆွေးနွေးလျှောက်ထားနေပါသည်"

"အဘယ်သူနှင့် ဆွေးနွေးသနည်း"

"မြတ်စွာဘုရားနှင့် ဆွေးနွေးလျှောက်ထားပါသည်"

"မြတ်စွာဘုရားကား ဝေးလှသော သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူပေသည်။ အရှင်မောဂ္ဂလ္လာန်ကပင် မြတ်စွာဘုရားအထံတော်သို့ တန်ခိုးဖြင့် ကြွသွားသလော၊ မြတ်စွာဘုရားကပင် တန်ခိုးတော်ဖြင့် ကြွလာတော်မူပါသလော"

"အကျွန်ုပ်ကလည်း မသွား၊ မြတ်စွာဘုရားကလည်း ကြွလာတော်မမူပါ။ အမှန်စင်စစ်ကား အကျွန်ုပ်၏ ဒိဗ္ဗစက္ခုနှင့် ဒိဗ္ဗသောတအဘိညာဉ်တို့သည် မြတ်စွာဘုရားကို ဖူးမြင်ရန်၊ တရားကိုနာရန် စင်ကြယ်ကြပါသည်။ မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခုနှင့် ဒိဗ္ဗသောတအဘိညာဉ်တို့သည်လည်း အကျွန်ုပ်ကိုမြင်ရန်၊ အကျွန်ုပ်၏ စကားကိုကြားရန် စင်ကြယ်ကြပါသည်"

"သို့ဖြစ်လျှင် အဘယ်သို့ တရားဆွေးနွေးပါသနည်း"

"အာရဒ္ဓဝီရိယပုဂ္ဂိုလ်ဟူသည် အဘယ်သို့သောအကြောင်းဖြင့် ဖြစ်နိုင်ပါသနည်းဟု မေးလျှောက်ပါသည်။ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသူဖြစ်၍ မိမိလိုအပ်သောတရားကို မရလျှင် ဝီရိယမလျှော့ဟု အားထုတ်သူကား အာရဒ္ဓဝီရိယ–အားထုတ်အပ်သော လုံ့လရှိသူဖြစ်သည်ဟု မြတ်စွာဘုရားက ဖြေတော်မူပါသည်"

"ငါ့ရှင် ဟိမဝန္တာတောင်အား ကျောက်တုံးကျောက်ခဲငယ်သည် နှိုင်းယှဉ်စရာ အနီး၌ ချထားကာမတ္တဖြစ်၍ မတူနိုင်သကဲ့သို့ ငါ့ရှင်မောဂ္ဂလ္လာန်အား အခြားသူများသည် နှိုင်းယှဉ်စရာ ဥပမာမျှသာ ဖြစ်ကြပါလိမ့်မည်။ တူကားမတူ

နိုင်ပါ။ ငါ့ရှင်မောဂ္ဂလာန်ကား ဤမျှ တန်ခိုးအာနုဘော်ကြီးမားလှသူဖြစ်၍ အာယုကပ် ပတ်လုံးပင် တည်နေနိုင်ရာပါသည်''

ဤသို့ အရှင်သာရိပုတ္တရာက ချီးကျူးသောအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်သာရိပုတ္တရာအား အောက်ပါအတိုင်း ပြန်၍ချီးမွမ်း၏။

''ငါ့ရှင် စကြဝဠာအနားရေးကို ကရွတ်ခွေပြု၍ ဖြဟ္မာ့ပြည်တိုင်အောင် ကြီးမားသော ဆားအိုးကြီးအား ဆားခဲငယ်ကလေးသည် နှိုင်းယှဉ်စရာဥပမာမျှသာ ဖြစ်၍ မတူနိုင်သကဲ့သို့ ငါ့ရှင် သာရိပုတ္တရာအား အခြားပုဂ္ဂိုလ်များသည် နှိုင်းယှဉ်စရာမျှသာ ဖြစ်ကြပါလိမ့်မည်။ ထိုစကားသည် မှန်လှ၏။ မြတ်စွာဘုရားသည် ငါ့ရှင် သာရိပုတ္တရာကို များသောအကြောင်းဖြင့် ချီးကျူးတော်မူပါသည်။ ''အကျင့်သီလအားဖြင့်လည်းကောင်း၊ ငြိမ်သက်ခြင်းဥပသမအားဖြင့်လည်းကောင်း၊ ကမ်းတစ်ဖက်သို့ရောက်ကြသော သူတို့တွင် ဤသာရိပုတ္တရာသာ အမြတ်ဆုံးဖြစ်ပေသည်''ဟု မိန့်မြွက်ချီးကျူးတော်မူခဲ့ပါသည်။

ဤသို့လျှင် အဂ္ဂသာဝကနှစ်ပါးတို့သည် အချင်းချင်း၏ဂုဏ်ကျေးဇူးကို သဘောမှန်အတိုင်း ချီးကျူးတော်မူခဲ့ကြဖူးသတည်း။

## ၁၂။ သမာဓိတန်ခိုး

(ယက္ခပ္ပဟာရသုတ်)

အရှင်သာရိပုတ္တရာသည် ပညာကြီးတော်မူသည်သာမက သမာဓိလည်း ကြီးမားတော်မူ၏။ သမာဓိကြီးမားခြင်းကြောင့်ပင် အရှင်သာရိပုတ္တရာအား မြတ်စွာဘုရားသည် ''ရဟန်းတို့ သာရိပုတ္တရာသည် စိတ်အလိုသို့မလိုက်၊ စိတ်ကိုသာ မိမိအလိုသို့ လိုက်စေသည်''ဟု ချီးမွမ်းတော်မူခဲ့၏။ ဤသို့သမာဓိတရားကြီးမားခြင်းကား တစ်နည်းအားဖြင့်ဆိုသော် တန်ခိုးကြီးတော်မူခြင်းပင်ဖြစ်၏။ အရှင်သာရိပုတ္တရာ၏ သမာဓိကြီးမားပုံ၊ တန်ခိုးကြီးမားပုံကား အောက်ပါ အကြောင်းအရာဖြင့် သိသာထင်ရှား၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့သည် ရာဇဂြိုဟ်မြို့တော်အနီး တစ်ခုသော ချောက်ကမ်းပါး၌ သီတင်းသုံးတော်မူကြကုန်၏။ ထိုချောက်ကမ်းပါးကား ခိုတို့မှီခိုနေထိုင်ရာ ဖြစ်သောကြောင့် ကပေါတကန္ဒရဟုတွင်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် တစ်ခုသော လဆန်းပက္ခ၌ ဆံပင်ကို ရိတ်ပြီးစချိန် လွင်တီးခေါင်၌ထိုင်၍ ဈာန်သမာပတ် ဝင်စားတော်မူ၏။

ထိုအခါ နတ်ဘီလူးနှစ်ယောက်တို့သည် မြောက်အရပ်မှ တောင်အရပ်သို့ ကိစ္စတစ်ခုဖြင့် လာကြကုန်၏။ တစ်ယောက်သော နတ်ဘီလူးသည် အရှင်သာရိပုတ္တရာ ထိုင်နေတော်မူသည်ကိုမြင်၍ အဖော်ဖြစ်သော နတ်ဘီလူးကို ဤသို့ ပြောဆို၏။

"အို အချင်း၊ ဤရဟန်း၏ ပြောင်လှသောဦးခေါင်းကို ရိုက်လိုက်မည်"

"အို အဆွေ၊ မသင့်လျော်ပါ၊ ဤရဟန်းကို မပုတ်ခတ်လင့်၊ ဤရဟန်းသည် မြင့်မြတ်သော တန်ခိုးကြီးသောရဟန်း ဖြစ်ပေသည်"

ဤသို့ နတ်ဘီလူးဟစ်ယောက်ကလည်း သုံးကြိမ်တိုင်တိုင် ရိုက်ပုတ်မည်ဟု ပြောဆို၏။ အဖော်နတ်ဘီလူးကလည်း သုံးကြိမ်တိုင်တိုင်ပင် မပုတ်ခတ်ရန် တားမြစ်၏။ ထိုနတ်ဘီလူးသည် အဖော်ဖြစ်သူ၏ တားမြစ်ခြင်းကို မနာယူဘဲ အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို သူ၏လက်နက်ဖြင့် ရိုက်နက်၏။ ထိုရိုက်နက်ခြင်းကား အရပ်ခုနစ်တောင်မြင့်သော ဆင်ကိုပင် လဲလောက်အောင် ပြင်းထန်၏။ တောင်ထွတ်ငယ်ကို ပြိုကွဲလောက်အောင် ပြင်းထန်၏။ ထိုနတ်ဘီလူးလည်း ပူလောင်သည်၊ ပူလောင်သည်ဟု ဆို၍ ထိုနေရာ၌ပင် သေလွန်၍ ငရဲ၌ ဖြစ်လေ၏။

အရှင်မဟာမောဂ္ဂလ္လာန်လည်း ထိုသို့ အရှင်သာရိပုတ္တရာအား ရိုက်သည်ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာအထံသို့ ကြွလာ၍ ဤသို့မေးတော်မူ၏။

"ငါ့ရှင် သာရိပုတ္တရာ၊ ခန့်ကျန်း၏လော၊ နေသာထိုင်သာရှိ၏လော၊ နာကျင်ခြင်းဆင်းရဲ တစ်စုံတစ်ရာ မရှိပါလော"

"ငါ့ရှင် မောဂ္ဂလ္လာန်၊ ခန့်ကျန်းပါသည်၊ နေသာထိုင်သာရှိပါသည်၊ စင်စစ်သော်ကား ဦးခေါင်း၌ အနည်းငယ်နာကျင်သွားပါသည်"

"ငါ့ရှင် သာရိပုတ္တရာ၊ အံ့သြဖွယ်ကောင်းလှ၏။ မဖြစ်ဖူးမြဲ ထူးကဲလှ၏။ အရှင်သာရိပုတ္တရာသည် အလွန်လျှင် တန်ခိုးအာနုဘော် ကြီးပါပေစွ၊ ယခုပင်လျှင် နတ်ဘီလူးတစ်ယောက်သည် ငါ့ရှင်၏ ဦးခေါင်းကို ပြင်းထန်စွာ ရိုက်ပုတ်၏။ အရပ်ခုနစ်တောင်မြင့်သော ဆင်သော်လည်း လဲလောက်၏။ တောင်ထွတ်သော်လည်း ပြိုလောက်၏။ သို့ပါလျက် အရှင်သာရိပုတ္တရာသည် 'ခန့်ကျန်းသည်၊ နေသာထိုင်သာရှိသည်၊ စင်စစ်ကား ဦးခေါင်း၌ အနည်းငယ်မျှ နာကျင်သည်'ဟု ဆိုခဲ့သည်တကား"

"ငါ့ရှင် မောဂ္ဂလ္လာန်၊ အံ့ဖွယ်ကောင်းလှ၏။ မဖြစ်ဖူးမြဲ ထူးကဲလှ၏။ အရှင်မဟာမောဂ္ဂလ္လာန်သည် တန်ခိုးအာနုဘော် ကြီးမားပါပေစွ။ အရှင်မဟာ

မောဂ္ဂလ္လာန်သည် နတ်ဘီလူးကိုပင် မြင်နိုင်ပါပေ၏။ ငါတို့ကား ယခုအချိန်၌ မြေဘုတ်ဘီလူးကိုပင် မမြင်ပါချေတကား"

ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူလျက်ပင် ထိုအဂ္ဂသာဝကနှစ်ပါးတို့၏ အချင်းချင်း မိန့်ကြားသောစကားကို ဒိဗ္ဗသောတဖြင့် ကြားတော်မူ၍ ဤသို့ ဥဒါန်းကျူးတော်မူ၏။

"အကြင်သူ၏စိတ်သည် ကျောက်တောင်ကြီးကဲ့သို့ တည်ငြိမ်၏၊ တုန်လှုပ်ခြင်း လုံးဝမရှိပေ။ တပ်မက်စရာအာရုံတို့၌လည်း မတပ်မက်ဘဲ အမျက်ထွက်စရာ အာရုံတို့၌လည်း အမျက်မထွက်တတ်ပေ။ စိတ်ကို ဤမျှ ပွားများထားသော ထိုသူအား နာကျင်ခြင်းဆင်းရဲသည် အဘယ်မှာလျှင် ကျရောက်နိုင်ပါမည်နည်း"

## ၁၃။ ဗုဒ္ဓအလိုတော်ကို သိတတ်ခြင်း

အရှင်သာရိပုတ္တရာသည် ဗုဒ္ဓ၏ ပထမအဂ္ဂသာဝက မဟာပညာဧတဒဂ်ရ ပုဂ္ဂိုလ်ဖြစ်သည်နှင့်အညီ ဗုဒ္ဓ၏အလိုတော်ကို လွန်စွာသိတတ်သည်။ ဗုဒ္ဓကလည်း အရှင်သာရိပုတ္တရာသည် ဗုဒ္ဓအလိုကျဖြစ်အောင် တရားဓမ္မ ဟောကြားပြသနိုင်သည်ဟု ယုံကြည်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓသည် တစ်ခါတစ်ရံ ရဟန်းတို့ကို အရှင်သာရိပုတ္တရာအထံသို့ စေလွှတ်၍ တရားနာစေတော်မူခဲ့သည်။ အဆုံးအမ ခံစေတော်မူခဲ့သည်။

ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် ဗုဒ္ဓက ရဟန်းတို့ကို အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့ထံသို့ သွား၍ တရားနာကြဟု စေလွှတ်တော်မူသဖြင့် အရှင်သာရိပုတ္တရာသည် ရဟန်းတို့အား သစ္စာလေးပါးတရားကို အကျယ်ဖွင့်၍ ဟောကြားတော်မူခဲ့သည်။ ထိုနေရာကား ဓမ္မစကြာတရားဒေသနာကို ဟောတော်မူခဲ့ရာ နေရာဖြစ်သည်။ ဓမ္မစကြာတရားတော်ကား သစ္စာလေးပါးတရားပင် ဖြစ်သည်။

တစ်ခါတစ်ရံတွင် ဗုဒ္ဓသည် မိမိတရားဟော၍ ညောင်းညာတော်မူသော အခါ အရှင်သာရိပုတ္တရာကို မိမိကိုယ်စား တရားဟောစေတော်မူခဲ့သည်။ တစ်ခါသော် ဗုဒ္ဓသည် ကောသလတိုင်း နဠကပါနနိဂုံး ပေါက်တော၌ သီတင်းသုံးတော်မူစဉ် တစ်ခုသောလပြည့်နေ့ညဉ့်၌ ရဟန်းတို့အား တရားဟောတော်မူသည်။ ညဉ့်နက်သောအခါ၌ကား ဗုဒ္ဓသည် ခါးညောင်းတော်မူသဖြင့် အရှင်သာရိပုတ္တရာကို ဤသို့မိန့်တော်မူသည်။

"အို သာရိပုတ္တရာ၊ ရဟန်းတို့အား တရားစကား ဟောကြားလော့၊ ငါဘုရား ကျောက်ကုန်းနာသဖြင့် ခေတ္တလျောင်းတော်မူမည်"

"အရှင်ဘုရား ကောင်းပါပြီ"

ဤသို့ဝန်ခံ၍ အရှင်သာရိပုတ္တရာသည် ဆုတ်ယုတ်ကြောင်းတရား၊ ကြီးပွားကြောင်းတရားတို့ကို ရဟန်းတို့အား ဟောကြားတော်မူသည်။

"ငါ့ရှင်တို့ အကြင်သူသည် ကုသိုလ်တရားတို့၌ ယုံကြည်သော သဒ္ဓါတရားမရှိ၊ အရှက်လည်းမရှိ၊ အကြောက်လည်းမရှိ၊ လုံ့လလည်းမရှိ။ ကုသိုလ်တရားတို့၌ အသိဉာဏ်ပညာလည်း မရှိအံ့။ ထိုသူသည် လဆုတ်ပက္ခလကဲ့သို့ ဆုတ်ယုတ်တတ်သည်။ အကြင်သူအား ကုသိုလ်တရားတို့၌ သဒ္ဓါလည်းရှိ၏။ အရှက်လည်းရှိ၏။ အကြောက်လည်းရှိ၏။ လုံ့လလည်းရှိ၏။ ပညာလည်းရှိ၏။ ထိုသူသည် လဆန်းပက္ခလကဲ့သို့ ကြီးပွားတတ်သည်"

## ဆုတ်ယုတ်ကြောင်း ၁၀ ပါး

"ငါ့ရှင်တို့ သဒ္ဓါမရှိသောသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ အရှက်မရှိသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ အကြောက်မရှိသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ ပျင်းရိသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ ပညာမရှိသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ ဒေါသကြီးသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ ရန်ငြိုးဖွဲ့တတ်သူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ အလိုဆိုးရှိသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ မိတ်မကောင်းရှိသူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။ မိစ္ဆာဒိဋ္ဌိဖြစ်သူဟု အဆိုခံရခြင်းသည် ဆုတ်ယုတ်ကြောင်းတည်း။

## ကြီးပွားကြောင်း ၁၀ ပါး

"ငါ့ရှင်တို့ သဒ္ဓါတရားရှိသူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ အရှက်ရှိသူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ အကြောက်ရှိသူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ လုံ့လရှိသူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ ပညာရှိဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ စိတ်မတိုတတ်သူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ ရန်ငြိုးမဖွဲ့တတ်သူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ လောဘနည်းသူ

ဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ မိတ်ကောင်းရှိသူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း။ သမ္မာဒိဋ္ဌိဖြစ်သူဟု အခေါ်ခံရခြင်းသည် ကြီးပွားကြောင်းတည်း''

ဤသို့ ဟောတော်မူပြီးသောအခါ မြတ်စွာဘုရားသည် လျောင်းစက်ရာမှ ထတော်မူ၍ အရှင်သာရိပုတ္တရာအား အို သာရိပုတ္တရာ သာဓု၊ သာဓုဟု သာဓုခေါ်တော်မူသည်။ အရှင်မြတ်၏ ဟောကြားချက်ကို ထပ်မံဟောကြား၍ ထောက်ခံအတည်ပြုတော်မူသည်။ ဤနဋကပါနနိဂုံးမှာပင် နောက်တစ်ကြိမ်လည်း အလားတူပင် ဆုတ်ယုတ်ကြောင်းတရား၊ တိုးတက်ကြောင်းတရားတို့ကို ဟောတော်မူခဲ့ရသေးသည်။ ဤနောက်တစ်ကြိမ်တွင် အရှင်မြတ်သည် သဒ္ဓါ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာတို့ကို မူလအတိုင်းထားပြီး

၁။ သောတာဝဓာန– သင်ကြားနာယူခြင်း၊

၂။ ဓမ္မဓာရဏာ– တရားကို နှုတ်လွတ်အရဆောင်ခြင်း၊

၃။ အတ္ထူပ ပရိက္ခာ– အနက်အဓိပ္ပာယ်ကို စူးစမ်းဆင်ခြင်ခြင်း၊

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ– တရားအတိုင်း ပြုကျင့်ခြင်း၊

၅။ အပ္ပမာဒ– မေ့မေ့လျော့လျော့ မနေခြင်းတို့ကို ထည့်၍ ဤတရား ၁၀ ပါးတို့သည် ကြီးပွားတိုးတက်ကြောင်းများ ဖြစ်ကြသည်။ ဤတရား ၁၀ ပါးတို့နှင့် ဆန့်ကျင်ဘက် ၁၀ ပါးတို့ကား ဆုတ်ယုတ်ကြောင်းများ ဖြစ်ကြသည်ဟု ပရိယာယ်ပြောင်း၍ ဟောကြားတော်မူခဲ့သည်။ ရှေးအတူပင် ဗုဒ္ဓက သာဓုခေါ်၍ အတည်ပြုတော်မူသည်။

တစ်ခါသော် ဇေတဝန်ကျောင်းတော်ကြီး ဒကာဖြစ်သော အနာထပိဏ်သူဌေးကြီးသည် ဥပါသကာ ငါးရာတို့နှင့်အတူတကွ မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်လာသည်။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူသည်။

''အို သူကြွယ်တို့၊ သင်တို့သည် ငါတို့ကား ရဟန်းသံဃာကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးကြရပေပြီဟု ထိုမျှလောက်ဖြင့် ဝမ်းမြောက်မနေကြကုန်လင့်။ ငါတို့သည် တစ်ခါတစ်ခါ ဆိတ်ငြိမ်သော ပီတိကိုရ၍ နေကြမည်ဟု ကျင့်ကြံကြရမည်''

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထားသည်။

''အရှင်ဘုရား ငါတို့သည် ရဟန်းသံဃာကို ပစ္စည်း ၄ ပါးတို့ဖြင့် လုပ်ကျွေးကြရပေပြီဟု ထိုမျှလောက်ဖြင့် ဝမ်းမြောက်မနေကြကုန်လင့်။ ငါတို့သည်

တစ်ခါတစ်ခါ ဆိတ်ငြိမ်သော ပီတိကိုရ၍ နေကြမည်ဟု ကျင့်ကြံကြရမည်ဟု မိန့်တော်မူသောစကားများမှာ အံ့သြဖွယ်ရှိလှပါသည်။ မဖြစ်စဖူး ထူးခြားလှပါသည်။ အလွန်လျှင် စကားကောင်းဖြစ်ပါပေသည်။

**ပဝိဝေကပီတိအကျိုး ၅ ပါး**

"အရှင်ဘုရား၊ အကြင်အခါ၌ အရိယသာဝကသည် ဆိတ်ငြိမ်သောပီတိကိုရ၍နေ၏။ ထိုအခါ၌ ထိုအရိယသာဝကအား ငါးပါးသောအကြောင်းတို့ မဖြစ်ကြကုန်။ ထိုအရိယသာဝကအား ကာမဂုဏ်နှင့်ပတ်သက်သော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းလည်း မဖြစ်ပါ။ ကာမဂုဏ်နှင့် ပတ်သက်သော ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းလည်း မဖြစ်ပါ။ မကောင်းမှုအကုသိုလ်နှင့် ပတ်သက်သော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းလည်း မဖြစ်ပါ။ မကောင်းမှုအကုသိုလ်နှင့် ပတ်သက်သော ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းလည်း မဖြစ်ပါ။ ကောင်းမှုကုသိုလ်နှင့် ပတ်သက်သော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းလည်း မဖြစ်ပါ။ အရှင်ဘုရား ထိုအရိယသာဝကအား ဤအကြောင်း ၅ ပါးတို့ မဖြစ်ကြပါ"

ထိုအခါ မြတ်စွာဘုရားသည် သာဓုခေါ်တော်မူ၍ အရှင်မြတ်၏ လျှောက်ထားချက်ကို အတည်ပြုတော်မူသည်။ အမှန်အားဖြင့် အရှင်မြတ် ဟောကြားသော တရားတို့ကို ဗုဒ္ဓသည် ထောက်ခံအတည်ပြုတော်မူသည်ချည်း ဖြစ်သည်။ ထို့ကြောင့်လည်း တရားစကြာကို အတုလိုက်၍လည်စေနိုင်သော သားကြီးရတနာဟု အရှင်မြတ်အား ဗုဒ္ဓက ချီးကျူးတော်မူခဲ့သည်။

ဤသုတ်၏ဆိုလိုရင်းမှာ ဆိတ်ငြိမ်သော ပီတိကို ခံစား၍နေသော အရိယသာဝကအား ကောင်းမှုကုသိုလ်နှင့်စပ်သော ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း သုခသောမနဿတို့သာ ဖြစ်ကြသည်ဟု ဖြစ်သည်။ ဤပီတိကို ဗုဒ္ဓက ပဝိဝေကပီတိဟု ဟောတော်မူခဲ့သည်။ ကာမဂုဏ်အာရုံမှ ကင်းဆိတ်သောပီတိဟု ဆိုလိုသည်။

## ၁၄။ တရားပြကောင်းသည်

• အရှင်သာရိပုတ္တရာသည် အလွန် တရားပြကောင်းသည်။ ဗုဒ္ဓခေတ်တွင် အများအားဖြင့် သေက္ခသာဖြစ်သော ရဟန်းတို့သည် အရှင်သာရိပုတ္တရာထံ ချဉ်း

ကပ်၍ အထက်မဂ် အထက်ဖိုလ်ရရန် ကမ္မဋ္ဌာန်းတောင်းလေ့ရှိကြသည်။ တရားနာကြသည်။ ပြဿနာမေးကြသည်။ အရှင်မြတ်သည် ထိုရဟန်းတို့၏ အလိုဆန္ဒကို ဖြည့်တော်မူသည်။ ကမ္မဋ္ဌာန်းပေးသင့်သူအား ကမ္မဋ္ဌာန်းပေးသည်။ တရားဟောကြားသင့်သူအား တရားဟောကြားသည်။ ပြဿနာမေးလာသူတို့အား ပြဿနာကို ဖြေကြားသည်။ သို့ဖြင့် ထိုရဟန်းတို့သည် အရှင်မြတ်လမ်းညွှန်ဟောကြားသည့်အတိုင်း ကျင့်ကြံအားထုတ်၍ အချို့လည်း သကဒါဂါမိအဖြစ်သို့ ရောက်ကြသည်။ အချို့လည်း အနာဂါမ်အဖြစ်သို့ ရောက်ကြသည်။ အချို့လည်း ရဟန္တာအဖြစ်သို့ ရောက်ကြသည်။ အချို့ ဝိဇ္ဇာသုံးပါးကို ရကြသည်။ အချို့ အဘိညာဉ် ၆ ပါးကို ရကြသည်။ အချို့ကား ပဋိသမ္ဘိဒါလေးပါးတို့ကို ရကြသည်။ အရှင်မြတ်၏ ကျေးဇူးကား သံဃာတော်တို့၌ အလွန်ကြီးမားသည်။

အချို့ကား အရှင်မြတ်၏ဩဝါဒကို နာယူစဉ်မှာပင် ရဟန္တာအဖြစ်သို့ ရောက်၍ ရဟန်းဘိက္ခုပြီးကြသည်။ ယင်းသို့ တရားနာရင်း ရဟန္တာအဖြစ်သို့ ရောက်သသ်ကို တစ်ခါတစ်ရံ အရှင်မြတ်ပင် မသိလိုက်ဘဲ ဖြစ်ရသည်။

တစ်ခါသော် အရှင်လကုဏ္ဍလဘဒ္ဒိယသည် အနာဂါမ်အဖြစ်သို့ ရောက်ပြီးနောက် အရဟတ္တဖိုလ်အတွက် အရှင်သာရိပုတ္တရာ၏ ဆုံးမဩဝါဒကို လာ၍ နာယူသည်။ အရှင်သာရိပုတ္တရာလည်း အရှင်လကုဏ္ဍလဘဒ္ဒိယအား စေတနာများစွာနှင့် ဆုံးမတရား ဟောကြားသည်။ ယင်းသို့ ဟောကြားစဉ်မှာပင် အရှင်လကုဏ္ဍလဘဒ္ဒိယသည် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာအဖြစ်သို့ရောက်သည်။ အရှင်သာရိပုတ္တရာကား ယင်းသို့ ရဟန္တာအဖြစ်သို့ရောက်သည်ကို သတိမပြုမိသဖြင့် ဩဝါဒစကားကို ပရိယာယ်များစွာဖြင့် လှည့်၍လှည့်၍ ကြိုးကြိုးစားစား ဟောကြားလျက်ပင်ရှိသည်။ ထိုအခါ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီ၌ သီတင်းသုံးတော်မူလျက်ပင် ထိုအကြောင်းကိုသိ၍ အရှင်လကုဏ္ဍလဘဒ္ဒိယ ရဟန္တာဖြစ်ကြောင်းကို အရှင်သာရိပုတ္တရာသိအောင် ဥဒါန်းကျူးတော်မူသည်။ ထိုအခါမှ အရှင်သာရိပုတ္တရာသိ၍ စကားရပ်တော်မူသည်။ သံဃာတို့အပေါ်၌ ထားရှိသော စေတနာကား ဤမျှအထိ လွန်ကဲသည်။

အရှင်လကုဏ္ဍလဘဒ္ဒိယသည် နောင်အခါ၌ မဥ္ဇုဿရ တေဒဂ်ကိုရသည်။ မဥ္ဇုဿရတေဒဂ်ကား အသံအချိုဆုံးသာဝကဟု ဆိုလိုသည်။

ထမင်းဖြစ်ရာကိုမျှမသိ၊ မရှိဟူသော စကားကိုလည်း မသိသော၊ ဒိဗ္ဗစက္ခုတေဒဂ်ရ အရှင်အနုရုဒ္ဓါသည်လည်း အရှင်သာရိပုတ္တရာ၏ ဩဝါဒကို နာယူရမှ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရသည်။

တစ်ခါသော် အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရသူဖြစ်ပါလျက် ရဟန္တာအဖြစ်သို့ မရောက်နိုင်သဖြင့် အရှင်သာရိပုတ္တရာအထံသို့ ချဉ်းကပ်၍ ဤသို့ ဆွေးနွေးလျှောက်ထားသည်။

"ငါ့ရှင် သာရိပုတ္တရာ ငါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စကြဝဠာတစ်ထောင်ကို မြင်နိုင်သည်။ ငါ၏လုံ့လလည်း မတွန့်ဆုတ်။ ငါ၏သတိလည်း မတွေမဝေ ကောင်းစွာတည်ရှိသည်။ ငါ၏ကိုယ်လည်း ပူပန်ခြင်းမရှိ ဖြစ်၍ ကောင်းစွာ ငြိမ်းချမ်းသည်။ ငါ၏စိတ်လည်း ကောင်းစွာတည်ငြိမ်သည်။ သို့ဖြစ်လျက် ငါ၏စိတ်သည် အာသဝေါတရားတို့မှ မကင်းလွတ်သေးပေ"

"ငါ့ရှင် အနုရုဒ္ဓါ ငါသည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စကြဝဠာတစ်ထောင်ကို မြင်နိုင်သည်ဟူသော အချက်သည် သင်၏မာနၶ ရပ်တည်ချက်ပင်ဖြစ်သည်။ ငါ၏လုံ့လလည်း မတွန့်ဆုတ်၊ ငါ၏ သတိလည်း ကောင်းစွာတည်ရှိသည်၊ ကိုယ်လည်း ငြိမ်းချမ်းသည်၊ စိတ်လည်း ငြိမ်သက်သည်ဟူသော အချက်သည် သင်၏ ဥဒ္ဓစ္စ(ပျံ့လွင့်မှု)၌ ရပ်တည်ချက်ပင်ဖြစ်သည်။ သို့ဖြစ်လျက် ငါ၏စိတ်သည် အာသဝေါတရားတို့မှ မကင်းလွတ်သေးဟူသော အချက်သည် သင်၏ ကုက္ကုစ္စ(နောင်တပူပန်ခြင်း)ပင် ဖြစ်သည်။ ငါတောင်းပန်လိုသည် ရှည်သော အသက်ရှိသော အရှင်အနုရုဒ္ဓါသည် ဤအကုသိုလ်တရား ၃ ပါးတို့ကို ပယ်စွန့်၍ ဤတရား ၃ ပါးတို့ကို နှလုံးမသွင်းဘဲ သေခြင်းကင်းသော နိဗ္ဗာန်ဓာတ်၌ စိတ်ကို စုရုံးထားပါလော့"

အရှင်အနုရုဒ္ဓါလည်း အရှင်သာရိပုတ္တရာ ဆုံးမတော်မူသည့်အတိုင်း လိုက်နာ၍ ယင်းအကုသိုလ်တရား ၃ ပါးတို့ကို ပယ်စွန့်၍ အမတဓာတ်ခေါ် နိဗ္ဗာန်ဓာတ်၌သာ စိတ်ကို စုရုံးပို့ဆောင်သဖြင့် မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ထိုအခါ ဒိဗ္ဗစက္ခုဉာဏ်ကိုလည်း ရတော်မူသည်။

အရှင်မြတ်၏ ဆုံးမဩဝါဒကား ဤမျှအထိ ခရီးရောက်လှသတည်း။ အရှင်မြတ် တရားပြပုံမှာ ဤမျှအထိပင် နာယူသူနှင့် အံဝင်ခွင်ကျဖြစ်လှသတည်း။

## ၁၅။ တရားဆွေးနွေးလေ့ရှိသည်

လောက၌ ပညာရှိလုပ်သူတို့သည် အများအားဖြင့် သူတစ်ပါးတို့နှင့် မဆွေးနွေးလိုကြ။ မိမိကိုယ်ကို သူတစ်ပါးတို့က အထင်ကြီးသည်ထက်ကြီးအောင် မည်သူနှင့်မျှ အဖက်မတန်သကဲ့သို့ ဟန်ဆောင်၍သာ နေတတ်ကြသည်။ သူတစ်ပါးတို့နှင့် ဆွေးနွေးလျှင် အဆွေးနွေးခံရသူက မိမိအား အထင်သေးမည်ကို

စိုးရိမ်တတ်ကြသည်။ အရှင်သာရိပုတ္တရာကား ဤပညာရှိမျိုးမဟုတ်။ အခြားသာဝကကြီးများနှင့် မပြတ်ဆွေးနွေးသည်။ ပညာဗဟုသုတကို အလွန်မြတ်နိုးသည်။ ပညာရှိကို အလွန်ကြည်ညိုလေးစားသည်။ တရားဓမ္မ ဆွေးနွေးမေးမြန်းခြင်းသည် မင်္ဂလာတစ်ပါးဟု မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း တရားဆွေးနွေးခြင်း၏ အကျိုးကျေးဇူးကို ကောင်းစွာသိတော်မူသည်။

အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပ၊ အရှင်မဟာကစ္စည်း၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာ၊ အရှင်မဟာကောဋ္ဌိက၊ အရှင်သမိဒ္ဓိ၊ အရှင်ဥပဝါဏ၊ အရှင်ပုဏ္ဏ စသော မဟာသာဝကကြီးတို့သည် အရှင်မြတ်နှင့် တရားဆွေးနွေးဖက်များ ဖြစ်ကြသည်။ အထူးသဖြင့် ပဋိသမ္ဘိဒါပတ္တ ဧတဒဂ်ရ အရှင်မဟာကောဋ္ဌိကသည် အရှင်သာရိပုတ္တရာနှင့် အများဆုံး တရားဆွေးနွေးသူ ဖြစ်တော်မူခဲ့သည်။ အရှင်မဟာကောဋ္ဌိကသည် အရှင်သာရိပုတ္တရာနှင့် နက်နဲသိမ်မွေ့သော ပြဿနာတို့ကို ဆွေးနွေးခဲ့ခြင်းကြောင့်ပင် ပဋိသမ္ဘိဒါပတ္တ ဧတဒဂ်ရတော်မူခဲ့သည်။

ဖဿာယတန နိရောဓ ပြဿနာ

တစ်ခါသော် အရှင်မဟာကောဋ္ဌိကသည် အရှင်သာရိပုတ္တရာအထံသို့ ကြွလာ၍ ဤသို့ဆွေးနွေးမေးမြန်းသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ ဖဿာယတန ၆ ပါး (ဖဿ၏တည်ရာရုပ်နာမ်) တို့ အကြွင်းမဲ့ ချုပ်ပြီးနောက် တစ်စုံတစ်ရာ ရှိသေးသည်ဟု ဆိုနိုင်သလော။

"ငါ့ရှင် ဤသို့မဆိုရပြီ"

"ငါ့ရှင် ဖဿာယတန ၆ ပါးတို့ အကြွင်းမဲ့ ချုပ်ပြီးနောက် တစ်စုံတစ်ရာ မရှိပြီဟု ဆိုနိုင်သလော"

"ငါ့ရှင် ဤသို့လည်း မဆိုရပြီ"

"ငါ့ရှင် ဖဿာယတန ၆ ပါးတို့ အကြွင်းမဲ့ ချုပ်ပြီးနောက် တစ်စုံတစ်ရာ ရှိလည်းရှိသည် မရှိလည်းမရှိဟု ဆိုနိုင်သလော"

"ငါ့ရှင် ဤသို့လည်း မဆိုရပြီ"

"ငါ့ရှင် ဖဿာယတန ၆ ပါးတို့ အကြွင်းမဲ့ ချုပ်ပြီးနောက် တစ်စုံတစ်ရာ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်ဟု ဆိုနိုင်သလော"

"ငါ့ရှင် ဤသို့လည်း မဆိုရပြီ"

"ငါ့ရှင် သို့ဖြစ်လျှင် အဘယ်သို့ မှတ်ရအံ့နည်း"

"ငါ့ရှင် ဖဿာယတန ၆ ပါးတို့ အကြွင်းမဲ့ ချုပ်ပြီးနောက် တစ်စုံတစ်ရာ ရှိသေးသည်ဟု ဆိုသောသူသည် အကျယ်မချဲ့သင့်သည်ကို အကျယ်ချဲ့၏။

ဖဿာယတန ၆ ပါးတို့ အကြွင်းမဲ့ချုပ်ပြီးနောက် တစ်စုံတစ်ရာ မရှိဟု ဆိုသော သူသည်လည်း အကျယ်မချဲ့သင့်သည်ကို အကျယ်ချဲ့၏။ ဖဿာယတန ၆ ပါးတို့ အကြွင်းမဲ့ ချုပ်ပြီးနောက် တစ်စုံတစ်ရာ ရှိလည်းရှိ၏ မရှိလည်းမရှိဟု ဆိုသောသူ သည်လည်း အကျယ်မချဲ့အပ်သည်ကို အကျယ်ချဲ့၏။ ဖဿာယတန ၆ ပါးတို့ အကြွင်းမဲ့ ချုပ်ပြီးနောက် တစ်စုံတစ်ရာ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ဆိုသောသူသည်လည်း အကျယ်မချဲ့သင့်သည်ကို အကျယ်ချဲ့၏။ ပပဥ္စတရား မရှိသည်ကို ရှိသည်ဟု ဆိုခြင်းဖြစ်၏။ ငါ့ရှင် ဖဿာယတန ၆ ပါး သွားသလောက်သာ ပပဥ္စတရား (တဏှာ မာန ဒိဋ္ဌိ သံသရာနယ်ချဲ့တရား) သွား၏။ ပပဥ္စတရားသွားသလောက်သာ ဖဿာယတန ၆ ပါး သွား၏။ ဖဿာ ယတန ၆ ပါး အကြွင်းမဲ့ ချုပ်ငြိမ်းလျှင် ပပဥ္စတရားလည်း အကြွင်းမဲ့ချုပ်ငြိမ်း၏။

ဤသုတ်၏ အနက်အဓိပ္ပာယ်သည် အလွန်နက်နဲသိမ်မွေ့သည်။ ဖဿာ ယတနဆိုသည်မှာ စက္ခုသမ္ဖဿ- မျက်စိအတွေ့ စသော ဖဿ ၆ ပါးတို့၏ တည်ရာ ရုပ်နှင့်နာမ်ဖြစ်သည်။ ဖဿ၏တည်ရာ ရုပ်နှင့်နာမ်တို့ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကား ပရိနိဗ္ဗာန်ပြုခြင်းပင်ဖြစ်သည်။ တဏှာ မာန ဒိဋ္ဌိ ဤ ၃ ပါးကို ပပဥ္စတရား- နယ်ချဲ့တရားဟု ခေါ်သည်။ ဖဿ၏တည်ရာ ရုပ်နာမ်ရှိသလောက် သာ ပပဥ္စတရားရှိနိုင်သည်။ ဖဿ၏တည်ရာ ရုပ်နာမ်ချုပ်ငြိမ်းလျှင် ပပဥ္စတရား လည်း ချုပ်ငြိမ်းသည်။ သို့ရာတွင် တိတ္ထိတို့ကား ရုပ်နာမ်ချုပ်ငြိမ်းသော်လည်း အတ္တကျန်သေးသည်ဟု တဏှာ မာန ဒိဋ္ဌိဖြင့် ဖွဲ့လမ်းကာ အယူမှားကြသည်။ ယင်းအယူမှားကို ဖော်ထုတ်၍ အရှင်မဟာကောဋ္ဌိကက ဆွေးနွေးသည်။ ထို့ ကြောင့် အရှင်သာရိပုတ္တရာက ၄ ချက်လုံးကို ကန့်ကွက်၍ သဘာဝအမှန်ကို အခြားကြားနာသူတို့ နားလည်အောင် ဖြေရှင်းဖော်ပြသည်။

တစ်နည်းအားဖြင့်ဆိုလျှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ထိုသူအား တစ်စုံတစ်ခု သော အတ္တသည် ရှိသေးသလောဟု အရှင်မဟာကောဋ္ဌိကက မေးသည်။ အရှင် မြတ်က မရှိဟုဖြေသည်။ သို့ရာတွင် ဤအယူအစွဲသည် သဿတဒိဋ္ဌိ ဧကစ္စ သဿတဒိဋ္ဌိ အမရာဝိက္ခေပ အယူရှိသူတို့၏ အယူအစွဲဖြစ်သည်။ ထိုအယူအစွဲကို ပေါ်လွင်စေလို၍ အရှင်မဟာကောဋ္ဌိကက ၄ ချက်လှည့်၍ မေးသည်။ ယင်း ၄ ချက်စလုံးသည် တိတ္ထိအယူသာဖြစ်၍ အရှင်မြတ်ကလည်း ၄ ချက်စလုံးကို ပယ်၍ ပပဥ္စတရားပါ ချုပ်ငြိမ်းပုံကို ဖြေရှင်းသည်။

အရှင်မဟာ ကောဋ္ဌိကအား ဤအယူအစွဲမရှိဟု အထူးဖြေရှင်းစရာမလို။ ဤပြဿနာကိုပင် အရှင်အာနန္ဒာက အရှင်မဟာကောဋ္ဌိကအား ဆွေးနွေးလာသော

အခါ အရှင်မဟာကောဋ္ဌိကသည် အရှင်သာရိပုတ္တရာဖြေသည့်အတိုင်း အရှင်အာနန္ဒာအား ဖြေကြားတော်မူခဲ့သည်။ (အာနန္ဒသုတ်)

## အဘယ်ကြောင့် ဗုဒ္ဓထံ၌ ရဟန်းပြုသနည်း

အရှင်မဟာကောဋ္ဌိကကား မဟာပညာသာဝကတစ်ပါး ဖြစ်သောကြောင့် အရှင်သာရိပုတ္တရာနှင့် အလွန်ရင်းနှီးသည်။ တစ်ခါသော် အရှင်မဟာကောဋ္ဌိကသည် အရှင်သာရိပုတ္တရာအား ဤသို့ဆွေးနွေးမေးမြန်းသည်။

''ငါ့ရှင် သာရိပုတ္တရာ ယခုဘဝ၌ ခံစားရမည့်ကံကို နောင်ဘဝမှခံစားရအောင် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

''ငါ့ရှင် မဟုတ်ပါ''

''ငါ့ရှင် သာရိပုတ္တရာ နောင်ဘဝမှ ခံစားရမည့်ကံကို ယခုဘဝတွင် ခံစားရအောင် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

''ငါ့ရှင် မဟုတ်ပါ''

''ငါ့ရှင် သာရိပုတ္တရာ သုခဝေဒနာ ဖြစ်စေတတ်သောကံကို ဒုက္ခဝေဒနာ ဖြစ်စေရန် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

''ငါ့ရှင် မဟုတ်ပါ''

''ငါ့ရှင် သာရိပုတ္တရာ ဒုက္ခဝေဒနာ ဖြစ်စေတတ်သောကံကို သုခဝေဒနာ ဖြစ်စေရန် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

''ငါ့ရှင် မဟုတ်ပါ''

''ငါ့ရှင် သာရိပုတ္တရာ ရင့်ကျက်ပြီးသောကံကို မရင့်ကျက်သေးသောကံ ဖြစ်စေရန် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

''ငါ့ရှင် မဟုတ်ပါ''

''ငါ့ရှင် သာရိပုတ္တရာ မရင့်ကျက်ပြီးသောကံကို ရင့်ကျက်သေးသောကံ ဖြစ်စေရန် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

''ငါ့ရှင် မဟုတ်ပါ''

''ငါ့ရှင် သာရိပုတ္တရာ အကျိုးပေးများသောကံကို အကျိုးပေးနည်းသောကံ ဖြစ်စေရန် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

''ငါ့ရှင် မဟုတ်ပါ''

''ငါ့ရှင် သာရိပုတ္တရာ အကျိုးပေးနည်းသောကံကို အကျိုးပေးများသောကံ ဖြစ်စေရန် ဗုဒ္ဓထံ၌ ရဟန်းပြုသလော''

"ငါ့ရှင် မဟုတ်ပါ"

"ငါ့ရှင် သာရိပုတ္တရာ အကျိုးပေးသောကံကို အကျိုးမပေးသောကံ ဖြစ်စေရန် ဗုဒ္ဓထံ၌ ရဟန်းပြုသလော"

"ငါ့ရှင် မဟုတ်ပါ"

"ငါ့ရှင် သာရိပုတ္တရာ သို့ဖြစ်လျှင် အဘယ်အကျိုးငှာ ဗုဒ္ဓထံ၌ ရဟန်းပြုသနည်း"

"ငါ့ရှင် မသိဖူးသည်ကို၊ မမြင်ဖူးသည်ကို၊ မရောက်ဖူးသည်ကို မျက်မှောက်မပြုဖူးသည်ကို ဉာဏ်မသက်ဖူးသည်ကို သိမြင်တတ်သော ဉာဏ်အမြင်အလို့ငှာ ဗုဒ္ဓထံ၌ ရဟန်းပြုပါသည်"

"ငါ့ရှင် သာရိပုတ္တရာ ထိုဉာဏ်အမြင်ဖြင့် အဘယ်ကို မသိမမြင်ဖူးသနည်း"

"ငါ့ရှင်၊ ဤကား ဒုက္ခသစ္စာ၊ ဤကား ဒုက္ခ၏အကြောင်း သမုဒယသစ္စာ၊ဤကား ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာ၊ ဤကား ဒုက္ခချုပ်ငြိမ်းရာ နိရောဓသို့ ရောက်ကြောင်း မဂ္ဂသစ္စာဟု မသိမမြင်ဖူးပါ။ ဤမသိမမြင်ဖူးသည်ကို သိမြင်တတ်သော ဉာဏ်အမြင်အလို့ငှာ ဗုဒ္ဓထံ၌ ရဟန်းပြုပါသည်"

ဤဆွေးနွေးခန်းကို အသေအချာလေ့လာလျှင် "အဘယ်ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓထံ၌ ရဟန်းပြုသနည်းဟု အရှင်မဟာကောဋ္ဌိကက မေးသည်ကို မသိသေးသည်ကို သိရအောင် ဗုဒ္ဓထံ၌ ရဟန်းပြုခဲ့ပါသည်ဟု အရှင်မြတ်က ဖြေသည်။ တစ်ဖန် မသိသေးသောအရာကား အဘယ်နည်းဟု ထပ်၍မေးသည်ကို မသိသေးသောအရာကား သစ္စာလေးပါး ဖြစ်ပါသည်ဟု အရှင်မြတ်က ဖြေသည်။ သို့ဖြင့် အရှင်မြတ်သည် သစ္စာလေးပါးတရားကို သိရအောင် ဗုဒ္ဓထံ၌ ရဟန်းပြုသည်ဟူသော လိုရင်းအချက်သည် ပေါ်လွင်ထင်ရှားသည်။

## ဝိဇ္ဇာစရဏနှင့် သံသရာအဆုံး

တစ်ခါကလည်း အရှင်ဥပဝါဏသည် အရှင်သာရိပုတ္တရာအထံသို့ လာ၍ ဝိဇ္ဇာစရဏတရားနှစ်မျိုးနှင့် သံသရာ၏အဆုံး ပြဿနာကို ဤသို့ဆွေးနွေးသည်။

"ငါ့ရှင် သာရိပုတ္တရာ ဝိဇ္ဇာ(မဂ်ဉာဏ်)ဖြင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုဖြစ်သလော"

"ငါ့ရှင် မဖြစ်ပါ"

"ငါ့ရှင် သာရိပုတ္တရာ စရဏ (၁၅ ပါး)ဖြင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုဖြစ်သလော"

"ငါ့ရှင် မဖြစ်ပါ"

"ငါ့ရှင် သာရိပုတ္တရာ ဝိဇ္ဇာစရဏ နှစ်ပါးစုံဖြင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုဖြစ်သလော"

"ငါ့ရှင် မဖြစ်ပါ"

"ငါ့ရှင် သာရိပုတ္တရာ ဝိဇ္ဇာစရဏတရားကို ကြဉ်ထား၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုဖြစ်သလော"

"ငါ့ရှင် မဖြစ်ပါ"

"ငါ့ရှင် သာရိပုတ္တရာ၊ သို့ဖြစ်လျှင် အဘယ်သို့လျှင် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုဖြစ်နိုင်သနည်း"

"ငါ့ရှင် ဝိဇ္ဇာတရားဖြင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းဖြစ်ခဲ့လျှင် စွဲလမ်းစရာရှိလျက် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းသာ ဖြစ်ရာသည်။ စရဏတရားဖြင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းဖြစ်ခဲ့လျှင်လည်း စွဲလမ်းစရာရှိလျက် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းသာ ဖြစ်ရာသည်။ ဝိဇ္ဇာစရဏတရား နှစ်ပါးစုံဖြင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းဖြစ်ခဲ့လျှင်လည်း စွဲလမ်းစရာရှိလျက် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းသာ ဖြစ်ရာသည်။ ဝိဇ္ဇာစရဏတရားကို ကြဉ်ထား၍ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းဖြစ်နိုင်လျှင်လည်း ပုထုဇဉ်သည် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုနိုင်သူ ဖြစ်ရာသည်။ ပုထုဇဉ်သည် ဝိဇ္ဇာစရဏမှ ကင်းသူဖြစ်သည်။ စရဏတရား ပျက်ပြားသူသည် ဟုတ်တိုင်းမှန်စွာ မသိတတ်၊ မမြင်တတ်။ စရဏတရားနှင့် ပြည့်စုံသူသာ ဟုတ်တိုင်းမှန်စွာ သိတတ် မြင်တတ်သည်။ ဟုတ်တိုင်းမှန်စွာ သိမြင်တတ်သူသာ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသူဖြစ်သည်။

ဤဆွေးနွေးချက်မှာ ဝိဇ္ဇာကား မဂ်ဉာဏ်လေးပါးကို ဆိုလိုသည်။ စရဏကား စရဏ ၁၅ ပါးဟူသော အကျင့်သီလကို ဆိုလိုသည်။ မဂ်ဉာဏ်ဟူသော ဝိဇ္ဇာဉာဏ်ကို ရကာမျှဖြင့် ဝဋ်ဆင်းရဲ၏အဆုံးသို့ မရောက်သော၊ ဝိမုတ္တိခေါ် အရဟတ္တဖိုလ်သို့ရောက်မှ ဝဋ်ဆင်းရဲ၏အဆုံးသို့ ရောက်သည်။ အဆုံးသို့ရောက်သူဟု ဆိုနိုင်သည်ဟု ဆိုလိုသည်။

## သက်ပွဝိတက်

အရှင်သာရိပုတ္တရာသည် သူတစ်ပါးက ဆွေးနွေးမေးမြန်းသည်ကို ဖြေကြားသူအနေဖြင့်သာ နေလေ့ရှိသည်မဟုတ်။ သင့်လျော်သောအခါ မိမိကလည်း သူတစ်ပါးတို့ကို ဆွေးနွေးမေးမြန်းလေ့ရှိသည်။ သို့ရာတွင် ဤရဟန္တာအရှင်မြတ်

တို့၏ ဆွေးနွေးချက်များကား အများအားဖြင့် မသိ၍ ဆွေးနွေးမေးမြန်းခြင်းများ မဟုတ်ကြ။ အချင်းချင်း ညှိနှိုင်းလိုခြင်း၊ သူတစ်ပါးတို့ မှတ်သားစေလိုခြင်း၊ တရားဆွေးနွေးမှုကို မြတ်နိုးခြင်း စသည်တို့ကြောင့် ဆွေးနွေးခြင်းများသာ ဖြစ်ကြသည်။ ရဟန္တာဟူသည် အလုံးစုံကို သိသူမဟုတ်သော်လည်း မိမိအတွက် ရဟန်းကိစ္စ ပြီးဆုံးပြီးသူချည်း ဖြစ်သည်။ တဏှာ မာန ကင်းပြီးသူချည်းဖြစ်သည်။

တစ်ခါသော် အရှင်သမိဒ္ဓိသည် တရားဆွေးနွေးရန် အရှင်သာရိပုတ္တရာထံသို့ ရောက်လာသည်။ ထိုအခါ အရှင်မြတ်သည် အရှင်သမိဒ္ဓိအား သင်္ကပ္ပဝိတက်ခေါ် တွေးတောကြံစည်ခြင်းဝိတက်နှင့် ပတ်သက်၍ ဤသို့ဆွေးနွေးမေးမြန်းသည်။

"ငါ့ရှင် သမိဒ္ဓိ၊ သတ္တဝါ၏ သင်္ကပ္ပဝိတက်တို့သည် အဘယ်ကို အာရုံပြု၍ ဖြစ်ပေါ်ကြသနည်း"

"အရှင်ဘုရား နာမ်ရုပ်ကို အာရုံပြု၍ ဖြစ်ပေါ်ကြပါသည်"

"အဘယ်၌ ကွဲပြားခြားနားခြင်းသို့ ရောက်ကြသနည်း"

"အဆင်း အသံ စသော ဓာတ်တို့၌ ကွဲပြားခြားနားခြင်းသို့ ရောက်ကြပါသည်"

"ထိုဝိတက်တို့သည် အဘယ်လျှင် ဖြစ်ကြောင်းရှိကြသနည်း"

"ဖဿလျှင် ဖြစ်ကြောင်းရှိကြပါသည်"

"အဘယ်၌ ပေါင်းစုမိကြသနည်း"

"ဝေဒနာ(ခံစားမှု)၌ ပေါင်းစုမိကြပါသည်"

"ထိုဝေဒနာတို့သည် အဘယ်အကြီးအမှူးရှိကြသနည်း"

"သမာဓိလျှင် အကြီးအမှူး ရှိကြပါသည်"

"ထိုတရားတို့ကို အဘယ်က စိုးရသနည်း"

"သတိက အစိုးရပါသည်"

"ထိုတရားတို့သည် အဘယ်လျှင် အမြတ်ရှိကြသနည်း"

"ပညာလျှင် အမြတ်ရှိကြပါသည်"

"ထိုတရားတို့သည် အဘယ်လျှင် အနှစ်သာရရှိကြသနည်း"

"ဝိမုတ္တိ (အရဟတ္တဖိုလ်)လျှင် အနှစ်သာရရှိကြပါသည်"

"ထိုတရားတို့သည် အဘယ်သို့ သက်ဝင်ကြသနည်း"

"အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကြပါသည်"

"အို သမိဒ္ဓိ၊ သာဓု၊ သာဓု၊ ငါ့ရှင်သမိဒ္ဓိသည် မေးတိုင်းလည်း ဖြေပေ၏။ ယင်းသို့ဖြေသော်လည်း ငါဖြေရသည်ဟူသော မှတ်ထင်ခြင်းမာနလည်း မရှိပေ"

ဤဆွေးနွေးချက်တွင် ဝေဒနာ၌ ပေါင်းစုမိကြသည်အထိကား ကုသိုလ် အကုသိုလ် ရောနှော၍ ဆွေးနွေးမေးမြန်းသည်။ သမာဓိအကြီးအမှူး ရှိကြပါသည် မှ စ၍ နောက်ကိုကား မဂ်ဉာဏ်နှင့် တွဲဖက်ဖြစ်သော တရားတို့ကို ရည်ညွှန်း သည်။ မည်သည့်တရားမျိုးပင် ဖြစ်စေကာမူ ဖဿဝေဒနာကစ၍ ဖြစ်ကြသည်။ ဖဿဝေဒနာမပါဘဲ ဖြစ်သည်ဟူ၍မရှိ။ ထို့ကြောင့် ဝေဒနာကို ပဓာနထား၍ ဆွေးနွေးသည် ယင်းသို့ ဆွေးနွေးပြီးနောက် အရှင်သမိဒ္ဓိကို ချီးကျူးသည်။ ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်းကား အရှင်သာရိပုတ္တရာ၏ အလေ့အကျင့်တစ်ခု ဖြစ်သည်။

## ဆုံးဖြတ်ချက်မကျန် ဗုဒ္ဓထံရောက်ကြခြင်း

တစ်ခါသော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ တစ်နေ့တွင် အရှင်သမိဒ္ဓိနှင့် အရှင်မဟာ ကောဋ္ဌိကတို့သည် တရားဆွေးနွေးရန် အရှင်သာရိပုတ္တရာရှိရာသို့ ရောက်လာ ကြသည်။ ထိုအခါ အရှင်သာရိပုတ္တရာကစ၍ အရှင်သမိဒ္ဓိအား ဤသို့ဆွေးနွေး သည်။

"ငါ့ရှင် သမိဒ္ဓိ၊ ဤလောက၌ ကာယသက္ခိ ဒိဋ္ဌိပ္ပတ္တ သဒ္ဓါဝိမုတ္တဟု အရိယာပုဂ္ဂိုလ် ၃ မျိုးတို့ ရှိကြသည်။ ထို ၃ မျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်က သာလွန်ကောင်းမြတ်သည်ဟု ခံယူသနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ ဤပုဂ္ဂိုလ် ၃ မျိုးတို့တွင် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်က သာလွန်ကောင်းမြတ်သည်ဟု ခံယူသည်။ အကြောင်းမှုကား ဤပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ လွန်ကဲသည်"

ထို့နောက် အရှင်သာရိပုတ္တရာသည် အရှင်မဟာကောဋ္ဌိကကို ဤသို့မေး သည်။

"ငါ့ရှင် ကောဋ္ဌိက ဤအရိယာပုဂ္ဂိုလ် ၃ မျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်က သာလွန်ကောင်းမြတ်သည်ဟု ခံယူသနည်း"

"ငါ့ရှင် သာရိပုတ္တရာ ဤပုဂ္ဂိုလ် ၃ မျိုးတို့တွင် ကာယသက္ခိပုဂ္ဂိုလ်က သာလွန်ကောင်းမြတ်သည်ဟု ခံယူသည်။ အကြောင်းမှုကား ဤပုဂ္ဂိုလ်အား သမာဓိန္ဒြေ လွန်ကဲသည်"

ထို့နောက် အရှင်မဟာကောဋ္ဌိကသည် အရှင်သာရိပုတ္တရာအား ဤသို့ ပြန်၍ဆွေးနွေးသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ ဤအရိယာပုဂ္ဂိုလ် ၃ မျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်က သာလွန်ကောင်းမြတ်သည်ဟု ခံယူသနည်း"

"ငါ့ရှင် ကောဋ္ဌိက၊ ဤပုဂ္ဂိုလ် ၃ မျိုးတို့တွင် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်က သာလွန်ကောင်းမြတ်သည်ဟု ခံယူသည်။ အကြောင်းမူကား ဤပုဂ္ဂိုလ်အား ပညိန္ဒြေလွန်ကဲသည်"

ထို့နောက် အရှင်သာရိပုတ္တရာက "ငါ့ရှင်တို့ ငါတို့သည် မိမိတို့၏အထင်အမြင်ကို ပြောဆိုပြီးကြပြီ။ ငါတို့သည် မြတ်စွာဘုရားအထံသို့ သွား၍ ဤအကြောင်းကို လျှောက်ထားကြကုန်အံ့။ မြတ်စွာဘုရား မိန့်ကြားတော်မူတိုင်းသာမှ ခံယူကြကုန်အံ့"ဟု ဆို၍ မထေရ် ၃ ပါးတို့ သဘောညီ၍ မြတ်စွာဘုရားအထံတော်သို့ သွား၍ ထိုအကြောင်းကို လျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူသည်။

"အို သာရိပုတ္တရာ၊ ဤအရာ၌ အဘယ်ပုဂ္ဂိုလ်က သာလွန်ကောင်းမြတ်သည်ဟု တစ်ထစ်ချ ပြောဆိုရန် မလွယ်။ အို သာရိပုတ္တရာ၊ သဒ္ဓါဝိမုတ္တဆိုသည်မှာလည်း အရဟတ္တဖိုလ်အတွက်ကျင့်သော သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်ပင်ဖြစ်သည်။ ကာယသက္ခီဆိုသည်မှာလည်း အရဟတ္တဖိုလ်အတွက် ကျင့်သော သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်ပင် ဖြစ်သည်။ ဒိဋ္ဌိပ္ပတ္တဆိုသည်မှာလည်း အရဟတ္တဖိုလ်အတွက်ကျင့်သော သကဒါဂါမ် အနာဂါမပုဂ္ဂိုလ်ပင် ဖြစ်သည်။ အို သာရိပုတ္တရာ၊ ဤပုဂ္ဂိုလ် ၃ မျိုးတို့တွင် မည်သူက သာလွန်ကောင်းမြတ်သည်ဟု တစ်ထစ်ချပြောဆိုရန် မလွယ်ပေ"

ဤပြဿနာကား ဤသို့သာ ပြီးဆုံးသွားခဲ့သည်။ မည်သူက သာလွန်ကောင်းမြတ်သည်ဟူသော မေးခွန်း၏ အဖြေကား မထွက်ခဲ့ပေ။ မထွက်သည်မှာလည်း အကြောင်းရှိသည်။ ထိုအကြောင်းကား မိမိနှစ်သက်ရာကို သာလွန်သည်ဟု ဆိုနိုင်ခြင်းပင်ဖြစ်သည်။

သဒ္ဓါဝိမုတ္တ အရိယာသည် သဒ္ဓါလွန်ကဲသော သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်သည်။ ကာယသက္ခီသည် ဈာန်သမာပတ်ရပြီးသော သမာဓိလွန်ကဲသော သကဒါဂါမ် အနာဂါမ်ပင် ဖြစ်သည်။ အမှန်အားဖြင့် လွန်ကဲရာကိုလိုက်၍ ခေါ်ဝေါ်ထားသော အလယ်အရိယာ ၆ ယောက်တို့၏အမည် ဖြစ်သည်။

သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်သို့ရောက်သောအခါ ပညာဝိမုတ္တရဟန္တာအဖြစ်သို့ ရောက်သည်။ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်လည်း အရဟတ္တဖိုလ်သို့ရောက်သောအခါ ပညာဝိမုတ္တ ရဟန္တာအဖြစ်သို့ရောက်သည်။ ကာယသက္ခီပုဂ္ဂိုလ်ကား အရ

ဟတ္တဖိုလ်သို့ ရောက်သောအခါ ဥဘတောဘာဂဝိမုတ္တ ရဟန္တာအဖြစ်သို့ ရောက်သည်။

အရှင်သမိဒ္ဓိသည် အရဟတ္တဖိုလ်သို့ ရောက်ခါနီး အရဟတ္တမဂ်အခိုက်၌ သဒ္ဓါက ခေါင်းဆောင်နေခဲ့သည်။ ထို့ကြောင့် မိမိရခဲ့သော လမ်းစဉ်ကို ဖော်ပြသည့်အနေဖြင့် သဒ္ဓါဝိမုတ္တက သာလွန်သည်ဟု ဖြေဆိုသည်။ အရှင်မဟာကောဋ္ဌိကအား အရဟတ္တဖိုလ်သို့ ရောက်ခါနီး အရဟတ္တမဂ်အခိုက်မှာ သမာဓိက ခေါင်းဆောင်နေခဲ့သည်။ ထို့ကြောင့် မိမိရခဲ့သော လမ်းစဉ်အတိုင်း ကာယသက္ခိက သာလွန်သည်ဟု ဖြေဆိုသည်။ အရှင်သာရိပုတ္တရာအား အရဟတ္တဖိုလ်သို့ ရောက်ခါနီး အရဟတ္တမဂ်အခိုက်မှာ ပညာက ခေါင်းဆောင်နေခဲ့သည်။ ထို့ကြောင့် မိမိရခဲ့သည့် လမ်းစဉ်အတိုင်း ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်က သာလွန်သည် ဖြေဆိုသည်။ မိမိတို့ အလိုအဇ္ဈာသယအတိုင်း ရောက်ခဲ့ကြသည်ဖြစ်၍ ဗုဒ္ဓက တစ်ထစ်ချ ပြောဆိုရန် မလွယ်ဟု မိန့်တော်မူသည်။

ဤဆွေးနွေးပွဲမျိုးထက် သာလွန်သော ဆွေးနွေးပွဲကား မရှိနိုင်ပြီ။

## ၁၆။ နေရာတကာတွင် ပညာရှိမလုပ်ခြင်း

ဤလောက၌ ပညာရှိတို့သည် အများအားဖြင့် နေရာတကာတွင် ပညာရှိလုပ်ချင်ကြသည်။ မိမိ ပညာရှိမလုပ်ရသောနေရာသို့ မသွားချင်ကြ။ အကြောင်းကိစ္စရှိလျှင် မိမိသာ ပညာရှိလုပ်၍ ခုနစ်စဉ်တန်းအောင် ပြောတတ်ကြသည်။ အရှင်သာရိပုတ္တရာကား ဤပညာရှိမျိုးမဟုတ်။ နေရာတကာတွင် မိမိချည်း အတတ်အလိမ္မာမလုပ်ဘဲ သူတစ်ပါးတို့အားလည်း အခွင့်အရေး ပေးတတ်သည်။

တစ်ခါသော် အရှင်အာနန္ဒာသည် အရှင်သာရိပုတ္တရာရှိရာသို့ တရားဆွေးနွေးရန် ရောက်လာပြီး ဤသို့ စတင်ဆွေးနွေးသည်။

### စာသင်သားကောင်း အင်္ဂါ ၅ ပါး

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းသည် အဘယ်မျှလောက်သော အင်္ဂါတို့နှင့် ပြည့်စုံမှ စာသင်သားကောင်း ဖြစ်နိုင်သနည်း။ ကောင်းသောတရားတို့၌ အသိမြန်သူ၊ ကောင်းကောင်းရသူ၊ များများရသူ၊ ရပြီးသည်ကို မမေ့သူ ဖြစ်နိုင်သနည်း"

"ငါ့ရှင် အာနန္ဒာသည် အကြားအမြင်များသူ ဖြစ်ပါသည်။ ငါ့ရှင် အာနန္ဒာကပင် ပြောကြားပါလော့"

"ငါ့ရှင် သာရိပုတ္တရာ၊ သို့ဖြစ်လျှင် နားထောင်ပါလော့၊ ကောင်းစွာ နှလုံးသွင်းပါလော့၊ ပြောကြားပါမည်။ ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းသည် အနက်၌ လိမ္မာသူလည်းဖြစ်၏။ ဒေသနာပါဠိ၌ လိမ္မာသူလည်း ဖြစ်၏။ သဒ္ဒါ၌ လိမ္မာသူလည်းဖြစ်၏။ ဝေါဟာရ၌ လိမ္မာသူလည်းဖြစ်၏။ ရှေ့နောက် အဆက်အစပ်၌ လိမ္မာသူလည်းဖြစ်၏။ ငါ့ရှင် သာရိပုတ္တရာ၊ ဤမျှသော အကြောင်းအင်္ဂါတို့ဖြင့် ဤသာသနာတော်၌ ရဟန်းသည် ကောင်းသော တရားတို့၌ အသိမြန်သူ၊ ကောင်းစွာရသူ၊ များများရသူ၊ ရပြီးသည်ကို မမေ့သူ ဖြစ်နိုင်သည်"

"ငါ့ရှင်တို့ အံ့ဩဖွယ်ရှိလှပေ၏။ မဖြစ်စဖူး ထူးခြားပါပေ၏။ အရှင်အာနန္ဒာသည် ဤမျှ အလွန်ကောင်းသောစကားကို ဟောကြားတတ်ပါပေသည်။ ငါတို့သည် အရှင်အာနန္ဒာကို ဤအင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသူဟု မှတ်ယူကြရပေသည်။ အရှင်အာနန္ဒာသည် အနက်၌ လိမ္မာသူ၊ ဒေသနာပါဠိ၌ လိမ္မာသူ၊ သဒ္ဒါ၌ လိမ္မာသူ၊ ဝေါဟာရ၌ လိမ္မာသူ၊ ရှေ့နောက် စကားဆက်၌ လိမ္မာသူ ဖြစ်သည်ဟု မှတ်ယူကြရပေသည်။

အရှင်အာနန္ဒာကား အရှင်သာရိပုတ္တရာနှင့် အလွန်ရင်းနှီးသည်။ အရှင်သာရိပုတ္တရာနှင့် မကြာခဏ ဆွေးနွေးသည်။ အရှင်သာရိပုတ္တရာ ဟောကြားသော တရားတို့ကိုလည်း နှုတ်လွတ်အာဂုံဆောင်ထားသည်။ ထို့ကြောင့် စာသင်သား ကောင်းများတွင် ရှိအပ်သော အင်္ဂါ ၅ပါးတို့ကို အရှင်သာရိပုတ္တရာအား ဆွေးနွေး တင်ပြတော်မူခဲ့သည်။ တစ်ခါကလည်း အရှင်အာနန္ဒာသည် ဗဟုသုတလိုလားသူ တို့တွင် ရှိသင့်သော အင်္ဂါ ၆ ပါးတို့ကို အောက်ပါအတိုင်း ဆွေးနွေးတင်ပြသည်။

## ဗဟုသုတလိုလားသူတို့တွင် ရှိသင့်သော အင်္ဂါ ၆ ပါး

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းသည် အဘယ်မျှသော အကြောင်းအင်္ဂါတို့ဖြင့် မကြားဖူးသေးသောတရားကိုလည်း ကြားနာရသနည်း။ ကြားနာပြီးသော တရားတို့လည်း မေ့လျော့ပျောက်ကွယ်ခြင်းသို့ မရောက်ကြ သနည်း။ ရှေးက သိဖူး ကြားဖူးသော တရားတို့လည်း ပေါ်လာကြသနည်း။ မသိဖူးသေးသော တရားကိုလည်း သိရသနည်း"

"ငါ့ရှင် အာနန္ဒာသည် အကြားအမြင်များသူ ဖြစ်ပေသည်။ ငါ့ရှင်အာနန္ဒာ ကပင် ပြောကြားပါလော့"

"ငါ့ရှင် သာရိပုတ္တရာ၊ သို့ဖြစ်လျှင် နားထောင်ပါလော့၊ ကောင်းစွာ နှလုံးသွင်းပါလော့၊ ပြောကြားပါမည်။ ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်းသည် သုတ္တဂေယျ စသော အင်္ဂါ ၉ တန် ဓမ္မကွန်ကို သင်ကြားနာယူ၏။ မိမိသင်ကြားနာယူပြီး တရားကို သူတစ်ပါးတို့အား အကျယ်တဝင့် ဟောကြား၏။ သူတစ်ပါးတို့အား အကျယ်တဝင့် သင်ကြားပို့ချ၏။ မိမိကိုယ်တိုင် ရွတ်ဖတ်သရဇ္ဈာယ်၏။ စိတ်ဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်၏။ ဗဟုသုတများသော ပိဋကတ်အာဂုံဆောင် မထေရ်ကြီးတို့ သီတင်းသုံးရာ ကျောင်း၌ ဝါဆို၍ ရံခါရံခါ ဆွေးနွေးမေးမြန်း၏။ ထိုမထေရ်ကြီးတို့ကလည်း အကျယ်တဝင့် ဖွင့်ပြ၍ ယုံမှားသံသယကို ပျောက်စေကြကုန်၏။ ငါ့ရှင် သာရိပုတ္တရာ၊ ဤမျှသော အကြောင်း အင်္ဂါတို့ဖြင့် ဤသာသနာတော်၌ ရဟန်းသည် မကြားဖူးသေးသောတရားကိုလည်း ကြားနာရ၏။ ကြားနာပြီးသော တရားတို့လည်း မေ့လျော့ပျောက်ကွယ်ခြင်းသို့ မရောက်ကြကုန်။ ရှေးကသိဖူးကြားဖူးသော တရားတို့လည်း ပေါ်လာကြကုန်၏။ မသိဖူးသေးသော တရားကိုလည်း သိရသည်"

"ငါ့ရှင်တို့ အံ့ဩဖွယ်ရှိလှပါပေ၏။ မဖြစ်စဖူး ထူးကဲလှပါပေ၏။ ငါ့ရှင် အာနန္ဒာသည် ဤမျှ အလွန်ကောင်းသောစကားကို ဆိုတတ်ပါပေ၏။ ငါတို့သည် အရှင်အာနန္ဒာကို ဤအကြောင်းအင်္ဂါ ၆ ပါးတို့နှင့် ပြည့်စုံသူဟု မှတ်ယူကြရပေသည်။ အရှင်အာနန္ဒာသည် အင်္ဂါ ၉ တန် ဓမ္မကွန်ကို သင်ကြားနာယူသည်။ သူတစ်ပါးတို့အားလည်း မိမိသင်ကြားရသည့်အတိုင်း အကျယ်တဝင့်ဟောကြားသည်။ အကျယ်တဝင့် ပို့ချသည်။ မိမိကိုယ်တိုင်လည်း သင်ကြားပြီးတရားကို ရွတ်ဖတ်သရဇ္ဈာယ်သည်။ စိတ်ဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်သည်။ ဗဟုသုတများသော ပိဋကတ်အာဂုံဆောင် မထေရ်ကြီးများရှိရာကျောင်း၌ ဝါဆို၍ ရံခါရံခါ ဆွေးနွေးမေးမြန်းသည်။ မထေရ်ကြီးကလည်း အကျယ်တဝင့် ဖွင့်ပြ၍ ယုံမှားသံသယကို ဖျောက်ကြသည်ဟု မှတ်ယူကြရပေသည်။

အရှင်သာရိပုတ္တရာသည် ဤသို့ နေရာတကာ၌ ပညာရှိမလုပ်ဘဲ သူတစ်ပါးတို့အားလည်း အခွင့်အရေးပေးတတ်ရုံသာမက မိမိအရာမဟုတ်ဟုထင်သော အခါမျိုး၌လည်း ဆိတ်ဆိတ်သာနေတတ်သည်။

## နိဒ္ဒသပုဂ္ဂိုလ်

တစ်ခါသော် အရှင်သာရိပုတ္တရာသည် နံနက်အချိန်တွင် သပိတ်သင်္ကန်းကို ယူ၍ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွသွားသည်။ ထိုအခါ အရှင်မြတ်သည် မြို့

တွင်းသို့ ဆွမ်းခံဝင်ရန် အချိန်အနည်းငယ် စောနေသေးသဖြင့် ပရိဗိုဇ်ကျောင်း တစ်ကျောင်းသို့ ဝင်သွားသည်။ အရှင်မြတ်သည် ပရိဗိုဇ်တို့နှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုနှုတ်ဆက်၍ သင့်ရာ၌ ထိုင်နေသည်။ ပရိဗိုဇ်တို့လည်း အရှင်မြတ်နှင့်အတူတကွ စုဝေးထိုင်နေကြသည်။ ထိုအချိန်တွင် ပရိဗိုဇ်တို့အကြား၌ စကား တစ်ခုဖြစ်ပေါ်လာခဲ့သည်။ ထိုစကားမှာ "ငါ့ရှင်တို့ အကြင် သူသည် ၁၂ နှစ်တို့ ပတ်လုံး ပြည့်စုံသော စင်ကြယ်သော ရဟန်းအကျင့်ကိုကျင့်၏။ ထိုသူကို နိဒ္ဒသ ရဟန်းဟု ဆိုထိုက်သည်"ဟူသော စကားဖြစ်သည်။ နိဒ္ဒသရဟန်းဆိုသည်မှာ ပရိဗိုဇ်တို့အယူအားဖြင့် ရဟန္တာပင်ဖြစ်သည်။ နောင်အခါတွင် ၁၀ နှစ်မဖြစ်တော့ မည့်သူ ရဟန္တာဟု ဆိုလိုသည်။

အရှင်မြတ်လည်း ပရိဗိုဇ်တို့စကားကို နှစ်သက်လက်ခံခြင်းလည်းမပြု၊ တားမြစ်ကန့်ကွက်ခြင်းလည်းမပြုဘဲ "ဤစကား၏အဓိပ္ပာယ်ကို မြတ်စွာဘုရား အထံတော်ရောက်မှပင် ကောင်းစွာသိရတော့မည်"ဟု နှလုံးသွင်း၍ ပရိဗိုဇ်ကျောင်းမှ ထွက်ခွာလာခဲ့သည်။

ဆွမ်းခံရာမှ ပြန်လာသောအခါ၌ကား အရှင်မြတ်သည် ထိုအကြောင်းကို မြတ်စွာဘုရားအား အစုံအလင် လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်မြတ်အား ဤသို့ မိန့်ကြားတော်မူသည်။

"အိုသာရိပုတ္တရာ၊ ဤသာသနာတော်၌ နှစ်အရေအတွက် သက်သက်မျှဖြင့် နိဒ္ဒသရဟန်းဟု သတ်မှတ်ခေါ်ဝေါ်ရန် မတတ်ကောင်း။ ငါဘုရားသည် နိဒ္ဒသရဟန်းဖြစ်ကြောင်းတရား ဤ ၇ ပါးတို့ကို ကိုယ်တိုင်ထိုးထွင်းသိမြင်၍ ဟောကြားတော်မူအပ်၏။ အဘယ် ၇ ပါးတို့နည်းဟူမူကား

၁။ ဤသာသနာတော်၌ ရဟန်းသည် သိက္ခာကို ဆောက်တည်ကျင့်သုံးခြင်း၌ ထက်သော ဆန္ဒရှိ၏။ နောင်အခါ၌လည်း မကင်းသော ချစ်ခြင်းရှိ၏။

၂။ တရားကိုသိမြင်ခြင်း၌ ထက်သောဆန္ဒရှိ၏။ နောင်အခါ၌လည်း မကင်းသောချစ်ခြင်းရှိ၏။

၃။ လိုချင်မက်မောမှုကို ပယ်ဖျောက်ခြင်း၌ ထက်သောဆန္ဒရှိ၏။ နောင်အခါ၌လည်း မကင်းသောချစ်ခြင်းရှိ၏။

၄။ တစ်ပါးတည်း ကိန်းအောင်းနေထိုင်ခြင်း၌ ထက်သောဆန္ဒရှိ၏။ နောင်အခါ၌လည်း မကင်းသောချစ်ခြင်းရှိ၏။

၅။ လုံ့လအားထုတ်မှု၌ ထက်သောဆန္ဒရှိ၏။ နောင်အခါ၌လည်း မကင်းသောချစ်ခြင်းရှိ၏။

၆။ သတိရင့်ကျက်ခြင်း၌ ထက်သောဆန္ဒရှိ၏။ နောင်အခါ၌လည်း မကင်းသောချစ်ခြင်းရှိ၏။

၇။ မဂ်ဉာဏ်အမြင်ကို ထိုးထွင်းသိမြင်ခြင်း၌ ထက်သောဆန္ဒရှိ၏။ နောင်အခါ၌လည်း မကင်းသောချစ်ခြင်းရှိ၏။

"အို သာရိပုတ္တရာ၊ ဤသည်တို့ကား ငါဘုရားကိုယ်တိုင် သိ၍ ဟောကြားအပ်သော နိဒ္ဒသဝတ္ထု (နိဒ္ဒသရဟန်းဖြစ်ကြောင်း) ၇ ပါးတို့တည်း"

"အို သာရိပုတ္တရာ၊ ဤနိဒ္ဒသဝတ္ထု ၇ ပါးတို့နှင့် ပြည့်စုံသောရဟန်းသည် ပြည့်စုံစင်ကြယ်သော ရဟန်းအကျင့်ကို ၁၂ နှစ်ကျင့်ရလျှင်လည်း နိဒ္ဒသရဟန်း ဆိုထိုက်သည်။ ၂၄ နှစ် ကျင့်ရလျှင်လည်း နိဒ္ဒသရဟန်းဆိုထိုက်သည်။ သို့ကို ၃၆ နှစ်ကျင့်ရလျှင်လည်း နိဒ္ဒသရဟန်း ဆိုထိုက်သည်။ ၄၈ နှစ်ကျင့်ရလျှင်လည်း နိဒ္ဒသရဟန်း ဆိုထိုက်သည်"

ပရိဗိုဇ် စသော အညတိတ္ထိတို့ကား ရဟန္တာကို အသေအချာမသိတတ်သဖြင့် အမျိုးမျိုး အမည်တပ်၍ ဟောကြပြောကြသည်။ ပရိဗိုဇ်တို့က နိဒ္ဒသဆယ်နှစ်မဖြစ်မည့်သူဟု ဆိုကြသည်။ အခြားသော တက္ကတွန်းတို့က နိဂဏ္ဌအထုံးအဖွဲ့မရှိသူဟု ဆိုကြသည်။ အာဇ္ဇာရ ရသေ့က သဗ္ဗဇိ– အလုံးစုံအောင်နိုင်သူဟု ဆိုခဲ့သည်။ ဤသို့ စသည်ဖြင့် လွန်စွာရှုပ်ထွေးလှသည်။ သို့ဖြင့် အရှင်မြတ်သည် ဤပြဿနာကို ဗုဒ္ဓထံသို့သာ ပို့ဆောင်ပေးတော်မူခဲ့သည်။ အရှင်မြတ်ကား ဗုဒ္ဓသာသနစံပြ ပီသလှပါပေသည်။

## ၁၇။ တိုးတက်မှုကို လိုလားခြင်း

အရှင်သာရိပုတ္တရာသည် ဗုဒ္ဓ၏ မဟာပညာတေဒဂ်ရ ပထမလက်ယာရံ သာဝကကြီးတစ်ပါး ဖြစ်သော်လည်း ငါတတ်လှပြီဟူသော စိတ်ထားဖြင့် အားရကျေနပ်မနေ။ တိုးတက်မှုကို အမြဲတစေလိုလားသည်။ တိုးတက်သည်ထက် တိုးတက်အောင် အားထုတ်၍သာနေသည်။ အရှင်သာရိပုတ္တရာသည် အခြားမဟာပညာ သာဝကကြီးများနှင့် အခါအခွင့်သင့်တိုင်း တရားဆွေးနွေးသည်။ ဗုဒ္ဓထံသို့ မကြာမကြာ လာရောက်၍ ဆည်းကပ်သည်။ တရားနာသည်။ မိမိ၏ အတွေးအခေါ်ကို ဗုဒ္ဓထံ တင်ပြ၍ ဗုဒ္ဓ၏အဆုံးအဖြတ်ကို ခံယူသည်။ သို့ဖြင့် အရှင်မြတ်၏ ဉာဏ်ပညာသည် တစ်နေ့တခြား အရောင်အဝါ တိုး၍တိုး၍သာ လာခဲ့သည်။

တစ်ခါသော် အရှင်သာရိပုတ္တရာသည် ဆိတ်ငြိမ်ရာအရပ်၌ တစ်ပါးတည်း ကိန်းအောင်းနေထိုင်စဉ် "အဘယ်ကို အရှိအသေပြု၍ အမှီသဟဲပြု၍ နေရသော်

အကုသိုလ်ကို ပယ်စွန့်နိုင်ရာသနည်း၊ ကုသိုလ်ကို တိုးပွားစေနိုင်ရာသနည်း''ဟု ကြံစည်ဆင်ခြင်သည်။ ထိုအခါ မြတ်စွာဘုရားကို ရိုသေလေးစား၍ အမှီသဟဲပြု၍ နေရသော အကုသိုလ်ကို ပယ်စွန့်နိုင်ရာသည်။ ကုသိုလ်ကို တိုးပွားစေနိုင်ရာသည်။ တရားတော်ကို၊ သံဃာတော်ကို၊ ကျင့်ဝတ်သိက္ခာကို၊ သမာဓိ(ဈာန်သမာပတ်)ကို၊ အပ္ပမာဒ(မမေ့လျော့ခြင်း)ကို၊ ပဋိသန္ထာရ (ပြောဆိုဆက်ဆံခြင်း)ကို ရိုသေလေးစား၍ အမှီသဟဲပြု၍ နေရသော အကုသိုလ်ကို ပယ်စွန့်နိုင်ရာသည်။ ကုသိုလ်ကို တိုးပွားစေနိုင်ရာသည်''ဟု အဖြေထွက်လာသည်။

ထိုအခါ အရှင်မြတ်အား ဤသို့ အကြံဖြစ်ပေါ်သည်။ ဤရိုသေလေးစားအပ်သော တရား ၇ပါးတို့ကား အလွန်သန့်ရှင်းကြသည်။ အလွန်ဖြူစင်ကြသည်။ ငါသည် တရားတို့ကို မြတ်စွာဘုရားအထံတော်သို့ သွား၍ လျှောက်ထားရသော ဤတရားတို့သည် သာ၍ပင် စင်ကြယ်ကြရာသည်။ သာ၍ပင် ဖြူစင်ကြရာသည်။ ဥပမာအားဖြင့် ရွှေစင်တနိက္ခ(၂ ပိဿာ)ရှိသောသူသည် ထိုရွှေတုံးကို စင်ကြယ်စေလိုသဖြင့် ပန်းထိမ်ဆရာထံသွား၍ အပ်နှံရာ ထိုရွှေတုံးသည် သာ၍စင်ကြယ်လာသကဲ့သို့ ငါသည် ဤတရားတို့ကို မြတ်စွာဘုရားအထံတော်သို့ သွား၍လျှောက်ထားရသော ဤတရားတို့သည် သာ၍စင်ကြယ်ကြရာသည်။ သာ၍ ဖြူစင်ကြရာသည်။

သို့ဖြင့် အရှင်မြတ်သည် ညနေချမ်းအချိန်သို့ ရောက်သောအခါ တစ်ပါးတည်း ကိန်းအောင်းရာမှထ၍ မြတ်စွာဘုရားအထံတော်သို့ သွားပြီးလျှင် ထိုအကြောင်းအရာကို စုံလင်စွာ လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ သာဓုခေါ်၍ အတည်ပြုတော်မူသည်။

''အို သာရိပုတ္တရာ၊ သာဓု၊ သာဓု။ ရဟန်းသည် မြတ်စွာဘုရားကို ရိုသေလေးစား၍ အမှီသဟဲပြု၍ နေခဲ့သော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏။ ကုသိုလ်ကို ပွားစေနိုင်ရာ၏။ တရားတော်ကို၊ သံဃာတော်ကို၊ သိက္ခာကို၊ သမာဓိကို၊ အပ္ပမာဒကို၊ ပဋိသန္ထာရကို ရိုသေလေးစား၍ အမှီသဟဲပြု၍ နေခဲ့သော် အကုသိုလ်ကို ပယ်စွန့်နိုင်ရာ၏။ ကုသိုလ်ကို ပွားစေနိုင်ရာ၏။

''အရှင်ဘုရား မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောကြားတော်မူသော ဤတရား၏ အဓိပ္ပာယ်ကို အကျယ်အားဖြင့် အကျွန်ုပ် ဤသို့နားလည်ပါသည်''

(က) ''အရှင်ဘုရား မြတ်စွာဘုရား၌ မရိုသေသော ရဟန်းအား တရားတော်၌ ရိုသေစရာ အကြောင်းမရှိပါ။ မြတ်စွာဘုရား၌ မရိုသေသော ရဟန်းသည် တရားတော်၌လည်း မရိုသေသော ရဟန်းဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရားတရား၌ မရှိသေသောရဟန်းအား သံဃာ၌ ရှိသေစရာအကြောင်းမရှိပါ။ ဘုရားတရား၌ မရှိသေသောရဟန်းသည် သံဃာ၌လည်း မရှိသေသောရဟန်း ဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရား တရား သံဃာ၌ မရှိသေသောရဟန်းအား သိက္ခာ၌ ရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ၌ မရှိသေသောရဟန်းသည် သိက္ခာ၌လည်း မရှိသေသောရဟန်း ဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ၌ မရှိသေသောရဟန်းအား သမာဓိ၌ ရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ သိက္ခာ၌ မရှိသေသောရဟန်းသည် သမာဓိ၌လည်း မရှိသေသောရဟန်း ဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ မရှိသေသောရဟန်းအား အပ္ပမာဒ၌ ရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ မရှိသေသောရဟန်းသည် အပ္ပမာဒ၌လည်း မရှိသေသောရဟန်း ဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ မရှိသေသောရဟန်းအား ပဋိသန္ထာရ၌ ရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ မရှိသေသောရဟန်းသည် ပဋိသန္ထာရ၌လည်း မရှိသေသောရဟန်း ဖြစ်ပါသည်၊

(ခ) "အရှင်ဘုရား ဘုရား၌ ရှိသေသော ရဟန်းအား တရား၌ မရှိသေစရာ အကြောင်းမရှိပါ။ ဘုရား၌ ရှိသေသော ရဟန်းသည် တရား၌လည်း ရှိသေသော ရဟန်းဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရားတရား၌ ရှိသေသောရဟန်းအား သံဃာ၌ မရှိသေစရာအကြောင်းမရှိပါ။ ဘုရားတရား၌ ရှိသေသောရဟန်းသည် သံဃာ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရား တရား သံဃာ၌ ရှိသေသောရဟန်းအား သိက္ခာ၌ မရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ၌ ရှိသေသောရဟန်းသည် သိက္ခာ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

''အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ၌ ရှိသေသော ရဟန်းအား သမာဓိ၌ မရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ သိက္ခာ၌ ရှိသေသောရဟန်းသည် သမာဓိ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

''အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ ရှိသေသောရဟန်းအား အပ္ပမာဒ၌ မရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ ရှိသေသောရဟန်းသည် အပ္ပမာဒ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

''အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရှိသေသောရဟန်းအား ပဋိသန္ထာရ၌ မရှိသေစရာအကြောင်းမရှိပါ။ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပ္ပမာဒ၌ ရှိသေသော ရဟန်းသည် ပဋိသန္ထာရ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

(ဂ) ''အရှင်ဘုရား ဘုရား၌ ရှိသေသော ရဟန်းအား တရား၌လည်း ရှိသေစရာအကြောင်း ရှိပါသည်။ ဘုရား၌ ရှိသေသော ရဟန်းသည် တရား၌လည်း ရှိသေသော ရဟန်းဖြစ်ပါသည်၊

''အရှင်ဘုရား၊ ဘုရားတရား၌ ရှိသေသောရဟန်းအား သံဃာ၌လည်း ရှိသေစရာအကြောင်း ရှိပါသည်။ ဘုရားတရား၌ ရှိသေသောရဟန်းသည် သံဃာ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

''အရှင်ဘုရား၊ ဘုရား တရား သံဃာ၌ ရှိသေသောရဟန်းအား သိက္ခာ၌လည်း ရှိသေစရာအကြောင်း ရှိပါသည်။ ဘုရား တရား သံဃာ၌ ရှိသေသောရဟန်းသည် သိက္ခာ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

''အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ၌ ရှိသေသော ရဟန်းအား သမာဓိ၌လည်း ရှိသေစရာအကြောင်း ရှိပါသည်။ ဘုရား တရား သံဃာ သိက္ခာ၌ ရှိသေသောရဟန်းသည် သမာဓိ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

''အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ ရှိသေသောရဟန်းအား အပ္ပမာဒ၌လည်း ရှိသေစရာအကြောင်း ရှိပါသည်။ ဘုရား တရား သံဃာ သိက္ခာ သမာဓိ၌ ရှိသေသောရဟန်းသည် အပ္ပမာဒ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

"အရှင်ဘုရား၊ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပွမာဒ၌ ရှိသေသောရဟန်းအား ပဋိသန္ဓာရ၌လည်း ရှိသေစရာအကြောင်း ရှိပါသည်။ ဘုရား တရား သံဃာ သိက္ခာ သမာဓိ အပွမာဒ၌ ရှိသေသော ရဟန်းသည် ပဋိသန္ဓာရ၌လည်း ရှိသေသောရဟန်း ဖြစ်ပါသည်၊

"အို သာရိပုတ္တရာ၊ သာဓု သာဓု၊ ငါဘုရား အကျိုးအားဖြင့် ဟောကြားအပ်သော ဤတရား၏အဓိပ္ပာယ်ကို အကျယ်အားဖြင့် (ဤအတိုင်းသာ) မှတ်အပ်၏"

အရှင်သာရိပုတ္တရာ၏ ဓမ္မန္တယဉာဏ်သည် သဗ္ဗညုတဉာဏ်အလားရှိ၏ဟု ချီးကျူးတော်မူခဲ့သော အဋ္ဌကထာဆရာ၏စကားသည် အလွန်မှန်ပေသည်။ အရှင်သာရိပုတ္တရာသည် မိမိဉာဏ်တွင် ပေါ်လာသော ဤတရားကို မြတ်စွာဘုရားအား တင်ပြလျှောက်ထားသည်။ မြတ်စွာဘုရားသည် ယင်းကို သဗ္ဗညုတဉာဏ်တော်ဖြင့် သုံးသပ်ဆင်ခြင်၍ အပိုအလိုမရှိ တိကျမှန်ကန်သည်ကို တွေ့ရသဖြင့် ထောက်ခံအတည်ပြုတော်မူသည်။ ဗုဒ္ဓက ထောက်ခံအတည်ပြုသည်နှင့်တစ်ပြိုင်နက် ဗုဒ္ဓဟောကြားသော တရားဒေသနာအဆင့်သို့ ရောက်သွားသည်။ ထိုအခါမှ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကို ဦးထိပ်ထားလျက် မိမိဉာဏ်စွမ်းကို ပြန်အကျယ်တဝင့် ဖွင့်ဆိုလျှောက်ထားသည်။ ယင်းအကျယ်လျှောက်ထားချက်ကိုလည်း အတုမရှိအောင် စိတ်နှလုံးစင်ကြယ်တော်မူသော မြတ်စွာဘုရားသည် ဒုတိယအကြိမ် သာဓုခေါ်၍ ထောက်ခံအတည်ပြုတော်မူပြန်သည်။ အရှင်သာရိပုတ္တရာသည် အတုမဲ့ မြတ်စွာဘုရား၏ ပြိုင်ဘက်ကင်းသော မဟာပညာသာဝကတစ်ပါးဖြစ်သည်မှာ အလွန်ထင်ရှားသည်။

## ၁၈။ ခမာဂုဏ်နှင့် ပြည့်စုံခြင်း

အမျက်ဒေါသကို အနာဂါမ်ပုဂ္ဂိုလ်တို့ပင် ပယ်ပြီးဖြစ်ကြသည်။ ကိလေသာအာသဝေါ ကုန်ခန်းပြီးသော ရဟန္တာတို့မှာကား ဆိုဖွယ်မရှိပြီ။ စောစောစီးစီးကပင် ဒေါသကို ပယ်ပြီးဖြစ်ကြသည်။ သို့ဖြစ်၍ ရဟန္တာအရှင်မြတ်တို့အား သည်းခံခြင်း ခမာဂုဏ်နှင့် ပြည့်စုံတော်မူကြသည်ဟုဆိုလျှင် ဘာမျှ အံ့သြစရာမရှိပေ။ သို့ရာတွင် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာကား အခြားရဟန္တာအရှင်မြတ်များထက် ပို၍ သည်းခံခြင်းခမာဂုဏ်နှင့် ပြည့်စုံသည်ဟု ဆိုချင်သည်။ တစ်ခါသော် အရှင်သာရိပုတ္တရာသည် ရဟန်းတို့အား တရားဟောလိုသဖြင့် ဤသို့ စကားစလိုက်သည်။

"ငါ့ရှင်တို့ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော ရဟန်းသည် သညာဝေဒနာချုပ်ငြိမ်းသော နိရောဓသမာပတ်ကို ဝင်စားသော်လည်း ဝင်စားနိုင်ရာ၏။ ထသော်လည်း ထနိုင်ရာ၏။ ဤအကြောင်းသည် ရှိ၏။ ထိုရဟန်းသည် အကယ်၍ ဤဘဝ၌ အရဟတ္တဖိုလ်ကိုမရလျှင် အစာအာဟာရကိုစားသော ကာမာဝစရနတ်တို့ကို ကျော်လွန်၍ ဈာန်စိတ်ဖြင့်ပြီးသော ကိုယ်ရှိသော ဗြဟ္မာဘုံတစ်ခုခု၌ ဖြစ်သောအခါ သညာဝေဒနာချုပ်ငြိမ်းသော နိရောဓသမာပတ်ကို ဝင်စားသော်လည်း ဝင်စားနိုင်ရာ၏။ ထသော်လည်း ထနိုင်ရာ၏"

ထိုအခါ လာလုဒါယီရဟန်းသည် ပရိသတ်ထဲမှထ၍ "ငါ့ရှင် သာရိပုတ္တရာ၊ ထိုဈာန်စိတ်ဖြင့်ပြီးသော ဗြဟ္မာဘုံ၌ ဤသို့ နိရောဓသမာပတ်ကို ဝင်စားနိုင်စရာ အကြောင်းလည်းမရှိ၊ အရာဌာနလည်းမဟုတ်"ဟု ကန့်ကွက်သည်။

အရှင်မြတ်လည်း ၃ ကြိမ်တိုင်အောင် ထိုစကားကို ထပ်၍ထပ်၍ ပြောဆိုသည်။လာလုဒါယီအမည်ရှိသော ရဟန်းကလည်း ၃ ကြိမ်တိုင်အောင်ပင် ထပ်၍ထပ်၍ ကန့်ကွက်သည်။ အခြားရဟန်းတို့အား ဆိတ်ဆိတ်သာ နေကြသည်။ ထိုအခါ အရှင်မြတ်သည် "ဥဒါယီသည် ၃ ကြိမ်တိုင်အောင်ပင် ကန့်ကွက်သည်၊ ငါ့အား နှစ်သက်ထောက်ခံသော ရဟန်းလည်း တစ်ပါးမျှမရှိ၊ ငါသည် မြတ်စွာဘုရားအထံတော်သို့သွား၍ ရှေ့တော်မှောက်၌ ဤစကားကို ဆိုဦးမည်"ဟု ကြံ၍ မြတ်စွာဘုရားအထံတော်သို့ ကြွသွားသည်။ မြတ်စွာဘုရားအထံတော်သို့ ရောက်သောအခါ သင့်ရာနေရာတွင် ထိုင်၍ အထက်ပါစကားကိုပင် မိန့်ဆိုတော်မူပြန်သည်။ ထိုအခါ လာလုဒါယီရဟန်းလည်း ဗုဒ္ဓထံသို့ လိုက်လာ၍ ရှေးနည်းတူပင် ကန့်ကွက်သည်။ အရှင်မြတ်လည်း သုံးကြိမ်တိုင်အောင် ထိုစကားကို မိန့်ဆိုသည်။ လာလုဒါယီကလည်း ၃ ကြိမ်တိုင်အောင်ပင် ကန့်ကွက်သည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် "မြတ်စွာဘုရား ရှေ့တော်မှာပင် ဤဥဒါယီရဟန်းသည် ငါ့ကို ၃ ကြိမ်တိုင်အောင် ကန့်ကွက်သည်၊ ငါ့အား ထောက်ခံသော ရဟန်းလည်း တစ်ပါးမျှမရှိ၊ ငါ ဆိတ်ဆိတ်နေမှ သင့်မည်"ဟု ကြံ၍ ဆိတ်ဆိတ်သာ နေလိုက်သည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်လာလုဒါယီကို ဤသို့ မေးမြန်းတော်မူသည်။

"အို ဥဒါယီ၊ ဈာန်စိတ်ဖြင့်ပြီးသော ကိုယ်ရှိသော ဗြဟ္မာကို သင် အဘယ်သို့ ယုံကြည်သနည်း"

"အရှင်ဘုရား သညာဖြင့်သာပြီးသော အရူပဗြဟ္မာဟု ယုံကြည်ပါသည်"

"အို ဥဒါယီ၊ မသိမလိမ္မာသောသင်အား စကားပြောခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း။ သင်ကပင် စကားပြောဆိုထိုက်သည်ဟု ထင်ဘိ၏"

ထို့နောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ဤသို့ မိန့်တော်မူသည်။

"'အာနန္ဒာ သင်တို့သည် မထေရ်ကြီး အညှဉ်းဆဲခံရသည်ကို လျစ်လျူ ကြတုံဘိသည်။ အာနန္ဒာ သင်တို့အား အညှဉ်းဆဲခံရသော မထေရ်ကြီးအပေါ်၌ သနားခြင်းပင် မဖြစ်ပါတကား"

ထို့နောက် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ မိန့်ဆိုချက်ကို အတည်ပြုသည့်အနေဖြင့် ကိုယ်တော်တိုင် ထပ်မံမိန့်ကြားတော်မူပြီး နေရာမှ ထပြီး ကျောင်းတော်တွင်းသို့ ဝင်တော်မူသည်။

မြတ်စွာဘုရား ကြွသွား၍ မကြာမီပင် အရှင်အာနန္ဒာသည် အရှင်ဥပဝါဏ ကို ဤသို့ပြောဆိုသည်။

"ငါ့ရှင် ဥပဝါဏ၊ ယခု တစ်ပါးသောရဟန်းတို့က မထေရ်ကြီးတို့ကို ညှဉ်းဆဲကြသည်။ ငါတို့လည်း ထိုအညှဉ်းဆဲခံရခြင်းမှ မလွတ်ကြကုန်။ ငါ့ရှင် ဥပဝါဏ၊ မြတ်စွာဘုရား ညနေချမ်းအချိန် ကိန်းအောင်းရာမှထတော်မူလာ၍ ဤကိစ္စကိုပင် မိန့်တော်မူလျှင် အံ့ဩစရာရှိမည်မဟုတ်။ ထိုအခါ ငါ့ရှင်သာ မြတ်စွာဘုရားကို ပြန်လည်လျှောက်ထားပါ။ ငါတို့မှာ ယခုပင် စိတ်မချမ်းမသာ ဖြစ်ကြရပြီးပါပြီ"

သို့ဖြင့် ညနေချမ်းအချိန်သို့ရောက်လာသည်။ မြတ်စွာဘုရားသည် တစ်ပါး တည်း ကိန်းအောင်းရာမှထ၍ သံဃာတော်တို့ စည်းဝေးရာဇရပ်သို့ ကြွလာတော် မူပြီး အသင့်ခင်းထားသော နေရာ၌ ထိုင်တော်မူသည်။ အရှင်ဥပဝါဏလည်း ဗုဒ္ဓအနီးတွင် အသင့်နေရာယူထားသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင် ဥပဝါဏကို ဤသို့ မေးမြန်းတော်မူသည်။

"အို ဥပဝါဏ အဘယ်မျှသောတရားတို့နှင့် ပြည့်စုံသော မထေရ်ကြီးသည် သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးစားခြင်းကို ခံရသနည်း"

"အရှင်ဘုရား သီလရှိခြင်း၊ အကြားအမြင်များခြင်း၊ အပြောအဆိုကောင်း ခြင်း၊ ဈာန် ၄ ပါးတို့ကို အလိုရှိတိုင်းရခြင်း၊ အာသဝေါကုန်ခြင်း၊ ဤတရား ၅ ပါးတို့နှင့် ပြည့်စုံသော မထေရ်ကြီးသည် သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးစား ခြင်းကို ခံရပါသည်"

"အို ဥပဝါဏ၊ သာဓု သာဓု၊ ဤတရား ၅ ပါးတို့နှင့် ပြည့်စုံသော မထေရ်ကြီးသည် သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးစားခြင်းကို ခံရသည်။ အို

ဥပဝါဏ၊ မထေရ်ကြီးဖြစ်သော ရဟန်းအား ဤတရား ၅ ပါးတို့မရှိကြလျှင် ထို မထေရ်ကြီးရဟန်းကို သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်းတို့ဖြင့် သီတင်း သုံးဖော်တို့က မရိုသေမလေးစားကြပေရာ၊ မမြတ်နိုး မပူဇော်ကြပေရာ။ ဤတရား ၅ ပါးတို့ ရှိသောကြောင့်သာလျှင် မထေရ်ကြီးရဟန်းကို သီတင်းသုံးဖော်တို့က ရိုသေလေးစားကြသည်၊ မြတ်နိုးပူဇော်ကြပေသည်။

ဤသုတ်တွင် အရှင်သာရိပုတ္တရာသည် မနောမယကာယ ဟူသော စကား ကိုသုံးနှုန်းတော်မူသည်။ ဤစကားသည် ဗုဒ္ဓ၏စကားရင်းပင်ဖြစ်သည်။ ဤစကား ၏ အဓိပ္ပာယ်မှာ ဈာန်စိတ်ဖြင့်ပြီးသော ဗြဟ္မာဟု သာမညအားဖြင့် ဆိုလိုသည်။ သို့ရာတွင် ဤအရှင်မြတ်၏စကား၌ကား အနာဂါမ်ရဟန္တာတို့၏ နေရာသာဖြစ် သော သုဒ္ဓါဝါသ ဗြဟ္မာကို ဆိုလိုသည်။ အရှင်ဥဒါယီကား မဟာဥဒါယီလည်း မဟုတ်၊ ကာဠုဒါယီလည်းမဟုတ်၊ လာလုဒါယီဟုခေါ်ကြသော ဥဒါယီဖြစ်သည်။ ဤအရှင်လာလုဒါယီသည် ဉာဏ်နုံ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် မနောမယ ကာယဟူသောစကားကို နာမ်ချည်းသက်သက်သာရှိသော အရူပဗြဟ္မာဟု ကောက် ယူ နားလည်သည်။ ထို့ကြောင့်ပင် တစ်သမတ်တည်း ကန့်ကွက်သည်။ အရူပ ဗြဟ္မာတို့ကား နိရောဓသမာပတ်ကို မဝင်စားနိုင်ကြကုန်။ ထိုအရူပဗြဟ္မာတို့အား သညာဝေဒနာချုပ်ငြိမ်းလျှင် အပြီးသတ် ပရိနိဗ္ဗာန်ပြုခြင်းသာ ဖြစ်ရာသည်။

ဤကိစ္စ၌ အခြားရဟန်းတို့က ဆိတ်ဆိတ်သာနေကြသည်မှာ အရှင်လာလု ဒါယီနှင့် ဖက်ပြိုင်၍ စကားမပြောလိုသောကြောင့်သာ ဖြစ်ရာသည်။ ဗုဒ္ဓကား မထေရ်ကြီးကို လေးစားရမည့် ဝတ္တရားကိုကြည့်၍ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သူ အရှင်အာနန္ဒာကို အမည်တပ်၍ ရဟန်းတို့ကို အပြစ်တင်တော်မူသည်။ အမှန်အား ဖြင့် အရှင်သာရိပုတ္တရာ ခမာဂုဏ်နှင့် ပြည့်စုံလှသဖြင့် ဗုဒ္ဓပင် မနေသာအောင် ဖြစ်ခဲ့ရသတည်း။

## ၁၉။ အရှင်သာရိပုတ္တရာ၏ ဂုဏ်ပုဒ်များ

အဖိုးအနဂ္ဃဖြစ်သော ကျောက်မျက်ရတနာကို သာမန်ကျောက်ပွဲစားတို့က ထိုက်ထိုက်တန်တန် အတိအကျ မဆုံးဖြတ်နိုင်သဖြင့် မိမိဉာဏ်မီသလောက်ဖြင့် သာ ခန့်မှန်းပြောကြားကြသကဲ့သို့ ကျွန်ုပ်တို့သည် ပိဋကတ်ကျမ်းဂန် ဉာဏ်မျက်စိ ဖြင့် ကြည့်ရှု၍ အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးတို့ကို ဉာဏ်မီသမျှ ထုတ်ဖော် ချီးကျူးခဲ့ကြသည်။ အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးတို့ကား ဤမျှဖြင့် မပြည့်စုံ မလုံလောက်သေးသည်မှာ အမှန်ပင်ဖြစ်ပါသည်။ အရှင်သာရိပုတ္တရာ၏ ဂုဏ်

ကျေးဇူးတို့ကို ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် သိနိုင်သူမှာ မြတ်စွာဘုရားသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓကိုယ်တိုင် ထုတ်ဖော်ချီးကျူးတော်မူခဲ့သော ဂုဏ်ပုဒ်တို့ကို မဖော်ပြလျှင် ဤအရှင်သာရိပုတ္တရာ၏ ဝတ္ထုသည် မည်သည့်နည်းနှင့်မျှ ပြည့်စုံနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗုဒ္ဓကိုယ်တိုင် ထုတ်ဖော်ချီးကျူးတော်မူခဲ့သည့် အရှင်သာရိပုတ္တရာ၏ ကြီးကျယ်လှသော ဂုဏ်ပုဒ်တို့ကို ဉာဏ်စွမ်းရှိသမျှ ထုတ်ပြပါဦးမည်။

(က) စက္ကာနုဝတ္တနဂုဏ်ပုဒ် ၅ ပါး

တစ်ခါသော် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူခဲ့သည်။

ရဟန်းတို့ စကြဝတေးမင်းသည် အင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ဆန့်ကျင်ဘက်လူသား တစ်စုံတစ်ယောက်မျှ မလည်စေနိုင်သော စကြာရတနာကို လည်စေခဲ့သည်။ ယင်းအင်္ဂါ ၅ ပါးတို့မှာ–

၁။ အတ္ထညူ – မင်းစည်းစိမ်ဟူသောအကျိုးကို သိတတ်သည်။
၂။ ဓမ္မညူ – စကြဝတေးမင်းတို့၏ အစဉ်အလာ ကျင့်ထုံးတရားကို သိတတ်သည်။
၃။ မတ္တညူ – ဒဏ်ထားရာ၌လည်းကောင်း၊ ဗိုလ်ပါအပေါင်း၌လည်းကောင်း ပမာဏကို သိတတ်သည်။
၄။ ကာလညူ – စည်းစိမ်ခံစားချိန်၊ တရားဆုံးဖြတ်ချိန်၊ တိုင်းပြည်တည်တံ့ရေးကို ဆောင်ရွက်ချိန်ဟူသော အချိန်ကာလကို သိတတ်သည်။
၅။ ပရိသညူ – မင်းပရိသတ်၊ ပုဏ္ဏားပရိသတ် စသော ပရိသတ်ကို သိတတ်သည်။

ရဟန်းတို့ စကြဝတေးမင်းသည် ဤအင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ စကြာရတနာကို လည်စေခဲ့သည်။

ရဟန်းတို့ ထို့အတူပင် မြတ်စွာဘုရားသည်လည်း အင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ နတ် လူ ဗြဟ္မာ တစ်စုံတစ်ယောက်မျှ မလည်စေနိုင်သော အတုမဲ့ တရားစကြာကို လည်စေတော်မူသည် ယင်းအင်္ဂါ ၅ ပါးတို့မှာ–

၁။ အတ္ထညူ – အကျိုးတရားတို့ကို သိတော်မူသည်။
၂။ ဓမ္မညူ – အကြောင်းတရားတို့ကို သိတော်မူသည်။

၃။ မတ္တညူ - (ပစ္စည်း ၄ ပါးတို့၌) ပမာဏကို သိတော်မူသည်။

၄။ ကာလညူ - အချိန်ကာလကို သိတော်မူသည်။

၅။ ပရိသညူ - ပရိသတ်ကို သိတော်မူသည်။

ရဟန်းတို့ မြတ်စွာဘုရားသည် ဤအင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ အတုမဲ့ တရားစကြာရတနာကို လည်စေတော်မူသည်။

ဤသုတ်၏ဆိုလိုရင်းအဓိပ္ပာယ်မှာ အတုမဲ့ တရားစကြာရတနာကို လည်စေတော်မူသော မြတ်စွာဘုရား၌ ထူးခြားသော ဂုဏ်ပုဒ် ၅ ပါး ရှိတော်မူသည်ဟု ဆိုလိုသည်။ ထိုဂုဏ်ပုဒ် ၅ ပါးတို့သည် အရှင်သာရိပုတ္တရာ၌လည်း ရှိကြကြောင်း အောက်ပါအတိုင်း ဟောတော်မူခဲ့သည်။

ရဟန်းတို့ စကြဝတေးမင်း၏ သားကြီးရတနာသည် အင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ခမည်းတော်လည်စေအပ်သော စကြာရတနာကို တရားသဖြင့် အတုလိုက်၍လည်စေတတ်သည်။ ယင်းအင်္ဂါ ၅ ပါးတို့မှာ-

၁။ အတ္ထညူ - မင်းစည်းစိမ်ဟူသောအကျိုးကို သိတတ်သည်။

၂။ ဓမ္မညူ - စကြဝတေးမင်းတို့၏ အစဉ်အလာကျင့်ထုံးတရားကို သိတတ်သည်။

၃။ မတ္တညူ - ဒဏ်ထားရာ၌လည်းကောင်း၊ ဗိုလ်ပါအပေါင်း၌ လည်းကောင်း ပမာဏကို သိတတ်သည်။

၄။ ကာလညူ - စည်းစိမ်ခံစားချိန်၊ တရားဆုံးဖြတ်ချိန်၊ တိုင်းပြည် တည်တံ့ရေးကို ဆောင်ရွက်ချိန်ဟူသော အချိန်ကာလ ကို သိတတ်သည်။

၅။ ပရိသညူ - မင်းပရိသတ်၊ ပုဏ္ဏားပရိသတ် စသော ပရိသတ်ကို သိတတ်သည်။

ရဟန်းတို့ စကြဝတေးမင်း၏ သားကြီးရတနာသည် ဤအင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ခမည်းတော်လည်စေအပ်သော စကြာရတနာကို အတုလိုက်၍လည်စေသည်။

ရဟန်းတို့ ထို့အတူပင် သာရိပုတ္တရာသည် အင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ ငါဘုရားလည်စေအပ်သော အတုမဲ့ တရားစကြာရတနာကို ငါ့အတုလိုက်၍ လည်စေတတ်သည်။ ယင်းအင်္ဂါ ၅ ပါးတို့မှာ-

၁။ အတ္ထညူ - အကျိုးတရားကို သိတတ်သည်။

၂။ ဓမ္မညူ - အကြောင်းတရားကို သိတတ်သည်။

၃။ မတ္တညျူ - ပမာဏကို သိတတ်သည်။

၄။ ကာလညျူ - အချိန်ကာလကို သိတတ်သည်။

၅။ ပရိသညျူ - ပရိသတ်ကို သိတတ်သည်။

ရဟန်းတို့ သာရိပုတ္တရာသည် ဤအင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ငါဘုရားလည်စေအပ်သော အတုမဲ့ တရားစကြာရတနာကို ငါ့အတုလိုက်၍ လည်စေတတ်ပေသည်။

ဤသုတ်ကိုကြည့်လျှင် တရားစကြာရတနာကို လည်ပတ်စေရာ၌ ဗုဒ္ဓ၌ရှိသော အင်္ဂါ ၅ ပါးတို့သည် အရှင်သာရိပုတ္တရာ၌လည်း ရှိကြသည်ဟု ဟောတော်မူခြင်းဖြစ်ကြောင်း သိသာသည်။ သို့ဖြင့် မြတ်စွာဘုရားသည် ဤအရာ၌ မိမိ၏ သာဝကအကြီးဆုံးဖြစ်သော အရှင်သာရိပုတ္တရာကို မိမိနှင့်တန်းတူထား၍ မြှောက်စားချီးကျူးတော်မူကြောင်းလည်း ပေါ်လွင်ထင်ရှားသည်။

(ခ) ပဋိသမ္ဘိဒါရကြောင်းတရား ၇ ပါး

တစ်ခါသော် မြတ်စွာဘုရားသည် ရဟန်းတို့အား ပဋိသမ္ဘိဒါ ၄ ပါးကို ရကြောင်းတရား ၇ ပါးတို့ကို ဟောတော်မူပြီးနောက် အရှင်သာရိပုတ္တရာကို စံပြထား၍ ဤသို့ဟောကြားတော်မူခဲ့သည်။

ရဟန်းတို့ သာရိပုတ္တရာသည် ၇ ပါးသော တရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ ပဋိသမ္ဘိဒါ ၄ ပါးတို့ကို ကိုယ်တိုင် ထိုးထွင်းသိမြင်၍ ရရှိနေထိုင်သည်။ ယင်းတရား ၇ ပါးတို့မှာ–

၁။ သာရိပုတ္တရာသည် ဤသည်ကား ငါ့စိတ်၏ တွန့်ဆုတ်ခြင်းတည်းဟုလည်း ဟုတ်တိုင်းမှန်စွာ သိတတ်သည်။

၂။ အဇ္ဈတ္တ၌ ကျဉ်းကျုံ့သော (တွေဝေငိုက်မျဉ်းခြင်းသို့ လိုက်သောစိတ်) စိတ်ကိုလည်း ငါ၏စိတ်သည် အဇ္ဈတ္တ၌ ကျဉ်းကျုံ့သည်ဟု ဟုတ်တိုင်းမှန်စွာ သိတတ်သည်။

၃။ ဗဟိဒ္ဓ၌ ပျံ့လွင့်သောစိတ်ကိုလည်း ငါ၏စိတ်သည် ဗဟိဒ္ဓ၌ ပျံ့လွင့်သည်ဟု ဟုတ်တိုင်းမှန်စွာ သိတတ်သည်။

၄။ သာရိပုတ္တရာအား ခံစားမှုဝေဒနာတို့သည် သိပြီးဖြစ်၍သာ ဖြစ်ကြထင်ကြ ချုပ်ကြသည်။

၅။ သာရိပုတ္တရာအား သိမှတ်မှုသညာတို့သည် သိပြီးဖြစ်၍သာ ဖြစ်ကြထင်ကြ ချုပ်ကြသည်။

၆။ သာရိပုတ္တရာအား အကြံအစည်ဝိတက်တို့သည် သိပြီးဖြစ်၍သာ ဖြစ်ကြ ထင်ကြ ချုပ်ကြသည်။

၇။ သာရိပုတ္တရာအား သင့်လျော်သောအရာ မသင့်လျော်သောအရာ၊ ယုတ်ညံ့သောအရာ ကောင်းမြတ်သောအရာ၊ မည်းညစ်သောအရာ ဖြူစင်သောအရာ ဟူသော ချင်းချင်း ဆန့်ကျင်ဘက်တရားတို့၌ အကြောင်းနိမိတ်သည် ကောင်းစွာယူပြီးသာဖြစ်သည်။ ကောင်းစွာ နှလုံးသွင်းပြီးသာဖြစ်သည်။ ပညာဖြင့် ကောင်းစွာထိုးထွင်းသိမြင်ပြီးသာ ဖြစ်သည်။

ရဟန်းတို့ သာရိပုတ္တရာသည် ဤတရား ၇ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ပဋိသမ္ဘိဒါ ၄ ပါးကို ကိုယ်တိုင် ထိုးထွင်းသိမြင်၍ ရရှိနေထိုင်သည်။

ဤသုတ်ကိုကြည့်လျှင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာတို့၏ စံပြတရား ၇ ပါးတို့နှင့် ကောင်းစွာပြည့်စုံသည်ကို သဘောပေါက်နိုင်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် အရှင်သာရိပုတ္တရာ၏ ပကတိအနေအထိုင်သည် သတိသမ္ပဇဉ်နှင့် အလွန်ပြည့်စုံသည်ဟု သဘောပေါက်နိုင်သည်။

ဤသုတ်၏ဆိုလိုရင်း အဓိပ္ပာယ်မှာ အရှင်သာရိပုတ္တရာသည် မိမိစိတ်တွန့်တိုဆုတ်နစ်လျှင်လည်း တွန့်တိုဆုတ်နစ်မှန်း သိတတ်သည်။ တွေဝေငိုက်မျဉ်းလျှင်၊ ပျံ့လွင့်နေလျှင် တွေဝေငိုက်မျဉ်းကြောင်း၊ ပျံ့လွင့်နေကြောင်း အမှန်အတိုင်းသိတတ်သည်။ အာရုံခံစားမှုဝေဒနာ၊ စိတ်သညာ၊ အကြံအစည်ဝိတက်တို့ကိုလည်းကောင်းစွာ သတိရှိ၍ အမှန်အတိုင်း သိတတ်သည်။ သင့်မသင့်၊ ကောင်းမကောင်း၊ ဖြူစင်သည် မဖြူစင်သည်ကို ကောင်းစွာသိတတ်သည်။ ကောင်းစွာဆင်ခြင်သုံးသပ်သည်ဟု ဆိုလိုသည်။

## (ဂ) စိတ်ကို မိမိအလိုသို့ လိုက်စေနိုင်သောဂုဏ် ၇ ပါး

သတ္တဝါတို့သည် အများအားဖြင့် စိတ်၏အလိုသို့သာ လိုက်ပါတတ်ကြသည်။ စိတ်ကို မိမိအလိုသို့ပါအောင် မထိန်းသိမ်းနိုင်ကြကုန်။ အရှင်သာရိပုတ္တရာကား ထူးခြားသောဂုဏ်ပုဒ် ၇ ပါးနှင့် ပြည့်စုံတော်မူသဖြင့် စိတ်ကို မိမိအလိုသို့သာ လိုက်စေသည်။ မိမိက စိတ်အလိုသို့ လိုက်ပါလေ့မရှိပေ။ တစ်နည်းအားဖြင့်ဆိုလျှင် အရှင်သာရိပုတ္တရာသည် သမာဓိကြီးလှသူဖြစ်၍ စိတ်ကို အလွန်နိုင်နင်းသည်။

ဤဂုဏ်နှင့်ပတ်သက်၍ မြတ်စွာဘုရားက ဤသို့ဟောကြားတော်မူခဲ့သည်။

ရဟန်းတို့၊ အရှင်သာရိပုတ္တရာသည် ၇ ပါးသောတရားတို့နှင့် ပြည့်စုံသည် ဖြစ်၍ စိတ်ကို မိမိအလိုသို့လိုက်စေနိုင်သည်။ သာရိပုတ္တရာက စိတ်၏အလိုသို့ မလိုက်ပေ။ ယင်းတရား ၇ ပါးတို့မှာ–

၁။ သာရိပုတ္တရာသည် သမာဓိ၌ (ဈာန်သမာပတ်) ကျွမ်းကျင်လိမ္မာသည်။

၂။ သာရိပုတ္တရာသည် သမာဓိကို ဝင်စားခြင်း၌ ကျွမ်းကျင်လိမ္မာသည်။

၃။ သာရိပုတ္တရာသည် သမာဓိ တည်တံ့မှု၌ ကျွမ်းကျင်လိမ္မာသည်။

၄။ သာရိပုတ္တရာသည် သမာဓိမှ ထခြင်း၌ ကျွမ်းကျင်လိမ္မာသည်။

၅။ သာရိပုတ္တရာသည် သမာဓိ ကောင်းမွန်ခန့်ကျန်းမှု၌ ကျွမ်းကျင်လိမ္မာသည်။

၆။ သာရိပုတ္တရာသည် သမာဓိ၏ ကျက်စားရာအာရုံ၌ ကျွမ်းကျင်လိမ္မာသည်။

၇။ သာရိပုတ္တရာသည် သမာဓိကို ရှေးရှုဆောင်ခြင်း၌ ကျွမ်းကျင်လိမ္မာသည်။

ရဟန်းတို့ သာရိပုတ္တရာသည် ဤတရား ၇ ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ စိတ်ကို မိမိအလိုသို့ လိုက်စေနိုင်သည်။ သာရိပုတ္တရာသည် စိတ်၏အလိုသို့ မလိုက်ပေ။

ဤသုတ်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ အရှင်သာရိပုတ္တရာသည် ဈာန်သမာပတ်တို့၌ အလွန်လေ့လာကျွမ်းကျင်လှသောကြောင့် မိမိစိတ်ကို နိုင်နင်းလှသည်ဟု ဆိုလိုသည်။

ဤဂုဏ်ပုဒ် ၇ ပါးတို့ကား အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကောဋ္ဌိက၊ အရှင်အနုရုဒ္ဓါ၊ အရှင်မဟာကစ္စည်း စသော အခြားမဟာသာဝကကြီးတို့၌လည်း ထိုက်သင့်သလို ရှိကြသည်။ သို့ရာတွင် မြတ်စွာဘုရားက စိတ်ကို မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်းဟူသော ဤကိစ္စ၌ အရှင်သာရိပုတ္တရာကိုသာ စံပြထား၍ အထူးတလည် ချီးကျူးဟောကြားတော်မူခဲ့သည်မှာ အလွန်ထူးခြားသည်။

## (ဃ) ထိပ်တန်းကျသော အခြားဂုဏ်ပုဒ်များ

မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးတို့ကို မကြာခဏ ထုတ်ဖော်ချီးကျူးတော်မူခဲ့သည်။ ယင်းသို့ ချီးကျူးတော်မူသည်မှာ မျက်နှာလိုက်၍ ချီးကျူးခြင်းမျိုးမဟုတ်၊ ချီးမွမ်းသင့် ချီးမွမ်းထိုက်သောကြောင့် ချီးကျူးခြင်းသာ ဖြစ်သည်။

ဗုဒ္ဓ၏ မဟာသာဝကကြီးများတွင် အရှင်မဟာမောဂ္ဂလ္လာန်သည် တန်ခိုးကြီးသောပုဂ္ဂိုလ်ဟု ထင်ရှားကျော်စောသည်။ အရှင်မဟာကဿပသည် ဓုတင်ဆောင်ပုဂ္ဂိုလ်ဟု ထင်ရှားကျော်စောသည်။ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုတန်ခိုးရှင်ဟု ထင်ရှားကျော်စောသည်။ အရှင်ဥပါလိသည် ဝိနည်းဓိုရ်ပုဂ္ဂိုလ်ဟု ထင်ရှားကျော်စောသည်။ အရှင်ရေဝတသည် ဈာန်ရတန်ခိုးရှင်ဟု ထင်ရှားကျော်စောသည်။ အရှင်အာနန္ဒာသည် ဗဟုသုတ ကြွယ်ဝသူဟု ထင်ရှားကျော်စောသည်။ အရှင်သာရိပုတ္တရာမှာကား ဤသို့ ထူးထူးခြားခြား ထင်ရှားကျော်စောခြင်း မရှိပေ။ သို့ဖြင့် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ ဂုဏ်ပုဒ်တို့ကို ထုတ်ဖော်ချီးကျူးရန် အခါအခွင့်ကို ငံ့လင့်တော်မူခဲ့သည်။

တစ်နေ့တွင် အရှင်သာရိပုတ္တရာအား ကြည်ညိုသော သဘောတူရဟန်းချည်း တရားသဘင်၌ စုဝေးမိကြသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ ဂုဏ်ပုဒ်တို့ကို တခမ်းတနား ထုတ်ဖော်ဟောကြားတော်မူခဲ့သည်။

''ရဟန်းတို့ သာရိပုတ္တရာသည် ပဏ္ဍိတ– ပညာရှိဖြစ်၏။ ရဟန်းတို့ သာရိပုတ္တရာသည် မဟာပည–မြတ်သောပညာရှိသူဖြစ်၏။ ရဟန်းတို့ သာရိပုတ္တရာသည် ပုထုပည–ကြီးကျယ်သောပညာရှိသူဖြစ်၏။ ရဟန်းတို့ သာရိပုတ္တရာသည် ဟာသပည–ရွှင်သောပညာရှိသူဖြစ်၏။ ရဟန်းတို့ သာရိပုတ္တရာသည် ဇဝနပည–မြန်သောပညာရှိသူဖြစ်၏။ ရဟန်းတို့ သာရိပုတ္တရာသည် တိက္ခပည–ထက်မြက်သော ပညာရှိသူဖြစ်၏။ ရဟန်းတို့ သာရိပုတ္တရာသည် နိဗ္ဗေဓိကပည–ဖောက်ထွင်းဖြိုခွဲတတ်သော ပညာရှိသူဖြစ်၏။ ရဟန်းတို့ သာရိပုတ္တရာသည် လခွဲ (၁၅ ရက်)ပတ်လုံး သမာပတ် ၉ ပါးလုံးကို အစဉ်လိုက် ဝိပဿနာရှုခဲ့၏''

ဤဒေသနာတွင် မြတ်စွာဘုရားသည် အရှင်မြတ်၏ ဉာဏ်ပညာနှင့် ပတ်သက်၍ ဂုဏ်ပုဒ် ၇ မျိုးတို့ကို ထုတ်ဖော်ချီးကျူးတော်မူသည်။ ယင်းဂုဏ်ပုဒ် ၇ မျိုးတို့မှာ–

(က) ပဏ္ဍိတ – ကျွမ်းကျင်လိမ္မာသော ပညာရှိသူ၊
(ခ) မဟာပည – ကြီးကျယ်များမြတ်သော ပညာရှိသူ၊
(ဂ) ပုထုပည – ထူးခြားများပြားသော ပညာရှိသူ၊
(ဃ) ဟာသပည – ရွှင်သော ပညာရှိသူ၊
(င) ဇဝနပည – လျင်သော ပညာရှိသူ၊
(စ) တိက္ခပည – ထက်မြက်သော ပညာရှိသူ၊
(ဆ) နိဗ္ဗေဓိကပည– ဖောက်ထွင်းဖြိုခွဲတတ်သော ပညာရှိသူ

ဟူသော ဂုဏ်ပုဒ်တို့ ဖြစ်ကြသည်။ ဤ ၇ ပုဒ်တို့တွင် (က) သည် သက်ဆိုင်ရာ

တွင် ကျွမ်းကျင်လိမ္မာမှုနှင့် သက်ဆိုင်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် အများနှင့် သက်ဆိုင်သည်။ (ခ) စသည်တို့ကား သီးခြားအသိပညာများနှင့် သက်ဆိုင်သည်။

အရှင်သာရိပုတ္တရာသည် အစဉ်အတိုင်း ဝိပဿနာရှုခဲ့သော သမာပတ် ၉ ပါးတို့မှာ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် ဟူသော ရူပါဝစရသမာပတ် ၄ ပါး၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာ နာသညာယတန ဟူသော အရူပါဝစရ သမာပတ် ၄ ပါးနှင့် နိရောဓသမာပတ်တို့ ဖြစ်ကြသည်။

မြတ်စွာဘုရားသည် ယင်းသမာပတ် ၉ ပါးတို့ကို အစဉ်အတိုင်း ဟော ကြားတော်မူပြီးနောက် ဤသို့ နိဂုံးချုပ်တော်မူသည်။

ရဟန်းတို့ အရိယသီလ (မြတ်သောသီလ)၌ လေ့လာပြီးဖြစ်သူ အပြီးအဆုံး သို့ ရောက်သူ၊ အရိယသမာဓိ၌ လေ့လာပြီးဖြစ်သူ အပြီးအဆုံးသို့ရောက်သူ၊ အရိယပညာ၌ လေ့လာပြီးဖြစ်သူ အပြီးအဆုံးသို့ရောက်သူ၊ အရိယဝိမုတ္တိ၌ လေ့လာ ပြီးဖြစ်သူ အပြီးအဆုံးသို့ရောက်သူဟု ဆိုလိုသော် သာရိပုတ္တရာကိုဆိုမှ ကောင်းစွာ ဆိုခြင်း ဖြစ်ရာသည်။

ရဟန်းတို့ မြတ်စွာဘုရား၏ ရင်မှဖြစ်သောသား၊ ခံတွင်းမှဖြစ်သောသား၊ တရားဖြင့်ဖြစ်သော တရားဖြင့်ဖန်ဆင်းအပ်သောသား၊ ပစ္စည်း ၄ ပါးအမွေကို မခံယူဘဲ တရားအမွေကို ခံယူသောသားဟု ဆိုလိုသော် သာရိပုတ္တရာကိုသာဆိုမှ ကောင်းစွာ ဆိုခြင်းဖြစ်ရာသည်။

ရဟန်းတို့ သာရိပုတ္တရာသည် ငါဘုရားသည် လည်စေအပ်သော အတုမဲ့ တရားစကြာကို ငါ့အတုလိုက်၍ လည်စေနိုင်ပေသည်။

ဤနိဂုံးတွင် အရှင်သာရိပုတ္တရာ၏ ဂုဏ်ပုဒ် ၅ ခု ပါဝင်လာပြန်သည်။ ယင်းဂုဏ်ပုဒ်တို့မှာ–

(က) အရှင်သာရိပုတ္တရာသည် အရိယသီလ၌ အပြီးအဆုံးသို့ ရောက်သူ ဖြစ်သည်။

(ခ) အရှင်သာရိပုတ္တရာသည် အရိယသမာဓိ၌ အပြီးအဆုံးသို့ ရောက်သူ ဖြစ်သည်။

(ဂ) အရှင်သာရိပုတ္တရာသည် အရိယပညာ၌ အပြီးအဆုံးသို့ ရောက်သူ ဖြစ်သည်။

(ဃ) အရှင်သာရိပုတ္တရာသည် အရိယဝိမုတ္တိ၌ အပြီးအဆုံးသို့ ရောက်သူ ဖြစ်သည်။

(င) အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ ရင်မှဖြစ်သော သားကြီး ရတနာအစစ် ဖြစ်သည်ဟူသော ဂုဏ်ပုဒ်တို့ ဖြစ်ကြသည်။

ခံတွင်းမှဖြစ်သောသား၊ တရားဖြင့် ဖန်ဆင်းအပ်သောသား၊ တရားအမွေခံသားတို့ကား ဩရသ– ရင်မှဖြစ်သောသားဟူသော စကားနှင့် အဓိပ္ပာယ်တူများ ဖြစ်ကြသည်။ ဗုဒ္ဓ၏ရင်၌ဖြစ်သောတရားဖြင့် ဖြစ်သော သာဝကဖြစ်၍ ဩရသဟု မိန့်ဆိုသည်။ ဗုဒ္ဓ၏ခံတွင်း၌ဖြစ်သောတရားဖြင့် ဖြစ်သော သာဝကဖြစ်၍ မုခဇ–ခံတွင်းမှဖြစ်သောသားဟု မိန့်ဆိုသည်။ တရားတော်ကို ကြားနာရ၍ဖြစ်သော သာဝကဖြစ်သောကြောင့် ဓမ္မနိမ္မိတ– တရားဖြင့် ဖန်ဆင်းအပ်သောသားဟု မိန့်ဆိုသည်။

ဤပရိယာယ်တို့တွင် မုခဇ၊ ဓမ္မနိမ္မိတဟူသော စကားတို့သည် ထိုခေတ်က ဗြာဟ္မဏတို့ ပြောဆိုလေ့ရှိကြသော စကားတို့ ဖြစ်ကြသည်။ ဗြာဟ္မဏတို့သည် မိမိတို့ ဗြာဟ္မဏများကို မုခဇ–ဗြဟ္မာ့ခံတွင်းမှဖြစ်သော သားဟူ၍လည်းကောင်း၊ ဗြဟ္မနိမ္မိတ–ဗြဟ္မာဖန်ဆင်းသောသူများဟူ၍လည်းကောင်း ဂုဏ်ယူပြောဆိုလေ့ရှိကြသည်။ သို့ရာသည် ဗြာဟ္မဏတို့သည် ဗြဟ္မာနှင့် မည်သို့မျှ ပတ်သက်ခြင်း မရှိသဖြင့် အဓိပ္ပာယ်မရှိဖြစ်နေသည်။ ယင်းကို ဗုဒ္ဓက အဓိပ္ပာယ်ရှိရှိနှင့် မိမိ၏ သာဝကကြီးဖြစ်သူ အရှင်သာရိပုတ္တရာအား ထိုစကားများဖြင့်ပင် ချီးကျူးတော်မူခဲ့သည်။

ဤသည်တို့ကား ဗုဒ္ဓကိုယ်တိုင် မြွက်ဟချီးကျူးတော်မူခဲ့သော အရှင်သာရိပုတ္တရာ၏ ဂုဏ်ပုဒ်တို့ ဖြစ်ကြသည်။

## ၂၀။ အရှင်သာရိပုတ္တရာ၏ ဂုဏ်သတင်း (သုသိမသုတ်)

အရှင်သာရိပုတ္တရာ၏ ဂုဏ်သတင်းကား စကြဝဠာတစ်သောင်းလုံးမဆံ့အောင် ပျံ့နှံ့လှ၏။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော် ပျံ့နှံ့ရာအရပ်တိုင်း၌ပင် အရှင်သာရိပုတ္တရာ၏ ဂုဏ်သတင်းလည်း ပျံ့နှံ့၏။ မြတ်စွာဘုရားကို သိသူတိုင်းပင် အရှင်သာရိပုတ္တရာကို သိကြ၏။ ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ကျော်စောထင်ရှား၏။ လူ နတ် ဗြဟ္မာ ပညာရှိခပင်းတို့သည် အရှင်သာရိပုတ္တရာ၏ ဂုဏ်သတင်းကို ချီးကျူးကြကုန်၏။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိမိအထံသို့ ဆည်းကပ်ခစားလာသော အရှင်အာနန္ဒာအား ဤသို့မေးတော်မူ၏။

"အာနန္ဒာ ငါတို့၏ သာရိပုတ္တရာကို သင်လည်း နှစ်သက်ကြည်ညို သလော"

"အရှင်ဘုရား လူမိုက်မဟုတ်ခဲ့လျှင်၊ စိတ်ဆိုးသူမဟုတ်ခဲ့လျှင်၊ တွေဝေသူ မဟုတ်ခဲ့လျှင်၊ စိတ်ဖောက်ပြန်သူမဟုတ်ခဲ့လျှင် မည်သူမဆို အရှင်သာရိပုတ္တရာကို နှစ်သက်ကြည်ညိုမည်သာ ဖြစ်ပါသည်။ အရှင်ဘုရား အရှင်သာရိပုတ္တရာသည် (၁) ပညာရှိသူဖြစ်ပါသည်၊ (၂) မြတ်သောပညာရှိသူ၊ (၃) ကြီးသောပညာရှိသူ၊ (၄) ရွှင်သောပညာရှိသူ၊ (၅) လျင်သောပညာရှိသူ၊ (၆) ထက်သောပညာရှိသူ၊ (၇) ထွင်းဖောက်သောပညာရှိသူ ဖြစ်ပါသည်။ ထို့ပြင် (၈) အလိုနည်းသူ၊ (၉) ရောင့်ရဲလွယ်သူ၊ (၁၀) ဆိတ်ငြိမ်သူ၊ (၁၁) မရောမယှက်နေတတ်သူ၊ (၁၂) လုံ့လကြီးသူလည်း ဖြစ်ပါသည်။ ထို့ပြင် (၁၃) သူတစ်ပါးကို ဆုံးမတတ်သူ၊ (၁၄) သူတစ်ပါးက ဆုံးမလျှင် ဆုံးမခံယူသူ၊ (၁၅) အပြစ်ကို စောဒနာတတ်သူ၊ (၁၆) မကောင်းမှုကို ကဲ့ရဲ့တတ်သူလည်း ဖြစ်ပါသည်"

"အာနန္ဒာ ဤအတိုင်းပင် မှန်ပေသည်။ သာရိပုတ္တရာကား ပညာရှိသူလည်းဖြစ်၏။ လ၊ မကောင်းမှုကို ကဲ့ရဲ့တတ်သူလည်း ဖြစ်ပေသည်"

ထိုအခါ မြေ၌တည်သော ဘုမ္မဋ္ဌနတ်တို့ကလည်း ထိုဂုဏ်ပုဒ် တစ်ဆယ့်ခြောက်ပုဒ်တို့ဖြင့် အရှင်သာရိပုတ္တရာအား ချီးကျူးကြကုန်၏။ ထို့နောက် ကောင်းကင်၌တည်သော အာကာသဋ္ဌနတ်တို့ကလည်း ထိုနည်းတူပင် ချီးကျူးကြကုန်၏။ ထို့နောက် သီတဝလာဟကနတ်တို့ကလည်း ချီးကျူးကြကုန်၏။ ဥဏှဝလာဟကနတ်တို့ကလည်း ချီးကျူးကြကုန်၏။ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်၊ တာဝတိံသာနတ်များမှစ၍ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် နတ်ဗြဟ္မာတို့သည် အဆင့်အဆင့် ချီးကျူးကြကုန်၏။ ဤစကြဝဠာသာမက ဇာတိခေတ် စကြဝဠာတစ်သောင်းလုံးကပင် အဆင့်ဆင့် အသံကြား၍ ဆက်ကာဆက်ကာ ချီးကျူးကြကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာ၏ ဒကာရင်းဖြစ်သော သုသိမနတ်သားသည် မြတ်စွာဘုရားအား ဤသို့လျှောက်၏။

"အရှင်ဘုရား မြတ်စွာဘုရား မိန့်မြွက်တော်မူတိုင်းပင် မှန်လှပါသည်။ အကျွန်ုပ်သည် တွေ့မြင်ရသမျှ နတ်တို့ထံမှလည်း ဤတစ်ဆယ့်ခြောက်ပါးသော ဂုဏ်ပုဒ်တို့ဖြင့် ချီးမွမ်းကြသံကိုပင် ကြားရပါသည်"

သုသိမနတ်သားကလည်း နတ်တို့ချီးမွမ်းကြသော ဂုဏ်ပုဒ် ၁၆ ပုဒ်ကို ဖော်ထုတ်၍ ချီးကျူးလျှောက်ထား၏။ ဤသို့လျှောက်ထားသောအခါ သုသိမနတ်သား၏ အခြံအရံ နတ်ပရိသတ်သည် လွန်စွာအားရနှစ်သက်သည်ဖြစ်၍

ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ အရောင်အဝါ အမျိုးမျိုး တောက်ပ၏။ ဖျော့တော့သောအဆင်းရှိသော ကမ္ဗလာ၌ ချထားအပ်သော၊ အရည်အရောင်ကောင်းမွန်လှသော၊ ရှစ်မြောင့်ရှိသော ဝေဠုရိယ ပတ္တမြားကဲ့သို့သော အဆင်းလည်းရှိ၏။ တောက်ပတင့်တယ်၏။ ယင်းသည့် ကမ္ဗလာမျိုးပေါ်၌ တင်ထားအပ်သော လှော်ပြီးဦးပြီးစ ရွှေစင်ကဲ့သို့သော အဆင်းလည်းရှိ၏။ တောက်ပတင့်တယ်၏။ တန်ဆောင်မုန်းလ တိမ်စင်သောညဉ့်၏ မိုးသောက်ထအခါ၌ ထွက်ပေါ်သော သောက်ရှူးကြယ်ကဲ့သို့သော အဆင်းလည်းရှိ၏။ တောက်ပတင့်တယ်၏။ ယင်းသည့် တန်ဆောင်မုန်းလ နံနက်အခါ၌ ထွက်ပေါ်လာသော နေမင်းကဲ့သို့သော အဆင်းလည်းရှိ၏။ တောက်ပတင့်တယ်၏။

ထို့နောက် သုသိမနတ်သားသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထားပြန်၏။

"ပညာရှိဟု သမုတ်အပ်သော အရှင်သာရိပုတ္တရာသည် အမျက်ဒေါသလည်းမရှိ၊ အလိုလည်းနည်းပါး၏၊ သူတော်ကောင်းတရား၌လည်း မွေ့လျော်၏၊ ကိုယ်နှုတ် နှစ်ဖြာလည်း လွန်စွာယဉ်ကျေး၏၊ မြတ်စွာဘုရား၏ ချီးမွမ်းခြင်းကို ဆောင်ယူတော်မူနိုင်ပါပေ၏"

ထိုအခါ မြတ်စွာဘုရားသည် သုသိမနတ်သားကို ဤသို့မိန့်မြွက်တော်မူ၏။

"ပညာရှိဟု သမုတ်အပ်သော သာရိပုတ္တရာသည် အမျက်ဒေါသလည်းမရှိ၊ အလိုလည်းနည်း၏၊ သူတော်ကောင်းတရား၌လည်း မွေ့လျော်၏၊ ကိုယ်နှုတ် နှစ်ဖြာလည်း လွန်စွာယဉ်ကျေး၏၊ ထိုသာရိပုတ္တရာသည် ယခုအခါ၌ ပရိနိဗ္ဗာန်ပြုရမည့် အချိန်အခါကို တောင့်တခဲ့သည်တကား"

ဤအကြောင်းအရာကား ဤနောက်ဆုံးစကားကို ထောက်သောအားဖြင့် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား နောက်ဆုံး ပူဇော်ကန်တော့၍ နာလကရွာသို့ ပရိနိဗ္ဗာန်ပြုရန် ကြွသွားတော်မူသော ရက်အနည်းအငယ်အတွင်း၌သာ ဖြစ်ရာ၏။ ထို့ကြောင့် ပရိနိဗ္ဗာန်ပြုခဲ့ပြီဟု မြတ်စွာဘုရား မိန့်တော်မမူသတည်း။

## ၂၁။ အရှင်သာရိပုတ္တရာ၏ စွမ်းဆောင်ချက်များ

အရှင်သာရိပုတ္တရာသည် သာသနာတော်၏အကျိုး၊ သတ္တဝါတို့၏အကျိုးကို လေးဆယ့်လေးနှစ်တိုင်တိုင် သယ်ပိုးရွက်ဆောင်တော်မူခဲ့၏။ များလှသော

တရားဒေသနာတို့ကို ဟောကြားတော်မူခဲ့၏။ ဝိနည်းပိဋကတ်နှင့် ငါးရာငါးဆယ် ဇာတ်တို့မှတစ်ပါး ကြွင်းသော နိကာယ်ငါးရာ၊ ပိဋကတ်နှစ်ပုံတို့၌ အရှင်သာရိပုတ္တရာ၏ ဒေသနာများကို အများအပြားပင် တွေ့နိုင်ပေ၏။ ဝိနည်းပိဋကတ်ကား သာဝကတို့အရာမဟုတ်၊ မြတ်စွာဘုရားတို့၏အရာသာဖြစ်၏။ ရဟန်းတို့အား သိက္ခာပုဒ် ပညတ်နိုင်သော အာဏာသည် မြတ်စွာဘုရား၌သာ ရှိ၏။ မြတ်စွာဘုရားသာလျှင် သာသနာတော်၏ အာဏာပိုင်ဖြစ်တော်မူ၏။ ဇာတ်တို့မှာလည်း မြတ်စွာဘုရားဟောကြားတော်မူသော သီးသန့်ဒေသနာတော်သာ ဖြစ်၏။ သာဝကတို့ အရာမျိုး မဟုတ်ပေ။

အရှင်သာရိပုတ္တရာ၏ သီးသန့်ဒေသနာတစ်ခုကား ပဋိသမ္ဘိဒါမဂ်ပါဠိတော်ပင် ဖြစ်၏။ ပဋိသမ္ဘိဒါမဂ်သည် ခုဒ္ဒကနိကာယ်၊ သုတ္တန်ပိဋကတ် အပါအဝင် ဖြစ်၏။ ပိဋကတ်တို့၌ပါသော အရေးကြီးလှသည့် တရားတို့ကို အကျယ်တဝင့် ချဲ့ထွင်၍ ဟောကြားထားသော ပါဠိတော်ဖြစ်၏။

ထို့ပြင် သာသနာတော်၏အသက်ဖြစ်သော ဝိနည်းပိဋကတ်ကို ဟောကြား ပညတ်တော်မူပါရန် လျှောက်ထားတောင်းပန်သူကား အရှင်သာရိပုတ္တရာပင် ဖြစ်၏။ ဝိနည်းကို ဟောကြားတော်မူပါဟု လျှောက်ထားခြင်းကား ရဟန်းတို့အား သိက္ခာပုဒ် ပညတ်တော်မူပါဟု လျှောက်ထားခြင်းသာဖြစ်၏။ ဤသို့ တောင်းပန်တော်မူသည်မှာ ရဟန်းတို့ကို ကျဉ်းကျပ်စေလို၍မဟုတ်၊ သာသနာတော် အရှည်တည်တံ့စေတော်မူလို၍သာ ဖြစ်၏။ အခါတစ်ပါး အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား "အဘယ်ဘုရားရှင်တို့၏ သာသနာသည် အဘယ်မျှ ကြာရှည်ပါသနည်း"ဟု လျှောက်ထားရာ မြတ်စွာဘုရားသည် နှစ်ဆယ့်လေးဆူသော ဘုရားရှင်တို့၏ သာသနာကို အရှည်အတိုခွဲခြား၍ ဖြေကြားတော်မူ၏။ ထိုအခါ "အချို့ဘုရားရှင်တို့၏ သာသနာသည် အရှည်တည်တံ့၍ အချို့ ဘုရားရှင်တို့၏ သာသနာကား လျင်မြန်စွာ ကွယ်ပျောက်ရသည်မှာ အဘယ့်ကြောင့်ပါနည်း"ဟု လျှောက်ထားပြန်၏။ မြတ်စွာဘုရားလည်း ဝိနည်းဒေသနာကို ဟောကြားပညတ်သော ဘုရားရှင်တို့သာသနာသည် ကြာရှည်စွာ တည်တံ့သည်၊ ဝိနည်းဒေသနာကို မဟောကြား မပညတ်သော ဘုရားရှင်တို့၏ သာသနာသည် လျင်မြန်စွာ ကွယ်ပျောက်ရသည်ဟု မိန့်တော်မူ၏။ ထိုအခါ သာသနာတော်ကို လွန်စွာစုံမက် မြတ်နိုးတော်မူသော အရှင်သာရိပုတ္တရာသည် သာသနာတော် အဓွန့်ရှည်စေရန် ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူပါဟု လျှောက်ထား၏။

ထို့မှတစ်ပါး ခုဒ္ဒကနိကာယ်အဝင်အပါ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူပါဟု တောင်းပန်သောသူမှာလည်း အရှင်သာရိပုတ္တရာပင်ဖြစ်၏။ အရှင်

သာရိပုတ္တရာသည် သူတစ်ပါးတို့နှင့်မတူအောင် မြတ်စွာဘုရား၌ ကြည်ညိုတော်မူ၏။ မြတ်စွာဘုရား၏ ဂုဏ်တော်ဉာဏ်တော်ကို အထောက်မိဆုံး ပုဂ္ဂိုလ်ကြီးဖြစ်၍ အကြည်ညိုဆုံး ကြည်ညိုတော်မူ၏။

မြတ်စွာဘုရားသည် ခမည်းတော်စေလွှတ်လိုက်သော ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ရွှေချက်တော်သိုရာ ကပိလဝတ်မြို့တော်ကြီးသို့ ကြွတော်မူခဲ့ရာ မာနကြီးလှသော သာကီဝင်တို့သည် "ငါတို့အောက် အသက်ငယ်သည်"ဟု မြတ်စွာဘုရားကို ရှိမခိုးလိုကြကုန်။ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူသဖြင့် ဆွေတော်မျိုးတော်တို့ အစုအဝေး၌ ရေမီးအစုံအစုံဖြစ်သော ယမိုက်ပြာဋိဟာကို ပြတော်မူ၍ ခမည်းတော်နှင့်တကွ ဆွေတော်မျိုးတော်အပေါင်းတို့အား ကြည်ညိုမြတ်နိုးစွာ ရှိခိုးစေတော်မူ၏။ ထိုတန်ခိုးပြာဋိဟာကို ဖူးမြင်ရသော အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား အတိုင်းမသိ ကြည်ညိုတော်မူလှသဖြင့် ဤသို့သော အတုမဲ့ဘုရားရှင်တို့၏ အကြောင်းအရာကို သိသာရန် မေးလျှောက်၏။ ဤသို့ အရှင်သာရိပုတ္တရာ၏ လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ဗုဒ္ဓဝင်တရားဒေသနာကို စတစ်ကျမ်းတစ်ဖွဲ့စာမျှ စိတ်ဖြာဟောကြားတော်မူခဲ့၏။

အထူးသဖြင့် ထင်ရှားသော အရှင်သာရိပုတ္တရာ၏ စွမ်းဆောင်တော်မူချက်ကား အဘိဓမ္မာ ပိဋကတ်ကို ဟောတော်မူခဲ့ခြင်း ဖြစ်ပေ၏။ အရှင်သာရိပုတ္တရာသည် အဘိဓမ္မာပိဋကတ်၊ အဘိဓမ္မာ ပါဠိတော်များကို မကျဉ်းမကျယ်သောနည်းအားဖြင့် တပည့်ရဟန်းတို့အား ဟောကြားပို့ချတော်မူခဲ့၏။ ဤဟောကြားပို့ချစဉ်အတိုင်းသာလျှင် သင်္ဂါယနာ အတန်တန်တင်ခဲ့၍ ယနေ့ထက်တိုင် အဘိဓမ္မာ ပိဋကတ်အဖြစ်ဖြင့် တည်ရှိ၏။ ပိဋကတ်သုံးပုံရှိရာတွင် တစ်ပုံဖြစ်သော အဘိဓမ္မာ ပိဋကတ်ကို အရှင်သာရိပုတ္တရာ ဟောကြားတော်မူခဲ့၏။ သို့ရာတွင် မြတ်စွာဘုရား အထံတော်မှရသော နည်းအမြွက်ဖြင့် ဟောကြားပို့ချတော်မူခဲ့ခြင်းဖြစ်၍ ဘုရားဟော ပါဠိတော်အဖြစ်ဖြင့် ရှိသေလေးစားကြရကုန်၏။ သင်ကြားပို့ချကြရကုန်၏။

မြတ်စွာဘုရားသည် တာဝတိံသာ၌ အဘိဓမ္မာတရားကို ဟောတော်မူစဉ် အချိန်ကာလကို မှတ်သား၍ နိမ္မိတဘုရားကို ကိုယ်တော်စားထားခဲ့ပြီးလျှင် အနဝတတ်အိုင်သို့ကြွ၍ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း စသည်ကို ပြု၍ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူ၏။ အနဝတတ်အိုင်၌ပင် ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ စန္ဒကူးတော၌ နေ့သန့်နေတော်မူ၏။ ထိုအခါ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား နေ့သန့်တော်မူရာသို့ ကြွသွား၍

ဝတ်ကြီးဝတ်ငယ် ပြုပြီးမှ ရှိခိုး၍ထိုင်၏။ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား "သာရိပုတ္တရာ ငါဘုရားသည် ယနေ့ ဤရွေ့ဤမျှ အတိုင်းအရှည်ရှိသော အဘိဓမ္မာတရားကို ဟောခဲ့သည်"ဟု အမြွက်မျှ မိန့်တော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် သမုဒ္ဒရာကမ်း၌နေ၍ ရေအပြင်ကိုပြသော် အလုံးစုံ ထင်ရှားစွာ မြင်သကဲ့သို့ ဟောတော်မူပြီးသော အဘိဓမ္မာတရားကို အလုံးစုံ ထင်ရှားစွာ သိမြင်တော်မူ၏။ ညနေချမ်းအချိန် မြတ်စွာဘုရားသည် တာဝတိံသာသို့ ပြန်ကြွတော်မူသောအခါ အရှင်သာရိပုတ္တရာလည်း မိမိဝါဆိုရာ သင်္ကဿနဂိုရ်သို့ ပြန်ကြွတော်မူခဲ့၍ မိမိ၏တပည့်ငါးရာတို့အား အဘိဓမ္မာတရားကို မကျဉ်းမကျယ်သောနည်းဖြင့် သင်ကြားပို့ချ၏။ ဤသို့ နေ့စဉ်နေ့စဉ် ဝါတွင်းသုံးလပတ်လုံး သင်ခဲ့ရာ ဝါကျွတ်သောအခါ မြတ်စွာဘုရားသည် တာဝတိံသာ၌ အဘိဓမ္မာတရားကို အဆုံးသတ်တော်မူသည့်နေ့၌ပင် အရှင်သာရိပုတ္တရာလည်း ရဟန်းငါးရာတို့အား အဘိဓမ္မာကို သင်၍ပြီးဆုံးလေ၏။ ထိုချပို့စဉ်အတိုင်းပင် ဆက်လက်သင်ကြားခဲ့ကြ၍ ယနေ့တိုင်အောင် အဘိဓမ္မပိဋကတ်အဖြစ်ဖြင့် ထင်ရှားရှိနေသတည်း။

မြတ်စွာဘုရား ဟောကြားတော်မူသော အဘိဓမ္မာဒေသနာတော်ကား အလွန်ကျယ်ဝန်းများပြားလှ၏။ လူ့ပြည်၌ရှိသော လူသားတို့၏ နှုတ်လျှာ၊ အသက်တမ်း၊ ဉာဏ်စွမ်းတို့ဖြင့် သင်ကြား၍ လေ့လာ၍ မဆုံးနိုင်ရာ။ အခြားပုဂ္ဂိုလ်များကို မဆိုထားဘိ သတိ၊ ဉာဏ်ပညာ လွန်ကဲသော တေဒဂ်ရ အရှင်အာနန္ဒာပင်လျှင် နှစ်တစ်ရာ၊ နှစ်တစ်ထောင် ကာလပတ်လုံး သင်ကြားနာယူ၍ အပြီးအဆုံးသို့ မရောက်ပေရာ။ အရှင်အာနန္ဒာသည် တစ်ထိုင်တည်းနှင့်ပင် ဂါထာပေါင်း တစ်သောင်းငါးထောင်၊ စုဏ္ဏိယသော်ကား ပုဒ်ခြောက်သောင်း သင်ယူနိုင်၏။ ဤမျှလျင်မြန်သော သတိ၊ ဉာဏ်တို့နှင့် ပြည့်စုံ၏။ ထိုအရှင်အာနန္ဒာသော်မှ နှစ်ပေါင်းအရာအထောင်တို့ဖြင့် သင်ယူ၍ မဆုံးနိုင်အောင် များပြားသော် အခြားပုဂ္ဂိုလ်တို့ကား ထိုအဘိဓမ္မာကို အဘယ်မှာလျှင် သင်ကြားနိုင်ပါတော့မည်နည်း။ သူတစ်ပါးတို့ထက် အဆပေါင်းများစွာ နှုတ်လျှာသွက်လက်တော်မူသော မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး အာကာသဂင်္ဂါကဲ့သို့ နာရီမလပ် တရစပ် ဟောကြားတော်မူခဲ့သော အဘိဓမ္မာတရားတော်ဖြစ်၏။ သာမန်လူသားတို့ အက္ခရာတစ်လုံးရွတ်သော် အရှင်အာနန္ဒာသည် အက္ခရာ ၈ လုံး ရွတ်နိုင်၏။ အရှင်အာနန္ဒာ အက္ခရာတစ်လုံးရွတ်သော် အရှင်သာရိပုတ္တရာသည် အက္ခရာ ၁၆ လုံး

ရွတ်နိုင်၏။ အရှင်သာရိပုတ္တရာ တစ်လုံးရွတ်သော် မြတ်စွာဘုရားသည် အက္ခရာ ၂၅၆ လုံး ရွတ်တော်မူနိုင်၏။ ဤမျှ လျင်မြန်စွာ ရွတ်ဆိုဟောကြားတော်မူနိုင်သော မြတ်စွာဘုရား၏ ရက်ပေါင်း ၉၀ မျှ မရပ်မနား ဟောကြားတော်မူခဲ့သောတရားကို အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအထံတော်မှ နည်းအမြွက်ကို ကြားကာမျှဖြင့် အကုန်အစင် သိမြင်တော်မူ၏။ သိမြင်တော်မူပြီးမှ လူသားတို့နှင့် တန်ရုံမျှဖြစ်သော အဘိဓမ္မာကို စီစဉ်၍ သင်ကြားတော်မူခဲ့၏။ ဤသို့သာ အရှင်သာရိပုတ္တရာသည် စီစဉ်သင်ကြားခြင်း မပြုခဲ့သော် အဘိဓမ္မာတရားတော်ကား လူ့ပြည်မှ နာကြားသင်ယူနိုင်သော ပိဋကတ်အဖြစ် တည်ရှိမည်မဟုတ်ပေရာ။ ပိဋကတ်တော်လည်း နှစ်ပုံမျှသာ ရှိခဲ့ပေရာ၏။ ယခုကား အရှင်သာရိပုတ္တရာ၏ ကျေးဇူးကြောင့် လူ့နားနှင့် မဆံ့နိုင်သော အဘိဓမ္မာကို လူသားတို့ လွယ်ကူစွာ သင်ကြားနာယူနိုင်ကြခြင်းဖြစ်ပေ၏။အချုပ်အားဖြင့် အရှင်သာရိပုတ္တရာသည် ဓမ္မက္ခန္ဓာ ၈၄၀၀၀ ရှိသည့်အနက် ဓမ္မက္ခန္ဓာနှစ်ထောင်ကို ဟောတော်မူခဲ့၏။

ဤသို့ လေးဆယ့်လေးနှစ်တိုင်တိုင် သာသနာတော်အကျိုး၊ သတ္တဝါတို့၏ အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူခဲ့သော လက်ယာတော်ရံ ပထမနေရာတော် မဟာပညာတေဒဂ်ရ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာကား သက္ကရာဇ် ၁၄၇ ခု တန်ဆောင်မုန်းလပြည့်နေ့ည မိုးသောက်ယံ၌ မယ်တော်၏ရွာ မိမိဖွားမြင်တော်မူခဲ့ရာဖြစ်သော တိုက်ခန်းမှာ ပရိနိဗ္ဗာန်ပြုတော်မူသတည်း။

## အခန်း (၅)

# အရှင်သာရိပုတ္တရာ ဟောကြားတော်မူခဲ့သော သုတ္တန်များ

### ၁။ ပရိသတ် အစည်ကားဆုံး တရားပွဲတစ်ခု (သမစိတ္တသုတ်)

စကြဝတေးမင်းတို့၏ သားကြီးရတနာသည် စကြဝတေးမင်းကို အတုလိုက်၍ စကြာရတနာကို လည်စေသကဲ့သို့ အရှင်သာရိပုတ္တရာသည်လည်း မြတ်စွာဘုရားသို့ အတုလိုက်၍ တရားစကြာကို လည်စေတော်မူခဲ့သည်။ ဗုဒ္ဓသည် မိမိအား စကြဝတေးမင်း ပြုတော်မူပါဟု လျှောက်ထားသော သေလပုဏ္ဏားကို "ငါသည် တရားစကြာမင်းဖြစ်သည်၊ ငါ၏သားကြီးရတနာကား ငါ့ကို အတုလိုက်၍ တရားစကြာကို လည်စေနိုင်သော သာရိပုတ္တရာဖြစ်သည်"ဟု မိန့်တော်မူခဲ့သည်။

ဤသို့ မိန့်တော်မူသည့်အတိုင်းပင် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကို ကိုယ်စားပြု၍ တရားဒေသနာပေါင်း အမြောက်အမြား ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့်ပင် သင်္ဂါယနာဝင် ပိဋကတ်ပါဠိ ကျမ်းဂန်တို့တွင် နိကာယ် ၅ ရပ်စလုံးမှာပင် အရှင်သာရိပုတ္တရာ ဟောကြားတော်မူခဲ့သော သုတ်တို့ကို အနည်းနှင့်အများ တွေ့မြင်ရပေသည်။

မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ တစ်ပါးတည်း သီးသန့်နေတော်မူသောအချိန်မျိုးမှတစ်ပါး ၄၅ ဝါပတ်လုံး မနားမနေ တရားဟောတော်မူခဲ့သည်။ ထို့အတူပင် အရှင်သာရိပုတ္တရာသည်လည်း တစ်ပါးတည်း သီးသန့်နေတော်မူသော အချိန်မျိုးမှတစ်ပါး ၄၄ ဝါပတ်လုံး မနေမနား တရားဟောတော်မူခဲ့သည်။ သာသနာပြုတော်မူခဲ့သည်။

ယင်းသို့ ၄၅ ဝါပတ်လုံး တရားဟောတော်မူရာတွင် ဗုဒ္ဓ၏ မဟာသမယသုတ် တရားပွဲ၊ မင်္ဂလသုတ်တရားပွဲ၊ စူဠရာဟုလောဝါဒသုတ် တရားပွဲဟူသော တရားပွဲကြီး ၃ ပွဲတို့၌ နတ်ကုဋေတစ်သိန်း ရဟန္တာအဖြစ်သို့ ရောက်ခဲ့ကြသည်။ သောတာပန် စသည်ဖြစ်ကြသော နတ်တို့၏ အရေအတွက်ကား အသင်္ချေအနန္တဖြစ်သည်။ ထို့အတူပင် အရှင်သာရိပုတ္တရာ၏ သမစိတ္တ ပဋိပဒါသုတ် တရားပွဲ၌လည်း နတ်ကုဋေတစ်သိန်း ရဟန္တာအဖြစ်သို့ ရောက်ခဲ့ကြသည်။ သောတာပန်

ာသည် ဖြစ်ကြသော နတ်တို့၏ အရေအတွက်ကား အသင်္ချေအနန္တ ဖြစ်သည်။ (အံ၊ ၄၊ ၂၊ စာ ၃၉)

အရှင်သာရိပုတ္တရာ၏ တရားပွဲများတွင် ယင်းသမစိတ္တသုတ် တရားပွဲကား အစည်ကားဆုံးတရားပွဲဖြစ်သည်။ ဘုရား တစ်ဆူကစ်ဆူတွင် တပည့်သာဝက အစည်းအဝေးကြီး ၃ ကြိမ်ဖြစ်ရိုးရှိသည်။ အဂ္ဂသာဝကတစ်ပါးတစ်ပါးတွင်လည်း သာဝကအစည်းအဝေးကြီး တစ်ကြိမ်ဖြစ်ရိုးရှိသည်။ ဤသမစိတ္တသုတ် တရားပွဲကား ယင်းထုံးတမ်းစဉ်လာအရ သာဝကအများဆုံး စုဝေးမိသော အစည်းအဝေးကြီးလည်းဖြစ်သည်။ ထို့ကြောင့် ဤသမစိတ္တသုတ်တရားပွဲကို အရှင်မြတ်၏ ဘစ်သက်တာတွင် အစည်ကားဆုံးတရားပွဲဟု သတ်မှတ်ရပေသည်။

မြတ်စွာဘုရားသည် ဝါတော် ၂၀ ပြည့်သည်အထိ တစ်နေရာရာတွင် အမြဲသီတင်းသုံးတော်မမူဘဲ သာဝတ္ထိ ရာဇဂြိုဟ် ထိုထိုမြို့ရွာကို၌ လှည့်လည်၍ ဘရားဟောရင်း သီတင်းသုံးတော်မူခဲ့သည်။ ၂၁ ဝါမှစ၍ သာဝတ္ထိပြည်၌သာ သီတင်းသုံးတော်မူပြီး ဇေတဝန်ကျောင်းတော်နှင့် ပုဗ္ဗာရုံကျောင်းတော်ကြီး နှစ်ကျောင်း၌တစ်လှည့်စီ သီတင်းသုံးတော်မူခဲ့သည်။ ဇေတဝန်ကျောင်းတော်ကြီးသည် သာဝတ္ထိပြည်၏ တောင်ဘက်တွင်တည်ရှိပြီး ပုဗ္ဗာရုံကျောင်းတော်သည် သာဝတ္ထိပြည်၏ အရှေ့ဘက်တွင် တည်ရှိသည်။ မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ ညအိပ်တော်မူလျှင် ကိုနေ့နံနက်တွင် သာဝတ္ထိမြို့ တောင်တံခါးမှ မြို့တွင်းသို့ ဆွမ်းခံတော်မူပြီး မြို့တော်အရှေ့တံခါးမှထွက်၍ ပုဗ္ဗာရုံကျောင်း၌ နေ့သန့်တော်မူသည်။ ထိုနေ့ညတွင် ပုဗ္ဗာရုံကျောင်း၌ပင် ကျိန်းစက်တော်မူ၍ နောက်တစ်နေ့နံနက်တွင် မြို့တော်အရှေ့တံခါးမှဝင်ပြီး မြို့တွင်း၌ ဆွမ်းခံတော် မူပြန်၍ မြို့တော်တောင်တံခါးမှထွက်၍ ဇေတဝန်ကျောင်းတော်၌ နေသန့်တော် မူသည်။ ထိုနေ့ညတွင် ဇေတဝန်ကျောင်းတော်၌ ကျိန်းစက်တော်မူပြီး နောက် တစ်နေ့တွင် ထုံးစံအတိုင်း ပုဗ္ဗာရုံကျောင်းသို့ ကြွရောက်သီတင်းသုံးတော်မူပြန် သည်။ ယင်းသို့ တစ်လှည့်စီ သီတင်းသုံးတော်မူသည်မှာ ဥစ္စာပစ္စည်း များစွာ အကုန်အကျခံ၍ ကျောင်းဆောက်ထားကြသော ကျောင်းဒကာ အနာထပိဏ် သူဌေးကြီးနှင့် ကျောင်းအမကြီး ဝိသာခါတို့ကို ငဲ့ညှာတော်မူသောကြောင့်ဖြစ်သည်။

ထိုနေ့ကား ဇေတဝန်ကျောင်းတော်၌ ကျိန်းစက်တော်မူသည့်နေ့ဖြစ်သည်။ မြတ်စွာဘုရားသည် နံနက်လင်းသောအခါ သာဝတ္ထိမြို့တော် တောင်တံခါးမှ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူပြီး ခါတိုင်းကဲ့သို့ မြို့တော်အရှေ့တံခါးသို့ ကြွ မသွားဘဲ တောင်တံခါးသို့သာ ကြွတော်မူ၍ မြို့ပြင်သို့အရောက်တွင် ရပ်တော်

မူသည်။ အသီတိ မဟာသာဝကကြီးများနှင့်တကွ ပရိသတ်လေးပါးတို့သည် မြတ်စွာဘုရားအထံတော်တွင် ဝန်းရံလျက် ရှိကြသည်။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ အစည်းအဝေးဆုံးတရား ပွဲ သို့မဟုတ် သာဝကအစည်းအဝေးကြီး ဖြစ်လိမ့်မည်ကို သိမြင်တော်မူသဖြင့် အရှင်သာရိပုတ္တရာကို ဤသို့မိန့်တော်မူသည်။

"အိုသာရိပုတ္တရာ၊ သင် ပုဗ္ဗာရုံကျောင်းသို့ သွားသင့်သည်။ သင့်ပရိသတ် ကို ခေါ်ယူ၍ ပုဗ္ဗာရုံကျောင်းသို့သွားလော့"

"အရှင်ဘုရား ကောင်းပါပြီ"

ဤသို့လျှောက်ထား၍ အရှင်သာရိပုတ္တရာသည် မိမိ၏တပည့် ရဟန်း ငါးရာ ခြံရံလျက် ဝိသာခါကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်းတော်သို့ ကြွသွား တော်မူသည်။ ထို့နောက် မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာ ကဿပ၊ အရှင်အနုရုဒ္ဓါ စသော အသီတိ မဟာသာဝကကြီးများကိုလည်း ပုဗ္ဗာရုံ ကျောင်းတော်သို့သာ စေလွှတ်၍ အရှင်အာနန္ဒာတစ်ပါးကိုသာ ခေါ်ပြီး ဇေတဝန် ကျောင်းတော်သို့ ကြွသွားတော်မူသည်။ ဇေတဝန်ကျောင်းတော်သို့ ရောက်သော အခါ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအား ပြုသင့်သောဝတ်ကိုပြုပြီးနောက် "အရှင်ဘုရား ပုဗ္ဗာရုံကျောင်းသို့ သွားလိုပါသည်"ဟု ခွင့်ပန်၍ ပုဗ္ဗာရုံကျောင်းသို့ သာ ကြွသွားသည်။ သို့ဖြင့် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားတစ်ပါးတည်း သာ ရှိနေရစ်သည်။

ထိုနေ့တွင် ပရိသတ်လေးပါးတို့သည် အရှင်သာရိပုတ္တရာ၏ တရားကို ကြားနာလိုကြသည်။ ကောသလမင်းကြီးသည် ဗိုလ်ပါအပေါင်း ခြံရံလျက် ပုဗ္ဗာရုံ ကျောင်းသို့ သွားသည်။ အနာထပိဏ်သူဌေးကြီးလည်း ဥပါသကာ ၅၀၀ ခြံရံလျက် ပုဗ္ဗာရုံကျောင်းတော်သို့ တရားနာရန်သွားသည်။ ဝိသာခါကျောင်းအမကြီးလည်း အခြွေအရံတစ်ထောင်နှင့်တကွ သူ၏ ပုဗ္ဗာရုံကျောင်းတော်သို့ တရားနာရန်သွား သည်။ လူဦးရေ ငါးသန်းခုနစ်သိန်း (၅၇၀၀၀၀၀)ရှိသော သာဝတ္ထိမြို့တော် ကြီးတွင်ရှိသော မြို့သူမြို့သားတို့လည်း ကလေးများနှင့် အိမ်စောင့်များကိုသာ အိမ်တွင်ထားခဲ့၍ ပုဗ္ဗာရုံကျောင်းတော်သို့သာ တရားနာသွားကြသည်။ ဒွါရဂါမ ခေါ် မြို့တံခါးရွာကြီး လေးရွာနှင့်တကွ အနီးအနားမှ လူအပေါင်းတို့လည်း ပုဗ္ဗာရုံကျောင်းတော်သို့ တရားနာသွားကြသည်။ ပုဗ္ဗာရုံကျောင်းတော်ကြီးတစ်ခုလုံး ပင် ထိုလူတို့ယူခဲ့သော ပန်းနံ့သာအမျိုးမျိုးတို့ဖြင့် ဖုံးလွှမ်းတော့မည်ကဲ့သို့ ဖြစ်နေ သည်။

ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာလည်း ပုဗ္ဗာရုံကျောင်းတော်သို့ရောက်လျှင် ကျောင်းပရိဝုဏ်အတွင်း တလင်းပြင်၌ ရပ်တော်မူသည်။ ထိုအခါ ရဟန်းတို့က အရှင်မြတ်အား နေရာခင်းပေးကြသည်။ အရှင်မြတ်လည်း ထိုနေရာတွင် ထိုင်တော်မူ၍ ရဟန်းအပေါင်းအား သြဝါဒစကား မိန့်ကြားတော်မူပြီးနောက် ဂန္ဓကုဋီသို့ဝင်၍ ထိုင်လျက် သမာပတ်ဝင်စားတော်မူသည်။ သမာပတ်မှ ထပြီးသော အခါ အစိရဝတီမြစ်သို့ ကြွသွား၍ ရေချိုးတော်မူသည်။ ရဟန်းအပေါင်းလည်း အရှင်မြတ်နှင့်အတူ ရေချိုး၍ အရှင်မြတ်ကို ခြံရံသည်။ ကျောင်းတော်အတွင်း၌လည်း အရှင်မြတ် တရားဟောတော်မူရန် ဓမ္မာသနပလ္လင်ကို ခင်းကြသည်။ ပရိသတ် လေးပါးတို့လည်း မိမိတို့နေရာကိုသိ၍ အရှင်မြတ်ကြွလာရန် လမ်းပေးပြီး ငြိမ်သက်စွာ ထိုင်နေကြသည်။ အရှင်မြတ်လည်း ရဟန်းငါးရာ ခြံရံလျက် တရားသဘင်သို့ ကြွလာတော်မူ၍ ခြသေ့်ဦးခေါင်းထက်၌တည်သော ထီးဖြူစိုက်ထားသော ရတနာပလ္လင်၌ ဆန်းကြယ်သောယပ်ကို ကိုင်လျက် အရှေ့သို့ မျက်နှာမူကာ ထိုင်တော်မူသည်။

အရှင်မြတ်သည် ထုထည်ကြီးမားလှသော ပရိသတ်ကိုမြင်တော်မူလျှင် သံယောဇဉ်နှင့်ပတ်သက်သော ဝိပဿနာတရားကိုဟောမှ သင့်မည်ဟု ဆုံးဖြတ်တော်မူ၍ "ငါ့ရှင် ရဟန်းတို့"ဟု ရဟန်းတို့ကို သာဝကအခေါ်ဖြင့် ခေါ်တော်မူရာ ရဟန်းတို့လည်း "ငါ့ရှင်"ဟု ပြန်၍လျှောက်ထားကြသည်။ ထိုအခါ အရှင်မြတ်သည် ဆက်လက်၍ "ငါ့ရှင်တို့ အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ကိုလည်းကောင်း ယခု ဟောကြားမည်"ဟု စကားဖျိုးတော်မူသည်။ ရဟန်းတို့လည်း "ကောင်းပါပြီ"ဟု တစ်သံတည်း လျှောက်ထားကြသည်။

ထိုအခါ ထိုရတနာပြာသာဒ်၌နေသော သောတာပန်နတ်သားသည် အရှင်မြတ်၏ တရားကား ဝိပဿနာတရား ဖြစ်လိမ့်မည်။ အရှင်မြတ်သည် ခြောက်ပါးသော အကြောင်းတို့ဖြင့် ဝိပဿနာတရားကို ဟောကြားတော်မူလိမ့်မည်ဟု သိသဖြင့် အရှင်ဘုရား သာဓု သာဓုဟု ကျယ်လောင်စွာ ကောင်းချီးပေးလိုက်သည်။ ထိုအခါ အခြံအရံ ပြာသာဒ်တစ်ထောင်၌ စောင့်နေကြသော နတ်တို့ကလည်း အလားတူပင် ကောင်းချီးပေးကြသည်။ ထိုအသံဖြင့် ပုဗ္ဗာရုံကျောင်းတိုက်ကြီးတွင်ရှိသော နတ်အားလုံးတို့ကလည်း ကောင်းချီးပေးကြသည်။ ထိုအသံဖြင့် တစ်ဂါဝုတ်အတွင်း၌နေသောနတ်၊ ယူဇနာဝက်အတွင်း၌နေသောနတ်၊ တစ်ယူဇနာအတွင်း၌နေသောနတ်၊ စကြဝဠာတစ်တိုက်၌နေသောနတ်၊ စကြဝဠာနှစ်တိုက်၌နေသော

နတ်၊ စကြဝဠာတစ်ထောင်၌နေသောနတ်ဟူသော နတ်အပေါင်းတို့က သောင်းသောင်းဖြဖြ ကောင်းချီးပေးကြသည်။ ထိုအသံဖြင့် မြေကြီးအတွင်း၌နေသော နဂါးများ၊ ကောင်းကင်၌နေသော နတ်များလည်း ကြားသိ၍ ကောင်းချီးပေးကြသည်။ ထိုအသံဖြင့် စတုမဟာရာဇ်နတ်မှစ၍ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် နတ်ဗြဟ္မာအပေါင်းတို့ အဆင့်ဆင့်ကြားသိ၍ တစ်ခဲနက် ကောင်းချီးပေးကြသည်။ ပုဗ္ဗာရုံကျောင်းတော်သို့ တရားနာလာကြသည်။ ရဟန္တာဗြဟ္မာကြီးများပင် ငါတို့လည်း ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ တရားပွဲတွင် ကိုယ်တိုင်သက်သေအဖြစ် ပါဝင်သင့်သည်ဟု နှလုံးသွင်း၍ ပုဗ္ဗာရုံကျောင်းတော်သို့ တရားနာလာကြသည်။ သို့ဖြင့် ပုဗ္ဗာရုံကျောင်းတော်ကို ဗဟိုပြု၍ စကြဝဠာတစ်ခုလုံး အပ်ချစရာနေရာမရှိအောင် နတ်ဗြဟ္မာတို့ဖြင့် ပြည့်နေသည်။ နတ်ဗြဟ္မာတို့သည် ပကတိကိုယ်ဖြင့် နေစရာမလောက်သောကြောင့် စိတ်တူညီမျှ အလွန်သေးငယ်လှသော ကိုယ်ကလေးများ ဖန်ဆင်း၍ နေကြရသည်။ ထက်လှသော ပွတ်ဆောက်သွားချသာရုံနေရာကလေးမှာပင် နတ်တို့ ၂၀ စု၊ ၃၀ စု၊ ၄၀ စု၊ ၅၀ စု၊ ၆၀ စု စု၍ နေထိုင်ကြရသည်။

အရှင်သာရိပုတ္တရာလည်း အုတ်အုတ်ကျက်ကျက်အသံကို ကြား၍ ဆင်ခြင်တော်မူရာ စကြဝဠာတစ်ထောင်မှ နတ်တို့သည် ဤစကြဝဠာ၌သာ စုဝေးရောက်ရှိနေကြသည်ကို မြင်တော်မူသဖြင့် သမာပတ်ဝင်စားတော်မူပြီး သမာပတ်မှထ၍ "စကြဝဠာအဆုံးထိရှိသော ဤပရိသတ်တို့သည် ငါ့ကို ကောင်းစွာမြင်ကြစေသတည်း။ ငါ့အသံကို ကောင်းစွာကြားကြစေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူသည်။ ဗုဒ္ဓတို့ကား ဤအဓိဋ္ဌာန်မျိုးကို ပြုတော်မမူကြရ။ ပကတိအသံတော်ဖြင့်ပင် ဤပရိသတ်မျိုးကို ကြားစေတော်မူနိုင်ကြသည်။ သို့ဖြင့် ပရိသတ်အလုံးစုံတို့သည် ကောင်းကင်က လမင်းကို လူ့ပြည်က မြင်ရသကဲ့သို့ အရှင်မြတ်ကို ဖူးမြင်ကြရသည်။ လက်ယာပုဆစ်ဒူးအနီးတွင် ထိုင်သောသူနှင့် စကြဝဠာနုတ်ခမ်းတွင် ထိုင်သောသူတို့သည် ညီတူညီမျှ ထင်ရှားစွာ ဖူးမြင်ကြရသည်။ အသံတော်ကိုလည်း ညီတူညီမျှ ပြတ်သားကြည်လင်စွာ ကြားနာကြရသည်။ အရှင်မြတ်လည်း ဆက်လက်၍ ဤသို့ဟောကြားတော်မူသည်။

ငါ့ရှင်တို့၊ ကာမဘုံ၌ ငြိတွယ်သော အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူကား ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေထိုင်၏။ အကျင့် အာစာရ ကျက်စားရာ ဂေါစရနှင့် ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌ပင် ဘေးဟု

ရှုလေ့ရှိ၏။ သိက္ခာပုဒ်တို့ကို ဆောက်တည်ကျင့်သုံး၏။ ထိုရဟန်းသည် ကိုယ်ကာယပျက်စီး၍ သေလွန်ပြီးသော နောက်အခါ၌ တစ်ခုခုသော ကာမာဝစရ နတ်ပြည်၌ဖြစ်၏။ ထိုရဟန်းသည် ထိုဘဝမှ စုတေသည်ရှိသော် ဤလူ့ဘုံသို့ ပြန်လာတတ်၏။ ဤလူ့ဘဝသို့ လာရောက်ဖြစ်တတ်၏။ ငါ့ရှင်တို့ ဤပုဂ္ဂိုလ်ကို အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤလူ့ဘဝသို့ ပြန်လာမည့် ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ငါ့ရှင်တို့ ရူပဘုံ အရူပဘုံ၌ ငြိတွယ်သော ဗဟိဒ္ဓသံယောဇဉ်ရှိသောပုဂ္ဂိုလ်ဟူသည် အဘယ်နည်းဟူမူကား ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏။ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေထိုင်၏။ အကျင့် အာစာရ ကျက်စားရာ ဂေါစရနှင့် ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌ပင် ဘေးဟု ရှုလေ့ရှိ၏။ သိက္ခာပုဒ်တို့ကို ဆောက်တည်ကျင့်သုံး၏။ ထိုရဟန်းသည် တစ်ပါးပါးသော ငြိမ်သက်အေးချမ်းသော စေတောဝိမုတ္တိ (စတုတ္ထစျာန်သမာပတ်ကို) ရ၍ နေထိုင်၏။ ထိုရဟန်းသည် ကိုယ်ကာယပျက်စီး၍ သေလွန်ပြီးသော နောက်အခါ၌ တစ်ခုခုသော သုဒ္ဓါဝါသ ဗြဟ္မာဘုံ၌ဖြစ်၏။ ထိုရဟန်းသည် ထိုဘဝမှ စုတေသည်ရှိသော် ဤအောက်အောက်ဘဝသို့ ပြန်မလာပြီ။ ဤအောက်အောက်ဘဝသို့ မလာရောက်တော့ပြီ။ ငါ့ရှင်တို့ ဤပုဂ္ဂိုလ်ကို ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤအောက်အောက်ဘဝသို့ ပြန်မလာတော့မည့် ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ငါ့ရှင်တို့ ထိုမှတစ်ပါးလည်း ရဟန်းသည် သီလရှိ၏။ ပါတိမောက္ခသံဝရ သီလကို စောင့်ထိန်းလျက် နေထိုင်၏။ အကျင့် အာစာရ ကျက်စားရာ ဂေါစရနှင့် ပြည့်စုံ၏။ အနည်းငယ်မျှသော အပြစ်တို့၌ပင် ဘေးဟု ရှုလေ့ရှိ၏။ သိက္ခာပုဒ်တို့ကို ဆောက်တည်ကျင့်သုံး၏။ ထိုရဟန်းသည် ဝတ္ထုကာမ ကိလေသာကာမတို့ကို သာလျှင် ငြီးငွေ့ရန် ကျင့်၏။ မတပ်မက်ရန် ကျင့်၏။ ချုပ်ငြိမ်းရန် ကျင့်၏။ ထိုရဟန်းသည် ဘဝသုံးပါးတို့ကို ငြီးငွေ့ရန် ကျင့်၏။ မတပ်မက်ရန် ကျင့်၏။ ချုပ်ငြိမ်းရန် ကျင့်၏။ ထိုရဟန်းသည် ကာမဂုဏ်ကို တပ်မက်သော ကာမတဏှာ ကုန်ခန်းရန်ကျင့်၏။ ထိုရဟန်းသည် ဘဝသုံးပါးတို့ကို တပ်မက်သော ဘဝတဏှာ ကုန်ခန်းရန်ကျင့်၏။ ထိုရဟန်းသည် ကိုယ်ကာယပျက်စီး၍ သေလွန်ပြီးသော နောက်အခါ၌ တစ်ခုခုသော သုဒ္ဓါဝါသ ဗြဟ္မာဘုံ၌ဖြစ်၏။ ထိုရဟန်းသည် ထိုဘဝမှ စုတေသည်ရှိသော် အောက်အောက်ဘဝသို့ မလာတော့ပြီ။ ဤခန္ဓာငါးပါး ရှိသော အောက်အောက်ဘဝသို့ မလာမရောက်တော့ပြီ။ ငါ့ရှင်တို့ ဤပုဂ္ဂိုလ်ကို ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤခန္ဓာငါးပါးရှိသော အောက် အောက်ဘဝသို့ ပြန်မလာတော့မည့် ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ဤသို့ဟောကြားတော်မူသောအခါ စိတ်တူညီမျှ သမစိတ္တနတ်များတို့သည် မြတ်စွာဘုရားအထံတော်သို့သွား၍ "အရှင်ဘုရား အရှင်သာရိပုတ္တရာသည် အဇ္ဈတ္တသံယောဇဉ်ရှိသော ပုဂ္ဂိုလ်၊ ဗဟိဒ္ဓသံယောဇဉ်ရှိသော ပုဂ္ဂိုလ်တို့အကြောင်းကို ပုဗ္ဗာရုံကျောင်း၌ ဟောတော်မူရာ ပရိသတ်က အလွန်ဝမ်းမြောက်ပါသည်။ အရှင်ဘုရား သနားသဖြင့် အရှင်သာရိပုတ္တရာ တရားဟောရာသို့ ကြွလာတော်မူပါလော့"ဟု လျှောက်ထားကြသည်။ မြတ်စွာဘုရားသခင်လည်း နတ်တို့လျှောက်ထားသော စကားကို လက်ခံ၍ တစ်ခဏချင်း ပုဗ္ဗာရုံကျောင်းရှိ အရှင်သာရိပုတ္တရာ၏ ရှေ့မှောက်သို့ ရောက်၍ အသင့်ခင်းထားသော ဗုဒ္ဓနေရာ၌ ထိုင်တော်မူသည်။ ထိုခေတ်တွင် တရားပွဲတိုင်း၌ ဗုဒ္ဓအတွက် သီးသန့်နေရာ ခင်းထားရမြဲဖြစ်သည်။ အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားကို ရှိခိုး၍ သင့်ရာ၌ ထိုင်နေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်ကြားတော်မူသည်။

"အို သာရိပုတ္တရာ၊ စိတ်တူညီမျှ သမစိတ္တနတ်တို့သည် ငါ့ထံသို့လာ၍ 'အရှင်ဘုရား အရှင်သာရိပုတ္တရာသည် အဇ္ဈတ္တသံယောဇဉ် ဗဟိဒ္ဓသံယောဇဉ် တရားကို ပုဗ္ဗာရုံကျောင်း၌ ဟောကြားနေပါသည်။ ပရိသတ်လည်း အလွန်ရွှင်လန်းဝမ်းမြောက်ပါသည်။ မြတ်စွာဘုရား သနားသဖြင့် အရှင်သာရိပုတ္တရာ တရားဟောရာသို့ ကြွလာတော်မူပါ'ဟု လျှောက်ထားကြသည်"

"အို သာရိပုတ္တရာ၊ ထိုနတ်တို့သည် ၁၀ စု၊ ၂၀ စု၊ ၅၀ စု၊ ၆၀ စု စု၍ပင် ပွတ်ဆောက်သွား တစ်ထောက်စာမျှသောနေရာ၌ ရပ်နေကြရသည်။ သို့ရာတွင် ထိုနတ်တို့သည် အချင်းချင်း အနှောင့်အယှက် မဖြစ်ကြကုန်။ အို သာရိပုတ္တရာ၊ ယင်းသို့ နတ်တို့အချင်းချင်း မနှောင့်မယှက် မထိမပါး နေနိုင်ကြသည်မှာ ထိုထိုဘဝ၌ ထိုသို့သောစိတ်ကို ပွားများခဲ့ကြသောကြောင့် ဖြစ်သည်ဟု မမှတ်လင့်၊ ဤသာသနာ ဤလူ့ဘဝ၌ပင် ထိုသို့သောစိတ်ကို ပွားများခဲ့ကြသောကြောင့် ဖြစ်သည်"

"အို သာရိပုတ္တရာ၊ ထို့ကြောင့် သင်တို့သည် ဤသို့ ငြိမ်းချမ်းသောစိတ်ရှိအောင် ကျင့်ကြရမည်။ ငြိမ်းချမ်းသော ဣန္ဒြေ၊ ငြိမ်းချမ်းသောစိတ်ရှိသော သင်တို့အား ငြိမ်းချမ်းသော ကာယကံဖြစ်လိမ့်မည်။ ငြိမ်းချမ်းသော ဝစီကံဖြစ်လိမ့်မည်။ ငြိမ်းချမ်းသော မနောကံဖြစ်လိမ့်မည်။ ထို့ကြောင့် ငါတို့သည် သီတင်းသုံးဖော်တို့၌ ငြိမ်းချမ်းသောအပြုအမူကို ပြုမူကြမည်ဟု ဤသို့ ကျင့်ကြံကြရမည်"

"အို သာရိပုတ္တရာ ဤသို့သော တရားဒေသနာကို မကြားနာရသော သာသနာ့ပြင်ပ ပရိဗိုဇ်တို့သည် ပျက်စီးကြကုန်ပြီ၊ ဆုံးရှုံးနစ်နာကြကုန်ပြီ"

ဤသုတ်ကို သမစိတ္တသုတ်ဟု သမုတ်တော်မူခဲ့ကြသည်။ သမစိတ္တသည် စိတ်တူကိုယ်မျှဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်သည်။ ငြိမ်းချမ်းသောစိတ်ဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်သည်။ အရှင်သာရိပုတ္တရာ၏ အဇ္ဈတ္တသံယောဇဉ် မဟိဒ္ဓသံယောဇဉ်တရားကို နာကြားကြသော နတ်တို့သည် စိတ်တူကိုယ်မျှလည်း ဖြစ်ကြသည်။ ငြိမ်းချမ်းသောစိတ်ရှိသူများလည်း ဖြစ်ကြသည်။ မြတ်စွာဘုရား၏ တရားသိမ်းနိဂုံးချုပ် ဩဝါဒတော်ကလည်း ငြိမ်းချမ်းသောစိတ်ရှိကြရမည်ဟု ဆုံးမသည်။ ထို့ကြောင့် သမစိတ္တသုတ်ဟု သမုတ်တော်မူခဲ့ကြခြင်းဖြစ်သည်။

ဤသမစိတ္တသုတ်ကို ဟောတော်မူသော အရှင်သာရိပုတ္တရာ၏ တရားပွဲကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရှင်မြတ်၏တရားပွဲတို့တွင် ပရိသတ်အစည်ကားဆုံးတရားပွဲကြီး ဖြစ်သတည်း။

## ၂။ လှူမမာအားပေးတရား (သောတာပတ္တိသံယုတ်၊ သရဏာနိတ်)

အရှင်သာရိပုတ္တရာသည် အလွန်တရားပြကောင်းသည်။ ကာလ ဒေသ ပုဂ္ဂလတို့ကိုလည်း အလွန်သိတတ်သည်။ ထို့ကြောင့် အရှင်မြတ်၏ တရားဒေသနာကို ကြားနာရသောသူတို့သည် အလွန်နှစ်သက်သဘောကျကြသည်။ တရားအမြင်ပေါက်ကြသည်။ ရွှေငွေရတနာများစွာ ကြွယ်ဝသော သူဌေးသည် မိမိတွင်ရှိသော ရွှေငွေရတနာကို ဆင်းရဲသားတို့အား ပေးကမ်း၍ ရွှင်လန်းဝမ်းမြောက်စေသကဲ့သို့ အရှင်သာရိပုတ္တရာသည်လည်း အဆင်အပြင်ကောင်းလှသော တရားဒေသနာဖြင့် မိမိတွင်ရှိသော လောကုတ္တရာတရားရတနာကို တရားနာပရိသတ်အား ပေးကမ်း၍ ရွှင်လန်းဝမ်းမြောက်စေတတ်သည်။ အရှင်မြတ်၏ တရားဒေသနာသည် နှစ်သက်ဝမ်းမြောက်ခြင်းကို အလွန်ဖြစ်စေနိုင်သဖြင့် အစွမ်းထက်သော အားဆေးပမာ အချို့သောရောဂါဝေဒနာကိုပင် ပျောက်စေနိုင်ဖူးသည်။

တစ်ခါသော် ဇေတဝန်ကျောင်းတော်ကြီးဒကာ အနာထပိဏ်သူဌေးကြီးသည် နာမကျန်းဖြစ်၍ ယောကျ်ားတစ်ယောက်ကို စေလွှတ်ကာ အရှင်သာရိပုတ္တရာကို ပင့်စေသည်။ အရှင်သာရိပုတ္တရာလည်း အရှင်အာနန္ဒာကို နောက်ပါအဖော်ခေါ်၍ အနာထပိဏ်သူဌေးကြီးအိမ်သို့ မဆိုင်းမတွ ကြွသွားတော်မူသည်။ သူဌေးကြီးအိမ်သို့ ရောက်သောအခါ အသင့်ခင်းထားသောနေရာ၌ ထိုင်၍ ဤသို့ မေးမြန်းတော်မူသည်။

"အိုး သူကြွယ်၊ ခန္ဓာကျန်း၏လော၊ နေသာထိုင်သာရှိ၏လော၊ ရောဂါဝေဒနာ သက်သာ၏လော"

"အရှင်ဘုရား မခန့်ကျန်းပါ၊ နေသာထိုင်သာလည်း မရှိပါ၊ ရောဂါဝေဒနာတို့း၍သာနေပါသည်"

၁။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် မြတ်စွာဘုရား၌ အကြင်သို့သော မကြည်ညိုခြင်းမျိုးရှိသဖြင့် အပါယ်ငရဲသို့ ကျရာ၏။ မြတ်စွာဘုရား၌ ထိုသို့သော မကြည်ညိုခြင်းမျိုးသည် သင်အား မရှိ၊ မြတ်စွာဘုရားသည် အရဟံ စသော ဂုဏ်တော် ၉ ပါးတို့နှင့် ပြည့်စုံတော်မူသည်ဟု မြတ်စွာဘုရား၌ သက်ဝင်ယုံကြည်ခြင်းမျိုးသာ သင်အား ရှိ၏။ ထိုသက်ဝင်ယုံကြည်ခြင်းမျိုး မိမိ၌ ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

၂။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် တရားတော်၌ အကြင်သို့သော မကြည်ညိုခြင်းမျိုးရှိသဖြင့် အပါယ်ငရဲသို့ ကျရာ၏။ တရားတော်၌ ထိုသို့သော မကြည်ညိုခြင်းမျိုးသည် သင်အား မရှိ၊ တရားတော်သည် သွာက္ခာတ စသောဂုဏ်တော် ၆ ပါးတို့နှင့် ပြည့်စုံသည်ဟု တရားတော်၌ သက်ဝင်ယုံကြည်ခြင်းမျိုးသာ သင်အား ရှိ၏။ ထိုသက်ဝင်ယုံကြည်ခြင်းမျိုး မိမိ၌ ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

၃။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် သံဃာတော်၌ အကြင်သို့သော မကြည်ညိုခြင်းမျိုးရှိသဖြင့် အပါယ်ငရဲသို့ ကျရာ၏။ သံဃာတော်၌ ထိုသို့သော မကြည်ညိုခြင်းမျိုးသည် သင်အားမရှိ၊ သံဃာတော်သည် သုပ္ပဋိပန္န စသောဂုဏ်တော် ၉ ပါးတို့နှင့် ပြည့်စုံတော်မူသည်ဟု သံဃာတော်၌ သက်ဝင်ယုံကြည်ခြင်းမျိုးသာ သင်အား ရှိ၏။ ထိုသက်ဝင်ယုံကြည်ခြင်းမျိုး မိမိ၌ ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

၄။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့သဘောရှိသော သီလမရှိခြင်းမျိုးရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော သီလမရှိခြင်းမျိုးသည် သင်အား မရှိ၊ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်အပ်သော မကျိုးမပေါက် မပြောက်မကျားသော သမာဓိကို ဖြစ်စေနိုင်သော သီလမျိုးသာ သင်အား ရှိ၏။ ထိုသီလမျိုး မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

(သောတာပန်အင်္ဂါ ၄ ပါး)

၁။ ''အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော အမြင်မှား-မိစ္ဆာဒိဋ္ဌိရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော အမြင်မှား-မိစ္ဆာဒိဋ္ဌိသည် သင်အား မရှိ၊ အမြင်မှန်-သမ္မာဒိဋ္ဌိသာ သင်အား ရှိ၏။ ထိုသို့သော အမြင်မှန်-သမ္မာဒိဋ္ဌိ မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏''

၂။ ''အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့သဘော ရှိသော အကြံအစည်မှား-မိစ္ဆာသင်္ကပ္ပရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော အကြံအစည်မှား-မိစ္ဆာသင်္ကပ္ပသည် သင်အား မရှိ၊ အကြံအစည်မှန်-သမ္မာသင်္ကပ္ပသာ သင်အားရှိ၏။ ထိုသို့သော အကြံအစည်မှန်-သမ္မာသင်္ကပ္ပ မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏''

၃။ ''အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော အပြောအဆိုမှား-မိစ္ဆာဝါစာရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော အပြောအဆိုမှား-မိစ္ဆာဝါစာသည် သင်အား မရှိ၊ အပြောအဆိုမှန်- သမ္မာဝါစာသာ သင်အားရှိ၏။ ထိုသို့သော အပြောအဆိုမှန်-သမ္မာဝါစာ မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏''

၄။ ''အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော အပြုအမူမှား-မိစ္ဆာကမ္မန္တရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော အပြုအမူမှား-မိစ္ဆာကမ္မန္တသည် သင်အား မရှိ၊ အပြုအမူမှန်-သမ္မာကမ္မန္တသာ သင်အား ရှိ၏။ ထိုသို့သော အပြုအမူမှန်-သမ္မာကမ္မန္တ မိမိ၌ ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏''

၅။ ''အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော အသက်မွေးမှုမှား-မိစ္ဆာအာဇီဝရှိသဖြင့် သေသောအခါ အပါယ်ငရဲ သို့ ကျရာ၏။ ထိုသို့သော အသက်မွေးမှုမှား-မိစ္ဆာအာဇီဝသည် သင်အား မရှိ၊ အသက်မွေးမှုမှန်-သမ္မာအာဇီဝသာ သင်အား ရှိ၏။ ထိုသို့သော အသက်မွေးမှုမှန်-သမ္မာအာဇီဝ မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏''

၆။ ''အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော လုံ့လမှား-မိစ္ဆာဝါယာမရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့

ကျရာ၏။ ထိုသို့သော လုံ့လများ-မိစ္ဆာဝါယာမသည် သင်အား မရှိ၊ လုံ့လမှန် သမ္မာဝါယာမသာ သင်အား ရှိ၏။ ထိုသို့သော လုံ့လမှန်-သမ္မာဝါယာမ မိမိ၌ ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

၇။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော သတိများ-မိစ္ဆာသတိရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော သတိများ-မိစ္ဆာသတိသည် သင်အား မရှိ၊ သတိမှန်-သမ္မာသတိသာ သင်အား ရှိ၏။ ထိုသို့သော သတိမှန်-သမ္မာသတိ မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

၈။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော သမာဓိများ-မိစ္ဆာသမာဓိရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော သမာဓိများ-မိစ္ဆာသမာဓိသည် သင်အား မရှိ၊ သမာဓိမှန်-သမ္မာသမာဓိသာ သင်အား ရှိ၏။ ထိုသို့သော သမာဓိမှန်-သမ္မာသမာဓိ မိမိ၌ ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

၉။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော အသိဉာဏ်များ-မိစ္ဆာဉာဏ်ရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော အသိဉာဏ်များ-မိစ္ဆာဉာဏ်သည် သင်အား မရှိ၊ အသိဉာဏ်မှန်-သမ္မာဉာဏ်သာ သင်အား ရှိ၏။ ထိုသို့သော အသိဉာဏ်မှန်-သမ္မာဉာဏ် မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

၁၀။ "အို သူကြွယ်၊ အကြားအမြင်မရှိသော ပုထုဇဉ်သည် အကြင်သို့ သဘောရှိသော လွတ်မြောက်မှုများ-မိစ္ဆာဝိမုတ္တိရှိသဖြင့် သေသောအခါ အပါယ်ငရဲသို့ ကျရာ၏။ ထိုသို့သော လွတ်မြောက်မှုများ-မိစ္ဆာဝိမုတ္တိသည် သင်အား မရှိ၊ လွတ်မြောက်မှုမှန်-သမ္မာဝိမုတ္တိသာ သင်အား ရှိ၏။ ထိုသို့သော လွတ်မြောက်မှုမှန်-သမ္မာဝိမုတ္တိမျိုး မိမိ၌ရှိသည်ကို ကောင်းစွာရှုသော သင်အား ရောဂါဝေဒနာသည် တစ်ခဏချင်း ပျောက်ငြိမ်းပေရာ၏"

ဤတရားကို ကြားနာရသောအခါ အနာထပိဏ်သူဌေးကြီး၏ ရောဂါဝေဒနာတို့သည် တစ်ခဏချင်း ပျောက်ငြိမ်းသွားကြသည်။ သို့ဖြင့် အနာထပိဏ်

သူဌေးကြီးသည် အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာကို မိမိအတွက် ချက်ထားသော ထမင်းဖြင့်သာ လုပ်ကျွေးသည်။ ယင်းသို့လုပ်ကျွေးပြီးသောအခါ သူဌေးကြီးသည် နိမ့်သောနေရာတစ်ခုကိုယူ၍ သင့်လျော်ရာတစ်နေရာ၌ ထိုင်သည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် ဤသို့ ဆွမ်းအနုမောဒနာ ပြုတော်မူသည်။

အကြင်သူအား မြတ်စွာဘုရား၌ မတုန်လှုပ်သော သဒ္ဓါတရားသည် ကောင်းစွာတည် ရှိ၏။ အကြင်သူအား အရိယာတို့ နှစ်သက်ချီးမွမ်းအပ်သော ကောင်းသောသီလလည်း ရှိ၏။ အကြင်သူအား သံဃာတော်၌ မတုန်လှုပ်သော ကြည်ညိုခြင်း ရှိ၏။ အကြင်သူအား ဖြောင့်မတ်သော ဉာဏ်အမြင်လည်း ရှိ၏။ ထိုသူကို သူဆင်းရဲမဟုတ်သူဟူ၍ ဘုရားအစရှိသော သူတော်ကောင်းတို့ဆိုကြသည်။ ထိုသူ၏အသက်ရှင်ခြင်းသည် အကျိုးမပြီး အချည်းနှီးမဖြစ်ဟု မိန့်ဆိုတော်မူကြသည်။

ထို့ကြောင့် ပညာရှိသောသူသည် မြတ်စွာဘုရား၏ အဆုံးမတော်ကို သတိရလျက် မြတ်စွာဘုရား၌ မတုန်လှုပ်သော သဒ္ဓါကိုလည်းကောင်း၊ တရားတော်၌ သက်ဝင်ယုံကြည်သော ဉာဏ်အမြင်ကိုလည်းကောင်း၊ သံဃာတော်၌ ယုံကြည် ကြည်ညိုခြင်းကိုလည်းကောင်း ကြိုးစား၍ ဖြစ်ပွားစေရာသည်။

ထို့နောက် အရှင်မြတ်နှစ်ပါးတို့ သူဌေးကြီးအိမ်မှ ပြန်လည်ကြွသွားတော်မူကြသည်။ ဇေတဝန်ကျောင်းတော်သို့ရောက်၍ အရှင်အာနန္ဒာက မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားသောအခါ "အာနန္ဒာ၊ သာရိပုတ္တရာကား ပညာရှိဖြစ်ပေ၏။ အာနန္ဒာ သာရိပုတ္တရာကား မဟာပညာ မှန်ပါပေ၏။ သာရိပုတ္တရာသည် သောတာပန်အရိယာ၏ အင်္ဂါ ၄ ပါးတို့ကို ၁၀ ပါးသော အခြင်းအရာတို့ဖြင့် ဝေဖန်ဟောကြားတတ်ပါပေ၏"ဟု ချီးမွမ်းတော်မူသတည်း။

## ၃။ ဗြဟ္မာ့လမ်းစဉ် (ဓနဉ္စာနိသုတ်)

တစ်ခါသော် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ အရှင်သာရိပုတ္တရာကား နောက်ပါရဟန်းအများနှင့်အတူတကွ ဒက္ခိဏာဂိရိ ဇနပုဒ်၌ လှည့်လည်ကြွသွားလျက်ရှိသည်။ တစ်နေ့သောအခါ ရာဇဂြိုဟ်ပြည်တွင် ဝါဆိုသော ရဟန်းတစ်ပါးသည် ဝါကျွတ်သဖြင့် အရှင်သာရိပုတ္တရာရှိရာသို့ ရောက်လာသည်။

"ငါ့ရှင် ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား ကျန်းမာတော်မူပါ၏လော"

"အရှင်ဘုရား ကျန်းမာတော်မူပါသည်"

"ငါ့ရှင် ရဟန်းအပေါင်း ကျန်းမာပါ၏လော"

"အရှင်ဘုရား ကျန်းမာပါသည်"

"ငါ့ရှင် ရာဇဂြိုဟ်ပြည် ဆန်ထိန်းတံခါးအနီးတွင်နေသော ဓနဉ္ဇာနိပုဏ္ဏားသည် ကျန်းမာပါ၏လော"

"အရှင်ဘုရား ဓနဉ္ဇာနိပုဏ္ဏား ကျန်းမာပါသည်"

"ငါ့ရှင် ဓနဉ္ဇာနိပုဏ္ဏားသည် မမေ့မလျော့ ရှိပါ၏လော"

"အရှင်ဘုရား ဓနဉ္ဇာနိပုဏ္ဏားအား မမေ့မလျော့ခြင်း အပ္ပမာဒတရား အဘယ်မှာ ရှိပါအံ့နည်း၊ ဓနဉ္ဇာနိပုဏ္ဏားသည် မင်းကိုအမှီပြု၍ ပုဏ္ဏား သူဌေး သူကြွယ်တို့ကို လုယက်ပါသည်။ ပုဏ္ဏား သူဌေးသူကြွယ်တို့ကို အမှီပြု၍ မင်းကို လုယက်ပါသည်။ သဒ္ဓါတရားနှင့် ပြည့်စုံသော သူ၏မယားလည်း ကွယ်လွန်သွားပါသည်။ သူ နောက်ထပ်ယူသောမယားကလည်း သဒ္ဓါတရားမရှိသူ ဖြစ်ပါသည်"

"ငါ့ရှင် ဓနဉ္ဇာနိပုဏ္ဏားအကြောင်းကို ကြားရသည်မှာ မကောင်းသော ကြားရခြင်းပင် ဖြစ်သည်။ ငါတို့သည် ဓနဉ္ဇာနိပုဏ္ဏားနှင့် တွေ့ဆုံပြီး စကားစမြည် ပြောကြရဦးမည်ဟု မျှော်လင့်သည်"

ထို့နောက် အရှင်သာရိပုတ္တရာသည် ဒက္ခိဏာဂိရိဇနပုဒ်တွင် မွေ့လျော်သမျှ နေတော်မူပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ကြွသွားတော်မူသည်။ ရာဇဂြိုဟ်ပြည်သို့ ရောက်၍ နောက်တစ်နေ့နံနက်တွင် အရှင်သာရိပုတ္တရာသည် သပိတ် သင်္ကန်းကို ယူ၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့သည်။ ထိုအချိန်တွင် ဓနဉ္ဇာနိပုဏ္ဏား အား နွားခြံ၌ နွားနို့ညှစ်စေလျက် ရှိသည်။ အရှင်မြတ်လည်း ဆွမ်းကိစ္စပြီးသော အခါ ဓနဉ္ဇာနိပုဏ္ဏား ရှိရာသို့ ကြွသွားတော်မူသည်။ အရှင်မြတ်ကိုမြင်လျှင် ဓနဉ္ဇာနိပုဏ္ဏားလည်း အရှင်မြတ်ထံ ချဉ်းကပ်၍ ဤသို့လျှောက်ထားသည်။

"အချင်း သာရိပုတ္တရာ လာလော့၊ ဆွမ်းမစားမီ ဤနေရာ၌ နွားနို့သောက် ရမည်"

"အို ပုဏ္ဏား၊ တော်ပြီ၊ ငါ၏ဆွမ်းကိစ္စကား ပြီးခဲ့ပြီ။ ငါသည် ဤမည်သော သစ်ပင်ရင်း၌ နေ့သန့်နေထိုင်မည်။ ထိုနေရာသို့ လာခဲ့လော့"

"အချင်း ကောင်းပြီ"

သို့ဖြင့် ဓနဉ္ဇာနိပုဏ္ဏားသည် နံနက်စာစားပြီးသောအခါ အရှင်သာရိပုတ္တရာ မှာထားသည့်နေရာသို့ လိုက်သွားသည်။ အရှင်မြတ်နှင့် တွေ့ဆုံ၍ ပြောဆိုနှုတ်ဆက် ပြီး သင့်ရာ၌ ထိုင်သောအခါ အရှင်မြတ်သည် ဓနဉ္ဇာနိပုဏ္ဏားအား ဤသို့မိန့်တော် မူသည်။

''အို ဓနဉ္စာနိ မမေ့မလျော့ ဖြစ်၏လော''

''အချင်း သာရိပုတ္တရာ အကျွန်ုပ်အား အဘယ်မှာလျှင် မမေ့မလျော့ခြင်း အပွမာဒတရား ရှိနိုင်အံ့နည်း၊ အကျွန်ုပ်တို့ကား မိဘတို့ကို လုပ်ကျွေးမွေးမြူကြရသည်။ သားမယားကို ကျွေးမွေးကြရသည်။ ကျွန်အမှုလုပ်တို့ကို ကျွေးမွေးကြရသည်။ မိတ်ဆွေ သူငယ်ချင်းတို့၏ မိတ်ဝတ်ဆွေဝတ်ကို ပြုကြရသည်။ ဆွေမျိုးသားချင်းတို့၏ ဆွေဝတ်မျိုးဝတ်ကို ပြုလုပ်ကြရသည်။ ဧည့်သည်တို့၏ ဧည့်ဝတ်စောင်ဝတ်ကိုလည်း ပြုလုပ်ကြရသည်။ ဘဝတစ်ပါးသို့ ပြောင်းသွားကြသော မိဘဘိုးဘွားတို့အတွက်လည်း ကောင်းမှုကုသိုလ် ပြုလုပ်၍ အမျှအတန်း ဝေကြရသည်။ နတ်တို့အတွက်လည်း ဗလိနတ်စာပူဇော်ပသကြရသည်။ မင်းမှုကိစ္စကိုလည်း ထမ်းဆောင်ကြရသည်။ ဤကိုယ်ကာယကိုလည်း ကျန်းမာဝဖြိုးအောင် ပြုကြရသည်''

''အို ဓနဉ္စာနိ၊ သင် အဘယ်သို့ထင်သနည်း၊ မိဘတို့အတွက် မတရားသော အမှုကို ပြုလုပ်သဖြင့် ငရဲထိန်းတို့က ငရဲသို့ ဆွဲခေါ်ကြလျှင် ကျွန်ုပ်မိဘအတွက် မတရားမှုကို ပြုခဲ့ပါသည်။ ငရဲသို့ မဆွဲခေါ်ကြပါလင့်ဟု ပြော၍ရနိုင်ပါမည်လော။ မိဘတို့ကသော်လည်း ဤသူသည် ငါတို့အတွက် မတရားမှုကိုပြုခဲ့ပါသည်၊ သူ့ကို ငရဲသို့ မဆွဲခေါ်ကြပါလင့်ဟု ပြော၍ရနိုင်ကြပါမည်လော''

''အချင်း သာရိပုတ္တရာ၊ ပြော၍မရနိုင်ကြပါ၊ စင်စစ်သော်ကား ယင်းသို့ ပြောဆိုမြည်တမ်းစဉ်မှာပင် ထိုသူကို ငရဲသို့ ပစ်ချကြရာပါသည်''

''အို ဓနဉ္စာနိ၊ သင် အဘယ်သို့ထင်သနည်း၊ သားမယားတို့အတွက်၊ ကျွန်အမှုလုပ်တို့အတွက်၊ မိတ်ဆွေသူငယ်ချင်းတို့အတွက်၊ ဆွေမျိုးသားချင်းတို့အတွက်၊ ဧည့်သည်တို့အတွက်၊ ကွယ်လွန်ကြသော မိဘဘိုးဘွားတို့အတွက်၊ နတ်တို့အတွက်၊မင်းကြီးအတွက်၊ မိမိကိုယ် ကျန်းမာဝဖြိုးစေရန်အတွက် မတရားမှုကို ပြုလုပ်သဖြင့် ငရဲထိန်းတို့က ငရဲသို့ ဆွဲခေါ်ကြလျှင် ကျွန်ုပ်သည် မိမိကိုယ် ကျန်းမာဝဖြိုးစေရန်အတွက် မတရားမှုကို ပြုခဲ့ပါသည်။ ကျွန်ုပ်ကို ငရဲသို့ မဆွဲခေါ်ကြပါလင့်ဟု ပြော၍ရနိုင်ပါမည်လော။ သူတစ်ပါးတို့ကသော်လည်း ဤသူသည် သူ၏ကိုယ်ကာယ ကျန်းမာဝဖြိုးစေရန်အတွက် မတရားမှုကို ပြုခဲ့ပါသည်။ သူ့ကို ငရဲသို့ မဆွဲခေါ်ကြပါလင့်ဟု ပြော၍ရနိုင်ကြပါမည်လော''

''အချင်း သာရိပုတ္တရာ မရနိုင်ကြပါ၊ စင်စစ်သော်ကား ယင်းသို့ ပြောဆိုမြည်တမ်းစဉ်မှာပင် ထိုသူကို ငရဲသို့ ပစ်ချကြရာပါသည်''

"အိုဓနဉ္စာနိ၊ သင် အဘယ်သို့ထင်သနည်း၊ မိဘဟူသောအကြောင်းကြောင့် မတရားမှုကို ပြုလုပ်သောသူနှင့် မိဘဟူသောအကြောင်းကြောင့် တရားသောအမှုကို ပြုလုပ်သောသူ ဤသူနှစ်ယောက်တို့တွင် မည်သူက မြတ်သနည်း"

"အချင်း သာရိပုတ္တရာ၊ တရားသောအမှုကို ပြုလုပ်သူက ကောင်းမြတ်ပါသည်။မတရားသောအမှုကို ပြုခြင်းထက် တရားသောအမှုကိုပြုခြင်းက ကောင်းမြတ်ပါသည်"

"အိုဓနဉ္စာနိ၊ အခြားသူတို့အားကား မိဘကိုလည်း လုပ်ကျွေးရန်၊ မကောင်းမှုကိုလည်း မပြုမိရန်၊ ကုသိုလ်ကောင်းမှုကိုလည်း ပြုကျင့်ရန် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ရှိကြသည်"

"အိုဓနဉ္စာနိ၊ သင် အဘယ်သို့ထင်သနည်း၊ သားမယားဟူသောအကြောင်းကြောင့်၊ ကျွန်အမှုလုပ်ဟူသောအကြောင်းကြောင့်၊ မိတ်ဆွေသူငယ်ချင်းဟူသောအကြောင်းကြောင့်၊ ဆွေမျိုးသားချင်းဟူသောအကြောင်းကြောင့်၊ ဧည့်သည်ဟူသောအကြောင်းကြောင့်၊ ကွယ်လွန်ပြီးသော မိဘဘိုးဘွားဟူသောအကြောင်းကြောင့်၊ နတ်ဟူသောအကြောင်းကြောင့်၊ မင်းဟူသောအကြောင်းကြောင့်၊ မိမိကိုယ်ကာယ ကျန်းမာပြည့်ဖြိုး အားအင်တိုးစေလိုခြင်းဟူသော အကြောင်းကြောင့် မတရားမှုကို ပြုသောသူနှင့် ယင်းအကြောင်းကြောင့် တရားသောအမှုကိုပြုသောသူ ဤသူနှစ်ယောက်တို့တွင် မည်သူက ကောင်းမြတ်သနည်း"

"အချင်း သာရိပုတ္တရာ၊ တရားသောအမှုကို ပြုလုပ်သူက ကောင်းမြတ်ပါသည်"

"အိုဓနဉ္စာနိ၊ အခြားသူတို့အားကား သားမယားမွေးမြူရန်၊ ကျွန်အမှုလုပ်တို့ကိုမွေးမြူရန်၊ မိတ်ဆွေသူငယ်ချင်းတို့၏ မိတ်ဆွေဝတ်ကို ပြုလုပ်ရန်၊ ဧည့်သည်တို့၏ ဧည့်ဝတ်ကိုပြုလုပ်ရန်၊ ကွယ်လွန်ပြီးသော မိဘဘိုးဘွားတို့အတွက် ကောင်းမှုပြု၍ အမျှဝေရန်၊ နတ်တို့အား ဗလိနတ်စာပေးရန်၊ မင်း၏မင်းမှုကိစ္စကို ပြုလုပ်ရန်နှင့် မကောင်းမှုကိုလည်း မပြုမိရန်၊ ကောင်းမှုကိုလည်း ပြုကျင့်နိုင်ရန် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ရှိကြသည်"

အရှင်မြတ်၏ ဆုံးမသြဝါဒကို ကြားနာရသောအခါ ဓနဉ္စာနိပုဏ္ဏားသည် အလွန်နှစ်သက်ဝမ်းမြောက်၍ ဝမ်းမြောက်စကား လျှောက်ထားပြီး ထ၍ ပြန်သွားသည်။ ဓနဉ္စာနိပုဏ္ဏားကား မင်း၏အမိန့်တော်ဟုဆို၍ ပြည်သူတို့ထံမှ ဆန်စပါးကို များစွာ တောင်းခံသိမ်းယူသည်။ မင်းကြီး၏ တိုက်တော် ကျီတော်သို့ သွင်းသောအခါ၌ကား တော်ရုံတန်ရုံသာသွင်းသည်။ မင်းကြီးက ဆန်စပါး အရနည်းလှသည်

ဟု မိန့်တော်မူသောအခါ တိုင်းသူပြည်သားတို့ကို သနားညှာတာသဖြင့် အသင့်အတင့်သာ တောင်းခံပါသည်ဟု တင်လျှောက်သည်။ ဤကိစ္စကိုရည်ရွယ်၍ အရှင်မြတ်က မတရားမှုကိုမပြုရန် ဆုံးမတော်မူခြင်းဖြစ်သည်။ ပုဏ္ဏားကား မိဘ၊ သားမယား စသည်တို့ကို အကြောင်းပြ၍ စကားလှသုံးကာ သူ၏မတရားမှုတို့ကို ဖုံးဖိလျှောက်ထားသည်။ အရှင်မြတ်ကား မဟာပညာတေဒဂ်ရ ပညာကြီးလှသော ပုဂ္ဂိုလ်ဖြစ်၍ ပုဏ္ဏား၏ဆင်ခြေဆင်လက်ကို တစ်ခုစီ ချေဖျက်၍ လိုရာသို့ရောက်အောင် ဆွဲဆောင်ဆုံးမတော်မူသည်။

နောက်အခါ၌ကား ဓနဉ္စာနိပုဏ္ဏားသည် အပြင်းအထန် မကျန်းမမာဖြစ်၍ သေရာညောင်စောင်း၌ လဲလျောင်းနေရသည်။ ထိုအခါ သူ၏သူငယ်ချင်းဖြစ်သော အရှင်သာရိပုတ္တရာကို သတိရသည်။ သို့ဖြင့် ယောကျ်ားတစ်ယောက်ကို စေလွှတ်၍ သူ အပြင်းအထန် နာမကျန်းဖြစ်သည်ကို မြတ်စွာဘုရားအားလည်း လျှောက်ထားစေသည်။ အရှင်သာရိပုတ္တရာအားလည်း ထိုအကြောင်းကို လျှောက်ထား၍ သူ့ထံသို့ ကြွလာတော်မူရန်လည်း ပင့်လျှောက်စေသည်။ ထိုအခါ အရှင်သာရိပုတ္တရာလည်း သပိတ် သင်္ကန်းကိုယူ၍ ဓနဉ္စာနိပုဏ္ဏားထံသို့ ကြွသွားတော်မူပြီးလျှင် ဤသို့မေးမြန်းတော်မူသည်။

"အို ဓနဉ္စာနိ၊ နေသာထိုင်သာ ရှိ၏လော၊ ရောဂါဝေဒနာ သက်သာ၏လော"

"အရှင်သာရိပုတ္တရာ၊ နေသာထိုင်သာမရှိပါ၊ ရောဂါဝေဒနာ မသက်သာပါ။ တစ်နေ့တခြား ရောဂါဝေဒနာ တိုးပွားလျက်သာ ရှိပါသည်။ အားကောင်းသော ယောကျ်ားတစ်ယောက်က တူကြီးဖြင့်ထုသကဲ့သို့ ပြင်းထန်စွာ ခေါင်းကိုက်ပါသည်။ အားကောင်းသော ယောကျ်ားက ခိုင်လှသော သားရေလွန်ကြိုးဖြင့် တင်းတင်းကျပ်ကျပ် ရစ်ပတ်ချည်နှောင်နေသကဲ့သို့ ဦးခေါင်းမှာ တင်းကျပ်နေပါသည်။ နွားသတ်သမားက ထက်လှသောဓားဖြင့် လှီးဖြတ်နေသကဲ့သို့ ဝမ်းဗိုက်က နာကျင်နေပါသည်။ အားကောင်းသော ယောကျ်ားနှစ်ယောက်တို့က လက်တစ်ဖက်စီကိုင်ဆွဲ၍ မီးကျီးစုမှာကင်သကဲ့သို့ တစ်ကိုယ်လုံး ပူလောင်နေပါသည်"

"အို ဓနဉ္စာနိ၊ သင် မည်သို့ထင်သနည်း၊ ငရဲနှင့် တိရစ္ဆာန် ဤနှစ်မျိုးတွင် အဘယ်ကကောင်းသနည်း"

"တိရစ္ဆာန်က ကောင်းပါသည်"

"တိရစ္ဆာန်နှင့် ပြိတ္တာ၊ ဤနှစ်မျိုးတွင် အဘယ်ကကောင်းသနည်း"

"ပြိတ္တာက ကောင်းပါသည်"

"ပြိတ္တာနှင့် လူ၊ ဤနှစ်မျိုးတွင် အဘယ်ကကောင်းသနည်း"

"လူက ကောင်းပါသည်"

"လူနှင့် စာတုမဟာရာဇ်နတ်၊ ဤနှစ်မျိုးတွင် အဘယ်ကကောင်းသနည်း"

"စာတုမဟာရာဇ်နတ်က ကောင်းပါသည်"

"စာတုမဟာရာဇ်နတ်နှင့် တာဝတိံသာနတ်၊ ဤနှစ်မျိုးတွင် အဘယ်က ကောင်းသနည်း"

"တာဝတိံသာနတ်က ကောင်းပါသည်"

"တာဝတိံသာနတ်နှင့် ယာမာနတ်၊ ဤနှစ်မျိုးတွင် အဘယ်ကကောင်း သနည်း"

"ယာမာနတ်က ကောင်းပါသည်"

"ယာမာနတ်နှင့် တုသိတာနတ်၊ ဤနှစ်မျိုးတွင် အဘယ်ကကောင်း သနည်း"

"တုသိတာနတ်က ကောင်းပါသည်"

"တုသိတာနတ်နှင့် နိမ္မာနရတိနတ်၊ ဤနှစ်မျိုးတွင် အဘယ်ကကောင်း သနည်း"

"နိမ္မာနရတိနတ်က ကောင်းပါသည်"

"နိမ္မာနရတိနတ်နှင့် ပရနိမ္မိတဝသဝတ္တိနတ်၊ ဤနှစ်မျိုးတွင် အဘယ်က ကောင်းသနည်း"

"ပရနိမ္မိတဝသဝတ္တိနတ်က ကောင်းပါသည်"

"ပရနိမ္မိတဝသဝတ္တိနတ်နှင့် ဗြဟ္မာပြည်၊ ဤနှစ်မျိုးတွင် အဘယ်ကကောင်း သနည်း"

"အရှင်သာရိပုတ္တရာ ဗြဟ္မာပြည်ဟု ဆိုပါသလော၊ အရှင်သာရိပုတ္တရာ ဗြဟ္မာပြည်ဟု ဆိုပါသလော"

ဗြဟ္မာပြည်ဟု ဆိုကာမျှဖြင့် ဓနဉ္စာနိပုဏ္ဏားက ဤသို့ အငမ်းမရမေးသော အခါ အရှင်မြတ်သည် "ဤပုဏ္ဏားတို့သည် ဗြဟ္မာပြည်ကို နှလုံးသွင်းကြကုန်၏။ ငါသည် ဤဓနဉ္စာနိပုဏ္ဏားအား ဗြဟ္မာ့လမ်းစဉ်ကိုဟောမှ သင့်မည်"ဟု အကြံ ဖြစ်၍ ဤသို့မိန့်တော်မူသည်။

"အို ဓနဉ္စာနိ၊ ငါသည် သင်အား ဗြဟ္မာဖြစ်လမ်းစဉ်တရားကို ဟော ကြားပေအံ့၊ ထိုတရားကို နာယူလော့၊ ကောင်းစွာ နှလုံးသွင်းလော့"

"အရှင်သာရိပုတ္တရာ ကောင်းပါပြီ"

''အို ဓနဉ္စာနိ၊ ဗြဟ္မာ့လမ်းစဉ်တရားကား တစ်ခုသော အရပ်မျက်နှာကို မေတ္တာစိတ်ဖြင့် ဖြန့်၍ နေထိုင်၏။ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ သုံးခုမြောက်သော အရပ်မျက်နှာကို၊ လေးခုမြောက်သော အရပ်မျက်နှာကို ထို့အတူ မေတ္တာစိတ်ဖြင့် ဖြန့်၍ နေထိုင်၏။ ဤသို့လျှင် ထိုသူသည် ကျယ်ပြန့်သော၊ မြတ်သည်၏အဖြစ်သို့ရောက်သော၊ အတိုင်းအရှည်ပမာဏမရှိသော၊ ရန်ငြိုးခြင်း အလျဉ်းမရှိသော၊ ပင်ပန်းဆင်းရဲခြင်း အလျဉ်းမရှိသော မေတ္တာစိတ်ဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာ၌ အလုံးစုံပါဝင်သော လောကကို ဖြန့်၍ နေထိုင်၏။ အို ဓနဉ္စာနိ၊ ဤသို့ မေတ္တာစိတ်ဖြင့် နေထိုင်ခြင်းသည် ဗြဟ္မာ့လမ်းစဉ်အကျင့်တည်း''

''အို ဓနဉ္စာနိ၊ ထို့ပြင်လည်း ကရုဏာစိတ်ဖြင့်၊ မုဒိတာစိတ်ဖြင့်၊ ဥပေက္ခာ စိတ်ဖြင့် ထို့အတူပင် အလုံးစုံသော အရပ်မျက်နှာ၌ အလုံးစုံပါဝင်သော လောကကို ဖြန့်၍ နေထိုင်၏။ အို ဓနဉ္စာနိ၊ ဤသို့သော ကရုဏာစိတ်ဖြင့်၊ မုဒိတာစိတ်ဖြင့်၊ ဥပေက္ခာ စိတ်ဖြင့် နေထိုင်ခြင်းသည် ဗြဟ္မာ့လမ်းစဉ်အကျင့်ပင် ဖြစ်ပေသည်။ အို ဓနဉ္စာနိ၊ ဤသည်ကား ဗြဟ္မာ့လမ်းစဉ်တရားပင် ဖြစ်ပေသည်''

''အို အရှင်သာရိပုတ္တရာ၊ သို့တပြီးကား 'အရှင်ဘုရား ဓနဉ္စာနိပုဏ္ဏားသည် အပြင်းအထန် မကျန်းမာဖြစ်နေပါသည်။ ဓနဉ္စာနိပုဏ္ဏားက မြတ်စွာဘုရား၏ ခြေတော်တို့ကိုလည်း ရှိခိုးလိုက်ပါသည်'ဟု မြတ်စွာဘုရားအား လျှောက်ထား တော်မူပါလော့''

ဤသို့လျှောက်ထားသောအခါ အရှင်သာရိပုတ္တရာလည်း နေရာမှထ၍ ပြန်လည်ကြွသွားတော်မူသည်။ ဓနဉ္စာနိပုဏ္ဏားလည်း အရှင်မြတ် ကြွသွား၍ မကြာမီမှာပင် ကွယ်လွန်၍ ဗြဟ္မာပြည်၌ ဖြစ်သည်။

ထိုအခါ ထိုအကြောင်းကို သိတော်မူသော မြတ်စွာဘုရားသည် ရဟန်း တို့ကို ဤသို့မိန့်မြွက်တော်မူသည်။

''ရဟန်းတို့ သာရိပုတ္တရာသည် ဓနဉ္စာနိပုဏ္ဏားကို သည်ထက်အလွန် ပြုဖွယ်ကိစ္စရှိသေးလျက် ယုတ်ညံ့သော ဗြဟ္မာပြည်၌ တည်စေ၍ နေရာမှထ၍ ထွက်ခွာသွားခဲ့သည်''

ဤသို့ မိန့်မြွက်တော်မူပြီးသောအခါ၌ပင် အရှင်သာရိပုတ္တရာသည် ဓနဉ္စာနိ ပုဏ္ဏားအိမ်မှ ပြန်ရောက်လာပြီး မြတ်စွာဘုရားအား ဤသို့လျှောက်ထားသည်။

''အရှင်ဘုရား ဓနဉ္စာနိပုဏ္ဏားသည် အပြင်းအထန် မကျန်းမမာ ဖြစ်နေ ပါသည်။ ထိုဓနဉ္စာနိပုဏ္ဏားသည် ဘုန်းတော်ကြီးမားသော မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလိုက်ပါသည်''

"အို သာရိပုတ္တရာ၊ သင်သည် ဓနဉ္စာနိပုဏ္ဏားကို သည့်ထက်အလွန် ပြုဖွယ်ကိစ္စရှိသေးလျက် ယုတ်ညံ့သော ဗြဟ္မာပြည်၌ တည်စေ၍ နေရာမှထ၍ ထွက်ခွာခဲ့သည်မဟုတ်လော"

"အရှင်ဘုရား ပုဏ္ဏားတို့သည် ဗြဟ္မာပြည်ကို နှလုံးသွင်းရှိကြသည်။ ငါသည် ဓနဉ္စာနိပုဏ္ဏားအား ဗြဟ္မာ့လမ်းစဉ်ကိုဟောမှ သင့်မည်ဟု စိတ်ကူးပေါက်ခဲ့ပါသည်"

"အို သာရိပုတ္တရာ၊ ဓနဉ္စာနိပုဏ္ဏားသည် သေလည်းသေခဲ့ပြီး၍ ဗြဟ္မာ့ပြည်၌လည်း ဖြစ်ခဲ့ပြီ"

ဤသို့မိန့်တော်မူသည်ကို ကြားရသောအခါ အရှင်သာရိပုတ္တရာသည် တစ်ခဏချင်းပင် ဗြဟ္မာပြည်သို့ လိုက်သွား၍ ဓနဉ္စာနိဗြဟ္မာအား သစ္စာလေးပါးတရားကို ဆက်လက်ဟောကြားတော်မူသည်။ ထိုအခါမှစ၍ အရှင်သာရိပုတ္တရာသည် လေးပါဒမျှရှိသော ဂါထာကိုဟောကြားရစေကာမူ သစ္စာလေးပါးမှလွတ်သော တရားကို မဟောပြီ။ တစ်နည်းအားဖြင့်ဆိုလျှင် သစ္စာလေးပါးမပါသော တရားမျိုးကိုမဟောပြီ။ တရားဟောတိုင်းပင် သစ္စာလေးပါးကို ပြတော်မူသတည်း။

## ၄။ သမ္မာဒိဋ္ဌိ အမြင်မှန်တရားတော် (သမ္မာဒိဋ္ဌိသုတ်)

သာသနာရေးနယ်ပယ်တွင် သမ္မာဒိဋ္ဌိဟူသောစကားသည် အလွန်ထင်ရှားသည့် စကားဖြစ်သည်။ ဘာသာရေးဂိုဏ်းဂဏတိုင်းကပင် မိမိတို့ကိုယ်ကို သမ္မာဒိဋ္ဌိများ ဖြစ်ကြသည်ဟု ပြောဆိုတတ်ကြသည်။ သမ္မာဒိဋ္ဌိဟူသော စကား၏ အဓိပ္ပာယ်မှာ မှန်ကန်သော အသိအမြင်ဟု ဖြစ်သည်။ ဗုဒ္ဓ သက်တော်ထင်ရှားရှိနေချိန်မှာပင် ဗုဒ္ဓဝါဒီတို့ကလည်း သမ္မာဒိဋ္ဌိများဟု အမည်ခံကြသည်။ သာသနာပ ပုဂ္ဂိုလ်အချို့ကလည်း သူတို့ကိုယ်သူတို့ သမ္မာဒိဋ္ဌိများဟု အမည်ခံကြသည်။ အမှန်အားဖြင့် သမ္မာဒိဋ္ဌိဟူသောစကားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောတွင် ဓမ္မစကြာတရားတော်ကို ဟောစဉ်ကပင် ဗုဒ္ဓက သုံးနှုန်းခဲ့သော အမည် ဖြစ်သည်။ မဇ္ဈိမပဋိပဒါလမ်းစဉ်တွင် သမ္မာဒိဋ္ဌိသည် အမှတ် ၁ နေရာ၌ တည်ရှိသည်။ သို့ရာတွင် သည့်အရင်က သမ္မာဒိဋ္ဌိဟူသောစကားကို မည်သူမျှ မသုံးခဲ့ကြသေးဟုကား မဆိုနိုင်ပေ။ သမ္မာဒိဋ္ဌိဟူသော အမည်သည် လွန်စွာ ရှင်းလင်းပြတ်သားသောအမည်ဖြစ်၍ အခြားပညာရှိတို့က ရွေးချယ်သုံးစွဲခဲ့မည်သာ ဖြစ်သည်ဟု ဆိုလျှင်လည်း ဆိုနိုင်သည်။ မည်သို့ပင် ဖြစ်စေကာမူ သမ္မာဒိဋ္ဌိဟူသော စကားသည် ထိုခေတ်တွင် အလွန်ရေပန်းစားသော စကားတစ်လုံးဖြစ်သည်မှာ

ထင်ရှားသည်။ ထို့ကြောင့် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် ထိုစကားကို ခေါင်းစဉ်တပ်၍ သမ္မာဒိဋ္ဌိ အစစ်အမှန်ဖြစ်ထိုက်သော အကြောင်းအင်္ဂါတို့ကို ဝေဖန်ဟောကြားတော်မူခဲ့သည်။ ဤတရားကား ကျွန်ုပ်တို့ ဗုဒ္ဓဝါဒီများအတွက် အလွန်အရေးကြီးသောတရား ဖြစ်ပေသည်။

တစ်ခါသော် မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာသည် ရဟန်းတို့ကို ဤသို့စကားစ၍ မေးတော်မူသည်။

"ငါ့ရှင်တို့ သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိဟု ဆိုကြသည်။ အဘယ်မျှသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော အရိယသာဝကသည် သမ္မာဒိဋ္ဌိဖြစ်သနည်း၊ သူ၏အယူဝါဒသည် ဖြောင့်မှန်သနည်း၊ တရားတော်၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံသနည်း၊ ဤသာသနာတော်သို့ တကယ်တမ်း ဝင်ရောက်လာသူဖြစ်သနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ အကျွန်ုပ်တို့သည် အရှင်သာရိပုတ္တရာအထံမှ ဤစကားမျိုး၏ အနက်အဓိပ္ပာယ်ကို သိရရန်အတွက် ဝေးလှသောအရပ်မှပင် ရောက်လာကြပါသည်။ အရှင်သာရိပုတ္တရာပင် ဤစကား၏ အနက်အဓိပ္ပာယ်ကို ဟောပြစေလိုပါသည်။ အရှင်သာရိပုတ္တရာ ဟောကြားသည်ကို ကြားရမှ ရဟန်းတို့ မှတ်သားကြရပါလိမ့်မည်"

"ငါ့ရှင်တို့ သို့ဖြစ်လျှင် နားထောင်ကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့"

၁။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် အကုသိုလ်ကိုလည်း ပြတ်သားစွာသိ၏။ အကုသိုလ်၏အကြောင်းရင်းကိုလည်း ပြတ်သားစွာသိ၏။ ကုသိုလ်ကိုလည်း ပြတ်သားစွာသိ၏။ ကုသိုလ်၏အကြောင်းရင်းကိုလည်း ပြတ်သားစွာ သိ၏။ ဤမျှဖြင့်လည်း သမ္မာဒိဋ္ဌိ ဖြစ်နိုင်သည်"

## အကုသိုလ်

"ငါ့ရှင်တို့ အကုသိုလ်သည် အဘယ်နည်းဟူမူကား သူ့အသက်ကိုသတ်ခြင်းသည် အကုသိုလ်တည်း။ သူ့ဥစ္စာကို ခိုးခြင်းသည် အကုသိုလ်တည်း။ သူ့သားမယားကို ပြစ်မှားခြင်းသည် အကုသိုလ်တည်း။ မမှန်သောစကားကို ဆိုခြင်းသည် အကုသိုလ်တည်း။ ကုန်းချောသောစကားကို ဆိုခြင်းသည် အကုသိုလ်တည်း။ ကြမ်းတမ်းသောစကားကို ဆိုခြင်းသည် အကုသိုလ်တည်း။ ပြိန်ဖျင်းသော အချည်း

နီးစကားကို ဆိုခြင်းသည် အကုသိုလ်တည်း။ အလိုဆိုးအဘိဇ္ဈာသည် အကုသိုလ်တည်း။ သတ်ဖြတ်ညှဉ်းဆဲလိုမှုသည် အကုသိုလ်တည်း။ မှားယွင်းသောအယူသည် အကုသိုလ်တည်း။ ငါ့ရှင်တို့ ဤကား အကုသိုလ်တည်း"

အကုသိုလ်မူလ

"ငါ့ရှင်တို့ အကုသိုလ်၏အကြောင်းရင်းမူလသည် အဘယ်နည်းဟူမူကား လောဘသည် အကုသိုလ်၏အကြောင်းတစ်ခုတည်း၊ ဒေါသသည် အကုသိုလ်၏ အကြောင်းရင်းတစ်ခုတည်း၊ မောဟသည် အကုသိုလ်၏ အကြောင်းရင်းတစ်ခု တည်း၊ ငါ့ရှင်တို့ ဤကား အကုသိုလ်၏အကြောင်းရင်းမူလတည်း"

ကုသိုလ်

"ငါ့ရှင်တို့ ကုသိုလ်သည် အဘယ်နည်းဟူမူကား သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ သူ့သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ် တည်း။ မမှန်သောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ကုန်းချောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ကြမ်းတမ်း သောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်တည်း။ အလိုဆိုး အဘိဇ္ဈာမရှိ ခြင်းသည် ကုသိုလ်တည်း။ သတ်ဖြတ်ညှဉ်းဆဲလိုမှု မရှိခြင်းသည် ကုသိုလ်တည်း။ မှန်ကန်သောအယူသည် ကုသိုလ်တည်း။ ငါ့ရှင်တို့ ဤကား ကုသိုလ်တည်း"

ကုသိုလ်မူလ

"ငါ့ရှင်တို့ ကုသိုလ်၏အကြောင်းရင်းမူလသည် အဘယ်နည်းဟူမူကား လောဘမရှိခြင်း အလောဘသည် ကုသိုလ်၏အကြောင်းရင်းမူလတစ်ခုတည်း။ ဒေါသမရှိခြင်း အဒေါသသည် ကုသိုလ်၏အကြောင်းရင်းမူလတစ်ခုတည်း။ မောဟ မရှိခြင်း အမောဟသည် ကုသိုလ်၏အကြောင်းရင်းမူလတစ်ခုတည်း။ ငါ့ရှင်တို့ ဤကား ကုသိုလ်၏အကြောင်းရင်းမူလတည်း"

"ငါ့ရှင်တို့ ဤသို့လျှင် အရိယသာဝက ဗုဒ္ဓတပည့်သားသည် အကုသိုလ် ကို ပြတ်သားစွာသိ၏။ အကုသိုလ်၏အကြောင်းရင်းမူလကို ပြတ်သားစွာသိ၏။ ကုသိုလ်ကို ပြတ်သားစွာသိ၏။ ကုသိုလ်၏အကြောင်းရင်းမူလကို ပြတ်သားစွာ

သိ၏။ ထိုအရိယာသာဝက ဗုဒ္ဓတပည့်သားသည် ရာဂကိုပယ်၍၊ ဒေါသကို ဖျောက်၍၊ ဒိဋ္ဌိမာနတို့ကို နုတ်ပယ်၍၊ အဝိဇ္ဇာကို ပယ်စွန့်၍၊ ဝိဇ္ဇာဉာဏ်ကို ဖြစ်စေ၍၊ မျက်မှောက်ဘဝ၌ပင် ဒုက္ခအဆုံးကို ပြုနိုင်သည်။ ငါ့ရှင်တို့၊ ဤမျှဖြင့်လည်း အရိယာသာဝက ဗုဒ္ဓတပည့်သားသည် သမ္မာဒိဋ္ဌိဖြစ်သည်။ သူ၏အယူသည် ဖြောင့်မှန်သည်။ တရားတော်၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံသူဖြစ်သည်။ ဤသာသနာတော်သို့ ရောက်လာသူဖြစ်သည်။

ဤသို့ဟောကြားတော်မူရာ ရဟန်းတို့သည် အရှင်မြတ်အား သာဓုခေါ်ကြသည်။ အနုမောဒနာပြုကြသည်။ ထို့နောက်ရဟန်းတို့သည် အရှင်မြတ်၏ တရားကို ဤမျှဖြင့် အားရတင်းတိမ်ခြင်းမရှိကြသေးသဖြင့် သမ္မာဒိဋ္ဌိအကြောင်းကို အခြားနည်းပရိယာယ်ဖြင့် ဟောကြားပါရန် တောင်းပန်ကြသည်။ သို့ဖြင့် အရှင်မြတ်သည် အောက်ပါအစီအစဉ်ဖြင့် သမ္မာဒိဋ္ဌိအကြောင်းကို နည်းပရိယာယ်ပြောင်း၍ ပြောင်း၍ ဟောကြားတော်မူသည်။

၂။ "ငါ့ရှင်တို့ အရိယာသာဝက ဗုဒ္ဓတပည့်သားသည် အာဟာရကိုလည်း ပြတ်သားစွာသိ၏။ အာဟာရ၏ဖြစ်ကြောင်းကိုလည်း ပြတ်သားစွာသိ၏။ အာဟာရ၏ ချုပ်ငြိမ်းကြောင်းကိုလည်း ပြတ်သားစွာသိ၏။ အာဟာရချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းစဉ်ကိုလည်း ပြတ်သားစွာသိ၏။ ငါ့ရှင်တို့ ဤမျှဖြင့်လည်း အရိယာသာဝက ဗုဒ္ဓတပည့်သားသည် သမ္မာဒိဋ္ဌိဖြစ်သည်"

၃။ "ငါ့ရှင်တို့ အရိယာသာဝက ဗုဒ္ဓတပည့်သားသည် ဒုက္ခကိုလည်း ပြတ်သားစွာသိ၏။ ဒုက္ခ၏ဖြစ်ကြောင်းကိုလည်း ပြတ်သားစွာသိ၏။ ဒုက္ခ၏ ချုပ်ငြိမ်းရာကိုလည်း ပြတ်သားစွာသိ၏။ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်လမ်းစဉ်ကိုလည်း ပြတ်သားစွာသိ၏။ ငါ့ရှင်တို့ ဤမျှဖြင့်လည်း အရိယာသာဝက ဗုဒ္ဓတပည့်သားသည် သမ္မာဒိဋ္ဌိဖြစ်သည်"

၄။ "ငါ့ရှင်တို့ အရိယာသာဝက ဗုဒ္ဓတပည့်သားသည် ဇရာမရဏကိုလည်း ပြတ်သားစွာသိ၏။ ဇရာမရဏ၏ဖြစ်ကြောင်းကိုလည်း ပြတ်သားစွာသိ၏။ ဇရာမရဏ၏ ချုပ်ငြိမ်းရာကိုလည်း ပြတ်သားစွာသိ၏။ ဇရာမရဏ၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းစဉ်ကိုလည်း ပြတ်သားစွာသိ၏။ ငါ့ရှင်တို့ ဤမျှဖြင့်လည်း အရိယာသာဝက ဗုဒ္ဓတပည့်သားသည် သမ္မာဒိဋ္ဌိဖြစ်သည်"

၅။ "ငါ့ရှင်တို့ အရိယာသာဝက ဗုဒ္ဓတပည့်သားသည် ဇာတိကို • • • •

၆။ "ငါ့ရှင်တို့ အရိယာသာဝက ဗုဒ္ဓတပည့်သားသည် ဘဝကို • • • •

၇။ "ငါ့ရှင်တို့ အရိယာသာဝက ဗုဒ္ဓတပည့်သားသည် ဥပါဒါန်ကို • • • •

၈။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် တဏှာကို • • • •
၉။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် ဝေဒနာကို • • • •
၁၀။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် ဖဿကို • • • •
၁၁။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည်သဠာယတနကို • • • •
၁၂။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် နာမ်ရုပ်ကို • • • •
၁၃။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် ဝိညာဉ်ကို • • • •
၁၄။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် သင်္ခါရကို • • • •
၁၅။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် အဝိဇ္ဇာကို • • • •
၁၆။ "ငါ့ရှင်တို့ အရိယသာဝက ဗုဒ္ဓတပည့်သားသည် အာသဝကို • • • •

ဤသို့ အချက်ပေါင်း တစ်ဆယ့်ခြောက်ချက်၊ အခြင်းအရာ ၆၄ ပါးတို့ဖြင့် သမ္မာဒိဋ္ဌိတရားကို ဟောတော်မူပြီးသောအခါ တရားနာသူရဟန်းတို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကြသည်။ သာဓု အနုမောဒနာပြုကြသည်။

ဤသမ္မာဒိဋ္ဌိသုတ္တန်ကိုကြည့်လျှင် အနည်းဆုံး ကုသိုလ် အကုသိုလ်၊ ဒုစရိုက် သုစရိုက်ကို ပြတ်သားစွာသိမှ သမ္မာဒိဋ္ဌိဖြစ်နိုင်သည်ဟူသော အချက်မှာ ထင်ရှားသည်။ အပြည့်အစုံဆိုလျှင် ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရားတို့ကို ပြတ်သားစွာသိမှ သမ္မာဒိဋ္ဌိ အစစ်ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် သောတာပန်ဖြစ်မှ သမ္မာဒိဋ္ဌိအစစ် ဖြစ်နိုင်သည်ဟုလည်း သဘောပေါက်နိုင်သည်။

## ၅။ သစ္စာလေးပါးတရားတော် (သစ္စဝိဘင်္ဂသုတ်)

ဗုဒ္ဓဝါဒ၌ သစ္စာလေးပါး တရားတော်သည် အခြေခံတရားဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင်လည်း သစ္စာလေးပါး တရားတော်သည် ဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သည်။ ယင်းသစ္စာလေးပါး တရားတော်ကို ဗုဒ္ဓသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ တရားဦးအဖြစ်ဖြင့် ဟောတော်မူခဲ့သည်။ ဤသစ္စာလေးပါးတရားကို အရင်းခံထား၍ ဗုဒ္ဓသာသနာတော်ကို တည်ထောင်တော်မူခဲ့သည်။

ဤမျှအရေးကြီးသော သစ္စာလေးပါးတရားကိုပင် ဗုဒ္ဓသည် တစ်ခါက အရှင်သာရိပုတ္တရာအား အကျယ်တဝင့် ဖွင့်ဆိုဟောကြားစေတော်မူခဲ့သည်။ ယင်းသို့ ဟောကြားစေတော်မူရာတွင် ဗုဒ္ဓသည် အရှင်သာရိပုတ္တရာကို မွေးသမိခင်နှင့် နှိုင်း၍ အရှင်မဟာမောဂ္ဂလာန်ကို ကျွေးသမိခင်နို့ထိန်းနှင့် နှိုင်းတော်မူခဲ့သည်။ ဤသာသနာတော်၌ ဤအဂ္ဂသာဝကနှစ်ပါးတို့၏ စွမ်းဆောင်ချက်မှာ မည်မျှ

အရေးပါသည်ကို ကောင်းစွာခန့်မှန်းနိုင်ပေသည်။

တစ်ခါသော် မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူသည်။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ဤသို့မိန့်တော်မူသည်။

"ရဟန်းတို့ ငါဘုရားသည် ဤဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တော၌ပင် လူ နတ် ဗြဟ္မာ မည်သူမျှ မလည်စေနိုင်သော ဓမ္မစကြာကို လည်စေတော်မူခဲ့သည်။ ယင်းဓမ္မစကြာကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါးတို့ကို အကျယ်တဝင့် ဟောကြားသော တရားဒေသနာဖြစ်သည်"

"ရဟန်းတို့ သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ကို ဆည်းကပ်ကြကုန်။ သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့သည် ပညာရှိများ ဖြစ်ကြသည်။ သီတင်းသုံးဖော်တို့အား ချီးမြှောက်တတ်သူများဖြစ်ကြသည်။ ဥပမာအားဖြင့် သာရိပုတ္တရာသည် မွေးသမိခင်နှင့်တူသည်။ မောဂ္ဂလ္လာန်သည် ကျွေးသမိခင်နှင့်တူသည်။ သာရိပုတ္တရာသည် သောတာပန်ဖြစ်အောင် ဟောကြားဆုံးမတတ်သည်။ မောဂ္ဂလ္လာန်သည် အထက်မဂ်ဖိုလ်ရအောင် ဟောကြားဆုံးမတတ်သည်"

"ရဟန်းတို့ သာရိပုတ္တရာသည် ငါဟောသော သစ္စာလေးပါးတရားတို့ကို အကျယ်တဝင့် ချဲ့ထွင်ဟောကြားနိုင်သူဖြစ်သည်"

မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၍ နေရာမှထပြီး ကျောင်းတွင်းသို့ ဝင်တော်မူသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏အလိုတော်ကို သိ၍ ရဟန်းတို့အား ဤသစ္စာလေးပါးတရားကို ဟောတော်မူခဲ့သည်။ ဟောတော်မူပုံအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

"ငါ့ရှင်တို့ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ လူ နတ် ဗြဟ္မာ မည်သူမျှ မလည်စေနိုင်သော တရားစကြာကို လည်စေတော်မူခဲ့သည်။ ယင်းတရားစကြာကား သစ္စာလေးပါးတို့ကို အကျယ်တဝင့် ဟောကြားတော်မူသော ဒေသနာတော်ဖြစ်သည်။ သစ္စာလေးပါးတို့မှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ ဖြစ်ကြသည်"

ဒုက္ခသစ္စာ

"ငါ့ရှင်တို့ အဘယ်သည် ဒုက္ခသစ္စာဖြစ်သနည်းဟူမူကား ဇာတိလည်း ဒုက္ခသစ္စာဖြစ်၏။ ဇရာလည်း ဒုက္ခသစ္စာဖြစ်၏။ မရဏလည်း ဒုက္ခသစ္စာဖြစ်၏။

စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည်လည်း ဒုက္ခသစ္စာပင် ဖြစ်ကြ၏။ လိုရာကိုမရခြင်းသည်လည်း ဒုက္ခသစ္စာပင်ဖြစ်၏။ အချုပ်အားဖြင့် ဉပါဒါနက္ခန္ဓာငါးပါးတို့လည်း ဒုက္ခသစ္စာပင် ဖြစ်ကြကုန်၏"

"ငါ့ရှင်တို့ ဇာတိသည် အဘယ်နည်းဟူမူကား ထိုထိုဘဝတို့၌ ပဋိသန္ဓေနေရခြင်း၊ ခန္ဓာတို့၏ ဖြစ်ပေါ်ခြင်းသည် ဇာတိတည်း"

"ငါ့ရှင်တို့ ဇရာသည် အဘယ်နည်းဟူမူကား ထိုထိုသတ္တဝါအပေါင်း၌ အိုမင်းခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊ အသက်၏ဆုတ်ယုတ်ခြင်း၊ ဣန္ဒြေတို့၏ရင့်ရော်ခြင်းသည် ဇရာတည်း"

"ငါ့ရှင်တို့ မရဏသည် အဘယ်နည်းဟူမူကား သတ္တဝါတို့၏ ထိုထိုဘဝမှ စုတေရွေ့လျောခြင်း၊ ကွယ်ပျောက်ခြင်း၊ သေလွန်ခြင်း၊ ခန္ဓာပျက်ခြင်း၊ ကိုယ်ကောင်ကို ပစ်ချခြင်း၊ အသက်ဇီဝိတိန္ဒြေ ပြတ်စဲခြင်းသည် မရဏတည်း"

"ငါ့ရှင်တို့ ဉပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်တို့နည်းဟူမူကား ရုပ်အစုဟူသော ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနာအစုဟူသော ဝေဒနုပါဒါနက္ခန္ဓာ၊ သညာအစုဟူသော သညုပါဒါနက္ခန္ဓာ၊ သင်္ခါရအစုဟူသော သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဉ်အစုဟူသော ဝိညာဏုပါဒါနက္ခန္ဓာ၊ ဤဉပါဒါနက္ခန္ဓာတို့တည်း"

(ဉပါဒါနက္ခန္ဓာ–ဉပါဒါန်၏အာရုံဖြစ်ထိုက်သော ခန္ဓာ)

### သမုဒယသစ္စာ

"ငါ့ရှင်တို့ အဘယ်သည် သမုဒယသစ္စာဖြစ်သနည်းဟူမူကား အကြင်တဏှာသည် ထပ်ကာထပ်ကာ ဖြစ်တတ်၏။ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံ၌ အလွန်နှစ်သက်တတ်၏။ သရုပ်အားဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟု သုံးပါးရှိ၏။ ထိုတဏှာကို သမုဒယသစ္စာဟု ဆိုအပ်၏"

### နိရောဓသစ္စာ

"ငါ့ရှင်တို့ အဘယ်သည် နိရောဓသစ္စာဖြစ်သနည်းဟူမူကား အကြင်နိဗ္ဗာန်သည် ထိုတဏှာ၏သာလျှင် အကြွင်းမဲ့ တပ်မက်ခြင်းကင်းရာ ချုပ်ငြိမ်းရာဖြစ်၏။ စွန့်ပယ်ရာ ဖြစ်၏။ စွန့်လွှတ်ရာဖြစ်၏။ ကင်းလွတ်ရာဖြစ်၏။ တွယ်တာမှုမရှိရာဖြစ်၏။ ထိုနိဗ္ဗာန်ကို နိရောဓသစ္စာဟု ဆိုအပ်၏။

မဂ္ဂသစ္စာ

"ငါ့ရှင်တို့ အဘယ်သည် မဂ္ဂသစ္စာဖြစ်သနည်းဟူမူကား အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော မြတ်သော ဤအကျင့်လမ်းစဉ် မဂ္ဂင်တရားတည်း။ ယင်းအင်္ဂါ ၈ ပါးတို့ကား သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဤ ၈ ပါးတို့ပင်တည်း"

"ငါ့ရှင်တို့ သမ္မာဒိဋ္ဌိမဂ္ဂင်သည် အဘယ်နည်းဟူမူကား ဒုက္ခ၌သိသောဉာဏ်၊ ဒုက္ခ၏ဖြစ်ကြောင်း၌ သိသောဉာဏ်၊ ဒုက္ခချုပ်ငြိမ်းရာ၌ သိသောဉာဏ်၊ ဒုက္ခချုပ်ငြိမ်းရာ အကျင့်လမ်းစဉ်၌ သိသောဉာဏ် ဤဉာဏ်လေးပါးတို့တည်း"

"ငါ့ရှင်တို့ သမ္မာသင်္ကပ္ပမဂ္ဂင်သည် အဘယ်နည်းဟူမူကား ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်ခြင်း၊ သူတစ်ပါးတို့ကို မသတ်ဖြတ်ရန် ကြံစည်ခြင်း၊ သူတစ်ပါးတို့ကို မညှဉ်းဆဲရန် ကြံစည်ခြင်း ဤကြံစည်ခြင်း ၃ ပါးတို့တည်း"

"ငါ့ရှင်တို့ သမ္မာဝါစာမဂ္ဂင်သည် အဘယ်နည်းဟူမူကား မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုန်းချောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ဤဝစီကံဒုစရိုက်မှ ရှောင်ကြဉ်ခြင်း လေးပါးတို့တည်း"

"ငါ့ရှင်တို့ သမ္မာကမ္မန္တမဂ္ဂင်သည် အဘယ်နည်းဟူမူကား သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း ဤကာယကံ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း သုံးပါးတို့တည်း"

"ငါ့ရှင်တို့ သမ္မာအာဇီဝမဂ္ဂင်သည် အဘယ်နည်းဟူမူကား မှားယွင်းသော အသက်မွေးခြင်းကို ပယ်စွန့်၍ ကောင်းသောအသက်မွေးခြင်းဖြင့် အသက်မွေးမှုပင်တည်း"

"ငါ့ရှင်တို့ သမ္မာဝါယာမ မဂ္ဂင်သည် အဘယ်နည်းဟူမူကား မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရန် ဆန္ဒပြုခြင်း အားထုတ်ခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်စွန့်ရန် ဆန္ဒပြုခြင်း အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒပြုခြင်း အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစေရန် ဆန္ဒပြုခြင်း အားထုတ်ခြင်း၊ ဤအားထုတ်ခြင်း သမ္မပ္ပဓာန် လေးပါးတို့တည်း"

"ငါ့ရှင်တို့ သမ္မာသတိမဂ္ဂင်သည် အဘယ်နည်းဟူမူကား လောက၌ အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ဖျောက်၍ သတိသမ္ပဇဉ်ဖြင့် ကိုယ်၌ ကိုယ်ဟု

အဖန်ဖန်ရှုခြင်း၊ လောက၌ အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ဖျောက်၍ သတိသမ္ပဇဉ်ဖြင့် ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုခြင်း၊ လောက၌ အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ဖျောက်၍ သတိသမ္ပဇဉ်ဖြင့် စိတ်၌ စိတ်ဟု အဖန်ဖန်ရှုခြင်း၊ လောက၌ အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ဖျောက်၍ သတိသမ္ပဇဉ်ဖြင့် တရားတို့၌ တရားဟု အဖန်ဖန်ရှုခြင်း ဤသတိပြု၍ရှုခြင်း သတိပဋ္ဌာန်လေးပါးတို့တည်း''

''ငါ့ရှင်တို့ သမ္မာသမာဓိမဂ္ဂင်သည် အဘယ်နည်းဟူမူကား ကာမအာရုံတို့မှ ကင်းဆိတ်၍၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍၊ ကြံစည်ခြင်း-ဝိတက်နှင့် တကွ ဖြစ်သော၊ သုံးသပ်ခြင်း-ဝိစာရနှင့်တကွဖြစ်သော၊ ဆိတ်ငြိမ်မှုကြောင့် ဖြစ်သော၊ နှစ်သက်ခြင်း-ပီတိ၊ ချမ်းသာခြင်း-သုခရှိသော၊ ပထမဈာန်ကိုရ၍ နေထိုင်၏။ ဝိတက် ဝိစာရတို့ ချုပ်ခြင်းကြောင့် အတွင်းသန္တာန်၌ ကောင်းစွာ ကြည်လင်သော၊ စိတ်၏တစ်ခုတည်းအဖြစ်သို့ရောက်သော၊ ဝိတက် ဝိစာရ မရှိသော၊ ပထမဈာန်သမာဓိကြောင့်ဖြစ်သော၊ ပီတိသုခရှိသော၊ ဒုတိယဈာန်ကို ရ၍ နေထိုင်၏။ နှစ်သက်ခြင်း-ပီတိ၌လည်း တပ်မက်ခြင်းကင်းသည်ဖြစ်၍ သတိသမ္ပဇဉ်ရှိလျက် ကိုယ်ဖြင့် ချမ်းသာသုခကို ခံစား၍နေသော၊ ချမ်းသာခြင်း-သုခ၊ တည်ငြိမ်ခြင်း-ဧကဂ္ဂတာ ဤအင်္ဂါနှစ်ပါးသာရှိသော တတိယဈာန်ကို ရ၍ နေထိုင်၏။ သုခ ဒုက္ခတို့ကို ပယ်ပြီးဖြစ်၍ ဝမ်းသာခြင်း ဝမ်းနည်းခြင်းတို့ ချုပ်ငြိမ်းသည်ဖြစ်၍ လျစ်လျူရှု၍နေသော၊ သတိ၏စင်ကြယ်ခြင်းနှင့် ပြည့်စုံသော၊ လျစ်လျူရှုခြင်း-ဥပေက္ခာ၊ တည်ငြိမ်ခြင်း-ဧကဂ္ဂတာ ဤအင်္ဂါနှစ်ပါးသာရှိသော စတုတ္ထဈာန်ကိုရ၍ နေထိုင်၏။ ဤဈာန်လေးပါး သမာဓိတရားတို့တည်း''

''ငါ့ရှင်တို့ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ အတုမရှိသော တရားစကြာ၌ စ၍လည်စေတော်မူရာတွင် ဤသစ္စာလေးပါးတို့ကို အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်''

ဤသို့ သစ္စာလေးပါးတရားအကျယ်ကို ဟောတော်မူရာ ရဟန်းတို့ အလွန်နှစ်သက်ဝမ်းမြောက်ကြသည်။

အရှင်သာရိပုတ္တရာ ဖွင့်ဆိုဟောကြားတော်မူသော ဤသုတ်၌ ဒုက္ခသစ္စာတွင် ဗျာဓိလည်းမပါ၊ အပ္ပိယေဟိ သမ္ပယောဂဒုက္ခ၊ ပိယေဟိ ဝိပ္ပယောဂဒုက္ခလည်း မပါ၊ ဤဒုက္ခများကို ထည့်သွင်းမဟောသည်မှာ မလွဲတမ်းတွေ့ရသော ဒုက္ခမျိုးမဟုတ်သောကြောင့် ဖြစ်ရာသည်။ ဓမ္မစက္က ပဝတ္တနသုတ်၌ကား ယင်းဒုက္ခများ ပါဝင်လျက်ရှိကြသည်။

**ခက်ဆစ်အဓိပ္ပာယ်များ**

| | | |
|---|---|---|
| သစ္စာ | = | မုချဧကန် မှန်ကန်သောတရား၊ ယင်းကို အရိယာပုဂ္ဂိုလ်တို့ သိကြသောတရားဖြစ်သောကြောင့် အရိယသစ္စာဟုလည်း ခေါ်သည်။ |
| ဥပါဒါနက္ခန္ဓာ | = | ဥပါဒါန်တို့၏ စွဲလမ်းရာအာရုံ ဖြစ်ကောင်းသော ခန္ဓာ ၅ပါး။ |
| ဒုက္ခသစ္စာ | = | ဆင်းရဲဟူသော အမှန်တရား၊ အမှန်အားဖြင့် ဒုက္ခသာဖြစ်သော တရား။ |
| သမုဒယသစ္စာ | = | ဒုက္ခဖြစ်ကြောင်းဟူသော အမှန်တရား၊ အမှန်အားဖြင့် ဒုက္ခကို ဖြစ်စေတတ်သောတရား၊ ယင်းကား တဏှာပင်ဖြစ်သည်။ တရားကိုယ်အားဖြင့် လောဘပင်တည်း။ |
| နိရောဓသစ္စာ | = | ချုပ်ငြိမ်းခြင်း–နိရောဓဟူသော အမှန်တရား၊ အမှန်အားဖြင့် ဖြစ်ကြောင်းတဏှာနှင့်တကွ ဒုက္ခအားလုံး ချုပ်ငြိမ်းရာ နိရောဓ တရား။ နိဗ္ဗာန်။ |
| မဂ္ဂသစ္စာ | = | နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစဉ်ဟူသော အမှန်တရား၊ အမှန်အားဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်လမ်းစဉ်တရား။ မဂ္ဂင် ၈ ပါး။ |
| မဂ္ဂင် | = | နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်လမ်းစဉ်၊ ယင်းလမ်းစဉ်၏ အစိတ်အင်္ဂါ။ |
| သမ္မာဒိဋ္ဌိ | = | မှန်ကန်သော အမြင်၊ အယူဝါဒ။ |
| သမ္မာသင်္ကပ္ပ | = | မှန်ကန်သော အကြံအစည်။ |
| သမ္မာဝါစာ | = | မှန်ကန်သော အပြောအဆို၊ စကား၊ ဝစီကံ။ |
| သမ္မာကမ္မန္တ | = | မှန်ကန်သော အပြုအမူ၊ ကာယကံ။ |
| သမ္မာအာဇီဝ | = | မှန်ကန်သော အသက်မွေးမှု၊ ဒုစရိုက်လွတ်ကင်းသော အသက် မွေးမှု။ |
| သမ္မာဝါယမ | = | မှန်ကန်သော အားထုတ်မှု။ |
| သမ္မပ္ပဓာန် | = | ကောင်းသော အားထုတ်မှု၊ သမ္မပ္ပဓာန် ၄ ပါး။ |
| သမ္မာသတိ | = | မှန်ကန်သော သတိ၊ သတိပဋ္ဌာန် ၄ ပါး။ |
| သမ္မာသမာဓိ | = | မှန်ကန်သော သမာဓိ၊ ဈာန် ၄ပါး။ |
| ဝိတက် | = | (ဝိတက္က၊ ပါဠိ) ကြံစည်ခြင်း။ |
| ဝိစာရ | = | အာရုံကို သုံးသပ်ဆင်ခြင်ခြင်း။ |

သုခဒုက္ခ = ချမ်းသာဆင်းရဲ။
ဥပေက္ခာ = လျစ်လျူရှုခြင်း။
ဈာန် = (ဈာနု၊ ပါဠိ) တည်ငြိမ်စွာ စူးစိုက်ကြည့်ရှုခြင်း၊ အာရုံနိမိတ်ကို တည်ငြိမ်စွာ ကြည့်ရှုနှလုံးသွင်းခြင်း။
အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ = မချစ်သူတို့နှင့် ပေါင်းသင်းရခြင်း ဆင်းရဲ။
ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ = ချစ်သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ။

## ၆။ နာမကျန်းသူ အရှင်ဆန္နအား မိန့်ကြားသော ဩဝါဒ

အရှင်သာရိပုတ္တရာသည် ပညာကြီးတော်မူရုံသာမက အလွန် စိတ်နှလုံးဖြူစင်သည်။ အလွန် စိတ်နှလုံး မြင့်မြတ်သည်။ သူတစ်ပါးတို့အား အလွန်သနားကြင်နာတတ်သည်။ ဤအချက်သည် ဤဆန္နောဝါဒသုတ်တွင် ပေါ်လွင်ထင်ရှားသည်။

တစ်ခါသော် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ အရှင်သာရိပုတ္တရာ၊ အရှင်မဟာစုန္ဒ၊ အရှင်ဆန္နတို့သည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူကြသည်။ အရှင်ဆန္နမှာ တောထွက်တော်မူရာတွင် နောက်တော်ကပါခဲ့သော ဆန္နမဟုတ်၊ အခြားဆန္နမထေရ်ဖြစ်သည်။ တစ်နေ့သောအခါ အရှင်ဆန္နသည် ပြင်းထန်စွာ နာမကျန်းဖြစ်တော်မူသည်။ သို့ဖြင့် အရှင်သာရိပုတ္တရာသည် ညနေချမ်းအချိန် တစ်ပါးတည်း ကိန်းအောင်းရာမှထ၍ အရှင်မဟာစုန္ဒရှိရာသို့ ကြွသွားပြီး ဤသို့ပြောဆိုသည်။

"ငါ့ရှင် စုန္ဒ၊ အရှင်ဆန္နထံ လူမမာမေးသွားကြစို့"

"ငါ့ရှင် သာရိပုတ္တရာ၊ ကောင်းပြီ"

ထို့နောက် အရှင်မြတ်နှစ်ပါးတို့သည် အရှင်ဆန္နထံ ကြွသွားတော်မူကြသည်။ အရှင်ဆန္နထံသို့ ရောက်သောအခါ အရှင်သာရိပုတ္တရာက ဤသို့မေးမြန်းတော်မူသည်။

"ငါ့ရှင် ဆန္န၊ ခန့်ကျန်း၏လော၊ မျှတ၏လော၊ ရောဂါသက်သာ၏လော"

"ငါ့ရှင် သာရိပုတ္တရာ၊ ငါ့အား ခံသာခြင်းလည်းမရှိ၊ မျှတခြင်းလည်းမရှိ၊ ရောဂါလည်း မသက်သာ၊ တိုး၍သာနေသည်။ တူနှင့်ရိုက်သကဲ့သို့ ခေါင်းလည်း ကိုက်သည်။ ဦးခေါင်းကို သားရေလွန်ကြိုးဖြင့် တအားကုန် စည်းနှောင်သကဲ့သို့ တင်းကျပ်နာကျင်သည်။ အမဲဖျက်ဓားဖြင့် လှီးဖြတ်သကဲ့သို့ ဝမ်းကလည်း ပြင်းစွာ

ထိုးကျင့် နာကျင်သည်။ လက်နှစ်ဖက်ကိုဆွဲ၍ မီးကျီးစုတွင် ကင်သကဲ့သို့ တစ်ကိုယ်လုံး ပူလောင်သည်။ ငါ့ရှင် သာရိပုတ္တရာ၊ ငါသည် ဓားဖြင့် အဆုံးသတ်လိုက်တော့မည်။ အသက်မရှင်လိုတော့ပြီ''

''အို အရှင်ဆန္န၊ ဓားဖြင့် အဆုံးမစီရင်ပါလင့်။ အရှင်ဆန္န မျှတပါလော့၊ အရှင်ဆန္န မျှတသည်ကို မြင်လိုကြပါသည်။ အရှင်ဆန္နအား သင့်လျော်သော ဆွမ်းဘောဇဉ်များမရှိလျှင် အရှင်ဆန္နအတွက် သင့်လျော်သော ဘောဇဉ်တို့ကို အကျွန်ုပ် ရှာပေးပါမည်။ အရှင်ဆန္နအား သင့်လျော်သော ဆေးဝါးများမရှိလျှင်လည်း အရှင်ဆန္နအတွက် သင့်လျော်သော ဆေးဝါးများကို အကျွန်ုပ် ရှာပေးပါမည်။ အရှင်ဆန္နအား သင့်လျော်သော ပြုစုစောင့်ရှောက်သူမရှိလျှင် အရှင်ဆန္နကို အကျွန်ုပ် ပြုစုစောင့်ရှောက်ပါမည်။ အရှင်ဆန္န ဓားဖြင့် မိမိအသက်ကို အဆုံးမစီရင်ပါလင့်''

''ငါ့ရှင် သာရိပုတ္တရာ၊ ငါ့အား လျောက်ပတ်သော ဆွမ်းဘောဇဉ်မရှိသည်လည်း မဟုတ်ပါ၊ လျောက်ပတ်သော ဆေးဝါးများ မရှိသည်လည်း မဟုတ်ပါ၊ သင့်လျော်သော ပြုစုစောင့်ရှောက်သူ မရှိသည်လည်း မဟုတ်ပါ၊ ငါ့ရှင် သာရိပုတ္တရာ စင်စစ်သော်ကား ငါသည် မြတ်စွာဘုရားအား နှစ်သက်ဖွယ်ဖြင့်သာ ဆည်းကပ်လုပ်ကျွေးခဲ့ပါသည်။ မနှစ်သက်ဖွယ်ဖြင့် မဆည်းကပ် မလုပ်ကျွေးခဲ့ပါ။ ငါ့ရှင် သာရိပုတ္တရာ၊ မြတ်စွာဘုရားအား နှစ်သက်ဖွယ်ဖြင့်သာ လုပ်ကျွေးဆည်းကပ်ခြင်းသည် တပည့်သာဝကအား သင့်တင့်လျောက်ပတ်ပါသည်။ ငါ့ရှင် သာရိပုတ္တရာ၊ ဆန္နရဟန်းသည် ချဉ်းကပ်စရာမရှိဖြစ်၍ ဓားဖြင့် မိမိအသက်ကို အဆုံးစီရင်လိမ့်မည်ဟု မှတ်ယူတော်မူပါလော့''

''အို အရှင်ဆန္န၊ အရှင်ဆန္နက ခွင့်ပြုမည်ဆိုလျှင် အနည်းငယ် မေးမြန်းလိုပါသည်''

''ငါ့ရှင် သာရိပုတ္တရာ၊ မေးပါလော့''

''ငါ့ရှင်ဆန္န၊ ငါ့ရှင်ဆန္နသည် မျက်စိ စက္ခုဝိညာဏ်-အမြင်စိတ် အဆင်း-ရူပါရုံတို့ကို ငါ ငါ့ဟာ ငါ့ကိုယ်ဟု ရှုမြင်ပါသလော၊ နား သောတဝိညာဏ်-အကြားစိတ် အသံ-သဒ္ဒါရုံတို့ကို၊ နှာခေါင်း ဃာနဝိညာဏ်-အနံ့ခံစိတ် အနံ့-ဂန္ဓာရုံတို့ကို၊ လျှာ ဇိဝှာဝိညာဏ်-အရသာခံစိတ် အရသာ-ရသာရုံတို့ကို၊ ကိုယ်ကာယ ကာယဝိညာဏ်-အတွေ့အထိစိတ် အတွေ့အထိ-ဖောဋ္ဌဗ္ဗာရုံတို့ကို၊ အတွင်းစိတ် မနောဝိညာဏ်-အသိစိတ် အသိခံတရား-ဓမ္မာရုံတို့ကို ငါ ငါ့ဟာ ငါ့ကိုယ်ဟု ရှုမြင်ပါသလော''

"ငါ့ရှင် သာရိပုတ္တရာ၊ ယင်း မျက်စိ စက္ခုဝိညာဏ် ရူပါရုံ စသောတရားတို့ကို ငါ ငါ့ဟာ ငါ့ကိုယ် ငါ့အတ္တဟု မရှုမြင်ပါ"

"ငါ့ရှင်ဆန္န အဘယ်ကိုသိမြင်၍ ယင်းသို့ မရှုမြင်သနည်း"

"ငါ့ရှင် သာရိပုတ္တရာ၊ ဤတရားတို့၌ ပျက်စီးချုပ်ငြိမ်းခြင်းကို သိမြင်၍ ယင်းသို့ မရှုမြင်ခြင်း ဖြစ်ပါသည်"

ထိုအခါ အရှင်မဟာစုန္ဒကလည်း အရှင်ဆန္နကို ဤသို့ဆုံးမတော်မူသည်။

"ငါ့ရှင်ဆန္န၊ ထို့ကြောင့်သာလျှင် မြတ်စွာဘုရား၏ ဤဆုံးမသြဝါဒကိုလည်း အမြဲနှလုံးသွင်းလော့။ တဏှာကို မှီသောသူအား လှုပ်ရှားခြင်းရှိ၏။ တဏှာကို မမှီသောသူအား လှုပ်ရှားခြင်းမရှိ။ လှုပ်ရှားခြင်းမရှိသော် ငြိမ်းအေး၏။ ငြိမ်းအေးခြင်း ဖြစ်လတ်သော် စိတ်ညွတ်ခြင်းမဖြစ်၊ စိတ်ညွတ်ခြင်း မဖြစ်လတ်သော် ထိုထိုဘဝသို့ လာခြင်းသွားခြင်း မဖြစ်၊ လာခြင်းသွားခြင်း မဖြစ်လတ်သော် စုတိ ပဋိသန္ဓေမဖြစ်၊ စုတိ ပဋိသန္ဓေ မရှိလတ်သော် ဤလောက၌ မဖြစ်၊ တမလွန်လောက၌ မဖြစ်၊ ဤလောက တမလွန်လောက အကြား၌လည်း မဖြစ်၊ ဤသည်လျှင် ဒုက္ခ၏အဆုံးတည်း"

ဤသို့ပြောဆိုဆုံးမပြီးနောက် အရှင်မြတ်နှစ်ပါးတို့ ထသွားတော်မူကြသည်။ အရှင်မြတ်တို့ထသွား၍ မကြာမီမှာပင် အရှင်ဆန္နသည် သင်မုန်းဓားကိုယူ၍ မိမိအသက်ကို အဆုံးစီရင်လိုက်သည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအထံတော်သို့ သွား၍ ဤသို့လျှောက်ထားသည်။

"ဘုန်းတော်ကြီးမားတော်မူသော မြတ်စွာဘုရား၊ အရှင်ဆန္နသည် ဓားဖြင့် မိမိအသက်ကို အဆုံးစီရင်လိုက်ပါသည်။ အရှင်ဆန္နသည် အဘယ်ဂတိသို့ လားပါသနည်း"

"အို သာရိပုတ္တရာ၊ ဆန္နရဟန်းသည် သင်တို့မျက်မှောက်၌ပင် ချဉ်းကပ်စရာမရှိခြင်းကို ပြောကြားခဲ့သည် မဟုတ်လော"

"အရှင်ဘုရား ပုဗ္ဗဇိရမည်သော ဝဇ္ဇီရွာတွင် အရှင်ဆန္န ချဉ်းကပ်ရာ မိတ်ဆွေသူငယ်ချင်းအိမ်များ ရှိကြပါသည်"

"အို သာရိပုတ္တရာ၊ ဆန္နရဟန်းအား ချဉ်းကပ်ရာ မိတ်ဆွေသူငယ်ချင်းအိမ်များ ရှိကြသည်မှာ အမှန်ပင်ဖြစ်ပေသည်။ သို့ရာတွင် ငါဘုရားသည် ဤသို့ ချဉ်းကပ်စရာ ဒကာရှိကာမျှဖြင့် ချဉ်းကပ်စရာရှိသူဟု ဆိုတော်မမူ။ အို သာရိပုတ္တရာ၊ အကြင်သူသည် ဤကိုယ်ကောင်ကိုလည်း ပစ်ချ၏။ တစ်ပါးသော ကိုယ်ကာယကိုလည်းယူ၏။ ထိုသူကိုသာ ချဉ်းကပ်စရာရှိသူဟု ဆိုတော်မူသည်။

ထိုချဉ်းကပ်စရာသည် ဆန္ဒရဟန်းအား မရှိပြီ။ အို သာရိပုတ္တရာ၊ ဆန္ဒရဟန်းသည် ချဉ်းကပ်စရာမရှိဖြစ်၍ ဓားဖြင့် မိမိအသက်ကို အဆုံးစီရင်သည်ဟု မှတ်ယူလော့”

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရား၏ မိန့်တော်မူချက်ကို အလွန်နှစ်သက် ကျေနပ်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

ဤသုတ်တွင် အရှင်သာရိပုတ္တရာ၏ ပင်ကိုစိတ်နေစိတ်ထားလည်း ပေါ်လွင်ထင်ရှားသည်။ အရှင်မြတ်နှစ်ပါးတို့၏ ဆုံးမဩဝါဒများ၏ ထိရောက်ပုံလည်း ထင်ရှားသည်။ အရှင်ဆန္ဒသည် အရှင်မြတ်နှစ်ပါးတို့၏ ဆုံးမဩဝါဒဖြင့် သမသီသီ ရဟန္တာအဖြစ်သို့ ရောက်သည်။ သမသီသီရဟန္တာဆိုသည်မှာ ရဟန္တာအဖြစ်သို့ ရောက်ခြင်းနှင့် စုတိစိတ်ကျခြင်းတို့ တစ်ပြိုင်နက်ဖြစ်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်သည်။

ရဟန္တာပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိသတ်သည်ဟူ၍မရှိ။ ဤသို့သော စိတ်မချမ်းသာမှုမျိုး ရဟန္တာတွင်မရှိ။ အရှင်ဆန္ဒသည် ရောဂါဖိစီးသဖြင့် မိမိကိုယ်ကို သတ်သေရန် ဆုံးဖြတ်ထားသည်။ ဤအကြောင်းကိုသိသော အရှင်မြတ်နှစ်ပါးတို့သည် အရှင်ဆန္ဒအား ထိရောက်သော ဝိပဿနာတရားကို ဟောကြားဆုံးမတော်မူကြသည်။ အရှင်မြတ်တို့ ပြန်ကြွသွားသောအခါ အရှင်ဆန္ဒသည် သူ့ကိုယ်သူ ရဟန်းကိစ္စပြီးပြီထင်၍ လည်မျိုကို သင်ဓုန်းဓားနှင့် လှီးသည်။ လှီးလိုက်လျှင်ပင် သေမည့်ဘေးကို ကြောက်စိတ်ပေါ်လာသည်။ ထိုအခါ မိမိ ရဟန္တာမဖြစ်သေး။ ပုထုဇဉ်သာ ဖြစ်နေသည်ကို သိရသည်။ သိ၍ အရှင်မြတ်တို့ဩဝါဒအတိုင်း ဝိပဿနာကို နှလုံးသွင်းပွားများရာ ရဟန္တာအဖြစ်သို့ရောက်၍ ဝိညာဉ်ချုပ်သွားသည်။ ထို့ကြောင့် မြတ်စွာဘုရားက ဆန္ဒရဟန်းသည် တစ်စုံတစ်ခုသောဘဝသို့ မကပ်ရောက်ဘဲ ပရိနိဗ္ဗာန်ပြုသွားသည်ဟု မိန့်တော်မူသည်။

## ၇။ အရှင်သာရိပုတ္တရာ၏တရားနှင့် အနာထပိဏ်သူဌေး၏မျက်ရည်

(အနာထပိဏ္ဍိကောဝါဒသုတ်)

ဗုဒ္ဓ၏ သာဝကအပေါင်းတို့တွင် အရှင်သာရိပုတ္တရာသည် တရားဟောရာ၌ ပြိုင်ဘက်ကင်းသူဖြစ်သည်။ ထို့ကြောင့်ပင် မဟာသာဝကကြီးများက အရှင်သာရိပုတ္တရာကို ဓမ္မသေနာပတိ–တရားစစ်သူကြီးဟု သမုတ်တော်မူခဲ့ကြသည်။ သမုတ်တော်မူခဲ့ကြသည့်အတိုင်းပင် အရှင်သာရိပုတ္တရာသည် ဓမ္မသေနာပတိဟူသော ဂုဏ်နှင့် အလွန်ပင် လိုက်လျောညီညွတ်သည်။ ထိုဂုဏ်နှင့် အလွန်ပင် ထိုက်တန်သည်။ ဤသာသနာတွင် အကြီးကျယ်အခမ်းနားဆုံးဖြစ်သော ဇေတဝန်ကျောင်းတော်ကြီးကို ၅၄ ကုဋေ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့သော

ဗုဒ္ဓ၏ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးသည် သူ၏တစ်သက်တာတွင် ဗုဒ္ဓ၏ တရားဒေသနာတို့ကိုလည်း အကြိမ်ကြိမ် နာယူခဲ့ရသည်။ အခြားသာဝက ကြီးများ၏ တရားဒေသနာတို့ကိုလည်း အကြိမ်ကြိမ် နာယူခဲ့သည်။ သို့ရာတွင် မည်သည့်အခါမျှ ဝမ်းနည်းဝမ်းသာဖြစ်၍ မျက်ရည်ကျခဲ့ဖူးသည်ဟူ၍ မရှိ။ သေရာ ညောင်စောင်း၌ လျောင်းရသော နောက်ဆုံးအချိန်တွင် အရှင်သာရိပုတ္တရာ၏ ဩဝါဒတရားဒေသနာကို နာခံရသောအခါ၌ကား ဝမ်းသာဝမ်းနည်းဖြစ်၍ မျက်ရည်တုတ်တုတ် ကျခဲ့ရသည်။ ဤအချက်သည် အရှင်သာရိပုတ္တရာ မည်မျှ တရားဟောကောင်းသည်ကို အခိုင်အမာ ဖော်ပြလျက်ရှိပေသည်။

တစ်ခါသော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ကြီး၌ သီတင်းသုံးတော်မူသည်။ ထိုအခါ အနာထပိဏ်သူဌေးကြီးသည် အသက် အရွယ်ကလည်း ကြီးရင့်လှပြီဖြစ်၍ အပြင်းအထန် နာမကျန်းဖြစ်၍ သေရာညောင် စောင်း၌ လဲလျောင်းနေရသည်။ သူဌေးကြီးကား သောတာပန်ပုဂ္ဂိုလ်ဖြစ်သော ကြောင့် မြတ်စွာဘုရားကိုလည်း အလွန်ကြည်ညိုသည်။ အရှင်သာရိပုတ္တရာကို လည်း အထူးကြည်ညိုသည်။ သို့ဖြင့် သူဌေးကြီးသည် ယောကျ်ားတစ်ယောက်ကို ကျောင်းတော်သို့စေလွှတ်၍ မိမိအပြင်းအထန် နာမကျန်းဖြစ်သည်ကို မြတ်စွာ ဘုရားအားလည်း လျှောက်ထားစေသည်။ အရှင်သာရိပုတ္တရာကိုလည်း သူ၏အိမ်သို့ ခေတ္တကြွလာပါရန် ပင့်လျှောက်စေသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် အရှင်အာနန္ဒာကို နောက်ပါအဖော်ခေါ်ခဲ့၍ သူဌေးကြီး၏အိမ်သို့ မဆိုင်းမတွ ကြွသွားတော်မူသည်။ အိမ်သို့ရောက်သောအခါ အသင့်ခင်းထားသောနေရာတွင် ထိုင်၍ ဤသို့မေးမြန်းတော်မူသည်။

"အို သူကြွယ်၊ နေသာထိုင်သာ ရှိ၏လော၊ ရောဂါဝေဒနာ သက်သာ၏ လော"

"အရှင်ဘုရား နေသာထိုင်သာမရှိပါ၊ ရောဂါဝေဒနာ မသက်သာပါ၊ ရောဂါဝေဒနာ တိုး၍သာနေပါသည်။ ဦးခေါင်းကလည်း တူနှင့်အထုခံရသကဲ့သို့ အလွန်ကိုက်ခဲပါသည်။ ဝမ်းကလည်း နွားသတ်သမားတို့၏ဓားနှင့် လှီးဖြတ်နေ သကဲ့သို့ အလွန်နာကျင်ပါသည်။ ကိုယ်ကလည်း မီးကျီးစုတွင် အကင်ခံရသကဲ့သို့ အလွန်ပူလောင်ပါသည်"

၁။ "အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် မျက်စိကို မစွဲလမ်းအံ့၊ ငါအား မျက်စိကိုမှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ကျင့်ကြံရမည်။ ငါသည် နားကို မစွဲလမ်းအံ့၊ ငါအား နားကို မှီ၍ ဖြစ်သော

ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် နှာခေါင်းကို မစွဲလမ်းအံ့၊ ငါအား နှာခေါင်းကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် လျှာကို မစွဲလမ်းအံ့၊ ငါအား လျှာကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ကိုယ်ကို မစွဲလမ်းအံ့၊ ငါအား ကိုယ်ကိုမှီ၍ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် စိတ်ကို မစွဲလမ်းအံ့၊ ငါအား စိတ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

၂။ ''အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် ရူပါရုံကို မစွဲလမ်းအံ့၊ ငါအား ရူပါရုံကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် သဒ္ဒါရုံကို မစွဲလမ်းအံ့၊ ငါအား သဒ္ဒါရုံကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဂန္ဓာရုံကို မစွဲလမ်းအံ့၊ ငါအား ဂန္ဓာရုံကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ရသာရုံကို မစွဲလမ်းအံ့၊ ငါအား ရသာရုံကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဖောဋ္ဌဗ္ဗာရုံကို မစွဲလမ်းအံ့၊ ငါအားဖောဋ္ဌဗ္ဗာရုံကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဓမ္မာရုံကို မစွဲလမ်းအံ့၊ ငါအား ဓမ္မာရုံကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

၃။ ''အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် စက္ခုဝိညာဉ်ကို မစွဲလမ်းအံ့၊ ငါအား စက္ခုဝိညာဉ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် သောတဝိညာဉ်ကို မစွဲလမ်းအံ့၊ ငါအား သောတဝိညာဉ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည်မဖြစ်လတ္တံ့။ ငါသည် ဃာနဝိညာဉ်ကို မစွဲလမ်းအံ့၊ ငါအား ဃာနဝိညာဉ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဇိဝှာဝိညာဉ်ကို မစွဲလမ်းအံ့၊ ငါအား ဇိဝှာဝိညာဉ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ကာယဝိညာဉ်ကို မစွဲလမ်းအံ့၊ ငါအား ကာယဝိညာဉ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် မနောဝိညာဉ်ကို မစွဲလမ်းအံ့၊ ငါအား မနောဝိညာဉ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ ကျင့်ကြံရမည်''

၄။ ''အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် မျက်စိအတွေ့ကို မစွဲလမ်းအံ့၊ ငါအား မျက်စိအတွေ့ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် နားအတွေ့ကို မစွဲလမ်းအံ့၊ ငါအား နားအတွေ့ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် နှာခေါင်းအတွေ့ကို မစွဲလမ်းအံ့၊ ငါအား နှာခေါင်းအတွေ့ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည်

လျှာအတွေ့ကို မစွဲလမ်းအံ့၊ ငါ့အား လျှာအတွေ့ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ကိုယ်အတွေ့ကို မစွဲလမ်းအံ့၊ ငါ့အား ကိုယ်အတွေ့ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် စိတ်အတွေ့ကို မစွဲလမ်းအံ့၊ ငါ့အား စိတ်အတွေ့ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

၅။ ''အို သူကြွယ်၊ ထိုသို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မစွဲလမ်းအံ့၊ ငါ့အား မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် နားအတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မစွဲလမ်းအံ့။ ငါသည် နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မစွဲလမ်းအံ့။ ငါသည် လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မစွဲလမ်းအံ့။ ငါသည် ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မစွဲလမ်းအံ့။ ငါသည် စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မစွဲလမ်းအံ့။ ငါ့အား စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှုကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

၆။ ''အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် ပထဝီဓာတ်ကို မစွဲလမ်းအံ့၊ ငါ့အား ပထဝီဓာတ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် အာပေါဓာတ်ကို မစွဲလမ်းအံ့၊ ငါ့အား အာပေါဓာတ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် တေဇောဓာတ်ကို မစွဲလမ်းအံ့၊ ငါ့အား တေဇောဓာတ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဝါယောဓာတ်ကို မစွဲလမ်းအံ့၊ ငါ့အား ဝါယောဓာတ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် အာကာသဓာတ်ကို မစွဲလမ်းအံ့၊ ငါ့အား အာကာသဓာတ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဝိညာဏဓာတ်ကို မစွဲလမ်းအံ့၊ ငါ့အား ဝိညာဏဓာတ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

၇။ ''အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် ရုပ်ကို မစွဲလမ်းအံ့၊ ငါ့အား ရုပ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဝေဒနာကို မစွဲလမ်းအံ့၊ ငါ့အား ဝေဒနာကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် သညာကို မစွဲလမ်းအံ့၊ ငါ့အား သညာကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် သင်္ခါရကို မစွဲလမ်းအံ့၊ ငါ့အား သင်္ခါရကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဝိညာဉ်ကို မစွဲလမ်းအံ့၊

ငါ့အား ဝိညာဉ်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

၈။ ''အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် အာကာသာနဉ္စာယတနရျာန်ကို မစွဲလမ်းအံ့၊ ငါ့အား အာကာသာနဉ္စာယတနရျာန်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် ဝိညာဏဉ္စာယတနရျာန်ကို မစွဲလမ်းအံ့၊ ငါ့အား ဝိညာဏဉ္စာယတနရျာန်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် အာကိဉ္စညာယတနရျာန်ကို မစွဲလမ်းအံ့၊ ငါ့အား အာကိဉ္စညာယတနရျာန်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် နေဝသညာ နာသညာ ယတနရျာန်ကို မစွဲလမ်းအံ့၊ ငါ့အား နေဝသညာ နာသညာ ယတနရျာန်ကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

၉။ ''အို သူကြွယ်၊ သို့တပြီးကား ဤသို့ကျင့်ကြံရမည်။ ငါသည် ဤလောကကို မစွဲလမ်းအံ့၊ ငါ့အား ဤလောကကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် တစ်ပါးသောလောကကို မစွဲလမ်းအံ့၊ ငါ့အား တစ်ပါးသော လောကကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့။ ငါသည် မြင်အပ်သောအရာကို၊ ကြားအပ်သောအရာကို၊ ထိတွေ့အပ်သောအရာကို၊ သိအပ်သောအရာကို၊ ရောက်အပ်သောအရာကို၊ ရှာဖွေတွေ့ရှိအပ်သောအရာကို၊ အဖန်ဖန် ရှာဖွေတွေ့ရှိအပ်သောအရာကို၊ စိတ်ဖြင့် အဖန်ဖန် စဉ်းစားအပ်သောအရာကို မစွဲလမ်းအံ့၊ ငါ့အား ထိုအရာစုကို မှီ၍ ဖြစ်သော ဝိညာဉ်သည် မဖြစ်လတ္တံ့ဟု ဤသို့ကျင့်ကြံရမည်''

## အနာထပိဏ်သူဌေးကြီး ငိုကြွေးခြင်း

ဤသို့ ဟောကြားဆုံးမသောအခါ အနာထပိဏ်သူဌေးကြီးသည် ဝမ်းနည်း၍ ငိုကြွေးသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျသည်။ ထိုအခါ အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေးကြီးကို ဤသို့ဆိုသည်။

''အို သူကြွယ်၊ သင်သည် ငြိတွယ်သလော။ အို သူကြွယ်၊ သင်သည် ဆုတ်နစ်သလော''

''အရှင်အာနန္ဒာဘုရား၊ အကျွန်ုပ် မငြိတွယ်ပါ၊ ဆုတ်လည်း မဆုတ်နစ်ပါ၊ စင်စစ်သော်ကား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကြာမြင့်စွာ ဆည်းကပ်ခဲ့ပါသည်။ စိတ်ကို ပွားစေတတ်သော ရဟန်းတို့ကိုလည်း ဆည်းကပ်ခဲ့ပါသည်။ သို့ရာတွင် ဤသို့သောတရားစကားကို တစ်ခါမျှ မကြားနာခဲ့ရဖူးပါ''

"အို သူကြွယ်၊ အဝတ်ဖြူဝတ်သော လူသားတို့အား ဤတရားစကားမျိုးကို ဟောရန် စိတ်ကူးပေါက်တော်မမူကြကုန်။ ရှင်ရဟန်းတို့အားသာ ဤတရားစကားမျိုးကိုဟောရန် စိတ်ကူးပေါက်တော်မူကြသည်"

"အရှင်သာရိပုတ္တရာဘုရား သို့ဖြစ်မူကား အဝတ်ဖြူဝတ်သောလူသားတို့အားလည်း ဤတရားစကားမျိုးကို ဟောတော်မူပါ။ အရှင်ဘုရား ကိလေသာမြူတိမ်နည်းပါးသော ဉာဏ်မျက်စိရှိကြသည့် အမျိုးကောင်းသားတို့လည်း ရှိကြပါသည်။ ထိုသူတို့သည် မကြားမနာရသောကြောင့် တရားတော်မှ ယုတ်လျော့ကြရပါသည်။ တရားတော်ကို သိတတ်သူတို့ ဖြစ်ကြပါလိမ့်မည်"

ထို့နောက် အရှင်မြတ်နှစ်ပါးတို့သည် ထိုင်ရာမှထ၍ ပြန်ကြွသွားတော်မူကြသည်။ အရှင်မြတ်တို့ ကြွသွား၍ မကြာမီမှာပင် အနာထပိဏ်သူဌေးကြီး ကွယ်လွန်၍ တုသိတာနတ်ပြည်၌ ဖြစ်သည်။ ယင်းသို့ဖြစ်ပြီးနောက် အနာထပိဏ်နတ်သားသည် ညသန်းခေါင်ယံအချိန်တွင် ဇေတဝန်ကျောင်းတော် တစ်ခုလုံးကိုယ်ရောင်ကိုယ်ဝါဖြင့် ထိန်လင်းစေလျက် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ သင့်ရာတွင်ရပ်လျက် ဤသို့လျှောက်ထားသည်။

"ရဟန်းအပေါင်းတို့၏ ကိန်းအောင်းမွေ့လျော်ရာဖြစ်သော ဤဇေတဝန်ကျောင်းတော်ကြီးကား မြတ်စွာဘုရား၏ သီတင်းသုံးတော်မူရာလည်းဖြစ်၍ အကျွန်ုပ်၏ နှစ်သက်ခြင်းကို အလွန်အမင်း ဖြစ်စေပါဘိသည်၊

"သတ္တဝါတို့သည် ကံ အသိဉာဏ် တရား အကျင့်သီလ မြတ်သော အသက်မွေးခြင်းဟူသော ဤတရားတို့ဖြင့် စင်ကြယ်ကြသည်။ အမျိုးအနွယ်ဖြင့်လည်း မစင်ကြယ်နိုင်၊ ဥစ္စာပစ္စည်းဖြင့်လည်း မစင်ကြယ်နိုင်၊

"ထို့ကြောင့်သာလျှင် ပညာရှိသောယောကျ်ားသည် မိမိအကျိုးစီးပွားကို ကောင်းစွာကြည့်ရှု၍ သင့်သောအကြောင်းအားဖြင့် တရားကို စူးစမ်းရှာဖွေရာသည်။ ဤသို့ရှာဖွေသဖြင့်သာ ထိုဘဝ၌ စင်ကြယ်နိုင်သည်၊

"အရှင်သာရိပုတ္တရာသည် ပညာအားဖြင့်လည်းကောင်း၊ အကျင့်သီလအားဖြင့်လည်းကောင်း၊ ငြိမ်းချမ်းခြင်းအားဖြင့်လည်းကောင်း မြင့်မြတ်လှပါပေသည်။ နိဗ္ဗာန်ကမ်းတစ်ဖက်သို့ရောက်သော ရဟန်းတို့တွင် ဤအရှင်သာရိပုတ္တရာသာ အမြတ်ဆုံးဖြစ်ရာသည်"

မြတ်စွာဘုရားလည်း ဆိတ်ဆိတ်သာ နေတော်မူသည်။ ယင်းသို့ ဆိတ်ဆိတ်နေ၍ လက်ခံတော်မူသည်ဟု သိရသောအခါ အနာထပိဏ်နတ်သားသည် မြတ်စွာဘုရားကို ရှိခိုး၍ လက်ယာရစ်လှည့်ပြီး ထိုနေရာတွင်ပင်ကွယ်ပျောက်သွာ

သည်။ ထိုနေ့ည ကုန်ဆုံးသောအခါ မြတ်စွာဘုရားသည် ထိုအကြောင်းကို ရဟန်းတို့အား မိန့်ကြားတော်မူသည်။ နတ်သား၏အမည်ကိုကား ထုတ်ဖော်တော်မမူ။ ထိုအခါ အရှင်အာနန္ဒာက ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား ထိုနတ်သားသည် အနာထပိဏ်နတ်သား ဖြစ်ပါလိမ့်မည်။ အနာထပိဏ်သူဌေးကြီးသည် အရှင်သာရိပုတ္တရာ၌ အလွန်ကြည်ညိုပါသည်"

"အာနန္ဒာ၊ သာဓု သာဓု၊ အာနန္ဒာ သင်သည် တွေးခေါ်ကြံစည်မှုဖြင့် ရောက်သင့်ရောက်ထိုက်သော အဆင့်သို့ ရောက်ပြီးသူဖြစ်ပေသည်။ ထိုနတ်သားကား အနာထပိဏ်နတ်သားပင် ဖြစ်သည်"

ဤသို့ မိန့်တော်မူသောအခါ အရှင်အာနန္ဒာသည် အလွန်နှစ်သက်ဝမ်းမြောက်သည်။

ဤသုတ်တွင် အရှင်သာရိပုတ္တရာသည် နက်နဲသော အဆင့်မြင့်တရားကို ဟောကြားတော်မူသည်။ သောတာပန်ဖြစ်ပြီးသော သူဌေးကြီးအား အထက်မဂ်အထက်ဖိုလ်တို့သို့ တက်ရောက်နိုင်စေရန်အတွက် အရှင်းဆုံး အလွယ်ဆုံးနည်းဖြင့် ဟောကြားတော်မူသည်။

အရှင်မြတ်သည် မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဟူသော ကိုယ်တွင်းအာယတန ၆ ပါးတို့ကို မစွဲလမ်းရန် ပထမဟောကြားသည်။ ထို့နောက် အဆင်း အသံ အနံ့ အရသာ အတွေ့အထိ သဘာဝတရား ဟူသော အာရုံ ၆ ပါး၊ ထို့နောက် အမြင်စိတ် အကြားစိတ် အနံ့သိစိတ် အရသာသိစိတ် အတွေ့အထိသိစိတ် အာရုံသိစိတ် ဟူသော ဝိညာဉ် ၆ ပါး၊ ထို့နောက် မျက်စိအတွေ့ နားအတွေ့ နှာခေါင်းအတွေ့ လျှာအတွေ့ ကိုယ်အတွေ့ စိတ်အတွေ့ ဟူသော ဖဿ ၆ ပါး၊ ထို့နောက် ထိုအတွေ့ ၆ ပါးကြောင့် ခံစားမှုဝေဒနာ ၆ ပါး၊ ထို့နောက် ပထဝီစသော ဓာတ် ၆ ပါး၊ ထို့နောက် ရူပက္ခန္ဓာ စသော ခန္ဓာ ၅ ပါး၊ ထို့နောက် အာကာသနဉ္စာယတန သမာပတ် စသော အရူပသမာပတ် ၄ ပါး၊ ထို့နောက် ဤဘဝနောက်ဘဝနှင့် မြင် ကြား ထိတွေ့ သိရှိရသမျှ အရာအားလုံးတို့ကို မစွဲလမ်းရန် အစဉ်အတိုင်း ဟောကြားသည်။ အချုပ်အားဖြင့် ခန္ဓာ ၅ ပါး ရုပ်နာမ်တရားတို့တွင် ဘာကိုမျှ မစွဲလမ်းရန် ဆုံးမတော်မူခြင်းပင်ဖြစ်သည်။

ဤတရားကား သိမ်မွေ့နက်နဲ၍ အဆင့်အတန်း မြင့်လှသော်လည်း အလွန်ရှင်းလင်းပြတ်သားသည်။ တရားကို လိုလားသော ပုဂ္ဂိုလ်တို့အဖို့ အလွန်အားရနှစ်သက်ဖွယ်ကောင်းသည်။ ထို့ကြောင့် သောတာပန် အနာထပိဏ်သူဌေးကြီးပင် ဝမ်းသာဝမ်းနည်းဖြစ်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ငိုကြွေးခဲ့ရသတည်း။

## ၈။ ဆင်ခြေရာတရားတော် (မဟာဟတ္ထိပဒေါပမသုတ်)

ဗုဒ္ဓ၏တရားဒေသနာတော်တို့တွင် သစ္စာလေးပါးတရားသည် အချုပ်အချာဖြစ်သည်။ သစ္စာလေးပါးတို့တွင်လည်း ဒုက္ခသစ္စာသည် အလွန်အရေးကြီးသည်။ ဒုက္ခသစ္စာကိုသိမှ သမုဒယသစ္စာကို ပယ်ဖြတ်နိုင်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ဆင်းရဲဒုက္ခမှန်းသိမှ တပ်မက်တွယ်တာမှု နည်းပါးသည်။ တပ်မက်တွယ်တာမှုကို ဖြတ်နိုင်သည်။ ဒုက္ခသစ္စာကိုသိမှသာ နိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာကို သဘောပေါက်နိုင်သည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် ဤသုတ်တွင် ဒုက္ခသစ္စာကို သဘောပေါက်အောင် လက်တွေ့ကျကျ ဟောကြားတော်မူခဲ့သည်။ ပိဋကတ်သုံးပုံတွင် ဒုက္ခသစ္စာကို ဤမျှ လက်တွေ့ကျကျ အကျယ်တဝင့် ဟောပြသောသုတ်ကား မရှိဟုပင် ဆိုချင်သည်။

တစ်ခါသော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် ရဟန်းတို့ကို ဤသို့ဟောကြားတော်မူခဲ့သည်။

"ငါ့ရှင်တို့ ကုန်းမြေ၌သွားလာကြသော သတ္တဝါတို့၏ ခြေရာတို့တွင် ဆင်ခြေရာသည် အကြီးဆုံးဖြစ်သကဲ့သို့ ကုသိုလ်တရားတို့တွင် သစ္စာလေးပါးတရားသည် အကြီးကျယ်ဆုံးဖြစ်သည်။ အလုံးစုံသော ကုန်းသတ္တဝါတို့၏ ခြေရာသည် ဆင်ခြေရာ၌ စုပေါင်းပါဝင်လာသကဲ့သို့ အလုံးစုံသော ကုသိုလ်တရားတို့သည် သစ္စာလေးပါးတရား၌ စုပေါင်းပါဝင်လာကြသည်"

"ငါ့ရှင်တို့ သစ္စာလေးပါးကား အဘယ်နည်းဟူမူ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတို့ ဖြစ်ကြသည်"

"ငါ့ရှင်တို့ ဒုက္ခသစ္စာကား အဘယ်နည်းဟူမူကား ပဋိသန္ဓေနေခြင်း–ဇာတိလည်း ဒုက္ခသစ္စာဖြစ်သည်။ အိုမင်းခြင်း–ဇရာလည်း ဒုက္ခသစ္စာဖြစ်သည်။ သေဆုံးခြင်း–မရဏလည်း ဒုက္ခသစ္စာဖြစ်သည်။ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ အပြင်းအထန် ပူပန်ဆင်းရဲခြင်းတို့လည်း ဒုက္ခသစ္စာတို့ ဖြစ်ကြသည်။ လိုရာကိုမရခြင်းသည်လည်း ဆင်းရဲခြင်း–ဒုက္ခသစ္စာပင်ဖြစ်သည်။ အချုပ်အားဖြင့် ဥပါဒါန်၏အာရုံဖြစ်ထိုက်သော ခန္ဓာငါးပါးတို့လည်း ဆင်းရဲခြင်း–ဒုက္ခသစ္စာပင် ဖြစ်ကြသည်"

"ငါ့ရှင်တို့ ဥပါဒါန်၏အာရုံဖြစ်ထိုက်သော ခန္ဓာငါးပါးတို့ကား အဘယ်တို့နည်းဟူမူကား ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဟူသော ဥပါဒါနက္ခန္ဓာ၊ သညာဟူသော ဥပါဒါနက္ခန္ဓာ၊ သင်္ခါရဟူသော ဥပါဒါနက္ခန္ဓာ၊ ဝိညာဉ်ဟူသော ဥပါဒါနက္ခန္ဓာတို့ ဖြစ်ကြသည်"

"ငါ့ရှင်တို့ ရုပ်ဟူသော ရူပုပါဒါနက္ခန္ဓာသည် အဘယ်နည်းဟူမူကား မဟာဘုတ် ဓာတ်ကြီးလေးပါးနှင့် ယင်းဓာတ်ကြီးလေးပါးကို အစွဲပြု၍ဖြစ်သော ဥပါဒါရုပ် ၂၄ ပါးတို့ ဖြစ်ကြသည်"

"ငါ့ရှင်တို့ မဟာဘုတ်ဓာတ်ကြီး လေးပါးတို့ကား အဘယ်တို့နည်းဟူမူကား ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ ဖြစ်ကြသည်"

## ပထဝီဓာတ်

"ငါ့ရှင်တို့ ပထဝီဓာတ်သည် အဘယ်နည်းဟူမူကား ပထဝီဓာတ်သည် ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌လည်း ရှိသည်။ ပြင်ပ ဗဟိဒ္ဓသန္တာန်၌လည်း ရှိသည်။ ကိုယ်တွင်း၌ရှိသော ပထဝီဓာတ်ကား ခက်မာသောသဘောရှိသော ဆံပင်၊ မွေးညင်း၊ လက်သည်းခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ချဥ်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အပြင်၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း (၁၉)။ ထိုမှတစ်ပါး ကိုယ်တွင်း၌ဖြစ်သော ခက်မာသောသဘောရှိသော အခြား ပထဝီဓာတ်တို့ ဖြစ်ကြသည်။ ဤကိုယ်တွင်းရှိသော အဇ္ဈတ္တိက ပထဝီဓာတ် ခက်မာသော သဘောရှိသော မဟာပထဝီမြေကြီး စသော ပြင်ပ၌ရှိသော ဗဟိဒ္ဓ ပထဝီဓာတ်၊ ဤပထဝီဓာတ် နှစ်မျိုးတို့သည် ပထဝီဓာတ်သာဖြစ်ကြသည်။ ငါ ငါ့ဟာ ငါ့ကိုယ် မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုရမည်။ ဤသို့ရှုလျှင် ပထဝီဓာတ်၌ ငြီးငွေ့သည့် စိတ်သည် ပထဝီဓာတ်၌ မတပ်မက်"

"ငါ့ရှင်တို့ ဤအခါမျိုးသည် ရှိ၏။ အကြင်အခါ၌ ပြင်ပ ဝါယောဓာတ်သည် ပျက်၏။ ဤကမ္ဘာကို ရေဖျက်၏။ ထိုအခါ ပြင်ပပထဝီဓာတ်ဟူသော ဤမဟာပထဝီမြေကြီးသည် ပျောက်ကွယ်၏။ ရေအတိသာဖြစ်၏။

ငါ့ရှင်တို့ ဤမျှ ကြီးမားသော မဟာပထဝီမြေကြီး၏ပင် မမြဲသောသဘောသည် ထင်ရှားတံ့ဘိ၏။ ကုန်ခန်းခြင်းသဘောသည် ထင်ရှားတံ့ဘိ၏။ ပျက်စီးခြင်းသဘောသည် ထင်ရှားတံ့ဘိ၏။ တဏှာဖြင့် စွဲလမ်းရာ အနည်းငယ်မျှသာဖြစ်သော ဤကိုယ်ကာယအား ငါ ငါ့ဟာ ငါရှိသည်ဟု ထင်မှတ်စရာ အဘယ်မှာ ရှိအံ့နည်း။ စင်စစ်သော်ကား ပထဝီဓာတ်ဖြင့်ပြီးသော ဤကိုယ်ကာယ၌ ထင်မှတ်စွဲလမ်းစရာ မရှိသည်သာတည်း"

"ငါ့ရှင်တို့ ရဟန်းကို သူတစ်ပါးတို့က ဆဲဆိုရေရွတ်ကြငြားအံ့။ ထိုရဟန်းသည် ဤသို့ပြတ်သားစွာ သိမြင်၏။ ငါ့အား နားအတွေ့ကြောင့်ဖြစ်သော

ဆင်းရဲဒုက္ခသည် ဖြစ်ခဲ့၏။ ထိုဆင်းရဲဒုက္ခသည် အကြောင်းကိုစွဲ၍သာ ဖြစ်ပေါ်၏။ အကြောင်းမရှိဘဲ ဖြစ်ပေါ်သည်မဟုတ်။ အဘယ်အကြောင်းကို စွဲ၍ဖြစ်ပေါ်သနည်းဟူမူကား နား၌ ထိတွေ့ခြင်းဖဿကို အစွဲပြု၍ ဖြစ်ပေါ်၏။ ယင်းဖဿကား အမြဲမရှိ၊ အနိစ္စသာ ဖြစ်၏။ ယင်းကိုအစွဲပြု၍ ဖြစ်ပေါ်သော ဆင်းရဲခြင်းဒုက္ခဝေဒနာသည်လည်း အမြဲမရှိ၊ အနိစ္စသာဖြစ်၏။ ယင်းဝေဒနာနှင့်တကွဖြစ်သော သညာသည်လည်း အမြဲမရှိ၊ အနိစ္စသာဖြစ်၏။ ယင်းနှင့်အတူတကွ ဖြစ်သော စေတနာ စသော သင်္ခါရတို့သည်လည်း အမြဲမရှိကြကုန်၊ အနိစ္စသာဖြစ်ကြကုန်၏။ ယင်းနှင့်အတူတကွဖြစ်သော စိတ်ဝိညာဉ်သည်လည်း အမြဲမရှိ၊ အနိစ္စသာဖြစ်၏။ ဤသို့ရှု၏။ ပြတ်သားစွာသိမြင်၏။ ထိုရဟန်း၏စိတ်သည် ဓာတ်ဟူသော အာရုံသို့သာလျှင် ပြေးဝင်၏။ ကြည်လင်၏။ ကောင်းစွာရပ်တည်၏။ သက်ဝင်၏''

''ငါ့ရှင်တို့ အကယ်၍ ရဟန်းကို သူတစ်ပါးတို့က လက်ဝါးဖြင့် ရိုက်ငြားအံ့၊ ခဲဖြင့်ပစ်ငြားအံ့၊ တုတ်ဖြင့်ရိုက်ငြားအံ့၊ ဓားဖြင့်ခုတ်ငြားအံ့၊ ထိုရဟန်းသည် ဤသို့ ပြတ်သားစွာ သိမြင်၏''

''ငါ၏ကိုယ်ကား သူတစ်ပါးတို့ လက်ဝါးဖြင့်ရိုက်စရာလည်းဖြစ်၏။ ခဲဖြင့် ပစ်စရာလည်းဖြစ်၏။ တုတ်ဖြင့်ရိုက်စရာလည်းဖြစ်၏။ ဓားဖြင့် ခုတ်စရာလည်းဖြစ်၏။ မြတ်စွာဘုရားသည် လွှဥပမာဩဝါဒ၌ 'နှစ်ဖက်အရိုးတပ်သော လွှဖြင့် မိမိကိုယ်အင်္ဂါကို တိုက်ဖြတ်စေကာမူ ထိုသူ၌ စိတ်မပြစ်မှားရာ၊ အမျက်မထွက်ရာ၊ စိတ်ပြစ်မှားခဲ့သော် ငါ၏ဆုံးမဩဝါဒကို လိုက်နာသူမဟုတ်ဟု ဆုံးမတော်မူခဲ့သည်။ ငါသည် တရားကို အားထုတ်အပ်ပြီး ငါ၏သတိလည်း ကောင်းစွာတည်ရှိသည်။ ငါ၏စိတ်လည်း ကောင်းစွာ တည်ရှိသည်။ ငါ၏ ဤကိုယ်ကာယ၌ လက်ဝါး ခဲ တုတ် ဓားတို့ ကျရောက်လိုသမျှ ကျရောက်ကြပါစေ။ ငါကား မြတ်စွာဘုရား၏ ဆုံးမဩဝါဒကို လိုက်နာအပ်ပေသည်'ဟု ပြတ်သားစွာ သိမြင်၏''

''ငါ့ရှင်တို့ ဤသို့ မြတ်စွာဘုရားကို၊ တရားတော်ကို၊ သံဃာတော်ကို အောက်မေ့သတိရသော ရဟန်းအား ထိုဒုက္ခကို လျစ်လျူရှုခြင်း ဥပေက္ခာမတည်နိုင်ခဲ့သော် ယောက္ခမကိုမြင်လျှင် ချွေးမသည် ထိတ်လန့်ကြောက်ရွံ့သကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ခြင်း သံဝေဂ ဖြစ်ပေါ်သည်။ ထိုဒုက္ခကို လျစ်လျူရှုခြင်း ဥပေက္ခာ တည်စေနိုင်ခဲ့သော် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပေါ်သည်။ ငါ့ရှင်တို့ ဤမျှဖြင့်လည်း ထိုရဟန်းများစွာ ကျေးဇူးရှိပြီး ဖြစ်ပေသည်''

**အာပေါဓာတ်**

"ငါ့ရှင်တို့ အာပေါဓာတ်ကား အဘယ်နည်းဟူမူကား အာပေါဓာတ်သည် ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌လည်းရှိသည်၊ ပြင်ပ ဗဟိဒ္ဓသန္တာန်၌လည်း ရှိသည်၊ ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ရှိသော အာပေါဓာတ်ကား ယိုစီးခြင်းသဘောရှိသော သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ် (၁၂)။ ထိုမှတစ်ပါး ကိုယ်တွင်း၌ဖြစ်သော ယိုစီးခြင်းသဘော ရှိသော အခြားအာပေါဓာတ်တို့ ဖြစ်ကြသည်။ ဤကိုယ်တွင်း၌ဖြစ်သော အဇ္ဈတ္တက အာပေါဓာတ်၊ ပြင်ပ၌ဖြစ်သော ယိုစီးခြင်းသဘောရှိသော ပင်လယ်သမုဒ္ဒရာရေ စသော ဗဟိဒ္ဓအာပေါဓာတ် ဤအာပေါဓာတ်နှစ်မျိုးတို့သည် အာပေါဓာတ်သာ ဖြစ်ကြသည်။ ငါ ငါ့ဟာ ငါ့ကိုယ် မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့်ရှုရမည်။ ဤသို့ရှုလျှင် အာပေါဓာတ်၌ ငြီးငွေ့သည်။ စိတ်သည် အာပေါဓာတ်၌ မတပ်မက်"

"ငါ့ရှင်တို့ ဤအခါမျိုးသည် ရှိ၏။ အကြင်အခါ၌ ရေဟူသော အာပေါဓာတ်သည် ပျက်၏။ ထိုအခါ ထိုအာပေါဓာတ်သည် ရွာကိုသော်လည်း သယ်ဆောင်၏။ နိဂုံးကိုသော်လည်း သယ်ဆောင်၏။ မြို့ကိုသော်လည်း သယ်ဆောင်၏။ ဇနပုဒ်ကိုသော်လည်း သယ်ဆောင်၏။ ဇနပုဒ် တစ်စိတ်တစ်ဒေသကိုသော်လည်း သယ်ဆောင်၏"

"ငါ့ရှင်တို့ ဤအခါမျိုးသည် ရှိ၏။ မဟာသမုဒ္ဒရာ၌ ယူဇနာတစ်ရာ ရှိသော ရေတို့သည် လျော့ပါးကုန်၏။ ယူဇနာ နှစ်ရာ သုံးရာ လေးရာ ငါးရာ ခြောက်ရာ ခုနစ်ရာရှိသော ရေတို့သည် လျော့ပါးကုန်၏။ ငါ့ရှင်တို့ ဤအခါမျိုး သည် ရှိ၏။ မဟာသမုဒ္ဒရာရေသည် ထန်းခုနစ်ပြန်မျှသာ တည်ရှိ၏။ ထန်းခြောက် ပြန် ငါးပြန် လေးပြန် သုံးပြန် နှစ်ပြန် တစ်ပြန်မျှသာ တည်ရှိ၏။ ငါ့ရှင်တို့ ဤအခါမျိုးသည် ရှိ၏။ မဟာသမုဒ္ဒရာ၌ ရေသည် ခုနစ်သူမျှသာရှိ၏။ ခြောက်သူ ငါးသူ လေးသူ သုံးသူ နှစ်သူ တစ်သူမျှသာ တည်ရှိ၏။ ငါ့ရှင်တို့ ဤအခါမျိုး သည် ရှိ၏။ မဟာသမုဒ္ဒရာ၌ ရေသည် တစ်သူဝက်မျှသာတည်ရှိ၏။ [illegible] တည်ရှိ၏။ ဒူးဆစ်မျှသာ တည်ရှိ၏။ ဖမျက်မျှသာတည်ရှိ၏။ ငါ့ရှင်တို့ ဤအခါ မျိုးသည် ရှိ၏။ မဟာသမုဒ္ဒရာ၌ ရေသည် လက်တစ်ဆစ်စွတ်[illegible]"

"ငါ့ရှင်တို့ ဤမျှကြီးမားသော ပြင်ပအာပေါဓာတ်[illegible] သဘောသည် ထင်ရှားတုံဘိ၏။ ကုန်ခန်းခြင်းသဘောသည် [illegible] ပျက်စီးခြင်းသဘောသည် ထင်ရှားတုံဘိ၏။ တဏှာဖြင့် စွဲလမ်းရ[illegible] အနည်းငယ်မျှသော ဤကိုယ်ကာယအား ငါ ငါ့ဟာ ငါရှိသည်ဟု [illegible]

အဘယ်မှာရှိအံ့နည်း။ စင်စစ်သော်ကား အာပေါဓာတ် ၁၂ ပါးဖြင့်ပြီးသော ဤကိုယ်ကာယ၌ ထင်မှတ်စွဲလမ်းစရာ မရှိသည်သာတည်း။ လ။

"ငါ့ရှင်တို့ ဤမျှဖြင့်လည်း ထိုရဟန်းအား များစွာကျေးဇူးရှိပြီး ဖြစ်ပေသည်"

တေဇောဓာတ်

"ငါ့ရှင်တို့ တေဇောဓာတ်ကား အဘယ်နည်းဟူမူကား တေဇောဓာတ်သည် ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌လည်း ရှိသည်။ ပြင်ပ ဗဟိဒ္ဓသန္တာန်၌လည်း ရှိသည်။ ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ရှိသော တေဇောဓာတ်ကား ပူနွေးခြင်း-သန္တပ္ပနတေဇော၊ အိုမင်းရင့်ကျက်ခြင်း-ဇီရဏတေဇော၊ ကိုယ်သား ကိုယ်ရေပူလောင်ခြင်း-ဍာဟတေဇော၊ အစားအစာကို ကြေညက်စေတတ်သော ပါစကတေဇော၊ ထိုမှတစ်ပါး ရင့်ကျက်ခြင်းသဘောရှိသော၊ ပူခြင်းအေးခြင်း သဘောရှိသော အခြားသောတေဇောဓာတ်တို့ ဖြစ်ကြသည်။ ဤကိုယ်တွင်း၌ဖြစ်သော အဇ္ဈတ္တိက တေဇောဓာတ်၊ ပြင်ပဗဟိဒ္ဓသန္တာန်၌ဖြစ်သော အပူအအေး မီးဟူသော ဗဟိဒ္ဓတေဇောဓာတ်၊ ဤတေဇောဓာတ်နှစ်မျိုးတို့သည် တေဇောဓာတ်သာ ဖြစ်ကြသည်။ ငါ ငါ့ဟာ ငါ့ကိုယ်မဟုတ်ကြဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုရမည်။ ဤသို့ရှုလျှင် တေဇောဓာတ်၌ ငြီးငွေ့၏။ စိတ်သည် တေဇောဓာတ်၌ မတပ်မက်"

"ငါ့ရှင်တို့ ဤအခါမျိုးသည် ရှိ၏။ အကြင်အခါ၌ မီးဟူသော ပြင်ပတေဇောဓာတ်သည် ပျက်၏။ ထိုအခါ၌ မီးဟူသော ထိုတေဇောဓာတ်သည် ရွာကိုသော်လည်း လောင်၏။ နိဂုံးကိုသော်လည်း လောင်၏။ မြို့ကိုသော်လည်း လောင်၏။ ဇနပုဒ်ကိုသော်လည်း လောင်၏။ ဇနပုဒ်တစ်စိတ်တစ်ဒေသကိုသော်လည်း လောင်၏။ ထိုမီးဟူသော တေဇောဓာတ်သည် စိမ်းစိုရာသို့ ရောက်၍သော်လည်းကောင်း၊ လမ်းခရီးသို့ ရောက်၍သော်လည်းကောင်း၊ တောင်သို့ရောက်၍သော်လည်းကောင်း၊ ရေသို့ ရောက်၍သော်လည်းကောင်း၊ မွေ့လျော်ဖွယ်ကောင်းသော မြေတလင်းသို့ ရောက်၍သော်လည်းကောင်း လောင်စာမရှိသည်ဖြစ်၍ ငြိမ်းအေး၏။ ငါ့ရှင်တို့ ဤအခါမျိုးလည်းရှိ၏။ ကြက်တောင်ဖြင့်သော်လည်းကောင်း၊ သားရေမျှင်ဖြင့်သော်လည်းကောင်း မီးကို ရှာယူကြရ၏"

"ငါ့ရှင်တို့ ဤမျှကြီးမားသော ပြင်ပတေဇောဓာတ် မီးအစု၏ပင် မမြဲခြင်းသဘောသည် ထင်ရှားတုံဘိ၏။ ကုန်ခန်းခြင်းသဘောသည် ထင်ရှားတုံဘိ၏။

ပျက်စီးခြင်းသဘောသည် ထင်ရှားတုံဘိ၏။ တဏှာဖြင့် စွဲလမ်းရာဖြစ်သော အနည်းငယ်မျှသာဖြစ်သော ဤကိုယ်ကာယအား ငါ ငါ့ဟာ ငါ့ကိုယ်ဟု ထင်မှတ်စရာ အဘယ်မှာရှိအံ့နည်း။ စင်စစ်သော်ကား တေဇောဓာတ် ၄ ပါးဖြင့်ပြီးသော ဤကိုယ်ကာယ၌ ထင်မှတ်စွဲလမ်းစရာ မရှိသည်သာတည်း။ လ။

"ငါ့ရှင်တို့ ဤမျှဖြင့်လည်း ထိုရဟန်းအား များစွာကျေးဇူးရှိပြီး ဖြစ်ပေသည်"

ဝါယောဓာတ်

"ငါ့ရှင်တို့ ဝါယောဓာတ်ကား အဘယ်နည်းဟူမူကား ဝါယောဓာတ်သည် ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌လည်း ရှိသည်။ ပြင်ပ ဗဟိဒ္ဓသန္တာန်၌လည်း ရှိသည်။ ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ရှိသော ဝါယောဓာတ်ကား ရွေ့လျားခြင်းသဘော ရှိသော အထက်သို့ဆန်သော ဥဒ္ဓင်္ဂမလေ၊ အောက်သို့စုန်သော အဓောဂမလေ၊ ဝမ်းတွင်း၌တည်သော ကုစ္ဆိသယလေ၊ ကိုယ်အင်္ဂါအစုတို့၌တည်သော ကောဋ္ဌာသယလေ၊ အင်္ဂါကြီးငယ်တို့သို့ အစဉ်လျှောက်သော အင်္ဂမင်္ဂါနုသာရီလေ၊ ထွက်သက်ဝင်သက်လေ၊ ထိုမှတစ်ပါး ကိုယ်တွင်း၌ဖြစ်သော ရွေ့လျားခြင်းသဘောရှိသော အခြားဝါယောဓာတ်တို့ ဖြစ်ကြသည်။ ဤကိုယ်တွင်း၌ဖြစ်သော အဇ္ဈတ္တိက ဝါယောဓာတ်၊ ပြင်ပ၌ဖြစ်သော ဗဟိဒ္ဓဝါယောဓာတ်တို့သည် ဝါယောဓာတ်သာ ဖြစ်ကြသည်။ ငါ ငါ့ဟာ ငါ့ကိုယ်မဟုတ်ကြဟု ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ရှုရမည်။ ဤသို့ရှုလျှင် ဝါယောဓာတ်၌ ငြီးငွေ့သည်။ စိတ်သည် ဝါယောဓာတ်၌ မတပ်မက်"

"ငါ့ရှင်တို့ ဤအခါမျိုးသည် ရှိ၏။ အကြင်အခါ၌ လေဟူသော ဗဟိဒ္ဓ ဝါယောဓာတ်သည် ပျက်၏။ ထိုအခါ၌ ထိုဝါယောဓာတ်သည် ရွာကိုသော်လည်း ဆောင်ယူ၏။ နိဂုံးကိုသော်လည်း ဆောင်ယူ၏။ မြို့ကိုသော်လည်း ဆောင်ယူ၏။ ဇနပုဒ်ကိုသော်လည်း ဆောင်ယူ၏။ ဇနပုဒ် တစ်စိတ်တစ်ဒေသကိုသော်လည်း ဆောင်ယူ၏။ ငါ့ရှင်တို့ ဤအခါမျိုးလည်းရှိ၏။ နွေလတို့၏ နောက်ဆုံးလ၌ ထန်းရွက်ယပ်ဖြင့်သော်လည်းကောင်း၊ မီးမွေးယပ်ငယ်ဖြင့်သော်လည်းကောင်း လေကို ရှာယူကြရ၏"

"ငါ့ရှင်တို့ ဤမျှကြီးမားသော ပြင်ပဝါယောဓာတ် လေအစု၏ပင် မမြဲခြင်းသဘောသည် ထင်ရှားတုံဘိ၏။ ကုန်ခန်းခြင်းသဘောသည် ထင်ရှားတုံဘိ၏။ ပျက်စီးခြင်းသဘောသည် ထင်ရှားတုံဘိ၏။ ဖောက်ပြန်ခြင်းသဘောသည် ထင်ရှား

တုံဘိ၏။ တဏှာဖြင့် စွဲလမ်းရာဖြစ်သော အနည်းငယ်မျှသာဖြစ်သော ဤကိုယ်ကာယအား ငါ ငါ့ဟာ ငါ့ကိုယ်ဟု ထင်မှတ်စရာ အဘယ်မှာရှိအံ့နည်း။ စင်စစ်သော်ကား ဝါယောဓာတ် ၆ ပါးတို့ဖြင့်ပြီးသော ဤကိုယ်ကာယ၌ ထင်မှတ်စွဲလမ်းစရာ မရှိသည်သာတည်း။ လ။

"ငါ့ရှင်တို့ ဤမျှဖြင့်လည်း ထိုရဟန်းအား များစွာကျေးဇူးရှိပြီး ဖြစ်ပေသည်"

ခန္ဓာ ၅ ပါးနှင့် သစ္စာ ၄ ပါး

"ငါ့ရှင်တို့ ဥပမာအားဖြင့် သစ်သား ကြိမ်နွယ် မြက် မြေကြီးတို့ကို အစွဲပြု၍ အိမ်ဟုခေါ်ရသကဲ့သို့ အရိုး အကြော အသား အရေတို့ကို အစွဲပြု၍ ဤရုပ် ဤကိုယ်ဟု ခေါ်ရသည်။ ဤရုပ်ကိုယ်တွင် မျက်စိ၊ ပြင်ပရူပါရုံ၏ တိုက်ဆိုင်ခြင်း၊ နှလုံးသွင်းရှိခြင်းဟူသော အကြောင်း ၃ ပါးတို့ ပြည့်စုံလျှင် စက္ခုဝိညာဉ်-အမြင်စိတ် ဖြစ်ပေါ်သည်။ ယင်းသို့ဖြစ်ရာ၌ ရုပ်ကိုယ်သည် ရူပုပါဒါနက္ခန္ဓာဖြစ်သည်။ စက္ခုဝိညာဉ်နှင့်တကွဖြစ်သော ခံစားမှုဝေဒနာသည် ဝေဒနုပါဒါနက္ခန္ဓာဖြစ်သည်။ သိမှတ်မှုသညာသည် သညုပါဒါနက္ခန္ဓာဖြစ်သည်။ အာရုံ၌စေ့ဆော်မှုစေတနာသည် သင်္ခါရုပါဒါနက္ခန္ဓာဖြစ်သည်။ စက္ခုဝိညာဉ် အမြင်စိတ်ကား ဝိညာဏုပါဒါနက္ခန္ဓာဖြစ်သည်"

"ယင်းသို့ဖြစ်ရာ၌ ရဟန်းသည် ဤသို့ ပြတ်သားစွာ သိမြင်သည်။ ဤစက္ခုဝိညာဉ် အမြင်စိတ်ဖြစ်ရာ၌ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ စုပေါင်းဖြစ်ပေါ်ကြကုန်သည်။ မြတ်စွာဘုရားကလည်း 'အကြောင်းကို သိမြင်သူသည် တရားကို သိမြင်သည်၊ တရားကို သိမြင်သူသည် အကြောင်းကို သိမြင်သည်'ဟု ဟောတော်မူသည်။ ဤဥပါဒါနက္ခန္ဓာငါးပါးတို့လည်း အကြောင်းစွဲတရားတို့သာ ဖြစ်ကြသည်။ ဒုက္ခသစ္စာတရားတို့သာဖြစ်ကြသည်။ ဤဥပါဒါနက္ခန္ဓာငါးပါးတို့၌ တပ်မက်တွယ်တာသော တဏှာသည် ဒုက္ခ၏အကြောင်း-သမုဒယသစ္စာဖြစ်သည်။ ဤဥပါဒါနက္ခန္ဓာငါးပါးတို့၌ တပ်မက်တွယ်တာသော တဏှာကို ပယ်စွန့်ခြင်းသည် ဒုက္ခချုပ်ငြိမ်းခြင်း-နိရောဓသစ္စာ ဖြစ်သည်ဟု ပြတ်သားစွာ သိမြင်သည်"

"ငါ့ရှင်တို့ ဤမျှဖြင့်လည်း ရဟန်းအား များစွာကျေးဇူးရှိပြီး ဖြစ်ပေသည်"

"ငါ့ရှင်တို့ ဤရုပ်ကိုယ်တွင် နား၊ ပြင်ပသဒ္ဒါရုံ၏ တိုက်ဆိုင်ခြင်း၊ နှလုံးသွင်းခြင်းဟူသော အကြောင်း ၃ ပါးတို့ ပြည့်စုံလျှင် သောတဝိညာဉ်-အကြားစိတ် ဖြစ်ပေါ်သည်။ လ။

"ငါ့ရှင်တို့ ဤရုပ်ကိုယ်တွင် နှာခေါင်း၊ ပြင်ပဂန္ဓာရုံ၏ တိုက်ဆိုင်ခြင်း၊ နှလုံးသွင်းခြင်းဟူသော အကြောင်း ၃ ပါးတို့ ပြည့်စုံလျှင် ဃာနဝိညာဉ်–အနံ့သိစိတ် ဖြစ်ပေါ်သည်။ လ။

"ငါ့ရှင်တို့ ဤရုပ်ကိုယ်တွင် လျှာ၊ ပြင်ပရသာရုံ၏ တိုက်ဆိုင်ခြင်း၊ နှလုံးသွင်းခြင်းဟူသော အကြောင်း ၃ ပါးတို့ ပြည့်စုံလျှင် ဇိဝှာဝိညာဉ်–အရသာသိစိတ် ဖြစ်ပေါ်သည်။ လ။

"ငါ့ရှင်တို့ ဤရုပ်ကိုယ်တွင် ကိုယ်ကာယ၊ ပြင်ပဖောဋ္ဌဗ္ဗာရုံ၏ တိုက်ဆိုင်ခြင်း၊ နှလုံးသွင်းခြင်းဟူသော အကြောင်း ၃ ပါးတို့ ပြည့်စုံလျှင် ကာယဝိညာဉ်–အတွေ့အထိသိစိတ် ဖြစ်ပေါ်သည်။ လ။

"ငါ့ရှင်တို့ ဤရုပ်ကိုယ်တွင် ဘွင်စိတ်၊ ပြင်ပဓမ္မာရုံ၏ တိုက်ဆိုင်ခြင်း၊ နှလုံးသွင်းခြင်းဟူသော အကြောင်း ၃ ပါးတို့ ပြည့်စုံလျှင် မနောဝိညာဉ်–အာရုံသိစိတ် ဖြစ်ပေါ်သည်။ လ။

"ငါ့ရှင်တို့ ဤမျှဖြင့်လည်း ရဟန်းအား များစွာကျေးဇူးရှိပြီး ဖြစ်ပေသည်"

ဤသို့ဟောတော်မူသောအခါ ရဟန်းတို့ အလွန်နှစ်သက်ကြသည်။

ဤသုတ်သည် ဒုက္ခသစ္စာအဖွင့်ဖြစ်၍ အလွန်နက်နဲသိမ်မွေ့သည်။ အချုပ်မှာ ဒုက္ခသစ္စာတွင် ပါဝင်သော ဉပါဒါနက္ခန္ဓာ ၅ ပါးကား ဤခန္ဓာကိုယ်သာ ဖြစ်သည်။ ဤခန္ဓာကိုယ်တွင် ဓာတ်ကြီး ၄ ပါးနှင့်တကွ ရုပ်တရားစုသည် ရူပုပါဒါနက္ခန္ဓာ ဖြစ်သည်။ စက္ခုဝိညာဉ် စသည်ဖြစ်ရာ၌ ခံစားမှုဝေဒနာသည် ဝေဒနုပါဒါနက္ခန္ဓာ ဖြစ်သည်။ သိမှတ်မှုသညာသည် သညုပါဒါနက္ခန္ဓာဖြစ်သည်။ စေတနာ စသည်တို့သည် သင်္ခါရုပါဒါနက္ခန္ဓာ ဖြစ်သည်။ စိတ် ဝိညာဉ်သည် ဝိညာဏုပါဒါနက္ခန္ဓာ ဖြစ်သည်။ ယင်း ခန္ဓာ ၅ ပါးတို့ကား အနိစ္စသာဖြစ်၍ ဒုက္ခသစ္စာပင် ဖြစ်ကြသည်ဟု ဆိုလိုသည်။

ဤသုတ်တွင် အရှင်သာရိပုတ္တရာ၏ ပညာကြီးမားပုံ အလွန်ပင် ပေါ်လွင်ထင်ရှားသည်။ အရှင်မြတ်သည် ခန္ဓာကိုယ်တွင်ရှိသော ပထဝီဓာတ်၏ အမြဲမရှိသောသဘော ကုန်ခန်းတတ်သောသဘောကို သိစေလိုသဖြင့် ဗဟိဒ္ဓပထဝီဖြစ်သော ဤမဟာပထဝီမြေကြီး၏ အမြဲမရှိခြင်း၊ ကုန်ခန်းပျက်စီးတတ်ခြင်းကို နှိုင်းယှဉ်ဖော်ပြသည်။ ထို့အတူပင် ခန္ဓာကိုယ်တွင်ရှိသော အာပေါဓာတ်၏ အမြဲမရှိခြင်း ကုန်ခန်းတတ်ခြင်းသဘောကို သိစေလိုသဖြင့် ဗဟိဒ္ဓအာပေါဖြစ်သော မဟာသမုဒ္ဒရာ၏ အမြဲမရှိခြင်း ကုန်ခန်းတတ်ခြင်းကို နှိုင်းယှဉ်ဖော်ပြသည်။ ထို့အတူပင် ကိုယ်ခန္ဓာတွင်ရှိသော တေဇောဓာတ်၏ အမြဲမရှိခြင်း ကုန်ခန်းတတ်

ခြင်းသဘောကို သိစေလိုသဖြင့် ဗဟိဒ္ဓတေဇောဖြစ်သော မီး၏ အမြဲမရှိခြင်း ကုန်ခန်းတတ်ခြင်းကို နှိုင်းယှဉ်ဖော်ပြသည်။ ထို့အတူပင် ကိုယ်ခန္ဓာတွင်ရှိသော ဝါယောဓာတ်၏ အမြဲမရှိခြင်း ကုန်ခန်းတတ် ခြင်းသဘောကို သိစေလိုသဖြင့် ဗဟိဒ္ဓဝါယောဓာတ်ဖြစ်သော လေ၏ အမြဲမရှိခြင်း ကုန်ခန်းတတ်ခြင်းကို နှိုင်းယှဉ် ဖော်ပြသည်။ ဤသို့ဖော်ပြသဖြင့် ဤခန္ဓာကိုယ်သည် သတ္တဝါအကောင်အထည် မဟုတ် ဓာတ်အစုသာဖြစ်သည်ဟုလည်း သိစေသည်။ ယင်းသို့သိသဖြင့် ဝစီကံဖြင့် လွန်ကျူးမှု ကာယကံဖြင့် လွန်ကျူးမှုတို့ကို လျစ်လျူရှုကာ သည်းခံနိုင်စွမ်းရှိရ မည်ဟုလည်း သွယ်ဝိုက်၍ ဟောကြားဆုံးမတော်မူခဲ့သည်။

ထို့နောက် ခန္ဓာကိုယ်ကို အိမ်နှင့် ဥပမာပြု၍ ဤခန္ဓာကိုယ်တွင် မြင်ခြင်း ကြားခြင်း နံခြင်း စားသောက်ခြင်း ထိတွေ့ခြင်း ကြံစည်သိရှိခြင်းဟူသော စိတ်များ ဖြစ်ပွားရာတွင် ခန္ဓာ ၅ ပါးတို့ တဖွားဖွား ဖြစ်ကြပုံကိုလည်း လက်တွေ့ကျကျ ဖော်ပြတော်မူခဲ့သည်။ ထို့နောက် ဤခန္ဓာကိုယ်မှာပင် ဒုက္ခသစ္စာ၊ သမုဒယ သစ္စာတို့ ဖြစ်ပွားပုံကိုလည်း အကျဉ်းအားဖြင့် ဟောကြားတော်မူခဲ့သည်။ သမုဒယ သစ္စာနှင့် တစ်ဆက်တည်း ယင်းသမုဒယသစ္စာ တဏှာ၏ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာဖြစ်သည်ဟုလည်း ဟောကြားတော်မူခဲ့သည်။ ခန္ဓာကိုယ်ကို အမြဲမရှိ အနိစ္စသာဖြစ်သည်ဟု ရှုခြင်းမှာ မဂ္ဂသစ္စာအလုပ်ပင်ဖြစ်၍ မဂ္ဂသစ္စာကိုကား သီးခြားအမည်ထုတ်၍ ဟောတော်မမူခဲ့ပေ။

ထူးခြားသည်မှာ ပထဝီဓာတ် ၂၀ ကိုပြရာ၌ မတ္တလုင်္ဂခေါ် ဦးနှောက်ကို မထည့်ဘဲ ၁၉ ပါးသာ ပြတော်မူခဲ့သည်။ ဒုက္ခသစ္စာကို ပြရာ၌လည်း ဘစ္စဝိဘင်္ဂ သုတ်တွင် ဟောတော်မူသကဲ့သို့ ဇာတိကိုလည်း ပြတော်မမူ။ အပ္ပိယေဟိ သမ္ပ ယောဂ ဒုက္ခနှင့် ပိယေဟိ ဝိပ္ပယောဂ ဒုက္ခတို့ကိုလည်း ထည့်သွင်းဟောကြား တော်မမူခဲ့ပေ။ ဤအချက် ၂ ချက်ကိုလည်း အထူးသတိပြုသင့်လှပေသည်။

## ၉။ အရှင်မဟာမောဂ္ဂလ္လာန် ချီးကျူးသော တရားကောင်းတစ်ပုဒ် (အနင်္ဂဏသုတ္တန်)

အရှင်သာရိပုတ္တရာသည် မဟာပညာတေဒဂ်ရ အဂ္ဂသာဝကကြီးဖြစ်သော ကြောင့် လူ့စိတ်ကို အလွန်သိတတ်သည်။ တရားဟောရာ၌လည်း လူ့စိတ်နှင့် ကိုက်ညီအောင် ဟောတတ်သည်။ ထို့ကြောင့် အရှင်မြတ်နှင့်အလားတူ ဣဒ္ဓိမန္တ ဧတဒဂ်ရ အဂ္ဂသာဝကကြီးတစ်ပါး ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလ္လာန်ကပင်

အရှင်မြတ်အား ဤအချက်နှင့်ပတ်သက်၍ ဥပမာတစ်ခုဆောင်ကာ ချီးကျူးတော်မူခဲ့ရဖူးသည်။

တစ်ခါသော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် ရဟန်းတို့ကိုခေါ်၍ ဤသို့ ဟောကြားဆုံးမတော်မူခဲ့သည်။

"ငါ့ရှင်တို့ ဤလောက၌ ပုဂ္ဂိုလ်လေးမျိုးတို့ ရှိကြသည်။ အချို့သော ပုဂ္ဂိုလ်သည် မိမိ၌ အကုသိုလ်အလိုဆိုးရှိလျက် ငါ၌ ကိလေသာအလိုဆိုးရှိသည်ဟု ဟုတ်တိုင်းမှန်စွာမသိ၊ အချို့သော ပုဂ္ဂိုလ်သည် မိမိ၌ အကုသိုလ်အလိုဆိုးရှိသည်ကို ဟုတ်တိုင်းမှန်စွာ ရှိမှန်းသိသည်။ အချို့သော ပုဂ္ဂိုလ်သည် မိမိ၌ အကုသိုလ်အလိုဆိုး မရှိဘဲလျက် ငါ၌ အကုသိုလ်အလိုဆိုး မရှိဟု ဟုတ်တိုင်းမှန်စွာမသိ၊ အချို့သော ပုဂ္ဂိုလ်သည် မိမိ၌ အကုသိုလ်အလိုဆိုး မရှိသည်ကို ဟုတ်တိုင်းမှန်စွာ မရှိမှန်းသိသည်"

"ငါ့ရှင်တို့ ဤပုဂ္ဂိုလ်လေးမျိုးတွင် အကုသိုလ်အလိုဆိုးရှိသူ နှစ်မျိုးအနက် မိမိ၌ အကုသိုလ်အလိုဆိုးရှိမှန်း မသိသူသည် ယုတ်သည်။ မိမိ၌ အကုသိုလ်အလိုဆိုး ရှိမှန်းသိသူကမြတ်သည်။ ထို့အတူပင် အကုသိုလ်အလိုဆိုးမရှိသူ နှစ်မျိုးအနက် အကုသိုလ်အလိုဆိုး မရှိမှန်းမသိသူသည် ယုတ်သည်။ အကုသိုလ်အလိုဆိုး မရှိမှန်းသိသူက မြတ်သည်"

ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်သည် အရှင်သာရိပုတ္တရာအား ဤသို့ မေးမြန်းသည်။

"ငါ့ရှင် သာရိပုတ္တရာ အကုသိုလ်အလိုဆိုးရှိသူချင်းတူလျက် အဘယ်ကြောင့် တစ်ယောက်က ယုတ်၍ တစ်ယောက်က မြတ်သနည်း။ ထို့အတူပင် အကုသိုလ်အလိုဆိုး မရှိသူချင်းတူလျက် အဘယ်ကြောင့် တစ်ယောက်ကယုတ်၍ တစ်ယောက်ကမြတ်သနည်း"

"ငါ့ရှင် မောဂ္ဂလ္လာန်၊ မိမိသန္တာန်၌ အကုသိုလ်အလိုဆိုးရှိလျက် ရှိမှန်းမသိသောသူသည် အကုသိုလ်အလိုဆိုးကို ပယ်စွန့်ရန် ဆန္ဒရှိမည်လည်းမဟုတ်၊ ပယ်စွန့်ရန် အားထုတ်မည်လည်းမဟုတ်။ ဥပမာအားဖြင့် ဈေးမှဝယ်ခဲ့သော အညစ်အကြေးရှိသော ကြေးခွက်ကို အသုံးအစွဲလည်းမပြုဘဲ၊ ပွတ်တိုက်ခြင်းလည်းမရှိဘဲ၊ ဖုန်ရှိရာ၌ ပစ်ချထားခဲ့သော် တိုး၍သာ အညစ်အကြေးထူရာသကဲ့သို့ ထိုသူသည် အကုသိုလ်အလိုဆိုးရှိလျက် ကိလေသာအလိုဆိုးကို ပယ်ရန် ဆန္ဒလည်း မရှိ၊ အားလည်း မထုတ်သဖြင့် ညစ်နွမ်းသောစိတ်ဖြင့်သာ ကာလရပေလိမ့်မည်၊

''ငါ့ရှင် မောဂ္ဂလ္လာန်၊ မိမိသန္တာန်၌ အကုသိုလ်အလိုဆိုး ရှိသော်လည်း အကုသိုလ်အလိုဆိုး ရှိမှန်းသိသောသူသည် ထိုအကုသိုလ်အလိုဆိုးကို ပယ်စွန့်ရန် ဆန္ဒရှိစရာအကြောင်း ရှိသည်။ ပယ်စွန့်ရန် အားထုတ်စရာအကြောင်း ရှိသည်။ ဥပမာအားဖြင့် ဈေးမှဝယ်ခဲ့သော အညစ်အကြေးရှိသော ကြေးခွက်ကို အသုံးအစွဲလည်း ပြုခဲ့သော်၊ ပွတ်တိုက်ခြင်းလည်းရှိခဲ့သော်၊ ဖုန်ရှိရာ၌လည်း ပစ်ချမထားခဲ့သော် တဖြည်းဖြည်း တိုး၍ စင်ကြယ်လာသကဲ့သို့ ထိုသူသည် အကုသိုလ်အလိုဆိုး ရှိသော်လည်း အကုသိုလ်အလိုဆိုးကို ပယ်ရန် ဆန္ဒရှိသဖြင့်၊ အားထုတ်သဖြင့် အကုသိုလ်အလိုဆိုးကင်းလျက် မညစ်နွမ်းသောစိတ်ဖြင့်သာ သေရပေလိမ့်မည်၊

''ငါ့ရှင် မောဂ္ဂလ္လာန်၊ မိမိသန္တာန်၌ အကုသိုလ်အလိုဆိုး မရှိသော်လည်း ဟုတ်တိုင်းမှန်စွာ မရှိမှန်း မသိသောသူသည် အလှအပ–သုဘနိမိတ်ကို နှလုံးသွင်းစရာ အကြောင်း ရှိသည်။ အလှအပ–သုဘနိမိတ်ကို နှလုံးသွင်းခြင်းကြောင့် တပ်မက်ခြင်း–ရာဂသည် သူ့စိတ်ကို နှိပ်စက်ဖျက်ဆီးစရာ အကြောင်းရှိသည်။ ဥပမာအားဖြင့် ဈေးမှဝယ်လာသော အညစ်အကြေးကင်းသော ကြေးခွက်ကို အသုံးအစွဲလည်းမပြုဘဲ၊ ပွတ်တိုက်ခြင်းလည်းမရှိဘဲ၊ ဖုန်ထူရာ၌ ပစ်ချထားခဲ့သော် တဖြည်းဖြည်း အညစ်အကြေးတက်၍ မစင်ကြယ်ရာသကဲ့သို့ ထိုသူသည် အကုသိုလ်အလိုဆိုးမရှိသော်လည်း မရှိမှန်းမသိခြင်းကြောင့် အလှအပ–သုဘနိမိတ်ကို နှလုံးသွင်းသဖြင့် ရာဂ၏ နှိပ်စက်ဖျက်ဆီးခြင်းကို ခံရစရာအကြောင်းရှိသည်။ သို့ဖြင့် ထိုသူသည် အကုသိုလ်အလိုဆိုးရှိလျက် ညစ်နွမ်းသောစိတ်ဖြင့်သာ သေရပေလိမ့်မည်၊

''ငါ့ရှင် မောဂ္ဂလ္လာန်၊ မိမိသန္တာန်၌ အကုသိုလ်အလိုဆိုး မရှိသည်ကို ဟုတ်တိုင်းမှန်စွာ မရှိမှန်း သိသောသူသည် အလှအပ–သုဘနိမိတ်ကို နှလုံးမသွင်းလတ္တံ့။ ယင်းသို့ နှလုံးမသွင်းသဖြင့် ရာဂသည် သူ၏စိတ်ကို နှိပ်စက်ဖျက်ဆီးစရာ အကြောင်းမရှိ။ ဥပမာအားဖြင့် ဈေးမှဝယ်လာသော အညစ်အကြေးကင်းသော ကြေးခွက်ကို အသုံးအစွဲလည်း ပြုခဲ့သော်၊ ပွတ်တိုက်ခြင်းလည်း ရှိခဲ့သော်၊ ဖုန်ထူရာ၌လည်း ပစ်ချမထားခဲ့သော် တဖြည်းဖြည်း တိုး၍သာ စင်ကြယ်ရာသကဲ့သို့ ထိုသူသည် အလှအပ–သုဘနိမိတ်ကို နှလုံးမသွင်းသဖြင့် ရာဂသည် သူ၏စိတ်ကို နှိပ်စက်ဖျက်ဆီးစရာ အကြောင်းမရှိ။ သို့ဖြင့် ထိုသူသည် အကုသိုလ်အလိုဆိုးမရှိဘဲ မညစ်နွမ်းသောစိတ်ဖြင့်သာ သေရပေလိမ့်မည်၊

''ငါ့ရှင် မောဂ္ဂလ္လာန်၊ ဤကား အယုတ် အမြတ် ကွဲပြားခြင်း၏ အကြောင်းတည်း''

"ငါ့ရှင် သာရိပုတ္တရာ၊ အင်္ဂဏ အင်္ဂဏဟု ဆိုကြ၏။ ယင်းအင်္ဂဏကား အဘယ်၏အမည်ဖြစ်သနည်း"

"ငါ့ရှင် မောဂ္ဂလ္လာန်၊ အင်္ဂဏသည် အကုသိုလ်အလိုဆိုး၏ အမည်ဖြစ်သည်"

၁။ "ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ငါ အာပတ်သင့်လျှင် အခြားရဟန်းတို့ မသိကြပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် အခြားရဟန်းတို့က သိကြကုန်ရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း ဒေါသ၊ စိတ်မချမ်းသာခြင်း ဒေါမနဿဝေဒနာ နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၂။ "ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ငါ အာပတ်သင့်လျှင် ရဟန်းတို့က ဆိတ်ကွယ်ရာ၌ စောဒနာကြပါစေ၊ သံဃအလယ်၌ မစောဒနာကြပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် အခြားရဟန်းတို့က သံဃအလယ်၌ ထိုရဟန်းကို စောဒနာကြကုန်ရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၃။ "ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ငါ အာပတ်သင့်လျှင် ငါ့ကို သဘောတူသောပုဂ္ဂိုလ်က စောဒနာပါစေ၊ သဘောမတူသော ဆန့်ကျင်ဘက်ပုဂ္ဂိုလ်က မစောဒနာပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် ထိုရဟန်းကို သဘောမတူသော ရန်သူပုဂ္ဂိုလ်က စောဒနာရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၄။ "ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'မြတ်စွာဘုရားသည် ငါ့ကိုသာ မေး၍မေး၍ ရဟန်းတို့အား တရားဟောတော်မူပါစေ၊ အခြားရဟန်းကို မေး၍မေး၍ ရဟန်းတို့အား တရားဟောတော်မမူပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် မြတ်စွာဘုရားသည် အခြားရဟန်းကို မေး၍မေး၍ ရဟန်းတို့အား တရားဟောတော်မူ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၅။ ''ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ရဟန်းတို့သည် ငါ့ကိုသာလျှင် ရှေ့သွားပြု၍ပြု၍ ရွာတွင်းသို့ ဆွမ်းခံဝင်ကြပါစေ၊ အခြားရဟန်းကို ရှေ့သွားပြု၍ပြု၍ ရွာတွင်းသို့ ဆွမ်းခံမဝင်ကြပါစေနှင့်'ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် ရဟန်းတို့သည် အခြားရဟန်းကို ရှေ့သွားပြု၍ပြု၍ ရွာတွင်းသို့ ဆွမ်းခံဝင်ကြကုန်ရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၆။ ''ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ငါသည်သာလျှင် ဆွမ်းကျွေးရာဌာန၌ နေရာဦး ရေဦး ဆွမ်းဦးကို ရပါစေ၊ အခြားရဟန်း မရပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် အခြားရဟန်းက နေရာဦး ရေဦး ဆွမ်းဦးကို ရရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၇။ ''ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ငါသည်သာလျှင် ဆွမ်းကျွေးရာဌာန၌ ဆွမ်းစားပြီးသောအခါ အနုမောဒနာပြုရပါစေ၊ အခြားရဟန်း မပြုရပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် အခြားရဟန်းက အနုမောဒနာပြုရရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၈-၁၁။ ''ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ငါသည်သာလျှင် ကျောင်းအရံအတွင်းသို့ ရောက်လာကြသော ရဟန်းတို့အား၊ ဘိက္ခုနီတို့အား၊ ဥပါသကာတို့အား၊ ဥပါသိကာတို့အား တရားဟောရပါစေ' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် အခြားရဟန်းက တရားဟောရရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၁၂။ ''ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ရဟန်းတို့သည် ငါ့ကိုသာ ရိုသေပူဇော်ကြပါစေ၊ အခြားရဟန်းကို မရိုသေ မပူဇော်ကြပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် ရဟန်းတို့ အခြားရဟန်းကို ရိုသေပူဇော်ကြကုန်ရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊

စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၁၃-၁၅။ ''ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ဘိက္ခုနီတို့သည်၊ ဥပါသကာတို့သည်၊ ဥပါသိကာတို့သည် ငါ့ကိုသာ ရိုသေပူဇော်ကြပါစေ၊ အခြားရဟန်းကို မရိုသေ မပူဇော်ကြပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် ဘိက္ခုနီတို့သည်၊ ဥပါသကာတို့သည်၊ ဥပါသိကာတို့သည် အခြားရဟန်းကို ရိုသေပူဇော်ကြကုန်ရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

၁၆-၁၉။ ''ငါ့ရှင်တို့ ဤသာသနာတော်၌ အချို့သောရဟန်းအား 'ငါသာလျှင် သင်္ကန်းကောင်းတို့ကိုရသူ၊ ဆွမ်းကောင်းတို့ကိုရသူ၊ ကျောင်းကောင်းတို့ကိုရသူ၊ ဆေးဝါးကောင်းတို့ကိုရသူ ဖြစ်ပါစေ။ အခြားရဟန်း မဖြစ်ပါစေနှင့်' ဟူသော အလိုဆန္ဒသည် ဖြစ်ရာ၏။ သို့ရာတွင် အခြားရဟန်းသည် သင်္ကန်းကောင်းတို့ကို ရသူ၊ ဆွမ်းကောင်းတို့ကိုရသူ၊ ကျောင်းကောင်းတို့ကို ရသူ၊ ဆေးကောင်းဝါးကောင်းတို့ကို ရသူ ဖြစ်ရာ၏။ ထိုအခါ ထိုရဟန်းအား အမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ ဖြစ်ကြကုန်၏။ ဤအမျက်ထွက်ခြင်း၊ စိတ်မချမ်းသာခြင်း နှစ်ပါးစုံသည် အကုသိုလ်အလိုဆိုးပင် ဖြစ်သည်၊

''ငါ့ရှင်တို့ တစ်စုံတစ်ယောက်သော ရဟန်းအား ဤအကုသိုလ်အလိုဆိုးတို့ ရှိနေကြသည်ကို မြင်ကြ ကြားကြရလျှင် ထိုရဟန်းသည် တောရဆောက်တည်သော ရဟန်း၊ ဆွမ်းခံ၍သာစားသော ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သောရဟန်း၊ ပံသကူဓုတင် ဆောက်တည်သောရဟန်းပင် ဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့က မရိုသေ မပူဇော်ကြကုန်။ ဥပမာအားဖြင့် သန့်ရှင်းစင်ကြယ်သော ကြေးခွက်၌ မြွေကောင်ပုပ်၊ ခွေးကောင်ပုပ် လူကောင်ပုပ်ကို ဟင်းလျာလုပ်၍ ထည့်ပြီးလျှင် အပေါ်က ကြေးခွက်တစ်ခုအုပ်၍ ဈေး၌ကည်ခင်းရာ၏။ ထိုအခါ လူအပေါင်းကလာ၍ 'အို အချင်း၊ အဘယ်ကိုဆောင်ယူခဲ့သနည်း၊ အကောင်းဟုတ် အကောင်းနှင့် တူပေ၏' ဟု ဆို၍ ဖွင့်လှစ်ကြည့်ရှုကြရာ၏။ ထိုအကောင်ပုပ် ဟင်းလျာကို မြင်သည်နှင့်တစ်ပြိုင်နက် ထိုလူအပေါင်းအား မနှစ်သက် စက်ဆုပ် ရွံရှာခြင်းသာ ဖြစ်ရာ၏။ ဆာလောင်သောသူအားပင် စားလိုစိတ် မဖြစ်ပေရာ။ ထမင်းဝပြီးသော မဆာလောင်သောသူအားကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။ ငါ့ရှင်တို့ ထို့အတူသာလျှင် တစ်စုံတစ်ယောက်သော ရဟန်းအား ဤအကုသိုလ်

အလိုဆိုးတို့ ရှိနေကြသည်ကို မြင်ရ ကြားရလျှင် ထိုရဟန်းသည် တောရဆောက်တည်သောရဟန်း၊ ဆွမ်းခံ၍သာစားသော ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်း၊ ပံ့သကူဓုတင်ဆောင်ရဟန်းပင် ဖြစ်စေကာမူ သီတင်းသုံးဖော်တို့က ထိုရဟန်းကို မရိုသေမပူဇော်ကြကုန်၊

"ငါ့ရှင်တို့ တစ်စုံတစ်ယောက်သော ရဟန်းအား ဤအကုသိုလ်အလိုဆိုးတို့ မရှိသည်ကို မြင်ရကြားရလျှင် ထိုရဟန်းသည် ရွာနေရဟန်း၊ ပင့်ဖိတ်သောဆွမ်းကို ခံယူသောရဟန်း၊ လှူတို့လှူသော သင်္ကန်းကို ဝတ်ရုံသောရဟန်းပင် ဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့က ရိုသေပူဇော်ကြသည်။ ဥပမာအားဖြင့် သန့်ရှင်းစင်ကြယ်သော ကြေးခွက်၌ သလေးထမင်းကို ဟင်းလျာများစွာနှင့် ထည့်ပြီးလျှင် အပေါ်က ကြေးခွက်တစ်ခုပိတ်၍ ဈေး၌တည်ခင်းရာ၏။ ထိုအခါ လူအပေါင်းကလာ၍ 'အို အချင်း၊ အဘယ်ကိုဆောင်ယူခဲ့သနည်း၊ အကောင်းထက်အကောင်းနှင့်တူ၏' ဟု ဆို၍ ဖွင့်လှစ်ကြည့်ရှုကြရာ၏။ ထိုထမင်းဟင်းလျာကို မြင်သည်နှင့်တစ်ပြိုင်နက် ထိုလူအပေါင်းအား နှစ်သက်ခြင်း မစက်ဆုပ် မရွံရှာခြင်းသာ ဖြစ်ရာ၏။ ထမင်းဝပြီးသောသူအားပင် စားလိုစိတ်ဖြစ်ပေါ်ပေရာ၏။ ဆာလောင်သောသူအားကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ငါ့ရှင်တို့ ထို့အတူသာလျှင် တစ်စုံတစ်ယောက်သောရဟန်းအား ဤအကုသိုလ်အလိုဆိုးတို့ မရှိကြသည်ကို မြင်ရ ကြားရလျှင် ထိုရဟန်းသည် ရွာနေရဟန်း၊ ပင့်ဖိတ်သောဆွမ်းကို ခံယူသောရဟန်း၊ လှူတို့လှူသောသင်္ကန်းကို ဝတ်ရုံသောရဟန်းပင်ဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့က ရိုသေပူဇော်ကြပေသည်"

"ငါ့ရှင် သာရိပုတ္တရာ၊ ဥပမာတစ်ခု ထင်လာသည်"

"ငါ့ရှင် မောဂ္ဂလ္လာန်၊ ထိုဥပမာကို ဆိုပါလော့"

"ငါ့ရှင်တို့ ငါသည် တစ်ခါက ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ခဲ့သည်။ ထိုအခါ သမိတိအမည်ရှိသော ယာဉ်လုပ်သမားသားသည် ရထား၏ အကွပ်တံကျ ကို ခုတ်ရွှေနေပေသည်။ သူ့အနီးတွင် ရှေးက ယာဉ်လုပ်သမားသား ဖြစ်ခဲ့ဖူးသော ပဏ္ဍုပုတ္တပရိဗိုဇ်လည်း ရှိနေသည်။ ထိုအခါ ပဏ္ဍုပုတ္တပရိဗိုဇ်အား 'ဤအကောက် ဤအကွေး ဤအပြစ်အနာတို့ကို ရွှေလိုက်လျှင် ဤရထားဘီးအကွပ်တံကျသည် အကောက်အကွေ့ အပြစ်အနာကင်း၍ အနှစ်ချည်းကျန်ရာ၏' ဟု အကြံဖြစ်သည်။ ယင်းသို့ကြံသည့်အတိုင်းပင် သမိတိကလည်း ခုတ်ရွှေသည်။

ထိုအခါ ပဏ္ဍုပုတ္တ ပရိဗိုဇ်က 'စိတ်ဖြင့် စိတ်ကို သိသကဲ့သို့ ခုတ်ရွေသည်'ဟု နှစ်သက်စကားကို ပြောကြားသည်၊

''ငါ့ရှင်တို့ ထိုအတူသာလျှင် အရှင်သာရိပုတ္တရာသည် ဤသာသနာတော်၌ သဒ္ဓါတရားမရှိဘဲ အသက်မွေးဝမ်းကျောင်းအတွက် ရဟန်းပြုလာကြသော၊ ကောက်ကျစ်စဉ်းလဲကြကုန်သော၊ ဣန္ဒြေကို မစောင့်စည်းကြကုန်သော၊ သတိသမ္ပဇဉ်မရှိသော၊ ပညာမဲ့သော ရဟန်းတို့ကို ဤတရားဒေသနာဖြင့် စိတ်ဖြင့် စိတ်ကို သိသကဲ့သို့ ခုတ်ရွေလိုက်ပေသည်၊

''ငါ့ရှင်တို့ ဤသာသနာတော်၌ သဒ္ဓါတရားဖြင့် ရဟန်းပြုလာကြသော၊ ကောက်ကျစ်စဉ်းလဲခြင်း မရှိကြကုန်သော၊ ဣန္ဒြေကို စောင့်စည်းကြကုန်သော၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံကြကုန်သော၊ ပညာရှိသော ရဟန်းတို့ကား အရှင်သာရိပုတ္တရာ၏ ဤတရားဒေသနာကို ကြားနာရ၍ တရားအရသာကို သောက်ကြစားကြသကဲ့သို့ 'အချင်းတို့ ကောင်းပေစွ၊ ငါတို့၏ သီတင်းသုံးဖော်သည် အကုသိုလ်တရားမှ ထစေ၍ ကုသိုလ်တရား၌ တည်စေပါပေသည်'ဟု နှုတ်ကလည်း ချီးမွမ်းကြသည်။ စိတ်ကလည်း နှစ်သက်ကြသည်။ ဥပမာအားဖြင့် တန်ဆာဆင်ယင်လိုသည့် သဘောရှိသော ခေါင်းလျှော်ပြီးစ အပျို လူပျိုသည် ကြာညိုပန်းကိုသော်လည်းကောင်း၊ မြတ်လေးပန်းကိုသော်လည်းကောင်း၊ ဘိန်းနွယ်ပန်းကိုသော်လည်းကောင်း ရသည်ရှိသော် လက်နှစ်ဖက်တို့ဖြင့် ကောင်းစွာယူ၍ ဦးခေါင်းထက်၌ ပန်ဆင်ကြသကဲ့သို့ သဒ္ဓါတရားရှိကြကုန်သော၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံကြကုန်သော၊ မကောက်ကျစ် မစဉ်းလဲကြကုန်သော၊ ပညာရှိကြကုန်သော ရဟန်းတို့သည် အရှင်သာရိပုတ္တရာ၏ ဤတရားဒေသနာကို ကြားနာရ၍ အရသာကောင်းကို သောက်ကြစားကြကုန်သကဲ့သို့ နှုတ်ကလည်း ချီးမွမ်းကြကုန်၏။ စိတ်ကလည်း နှစ်သက်ဝမ်းမြောက်ကြကုန်၏''

အရှင်မြတ်၏တရားကို အရှင်မဟာမောဂ္ဂလ္လာန်ကပင် ဤသို့ချီးကျူးခံရသတည်း။

## ၁၀။ တောရတရား (ဂေါလိယာနိသုတ်)

အရှင်သာရိပုတ္တရာသည် ပညာကြီးရုံ တရားဟောကောင်းရုံ သဘောကား မြင့်မြတ်ရုံသာမက သာသနာတော်၏တာဝန်ကိုလည်း အလွန်ထမ်းဆောင်တော်မူတတ်သည်။ ဗုဒ္ဓသာသနာတော်ကြီးတစ်ခုလုံးကို မိမိပခုံးဖြင့် ထမ်းဆောင်ထားဘိသကဲ့သို့ ကိစ္စတာဝန်အားလုံးကို သိမ်းကျုံး၍ အကွက်စေ့အောင် ပြုကျင့်ထမ်း

ဆောင်သည်။ ဗုဒ္ဓဝါဒနှင့်ပတ်သက်၍ တစ်ပါးသော ပရိဗိုဇ်ရဟန်းပုဏ္ဏားတို့က တိုက်ခိုက်ပြောဆိုလာလျှင် ခုခံ၍ တွန်းလှန်ဖြေရှင်းသည်။ အမြို့မြို့ အရွာရွာ လှည့်လည်သွားလာ၍ တရားဟောသည်။ သာသနာတော် ပြန့်ပွားအောင် ဆောင်ရွက်သည်။ မိမိနှင့်အတူတကွ သီတင်းသုံးဖော်ဖြစ်သော ရဟန်းတော်တို့အား ပြင်ပတိတ္ထိများက ကဲ့ရဲ့ပြောဆိုစရာမရှိအောင် အစစအရာရာ ကာကွယ်စောင့်ရှောက်သည်။ ယုတ်စွအဆုံး အမှိုက်မလှည်းရသေးလျှင် အမှိုက်လှည်းသည်။ ရေအိုး၌ ရေမရှိလျှင် ရေဖြည့်သည်။ မကျန်းမာသောရဟန်းတို့အား အခြေအနေကို မေးမြန်း၍ လိုအပ်သလို စောင့်ရှောက်ကူညီသည်။ မိမိ၏ သီတင်းသုံးဖော်တို့တွင် မသင့်မလျော်သည်ကို တွေ့မြင်လျှင် ပြောဆိုဆုံးမသည်။ ယုံမှားသံသယရှိလျှင် ရှင်းပြသည်။ မသိနားမလည်သောအရာရှိလျှင် ပြောဆိုသွန်သင်သည်။ အရှင်သာရိပုတ္တရာကား အတုမဲ့ဗုဒ္ဓ၏ တရားစစ်သူကြီး ပီသလှပေသည်။

တစ်ခါသော် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာပေး၍ မွေးမြူရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ တောရ အရညကင်ဓုတင်ဆောက်တည်သော ရဟန်းတစ်ပါးသည် ကိစ္စတစ်စုံတစ်ရာဖြင့် သံဃာ့အလယ်သို့ ရောက်လာသည်။ ထိုတောရရဟန်းကား ဂေါလိယာနိ အမည်ရှိသော ရဟန်းဖြစ်သည်။ အရှင်ဂေါလိယာနိသည် တောရဆောက်တည်သော်လည်း အကျင့်အားနည်းသူဖြစ်သည်။ အရှင်သာရိပုတ္တရာသည် ထိုအကြောင်းကို ကောင်းကောင်းသိထားသဖြင့် အရှင်ဂေါလိယာနိကို ရည်ညွှန်း၍ ရဟန်းတို့အား တောရတရားကို ဤသို့ဟောကြားသည်။

၁။ "ငါ့ရှင်တို့ အရညကင်ဓုတင် ဆောက်တည်သော တောရရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင်၊ သံဃာ၌နေလျှင် သီတင်းသုံးဖော်တို့၌ ရိုသေခြင်းရှိသူ၊ လေးစားခြင်းရှိသူ ဖြစ်ရမည်။ သီတင်းသုံးဖော်တို့၌ ရိုသေခြင်းရှိသူ၊ လေးစားခြင်းရှိသူ မဖြစ်ခဲ့လျှင် 'ဤအရှင်သည် သီတင်းသုံးဖော်တို့၌ ရိုသေလေးစားခြင်းမှု မရှိသူ ဖြစ်သည်။ ဤအရှင်အား အရညကင်ဓုတင် ဆောက်တည်၍ တော၌ နေချင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်"

၂။ "ငါ့ရှင်တို့ အရညကင်ဓုတင် ဆောက်တည်သော တောရရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင်၊ သံဃာ၌နေလျှင် 'ငါသည် မထေရ်ကြီးတို့ကို တိုးဝှေ့၍ မထိုင်အံ့၊ ရဟန်းငယ်တို့ကိုလည်း နေရာဖြင့် မတားမြစ်အံ့'ဟု နေရာထိုင်ခင်း၌ လိမ္မာသူ ဖြစ်ရမည်။ နေရာထိုင်ခင်း လိမ္မာသူ မဖြစ်ခဲ့လျှင် "ဤအရှင်သည် နေရာထိုင်ခင်း၌ လိမ္မာခြင်းမရှိသူ ဖြစ်သည်။ ဤအရှင်အား အရညကင်

စတင် ဆောက်တည်၍ တော၌ နေချင်သလိုနေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း' ဟု ပြောဆိုတတ်ကြသည်''

၃။ ''ငါ့ရှင်တို့ အရညကင်စတင် ဆောက်တည်သော တောရ ရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင်၊ သံဃာ၌နေလျှင် ဝတ်ကြီးဝတ်ငယ်ကို နားလည်သူ ဖြစ်ရမည်။ ဝတ်ကြီးဝတ်ငယ်ကို နားလည်သူ မဖြစ်ခဲ့လျှင် ''ဤအရှင်သည် ဝတ်ကြီးဝတ်ငယ်ကိုမျှ သိတတ်သူမဟုတ်။ ဤအရှင်အား အရညကင်စတင် ဆောက်တည်၍ တော၌ နေချင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

၄။ ''ငါ့ရှင်တို့ အရညကင်စတင် ဆောက်တည်သော တောရ ရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင်၊ သံဃာ၌နေလျှင် အလွန်စောစောလည်း ဆွမ်းခံမဝင်အပ်၊ အလွန်နေမြင့်မှလည်း ဆွမ်းခံမပြန်အပ်။ အလွန်စောစော ဆွမ်းခံဝင်ခဲ့လျှင်၊ အလွန်နေမြင့်မှ ဆွမ်းခံပြန်လာလျှင် ''ဤအရှင်သည် အလွန်စောစောလည်း ဆွမ်းခံဝင်သည်၊ အလွန်နေမြင့်မှလည်း ဆွမ်းခံပြန်လာသည်။ ဤအရှင်အား အရညကင်စတင် ဆောက်တည်၍ တော၌ နေချင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

၅။ ''ငါ့ရှင်တို့ အရညကင်စတင် ဆောက်တည်သော တောရ ရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင်၊ သံဃာ၌နေလျှင် နံနက်ခင်း ညနေခင်းတို့၌ ဒကာတို့အိမ်သို့ အလည်အပတ် မသွားအပ်။ အလည်အပတ်သွားခဲ့လျှင် ''ဤအရှင်သည် နံနက်ခင်း ညနေခင်းတို့၌ ဒကာတို့အိမ်သို့ အလည်အပတ်သွားတတ်သည်။ ဤအရှင်အား အရညကင်စတင် ဆောက်တည်၍ တော၌ နေချင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

၆-၈။ ''ငါ့ရှင်တို့ အရညကင်စတင် ဆောက်တည်သော တောရ ရဟန်းသည် သံဃာ့အလယ်သို့ ရောက်လာလျှင်၊ သံဃာ၌နေလျှင် စိတ်မပျံ့လွင့်သူ မလျှပ်ပေါ်သူ ဖြစ်ရမည်။ ၇။ နှုတ်မကြမ်းသူ စကားမများသူ ဖြစ်ရမည်။ ၈။ ဆိုဆုံးမလွယ်သူ မိတ်ဆွေကောင်းရှိသူ ဖြစ်ရမည်။ ဆိုဆုံးမခက်သူ မိတ်ဆွေယုတ်ရှိသူ ဖြစ်ခဲ့လျှင် ''ဤအရှင်သည် ဆိုဆုံးမခက်သူ မိတ်ဆွေယုတ်ရှိသူ ဖြစ်သည်။ ဤအရှင်အား အရညကင်စတင် ဆောက်တည်၍ တော၌ နေချင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

၉-၁၅။ ''ငါ့ရှင်တို့ အရညကင်စတင် ဆောက်တည်သော တောရ ရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင်၊ သံဃာ၌နေလျှင် ဣန္ဒြေစောင့်စည်းသူ ဖြစ်ရမည်။ ၁၀။ အစားအစာ၌ အတိုင်းအရှည်ကို သိတတ်သူ ဖြစ်ရမည်။

၁၁။ နိုးကြားထကြွမှုနှင့် ပြည့်စုံသူ ဖြစ်ရမည်။ ၁၂။ လုံ့လဝီရိယနှင့် ပြည့်စုံသူ ဖြစ်ရမည်။ ၁၃။ သတိရှိသူဖြစ်ရမည်။ ၁၄။ သမာဓိရှိသူဖြစ်ရမည်။ ၁၅။ ပညာရှိသူ ဖြစ်ရမည်။ ပညာမဲ့သူဖြစ်ခဲ့လျှင် ''ဤအရှင်သည် ပညာမဲ့သူဖြစ်သည်။ ဤအရှင်အား အရညကင်ခုတင် ဆောက်တည်၍ တော၌ နေချင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

၁၆။ ''ငါ့ရှင်တို့ အရညကင်ခုတင် ဆောက်တည်သော တောရ ရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင်၊ သံဃာ၌နေလျှင် အဘိဓမ္မာ၌ ဝိနည်း၌ အားထုတ်မှုကို ပြုရမည်။ ငါ့ရှင်တို့ တောနေရဟန်းကို အဘိဓမ္မာ၌ ဝိနည်း၌ ပြဿနာမေးတတ်သော ရဟန်းတို့ ရှိကြသည်။ ထိုရဟန်းတို့က ပြဿနာမေး၍ ကောင်းစွာ မဖြေဆိုနိုင်လျှင် ''ဤအရှင်သည် အဘိဓမ္မာ၌ ဝိနည်း၌ ပြဿနာမေးသည်ကို ကောင်းစွာမဖြေနိုင်။ ဤအရှင်အား အရညကင်ခုတင် ဆောက်တည်၍ တော၌ ထင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

၁၇။ ''ငါ့ရှင်တို့ အရညကင်ခုတင် ဆောက်တည်သော တောရ ရဟန်းသည် ရူပဈာန်တို့ကို ကျော်လွန်၍ ငြိမ်းချမ်းသော အာရုပ္ပသမာပတ်တို့၌ အားထုတ်မှုကို ပြုရမည်။ ငါ့ရှင်တို့ တောနေရဟန်းကို ရူပဈာန် ရူပါဝစရသမာပတ်တို့ကို ကျော်လွန်၍ ငြိမ်းချမ်းသော အာရုပ္ပသမာပတ်တို့၌ ပြဿနာမေးတတ်သောရဟန်းတို့ ရှိကြသည်။ ထိုရဟန်းတို့က ပြဿနာမေး၍ ကောင်းစွာမဖြေဆိုနိုင်လျှင် ''ဤအရှင်သည် အာရုပ္ပသမာပတ်တို့၌ ပြဿနာမေးသည်ကို ကောင်းစွာမဖြေဆိုနိုင်။ ဤအရှင်အား အရညကင်ခုတင် ဆောက်တည်၍ တော၌ ထင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

၁၈။ ''ငါ့ရှင်တို့ အရညကင်ခုတင် ဆောက်တည်သော တောရ ရဟန်းသည် လူတို့၏ ကောင်းမှုကုသိုလ်တရားထက် လွန်သော ဈာန်မဂ်ဖိုလ်တရား၌ အားထုတ်ခြင်းကို ပြုရမည်။ ငါ့ရှင်တို့ တောရ ရဟန်းကို ဈာန်မဂ်ဖိုလ်တရား၌ ပြဿနာမေးတတ်သော ရဟန်းတို့ ရှိကြသည်။ ထိုရဟန်းတို့သည် တောရ ရဟန်းကို ဈာန်မဂ်ဖိုလ်တရား၌ ပြဿနာမေး၍ ကောင်းစွာမဖြေဆိုနိုင်လျှင် ''ဤအရှင်သည် ဈာန်မဂ်ဖိုလ်တရား၌ ပြဿနာမေးသည်ကို ကောင်းစွာမဖြေဆိုနိုင်။ အရညကင် ခုတင် ဆောက်တည်၍ တော၌ ထင်သလိုနေသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ပြောဆိုတတ်ကြသည်''

ထို့ကြောင့် အရညကင်ခုတင်ဆောက်တည်သော တောရ ရဟန်းသည် သံဃာ့အလယ်သို့ရောက်လာလျှင် သံဃာ၌နေလျှင် ဤတစ်ဆယ့်ရှစ်ပါးသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံအောင် အားထုတ်အပ်ပေသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ တစ်ဆယ့်ရှစ်ပါးသောတရားတို့ကို တောရရဟန်းတို့သာ ပြုကျင့်အပ်သလော၊ သို့မဟုတ် ရွာနေရဟန်းလည်း ပြုကျင့်အပ်သလော"

"ငါ့ရှင် မောဂ္ဂလ္လာန်၊ ဤတရားတို့ကို တောရရဟန်းပင်လျှင် ကျင့်သုံးအပ်ခဲ့သော် ရွာနေရဟန်းမှာကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ သာ၍ပင် ကျင့်သုံးအပ်ပေသည်"

အရှင်သာရိပုတ္တရာ အဟောအပြောကောင်းသလောက်ပင် အရှင်မဟာမောဂ္ဂလ္လာန်ကလည်း လာဘ်မြင်လှပေသည်။ အဂ္ဂသာဝကနှစ်ပါးတို့ကား အတိုင်အဖောက်ညီတော်မူကြပါပေသည်။

## ၁၁။ ခက်ခဲနက်နဲသော ပြဿနာအဖြေများ (မဟာဝေဒလ္လသုတ်)

အရှင်သာရိပုတ္တရာသည် သူတစ်ပါးတို့အား ဟရားဟောရာ၌ တရားနာသူကို ကြည့်၍ သူနှင့်တန်ရုံသာ ဟောရသဖြင့် ထိုအခါမျိုး၌ အရှင်မြတ်၏ဉာဏ်ပညာကြီးမားပုံမှာ ထင်ရှားသင့်သလောက် မထင်ရှားနိုင်ပေ။ အရှင်မြတ်နှင့်အလားတူ မဟာပညာသာဝကကြီးများဖြစ်၍ အကျယ်ချဲ့လွှင် ဟောကြားရာ၌ဧတဒဂ်ရသော အရှင်မဟာကစ္စည်း၊ ဓမ္မကထိက ဧတဒဂ်ရသော မန္တာဏီပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏ၊ ဆန်းကြယ်သော တရားစကားကို ဟောကြားရာ၌ ဧတဒဂ်ရသော အရှင်ကုမာရကဿပ၊ ဧတဒဂ် ငါးတန်ရသော အရှင်အာနန္ဒာ၊ ပဋိသမ္ဘိဒါဉာဏ်အရာ၌ ဧတဒဂ်ရသော အရှင်မဟာကောဋ္ဌိကတို့နှင့် တရားဆွေးနွေးရာ၌ကား အရှင်မြတ်၏ ဉာဏ်ပညာကြီးမားပုံမှာ အထူးပေါ်လွင်ထင်ရှားသည်။

တစ်ခါသော် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ ပဋိသမ္ဘိဒါပတ္တ ဧတဒဂ်ရ အရှင်မဟာကောဋ္ဌိကသည် ညနေချမ်းအချိန် တစ်ပါးတည်း ကိန်းအောင်းရာမှထ၍ အရှင်သာရိပုတ္တရာအထံသို့ ကြွသွားတော်မူပြီးလျှင် ဤသို့ဆွေးနွေးတော်မူသည်။

### ပညာမဲ့နှင့် ပညာရှိ

၁။ "ငါ့ရှင် သာရိပုတ္တရာ၊ ပညာမဲ့ ပညာမဲ့ဟု ဆိုကြ၏။ အဘယ်မျှဖြင့် ပညာမဲ့ဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင် ပြတ်ပြတ်သားသား မသိတတ်သောကြောင့် ပညာမဲ့ဟု ဆိုအပ်သည်။ အဘယ်ကို ပြတ်ပြတ်သားသား မသိတတ်သနည်းဆိုသော် ဤသည်ကား ဒုက္ခဟု ပြတ်ပြတ်သားသားမသိ၊ ဤကား ဒုက္ခ၏ဖြစ်ကြောင်းတရားဟု ပြတ်ပြတ်

သားသားမသိ၊ ဤကား ဒုက္ခချုပ်ငြိမ်းရာဟု ပြတ်ပြတ်သားသားမသိ၊ ဤကား ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းစဉ်ဟု ပြတ်ပြတ်သားသားမသိ၊ ဤသို့ မသိတတ်သောကြောင့် ပညာမဲ့ဟု ဆိုအပ်သည်''

''ငါ့ရှင် သာရိပုတ္တရာ၊ ပညာရှိ ပညာရှိဟု ဆိုကြ၏။ အဘယ်မျှဖြင့် ပညာရှိဟု ဆိုအပ်ပါသနည်း''

''ငါ့ရှင် ကွဲကွဲပြားပြား သိတတ်သောကြောင့် ပညာရှိဟု ဆိုအပ်သည်။ အဘယ်ကို ကွဲကွဲပြားပြား သိတတ်သနည်းဆိုသော် ဤကား ဒုက္ခဟု ကွဲကွဲပြားပြား သိတတ်သည်၊ ဤကား ဒုက္ခ၏ဖြစ်ကြောင်းဟု ကွဲကွဲပြားပြား သိတတ်သည်၊ ဤကား ဒုက္ခချုပ်ငြိမ်းရာဟု ကွဲကွဲပြားပြား သိတတ်သည်၊ ဤကား ဒုက္ခချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်လမ်းစဉ်ဟု ကွဲကွဲပြားပြား သိတတ်သည်၊ ဤသို့ ကွဲကွဲပြားပြား ခြားနား၍ သိတတ်သောကြောင့် ပညာရှိဟု ဆိုအပ်သည်'' (သာဓု၊ သာဓု)

ပညာနှင့် ဝိညာဉ်

၂။ ''ငါ့ရှင် ဝိညာဉ် ဝိညာဉ်ဟု ဆိုကြသည်။ အဘယ်မျှဖြင့် ဝိညာဉ်ဟု ဆိုအပ်ပါသနည်း''

''ငါ့ရှင် အထူးသိတတ်သောကြောင့် ဝိညာဉ်ဟု ဆိုအပ်သည်။ အဘယ်ကို အထူးသိတတ်သနည်းဆိုသော် ချမ်းသာသုခဟူ၍လည်း အထူးသိတတ်၏၊ ဆင်းရဲ ဒုက္ခဟူ၍လည်း အထူးသိတတ်၏၊ ဆင်းရဲချမ်းသာမဟုတ်ဟူ၍လည်း အထူးသိတတ်၏၊ ဤသို့ အထူးသိတတ်သောကြောင့် ဝိညာဉ်ဟု ဆိုအပ်သည်။ (သာဓု၊ သာဓု)

''ငါ့ရှင် ပညာနှင့် ဝိညာဉ် ဤတရားနှစ်ပါးတို့သည် ရောနှောနေကြကုန်သလော။ မရောမနှော တသီးတခြားစီ ဖြစ်ကြကုန်သလော၊ ဤတရားနှစ်ပါးတို့ကို သီးခြားခွဲ၍ ခွဲ၍ ခြားနားချက်ကို ပညတ်ပြောဆို၍ ရကောင်းပါသလော''

''ငါ့ရှင် ပညာနှင့် ဝိညာဉ် ဤတရားနှစ်ပါးတို့သည် ရောနှောနေကြသည်။ မရောမနှော တသီးတခြားစီ မဟုတ်ကြကုန်။ ဤတရားနှစ်ပါးတို့ကို သီးခြား ခွဲ၍ ခွဲ၍ ခြားနားချက်ကို ပညတ်ပြောဆို၍မရကောင်းပေ။ ငါ့ရှင် အကြင်အာရုံကို ကွဲကွဲပြားပြား သိတတ်၏။ ထိုအာရုံကို အထူးသိတတ်၏။ အကြင်အာရုံကို အထူးသိတတ်၏။ ထိုအာရုံကို ကွဲကွဲပြားပြား သိတတ်၏။ ထို့ကြောင့် ဤတရား နှစ်ပါးတို့ကို သီးခြား ခွဲ၍ခွဲ၍ ခြားနားချက်ကို ပညတ်ပြောဆို၍ မရကောင်းပေ''

"ငါ့ရှင် ပညာနှင့် ဝိညာဉ် ဤရောနှောနေသော တရားနှစ်ပါးတို့၏ ထူးခြားချက်ကား အဘယ်နည်း"

"ငါ့ရှင် ပညာသည် ပွားများစေအပ်သောတရားဖြစ်သည်။ ဝိညာဉ်သည် ပိုင်းခြား၍ သိအပ်သောတရားဖြစ်သည်။ (သာဓု သာဓု)

ဝေဒနာ သညာ ဝိညာဉ်

၃။ "ငါ့ရှင် ဝေဒနာ ဝေဒနာဟု ဆိုကြ၏။ အဘယ်မျှဖြင့် ဝေဒနာဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင် ခံစားတတ်သောကြောင့် ဝေဒနာဟု ဆိုအပ်သည်။ အဘယ်ကို ခံစားတတ်သနည်းဆိုသော် ချမ်းသာခြင်း-သုခကိုလည်း ခံစားတတ်သည်။ ဆင်းရဲခြင်း-ဒုက္ခကိုလည်း ခံစားတတ်သည်။ ဆင်းရဲချမ်းသာမဟုတ်သော သဘောကိုလည်း ခံစားတတ်သည်။ ဤသို့ခံစားတတ်သောကြောင့် ဝေဒနာဟု ဆိုအပ်သည်"

"ငါ့ရှင် သညာ သညာဟု ဆိုကြသည်။ အဘယ်မျှဖြင့် သညာဟု ဆိုအပ်ပါသနည်း"

"ငါ့ရှင် ကောင်းစွာ မှတ်တတ်သောကြောင့် သညာဟု ဆိုအပ်သည်။ အဘယ်ကို ကောင်းစွာ မှတ်တတ်သနည်းဆိုသော် အညိုကိုလည်း မှတ်တတ်သည်။ အဝါကိုလည်း မှတ်တတ်သည်။ အနီကိုလည်း မှတ်တတ်သည်။ အဖြူကိုလည်း မှတ်တတ်သည်။ ဤသို့ ကောင်းစွာမှတ်တတ်သောကြောင့် သညာဟု ခေါ်ဆိုအပ်သည်"

"ငါ့ရှင် ဝေဒနာ သညာ ဝိညာဉ် ဤတရားသုံးပါးတို့သည် ရောနှောနေကြကုန်သလော၊ မရောမနှော တသီးတခြားစီ ဖြစ်ကြကုန်သလော၊ ဤတရားသုံးပါးတို့ကို သီးခြား ခွဲ၍ ခွဲ၍ ခြားနားချက်ကို ပညတ်ပြောဆို၍ ရကောင်းပါသလော"

"ငါ့ရှင် ဝေဒနာ သညာ ဝိညာဉ် ဤတရားသုံးပါးတို့သည် ရောနှောကြသည်။ မရောမနှော တသီးတခြားစီ မဟုတ်ကြကုန်။ ဤတရားသုံးပါးတို့ကို သီးခြား ခွဲ၍ခွဲ၍ ခြားနားချက်ကို ပညတ်ပြောဆို၍ မရကောင်းပေ။ ငါ့ရှင် အကြင်အာရုံကို ခံစားတတ်၏။ ထိုအာရုံကို ကောင်းစွာမှတ်တတ်၏။ အကြင်အာရုံကို ကောင်းစွာမှတ်တတ်၏။ ထိုအာရုံကို အထူးသိတတ်၏။ ထို့ကြောင့် ဤတရားသုံးပါးတို့ကို သီးခြားခွဲ၍ခွဲ၍ ခြားနားချက်ကို ပညတ်ပြောဆို၍ မရကောင်းပေ" (သာဓု၊ သာဓု)

စတုတ္ထဈာန် မနောဝိညာဉ်

၄။ "ငါ့ရှင် မျက်စိ စသော ဣန္ဒြေ ၅ ပါးတို့မှ ကင်းကွာသော စင်ကြယ်သော စတုတ္ထဈာန် မနောဝိညာဉ်သည် အဘယ်ကို ဆောင်နိုင်သနည်း"

"ငါ့ရှင် ယင်းစတုတ္ထဈာန် မနောဝိညာဉ်သည် ကောင်းကင်ကား အဆုံးမရှိဟု အာရုံပြုသော အာကာသာနဉ္စာယတန သမာပတ်ကို ဆောင်နိုင်သည်။ ဝိညာဉ်ကား အဆုံးမရှိဟု အာရုံပြုသော ဝိညာဏဉ္စာယတန သမာပတ်ကို ဆောင်နိုင်သည်။ ဘာမျှမရှိဟု နတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ္စညာယတန သမာပတ်ကို ဆောင်နိုင်သည်"

"ငါ့ရှင် ဆောင်အပ်သောတရားကို အဘယ်ဖြင့် ပြတ်ပြတ်သားသားသိသနည်း"

"ငါ့ရှင် ပညာမျက်စိဖြင့် ပြတ်ပြတ်သားသား သိသည်"

"ငါ့ရှင် ပညာကား အဘယ်အကျိုးငှာ ဖြစ်သနည်း"

"ငါ့ရှင် ပညာကား သိအပ်သောတရားတို့ကို ထိုးထွင်း၍သိခြင်း အကျိုးရှိ၏။ ပိုင်းခြား၍သိအပ်သောတရားတို့ကို ပိုင်းခြား၍သိခြင်း အကျိုးရှိ၏။ ပယ်အပ်သောတရားတို့ကို ပယ်ခြင်းအကျိုးရှိ၏။ (သာဓု၊ သာဓု)

အားကောင်းသော သမ္မာဒိဋ္ဌိ

၅။ "ငါ့ရှင် သမ္မာဒိဋ္ဌိဖြစ်ကြောင်း အဘယ်မျှရှိသနည်း"

"ငါ့ရှင် သမ္မာဒိဋ္ဌိဖြစ်ကြောင်းကား နှစ်ပါးရှိသည်။ သူတစ်ပါးတို့ထံမှ ကြားနာရသော တရားသံနှင့် ကိုယ်တိုင် နှလုံးသွင်းခြင်းတို့ ဖြစ်ကြသည်"

"ငါ့ရှင် အဘယ်မျှသော အကြောင်းအင်္ဂါတို့က ထောက်ပံ့အပ်သော သမ္မာဒိဋ္ဌိသည် အရဟတ္တဖိုလ်စိတ်ဟူသော စေတောဝိမုတ္တိ အကျိုးအာနိသင်ရှိသနည်း။ အရဟတ္တဖိုလ် ပညာဟူသော ပညာဝိမုတ္တိ အကျိုးအာနိသင်ရှိသနည်း"

"ငါ့ရှင် အကြင်သမ္မာဒိဋ္ဌိသည် အကျင့်သီလဟူသော သီလကလည်း ထောက်ပံ့အပ်၏။ တရားနာရခြင်းဟူသော အကြားအမြင်သုတကလည်း ထောက်ပံ့အပ်၏။ တရားမေ့ ဆွေးနွေးခြင်းဟူသော သာကစ္ဆာကလည်း ထောက်ပံ့အပ်၏။ သမာပတ် ၈ ပါးဟူသော သမထကလည်း ထောက်ပံ့အပ်၏။ အနိစ္စ ဒုက္ခ အနတ္တဟု အဖန်ဖန်ရှုခြင်းဟူသော ဝိပဿနာကလည်း ထောက်ပံ့အပ်၏။ ဤအင်္ဂါ ၅ ပါးတို့နှင့် ပြည့်စုံသော ထိုသမ္မာဒိဋ္ဌိသည် စေတောဝိမုတ္တိဟူသော အကျိုးအာနိသင်လည်းရှိ၏။ ပညာဝိမုတ္တိဟူသော အကျိုးအာနိသင်လည်းရှိ၏။

(သာဓု၊ သာဓု)

ဘဝ

၆။ ''ငါ့ရှင် ဘဝ အဘယ်မျှရှိသနည်း''

''ငါ့ရှင် ကာမဘဝ ရူပဘဝ အရူပဘဝဟု သုံးပါးရှိသည်''

''အဘယ်အကြောင်းဖြင့် နောင်အခါ၌ တစ်ဖန်ဘဝသစ် ဖြစ်ပေါ်သနည်း''

''အဝိဇ္ဇာ တဏှာရှိသော သတ္တဝါတို့အား ထိုထိုဘဝ၌ နှစ်သက်ခြင်းတဏှာကြောင့် နောင်အခါတွင် တစ်ဖန်ဘဝသစ် ဖြစ်ပေါ်သည်''

''အဘယ်အကြောင်းဖြင့် နောင်အခါ၌ တစ်ဖန်ဘဝသစ် မဖြစ်ပေါ်သနည်း''

''အဝိဇ္ဇာ ကုန်ဆုံးခြင်းကြောင့်၊ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခြင်းကြောင့်၊ တဏှာချုပ်ငြိမ်းခြင်းကြောင့် နောင်အခါ၌ တစ်ဖန်ဘဝသစ် မဖြစ်ပေါ်တော့ပေ''

ပထမဈာန်

၇။ ''ငါ့ရှင် ပထမဈာန်ဟူသည် အဘယ်နည်း''

''ငါ့ရှင် ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်းဆိတ်၍၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ဝိတက် ဝိစာရ ပီတိ သုခတို့နှင့် ပြည့်စုံသော ပထမဈာန်ကို ရ၍နေ၏။ ဤဈာန်ကို ပထမဈာန်ဟု ဆိုရသည်''

''ပထမဈာန် ဈာန်အင်္ဂါ မည်မျှရှိသနည်း''

''ပထမဈာန်၌ ဈာန်အင်္ဂါ ငါးပါးရှိသည်။ ပထမဈာန်ဝင်စားသော ရဟန်းအား ဝိတက်လည်းဖြစ်သည်။ ဝိစာရလည်းဖြစ်သည်။ ပီတိလည်းဖြစ်သည်။ သုခလည်းဖြစ်သည်။ စိတ်တည်ငြိမ်ခြင်း ဧကဂ္ဂတာလည်းဖြစ်သည်။ ပထမဈာန်၌ ဤသို့ ဈာန်အင်္ဂါ ၅ ပါးရှိသည်''

''ပထမဈာန်၌ ပယ်အပ်သော အင်္ဂါမည်မျှရှိသနည်း၊ ပြည့်စုံသောအင်္ဂါမည်မျှရှိသနည်း''

''ဤသာသနာတော်၌ ပထမဈာန်ကို ဝင်စားသော ရဟန်းအား ကာမစ္ဆန္ဒ ကာမဂုဏ်ကို လိုလားခြင်းသည် ပယ်ပြီးဖြစ်၏။ ဗျာပါဒ–သူတစ်ပါးကို ဖျက်ဆီးခြင်း ဒေါသသည် ပယ်ပြီးဖြစ်၏။ ထိနမိဒ္ဓ–တွေဝေငိုက်မျဉ်းခြင်းသည် ပယ်ပြီးဖြစ်၏။ ဥဒ္ဓစ္စ ကုက္ကုစ္စ–ပျံ့လွင့်ခြင်း နောင်တပူပန်ခြင်းသည် ပယ်ပြီးဖြစ်၏။ ဝိစိကိစ္ဆာ–ယုံမှားတွေးတောခြင်းသည် ပယ်ပြီးဖြစ်၏။ ဤနီဝရဏ–အတားအဆီးတရား ၅ ပါးသည် ပယ်ပြီးဖြစ်၏။ အာရုံသို့တက်ရောက်ခြင်း–ဝိတက်သည်လည်းကောင်း၊ အာရုံကိုသုံးသပ်ခြင်း–ဝိစာရသည်လည်းကောင်း၊ နှစ်သက်ခြင်း–

ပီတိသည်လည်းကောင်း၊ ချမ်းသာခြင်း–သုခသည်လည်းကောင်း၊ စိတ်၏တည်ငြိမ်ခြင်း–ဧကဂ္ဂတာသည်လည်းကောင်း ဖြစ်ပေါ်၏။ ဤဈာန်အင်္ဂါ ၅ ပါးသည် ဖြစ်ပေါ်၏။ ဤသို့လျှင် ပထမဈာန်၌ ပယ်အပ်သော အင်္ဂါ ၅ ပါး၊ ပြည့်စုံသော အင်္ဂါ ၅ ပါး ရှိ၏''

ပဉ္စဝိညာဉ်နှင့် မနောဝိညာဉ်

၈။ ''ငါ့ရှင် ခြားနားသော ကျက်စားရာအာရုံရှိကြသော အချင်းချင်း၏ ကျက်စားရာအာရုံကို မခံစားနိုင်ကြသော ဣန္ဒြေ ၅ ပါးတို့ ရှိကြသည်။ ယင်းဣန္ဒြေ ၅ ပါးတို့ကား စက္ခုန္ဒြေ–မျက်စိ၊ သောတိန္ဒြေ–နား၊ ဃာနိန္ဒြေ–နှာခေါင်း၊ ဇိဝှိန္ဒြေ–လျှာ၊ ကာယိန္ဒြေ–ကိုယ်တို့ ဖြစ်ကြသည်။ ဤဣန္ဒြေ ၅ ပါးတို့၏ အားကိုးရာကား အဘယ်နည်း။ ဤဣန္ဒြေ ၅ ပါးတို့၏ ကျက်စားရာအာရုံကို ခံစားတတ်သည်ကား အဘယ်နည်း''

''ငါ့ရှင် ဤဣန္ဒြေ ၅ ပါးတို့၏ အားကိုးရာကား မနောဝိညာဉ်ဖြစ်သည်။ ယင်းတို့၏ ကျက်စားရာအာရုံကို မနောဝိညာဉ်က ခံစားသည်''

အသက်နှင့် အပူငွေ့

၉။ ''ငါ့ရှင် စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဟူသော ဣန္ဒြေ ၅ ပါးတို့သည် အဘယ်ကိုအစွဲပြု၍ ရပ်တည်ကြသနည်း''

''ငါ့ရှင် ယင်းဣန္ဒြေ ၅ ပါးတို့သည် အသက်ကို အစွဲပြု၍ ရပ်တည်ကြသည်''

''အသက်သည် အဘယ်ကို အစွဲပြု၍ ရပ်တည်သနည်း''

''အသက်သည် အပူငွေ့ကို အစွဲပြု၍ ရပ်တည်သည်''

''အပူငွေ့သည် အဘယ်ကို အစွဲပြု၍ ရပ်တည်သနည်း''

''အပူငွေ့သည် အသက်ကို အစွဲပြု၍ ရပ်တည်သည်''

''ငါ့ရှင် ယခုပင် အသက်သည် အပူငွေ့ကို အစွဲပြု၍ရပ်တည်သည်ဟု အရှင်သာရိပုတ္တရာ၏ စကားကို နားလည်လိုက်ရသည်။ ယခုမူကား အပူငွေ့သည် အသက်ကို အစွဲပြု၍ ရပ်တည်သည်ဟု အရှင်သာရိပုတ္တရာ၏စကားကို နားလည်ရပြန်သည်။ ဤအရာ၌ အဘယ်သို့မှတ်ရပါမည်နည်း''

''ငါ့ရှင် ဥပမာပြပါမည်။ ဤလောက၌ အချို့သော ပညာရှိတို့သည် ဥပမာဖြင့် ဆိုလိုရင်း အနက်အဓိပ္ပာယ်ကို သိတတ်ကြသည်။ ငါ့ရှင် ဥပမာအား

ဖြင့် တောက်လောင်နေသော ဆီမီး၏ မီးလျှံကို အစွဲပြု၍ အရောင်ထင်ရှားသည်။ အရောင်ကိုအစွဲပြု၍ မီးလျှံထင်ရှားသည်။ ဤဥပမာအတူသာလျှင် အသက်သည် အပူငွေ့ကိုအစွဲပြု၍ ရပ်တည်သည်။ အပူငွေ့သည် အသက်ကို အစွဲပြု၍ ရပ်တည်သည်''

**နိရောဓသမာပတ်**

၁၀။ ''ငါ့ရှင် အသက်တို့သည် အာရုံခံစားတတ်သောတရားများ ဖြစ်ကြသလော၊ သို့မဟုတ် အသက်တို့က တသီးတခြား၊ အာရုံခံစားတတ်သောတရားတို့က တသီးတခြား ဖြစ်ကြသလော''

''ငါ့ရှင် အသက်တို့သည် ခံစားတတ်သောတရားများ မဟုတ်ကြကုန်။ အသက်တို့သာ ခံစားတတ်သောတရားများ ဖြစ်ခဲ့ကြလျှင် သညာ ဝေဒနာချုပ်သော နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား သမာပတ်မှထခြင်း မဖြစ်နိုင်ပေရာ။ အသက်တို့က တသီးတခြား ခံစားတတ်သောတရားတို့က တသီးတခြား ဖြစ်ကြသောကြောင့်သာ နိရောဓသမာပတ်ကို ဝင်စားသောရဟန်းအား သမာပတ်မှ ထခြင်းဖြစ်ရသည်''

''ငါ့ရှင် အကြင်အခါ၌ ဤကိုယ်ကာယသည် စိတ်စေတနာမရှိသော စွန့်ပစ်ထားသော သစ်တုံးကဲ့သို့ဖြစ်၏။ ထိုအခါ၌ ဤကိုယ်ကာယကို အဘယ်မျှသောတရားတို့က စွန့်ပစ်သွားကြသနည်း''

''ငါ့ရှင် အကြင်အခါ၌ ဤကိုယ်ကာယကို အသက် အပူငွေ့ ဝိညာဉ်ဟူသော တရား ၃ ပါးတို့က စွန့်ပစ်သွားကြကုန်၏။ ထိုအခါ၌ ဤကိုယ်ကာယသည် စိတ်စေတနာမရှိသော စွန့်ပစ်ထားသော သစ်တုံးကဲ့သို့ဖြစ်သည်''

''ငါ့ရှင် သေသောသူနှင့် နိရောဓသမာပတ်ကို ဝင်စားသူ၊ ဤနှစ်ယောက်တို့၏ ခြားနားချက်ကား အဘယ်နည်း၊ ဤသူနှစ်ယောက်တို့ အဘယ်သို့ခြားနားကြသနည်း''

''ငါ့ရှင် သေသောသူအား ကာယသင်္ခါရခေါ် ထွက်သက်ဝင်သက်တို့လည်း ချုပ်ငြိမ်းကြကုန်၏။ ဝစီသင်္ခါရခေါ် ဝိတက်ဝိစာရတို့လည်း ချုပ်ငြိမ်းကြကုန်၏။ စိတ္တသင်္ခါရခေါ် သညာဝေဒနာတို့လည်း ချုပ်ငြိမ်းကြကုန်၏။ အသက်ဟုဆိုအပ်သော ရုပ်ဇီဝိတိန္ဒြေလည်း ကုန်ဆုံး၏။ အပူငွေ့လည်း ငြိမ်းအေး၏။ မျက်စိစသော ဣန္ဒြေတို့လည်း ပျက်စီးကြကုန်၏။ နိရောဓသမာပတ် ဝင်စားသော ရဟန်းအားလည်း ကာယသင်္ခါရခေါ် ထွက်သက်ဝင်သက်တို့ ချုပ်ငြိမ်းကြကုန်၏။

ဝစီသင်္ခါရခေါ် ဝိတက်ဝိစာရတို့လည်း ချုပ်ငြိမ်းကြကုန်၏။ စိတ္တသင်္ခါရခေါ် သညာဝေဒနာတို့လည်း ချုပ်ငြိမ်းကြကုန်၏။ အသက်ဟု ဆိုအပ်သော ရုပ်ဇီဝိတိန္ဒြေကား မကုန်ဆုံး။ အပူငွေ့လည်း မငြိမ်းအေး။ မျက်စိ စသော ဣန္ဒြေတို့လည်း အထူးကြည်လင်ကြကုန်၏။ ဤသာလျှင် သေသောသူနှင့် နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းတို့၏ ခြားနားခြင်းတည်း''

စေတောဝိမုတ္တိ

၁၁။ ''ငါ့ရှင် အရဟတ္တဖိုလ် သမာဓိဟူသော ဥပေက္ခာ စေတောဝိမုတ္တိ၏ အထောက်အပံ့ဖြစ်သော အကြောင်းကား အဘယ်မျှရှိသနည်း''

''ငါ့ရှင် ဥပေက္ခာ စေတောဝိမုတ္တိ၏ အကြောင်းကား လေးပါးရှိသည်။ ဤသာသနာတော်၌ ရဟန်းသည် သုခကိုလည်း ပယ်ခြင်းကြောင့်၊ ဒုက္ခကိုလည်း ပယ်ခြင်းကြောင့်၊ ရှေးဦးကပင်လျှင် ဝမ်းသာခြင်း ဝမ်းနည်းခြင်းဟူသော သောမနဿ ဒေါမနဿတို့ ပျောက်ကွယ်ပြီးဖြစ်ခြင်းကြောင့် ဒုက္ခသုခ မဟုတ်သော ဥပေက္ခာသတိတို့ အထူးစင်ကြယ်သော စတုတ္ထဈာန်ကိုရ၍ နေထိုင်၏။ ဤအကြောင်းတရား ၄ ပါးတို့သည် ဥပေက္ခာ စေတောဝိမုတ္တိ၏အကြောင်းတို့ ဖြစ်ကြသည်''

''ငါ့ရှင် အနိမိတ္တ စေတောဝိမုတ္တိ၏ အထောက်အပံ့ဖြစ်သော အကြောင်းကား အဘယ်မျှရှိသနည်း''

''ငါ့ရှင် အနိမိတ္တ စေတောဝိမုတ္တိ၏အကြောင်းကား နှစ်ပါးရှိသည်။ အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်း၊ အာရုံနိမိတ်မှကင်းသော နိဗ္ဗာန်ကို နှလုံးသွင်းခြင်းတို့ ဖြစ်ကြသည်''

''ငါ့ရှင် အနိမိတ္တ စေတောဝိမုတ္တိ တည်တံ့ခြင်း၏အကြောင်းကား အဘယ်မျှရှိသနည်း''

''ငါ့ရှင် အနိမိတ္တ စေတောဝိမုတ္တိ တည်တံ့ခြင်း၏အကြောင်းကား သုံးပါးရှိသည်။ အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်း၊ အာရုံနိမိတ်ကင်းသော နိဗ္ဗာန်ကို နှလုံးသွင်းခြင်း၊ ရှေးအဖို့ကပင် အချိန်ကာလကို သတ်မှတ်ပြုလုပ်ခြင်းတို့ ဖြစ်ကြသည်''

''ငါ့ရှင် အနိမိတ္တ စေတောဝိမုတ္တိ သမာပတ်မှ ထခြင်း၏ အထောက်အပံ့ဖြစ်သော အကြောင်းကား အဘယ်မျှရှိသနည်း''

"ငါ့ရှင် အနိမိတ္တ စေတောဝိမုတ္တိ သမာပတ်မှ ထခြင်း၏အကြောင်းကား နှစ်ပါးရှိသည်။ အလုံးစုံသော အာရုံနိမိတ်ကို နှလုံးသွင်းခြင်း၊ အာရုံနိမိတ်ကင်းသော နိဗ္ဗာန်ကို နှလုံးမသွင်းခြင်းတို့ ဖြစ်ကြသည်"

(ဥပေက္ခာစေတောဝိမုတ္တိ = နိရောဓသမာပတ်၏ရှေ့၌ဖြစ်သော နေဝသညာ နာသညာယတန သမာပတ်)

(အနိမိတ္တစေတောဝိမုတ္တိ = နိရောဓသမာပတ်မှ ထစဉ်၌ ဖြစ်သော ဖလသမာပတ်)

စေတောဝိမုတ္တိ ၄ မျိုး

၁၂။ "ငါ့ရှင် အပ္ပမာဏ စေတောဝိမုတ္တိ၊ အာကိဉ္စညာ စေတောဝိမုတ္တိ၊ သုညတ စေတောဝိမုတ္တိ၊ အနိမိတ္တ စေတောဝိမုတ္တိဟူသော ဤ ၄ ပါးသောတရားတို့သည် အနက်အားဖြင့်လည်း ခြားနားကြကုန်သလော၊ သဒ္ဒါအားဖြင့်လည်း ခြားနားကြကုန်သလော၊ သို့မဟုတ် အနက်အားဖြင့်လည်း တူကြကုန်သလော၊ သဒ္ဒါအားဖြင့်လည်း တူကြကုန်သလော"

"ငါ့ရှင် ဤလေးပါးသောတရားတို့သည် အနက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်း ခြားနားကြသည်ဟု ဆိုနိုင်သော အကြောင်းပရိယာယ်လည်း ရှိ၏။ အနက်အားဖြင့် တူကြသည်။ သဒ္ဒါအားဖြင့်သာ ခြားနားသည်ဟု ဆိုနိုင်သော အကြောင်းပရိယာယ်လည်း ရှိ၏"

"ငါ့ရှင် အနက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်း ခြားနားကြသည်ဟု ဆိုနိုင်သော အကြောင်းပရိယာယ်ကား အဘယ်နည်း"

"ငါ့ရှင် ဤသာသနာတော်၌ ရဟန်းသည် အတိုင်းအရှည် ပမာဏမရှိသော မေတ္တာစိတ်ဖြင့် အရပ် ၁၀ မျက်နှာ သတ္တဝါအလုံးစုံတို့၌ ဖြန့်၍နေထိုင်၏။ ကရုဏာစိတ်ဖြင့်၊ မုဒိတာစိတ်ဖြင့်၊ ဥပေက္ခာစိတ်ဖြင့် အရပ် ၁၀ မျက်နှာ သတ္တဝါအလုံးစုံတို့၌ ဖြန့်၍နေထိုင်၏။ ဤသို့နေထိုင်သော ရူပါဝစရဈာန်သမာပတ်ကို အပ္ပမာဏ စေတောဝိမုတ္တိဟု ဆိုအပ်၏၊

"ဤသာသနာတော်၌ ရဟန်းသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတန သမာပတ်ကို ကျော်လွန်၍ တစ်စုံတစ်ရာမျှမရှိဟု နတ္ထိဘာဝပညတ်ကို အာရုံပြု၍ အာကိဉ္စညာယတန သမာပတ်ကို ရ၍ နေထိုင်၏။ ဤသို့နေထိုင်သော အာကိဉ္စညာယတန သမာပတ်ကို အာကိဉ္စညာ စေတောဝိမုတ္တိဟု ဆိုအပ်၏၊

"ဤသာသနာတော်၌ ရဟန်းသည် တောအရပ်၌နေ၍သော်လည်းကောင်း၊ သစ်ပင်ရင်း၌ နေ၍သော်လည်းကောင်း၊ ဆိတ်ငြိမ်ရာကျောင်း၌ နေ၍သော်လည်း ကောင်း 'ဤခန္ဓာကိုယ်သည် ငါ ဟူသော အတ္တမှလည်း ဆိတ်သုဉ်း၏၊ ငါ့ဟာ ဟူသော အတ္တနိယမှလည်း ဆိတ်သုဉ်း၏'ဟု အဖန်ဖန် ဆင်ခြင်၏။ ဤသို့ ဆင်ခြင်သော အရဟတ္တဖိုလ် သမာဓိကို သုညတ စေတောဝိမုတ္တိဟု ဆိုအပ်၏၊

"ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော အာရုံနိမိတ်ကို နှလုံး မသွင်းခြင်းကြောင့် ရာဂနိမိတ် စသည်မှကင်းသော အရဟတ္တဖိုလ်သမာဓိကို ရ၍ နေထိုင်၏။ ဤသို့နေထိုင်သော အရဟတ္တဖိုလ်သမာဓိကို အနိမိတ္တ စေတော ဝိမုတ္တိဟု ဆိုအပ်၏၊

"ဤသည်ကား ဤတရား ၄ ပါးတို့သည် အနက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်း ခြားနားကြသည်ဟု ဆိုနိုင်သော အကြောင်းကို ပရိယာယ်တည်း"

"ငါ့ရှင် ဤတရား ၄ ပါးတို့သည် အနက်အားဖြင့် တူကြသည်၊ သဒ္ဒါ အားဖြင့် ခြားနားကြသည်ဟု ဆိုနိုင်သော အကြောင်းပရိယာယ်ကား အဘယ် နည်း"

"ငါ့ရှင် တပ်မက်ခြင်း–ရာဂသည် နိူင်းယှဉ်ကြောင်း ပမာဏကို ပြုတတ် ၏။ အမျက်ထွက်ခြင်း–ဒေါသသည် နိူင်းယှဉ်ကြောင်း ပမာဏကို ပြုတတ်၏။ မိုက်မဲတွေဝေခြင်း–မောဟသည် နိူင်းယှဉ်ကြောင်း ပမာဏကို ပြုတတ်၏။ ထိုတရားတို့သည် ရဟန္တာပုဂ္ဂိုလ်၌ အလျဉ်းမရှိကြကုန်။ ပယ်စွန့်ပြီး ဖြစ်ကြကုန်၏။ အမြစ်ပြတ်ပြီး ဖြစ်ကြကုန်၏။ ထိုရာဂ ဒေါသ မောဟ ပမာဏတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြကုန်သော အပ္ပမာဏ စေတောဝိမုတ္တိ ရှိသမျှတို့တွင် ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စိတ် ဟူသော အပ္ပမာဏ စေတောဝိမုတ္တိသည် အမြတ်ဆုံးဖြစ်သည်ဟု ဆိုအပ်၏။ ထိုအရဟတ္တဖိုလ်စိတ်ဟူသော အပ္ပမာဏ စေတောဝိမုတ္တိသည် ရာဂမှလည်း ဆိတ်သုဉ်း၏။ ဒေါသမှလည်း ဆိတ်သုဉ်း၏။ မောဟမှလည်း ဆိတ်သုဉ်း၏"

"ငါ့ရှင် ရာဂသည် ချေဖျက်တတ်သော ကိဉ္စနတရားတည်း။ ဒေါသသည် သတ္တဝါကို ချေဖျက်တတ်သော ကိဉ္စနတရားတည်း။ မောဟသည် သတ္တဝါကို ချေဖျက်တတ်သော ကိဉ္စနတရားတည်း။ ထိုကိဉ္စနတရားတို့သည် ရဟန္တာပုဂ္ဂိုလ် ၌ အလျဉ်းမရှိကြကုန်။ ပယ်စွန့်ပြီး ဖြစ်ကြကုန်၏။ အမြစ်ပြတ်ပြီး ဖြစ်ကြကုန် ၏။ ထိုရာဂ ဒေါသ မောဟ ကိဉ္စနတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်ကြကုန်သော

အာကိဉ္စညာ စေတောဝိမုတ္တိ ရှိသမျှတို့တွင် ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စိတ်ဟူသော အာကိဉ္စညာ စေတောဝိမုတ္တိသည် အမြတ်ဆုံးဖြစ်သည်ဟု ဆိုအပ်၏။ ထိုအရဟတ္တဖိုလ်စိတ်ဟူသော အာကိဉ္စညာ စေတောဝိမုတ္တိသည် ရာဂမှလည်း ဆိတ်သုဉ်း၏။ ဒေါသမှလည်း ဆိတ်သုဉ်း၏။ မောဟမှလည်း ဆိတ်သုဉ်း၏"

"ငါ့ရှင် ရာဂသည် အမှတ်အသားကိုပြုကြောင်း နိမိတ္တတရားတည်း။ ဒေါသသည် အမှတ်အသားကိုပြုကြောင်း နိမိတ္တတရားတည်း။ မောဟသည် အမှတ်အသားကိုပြုကြောင်း နိမိတ္တတရားတည်း။ ထိုနိမိတ္တတရားတို့သည် ရဟန္တာပုဂ္ဂိုလ်၌ အလျှင်းမရှိကြကုန်။ ပယ်စွန့်ပြီး ဖြစ်ကြကုန်၏။ အမြစ်ပြတ်ပြီး ဖြစ်ကြကုန်၏။ ထိုရာဂ ဒေါသ မောဟ နိမိတ္တတရားတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြကုန်သော အနိမိတ္တ စေတောဝိမုတ္တိ ရှိသမျှတို့တွင် ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စိတ်ဟူသော အနိမိတ္တ စေတောဝိမုတ္တိသည် အမြတ်ဆုံးဖြစ်သည်ဟု ဆိုအပ်၏။ ထိုအရဟတ္တဖိုလ်စိတ်ဟူသော အနိမိတ္တ စေတောဝိမုတ္တိသည် ရာဂမှလည်း ဆိတ်သုဉ်း၏။ ဒေါသမှလည်း ဆိတ်သုဉ်း၏။ မောဟမှလည်း ဆိတ်သုဉ်း၏"

"ငါ့ရှင် ဤသည်ကား ထိုစေတောဝိမုတ္တိတရား ၄ ပါးတို့သည် အနက်အားဖြင့် တူကြသည်။ သဒ္ဒါအားဖြင့်သာ ခြားနားကြသည်ဟု ဆိုနိုင်ရာသော အကြောင်းပရိယာယ်တည်း"

အရှင်သာရိပုတ္တရာက ဤသို့ ဖြေရှင်းတော်မူသောအခါ အရှင်မဟာကောဋ္ဌိကသည် အလွန်နှစ်သက် ဝမ်းမြောက်တော်မူသတည်း။

ဤသုတ်၌လာသော အမေးအဖြေတို့ကား အလွန်သိမ်မွေ့နက်နဲကြသည်။ မဟာပညာသာဝကကြီး နှစ်ပါးတို့၏ ဆွေးနွေးချက်များလည်း ဖြစ်ကြသည်။ သတိပြုရန်မှာ အရှင်မဟာ ကောဋ္ဌိကသည် ဤအဖြေတို့ကို မသိသောကြောင့် အရှင်သာရိပုတ္တရာအား ဆွေးနွေးမေးမြန်းသည်မဟုတ်။ သိမ်မွေ့နက်နဲသော အရာဖြစ်၍ စိတ်ဝင်စားသောကြောင့် မဟာပညာတို့တွင် အသာဆုံး မဟာပညာ တဒဂ်ရ အရှင်သာရိပုတ္တရာနှင့် နှီးနှောဆွေးနွေးတော်မူခြင်းသာ ဖြစ်သည်။ အရှင်မဟာ ကောဋ္ဌိကသည် မဟာပညာဖြစ်၍ ဤပြဿနာမျိုးကို မေးတော်သည်။ အရှင်သာရိပုတ္တရာလည်း မဟာပညာတို့တွင် အသာဆုံးဖြစ်၍ ဤအဖြေမျိုးကို အလွယ်တကူ ဖြေတော်သတည်း။

## ၁၂။ အရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာနှင့် ဗုဒ္ဓဂုဏ် (သမ္ပသာဒနီယသုတ်)

ဉာဏ်ပညာကို ပဓာနထားသော ဗုဒ္ဓသာသနာတွင် အသိဉာဏ်ပညာ အနုအရင့်ကို ထောက်ထား၍ ပုဂ္ဂိုလ်အမျိုးမျိုး ခွဲခြားထားသည်။ ယင်းပုဂ္ဂိုလ်တို့သည် မိမိ၏အရာ၌သာ အသိဉာဏ်ကျက်စားနိုင်ကြသည်။ ပုထုဇဉ်သည် သောတာပန်၏ အရာကို ဉာဏ်မမီ။ သောတာပန်သည် သကဒါဂါမ်၏ အရာကို ဉာဏ်မမီ။ သကဒါဂါမ်သည် အနာဂါမ်၏ အရာကို ဉာဏ်မမီ။ အနာဂါမ်သည် ရဟန္တာ၏ အရာကို ဉာဏ်မမီ။ ရဟန္တာတို့တွင်လည်း သာဝကရိုးရိုးတို့သည် မဟာသာဝက ၈၀ (အသီတိမဟာသာဝက)တို့၏ အရာကို ဉာဏ်မမီ။ မဟာသာဝက ၈၀ တို့တွင်လည်း ကြွင်းသော မဟာသာဝကတို့သည် မဟာပညာသာဝကကြီး ၄ ပါးတို့၏ အရာကို ဉာဏ်မမီ။ မဟာသာဝကကြီး ၄ ပါးတို့သည်လည်း အဂ္ဂသာဝကနှစ်ပါးတို့၏ အရာကို ဉာဏ်မမီ။ အဂ္ဂသာဝကနှစ်ပါးတို့တွင်လည်း ပညာအရာ၌ အရှင်မဟာမောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာကို ဉာဏ်မမီ။ တန်ခိုးအရာ၌ကား အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလ္လာန်၏အရာကို မမီနိုင်။ အဂ္ဂသာဝကနှစ်ပါးတို့သည်လည်း ပစ္စေကဗုဒ္ဓါတို့၏အရာကို ဉာဏ်မမီကြကုန်။ ပစ္စေကဗုဒ္ဓါတို့သည်လည်း သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့၏အရာကို ဉာဏ်မမီကြကုန်။

ယင်းသို့ အသိဉာဏ်အရာ၌ အဆင့်အတန်း ကွဲပြားခြားနားမှုသည် အခြားနေရာတို့၌မသိသာသော်လည်း အတိုင်းမသိ ကြီးကျယ်သော ဗုဒ္ဓဂုဏ်ကို သိရှိကြည်ညိုရာ၌ကား အထူးထင်ရှားသည်။ ယင်းပုဂ္ဂိုလ်တို့သည် ဗုဒ္ဓဂုဏ်ကို ကြည်ညိုရာ၌ မိမိတို့အသိဉာဏ်မီသလောက်သာ ထောက်ဆခန့်မှန်း၍ ကြည်ညိုနိုင်ကြသည်။

ဥပမာအားဖြင့် နက်ရှိုင်းလှသော ပင်လယ်သမုဒ္ဒရာကို တိုင်းတာလိုသဖြင့် အချို့လူတို့သည် တစ်လံမျှလောက်သောကြိုးကို ကျစ်၍ ရေ၌ချကာ တိုင်းကြကုန်၏။ အချို့ကား ၁၀ လံမျှလောက်သောကြိုးကို၊ အချို့ကား အလံ ၂၀၊ အချို့ကား အလံ ၃၀၊ အချို့ကား အလံ ၄၀၊ အချို့ကား အလံ ၅၀၊ အချို့ကား အလံ ၁၀၀၊ အချို့ကား အလံ ၁၀၀၀၊ အချို့ကား အလံ ၈၄၀၀၀ ကြိုးကို ကျစ်၍ ရေ၌ချကာ တိုင်းတာကြကုန်၏။ တစ်လံကြိုးနှင့် တိုင်းသောသူသည် တစ်လံမျှကိုသာ အတိအကျသိ၍ ကျန်သောရေကား အတိုင်းမသိ များလှသည်ဟု ခန့်မှန်း၏။ ထို့အတူပင် အခြားသူတို့လည်း မိမိတို့ကြိုးချ၍ မီသမျှကိုသာ အတိအကျသိ၍ ကျန်သောရေကား အတိုင်းမသိ များလှသည်ဟု ခန့်မှန်းကြကုန်၏။

ထို့အတူပင် အတိုင်းမသိ ကြီးကျယ်သော ဗုဒ္ဓဂုဏ်ကို ကြည်ညိုရာ၌လည်း သတ္တဝါတို့သည် မိမိဉာဏ်ပညာ ထောက်မိသမျှကိုသာ အတိအကျ သိရှိကြည်ညို ကြရကုန်၏။ ကျန်ဗုဒ္ဓဂုဏ်တော်တို့ကား အဆုံးမရှိ ကြီးကျယ်ကြသည်ဟုသာ ခန့်မှန်းကြရကုန်၏။

အထက်ပါ ဥပမာ၌ တစ်လံမှ ၉ လံအထိ ကြိုးကျစ်၍ တိုင်းသောသူသည် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် တူ၏။ ၁၀ လံကြိုးကျစ်၍ တိုင်းသောသူသည် သောတာပန်နှင့် တူ၏။ အလံ ၂၀ ကြိုးကျစ်၍တိုင်းသောသူသည် သကဒါဂါမ်နှင့်တူ၏။ အလံ ၃၀ ကြိုးကျစ်၍တိုင်းသောသူသည် အနာဂါမ်နှင့်တူ၏။ အလံ ၄၀ ကြိုးကျစ်၍ တိုင်းသောသူသည် ရဟန္တာနှင့်တူ၏။ အလံ ၅၀ ကြိုးကျစ်၍တိုင်းသောသူသည် မဟာသာဝက ၈၀ နှင့်တူ၏။ အလံ ၁၀၀ ကြိုးကျစ်၍တိုင်းသောသူသည် မဟာ ပညာ သာဝကကြီး ၄ ပါးတို့နှင့်တူ၏။ အလံ ၁၀၀၀ ကြိုးကျစ်၍တိုင်းသောသူ သည် အရှင်မဟာမောဂ္ဂလာန်နှင့်တူ၏။ အလံ ၈၄၀၀၀ ကြိုးကျစ်၍တိုင်းသောသူ သည် အရှင်သာရိပုတ္တရာနှင့်တူ၏။

အလံပေါင်း ၈၄၀၀၀ မျှ ရှည်သောကြိုးကို ကျစ်၍ ရေ၌ချကာ သမုဒ္ဒရာ ကို တိုင်းတာသောသူသည် သမုဒ္ဒရာရေကား ဤမျှသာမက အဆုံးမရှိ နက်ရှိုင်း များပြားသည်ဟု သိသကဲ့သို့ အရှင်သာရိပုတ္တရာလည်း အထွတ်အထိပ်သို့ရောက် သော မိမိ၏ သာဝကပါရမီဉာဏ်ဖြင့် ဗုဒ္ဓဂုဏ်တို့ကို ဆင်ခြင်သုံးသပ်ပြီး ဗုဒ္ဓဂုဏ် တို့ကား ဤမျှသာမက အတိုင်းမသိ ကြီးကျယ်သည်ဟု သိရှိကြည်ညိုသည်။ ဤအချက်ကိုထောက်ဆ၍ ဗုဒ္ဓကို အကြည်ညိုဆုံး သာဝကကား အရှင်သာရိ ပုတ္တရာပင်ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

တစ်ခါသော် အရှင်သာရိပုတ္တရာသည် နာဠန္ဒမြို့ ပါဝါရိကာရုံကျောင်း၌ သိတင်းသုံးတော်မူစဉ် တစ်ခုသော နေ့သန့်ချိန်၌ ဆိတ်ငြိမ်ရာအရပ်တွင် တစ်ပါး တည်း ထိုင်နေ၍ ဗုဒ္ဓဂုဏ်တော်တို့ကို ဆင်ခြင်သုံးသပ်သည်။ ထိုအခါ အရှင်မြတ် သည် မိမိဉာဏ်ပညာ ကြီးမားသလောက် ဗုဒ္ဓဂုဏ်တော်တို့ကို သိမြင်သည်။ သိမြင်သည့်အတိုင်းပင် အရှင်မြတ်သည် ဗုဒ္ဓကို အလွန့်အလွန် ပုံ့ကြည်ကြည်ညို သည်။ ဤသို့ကြည်ညိုရသဖြင့်လည်း အလွန့်အလွန် နှစ်သက်ဝမ်းမြောက်သည်။

အမှန်အားဖြင့် အရှင်သာရိပုတ္တရာ သိမြင်သော ဗုဒ္ဓဂုဏ်တို့ကား သမ္မာ သမ္ဗုဒ္ဓဘုရားရှင်တို့၏ အရာသာဖြစ်သည်။ ဗုဒ္ဓတစ်ဆူ၏ဂုဏ်ကို အခြားဗုဒ္ဓတစ်ဆူ ကသာ အကုန်အစင်သိနိုင်သည်။ သိသော်လည်း သိတိုင်း ဟောကြား၍ ပြီးဆုံး နိုင်စရာ အကြောင်းမရှိ။ ဗုဒ္ဓဂုဏ်ကား ဤမျှ အတိုင်းမသိ ကြီးကျယ်သည်။

အစိတ္တေယျ အပ္ပမေယျ အနန္တသာ ဖြစ်သည်။ သို့ရာတွင် အရှင်သာရိပုတ္တရာ၏ ဓမ္မန္ဝယဉာဏ်၊ သို့မဟုတ် အနုမာနဉာဏ်သည်လည်း သဗ္ဗညုတဉာဏ်နှင့် အလား တူသည်။ အတိုင်းမသိကြီးကျယ်သည်။ သို့ဖြင့် အရှင်သာရိပုတ္တရာသည် ညနေချမ်း အချိန်တွင် ဗုဒ္ဓအထံတော်သို့သွား၍ မိမိဉာဏ်ဖြင့် သိမြင်သော ဗုဒ္ဓဂုဏ် စကားကို ရဲရင့်စွာ ဤသို့လျှောက်ထားသည်။

''အရှင်ဘုရား အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဟု ဆိုအပ်သော သမ္ဗောဓိအရာ၌ မြတ်စွာဘုရားထက် သာလွန်သော ရဟန်းပုဏ္ဏားသည် ရှေးက လည်း မရှိခဲ့။ နောင်အခါ၌လည်း ရှိမည်မဟုတ်။ ယခုလည်းမရှိဟု မြတ်စွာ ဘုရား၌ ယုံကြည်ကြည်ညိုပါသည်''

''အို သာရိပုတ္တရာ၊ သင်သည် ကြီးကျယ်လှသော ရဲရင့်သောစကားကို ဆိုဘိသည်။ ကေန်မုချ တိကျသောစကားကို ဆိုဘိသည်။ ခြင်္သေ့ဟောက်သံကို ဟောက်ဘိသည်။ အို သာရိပုတ္တရာ၊ သင်သည် ရှေးဘုရားရှင်တို့၏ သီလ သမာဓိ ပညာ အနေအထိုင် ကိလေသာမှ လွတ်မြောက်ခြင်းတို့ကို မိမိစိတ်ဖြင့် ဘုရားရှင် တို့၏စိတ်ကို ပိုင်းခြား၍ သိမြင်သလော''

''အရှင်ဘုရား မသိမြင်ပါ''

''အို သာရိပုတ္တရာ၊ အနာဂတ်၌ ပွင့်တော်မူကြမည့် ဘုရားရှင်တို့၏ သီလ သမာဓိ ပညာ အနေအထိုင် လွတ်မြောက်မှုတို့ကို မိမိစိတ်ဖြင့် ဘုရားရှင် တို့၏စိတ်ကို ပိုင်းခြား၍ သိမြင်သလော''

''အရှင်ဘုရား မသိမြင်ပါ''

''အို သာရိပုတ္တရာ၊ သင်သည် ယခုမျက်မှောက်၌ ပွင့်တော်မူသော ငါ ဘုရား၏ သီလ သမာဓိ ပညာ အနေအထိုင် လွတ်မြောက်မှုတို့ကို မိမိစိတ်ဖြင့် ငါဘုရား၏စိတ်ကို ပိုင်းခြား၍ သိမြင်သလော''

''အရှင်ဘုရား မသိမြင်ပါ''

''အို သာရိပုတ္တရာ၊ ဤသို့ ကာလ ၃ ပါး၌ပွင့်တော်မူသော ဘုရားရှင် တို့၌ စိတ်ဖြင့် စိတ်ကိုသိနိုင်သော စေတောပရိယဉာဏ် မရှိဘဲလျက် အဘယ် ကြောင့် ဤသို့ ရဲရင့်သောစကားကို ဆိုဘိသနည်း''

''အရှင်ဘုရား ဤသို့သော စေတောပရိယဉာဏ် (စိတ်ကို စိတ်ဖြင့် ပိုင်းခြား၍သိသောဉာဏ်)ကား မရှိပါ။ စင်စစ်သော်ကား အကျွန်ုပ်အား တရားကို အစဉ်လျှောက်၍ သိသော ဓမ္မန္ဝယဉာဏ် ရှိပါသည်။ အရှင်ဘုရား ဥပမာအားဖြင့် ကြောင်ထွက်စရာမရှိအောင် စေ့စပ်လုံခြုံသောမြို့ရိုးရှိသည့် တိုင်းစွန်ပြည်နားကျ

သော မြို့တစ်မြို့တွင် မြို့တံခါးတစ်ပေါက်သာ ရှိရာ၏။ ထိုမြို့က ပညာရှိသော တံခါးမှူးသည် ဤမြို့သို့ ဝင်ကြထွက်ကြသော မြင်လောက်အောင် ကြီးကျယ်သော သတ္တဝါအလုံးစုံတို့သည် ဤတံခါးပေါက်ဖြင့်သာ ဝင်ကြထွက်ကြသည်ဟု သိရာ၏။ ထို့အတူသာလျှင် အကျွန်ုပ်အား ဓမ္မန္ဓယဉာဏ် ရှိပါသည်။ ရှေးဘုရားရှင်တို့သည် နီဝရဏတရားတို့ကို ပယ်စွန့်၍၊ ဥပက္ကိလေသာတို့ကို ပညာဖြင့် အားနည်းအောင်ပြု၍၊ သတိပဋ္ဌာန်လေးပါးတို့၌ ရပ်တည်သော စိတ်ရှိသည်ဖြစ်၍၊ ဗောဇ္ဈင် ၇ ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွားများ၍ အသာအလွန်မရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်တော်မူခဲ့ကြသည်။ အနာဂတ်ကာလ၌ ပွင့်တော်မူကြမည့် ဘုရားရှင်တို့သည် ထို့အတူပင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်တော်မူကြလိမ့်မည်။ ယခုမျက်မှောက်၌ရှိသော ဘုန်းတော်ကြီးမားသည့် မြတ်စွာဘုရားသည်လည်း ထို့အတူပင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းသိမြင်တော်မူသည်ဟု ဓမ္မန္ဓယဉာဏ်ဖြင့် သိပါသည်"

"အရှင်ဘုရား အကျွန်ုပ်သည် တရားနာရန် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ခဲ့ပါသည်။ မြတ်စွာဘုရားကလည်း အမည်းအဖြူ ဝေဖန်ခွဲခြားရှိသော မြတ်သထက်မြတ်သော တရားကို ဟောကြားတော်မူပါသည်။ ထိုတရားတော်ကို ကြားနာရန် အချို့သောတရားကို ထိုးထွင်းသိမြင်၍ သစ္စာလေးပါးတရားတို့၌ အပြီးအဆုံးသို့ ရောက်ခဲ့ပါသည်။ သာဝကပါရမီဉာဏ်ကို ရခဲ့ပါသည်။ မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၊ တရားတော်သည် သွာက္ခာတတရား၊ သံဃာတော်သည် သုပ္ပဋိပန္နသံဃာဟု မြတ်စွာဘုရား၌ ယုံကြည်ကြည်ညိုခဲ့ပါသည်။

(သမ္မာသမ္ဗုဒ္ဓ - သစ္စာ ၄ ပါးတရားကို အမှန်အတိုင်း ကိုယ်တိုင်သိသော ဘုရား။

သွာက္ခာတ - ကောင်းစွာဟောအပ်သော တရား။

သုပ္ပဋိပန္န - ကောင်းစွာကျင့်သော သံဃာ။)

## အရှင်သာရိပုတ္တရာ ကြည်ညိုသော ဗုဒ္ဓဂုဏ်များ

၁။ ကုသလဓမ္မဒေသနာ - ကုသိုလ်တရားကို ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ကုသိုလ်တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းကုသိုလ်တရားတို့မှာ သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ မဂ္ဂင် ၈ ပါးတို့ဖြစ်ကြပါသည်။ ဤကုသိုလ်တရားတို့၏ အထွတ်အထိပ်ကား အာသဝေါ

ကင်းရာ အရဟတ္တဖိုလ်ပင် ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဤကုသိုလ်တရားတို့ကို အကြွင်းမဲ့သိတော်မူပါသည်။ ဤကုသိုလ်တရားအရာ၌ အခြားရဟန်းပုဏ္ဏားတို့က မြတ်စွာဘုရားထက် ပို၍သိစရာဟူ၍ ဘာမျှမရှိတော့ပါ။ မြတ်စွာဘုရား၏ ဤကုသိုလ်တရားဒေသနာသည် သာလွန်စရာမရှိသော အမြတ်ဆုံးဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဤကုသိုလ်တရားအရာ၌ အသာလွန်ဆုံးဖြစ်ပါသည်"

၂။ အာယတနပဏ္ဏတ္တိဒေသနာ – အာယတနတရားကို ပညတ် ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အာယတနတရားကို ဟောကြားခြင်းနှင့်ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းအာယတနတို့ကား ကိုယ်တွင်း၌ဖြစ်သော အဇ္ဈတ္တိက အာယတန၊ ပြင်ပ၌ဖြစ်သော ဗာဟိရအာယတန ၆ စုံတို့ဖြစ်ကြပါသည်။ ယင်း ၆ စုံတို့မှာ မျက်စိနှင့် ရူပါရုံ၊ နားနှင့် သဒ္ဒါရုံ၊ နှာခေါင်းနှင့် ဂန္ဓာရုံ၊ လျှာနှင့် ရသာရုံ၊ ကိုယ်ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ၊ စိတ်နှင့် ဓမ္မာရုံတို့ ဖြစ်ကြပါသည်။ မြတ်စွာဘုရားသည် ဤအာယတနတရားတို့ကို အကြွင်းမဲ့သိတော်မူပါသည်။ ဤအာယတနတရားအရာ၌ အခြားရဟန်း ပုဏ္ဏားတို့က မြတ်စွာဘုရားထက် ပို၍သိစရာဟူ၍ ဘာမျှမရှိတော့ပါ။ မြတ်စွာ ဘုရား၏ ဤအာယတနတရားဒေသနာသည် သာလွန်စရာမရှိသော အမြတ်ဆုံးဖြစ်ပါသည်။ မြတ်စွာဘုရားသည် ဤအာယတနတရားကို ပညတ်ဟောကြားရာ၌ အသာလွန်ဆုံးဖြစ်ပါသည်"

၃။ ဂဗ္ဘာဝက္ကန္တိဒေသနာ – အမိဝမ်း၌ ပဋိသန္ဓေနေပုံကို ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အမိဝမ်း၌ ပဋိသန္ဓေနေပုံနှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းပဋိသန္ဓေနေပုံတို့မှာ–

(က) အချို့က တွေဝေလျက် အမိဝမ်း၌ဖြစ်သည်။ တွေဝေလျက် အမိဝမ်း၌တည်နေသည်။ တွေဝေလျက် အမိဝမ်းမှ ထွက်မြောက်သည်။
(ခ) အချို့က အသိရှိလျက် အမိဝမ်း၌ဖြစ်သည်။ တွေဝေလျက် အမိဝမ်း၌တည်နေသည်။ တွေဝေလျက် အမိဝမ်းမှ ထွက်မြောက်သည်။
(ဂ) အချို့က အသိရှိလျက် အမိဝမ်း၌ဖြစ်သည်။ အသိရှိလျက် အမိဝမ်း၌တည်နေသည်။ တွေဝေလျက် အမိဝမ်းမှ ထွက်မြောက်သည်။
(ဃ) အချို့က အသိရှိလျက် အမိဝမ်း၌ဖြစ်သည်။ တွေဝေလျက် အမိဝမ်း၌တည်နေသည်။ အသိရှိလျက် အမိဝမ်းမှ ထွက်မြောက်သည်။ ဤပဋိသန္ဓေနေခြင်းကား အမြတ်ဆုံးဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဤဂဗ္ဘာဝက္ကန္တိဒေသနာအရာ၌ အသာလွန်ဆုံးဖြစ်ပါသည်။

(ပထမပဋိသန္ဓေမျိုးကား ပုထုဇဉ်၊ ဒုတိယကား အသီတိ မဟာသာဝက၊ တတိယကားအဂ္ဂသာဝကနှင့် ပစ္စေကဗုဒ္ဓါ၊ စတုတ္ထကား ဗုဒ္ဓနှင့် ပတ်သက်သည်။)

၄။ အာဒေသနဝိဓာဒေသနာ – စိတ်ညွှန်းတရားမျိုး ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် စိတ်ကို ဖော်ညွှန်းခြင်းနှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းစိတ်ကိုဖော်ညွှန်းခြင်းတို့မှာ ဤ ၄ ပါးတို့ ဖြစ်ကြပါသည်။

(က) အချို့က အသွားအလာ ရပ်တည်ပုံ နိမိတ်တို့ကိုကြည့်၍ 'သင်၏စိတ်သည် ဤသို့ဤပုံဖြစ်သည်၊ သင်၏စိတ်သည် ဤအခြင်းအရာအားဖြင့် ဖြစ်သည်၊ သင်၏စိတ်သည် ဤအရာကို ကြံစည်နေသည်' ဟု သူတစ်ပါးစိတ်ကို ဖော်ညွှန်းကြပါသည်။ ဖော်ညွှန်းတိုင်းလည်း မှန်ပါသည်။

(ခ) အချို့က လူ့အသံ တစ္ဆေအသံ နတ်အသံ တစ်ခုခုကို နားထောင်၍ 'သင်၏စိတ်သည် ဤသို့ဤပုံဖြစ်သည်၊ သင်၏စိတ်သည် ဤအခြင်းအရာအားဖြင့် ဖြစ်သည်၊ သင်၏စိတ်သည် ဤအရာကို ကြံစည်နေသည်'ဟု သူတစ်ပါးစိတ်ကို ဖော်ညွှန်းကြပါသည်။ ဖော်ညွှန်းတိုင်းလည်း မှန်ပါသည်။

(ဂ) အချို့က တစ်စုံတစ်ရာကို ကြံစည်သော၊ သုံးသပ်ဆင်ခြင်သော သူတစ်ပါး၏ဝိတက်ပျံ့နှံ့၍ ဖြစ်သောအသံကို နားထောင်၍ 'သင်၏စိတ်သည် ဤသို့ဤပုံဖြစ်သည်၊ သင်၏စိတ်သည် ဤအခြင်းအရာအားဖြင့် ဖြစ်သည်၊ သင်၏စိတ်သည် ဤအရာကို ကြံစည်နေသည်' ဟု သူတစ်ပါးစိတ်ကို ဖော်ညွှန်းကြပါသည်။ ဖော်ညွှန်းတိုင်းလည်း မှန်ပါသည်။

(ဃ) အချို့က ဝိတက် ဝိစာရကင်းသော ဈာန်သမာပတ်ကို ဝင်စား၍ ဈာန်အဘိညာဉ်စိတ်ဖြင့် သူ့စိတ်ကို ပိုင်းခြားသိမြင်၍ 'သင်၏စိတ်သည် ဤသို့ဤပုံဖြစ်သည်၊ သင်၏စိတ်သည် ဤအခြင်းအရာအားဖြင့် ဖြစ်သည်၊ သင်၏စိတ်သည် ဤအရာကို ကြံစည်နေသည်'ဟု သူတစ်ပါးစိတ်ကို ဖော်ညွှန်းကြပါသည်။ ဖော်ညွှန်းတိုင်းလည်း မှန်ပါသည်။ ဤဖော်ညွှန်းခြင်းကား အမြတ်ဆုံးဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဤစိတ်ညွန်းတရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၅။ ဒဿန သမာပတ္တိဒေသနာ – ဉာဏ်အမြင်ထူးတရား ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဒဿနခေါ် ဉာဏ်အမြင်ထူးရရှိခြင်းနှင့်ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းဉာဏ်အမြင်ထူးရရှိခြင်းတို့မှာ ဤ ၄ ပါးတို့ ဖြစ်ကြပါသည်။

(က) အချို့သောသူသည် 'ဤခန္ဓာကိုယ်၌ ဆံပင် မွေးညင်း လက်သည်းခြေသည်း သွား အရေ အသား အကြော အရိုး ချဉ်ဆီ အညို့နှလုံး အသည်း အမြှေး အပြင် အဆုပ်၊ အူမ အူသိမ်၊ အစာသစ် အစာဟောင်း၊ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်သည် (ဦးနှောက်မပါ)တို့ ရှိ၏'ဟု အထူးထူးသော စက်ဆုပ်ဖွယ်တို့ဖြင့်ပြည့်သော၊ တစ်လံမျှလောက်သော ဤခန္ဓာကိုယ်ကို အဖန်ဖန် ကြည့်ရှုဆင်ခြင်၏။ သို့ဖြင့် ပထမဈာန်ကို ရရှိ၏။ ထိုပထမဈာန်ကို အခြေခံ၍ ဝိပဿနာရှုသဖြင့် သောတာပတ္တိမဂ်ကို ရ၏။

(ခ) အချို့ကား 'ဤခန္ဓာကိုယ်၌ ဆံပင်၊ လ၊ ကျင်ငယ်သည် ရှိ၏'ဟုလည်း ကြည့်ရှုဆင်ခြင်၏။ သတ္တဝါ၏ အရေ အသား အသွေးကို ကျော်လွန်၍ အရိုးကိုလည်း ကြည့်ရှုဆင်ခြင်၏။ သို့ဖြင့် ထိုသူသည် ဒုတိယဈာန်ကို ရရှိ၏။ ထိုဒုတိယဈာန်ကို အခြေခံ၍ ဝိပဿနာရှုသဖြင့် သကဒါဂါမိမဂ်ကို ရ၏။

(ဂ) အချို့ကား 'ဤခန္ဓာကိုယ်၌ ဆံပင်၊ လ၊ ကျင်ငယ်သည် ရှိ၏'ဟုလည်း ကြည့်ရှုဆင်ခြင်၏။ သတ္တဝါ၏ အရေ အသား အသွေးကို ကျော်လွန်၍ အရိုးကိုလည်း ကြည့်ရှုဆင်ခြင်၏။ ဤလောက၌ တည်သည်လည်းဖြစ်သော၊ နောက်လောက၌ တည်သည်လည်းဖြစ်သော နှစ်ပါးစုံအားဖြင့် အဆက်မပြတ်သော ဝိညာဉ်အလျဉ်ကိုလည်း ပြတ်သားစွာသိမြင်၏။ သို့ဖြင့် ထိုသူသည် တတိယဈာန်ကို ရရှိ၏။ ထိုတတိယဈာန်ကို အခြေခံ၍ ဝိပဿနာပွားသဖြင့် အနာဂါမိမဂ်ကို ရ၏။

(ဃ) အချို့ကား 'ဤခန္ဓာကိုယ်၌ ဆံပင်၊ လ၊ ကျင်ငယ်သည် ရှိ၏'ဟုလည်း ကြည့်ရှုဆင်ခြင်၏။ သတ္တဝါ၏ အရေ အသား အသွေးကို

ကျော်လွန်၍ အရိုးကိုလည်း ကြည့်ရှုဆင်ခြင်၏။ ဤလောက၌လည်း မတည်သော၊ နောက်လောက၌လည်း မတည်သော နှစ်ပါးစုံအားဖြင့် အဆက်မပြတ်သော ဝိညာဉ်အလျဉ်ကိုလည်း ပြတ်သားစွာသိမြင်၏။ ထိုသူသည် စတုတ္ထဈာန်ကို ရ၏။ ထိုဈာန်ကို အခြေခံ၍ ဝိပဿနာရှုသဖြင့် အရဟတ္တမဂ်ကိုရ၏။ ဤအရဟတ္တမဂ်ဉာဏ်ကား အမြတ်ဆုံးဒဿန ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဤဉာဏ်အမြင်ထူး ဒဿနကိုရခြင်း တရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၆။ ပုဂ္ဂလပဏ္ဏတ္တိဒေသနာ - အရိယာပုဂ္ဂိုလ်များကို ပညတ် ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အရိယာပုဂ္ဂိုလ်တို့ကို ပညတ်ဟောကြားခြင်းနှင့်ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းအရိယာပုဂ္ဂိုလ်တို့မှာ ဤ ၇ မျိုးတို့ ဖြစ်ကြပါသည်။

(က) ဥဘတောဘာဂဝိမုတ္တိ = အရူပဈာန်ရ နှစ်ဖက်လွတ် အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊ ရဟန္တာ။

(ခ) ပညာဝိမုတ္တ = အရူပဈာန်ကိုမရသော အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊ ရဟန္တာ။

(ဂ) ကာယသက္ခီ = အရူပဈာန်ရ အလယ်အရိယာပုဂ္ဂိုလ် ၆ ယောက်။

(ဃ) ဒိဋ္ဌိပ္ပတ္တ = အရူပဈာန်ကို မရသော အလယ်အရိယာပုဂ္ဂိုလ် ၆ ယောက်။

(င) သဒ္ဓါဝိမုတ္တ = အရူပဈာန်ကို မရသော သဒ္ဓါလွန် အလယ်အရိယာပုဂ္ဂိုလ် ၆ ယောက်။

(စ) ဓမ္မာနုသာရီ = ပညာလွန်ကဲသော သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်။

(ဆ) သဒ္ဓါနုသာရီ = သဒ္ဓါလွန်ကဲသော သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်။

မြတ်စွာဘုရားသည် ဤအရိယာပုဂ္ဂိုလ်များကို ပညတ်ဟောကြားခြင်းနှင့် ပတ်သက်သော တရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၇။ ပဓာနဒေသနာ - တရားအားထုတ်မှုကို ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် တရားအားထုတ်ခြင်း(ပဓာနတရား)နှင့်

ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းတရား အားထုတ်ခြင်း ပဓာနတရားမှာ ဤဗောဇ္ဈင် ၇ ပါးတို့ပင် ဖြစ်ကြပါသည်။

(က) သတိသမ္ဗောဇ္ဈင် = သတိဟူသော သစ္စာသိကြောင်းတရား။

(ခ) ဓမ္မဝိစယသမ္ဗောဇ္ဈင်= ကုသိုလ် အကုသိုလ်တရားတို့ကို စိစစ်တတ်သော ပညာဟူသော သစ္စာသိကြောင်းတရား။

(ဂ) ဝိရိယသမ္ဗောဇ္ဈင် = ဝိရိယဟူသော သစ္စာသိကြောင်းတရား။

(ဃ) ပီတိသမ္ဗောဇ္ဈင် = နှစ်သက်ခြင်း–ပီတိဟူသော သစ္စာသိကြောင်း တရား။

(င) ပဿဒ္ဓိသမ္ဗောဇ္ဈင် = ကိုယ်စိတ် ငြိမ်းချမ်းခြင်းဟူသော သစ္စာသိကြောင်း တရား။

(စ) သမာဓိသမ္ဗောဇ္ဈင် = စိတ်တည်ငြိမ်ခြင်း သမာဓိဟူသော သစ္စာသိကြောင်းတရား။

(ဆ) ဥပေက္ခာသမ္ဗောဇ္ဈင် = လျစ်လျူရှုခြင်းဟူသော သစ္စာသိကြောင်းတရား။

မြတ်စွာဘုရားသည် ဤတရားအားထုတ်ခြင်း ပဓာနတရားနှင့် ပတ်သက်သော တရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၈။ ပဋိပဒါဒေသနာ – အကျင့်ပဋိပဒါတရားကို ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျင့်ပဋိပဒါနှင့်ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ယင်းအကျင့်ပဋိပဒါတို့မှာ ဤ ၄ ပါးတို့ ဖြစ်ကြပါသည်။

(က) ဒုက္ခ ပဋိပဒါ ဒန္ဓာဘိညာ = အကျင့်လည်း ဆင်းရဲ အသိလည်း နှေးခြင်း။

(ခ) ဒုက္ခ ပဋိပဒါ ခိပ္ပါဘိညာ = အကျင့်ဆင်းရဲ၍ အသိမြန်ခြင်း။

(ဂ) သုခ ပဋိပဒါ ဒန္ဓာဘိညာ = အကျင့်ချမ်းသာ၍ အသိနှေးခြင်း။

(ဃ) သုခ ပဋိပဒါ ခိပ္ပာဘိညာ = အကျင့်လည်း ချမ်းသာ အသိလည်းမြန်ခြင်း။

အရှင်ဘုရား ဤလေးပါးသော အကျင့်ပဋိပဒါတို့တွင် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာသည် အကျင့်ဆင်းရဲခြင်းကြောင့်လည်းကောင်း၊ အသိနှေးခြင်းကြောင့်

လည်းကောင်း နှစ်ဖက်စုံ ညံ့ဖျင်းသည်ဟု ဆိုရပါသည်။ ဒုက္ခပဋိပဒါ ခိပ္ပာဘိညာသည် အကျင့်ဆင်းရဲခြင်းကြောင့် ညံ့ဖျင်းသည်ဟု ဆိုရပါသည်။ သုခ ပဋိပဒါ ဒန္ဓာဘိညာသည် အသိနှေးခြင်းကြောင့် ညံ့ဖျင်းသည်ဟု ဆိုရပါသည်။ သုခ ပဋိပဒါ ခိပ္ပာဘိညာသည် အကျင့်လည်း ချမ်းသာပြီး အသိလည်းမြန်သောကြောင့် နှစ်ဖက်စုံ မြတ်သည်ဟု ဆိုရပါသည်။

မြတ်စွာဘုရားသည် ဤအကျင့် ပဋိပဒါတရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၉။ ဘဿသမာစာရ ဒေသနာ - အပြောအဆို အလေ့အကျင့်ကောင်း တရား ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အပြောအဆို အလေ့အကျင့်ကောင်းနှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ဤလောက၌ အချို့သောသူသည် မုသာဝါဒနှင့်စပ်သော စကားကိုလည်း မပြောဆိုပါ။ သူတစ်ပါး ကွဲပြားကြောင်းနှင့်စပ်သော စကားကိုလည်း မပြောဆိုပါ။ ကုန်းချောခြင်းနှင့်စပ်သော စကားကိုလည်း မပြောဆိုပါ။ အနိုင်ရမှုကိုငဲ့၍ ချုပ်ချယ်ခြင်းကို ဖြစ်စေတတ်သော စကားကိုလည်း မပြောဆိုပါ။ ပညာဖြင့် ချင့်ချိန်၍ ချင့်ချိန်၍ နှလုံး၌ထားအပ်သော စကားမျိုးကိုသာ အချိန်အခါအရ ပြောဆိုတတ်ပါသည်။

မြတ်စွာဘုရားသည် ဤအပြောအဆို အလေ့အကျင့်ကောင်းနှင့် ပတ်သက်သော တရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၁၀။ ကာယသမာစာရဒေသနာ - အပြုအမူ အလေ့အကျင့်ကောင်း တရား ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အပြုအမူ အလေ့အကျင့်ကောင်းနှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ အရှင်ဘုရား ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် စကားမှန်သူလည်း ဖြစ်ပါသည်။ သဒ္ဓါရှိသူလည်း ဖြစ်ပါသည်။ အံ့သြဖွယ်ဖြစ်အောင် ဟန်ဆောင်တတ်သူလည်း မဟုတ်၊ လာဘ်ရအောင် ဆွယ်စကားပြောတတ်သူလည်းမဟုတ်ပါ၊ လာဘ်ရအောင် အရိပ်နိမိတ် ပြုတတ်သူလည်း မဟုတ်ပါ၊ လာဘ်ရအောင် ဖိနှိပ်ပြောဆိုတတ်သူလည်း မဟုတ်ပါ၊ နည်းနည်းပေး၍ များများရအောင် လာဘ်မျှားတတ်သူလည်း မဟုတ်ပါ၊ ဣန္ဒြေတို့ကို စောင့်ထိန်းသူလည်း ဖြစ်ပါသည်။ အစားအစာ၌ ပမာဏကို သိတတ်သူလည်း ဖြစ်ပါသည်။ အအိပ်အနေ နည်းပါး၍ နိုးကြားထကြွမှုရှိ

သောသူလည်း ဖြစ်ပါသည်။ မပျင်းရိသူ၊ လုံ့လကြီးမားသူ၊ ဈာန်ဝင်စားသူ၊ သတိရှိသူ၊ ပဋိဘာန်ဉာဏ်ကောင်းသူ၊ ပညာရှိသူ၊ တည်ကြည်သူ၊ အသိဉာဏ်ရှိသူ၊ ကာမဂုဏ်တို့၌ မတပ်မက်သူ၊ သတိရှိသူ၊ ပညာရင့်ကျက်သူလည်း ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဤအပြုအမူ အလေ့အကျင့်ကောင်းနှင့် ပတ်သက်သော တရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၁၁။ အနုသာသနဝိဓာဒေသနာ– ဆုံးမစကား ဟောကြားခြင်း။

''အရှင်ဘုရား၊ မြတ်စွာဘုရားသည် ဆုံးမစကား ဟောကြားခြင်းနှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ အရှင်ဘုရား ဆုံးမစကားအစုတို့မှာ ဤ ၄ ပါးတို့ ဖြစ်ကြပါသည်။

(က) အရှင်ဘုရား၊ မြတ်စွာဘုရားသည် တစ်ပါးသောပုဂ္ဂိုလ်ကို သီးခြားအသင့် နှလုံးသွင်းခြင်းဖြင့် 'ဤပုဂ္ဂိုလ်သည် ငါဆုံးမတိုင်း ကျင့်သည်ရှိသော် သံယောဇဉ်သုံးပါးတို့ ကုန်ခန်းခြင်းကြောင့် အပါယ် ၄ ပါးသို့ မကျခြင်းသဘောရှိသော၊ မြဲစွဲသော၊ အရဟတ္တမဂ်ဉာဏ်လျှင် လဲလျောင်းရာရှိသော၊ သောတာပန်ဖြစ်လတ္တံ့'ဟု သိတော်မူပါသည်။

(ခ) အရှင်ဘုရား၊ မြတ်စွာဘုရားသည် တစ်ပါးသောပုဂ္ဂိုလ်ကို သီးခြားအသင့် နှလုံးသွင်းခြင်းဖြင့် 'ဤပုဂ္ဂိုလ်သည် ငါဆုံးမတိုင်း ကျင့်သည်ရှိသော် သံယောဇဉ်သုံးပါးတို့ ကုန်ခန်းခြင်းကြောင့် ရာဂ ဒေါသ မောဟတို့ ခေါင်းပါးခြင်းကြောင့် သကဒါဂါမ်ဖြစ်လတ္တံ့၊ ဤလူ့ဘုံသို့ တစ်ကြိမ်သာလာ၍ ဒုက္ခ၏အဆုံးကို ပြုလတ္တံ့'ဟု သိတော်မူပါသည်။

(ဂ) အရှင်ဘုရား၊ မြတ်စွာဘုရားသည် တစ်ပါးသောပုဂ္ဂိုလ်ကို သီးခြားအသင့် နှလုံးသွင်းခြင်းဖြင့် 'ဤပုဂ္ဂိုလ်သည် ငါဆုံးမတိုင်း ကျင့်သည်ရှိသော် အောက်သံယောဇဉ် ၅ ပါးတို့ ကုန်ခန်းခြင်းကြောင့် ထိုသုဒ္ဓါဝါသဗြဟ္မာဘုံမှ ပြန်မလာခြင်းသဘောရှိသော၊ ထိုသုဒ္ဓါဝါသဗြဟ္မာဘုံမှာပင် ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ဖြစ်လတ္တံ့'ဟု သိတော်မူပါသည်။

(ဃ) အရှင်ဘုရား၊ မြတ်စွာဘုရားသည် တစ်ပါးသောပုဂ္ဂိုလ်ကို သီးခြားအသင့် နှလုံးသွင်းခြင်းဖြင့် 'ဤပုဂ္ဂိုလ်သည် ငါဆုံးမတိုင်း ကျင့်သည်

ရှိသော် အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် စိတ်ဖြင့် ကိလေသာမှ လွတ်မြောက်ရာဖြစ်သော၊ ပညာဖြင့် ကိလေသာမှ လွတ်မြောက်ရာဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝ၌ပင် ရ၍ နေရလတ္တံ့ (ရဟန္တာဖြစ်လတ္တံ့)'ဟု သိတော်မူပါသည်။

မြတ်စွာဘုရားသည် ဤသို့သိ၍ ဆုံးမစကားကို ဟောကြားတော်မူပါသည်။ ဤသို့ဆုံးမစကား ဟောကြားခြင်းနှင့်ပတ်သက်သော တရားဒေသနာအရာ၌ မြတ်စွာဘုရားသည် အသာလွန်ဆုံး ဖြစ်ပါသည်။

၁၂။ ပရပုဂ္ဂလဝိမုတ္တိဉာဏ ဒေသနာ – သူတစ်ပါး လွတ်မြောက်မှု ဉာဏ်တရား ဟောကြားခြင်း။

''အရှင်ဘုရား၊ မြတ်စွာဘုရားသည် သူတစ်ပါး လွတ်မြောက်မှုဉာဏ်နှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ အရှင်ဘုရား မြတ်စွာဘုရားသည် ဤပုဂ္ဂိုလ်ကား သောတာပန်ဖြစ်လိမ့်မည်ဟု သိတော်မူပါသည်။ မြတ်စွာဘုရားသည် ဤပုဂ္ဂိုလ်ကား သကဒါဂါမ်ဖြစ်လိမ့်မည်ဟု သိတော်မူပါသည်။ မြတ်စွာဘုရားသည် ဤပုဂ္ဂိုလ်ကား အနာဂါမ်ဖြစ်လိမ့်မည်ဟု သိတော်မူပါသည်။ ဤပုဂ္ဂိုလ်ကား ရဟန္တာဖြစ်လိမ့်မည်ဟု သိတော်မူပါသည်။

မြတ်စွာဘုရားသည် ဤသို့ သိ၍ သူတစ်ပါးတို့ လွတ်မြောက်မှုတရားကို ဟောကြားတော်မူပါသည်။ ဤသို့ သူတစ်ပါးလွတ်မြောက်မှုဉာဏ်နှင့် ပတ်သက်သော တရားဒေသနာအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

၁၃။ သဿတဝါဒဒေသနာ – သဿတဝါဒတရား ဟောကြားခြင်း။

''အရှင်ဘုရား၊ မြတ်စွာဘုရားသည် သဿတဝါဒနှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ အရှင်ဘုရား သဿတဝါဒကား ဤ ၃ ပါးတို့ ဖြစ်ပါသည်။

(က) ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ပြင်းထန်စွာ ကမ္မဋ္ဌာန်းတရား ပွားများခြင်းကို အကြောင်းပြု၍ ရှေးဘဝ ခန္ဓာ အစဉ်ကို သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရပါသည်။ ထိုသူသည် တစ်ခုသော ဘဝဇာတ်ကိုလည်း အောက်မေ့နိုင်ပါသည်။ နှစ်ခုမှစ၍ သိန်းပေါင်းများစွာသော ဘဝဇာတ်တို့ကိုလည်း အောက်မေ့နိုင်ပါသည်။ ငါသည် ဤမည်သော ဘဝဇာတ်၌ ဤသို့သော အမည်ရှိသည်။ ဤသို့သော အမျိုးအနွယ်

ရှိသည်။ ဤသို့သော အဆင်းအရောင်ရှိသည်။ ဤသို့သော အစာအာဟာရရှိသည်။ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားရသည်။ အသို့သော အသက်တမ်းရှိသည်။ ထိုငါသည် ထိုဘဝမှ စုတေ၍ ဤဘဝ၌ဖြစ်သည်ဟု အခြင်းအရာနှင့်တကွ များလှသော ရှေးဘဝခန္ဓာအစဉ်ကို သိမြင်ပါသည်။ ထိုသူသည် ဤသို့ပြောဆိုပါသည်။ 'ငါသည် ရှည်လျားသော ရှေးအတိတ်ကာလကိုလည်း သိသည်။ လောကသည် ပျက်လည်းပျက်ခဲ့သည်၊ ဖြစ်လည်းဖြစ်ခဲ့သည်။ ငါသည် ရှည်လျားသော အနာဂတ်ကာလကိုလည်း သိသည်။ လောကသည် ပျက်လည်းပျက်လိမ့်ဦးမည်၊ ဖြစ်လည်းဖြစ်လိမ့်ဦးမည်။ သို့ရာတွင် အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း တည်မြဲ၏၊ မြဲ၏၊ တောင်ထွတ်ကဲ့သို့တည်၏၊ တံခါးတိုင်ကဲ့သို့ခိုင်မြဲ၏။ ထိုသတ္တဝါတို့ကား ပြေးသွားကြကုန်၏။ ကျင်လည်ကြကုန်၏။ စုတေကြကုန်၏။ ဖြစ်ပေါ်ကြကုန်၏။ သို့ရာတွင် မြေကြီးမြင်းမိုရ်တောင် နေလတို့ကဲ့သို့ အမြဲတည်သော အတ္တနှင့် လောကကား ရှိသည်သာလျှင်တည်း'ဟု ပြောဆိုပါသည်။ ဤကား ပဌမ သဿတဝါဒ ဖြစ်ပါသည်။

(ခ) ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ပြင်းထန်စွာ ကမ္မဋ္ဌာန်းတရား ပွားများခြင်းကို အကြောင်းပြု၍ ရှေးဘဝခန္ဓာအစဉ်ကို သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရပါသည်။ ထိုသူသည် ကမ္ဘာပျက်ခြင်း ကမ္ဘာတည်ခြင်းဟူသော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ် တစ်စုံကိုသော်လည်းကောင်း၊ နှစ်စုံကိုသော်လည်းကောင်း၊ ဆယ်စုံကိုသော်လည်းကောင်း အောက်မေ့နိုင်ပါသည်။ ရှေးဘဝခန္ဓာအစဉ်ကိုသိမြင်ပါသည်။ ထိုသူကလည်း (ရှေးအတူပင်) ပြောဆိုပါသည်။ ဤကား ဒုတိယ သဿတဝါဒ ဖြစ်ပါသည်။

(ဂ) ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ပြင်းထန်စွာ ကမ္မဋ္ဌာန်းတရား ပွားများခြင်းကို အကြောင်းပြု၍ ရှေးဘဝခန္ဓာအစဉ်ကို သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရပါသည်။ ထိုသူသည် ကမ္ဘာပျက်ခြင်း ကမ္ဘာတည်ခြင်းဟူသော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ် ဆယ်စုံကိုသော်လည်းကောင်း၊ အစုံ ၂၀ ကိုသော်လည်းကောင်း၊ အစုံ ၃၀ ကိုသော်လည်းကောင်း၊ အစုံ ၄၀ ကိုသော်

လည်းကောင်း အောက်မေ့နိုင်ပါသည်။ ရှေးဘဝအစဉ်ကို သိမြင်ပါသည်။ ထိုသူကလည်း (ရှေးအတူပင်) ပြောဆိုပါသည်။ ဤကား တတိယ သဿတဝါဒ ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဤသို့ သဿတဝါဒနှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော်မူပါသည်။ ဤသဿတဝါဒ တရားဒေသနာအရာ၌ မြတ်စွာဘုရားသည် အသာလွန်ဆုံး ဖြစ်ပါသည်။

၁၄။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ ဒေသနာ - ပုဗ္ဗေနိဝါသဉာဏ်ကို ဟောကြားခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် ပတ်သက်၍ တရားဒေသနာ ဟောကြားတော်မူပါသည်။ အရှင်ဘုရား ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ပြင်းထန်စွာ ကမ္မဋ္ဌာန်းတရား ပွားများခြင်းကို အကြောင်းပြု၍ ရှေးဘဝ ခန္ဓာအစဉ်ကို သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရပါသည်။ ထိုသူသည် တစ်ခုသော ဘဝဇာတ်ကိုလည်း အောက်မေ့နိုင်ပါသည်။ သိန်းပေါင်းများစွာသော ဘဝဇာတ်ကိုလည်း အောက်မေ့နိုင်ပါသည်။ တစ်ပါးမက များလှသော ကမ္ဘာပျက်ခြင်း-သံဝဋ္ဋကပ်တို့ကိုလည်း အောက်မေ့နိုင်ပါသည်။ တစ်ပါးမက များလှသော ကမ္ဘာတည်ခြင်း-ဝိဝဋ္ဋကပ်တို့ကိုလည်း အောက်မေ့နိုင်ပါသည်။ တစ်ပါးမက များလှသော သံဝဋ္ဋကပ် ဝိဝဋ္ဋကပ် အစုံတို့ကိုလည်း အောက်မေ့နိုင်ပါသည်။ တစ်ပါးမက များလှသော ရှေးဘဝ ခန္ဓာအစဉ်တို့ကို သိမြင်ပါသည်။

အရှင်ဘုရား ယင်းတို့၏အသက်ကို စုပေါင်းရေတွက်သော ဂဏန်းဖြင့်သော်လည်းကောင်း၊ အစဉ်လိုက်ရေတွက်သော သင်္ချာဖြင့်သော်လည်းကောင်း မရေတွက်နိုင်သော နတ်ဗြဟ္မာတို့ ရှိကြပါသည်။ စင်စစ်သော်ကား မြတ်စွာဘုရားသည် ရုပ်ရှိသည်ဖြစ်စေ၊ ရုပ်မရှိသည်ဖြစ်စေ၊ စိတ်သညာရှိသည်ဖြစ်စေ၊ စိတ်သညာမရှိသည်ဖြစ်စေ၊ စိတ်သညာရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်သော ဘဝဖြစ်စေ၊ အကြင်အကြင် ဘဝဇာတ်အတ္တဘော၌ နေခဲ့ဖူး၏။ ထိုထိုဘဝဇာတ်အတ္တဘောကို အခြင်းအရာနှင့်တကွ အောက်မေ့တော်မူနိုင်ပါသည်။

မြတ်စွာဘုရားသည် ဤသို့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် ပတ်သက်သော တရားဒေသနာတော်ကို ဟောကြားတော်မူပါသည်။ ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်အရာ၌ မြတ်စွာဘုရားသည် အသာလွန်ဆုံး ဖြစ်ပါသည်။

၁၅။ စုတူပပါတဉာဏ ဒေသနာ – စုတူပပါတဉာဏ်ကို ဟောကြား ခြင်း။

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် စုတိပဋိသန္ဓေကိုသိသော စုတူပပါတ ဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်)နှင့် ပတ်သက်သော တရားဒေသနာကို ဟောကြားတော် မူပါသည်။ အရှင်ဘုရား ဤသာသနာတော်၌ အချို့သော ရဟန်း ပုဏ္ဏားသည် ပြင်းထန်စွာ ကမ္မဋ္ဌာန်းတရား ပွားများခြင်းကို အကြောင်းပြု၍ စုတူပပါတ အဘိညာဉ်ကို ရပါသည်။ ထိုသူသည် နတ်မျက်စိနှင့်တူသော၊ အထူးစင်ကြယ် သော၊ လူတို့၏ ပကတိမျက်စိထက်လွန်သော ဒိဗ္ဗစက္ခုအဘိညာဉ် ဉာဏ်မျက်စိ ဖြင့် စုတေဆဲဖြစ်သော သတ္တဝါ၊ ပဋိသန္ဓေနေဆဲဖြစ်သော သတ္တဝါ၊ ယုတ်သော မြတ်သော အဆင်းလှသော အဆင်းမလှသော သုဂတိသို့ရောက်သော ဒုဂ္ဂတိသို့ ရောက်သော သတ္တဝါတို့ကို မြင်ပါသည်။ ကံအားလျော်စွာလားသော သတ္တဝါ တို့ကို ပြတ်ပြတ်သားသား သိမြင်ပါသည်။

ဤသတ္တဝါတို့ကား ကာယဒုစရိုက်နှင့် ပြည့်စုံကြကုန်၏။ ဝစီဒုစရိုက်နှင့် ပြည့်စုံကြကုန်၏။ မနောဒုစရိုက်နှင့် ပြည့်စုံကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့ကို မစွပ်စွဲကြကုန်၏။ မှားယွင်းသောအယူ ရှိကြကုန်၏။ အယူမှားကို ဆောက်တည် ကျင့်သုံးကြကုန်၏။ ထိုသတ္တဝါတို့သည် ကိုယ်ကာယပျက်၍ သေသည်မှနောက်၌ အပါယ်ငရဲ၌ ဖြစ်ကြကုန်၏။

ဤသတ္တဝါတို့ကား ကာယသုစရိုက်နှင့် ပြည့်စုံကြကုန်၏။ ဝစီသုစရိုက်နှင့် ပြည့်စုံကြကုန်၏။ မနောသုစရိုက်နှင့် ပြည့်စုံကြကုန်၏။ အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲကြကုန်၊ မှန်သောအယူ ရှိကြကုန်၏။ အယူမှန်ကို ဆောက်တည် ကျင့်သုံး ကြကုန်၏။ ထိုသတ္တဝါတို့သည် ကိုယ်ကာယ ပျက်၍ သေသည်မှနောက်၌ နတ်ရွာသုဂတိ၌ ဖြစ်ကြကုန်၏။ ဤသို့ ကံအားလျော်စွာလားသော သတ္တဝါတို့ကို ပြတ်ပြတ်သားသား သိမြင်ပါသည်။

မြတ်စွာဘုရားသည် ဤသို့စုတူပပါတဉာဏ်နှင့် ပတ်သက်သော တရား ဒေသနာကို ဟောကြားတော်မူပါသည်။ ဤစုတူပပါတဉာဏ်အရာ၌ မြတ်စွာ ဘုရားသည် အသာလွန်ဆုံး ဖြစ်ပါသည်။

၁၆။ ဣဒ္ဓိဝိဓဒေသနာ – ဣဒ္ဓိဝိဓဉာဏ်ကို ဟောကြားခြင်း။

"အရှင်ဘုရား၊ တန်ခိုးနှင့်ပတ်သက်သော တရားဒေသနာကို ဟောကြား တော်မူပါသည်။ တန်ခိုးကား အပြစ်ဒေါသမကင်းသော ချုပ်ချယ်ခြင်းရှိသော

အရိယာမဟုတ်သော တန်ခိုး၊ အပြစ်ဒေါသကင်းသော ချုပ်ချယ်ခြင်းမရှိသော အရိယာတန်ခိုးဟု နှစ်မျိုးရှိသည်၊

"အရှင်ဘုရား၊ အရိယာတန်ခိုးမဟုတ်သော ပုထုဇဉ်တန်ခိုးကား အဘယ်နည်းဆိုသော် ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားသည် ပြင်းထန်စွာ ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်းကို အကြောင်းပြု၍ ဣဒ္ဓိဝိဓ အဘိညာဉ်ကို ရပါသည်။ ထိုသူသည် တစ်ယောက်ဖြစ်၍လည်း အများဖြစ်နိုင်ပါသည်။ အများဖြစ်၍လည်း တစ်ယောက်ဖြစ်နိုင်ပါသည်။ မျက်မှောက် မျက်ကွယ် နံရံခြားရာ တံတိုင်းခြားရာ တောင်ခြားရာသို့လည်း ကောင်းကင်၌ကဲ့သို့ မထိမပါ၊ မငြိမတွယ်ဘဲ သွားနိုင်ပါသည်။ မဟာပထဝီမြေကြီး၌လည်း ရေမှာကဲ့သို့ ငုပ်နိုင်ပေါ်နိုင်ပါသည်။ ရေပေါ်၌လည်း မြေကြီးမှာကဲ့သို့ သွားနိုင်ပါသည်။ ကောင်းကင်၌လည်း အတောင်ရှိသော ငှက်ကဲ့သို့ တင်ပျဉ်ခွေဖြင့် ပျံသန်းနိုင်ပါသည်။ တန်ခိုးအာနုဘော်ကြီးလှသော ဤ လ နေတို့ကိုလည်း လက်ဖြင့် သုံးသပ်ဆုပ်ကိုင်နိုင်ပါသည်။ ဗြဟ္မာပြည်တိုင်အောင်လည်း ကိုယ်ဖြင့် မိမိအလိုသို့ လိုက်စေနိုင်ပါသည်။ ဤတန်ခိုးသည် အရိယာတန်ခိုးမဟုတ်သော ပုထုဇဉ်တန်ခိုး ဖြစ်ပါသည်၊

"အရှင်ဘုရား၊ အရိယာတန်ခိုးကား အဘယ်နည်းဟူမူကား ဤသာသနာတော်၌ ရဟန်းသည် စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေလိုငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေနိုင်ပါသည်။ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်အမှတ်ရှိ၍ နေလိုငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေနိုင်ပါသည်။ စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေလိုလျှင် ထိုအာရုံတို့၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေနိုင်ပါသည်။ စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေလိုလျှင် ထိုအာရုံတို့၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေနိုင်ပါသည်။ စက်ဆုပ်ဖွယ်အာရုံ၌လည်းကောင်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌လည်းကောင်း ထိုနှစ်ပါးစုံကို ရှောင်ကြဉ်၍ သတိသမ္ပဇဉ်ရှိလျက် လျစ်လျူရှု၍ နေလိုလျှင် ထိုအာရုံတို့၌ သတိသမ္ပဇဉ်ရှိလျက် လျစ်လျူရှု၍ နေနိုင်ပါသည်။ ဤတန်ခိုးသည် အရိယာတန်ခိုး ဖြစ်ပါသည်။ ဤနှစ်မျိုးမှ ဤအရိယာတန်ခိုးက မြတ်ပါသည်။

မြတ်စွာဘုရားသည် ဤတန်ခိုးအမျိုးမျိုးကိုလည်း အကြွင်းမဲ့ သိတော်မူပါသည်။ အခြားရဟန်း ပုဏ္ဏားတို့က မြတ်စွာဘုရားထက် သာလွန်၍ ဒိဗ္ဗရာဟူ၍

ဘာမျှမရှိတော့ပါ။ မြတ်စွာဘုရားသည် ဤတန်ခိုးအမျိုးမျိုးအရာ၌ အသာလွန်ဆုံး ဖြစ်ပါသည်။

အခြားဗုဒ္ဓဂုဏ်တော် ၄ ပါး

"အရှင်ဘုရား၊ မြတ်စွာဘုရားသည် အမျိုးကောင်းသား ယောကျ်ားတစ်ယောက် ယောကျ်ားတို့လုံ့လဝီရိယဖြင့် ရောက်ထိုက်သမျှအဆင့်သို့ ရောက်တော်မူပါသည်။ မြတ်စွာဘုရားသည် ကာမသုခကို ခံစားသူလည်း မဟုတ်ပါ၊ မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် ညှဉ်းဆဲသောအကျင့်မျိုးကို ကျင့်သူလည်း မဟုတ်ပါ။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေနိုင်ကြောင်းဖြစ်သော ဈာန် ၄ ပါးတို့ကိုလည်း အလွယ်တကူ မပင်မပန်း အလိုရှိတိုင်းရသူလည်း ဖြစ်ပါသည်"

အမေးအမြန်းခံခြင်း

"အရှင်ဘုရား တစ်စုံတစ်ယောက်က 'ငါ့ရှင်သာရိပုတ္တရာ ရှေးအတိတ်အခါ၌ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်အရာတွင် မြတ်စွာဘုရားထက်သာလွန်သော အခြားရဟန်း ပုဏ္ဏားတို့ ရှိခဲ့ကြဖူးသလော'ဟု မေးလျှင် မရှိခဲ့ကြဘူးဟု ဖြေပါမည်။ အနာဂတ်၌ ရှိကြဦးမည်လောဟု မေးလျှင်လည်း မရှိကြလတ္တံ့ဟု ဖြေပါမည်။ ယခုမျက်မှောက်ကာလ၌ ရှိကြသလောဟု မေးလျှင်လည်း မရှိကြဟု ဖြေပါမည်၊

"အရှင်ဘုရား တစ်စုံတစ်ယောက်က 'ငါ့ရှင်သာရိပုတ္တရာ ရှေးအတိတ်ကာလ၌ သမ္မောဓိခေါ် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်အရာတွင် မြတ်စွာဘုရားနှင့်တူသူ အခြားရဟန်း ပုဏ္ဏားတို့ ရှိခဲ့ကြသလော'ဟု မေးလျှင် ရှိခဲ့ကြသည်ဟု ဖြေပါမည်။ အနာဂတ်၌ ရှိကြဦးမည်လောဟု မေးလျှင်လည်း ရှိကြလိမ့်ဦးမည်ဟု ဖြေပါမည်။ ယခုမျက်မှောက်ကာလ၌ ရှိကြသလောဟု မေးလျှင်ကား မရှိကြဟု ဖြေပါမည်၊

"အရှင်ဘုရား 'ငါ့ရှင်သာရိပုတ္တရာ အဘယ်ကြောင့် အချို့ကို ခွင့်ပြု၍ အချို့ကို ကန့်ကွက်သနည်း'ဟုမေးလျှင် သမ္မောဓိအရာ၌ ငါနှင့်အလားတူကြကုန်သော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့သည် အတိတ်က ပွင့်တော်မူခဲ့ကြပြီး အနာဂတ်၌လည်း ပွင့်တော်မူကြကုန်လတ္တံ့'ဟု ဟောတော်မူသည်ကို မြတ်စွာဘုရား မျက်မှောက်တော်၌ပင် ကြားနာရဖူးသည်။ 'လောကဓာတ်တစ်ခုတည်း၌ သမ္မာသမ္ဗုဒ္ဓ ဘုရားနှစ်ဆူတို့ တစ်ပြိုင်နက် ပွင့်တော်မူကြရာသော အကြောင်းကား မရှိ၊

အခွင့်လည်း မရှိ'ဟူသော စကားကိုလည်း မြတ်စွာဘုရား မျက်မှောက်တော်၌ပင် ကြားနာရဖူးသည်ဟု ဖြေပါမည်၊

"အရှင်ဘုရား ဤသို့အမေးခံရ၍ ဤသို့ဖြေသော အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ပြောဆိုသူ ဖြစ်ပါ၏လော။ မြတ်စွာဘုရားကို မမှန်သောစကားဖြင့် စွပ်စွဲသူ မဖြစ်ပါ၏လော၊ ဟောကြားတော်မူသော တရားအားလျော်စွာ ဖြေကြားသူ ဖြစ်ပါ၏လော၊ ဤစကားကို ထပ်ထူလိုက်၍ ပြောဆိုသော သီတင်းသုံးဖော် တစ်စုံတစ်ယောက်သည်လည်း အကဲ့ရဲ့ခံရစရာအဖြစ်သို့ မရောက် ဖြစ်ပါမည်လော"

"အို သာရိပုတ္တရာ၊ တကယ်ပင် ဤသို့အမေးခံရ၍ ဤသို့ဖြေသော သင်သည် ငါဘုရားဟောကြားသည့်အတိုင်း ဖြေဆိုသူ ဖြစ်ပေ၏။ ငါဘုရားကို မမှန်သောစကားဖြင့် စွပ်စွဲသူလည်းမဖြစ်။ ငါဘုရားဟောကြားသော တရားအားလျော်စွာ ဖြေကြားသူ ဖြစ်ပေ၏။ ဤစကားကို ထပ်တူလိုက်၍ ပြောဆိုသော သီတင်းသုံးဖော် တစ်ယောက်ယောက်သည်လည်း အကဲ့ရဲ့ခံရစရာအဖြစ်သို့ မရောက်နိုင်ပေ"

ဤသို့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ၏ ဗုဒ္ဓဂုဏ်လျှောက်ထုံးကို ထောက်ခံအတည်ပြုတော်မူသောအခါ အနီးတွင် ကြားနာလျက်ရှိသော အရှင်မဟာဥဒါယီက မြတ်စွာဘုရားကို ဤသို့လျှောက်ထားသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရား၏ အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာခေါင်းပါးခြင်းသည် အံ့ဩဖွယ်ရှိလှပါသည်။ မဖြစ်စဖူး ထူးကဲလှပါသည်။ မြတ်စွာဘုရားသည် ဤမျှ တန်ခိုးအာနုဘော်ကြီးမားသူ ဖြစ်တော်မူပါလျက် မိမိကိုယ်ကို ထင်ရှားပြုတော်မမူခဲ့ပေ။ အရှင်ဘုရား အခြားသော တိတ္ထိပရိဗိုဇ်တို့သာ မိမိ၌ ဤဂုဏ်မျိုးတစ်ခုခု ရှိသည်ကို မြင်ရလျှင် ထိုဂုဏ်တစ်ခုခု ဖြင့်ပင် အလံထူကြရာပါသည်"

"အို ဥဒါယီ၊ ငါဘုရား၏ အလိုနည်းမှု ရောင့်ရဲလွယ်မှု ကိလေသာခေါင်းပါးမှုကိုကြည့်လော့၊ ငါဘုရားသည် ဤမျှ တန်ခိုးအာနုဘော်ကြီးမားသူ ဖြစ်သော်လည်း မိမိကိုယ်ကို ထင်ရှားမပြုခဲ့ပေ။ အို ဥဒါယီ၊ တစ်ပါးသော တိတ္ထိ ပရိဗိုဇ်တို့သည် ဤဂုဏ်အစုမှ တစ်ခုခုသောဂုဏ်ကို မိမိ၌ တွေ့မြင်ရလျှင် ထိုဂုဏ်တစ်ခုမျှဖြင့်ပင် တံခွန်အလံ ထူကြပေရာသည်"

"အို သာရိပုတ္တရာ၊ ဤဗုဒ္ဓဂုဏ် တရားဒေသနာကို ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာတို့အား မကြာခဏ ဟောကြားလော့။ အို သာရိပုတ္တရာ၊

မင်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျားတို့အားပင်လျှင် ဤဗုဒ္ဓဂုဏ်ဒေသနာကို ကြားနာရ၍ ငါဘုရား၌ ယုံမှားသကင်္ခာ ပျောက်ကင်းကြပေလိမ့်မည်''

ဤသုတ္တန်ကား အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား ကြည်ညိုပုံကို လျှောက်ထားသော သုတ်ဖြစ်၍ သမ္ပသာဒနီယသုတ်-ကြည်ညိုဖွယ်ရာသုတ်ဟု အမည်ရသတည်း။

ဤသုတ်တွင် အရှင်သာရိပုတ္တရာသည် ဒဿနသမာပတ္တိကို လျှောက်ထားရာ၌ မတ္တလုင်ခေါ် ဦးနှောက်ကိုချန်၍ ၃၁ ကောဋ္ဌာသသာ လျှောက်ထားသည်။ ဦးနှောက်သည် အဋ္ဌိမိဉ္ဇခေါ် ချဉ်ဆီတွင် ပါဝင်သည်ဟု အယူရှိ၍ မထည့်ခြင်းလည်း ဖြစ်နိုင်သည်။

သဿတဝါဒကို လျှောက်ထားရာ၌လည်း တက္ကီဝါဒကိုချန်၍ သဿတဝါဒ ၃ ပါးကိုသာ လျှောက်ထားသည်။ ဗုဒ္ဓကား ဗြဟ္မဇာလသုတ်၌ သဿတဝါဒကို ဟောတော်မူရာတွင် တက္ကီဝါဒနှင့်ဆိုင်သော သဿတဝါဒကိုပါ ထည့်သွင်း၍ သဿတဝါဒ ၄ ပါးဟု ဟောတော်မူခဲ့သည်။ တက္ကီဝါဒကား မရေရာသောဝါဒ ဖြစ်၍ မထည့်ခြင်းလည်း ဖြစ်နိုင်သည်။

ဤသို့လျှင် အရှင်သာရိပုတ္တရာသည် မဟာပညာ ဧတဒဂ်ရလောက်အောင် ဉာဏ်ပညာ ကြီးမားသူဖြစ်၍ သမ္မာသမ္ဗုဒ္ဓ ဘုရားချင်းသာ သိနိုင်ရာသော ဗုဒ္ဓဂုဏ်တို့ကို မိမိ၏ ဓမ္မန္ဝယ အနုမာနဉာဏ်ဖြင့် သိမ်းကျုံးစုစည်း၍ အံ့ဩဖွယ်ရာ လျှောက်ထားခဲ့သည်။ အရှင်သာရိပုတ္တရာ၏ ဗုဒ္ဓလျှောက်ထုံးသည် ပြည့်စုံလုံလောက်၍ စနစ်တကျ ရှိလှသောကြောင့် မြတ်စွာဘုရားကပင် မကြာခဏ ဟောကြားပေးရန် တိုက်တွန်းတော်မူခဲ့ရပေသတည်း။

## ၁၃။ အခြားသုတ္တန်ဒေသနာများ

အရှင်သာရိပုတ္တရာ ဟောကြားတော်မူခဲ့သော တရားဒေသနာတို့ကား လွန်စွာ များပြားသည်။ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ပါဠိကျမ်းဂန်တို့တွင် အရှင်သာရိပုတ္တရာ၏ တရားဒေသနာ မပါသော ကျမ်းဂန်ကား မရှိသလောက်ပင် ဖြစ်သည်။

အရှင်သာရိပုတ္တရာသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခမ်းနားကြီးကျယ်သော သုတ္တန်ကြီးများကိုသာ ဟောခဲ့သည်မဟုတ်။ အသိအလိမ္မာ တိုးတက်ရာတိုးတက်ကြောင်း သိမှတ်ဖွယ်ကောင်းလှသော တရားတိုများကိုလည်း ကာလဒေသအားလျော်စွာ အများအပြားပင် ဟောကြားတော်မူခဲ့သည်။ ပြဿနာ

မေးသူ ၅ မျိုး၊ စောဒကအင်္ဂါ ၅ ပါး၊ အသေကောင်းတရား ၅ ပါး၊ အသေမကောင်း တရား ၅ ပါး၊ နိဗ္ဗာန်ချမ်းသာ ၉ ပါး၊ ဆုတ်ယုတ်ကြောင်းတရား ၁၀ ပါး၊ တိုးတက်ကြောင်းတရား ၁၀ ပါး၊ ရဟန္တာ၏အား ၁၀ ပါး စသောတရားတို့သည် အလွန်မှတ်သားဖွယ်ကောင်းသော တရားများ ဖြစ်ကြသည်။ ဤတရားတိုများနှင့် ပတ်သက်၍ ပုံစံတစ်ခု ပြလိုသည်။

## သစ်သားတုံးကြီးတရား

တစ်ခါသော် အရှင်သာရိပုတ္တရာသည် မိမိတပည့်များနှင့် အတူတကွ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသည်။ အရှင်မြတ်များသည် နံနက်လင်းသောအခါ ဂိဇ္ဈကုဋ်တောင်မှဆင်း၍ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင် လေ့ရှိကြသည်။ တစ်ခုသောနံနက်ကွင် အရှင်မြတ်သည် တပည့်များနှင့် အတူ တကွ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာကြစဉ် သစ်တုံးကြီးတစ်တုံးကို တွေ့မြင်တော် မူသည်။ ထိုအခါ အရှင်မြတ်သည် သစ်တုံးကြီးအနီးတွင် ရပ်၍ ရဟန်းတို့ကို ဤသို့မိန့်တော်မူသည်။

"ငါ့ရှင်တို့ ဤသစ်တုံးကြီးကို တွေ့မြင်ကြ၏လော"

"ငါ့ရှင် တွေ့မြင်ကြပါသည်"

"ငါ့ရှင်တို့ တန်ခိုးကြီးသော၊ စိတ်ကို မိမိအလိုသို့ပါအောင် လေ့လာပြီး သော ရဟန်းသည် ဤသစ်တုံးကြီးကို ပထဝီဟူ၍သာ နှလုံးသွင်းလိုလျှင် သွင်း နိုင်သည်။ အကြောင်းမူကား ဤသစ်တုံးကြီး၌ ပထဝီဓာတ်ရှိသည်။ ထို့အတူပင် အာပေါဟူ၍သာ နှလုံးသွင်းလိုလျှင် သွင်းနိုင်သည်။ တေဇောဟူ၍သာ နှလုံးသွင်း လိုလျှင် သွင်းနိုင်သည်။ ဝါယောဟူ၍သာ နှလုံးသွင်းလိုလျှင် သွင်းနိုင်သည်။ သုဘ(အလှအပ)ဟူ၍သာ နှလုံးသွင်းလိုလျှင် သွင်းနိုင်သည်။ အသုဘ (မလှမပ စက်ဆုပ်ဖွယ်)ဟူ၍သာ နှလုံးသွင်းလိုလျှင် သွင်းနိုင်သည်။ အကြောင်းမူကား ဤသစ်တုံးကြီး၌ အသုဘဓာတ်ရှိသည်"

အမှန်အားဖြင့် အရှင်မြတ်၏တရားသည် ဓာတ်ကမ္မဋ္ဌာန်းတရားပင် ဖြစ် သည်။ ဤသို့သော ဓာတ်ကမ္မဋ္ဌာန်းကို ကောင်းစွာ သဘောပေါက်လျှင် အတ္တ ကင်းပျောက်၍ သောတာပန်အဖြစ်သို့ မကြာမတင် ရောက်နိုင်သည်။ တစ်နည်း အားဖြင့်ဆိုလျှင် မိမိစိတ်ကို နိုင်နင်းအောင် အားထုတ်ကြရန် တိုက်တွန်းတော် မူခြင်းပင် ဖြစ်သည်။ ဤသို့ နိုင်နင်းသဖြင့် မြေပြင်တွင် ရေမှာကဲ့သို့ ငုပ်နိုင် ပေါ်နိုင်ကြသည်။ ရေပြင်တွင် မြေပြင်မှာကဲ့သို့ သွားလာရပ်တည်နိုင်ကြသည်။ ကောင်းကင်တွင် မြေပြင်မှာကဲ့သို့ သွားလာရပ်တည်နိုင်ကြသည်။

အရှင်သာရိပုတ္တရာကား ရေရှည်ကို အလွန်မြော်မြင်တတ်ပေသည်။ တစ်ခါသော် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ စသော ရဟန်းငါးရာတို့နှင့်အတူတကွ မလ္လာတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ပါဝါပြည်သို့ရောက်၍ စုန္ဒရွှေပန်းထိမ်သည်၏ သရက်ဥယျာဉ်ကျောင်း၌ သီတင်းသုံးတော်မူသည်။ ထိုအချိန်၌ကား ပါဝါပြည်တွင် နိဂဏ္ဌနာဋပုတ္တ ဆရာကြီး ကွယ်လွန်ပြီးခါစ အချိန်ဖြစ်သည်။ နာဋပုတ္တဆရာကြီး ကွယ်လွန်သွားသောအခါ သူ၏တပည့်တို့တစ်ယောက်တစ်ပေါက် ငြင်းကြခုံကြနှင့် နာဋပုတ္တ နိဂဏ္ဌဂိုဏ်းကြီး ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲ ဖြစ်ကျန်ရစ်သည်။ နာဋပုတ္တ ဆရာကြီး၏ တပည့်တို့လည်းအချင်းချင်းသာ တွင်တွင်ပုတ်ခတ်ပြောဆိုလျက် ရှိကြသည်။ သို့ဖြင့် ထိုသတင်းသည် ရဟန်းရှင်လူတို့နားတွင် မကြားချင်အဆုံး ဖြစ်နေသည်။

ပါဝါပြည်၌နေကြကုန်သော မလ္လာမင်းတို့ကား သူတို့၏ ဥဗ္ဘတကအမည်ရှိသော အစည်းဝေးခန်းမကြီးကို ဆောက်လုပ်ပြီးခါစဖြစ်၍ ဗုဒ္ဓကြွရောက်လာသည့်သတင်းကို ကြားရသောအခါ အလွန်ဝမ်းမြောက်ကြသည်။ သူတို့၏ အသစ်စက်စက်ဖြစ်သော ဥဗ္ဘတက အစည်းဝေးခန်းမကြီး၏တွင် မြတ်စွာဘုရားကို တစ်ညသီတင်းသုံးတော်မူစေလိုကြသည်။ ဤသို့ မြတ်စွာဘုရားက ဦးဦးဖျားဖျား သီတင်းသုံးတော်မူသွားလျှင် သူတို့မှာ အလွန်မင်္ဂလာရှိသည်ဟု ယုံကြည်ကြသည်။ ကပိလဝတ်ပြည်က သာကီဝင်တို့လည်း ဤအတိုင်းပင် ပြုလုပ်ခဲ့ကြသည်။ ပါဋလိရွာတွင် ပါဋလိပုတ်မြို့ကြီးကို တည်ဆောက်သော ဝဿကာရ ပုဏ္ဏားကလည်းအဇာတသတ်မင်း၏ ကိုယ်စား ဤအတိုင်းပင် ပြုလုပ်ခဲ့သည်။ သို့ဖြင့် မလ္လာမင်းတို့သည် မြတ်စွာဘုရားအထံတော်သို့ သွား၍ ဤသို့လျှောက်ထားကြသည်။

"အရှင်ဘုရား ပါဝါပြည် မလ္လာမင်းများ ဖြစ်ကြကုန်သော အကျွန်ုပ်တို့သည် ဥဗ္ဘတကမည်သော စည်းဝေးခန်းမကြီးကို ယခုမှ ဆောက်လုပ်ပြီးစီးကြပါသည်။ မည်သည့် ရဟန်းရှင်လူမျှ မနေရဖူးသေးပါ။ ထိုအစည်းအဝေးခန်းမသစ်ကြီးကို မြတ်စွာဘုရား ရှေးဦးစွာ အသုံးပြုတော်မူစေလိုပါသည်။ မြတ်စွာဘုရားအသုံးပြုပြီးမှ ပါဝါပြည် မလ္လာမင်းတို့ အသုံးပြုကြပါလိမ့်မည်။ ဤသို့ မြတ်စွာဘုရားက ပထမအသုံးပြုတော်မူခြင်းသည် ပါဝါပြည် မလ္လာမင်းတို့အား ကြာမြင့်စွာ စီးပွားချမ်းသာအတွက် ဖြစ်ပါလိမ့်မည်"

မြတ်စွာဘုရားသခင်လည်း ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်သည်။ မြတ်စွာဘုရား လက်ခံတော်မူကြောင်း သိရသောအခါ မလ္လာမင်းတို့သည်ဝမ်းမြောက်ဝမ်းသာပြန်သွားကြပြီး အစည်းဝေးခန်းမသစ်ကြီးကို ခန်းလုံးပြည့်

နေရာခင်းကြသည်။ ရေအိုးကြီးများကို တည်ထားကြသည်။ ဆီမီးတိုင်တို့ကို ထွန်းညှိထားကြသည်။ ယင်းသို့ စီမံပြီးသောအခါ မြတ်စွာဘုရားအထံတော်သို့ လူလွှတ်၍ အကြောင်းကြားကြသည်။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းငါးရာ တို့နှင့် အတူတကွ ကြွရောက်လာတော်မူပြီး ခြေတော်ကိုဆေး၍ အစည်းဝေးခန်းမ သစ်ကြီးသို့ ဝင်တော်မူကာ အလယ်တိုင်ကိုမှီ၍ အရှေ့ဘက်သို့ မျက်နှာမူလျက် ထိုင်တော်မူသည်။ ရဟန်းတို့လည်း ခြေဆေး၍ စည်းဝေးခန်းမကြီးသို့ ဝင်တော် မူကြပြီး အနောက်ဘက်နံရံပွင် အမှီပြု၍ အရှေ့ဘက်သို့ မျက်နှာမူလျက် မြတ်စွာဘုရားကို ရှေ့ထားကာ ထိုင်တော်မူကြသည်။ မလ္လာမင်းတို့လည်း ခြေဆေး ၍ စည်းဝေးခန်းမကြီးသို့ ဝင်ကြပြီး အရှေ့ဘက်နံရံကို အမှီပြု၍ အနောက်ဘက် သို့ မျက်နှာမူလျက် မြတ်စွာဘုရားကို ရှေ့ထားကာ ထိုင်ကြသည်။

ထိုအခါ မြတ်စွာဘုရားသည် မလ္လာမင်းတို့အား သန်းခေါင်ကျော်အောင် တရားဟောတော်မူပြီးနောက် မလ္လာမင်းတို့ကို ပြန်လွှတ်တော်မူလိုက်သည်။ မြတ်စွာ ဘုရားသည် မလ္လာမင်းတို့ ပြန်သွားကြသောအခါ ဆိတ်ဆိတ်သာနေကြသော ရဟန်းအပေါင်းကို စောင်းငဲ့ကြည့်ရှုတော်မူပြီးလျှင် အရှင်သာရိပုတ္တရာကို ဤသို့ မိန့်တော်မူသည်။

"အို သာရိပုတ္တရာ၊ ရဟန်းအပေါင်းသည် ငိုက်မျဉ်းတွေဝေခြင်းမှ ကင်း၏။ ရဟန်းတို့အား တရားနှင့်စပ်သောစကားကို ဟောကြားလော့။ ငါကား ခါးညောင်း တော်မူသဖြင့် လျောင်းတော်မူဦးမည်"

ဤတွင် အရှင်သာရိပုတ္တရာ၏ အကွက်ပေါ်လာသည်။ အရှင်မြတ်သည် နာဋပုတ္တ ဆရာကြီး ကွယ်လွန်သဖြင့် သူ၏ နိဂဏ္ဌဂိုဏ်းကြီး ဖရိုဖရဲ ပြိုကွဲ ပျက်စီးသည့်သတင်းကို ကြားရ၍ များစွာ သံဝေဂဖြစ်နေသည်။ ဗုဒ္ဓသာသနာ တော်ကြီး ဤအဖြစ်မျိုးနှင့် မကြုံရအောင် ကာကွယ်စောင့်ရှောက်ရမည့် တာဝန် မှာ ဓမ္မသေနာပတိ–တရားစစ်သူကြီးဖြစ်သော မိမိအပေါ်၌ ကျရောက်လျက်ရှိ သည်ကို ကောင်းစွာသဘောပေါက်တော်မူသည်။ သို့ဖြင့် အရှင်မြတ်သည် ဤသို့ စကားပျိုး၍ အဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာကို့ကို စုပေါင်းသိကုံးဘိ သကဲ့သို့ ဗုဒ္ဓသာသနာတော်အတွက် အလွန့်အလွန် ကျေးဇူးများလှသော သိဂိ သုတ် ဒေသနာတရားကို ဟောတော်မူခဲ့သည်။

"ငါ့ရှင်တို့ နိဂဏ္ဌ နာဋပုတ္တသည် ယခု မကြာမီကပင် ပါဝါပြည်၌ ကွယ်လွန်ခဲ့သည်။ သူ ကွယ်လွန်သဖြင့် နိဂဏ္ဌတို့သည် ငြင်းခုံခိုက်ရန်ဖြစ်ပွား၍ ဖရိုဖရဲ ပြိုကွဲကုန်ကြသည်။ ကိုးကွယ်ဆည်းကပ်ရာ စေတီပုထိုးကြီး ပြိုပျက်သွား

သကဲ့သို့ ကိုးကွယ်အားထားရာမရှိ ဖြစ်ကုန်ကြသည်။ ဤသို့ ဖရိုဖရဲ ပြိုကွဲပျက်စီးရသည်မှာ သမ္မာသမ္ဗုဒ္ဓမဟုတ်သော ဆရာတို့၏ သွက္ခာတဂုဏ်နှင့် မပြည့်စုံသော သာသနာ၌ ဓမ္မတာပင် ဖြစ်ပေသည်၊

"ငါတို့၏ မြတ်စွာဘုရား သာသနာတော်ကား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၏ သွက္ခာတဂုဏ်နှင့် ပြည့်စုံသော သာသနာတော်ဖြစ်သည်။ ဤ ငါတို့၏ တရားကား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားက ကောင်းစွာဟောကြားအပ်သော သွက္ခာတဂုဏ်နှင့် ပြည့်စုံသည့်တရားဖြစ်သည်။ ငါတို့အားလုံးသည် ဤမြတ်စွာဘုရား ဟောကြားတော်မူသော တရား၌ တညီတညွတ်တည်း ရွတ်ဆိုကြရမည်။ အချင်းချင်း ငြင်းခုံခြင်းကို မပြုအပ်။ ယင်းသို့ အငြင်းအခုံမရှိဘဲ တညီတညွတ်တည်း ရွတ်ဆိုကြမှ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ကြာ ကြာမြင့်စွာ တည်တံ့ပေရာသည်။ သို့မှလည်း များစွာသော လူအပေါင်း၏ စီးပွားချမ်းသာအတွက် ဖြစ်ရာသည်။ လောကကို သနားစောင့်ရှောက်ရန်အတွက် ဖြစ်ရာသည်။ နတ်နှင့်လူတို့၏ အကျိုးစီးပွား ချမ်းသာသုခအတွက် ဖြစ်ရာသည်"

ဤသို့ စကားပျိုးတော်မူပြီးနောက် တညီတညွတ်တည်း ရွတ်ဆိုဟောပြောကြရမည့် ဗုဒ္ဓတရားခေါင်းစဉ်တို့ကို ဆက်လက်ဟောကြားတော်မူသည်။ ထိုဗုဒ္ဓဓမ္မခေါင်းစဉ်တို့ကား အောက်ပါအတိုင်း ဖြစ်ကြသည်။

| | | | |
|---|---|---|---|
| (က) | ဧကက–တစ်ပါးစုတရား | ဦးရေ ၂ | ပုဒ်ရေ ၂ |
| (ခ) | ဒုက–နှစ်ပါးစုတရား | ၃၅ | ၇၀ |
| (ဂ) | တိက–သုံးပါးစုတရား | ၆၀ | ၁၈၀ |
| (ဃ) | စတုက္က–လေးပါးစုတရား | ၅၀ | ၂၀၀ |
| (င) | ပဉ္စက–ငါးပါးစုတရား | ၂၆ | ၁၃၀ |
| (စ) | ဆက္က–ခြောက်ပါးစုတရား | ၂၂ | ၁၃၂ |
| (ဆ) | သတ္တက–ခုနစ်ပါးစုတရား | ၁၄ | ၉၈ |
| (ဇ) | အဋ္ဌက–ရှစ်ပါးစုတရား | ၁၁ | ၈၈ |
| (ဈ) | နဝက–ကိုးပါးစုတရား | ၆ | ၅၄ |
| (ည) | ဒသက–ဆယ်ပါးစုတရား | ၆ | ၆၀ |
| | | ၂၃၂ | ၁၀၁၄ |

ဤသုတ်တွင်လာသော ယင်းပုဒ်ပေါင်း ၁၀၁၄ တို့ကို ပြဿနာပေါင်း ၁၀၁၄ ဟု အရှင်မဟာဗုဒ္ဓဃောသက အမည်ပေးသည်။ ဆဋ္ဌသင်္ဂါယနာမူ ပါထိက

ဝဂ်ပါဠိတွင် ဒုကပေါင်း ၃၃ သာ လာသော်လည်း အရှင်မဟာ ဗုဒ္ဓဃောသက အလျော် ၂ ဒုက်ကို ထည့်သွင်း၍ ၃၅ ဒုက်ဟု ဆိုသည်။ ဆိုတိုင်းပင် ဤစာရင်း၌ ဖော်ပြသည်။

ဤသုတ်ကို အရှင်မြတ်ဟောကြားတော်မူပြီးသောအခါ မြတ်စွာဘုရားသည် လဲလျောင်းရာမှထ၍ သာဓုခေါ်တော်မူသည်။ ယင်းသို့ သာဓုခေါ်တော်မူခြင်းသည် သဗ္ဗညုတဉာဏ်နှင့် ညီညွတ်သည်ဟု အတည်ပြုတော်မူခြင်းပင်ဖြစ်သည်။ သို့ဖြင့် ဤဒေသနာသည် ဗုဒ္ဓဒေသနာအဆင့်သို့ မြင့်တက်သွားသည်။

ထို့ပြင်လည်း အရှင်သာရိပုတ္တရာသည် စမ္ပာပြည် ဂဂ္ဂရာရေကန်ကျောင်း၌ ဗုဒ္ဓနှင့်အတူတကွ သီတင်းသုံးတော်မူစဉ် ဗုဒ္ဓထံ ကမ္မဋ္ဌာန်းတောင်းလာကြသော ရဟန်းငါးရာတို့အား ဗုဒ္ဓက အရှင်မြတ်ထံ စေလွှတ်တော်မူသဖြင့် တစ်ပါးတည်းတရား ၁၀ မျိုး၊ နှစ်ပါးတွဲ တရား ၁၀ မျိုး၊ (လ) ဆယ်ပါးတွဲတရား ၁၀ မျိုး ဟူ၍ တစ်ဆယ်လွန်တရား ၁၀ မျိုး၊ ပုဒ်ပေါင်း ၅၅၀ တို့ကို ဟောတော် မူရာ ထိုရဟန်းများအားလုံးပင် ရဟန္တာအဖြစ်သို့ ရောက်ကြသည်။

ဤသို့လျှင် အရှင်မြတ်၏တရားဒေသနာတို့ကား အံ့ဩဖွယ်ရာဖြစ်အောင် များလည်းများ၍ ထူးလည်းထူးခြားလှပါပေသတည်း။

## အခန်း (၆)
# ပရိနိဗ္ဗာန်ပြုခြင်း

### ၁။ ပရိနိဗ္ဗာန်ပြုရန် အကြံဖြစ်ခြင်း

သက္ကရာဇ် ၁၄၇ခု၌ ဝေဠုဝရွာ၌ ဝါဆိုတော်မူ၍ ဝါကျွတ်သောအခါ လာခဲ့သောလမ်းအတိုင်းပင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရား၏ နောက်တော်ပါးမှ ပါရှိသည် ဖြစ်၍ ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားအား ဝတ်ပြုပြီးမှ နေ့သန့်ရာအရပ်သို့ ကြွတော်မူ၏။ ထိုနေ့သန့်ရာအရပ်၌ တပည့်ရဟန်းတို့က ဝတ်ကြီးဝတ်ငယ်ပြု၍ ပြန်သွားကြသောအခါ အရှင်သာရိပုတ္တရာသည် နေ့သန့်ရာအရပ်ကို တံမြက်လှည်းတော်မူပြီးမှ ခြေဆေးတော်မူ၍ ဓမ္မခဏ်သားရေပိုင်းကို ခင်းတော်မူကာ တင်ပျဉ်ခွေထိုင်၍ ဖလသမာပတ်ကို ဝင်စားတော်မူ၏။ ဖလသမာပတ်မှ ထတော်မူသောအခါ ဤသို့အကြံဖြစ်တော်မူ၏။

"မြတ်စွာဘုရားတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုတော်မူကြကုန်သလော၊ သို့မဟုတ် အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကြကုန်သလော"

ထိုအခါ အရှင်သာရိပုတ္တရာသည် အဂ္ဂသာဝကတို့ကသာ ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုမြဲ ဖြစ်ကြသည်ကို သိမြင်တော်မူ၏။ တစ်ဖန် မိမိ၏အသက်တမ်းကို ကြည့်တော်မူပြန်ရာ ဤနေ့မှစ၍ နောက်ခုနစ်ရက်သာ အသက်ကြွင်းရှိသည်ကို မြင်တော်မူ၏။ တစ်ဖန် "ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုရအံ့နည်း" ဟု ဆင်ခြင်တော်မူပြန်၏။ ထိုအခါ "အရှင်ရာဟုလာသည် တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်ပြုသည်၊ အညာတကောဏ္ဍညမထေရ်သည် ဆဒ္ဒန်အိုင်၌ ပရိနိဗ္ဗာန်ပြုသည်။ ငါကား အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုသင့်သနည်း" ဟု အံဖန်ဖန်အထပ်ထပ် ဆင်ခြင်တော်မူ၏။ ထိုအခါ မယ်တော်ကို အကြောင်းပြု၍ ဤသို့ သတိရတော်မူ၏။

### ၂။ မယ်တော်ကို သတိရခြင်း

ငါ၏မယ်တော်သည် ရဟန္တာခုနစ်ပါးတို့၏ မယ်တော်ဖြစ်ပါလျက် ဘုရား တရား သံဃာဟူသော ရတနာသုံးပါးတို့၌ မကြည်ညိုသေးချေတကား။

ဤသို့ သတိရတော်မူပြီးမှ တစ်ဖန် "ငါ့မယ်တော်အား မဂ်ဖိုလ်ရကြောင်း ဖြစ်သော ပါရမီသည် ရှိ၏လော"ဟု ဆင်ခြင်တော်မူပြန်သော် သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်းဖြစ်သော ပါရမီရှိသည်ကို မြင်တော်မူ၏။ တစ်ဖန် "မယ်တော်သည် အဘယ်သူ၏တရားဖြင့် သောတာပန်ဖြစ်မည်နည်း"ဟု ဆင်ခြင်တော်မူပြန်သော် "ငါ၏တရားဒေသနာဖြင့်သာ သောတာပန်ဖြစ်မည်။ အခြားသူ၏ တရားဒေသနာဖြင့် ဖြစ်မည်မဟုတ်"ဟု မြင်တော်မူ၏။

ထို့နောက် အရှင်သာရိပုတ္တရာသည် "အကယ်၍ ငါသည် မယ်တော် အပေါ်၌ ကြောင့်ကြမဲ့ဖြစ်ခဲ့သော် ငါအား ဤသို့ ပြောဆိုကဲ့ရဲ့သူတို့ ပေါ်ပေါက်လာလတ္တံ့။ 'အရှင်သာရိပုတ္တရာသည် တစ်ပါးသောသူတို့၏ မှီခိုအားထားရာကား ဖြစ်၏။ သမစိတ္တသုတ္တန်ကို ဟောတော်မူသောနေ့၌ နတ်ကုဋေတစ်သိန်းတို့ ရဟန္တာဖြစ်ကြကုန်၏။ အောက်မဂ်အောက်ဖိုလ် သုံးပါးကို မျက်မှောက်ပြုရသော နတ်တို့ကား အရေအတွက်ပင်မရှိ၊ တစ်ပါးသော အရာတို့၌လည်း များလှသော သူတို့သည် အရှင်သာရိပုတ္တရာ၏ တရားဒေသနာဖြင့် တရားထူးကို ရကြကုန်၏။ မထေရ်၌ ကြည်ညိုစိတ်မျှကို ဖြစ်စေ၍ နတ်ပြည်၌ဖြစ်သောသူတို့ကား ရစ်သောင်းမျှပင် ရှိကြကုန်၏။ ထိုအရှင်သာရိပုတ္တရာသည် ယခုအခါ မိမိမယ်တော်၏ မိစ္ဆာအယူကိုမျှ ပယ်ဖျောက်ရန် မတတ်နိုင်'

ထို့ကြောင့် ငါသည် မယ်တော်ကို မိစ္ဆာအယူမှ ချွတ်၍ သောတာပန်ဖြစ်စေခြင်းငှာ ငါဖွားမြင်ခဲ့ရာ တိုက်ခန်း၌သာလျှင် ပရိနိဗ္ဗာန်ပြုအံ့"ဟု ဆုံးဖြတ်တော်မူ၏။

ထို့နောက် အရှင်သာရိပုတ္တရာသည် "ယနေ့ပင် မြတ်စွာဘုရားကို ခွင့်ပြုတော်မူစေ၍ သွားတော့အံ့"ဟု ကြံ၍ ညီတော်စုန္ဒမထေရ်ကို ခေါ်တော်မူပြီးလျှင် ဤသို့ မိန့်တော်မူ၏။

"ငါ့ရှင် စုန္ဒ၊ ငါတို့ပရိသတ်ဖြစ်သော ရဟန်းငါးရာတို့အား 'ငါ့ရှင်တို့ သပိတ် သင်္ကန်းကို ယူကြကုန်၊ ဓမ္မသေနာပတိသည် နာလကရွာသို့ ကြွတော်မူလိုသည်'ဟု အမှတ်ပေးလော့"

အရှင်စုန္ဒသည် အရှင်သာရိပုတ္တရာ၏ ညီတော်အရင်းဖြစ်သော အလုပ်အကျွေးဖြစ်တော်မူ၏။ အရှင်စုန္ဒသည် အရှင်သာရိပုတ္တရာ မိန့်တော်မူသည့်အတိုင်း ရဟန်းငါးရာတို့အား ခရီးသွားမည့် အမှတ်သညာကို ပေးတော်မူ၏။ ထိုရဟန်းငါးရာတို့လည်း မိမိတို့နေထိုင်ရာ ကျောင်းအိပ်ရာနေရာတို့ကို သိမ်းခဲ့ကြ၍ သပိတ် သင်္ကန်းကိုယူကြပြီးသော် အရှင်သာရိပုတ္တရာ၏ အထံသို့ သွားကြကုန်၏။

## ၃။ မြတ်စွာဘုရားထံ ခွင့်ပန်ခြင်း

အရှင်သာရိပုတ္တရာလည်း မိမိနေရာဖြစ်သော ကျောင်းအိပ်ရာနေရာတို့ကို သိမ်းဆည်းတော်မူပြီးမှ နေ့သန့်တော်မူမြဲဖြစ်သော နေရာကို တံမြက်လှည်းတော်မူ၍ နေ့သန့်ရာနေရာ၏ တံခါး၌ ရပ်တော်မူပြီးလျှင် နေ့သန့်ရာနေရာကို ကြည့်တော်မူ၏။ "ဤမြင်ရခြင်းကား နောက်ဆုံးမြင်ရခြင်းတည်း။ ယခုအခါ နောက်တစ်ဖန် ပြန်လာခြင်းမရှိပြီ"ဟု မိန့်တော်မူ၍ ရဟန်းငါးရာတို့ဖြင့် ခြံရံကာ မြတ်စွာဘုရားအထံတော်သို့ ကြွသွား၍ ရှိသေစွာ ရှိခိုးလျက် ဤသို့လျှောက်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ်အား ခွင့်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ အကျွန်ုပ်အား ခွင့်ပြုတော်မူပါလော့။ အကျွန်ုပ်၏ ပရိနိဗ္ဗာန်ပြုရမည့်အချိန်ကား ယခုရောက်လာခဲ့ပါပြီ။ အကျွန်ုပ်သည် အသက်တမ်းကို စွန့်လွှတ်လိုက်ပါပြီ"

ဤသို့သောအခါမျိုး၌ မြတ်စွာဘုရားတို့ကား "ပရိနိဗ္ဗာန်ပြုလော့"ဟု မိန့်တော်မူသော် သေခြင်း၏ဂုဏ်ကျေးဇူးကို ချီးကျူးရာရောက်၏။ "ပရိနိဗ္ဗာန်မပြုလင့်"ဟု မိန့်တော်မူသော် ဝဋ်ဆင်းရဲ၏ ဂုဏ်ကျေးဇူးကို ချီးကျူးရာရောက်၏ဟု သိတော်မူကြခြင်းကြောင့် ဤသို့သောစကားနှစ်ခွန်းကို မိန့်တော်မမူကြကုန်။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့သာ မေးတော်မူ၏။

"သာရိပုတ္တရာ သင်သည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုမည်နည်း"

"အရှင်ဘုရား မဂဓတိုင်း နာလကရွာ မိမိမွေးဖွားခဲ့ရာတိုက်ခန်း၌သော ပရိနိဗ္ဗာန်ပြုပါမည်"

"သာရိပုတ္တရာ သင်သာလျှင် မိမိအချိန်ကာလကို သိလော့၊ စင်စစ်သော်ကား ယခုအခါ၌ သင်၏နောင်တော် ညီတော်တို့သည် သင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မြင်ရခဲကြကုန်လတ္တံ့။ ထို့ကြောင့် သင့်နောင်တော်ညီတော်တို့အား တရားဟောခဲ့ဦးလော့"

## ၄။ တန်ခိုးပြ၍ တရားဟောခြင်း

ထိုအခါ အရှင်သာရိပုတ္တရာသည် "မြတ်စွာဘုရားကား ငါ၏တန်ခိုးဖန်ဆင်းခြင်း ရှေ့သွားရှိသော တရားဟောခြင်းမျိုးကို တောင့်တတော်မူ၏"ဟု သိတော်မူသဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးမှ ထန်းတစ်ဖျား ပမာဏရှိသော ကောင်းကင်သို့ ပျံတက်၍ မြတ်စွာဘုရား၏ ခြေတော်စုံကိုဆင်း၍ ဦးတိုက်၏။ ဤနည်းတူပင် ထန်းနှစ်ဖျား သုံးဖျား စသည်ဖြင့် တစ်ကြိမ်ထက်တစ်ကြိမ်

မြင့်အောင် ပျံတက်၍ ဆင်းကာ ဆင်းကာ မြတ်စွာဘုရား၏ ခြေတော်စုံကို ဦးတိုက်၏။ ထို့နောက် ထန်းခုနစ်ဖျားခန့် ပျံတက်၍ အရာမက များပြားလှသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူလျက် တရားဟောရန် အားထုတ်တော်မူ၏။ မထေရ်မြတ်သည် မြင်ရသောကိုယ်ဖြင့်လည်း တရားဟော၏။ မမြင်ရသော ကိုယ်ဖြင့်လည်း တရားဟော၏။ အထက်ပိုင်းမျှသောကိုယ်ဖြင့်၊ အောက်ပိုင်းမျှ သော ကိုယ်ဖြင့်၊ ထက်ခြမ်းမျှသောကိုယ်ဖြင့် တရားဟော၏။ ဤသို့ ထက်ခြမ်း တစ်ပိုင်းမျှရှိသော ကိုယ်ကိုပင် မြင်ရသည်ဖြစ်၍လည်းကောင်း၊ မမြင်ရသည် ဖြစ်၍လည်းကောင်း တရားဟော၏။ ရံခါ လမင်း၏အသွင်ကို ပြတော်မူ၏။ ရံခါ နေမင်း၏အသွင်ကို၊ ရံခါ တောင်ကြီး၏အသွင်ကို၊ ရံခါ သမုဒ္ဒရာ၏အသွင် ကို၊ ရံခါ စကြာမင်း၏အသွင်ကို ပြတော်မူ၏။ ရံခါ ဝေဿဝဏ်နတ်မင်း၊ ရံခါ သိကြားနတ်မင်း၊ ရံခါ မဟာဗြဟ္မာ၏ အသွင်ကို ပြတော်မူ၏။ ဤသို့ စသည်ဖြင့် အရာမက များလှသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူ၍ တရား ဟောတော်မူ၏။ တစ်မြို့လုံး စုဝေးလာကြကုန်၏။ ထို့နောက်မှ မထေရ်သည် သက်ဆင်း၍ မြတ်စွာဘုရား၏ ခြေတော်စုံကို ဦးတိုက်၏။

''သာရိပုတ္တရာ ဤတရားဒေသနာသည် အဘယ်အမည်ရှိသော တရား ဒေသနာ ဖြစ်သနည်း''

''အရှင်ဘုရား သီဟဝိက္ကီဠိတ ဒေသနာ မည်ပါသည်''

''အို သာရိပုတ္တရာ၊ အမှန်တကယ်ပင် သီဟဝိက္ကီဠိတဒေသနာ ဖြစ်ပါပေ၏။ တကယ်ပင် ခြင်္သေ့ကွန့်မြူးဒေသနာ ဖြစ်ပါပေ၏''

## ၅။ နောက်ဆုံးကန်တော့ခြင်း

ထို့နောက် အရှင်သာရိပုတ္တရာသည် ချိပ်ရည်အဆင်းရှိသော နီမြန်းသော လက်တို့ကို ဆန့်တန်း၍ မြတ်စွာဘုရား၏ ရွှေလိပ်နှင့်တူသော ခြေဖမျက်တော် တို့၌ ကိုင်ပြီးလျှင် ဤသို့လျှောက်ထား၏။

''အရှင်ဘုရား ဤခြေတော်တို့ကို ရှိခိုးခြင်းအလို့ငှာ ကမ္ဘာတစ်သိန်းအလွန် ရှိသော တစ်သင်္ချေပတ်လုံး ပါရမီတို့ကို ဖြည့်ခဲ့ရပါသည်။ ထိုစိတ်အလိုဆန္ဒကား ယခုအခါ အထွတ်အထိပ်သို့ရောက်ပါပြီ။ ပြည့်စုံပါပြီ။ ဤအချိန်မှစ၍ ပဋိသန္ဓေ နေရခြင်းဖြင့် ဘဝသစ်၌ဖြစ်၍ တစ်နေရာတည်း၌ တွေ့ဆုံရခြင်းမည်သည် မရှိ တော့ပါပြီ။ မြတ်စွာဘုရားနှင့် အကျွန်ုပ်တို့၏ ဤအကျွမ်းတဝင် ပေါင်းသင်း ဆက်ဆံခြင်းကား ယခုအခါ ပြတ်စဲခဲ့ပါပြီ။ အသိန်းမက များလှသော ဘုရားရှင်

တို့၏ စံဝင်တော်မူကြရာဖြစ်သော မအိုရာ မသေရာ ငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်ရွှေပြည်မြတ်သို့ စံဝင်ပါတော့မည်။ အကျွန်ုပ်အား မြတ်စွာဘုရား နှစ်သက်တော်မမူသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ ရှိခဲ့ပါလျှင် သည်းခံတော်မူပါလော့"

"အို သာရိပုတ္တရာ၊ သင်အား ငါဘုရား သည်းခံတော်မူသည်၊ ငါဘုရားသည် မနှစ်သက်အပ်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာမျိုးလည်း သင်အား မရှိပါပေ။ သာရိပုတ္တရာ သင်သွားရမည့် အချိန်အခါကို သင်ကိုယ်တိုင်သာ သိပါလော့"

ဤသို့ ခွင့်ပြုတော်မူသည်၏ အခြားမဲ့၌ မထေရ်သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ ထကာမျှ၌ မဟာပထဝီမြေကြီးသည် "မြင်းမိုရ်စကြဝဠာ၊ ဟိမဝန္တာနှင့် ထက်ဝန်းကျင်၌ရှိသော တောင်တို့ကို ရွက်ဆောင်နိုင်ပါသော်လည်း ယခုအခါ အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးအစုကို ရွက်ဆောင်ခြင်းငှာ မတတ်နိုင်ပါ"ဟု ဆိုသကဲ့သို့ အောက်ကမ္ဘာရေအဆုံးတိုင်အောင် တုန်လှုပ်၏။ ကောင်းကင်၌ တော်လဲ၏။ မိုးကြီးတက်၍ ရောက်ချွာမိုးကို ရွာ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာကို ပြည့်စုံစွာ ဖူးမြင်ရစေအံ့ဟု ကြံတော်မူ၍ တရားဟောပလ္လင်မှ ထတော်မူပြီးသော် ဂန္ဓကုဋီသို့ ရှေးရှုကြွတော်မူကာ ပတ္တမြားကျောက်ဖျာ၌ ရပ်တော်မူ၏။ မထေရ်မြတ်သည် သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရားကို လက်အုပ်ချီကာ လှည့်လည်၍ အရပ်လေးမျက်နှာတို့၌ ရှိခိုးပြီးမှ ဤသို့နောက်ဆုံးလျှောက်ပြန်၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤကမ္ဘာမှ ပြန်၍ရေသည် ရှိသော် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေထက်၌ အနောမဒဿီ မြတ်စွာဘုရား၏ ခြေတော်ရင်းဝယ် ဝပ်စင်း၍ အရှင်မြတ်ဘုရားက ဖူးမြင်ရခွင့်ကို ဆုတောင်းခဲ့ပါသည်။ ထိုဆုတောင်းကား ယခု အလုံးစုံပြည့်ဝပါပြီ။ ထိုစဉ်အခါက ဖူးတွေ့ရခြင်းသည် ပထမဆုံး ဖူးတွေ့ရခြင်း ဖြစ်ပါသည်။ ဤယခု ဖူးတွေ့ရခြင်းကား နောက်ဆုံးဖူးတွေ့ရခြင်း ဖြစ်ပါသည်။ နောက်တစ်ဖန် ပြန်၍ဖူးတွေ့နိုင်တော့မည် မဟုတ်ပါ"

ဤသို့လျှောက်ပြီးသော် အရှင်သာရိပုတ္တရာသည် ဆယ်ချောင်းသောလက်တို့မှ လက်သည်းတော်ရောင်တို့ဖြင့် တောက်ပသော လက်အုပ်ကို ချီမိုး၍ မြတ်စွာဘုရား မြင်တော်မူရာအရပ်အတွင်း၌ နောက်ပြန်ဆုတ်တော်မူခဲ့ပြီးလျှင် မြင်တော်မူရာ ဒဿနူပစာကို လွန်သောအခါ မြတ်စွာဘုရားကို နောက်ဆုံးရှိခိုး၍ ကြွသွားတော်မူ၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ဒုတိယအကြိမ် ရေအဆုံးရှိသည်ကိုပြု၍ လှုပ်ပြန်သတည်း။

## ၆။ ရဟန်းရှင်လူတို့က လိုက်ပို့ကြခြင်း

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်အား ခြံရံ၍ ရပ်နေကြကုန်သော ရဟန်းတို့ကို ''ရဟန်းတို့ သင်တို့၏ နောင်တော်ကြီးကို လိုက်၍ပို့ကြကုန်''ဟု မိန့်တော်မူ၏။ ထိုအခါ ပရိသတ်လေးပါးတို့သည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား တစ်ပါးတည်းကိုသာ ချန်ထားခဲ့ကြ၍ အကြွင်းမဲ့ထွက်ကြကုန်၏။ ဤသို့ ရဟန်းတို့ အကြွင်းအကျန်မရှိ လိုက်ပို့တော်မူကြသောအခါ သာဝတ္ထိမြို့သူမြို့သားတို့လည်း ''အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကို ပန်ကြား၍ ပရိနိဗ္ဗာန်ပြုတော်မူရန် ကြွသွားတော်မူပြီ။ အရှင်သာရိပုတ္တရာကို ဖူးမြင်ကုန်အံ့''ဟု ဆို၍ မြို့တံခါးမဆံ့အောင်ပင် ထွက်ကြကုန်၏။ ပန်းနံ့သာ စသည်တို့ကို ကိုင်စွဲကြကုန်လျက် ဆံပင်တို့ကို ဖရိဖရဲ ဖြန့်ကြဲ၍ အထူးထူးအပြားပြား ငိုကြွေးကြကုန်၏။

''ယခုအခါ ငါတို့သည် 'ပညာကြီးကျယ်တော်မူသော အရှင်သာရိပုတ္တရာကား အဘယ်မှာနည်း'ဟု မေး၍ အဘယ်သူ့ထံသို့ ဆည်းကပ်ကြရကုန်အံ့နည်း။ မထေရ်မြတ်သည် အဘယ်သူ၏လက်၌ မြတ်စွာဘုရားကို ထားခဲ့၍ ကြွတော်မူလေသနည်း''

ဤသို့ အထူးထူး အပြားပြား ငိုကြွေး၍ အရှင်သာရိပုတ္တရာ၏နောက်မှ လိုက်ကြကုန်၏။ အရှင်သာရိပုတ္တရာလည်း ''ဤလမ်းကား သတ္တဝါအလုံးစုံတို့ မကျော်လွှန်နိုင်သောလမ်း ဖြစ်ပေသည်'' စသည်ဖြင့် လူအပေါင်းတို့အား တရားဓမ္မပြသ၍ သက်သာရာရစေတော်မူပြီးမှ ''ငါ့ရှင်တို့ သင်တို့လည်း နေရစ်ကြကုန်လော့။ မြတ်စွာဘုရား၌ မမေ့မလျော့ကြကုန်လင့်''ဟု မိန့်တော်မူ၍ ရဟန်းအပေါင်းကို ပြန်စေတော်မူ၍ မိမိပရိသတ်ဖြင့်သာ ကြွသွားတော်မူ၏။

ထိုအခါ လူတို့ကား ''ရှေးအခါ၌ အရှင်ဘုရားသည် တစ်ဖန်ပြန်လာဦးမည့် ကြွခြင်းမျိုးဖြင့်သာ ကြွတော်မူ၏။ ယခုကြွတော်မူသည်ကား တစ်ဖန်ပြန်မလာတော့မည့် ကြွတော်မူခြင်းဖြစ်ခဲ့သည်''ဟု ငိုကြွေး၍ အစဉ်လိုက်ကြကုန်၏။ ထိုလူအများတို့ကိုလည်း ''အချင်းတို့ မမေ့မလျော့ ဖြစ်ကြကုန်၊ သင်္ခါရတရားမည်သည်ကား ဤသို့ ပြိုကွဲပျက်စီးတတ်သည်သာ ဖြစ်၏''ဟု ဆုံးမ၍ ပြန်စေတော်မူ၏။

## ၇။ မယ်တော်ရွာသို့ ကြွသွားခြင်း

ထို့နောက် အရှင်သာရိပုတ္တရာသည် ငါးရာသောရဟန်းတို့နှင့် အတူတကွ အလုံးစုံသောစခန်းတို့၌ တစ်ညဉ့်မျှသာ သီတင်းသုံးတော်မူ၍ ခုနစ်ရက်တို့ပတ်လုံး လမ်းခရီးအကြား၌ရှိသော လူအပေါင်းတို့အား ချီးမြှောက်ခြင်းကို ပြုတော်မူလျက် ကြွသွားတော်မူရာ ခုနစ်ရက်မြောက်သောနေ့ ညနေချမ်းအချိန်၌ ရွှေချက်တော်သိုရာ နလကရွာသို့ ရောက်တော်မူ၏။ ထိုနေ့ကား တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်ပေ၏။ အရှင်သာရိပုတ္တရာသည် ၁၄၇ ခု၊ တန်ဆောင်မုန်းလဆန်းရှစ်ရက်နေ့၌ သာဝတ္ထိပြည်မှ ဇေတဝန်ကျောင်းတော်မှ ထွက်တော်မူခဲ့၏။ သာဝတ္ထိနှင့် နာလကရွာအကြားဖြစ်သော ခရီးကို ခုနစ်ရက်တိုင်တိုင် ကြွတော်မူခဲ့၍ နာလကရွာသို့ ရောက်တော်မူလေသော် ရွာတံခါးအနီးရှိ ပညောင်ပင်ရင်း၌ ရပ်နေတော်မူ၏။ ထိုအခါ ဥပရေဝတအမည်ရှိသော မထေရ်မြတ်၏ တူတော်တစ်ယောက်သည် ရွာအပြင်သို့ ထွက်လာခဲ့ရာ မထေရ်မြတ်ကိုမြင်လျှင် ချဉ်းကပ်၍ ရှိခိုး၏။

"သင့်အဘွားသည် အိမ်၌ရှိ၏လော"

"ရှိပါသည်"

"သွားလော့၊ ဤအရပ်သို့ ငါတို့ရောက်လာခြင်းကို ပြောချေလော့။ အဘယ်ကြောင့်လာသနည်းဟု မေးသော် 'ယနေ့တစ်ရက်လုံး ရွာတွင်း၌သာ နေလိမ့်မည်။ ဖွားမြင်ရာတိုက်ခန်းကို သုတ်သင်ရှင်းလင်းစေလိုသည်။ ရဟန်းငါးရာတို့၏ နေရာကိုလည်း သိစေလိုသည်'ဟု မှာလိုက်ပါသည်ဟု ဆိုလေလော့"

ထိုအခါ ဥပရေဝတသည် အဘွားဖြစ်သော ရူပသာရိပုဏ္ဏေးမကြီး၏ အထံသို့သွား၍ ဤသို့ပြောကြား၏။

"အို အဘွား၊ အကျွန်ုပ်တို့၏ ဦးရီးမထေရ် ကြွလာပါသည်"

"ဥပရေဝတ၊ ယခု သင့်ဦးရီး အဘယ်မှာနည်း"

"ရွာတံခါး၌ ရှိပါသည်"

"တစ်ပါးတည်းလော၊ အခြားရဟန်းများ ပါသေးသလော"

"ရဟန်းငါးရာတို့ ပါလာကြပါသည်"

"အဘယ်အကြောင်းကြောင့် လာသနည်း"

"အဘွား၏အိမ်၌ တစ်ညအိပ်လို၍ လာပါသည်"

ဥပရေဝတသည် အရှင်သာရိပုတ္တရာ မှာတော်မူသည့်အတိုင်းပင် အစုံအလင် ပြောကြား၏။ ထိုအခါ ရူပသာရိပုဏ္ဏေးမကြီးသည် "အသို့နည်း၊ ဤမျှများလှသော ရဟန်းတို့၏နေရာကို သုတ်သင်ရှင်းလင်းစေဘိသည်။ ငယ်ရွယ်စဉ်

အခါ၌ ရဟန်းပြုခဲ့၍ ယခု ကြီးရင့်လှမှ လူထွက်လိုသလော''ဟု ကြံ့လျက် သားဖြစ်သော မထေရ်၏အလိုအတိုင်းပင် ဖွားမြင်တော်မူခဲ့ရာ တိုက်ခန်းကို သုတ်သင်စေ၏။ ရဟန်းငါးရာတို့၏ နေရာထိုင်ခင်းများကိုလည်း ပြုပြင်စေ၏။ နေရာများကို ပြုပြင်စီမံပြီးသော် ဆီမီးတိုင်တို့ကို ညှိထွန်း၍ မထေရ်ထံသို့ပို့စေ၏။

## ၈။ ဖွားတော်မူရာ တိုက်ခန်းသို့ဝင်ခြင်း

အရှင်သာရိပုတ္တရာသည် ရဟန်းငါးရာတို့နှင့်အတူ မယ်တော်၏ရွာသို့ ဝင်တော်မူပြီးလျှင် မယ်တော်၏ပြာသာဒ်သို့ တက်တော်မူ၍ မိမိဖွားမြင်တော်မူ ခဲ့ရာဖြစ်သော တိုက်ခန်းသို့ဝင်တော်မူ၏။ နေရာ၌ ထိုင်တော်မူပြီးသောအခါ ရဟန်းတို့ကို ''မိမိတို့နေရာသို့ သွားနိုင်ကြပြီ''ဟု ရဟန်းတို့ကို လွှတ်တော်မူ လိုက်၏။ ရဟန်းတို့ ထွက်သွားကြလျှင်ပင် မထေရ်အား ပြင်းထန်ကြမ်းတမ်းသော (ဝမ်းသွေးသွန်) ရောဂါသည် ဖြစ်၏။ ဤရောဂါကား သေခြင်းလျှင် အဆုံးရှိသော ရောဂါဖြစ်၏။ သေဆုံးမှသာ ပျောက်တော့မည့် ရောဂါမျိုး ဖြစ်ပေ၏။ မထေရ်၏ အခန်းတွင်းမှ သွေးခွက်တစ်ခွက်ထွက်သွားလျှင် တစ်ခွက်ပြန်၍သွင်းရ၏။ တစ်ခွက် ပြီးတစ်ခွက် သွန်၍သွန်၍ ပစ်ရ၏။ ထိုအခါ မယ်တော်ပုဏ္ဏေးမကြီးသည် ''ငါ့သား၏အဖြစ်ကို ငါ မနှစ်သက်နိုင်''ဟု ဆို၍ မိမိနေရာဖြစ်သော အခန်းတံခါး ကို မှီ၍ရပ်၏။

## ၉။ နတ်ဗြဟ္မာတို့ အလုပ်အကျွေးလာကြခြင်း

စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် 'အရှင်သာရိပုတ္တရာ ကား ယခု အဘယ်မှာနည်း'ဟု ကြည့်ကြလေသော် နာလကရွာ ဖွားမြင်တော် မူရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုတော်မူမည့် ညောင်စောင်း၌ လျောင်းတော်မူရချေ သည်တကားဟု သိမြင်၍ 'နောက်ဆုံးပူဇော်မှုကို ပြုကြကုန်အံ့'ဟု တိုင်ပင်ညှိနှိုင်း ၍ တစ်ခဏချင်း ရောက်လာကြကုန်၏။ နတ်မင်းကြီးလေးယောက်တို့သည် အရှင်သာရိပုတ္တရာအား ရှိခိုး၍ အနီး၌ ရပ်ကြကုန်၏။

''သင်တို့ကား အဘယ်သူတို့နည်း''

''အရှင်ဘုရား၊ စတုမဟာရာဇ် နတ်မင်းကြီးများ ဖြစ်ကြပါသည်''

''အဘယ်ကြောင့် လာကြကုန်သနည်း''

''မကျန်းမာသော အရှင်ဘုရားကို ပြုစုကြရန် ဖြစ်ပါသည်''

"ရှိစေလော့၊ ဂိလာနပစ္စယ = သူနာပြုရဟန်း ရှိပေသည်၊ သင်တို့သွားကြကုန်လော့"

စတုမဟာရာဇ်နတ်မင်းကြီးတို့ သွားကြသောအခါ သိကြားမင်းသည်လည်းကောင်း၊ ဗြဟ္မာမင်းသည်လည်းကောင်း ထိုနည်းတူပင် မထေရ်မြတ်အထံသို့ ရောက်လာကြကုန်၏။ မထေရ်မြတ်လည်း ရှေးနည်းတူပင် မေးမြန်းပြောဆို၍ လွှတ်တော်မူ၏။

ထိုအခါ မယ်တော်သည် နတ်တို့လာကြသည်ကိုလည်းကောင်း၊ ပြန်သွားကြသည်ကိုလည်းကောင်း မြင်ရ၍ "ငါ့သားကို ရှိခိုး၍သွားကြသူတို့ကား အဘယ်သူတို့ ဖြစ်ကြလေသနည်း"ဟု ကြံလျက် မထေရ်မြတ်၏ အခန်းတံခါးသို့သွားပြီးလျှင် "ချစ်သား စုန္ဒ၊ ယခုအခါ အသို့နေသေးသနည်း"ဟု မေး၏။ အရှင်စုန္ဒလည်း မယ်တော်အား မထေရ်၏ရောဂါအကြောင်းကို ပြန်ကြားပြီးနောက် မထေရ်မြတ်ကို ဤသို့လျှောက်၏။

"အရှင်ဘုရား မယ်တော်ဥပါသိကာမကြီး လာပါသည်"

"အို ဥပါသိကာ အချိန်မဟုတ်သည်၌ အဘယ်ကြောင့်လာသနည်း"

"ချစ်သား သင့်ကို ကြည့်ရှုလို၍ လာပေသည်။ ချစ်သား သင့်ထံသို့ ရှေးဦးစွာ လာသူတို့ကား အသူတို့နည်း"

"စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ ဖြစ်ကြသည်"

"သင်ချစ်သားသည် နတ်မင်းကြီးတို့ထက် သာလွန်၍မြတ်သလော"

"ဤနတ်မင်းကြီးတို့သည် ကျောင်းအရံစောင့်နတ်များနှင့် တူကြပေသည်။ ကျွန်ုပ်တို့ မြတ်စွာဘုရား ပဋိသန္ဓေ နေတော်မူသည့်အချိန်၌ သန်လျက်ကိုကိုင်၍ စောင့်ကြကုန်၏"

"ထိုသူတို့နောက် အဘယ်သူလာသနည်း"

"သိကြားမင်း ဖြစ်ပေသည်"

"နတ်တို့အရှင် သိကြားမင်းထက်ပင် သင်ချစ်သားသည် သာလွန်၍မြတ်သလော"

"သိကြားမင်းသည် ပစ္စည်းဘဏ္ဍာကို ကိုင်ဆောင်၍လိုက်သော သာမဏေနှင့်တူ၏။ ကျွန်ုပ်တို့ မြတ်စွာဘုရားသည် တာဝတိံသာမှ ဆင်းသက်တော်မူသောအခါ သပိတ်သင်္ကန်းကို ကိုင်၍လိုက်ခဲ့သည်"

"သိကြားမင်း၏နောက်၌ တောက်လောင်အံ့သကဲ့သို့ လာသူကား အဘယ်သူနည်း"

"အို ဥပါသိကာမကြီး သင်တို့၏ဘဂဝါ(ဘုန်းရှင်ဘုရား) ဖြစ်သော မဟာဗြဟ္မာ ဖြစ်ပေသည်"

"ငါတို့၏ ဘဂဝါဖြစ်သော မဟာဗြဟ္မာထက် သင်ချစ်သားသည် သာလွန်၍ မြတ်သလော"

"အို ဥပါသိကာမကြီး မှန်၏။ ကျွန်ုပ်တို့ မြတ်စွာဘုရား ဖွားတော်မူသောအခါ မဟာဗြဟ္မာလေးယောက်တို့သည် ရွှေကွန်ယက်ဖြင့် ခံယူခဲ့ကြသည်"

## ၁၀။ မယ်တော်အား တရားဟောခြင်း

ထိုအခါ မယ်တော်အား "ငါ့သား၏ တန်ခိုးအာနုဘော်သည်ပင် ဤမျှကြီးမား၏၊ ငါ့သား၏ဆရာဖြစ်သော မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကား အဘယ်သို့ရှိလိမ့်မည်နည်း"ဟု ကြံစည်ဆင်ခြင်စဉ်မှာပင် နှစ်သက်ခြင်းပီတိသည် ဖြစ်၍ တစ်ကိုယ်လုံးမှာ ပျံ့နှံ့၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် "ငါ့မယ်တော်အား နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်ခဲ့ပြီ၊ ယခုအခါ တရားဟောချိန်တန်ပြီ" ဟု ကြံ၍ ဤသို့မေးတော်မူ၏။

"အို ဥပါသိကာမကြီး၊ အဘယ်ကို ကြံစည်သနည်း"

"ငါ့သား၏ဂုဏ်ကား ဤမျှကြီးမား၏။ မြတ်စွာဘုရား၏ဂုဏ်ကား အဘယ်သို့ရှိမည်နည်းဟု ကြံပေသည်"

"အို ဥပါသိကာမကြီး၊ ကျွန်ုပ်တို့ မြတ်စွာဘုရား၏ ဖွားမြင်တော်မူသောအခါ၊ တောထွက်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာတရားကို ဟောတော်မူသောအခါတို့၌ စကြဝဠာတစ်သောင်း တုန်လှုပ်၏။ သီလအားဖြင့် မြတ်စွာဘုရားနှင့်တူသောသူကား မရှိ။ သမာဓိအားဖြင့်၊ ပညာအားဖြင့်၊ ကိလေသာမှလွတ်မြောက်ခြင်းအားဖြင့်၊ ဉာဏ်အမြင်အားဖြင့် တူမံသာသူသည် မရှိပြီ"

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့နှင့် စပ်သော တရားကို ဟောတော်မူ၏။ မယ်တော် ပုဏ္ဏေးမကြီးသည် ချစ်လှစွာသော သားကြီးဖြစ်သူ၏ တရားအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ မယ်တော်သည် ဤသို့ဆို၏။

"ချစ်သား ဥပတိဿ၊ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း။ ဤသို့သော အမြိုက်အရသာကို ဤမျှကြာမြင့်သောကာလပတ်လုံး ငါ့အား မပေးဘဲနေဘိ၏တကား"

## ၁၁။ ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ထိုအခါ အရှင်သာရိပုတ္တရာသည် "ငါ့မယ်တော်အား ယခု မွေးကျေးဖူးကို ဆပ်ပေးခဲ့ရလေပြီ၊ ဤမျှဖြင့် သင့်လျော်ပြီ"ဟု ကြံ၍ "အို ဥပါသိကာမကြီး၊ သွားဦးလော့"ဟု လွှတ်တော်မူလိုက်ပြီးသော် အရှင်စုန္ဒကို ဤသို့မေးတော်မူ၏။

"စုန္ဒ ယခု အဘယ်အချိန်ရှိပြီနည်း"

"အရှင်ဘုရား၊ မိုးသောက်အားကြီးအချိန် ဖြစ်ပါသည်"

"ရဟန်းအပေါင်းကို စဝေးစေလော့"

"ရဟန်းအပေါင်းသည် စဝေးနေပြီး ဖြစ်ပါသည်"

"စုန္ဒ ငါ့ကိုချီမ၍ ထိုင်စေလော့"

အရှင်စုန္ဒသည် နောင်တော်ကြီးဖြစ်သော အရှင်သာရိပုတ္တရာကို ပွေ့ချီ၍ ထိုင်စေတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် ရဟန်းအပေါင်းကို ဤသို့ မိန့်တော်မူ၏။

"ငါ့ရှင်တို့ လေးဆယ့်လေးနှစ်တို့ပတ်လုံး ငါနှင့်တကွ လှည့်လည်သွားလာကြသော သင်တို့အား မနှစ်သက်ဖွယ်ဖြစ်သော ငါ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာရှိလျှင် သည်းခံကြပါကုန်"

"အရှင်ဘုရား ဤမျှလောက်သော ကာလပတ်လုံး အရိပ်ကဲ့သို့ အရှင်ဘုရားတို့ကို မခွဲမခွာဘဲ လှည့်လည်ခဲ့ကြသော အကျွန်ုပ်တို့အား မနှစ်သက်ဖွယ်ရာ တစ်စုံတစ်ရာမျှ မရှိပါ။ အရှင်ဘုရားအား အကျွန်ုပ်တို့၏ မနှစ်သက်ဖွယ်ရာများ ရှိလျှင်လည်း သည်းခံတော်မူပါလော့"

ထို့နောက် အရှင်သာရိပုတ္တရာသည် နှစ်ထပ်သင်္ကန်းကိုဆွဲ၍ မျက်နှာကို အုပ်တော်မူပြီးလျှင် လက်ယာနံတောင်းဖြင့် လျောင်းစက်တော်မူ၍ ဈာန်သမာပတ်တို့ကို အစဉ်အတိုင်း ဝင်စားတော်မူ၏။ ကိုးပါးသော အနုပုဗ္ဗသမာပတ်တို့ကို အနုလုံ ပဋိလုံ အပြန်အလှန် ဝင်စားတော်မူပြီးနောက် ပထမဈာန်မှစ၍ စတုတ္ထဈာန်တိုင်အောင် ဝင်စားတော်မူ၏။ ထိုစတုတ္ထဈာန်မှ ထ၍ ထိုဈာန်၏ အခြားမဲ့၌ သာလျှင် မဟာပထဝီမြေကြီးကို ပဲ့တင်ထပ်စေလျက် ခန္ဓာအကြွင်းမရှိသော ချုပ်ငြိမ်းခြင်း အနုပါဒိသေသ ပရိနိဗ္ဗာနအားဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသတည်း။

## ၁၂။ မယ်တော် ငိုကြွေးခြင်း

ဤသို့ မြေလျင်တုန်လှုပ်သောအခါ မယ်တော်သည် "အသို့နည်း၊ ငါ့သားတော်ကြီးသည် တစ်စုံတစ်ရာကိုမျှ မပြောဆိုတော့ပါတကား"ဟု ကြံ၍ ထလာပြီး

လျှင် မထေရ်၏ခြေဖမိုး၌ စမ်းသပ်လေသော် ပရိနိဗ္ဗာန်ပြုတော်မူသည်ကို သိရသဖြင့် သည်းစွာသောအသံကိုပြုလျက် မထေရ်၏ခြေရင်း၌ တုပ်ပျပ်၍ငိုကြွေး၏။

''အို ချစ်သား၊ ငါတို့သည် ဤအချိန်မှ ရှေးအဖို့၌ သင်ချစ်သား၏ ဂုဏ်ကျေးဇူးကို မသိခဲ့ကြကုန်။ ယခု သိရသောအခါ၌ကား သင်ချစ်သားမှစ၍ အသိန်းမက များလှကုန်သော ရဟန်းတို့ကို ဤအိမ်၌ ထိုင်စေ၍ ကျွေးမွေးလှူဒါန်းခြင်းငှာ မရနိုင်တော့ကုန်။ သင်္ကန်းတို့ဖြင့် ဖုံးလွှမ်းလှူဒါန်းခြင်းငှာ မရနိုင်တော့ကုန်။ ကျောင်းအထောင်အသောင်းကို ဆောက်လုပ်လှူဒါန်းခြင်းငှာ မရနိုင်တော့ကုန်''

ဤသို့ အစရှိသည်ဖြင့် နံနက် အရုဏ်တက်သည့်တိုင်အောင် ငိုကြွေး၏။

## ၁၃။ သာဓုကီဠနသဘင်

အရုဏ်တက်သောအခါ၌ကား မယ်တော်ပုဏ္ဏေးမကြီးသည် ရွှေပန်းထိမ်သည်တို့ကို ခေါ်စေ၍ ရွှေတိုက်ကိုဖွင့်ပြီးလျှင် ရွှေခွက်တို့ကို ချိန်ခွင်ကြီးဖြင့် ချိန်စေ၍ ''စုလစ်မွန်းချွန်တပ်သော ပြာသာဒ်ငါးရာ၊ အဖိုးထိုက်တန်လှသော ပြာသာဒ်ဦးပြည်းငါးရာတို့ကို ပြုလုပ်ကြလော''ဟု ဆို၍ ပေးစေ၏။ သိကြားမင်းလည်း ဝိဿကြုံနတ်သားကိုခေါ်၍ ''အမောင် အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပြီ၊ စုလစ်မွန်းချွန်တပ်သော ပြာသာဒ်ငါးရာတို့နှင့် အဖိုးထိုက်တန်လှသော ပြာသာဒ်ဦးပြည်းငါးရာတို့ကို ဖန်ဆင်းချေလော့''ဟု ဆို၏။ ဤသို့လျှင် မယ်တော်နှင့် သိကြားမင်းတို့ ပြုလုပ်ကြသော အဆောက်အဦပေါင်းကား နှစ်ထောင်မျှ ရှိသတည်း။

ထို့နောက် မြို့လယ်ခေါင်၌ ကြီးစွာသော မဏ္ဍပ်ကို ဆောက်လုပ်စေ၍ မဏ္ဍပ်ကြီးကို အလယ်၌ ကြီးစွာသော စုလစ်မွန်းချွန်တပ်သော ပြာသာဒ်ကို ထား၍ ကြွင်းသောပြာသာဒ်၊ ပြာသာဒ်ဦးပြည်းတို့ကို အခြံအရံအဖြစ်ဖြင့် ထားကြပြီးလျှင် သာဓုကီဠနသဘင်ကို ဆင်ယင်ကျင်းပကြကုန်၏။ ဤသာဓုကီဠနသဘင်၌ လူတို့အကြား၌ နတ်၊ နတ်တို့အကြား၌ လူတို့သည် လှည့်လည်သွားလာကြကုန်၏။

## ၁၄။ ရေဝတီနတ်သမီး

ဤသို့ သာဝတ္ထိဋ္ဌနသဘင် ဆင်ယင်ကျင်းပစဉ် မထေရ်၏အလုပ်အကျွေး ဖြစ်သော ရေဝတီအမည်ရှိသော မိန်းမတစ်ယောက်သည် မထေရ်အား နောက်ဆုံး ပူဇော်မည်ဟုကြံ၍ ရွှေပန်းခိုင်စိုက်သော ပန်းအိုးသုံးလုံးတို့ကို ပြုစေ၍ မထေရ်၏ အလောင်းတော်အား ပူဇော်လာ၏။ ရေဝတီကား ကိုယ်ဝန်အရင့်အမာရှိ၏။ ထိုအခိုက်မှာပင် သိကြားမင်းသည် မထေရ်အား ပူဇော်မည်ဟု နတ်သမီး နှစ်ကုဋေ ငါးသန်း ခြံရံလျက် ဆင်းသက်လာ၏။ လူတို့သည် သိကြားမင်းဆင်းသက်လာ သည်ဟု နောက်သို့ဆုတ်ကြလေသော် ရေဝတီလည်း သူတစ်ပါးတို့ကဲ့သို့ပင် နောက်သို့ဆုတ်၏။ သို့ရာတွင် ရေဝတီကား ကိုယ်ဝန်အရင့်အမာရှိသူဖြစ်၍ သင့်လျော်ရာသို့မဆုတ်နိုင်ဘဲ လူတို့အကြား၌ လဲလေ၏။ နောက်ပြန်ဆုတ်လာသော လူတို့လည်း ရေဝတီကိုမမြင်ကြဘဲ နင်းမိကြကုန်၏။ ရေဝတီလည်း ထိုနေရာ၌ပင် ကွယ်လွန်၍ တစ်ခဏချင်း ဥပပတ်အားဖြင့် တာဝတိံသာနတ်ပြည်ဝယ် ရွှေဗိမာန် ၌ နတ်သမီး ဖြစ်လေ၏။

ဖြစ်သောခဏ၌ပင် ရတနာတုံးကြီးကဲ့သို့ သုံးဂါဝုတ်ရှိသောကိုယ်သည် ထင်ရှားဖြစ်၏။ လှည်းခြောက်ဆယ်တိုက်မျှ ပမာဏရှိသော နတ်တို့၏ အဆင် တန်ဆာတို့ကို ဝတ်ဆင်ရ၏။ နတ်သမီး အခြံအရံတစ်ထောင်မျှရှိ၏။ ထိုအခါ အခြံအရံ နတ်သမီးတို့သည် ရေဝတီနတ်သမီးအား တစ်ကိုယ်လုံးမြင်နိုင်သော နတ်ပြည်ဖြစ်မှန်ကြီးကို ရှေ့၌ ထောင်၍ပြထားကြကုန်၏။ ရေဝတီနတ်သမီးသည် ကြီးကျယ်လှသော မိမိစည်းစိမ်ကို မြင်၍ "ဤစည်းစိမ်ကား မွန်မြတ်လှ၏။ ငါသည် အဘယ်ကုသိုလ်ကံကို ပြုခဲ့သနည်း" ဟု ဆင်ခြင်သော် အမှန်အတိုင်း သိမြင်၏။

"ငါသည် အရှင်သာရိပုတ္တရာ၏ ပရိနိဗ္ဗာန်ပြုတော်မူရာအရပ်၌ ရွှေပန်းအိုး သုံးလုံးတို့ဖြင့် ပူဇော်ခဲ့၏။ လူများအပေါင်းသည် ငါ့ကိုနင်း၍သွားခဲ့၏။ ငါသည် ထိုနေရာ၌ပင် သေလွန်၍ ဤနတ်ဘုံ၌ နတ်သမီးဖြစ်၏။ ငါသည် မထေရ်ကို အမှီပြု၍ ဤစည်းစိမ်ကို ရအပ်၏။ ယခုအခါ ငါသည် ကောင်းမှုအကျိုးကို လူတို့အား ပြောကြားအံ့"

ထို့နောက် ရေဝတီနတ်သမီးသည် ဗိမာန်နှင့်တကွ နာလကရွာ အရှင်သာရိ ပုတ္တရာ၏ သာဝတ္ထိဋ္ဌနသဘင် ဆင်ယင်ကျင်းပရာသို့ ဆင်းသက်၍လာခဲ့၏။ လူအများသည် အဝေးမှပင် မြင်ကြရ၍ "နေနှစ်စင်းထွက်သလော" ဟု ကြည့် ကြကုန်၏။ ကြည့်ကြစဉ်မှာပင် ဗိမာန်သည် တရွေ့ရွေ့နီး၍ လာလေသော် စုလစ်

မွှန်းချွန်တပ်သော ပြာသာဒ်သဏ္ဌာန်သည် ထင်ရှား၍လာ၏။ ထိုအခါမှ "ဤအရာကား နေတစ်စင်းမဟုတ် ဗိမာန်ပင်တည်း"ဟု ဆိုကြကုန်၏။ ရေဝတီ၏ဗိမာန်လည်း ထိုခဏ၌ပင် ရောက်လာ၍ မထေရ်၏ထင်းပုံထက်၌တည်၏။ ရေဝတီနတ်သမီးသည် မိမိ၏ပြာသာဒ်ကို ကောင်းကင်၌ပင် ထားခဲ့၍ မြေသို့ဆင်းခဲ့၏။ လူအများလည်း ရေဝတီနတ်သမီးကို ဝိုင်းအုံ၍ မေးကြကုန်၏။

"အို နတ်သမီး၊ အသင်ကား မည်သူနည်း"

"သင်တို့သည် ကျွန်ုပ်ကို မသိကြကုန်သလော။ ကျွန်ုပ်သည် ရေဝတီအမည်ရှိသော မိန်းမငယ်ဖြစ်ပါသည်။ ရွှေပန်းအိုးသုံးလုံးတို့ဖြင့် မထေရ်အားပူဇော်ပြီးနောက် လူအများ၏အနင်းကို ခံရသဖြင့် သေလွန်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်ပါသည်။ ကျွန်ုပ်၏ အသရေနှင့် စည်းစိမ်ကိုကြည့်ကြကုန်လော့၊ သင်တို့လည်း အလှူပေးကြကုန်လော့၊ ကောင်းမှုကို ပြုကြကုန်လော့"

ရေဝတီနတ်သမီးသည် ဤသို့ ကုသိုလ်ကံ၏အကျိုးကျေးဇူးကို ချီးကျူးပြောဆိုပြီးနောက် မထေရ်၏ထင်းပုံကို လက်ယာရစ်လှည့်၍ ရှိခိုးပြီးမှ မိမိနေရာတာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။

လူတို့သည် သာဓုကီဠနသဘင်ကို ခုနစ်ရက်တိုင်တိုင် ဆင်ယင်ကျင်းပကြကုန်၏။ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် နံ့သာမျိုးစုံတို့ကို ထင်းပြု၍ စုပုံကြကုန်၏။ ထိုထင်းပုံသည် ကိုးဆယ့်ကိုးတောင်မျှမြင့်၏။ ထို့နောက် ခုနစ်ရက်မြောက်သောအခါ အလောင်းတော်ကို ထင်းပုံထက်သို့တင်၍ ပန်းရင်းစည်းမီးရှူးတို့ဖြင့် မီးသင်္ဂြိုဟ်ကြကုန်၏။ မီးသင်္ဂြိုဟ်ရာသုသာန်၌ ထိုနေ့ည တစ်ညလုံးတရားနာကြကုန်၏။ အရှင်အနုရုဒ္ဓါမထေရ်သည် နံ့သာမျိုးစုံထုံအပ်သော ရေဖြင့်လောင်စာထင်းပုံမီးကို ငြိမ်းသတ်တော်မူ၏။ အရှင်စုန္နမထေရ်သည် ဓာတ်တော်တို့ကို စုရုံးကောက်ယူ၍ ရေစစ်ပဝါ၌ထည့်၏။ ထို့နောက် အရှင်စုန္နသည် ဤသို့ကြံတော်မူ၏။

"ငါသည် ဤဓာတ်တော်တို့ကို ဆောင်ယူ၍ ဤအရပ်၌သာထားရန်မသင့်၊ ငါ၏နောင်တော်အကြီးဆုံးဖြစ်သော အရှင်သာရိပုတ္တရာ၏ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းကို မြတ်စွာဘုရားအား သွားရောက်၍ လျှောက်ကြားအံ့"

## ၁၅။ အရှင်စုန္န ဓာတ်တော်ကို ယူ၍လာခြင်း

ထို့နောက် အရှင်စုန္နသည် ဓာတ်တော်ထည့်သော ရေစစ်ပဝါကိုလည်းကောင်း၊ မထေရ်၏ သပိတ် သင်္ကန်းတို့ကိုလည်းကောင်း ယူ၍ သာဝတ္ထိမြို့

တော်သို့ ကြွတော်မူ၏။ တစ်နေရာ၌ တစ်ညသာအိပ်၍ ကြွတော်မူရာ (ခုနစ်ရက်မြောက်သောအခါ) သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်သို့ ရောက်လေ၏။ ရောက်လျှင် ဇေတဝန်ရေကန်၌ ရေချိုးတော်မူပြီးနောက် ဤသို့အကြံဖြစ်၏။

"ဘုရားရှင်တို့မည်သည်ကား ကျောက်ထီးကဲ့သို့ လေးကုန်၏။ ပါးပျဉ်းထသော မြွေဟောက်၊ အမျက်ထွက်သော ခြင်္သေ့ သစ်ကျား၊ အမှန်ယစ်သော ဆင်တို့ကဲ့သို့ ချဉ်းကပ်ရန် ခဲယဉ်း၏။ ငါသည် မြတ်စွာဘုရား အထံတော်သို့ ဖြောင့်ဖြောင့်သွား၍ လျှောက်ထားခြင်းငှာ မတတ်ကောင်း၊ အဘယ်သူ့ထံသို့ ရှေးဦးစွာ ဝင်ရပါအံ့နည်း"

"ငါ၏ ဥပဇ္ဈာယ်ဆရာဖြစ်သော တရားဘဏ္ဍာစိုး အရှင်အာနန္ဒာကား ငါ့နောင်တော်ကြီး၏ မိတ်ဆွေမြတ်ကြီးတစ်ပါး ဖြစ်တော်မူ၏။ ထိုအရှင်အာနန္ဒာ အထံသို့သွား၍ အရှင်အာနန္ဒာကို ခေါ်ဆောင်ပြီးမှ မြတ်စွာဘုရားနှင့် လျှောက်ထား ပြောဆိုအံ့"

ဤသို့လျှင် အရှင်စုန္ဒသည် မြတ်စွာဘုရားကိုလည်းကောင်း၊ မိမိ၏ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာကိုလည်းကောင်း ရိုသေလေးစားခြင်းဖြင့် ရှေးဦးစွာ အရှင်အာနန္ဒာ၏အထံသို့သွား၍ ရိုသေစွာ ရှိခိုးပြီးလျှင် ဤသို့လျှောက်၏။

"အရှင်ဘုရား အကျွန်ုပ်တို့၏ နောင်တော်ကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုခဲ့ပါပြီ။ ဤသည်တို့ကား အရှင်သာရိပုတ္တရာ၏ သပိတ်သင်္ကန်းများ ဖြစ်ကြပါသည်။ ဤသည်ကား ဓာတ်တော်ထည့်ခဲ့သော ရေစစ်ပဝါ ဖြစ်ပါသည်"

"ငါ့ရှင်စုန္ဒ၊ မြတ်စွာဘုရားအား ဝင်ရောက်ဖူးမြော်ရန် စကားလက်ဆောင်ပင် ဖြစ်တော့သည်။ လာ၊ သွားကြကုန်စို့၊ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ ဤအကြောင်းကို လျှောက်ကြကုန်အံ့"

ထို့နောက် အရှင်အာနန္ဒာနှင့် အရှင်စုန္ဒတို့သည် မြတ်စွာဘုရား၏ အထံတော်သို့ ချဉ်းကပ်ကြ၍ သင့်ရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြကုန်၏။ ရှိခိုးပြီးသောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ ဤအရှင်စုန္ဒသည် 'အရှင်သာရိပုတ္တရာကား ပရိနိဗ္ဗာန်ပြုတော်မူပါပြီ၊ ဤကား အရှင်သာရိပုတ္တရာ၏ သပိတ် သင်္ကန်းတည်း၊ ဤကား ဓာတ်တော်ထည့်ခဲ့သော ရေစစ်ပဝါတည်း'ဟု လျှောက်ပါသည်။ ဤကား သပိတ်သင်္ကန်းဖြစ်၍ ဤကား ဓာတ်တော်ရေစစ်ပဝါ ဖြစ်ပါသည်"

ထိုအခါ မြတ်စွာဘုရားသည် လက်တော်ကိုဆန့်တန်း၍ ဓာတ်တော်ထည့်သော ရေစစ်ပဝါကို ယူတော်မူပြီးမှ လက်ဖဝါးအပြင်၌ တင်ထား၍ ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

''ရဟန်းတို့ သာရိပုတ္တရာသည် ယမန်တစ်နေ့၌ အရာမကများလှသော ပြာဋိဟာတို့ကိုပြ၍ ပရိနိဗ္ဗာန်ပြုရန် ခွင့်ပန်ခဲ့၏။ ယခုအခါ၌ကား ထိုသာရိပုတ္တရာ၏ ခရုသင်းပမာ ဖြူဖွေးလှစွာသော ဓာတ်တို့သာ ထင်ရှားရှိရစ်ကြတော့သည်။

ရဟန်းတို့ ဤသာရိပုတ္တရာကား ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေ ပတ်လုံး ဖြည့်အပ်သော ပါရမီရှိ၏။ ဤသာရိပုတ္တရာကား ငါဘုရားသည် လည်စေတော်မူအပ်သော တရားစကြာကို အတုလိုက်၍ လည်စေနိုင်သူဖြစ်၏။ ဤသာရိပုတ္တရာကား ငါဘုရား၏ ဒုတိယဖြစ်သောနေရာကို ရသူဖြစ်၏။ ပါရမီပြည့်ဝသော တပည့်အစုအဝေးရှိသူလည်းဖြစ်၏။ ငါဘုရားကို ချန်ထား၍ စကြဝဠာ တစ်သောင်း၌ ပညာဖြင့် အတုမရှိသူဖြစ်၏။ ဤသာရိပုတ္တရာကား ကြီးမြတ်သော ပညာရှိသူ၊ ရွှင်သောပညာရှိသူ၊ မြန်သောပညာရှိသူ၊ ထက်သောပညာရှိသူ၊ ဖောက်ထွင်းသောပညာရှိသူလည်း ဖြစ်၏။ ဤသာရိပုတ္တရာကား အလိုနည်းသူ၊ ရောင့်ရဲလွယ်သူ၊ ဆိတ်ငြိမ်သူ၊ မရောနှောသူ၊ လုံ့လကြီးသူ၊ အပြစ်ကို စောဒနာတတ်သူ၊ မကောင်းမှုကို ကဲ့ရဲ့တတ်သူလည်း ဖြစ်၏။ ဘဝငါးရာတို့တိုင်တိုင် ရအပ်သောစည်းစိမ်ကို ပယ်စွန့်၍ ရဟန်းပြုခဲ့သူလည်းဖြစ်၏။ ဤသာရိပုတ္တရာကား ငါဘုရား၏ သာသနာတော်၌ မြေကြီးကဲ့သို့သည်းခံသူ၊ ဦးချိုကျိုးသော နွားလားဥသဘကဲ့သို့ ဒေါသနည်းပါးသူ၊ ဒွန်းစဏ္ဍားသားကဲ့သို့ နှိမ်ချသော စိတ်ထား ရှိသူလည်းဖြစ်၏။

ရဟန်းတို့ ဤသို့သောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော သာရိပုတ္တရာ၏ ဓာတ်တော်တို့ကို ဖူးမြော်ကြကုန်၊ ရှိခိုးကြကုန်''

ဤသို့ စသည်ဖြင့် မြတ်စွာဘုရားသည် ဂါထာပေါင်းငါးရာတို့ဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ချီးကျူးတော်မူ၏။

## ၁၆။ အရှင်အာနန္ဒာအား မြတ်စွာဘုရားက တရားပြတော်မူခြင်း

''အရှင်ဘုရား၊ ဤသို့ ဂုဏ်ကျေးဇူးအပေါင်းနှင့် ပြည့်စုံတော်မူသော အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုတော်မူပြီဟု ကြားရသဖြင့် အကျွန်ုပ်၏ကိုယ်သည် တံကျင်လျှိုခံရသကဲ့သို့ပင် ဖြစ်ရပါသည်။ အကျွန်ုပ်အား အရပ်မျက်နှာ

တို့ကိုလည်း မမြင်ရတော့ပါ၊ ရီဝေ၍သွားပါသည်။ အကျွန်ုပ်အား တရားတော်များလည်း မထင်လာကြတော့ပါ''

ထိုအခါ မြတ်စွာဘုရားသည် သောတာပန်မျှသာဖြစ်၍ လွန်စွာ ပူပန်သောက ဖြစ်လျက်ရှိသော အရှင်အာနန္ဒာကို သက်သာရာရစေတော်မူလိုသဖြင့် ဤသို့ မိန့်တော်မူ၏။

''အာနန္ဒာ အသို့နည်း၊ သာရိပုတ္တရာသည် သင်၏သီလဂုဏ်ကို ယူဆောင်သွား၍ ပရိနိဗ္ဗာန်ပြုသလော၊ သင်၏သမာဓိဂုဏ်ကို၊ သင်၏ပညာဂုဏ်ကို၊ ဝိမုတ္တိဂုဏ်ကို၊ ဝိမုတ္တိဉာဏဒဿနဂုဏ်ကို ယူဆောင်သွား၍ ပရိနိဗ္ဗာန်ပြုသလော''

''အရှင်ဘုရား အရှင်သာရိပုတ္တရာသည် အကျွန်ုပ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့ကို ယူဆောင်သွား၍ ပရိနိဗ္ဗာန်ပြုတော်မူသည်ကား မဟုတ်ပါ။ အရှင်ဘုရား စင်စစ်သော်ကား အရှင်သာရိပုတ္တရာသည် အကျွန်ုပ်အား ဆုံးမတတ်သူဖြစ်ပါသည်။ သိစေတတ်သူ၊ ပြသတတ်သူ၊ ဆောက်တည်စေတတ်သူ၊ ထက်မြက်စေတတ်သူ၊ ရွှင်လန်းစေတတ်သူ ဖြစ်ပါသည်။ အရှင်သာရိပုတ္တရာသည် တရားဟောရာ၌ ခေါင်းလှုပ်လက်ယမ်း ပင်ပန်းခြင်းမရှိသူ ဖြစ်ပါသည်။ သီတင်းသုံးဖော်တို့အား ချီးမြှောက်တတ်သူဖြစ်ပါသည်။ အရှင်သာရိပုတ္တရာ၏ ထိုသို့သဘောရှိသော တရားအရသာကျွေးမှု၊ တရားအသုံးအဆောင်ပေးမှု၊ တရားဖြင့် ချီးမြှောက်မှုတို့ကို အကျွန်ုပ်သည် အစဉ်သတိရလျက် ရှိပါသည်''

ထိုအခါ မြတ်စွာဘုရားသည် ''အာနန္ဒာကား အလွန်ပင်ပန်းလှ၏''ဟု ကြံတော်မူ၍ ဤသို့ဟောကြားဆုံးမတော်မူပြန်၏။

''အာနန္ဒာ၊ ငါဘုရားသည် တရားတော်မြတ်ကို တင်ကြို၍သာဟောကြားထားအပ်ပြီး မဟုတ်လော။ အလုံးစုံသော ချစ်ခင်နှစ်သက်အပ်သော သူတို့နှင့် အမျိုးမျိုး အဖုံဖုံလည်းဖြစ်တတ်၏။ ကွေကွင်းရခြင်းလည်း ဖြစ်တတ်၏။ တစ်ပါးသော အခြင်းအရာအားဖြင့်လည်း ဖြစ်တတ်၏။ ထို့ကြောင့် အတူတကွ အမြဲတမ်းနေထိုင်ရခြင်းကို အဘယ်မှာ ရနိုင်ပါအံ့နည်း။ ဖြစ်ပေါ်လာသော သင်္ခါရတရားကို မပျက်မစီးပါစေလင့်ဟု တားမြစ်နိုင်သောအကြောင်းသည် မရှိ။

အာနန္ဒာ ဥပမာအားဖြင့် အနှစ်ရှိသော သစ်ပင်ကြီး၏ အကြီးဆုံးသော အကိုင်းသည် ကျိုးပဲ့ပျက်စီး၍သွားသကဲ့သို့ များလှသောရဟန်းအပေါင်းမှ ဖဲ့ခွာ၍ သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုသွားရခြင်းဖြစ်၏။

အာနန္ဒာ ထို့ကြောင့် ဤသင်္ခါရတရား၌ ခိုင်မြဲသောသဘောကို အဘယ်မှာ ရနိုင်အံ့နည်း။ ဖြစ်ပေါ်လာသော သင်္ခါရတရားကို မပျက်မစီးပါစေလင့်ဟု တားမြစ်နိုင်သော အကြောင်းသည် မရှိပေ။

အာနန္ဒာ ထို့ကြောင့် မိမိကိုယ်ကိုသာ ကိုးကွယ်ရာပြု၍ နေကြကုန်လော့၊ တရားတော်ကိုသာ ကိုးကွယ်ရာပြု၍ နေကြကုန်လော့၊ သူတစ်ပါးကို ကိုးကွယ်ရာပြု၍ မနေကြကုန်လင့်။ ကိုယ်ကာယ၊ ဝေဒနာ၊ စိတ်၊ တရားဟူသော သတိပဋ္ဌာန်လေးပါး တရားတော်ကိုသာ ကိုးကွယ်ရာပြု၍ နေကြကုန်လော့''

ဤသို့ စသည်ဖြင့် ဆုံးမဟောကြားတော်မူ၏။ ထို့နောက် မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာ၏ ဓာတ်တော်တို့ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီး၌ စေတီတည်၍ အများ၏ကိုးကွယ်ရာ ဖြစ်စေတော်မူသတည်း။

# နိဂုံး

ဝတ္ထာဝတာစ

(က) သာရိပုတ္တတ္ထေရဝတ္ထု၊ နိဋ္ဌိတံ ဒန္တဒီပကံ။
ဒိဋ္ဌာနုဂတိယာ သာဓူ၊ ဒမေန္တု သကမာနသံ။ ။

(ခ) ယထာ ဒိဗ္ဗောသဓံ ကုဋ္ဌံ၊ အသေသံ အပနယတိ။
တထေဝိမံ ဝိသဋ္ဌာနိ၊ ဗဟာသန္တာနိ သဗ္ဗသော။ ။

(ဂ) ယထာ သဗ္ဗဘူမလာနိ၊ မဟာမေဃော ပဝါဟတိ။
ဇနမလမိ္ပဒံ ဝတ္ထု၊ အာသမုဒ္ဒံ အနာလယံ။ ။

(က) ဗုဒ္ဓဘာသာ၊ သာသနာ၏၊ ဂုဏ်ဝါကြီးထု၊ ယဉ်ကျေးမှုကို၊ အတုမဲ့သာ၊ ပြတတ်စွာသား၊ သာရိပုတ္တ၊ ထေရ်မြတ်လျှ၏၊ ချင်းတစ်ခုပေါင်း၊ ဝတ္ထုကြောင်းကား၊ ချမ်းဆောင်းနှင်းစို၊ ပန်းခွာညိုနှင့်၊ ပြာသိုဆန်းစ၊ ရက်ကေတွင်၊ နာဂဦးထိပ်၊ ကျော်နင်းနိုပ်လျက်၊ တံဆိပ်ပြိုးပြောင်၊ ပြီးစီးအောင်သည်၊ တစ်ထောင်သုံးရာ၊ ဗာဝီသာဟု၊ အခါကောင်းလစ်၊ ဤသည့်ခေတ်မှ၊ အသစ်ပြင်ကာ၊ မျိုးမြန်မာတို့၊ ပြစ်ဆာဆို့ပိတ်၊ မိမိစိတ်ကို၊ ဒိဋ္ဌာမူလမ်း၊ ပဲ့ပြင်စွမ်းလျက်၊ မကြမ်းမကြုတ်၊ မဆိုးယုတ်ဘဲ၊ ကိုယ် နှုတ် နှလုံး၊ သုံးပါးကျုံး၍၊ ဆုံးမနိုင်ပါစေသတည်း။

(ခ) မကြံဘူးတောင်း၊ နတ်ဆေးကောင်းကား၊ ညှိလှောင်းပုပ်သိုး၊ နူယဆိုးကို၊ မကြိုးမပမ်း၊ ဖျောက်နိုင်စွမ်းသို့၊ ဤကျမ်းဝတ္ထု၊ အနှစ်စုလည်း၊ စံပြုလောက်သည်၊ ဂုဏ်အရည်ကြောင့်၊ လူ့ပြည်လူ့ရပ်၊ တာရှည်ကပ်သား၊ မစပ်တရား၊ ကောက်ကျစ်များလျက်၊ စကားနှုတ်သံ၊ အပေါ်ယံမျှ၊ လုပ်ကြံကြပါ၊ ဟန်ရောဂါကို၊ သဒ္ဓါဓာတ်ကောင်း၊ သွေးသစ်လောင်း၍၊ ပျောက်ကြောင်းလျင်လျား၊ ချန်မထားဘဲ၊ ဖယ်ရှားနိုင်ပါစေသတည်း။

(ဂ) စကြဝဠာ၊ အပြည့်ရွာသား၊ မဟာမေဃ၊ မိုးများဘကား၊ တောဝတောင်ခွင်၊ မြေအပြင်၌၊ မစင်ဘင်ပုပ်၊ သူကောင်ပုပ်နှင့်၊ သစ်ပုပ်သစ်ဆွေး၊ ညစ်အကြေးကို၊ စီးပြေးလျင်လျင်၊ ရေသွင်သွင်ဖြင့်၊ မြစ်ပင်လယ်ကြော၊ ရောက်အောင်မျှောသို့၊ မြတ်သောကျင့်တမ်း၊ ဤသည့်ကျမ်းလည်း၊ ဆိုးသွမ်းရှုပ်ထွေး၊ လူ့ညစ်ကြေးကို၊ မြေဝေးမြောင်ကျပ်၊ လူမစပ်သား၊ တစ်ရပ်ဒေသ၊ ပြင်အပသို့၊ မျှောချနိုင်ပါစေသတည်း။

အရှင်သာရိပုတ္တရာဝတ္ထု
ဒုတိယအကြိမ်ရိုက်

## နိဂုံးသံပေါက်

၁။ သာရိပုတ္တရာ၊ ရှင်မြတ်စွာ၊ ပညာဖက်မဲ့ကျော်။
၂။ ဂုဏ်ပေါင်းပြည့်လျှံ၊ ဗုဒ္ဓထံ၊ စံပြကျော်အမော်။
၃။ အရိယာနွယ်ဝင်၊ မွေးမိခင်၊ ဂုဏ်တင်မိန့်မြွက်ဖော်။
၄။ စကြဝဠာဘောင်၊ တိုက်တစ်ထောင်၊ ဂုဏ်ရောင်လွှမ်း၍ကျော်။
၅။ အမြိုက်ရေစင်၊ သိဒ္ဓိတင်၊ တွင်တွင်သောက်ကြနော်။
၆။ လူနတ်ချမ်းသာ၊ အလွယ်ပါ၊ သောတာပန်ထက်ကျော်။
၇။ နှစ်ထောင်ငါးရာ၊ နှစ်လေးသာ၊ ဤစာခုမှပေါ်။
၈။ မြန်မာ့ဘာသာ၊ သက်သက်သာ၊ သူ ငါ ဖတ်ဖို့မျှော်။
၉။ ခက်ခဲရာရာ၊ သေအချာ၊ သဒ္ဒါအနက်ဖော်။
၁၀။ သဒ္ဒါဆော်နှိုး၊ ပြုအားကြိုး၊ အောင်မိုးကဝိကျော်။

# မှီရာပါဠိအငြကထာများ

## (က) ပိဋကတ်ပါဠိတော်

### ဒီဃနိကာယ်


၁။ ပါထိကဝဂ္ဂပါဠိ
- ၁။ သမ္ပသာဒနီယသုတ် — စာ ၈၂–၉၅
- ၂။ သင်္ဂီတိသုတ် — ၁၇၅–၂၂၁
- ၃။ ဒသုတ္တရသုတ် — ၂၂၇–၂၆၀


### မဇ္ဈိမနိကာယ်


၂။ မူလပဏ္ဏာသပါဠိ
- ၁။ ၁–မူလပရိယာယဝဂ်၊ ၅–အနင်္ဂဏသုတ် — ၂၉–၃၈
- ၂။ ၁–မူလပရိယာယဝဂ်၊ ၉–သမ္မာဒိဋ္ဌိသုတ် — ၅၇–၆၉
- ၃။ ၅–စူဠယမကဝဂ်၊ ၃–မဟာဝေဒလ္လသုတ် — ၃၆၀–၃၆၄

၃။ မဇ္ဈိမပဏ္ဏာသပါဠိ
- ၄။ ၂–ဘိက္ခုဝဂ်၊ ၉–ဂေါလိယာနိသုတ် — ၂၉–၃၈
- ၅။ ၃–ပရိဗ္ဗာဇကဝဂ်၊ ၄–ဒီဃနခသုတ် — ၁၇၅–၂၂၁
- ၆။ ၅–ဗြာဟ္မဏဝဂ်၊ ၇–ဓနဉ္ဇာနိသုတ်

၄။ ဥပရိပဏ္ဏာသပါဠိ
- ၇။ ၂–အနုပဒဝဂ်၊ ၁–အနုပဒသုတ် — ၁၃၃–၁၃၇
- ၈။ ၄–ဝိဘင်္ဂဝဂ်၊ ၁၁–သစ္စဝိဘင်္ဂသုတ် — ၁၆၈
- ၉။ ၅–သဠာယတနဝဂ်၊ ၁–အနာထပိဏ္ဍိကောဝါဒသုတ် — ၃၀၁–၃၀၇
- ၁၀။ ၅–သဠာယတနဝဂ်၊ ၂–ဆန္နောဝါဒသုတ် — ၃၀၇–၃၁၁
- ၁၁။ ၅–သဠာယတနဝဂ်၊ ၉–ပိဏ္ဍပါတပါရိသုဒ္ဓိသုတ် — ၃၄၃


### သံယုတ္တနိကာယ်


၅။ သဂါထာဝဂ္ဂပါဠိ
- ၁။ ၁–ဒေဝတာသံယုတ်၊ ၅–အာဒိတ္တဝဂ်၊ ၈–ဇေတဝနသုတ် — ၃၁
- ၂။ ၈–ဝင်္ဂီသသံယုတ်၊ ၇–ပဝါရဏာသုတ်၊ — ၁၉၂–၁၉၃

၆။ နိဒါနဝဂ္ဂပါဠိ
- ၃။ ၁၀–ဘိက္ခုသံယုတ်၊ ၂–ဥပတိဿသုတ် — ၄၆၃

၇။ ခန္ဓဝဂ္ဂပါဠိ
၄။ ၄-သာရိပုတ္တသံယုတ်၊ ၁-ဝိဝေကဇသုတ် (စသည်) ၁၉၇-၂၀၁
၈။ သဠာယတနဝဂ္ဂပါဠိ
၅။ ၄-ဇမ္ဗုခါဒကသံယုတ်၊ ၁-နိဗ္ဗာနပဉ္ဟာသုတ် စသည် ၄၄၇-၄၅၄
၆။ ၅-သာမဏ္ဍကသံယုတ်၊ ၁-သာမဏ္ဍကသုတ် ၄၅၅
၇။ ၅-သာမဏ္ဍကသံယုတ်၊ ၂-ဒုက္ကရသုတ် ၄၅၆
၈။ ၁၀-အဗျာကတသံယုတ်၊ ၃-ပ သာရိပုတ္တကောဋ္ဌိကသုတ် စသည်
၅၅၂-၅၅၇
၉။ မဟာဝဂ္ဂပါဠိ
၉။ ၃-သတိပဋ္ဌာနသံယုတ်၊ ၂-နာဠန္ဒဝဂ်၊ ၁-မဟာပုရိသသုတ် ၁၃၇
၁၀။ ၃-သတိပဋ္ဌာနသံယုတ်၊ ၂-နာဠန္ဒဝဂ်၊ ၂-နာဠန္ဒသုတ် ၁၃၇-၁၃၉
၁၁။ ၃-သတိပဋ္ဌာနသံယုတ်၊ ၂-နာဠန္ဒဝဂ်၊ ၃-စုန္ဒသုတ် ၁၃၉-၁၄၁
၁၂။ ၃-သတိပဋ္ဌာနသံယုတ်၊ ၂-နာဠန္ဒဝဂ်၊ ၄-ဥက္ကာစေလသုတ် ၁၄၁-၁၄၂
၁၃။ ၁၀-သောတာပတ္တိသံယုတ်၊ ၁-ဝေဠုဒွါရဝဂ်၊
၁-ပ သာရိပုတ္တရာသုတ် ၃၀၀-၂
၁၄။ ၁၀-သောတာပတ္တိသံယုတ်၊ ၁-ဝေဠုဒွါရဝဂ်၊
၂-၃ သာရိပုတ္တရာသုတ် ၃၀၂-၃
၁၅။ ၁၀-သောတာပတ္တိသံယုတ်၊ ၃-သရဏာနိဝဂ်၊
၆-ပ အနာထပိဏ္ဍိကသုတ် ၃၃၂-၅

## အင်္ဂုတ္တရနိကာယ်

၁၀။ အင်္ဂုတ္တရပါဠိ (ပထမဘာဂ)
၁။ ဧကက၊ ၁၄-ဧတဒဂ္ဂဝဂ်၊ ပထမဝဂ်၊ ဒုတိယသုတ် ၂၃
၂။ ဒုက၊ ၁-၅၀၊ ၄-သမစိတ္တဝဂ်၊ ၅-သမစိတ္တပရိယာယသုတ် ၆၄-၆၆
၃။ တိက၊ ၁-၅၀၊ ၃-ပုဂ္ဂလဝဂ်၊ ၁-သမိဒ္ဓသုတ် ၁၁၆-၁၁၈
၄။ တိက၊ ၃-၅၀၊ ၃-ကုသိနာရဝဂ်၊ ၈-၃ အနုရုဒ္ဓသုတ် ၂၈၅-၆
၅။ စတုက္က၊ ၄-၅၀၊ ၁-ဣန္ဒြိယဝဂ်၊ ၈-ပရိဟာနိသုတ် ၄၆၁-၂
၆။ စတုက္က၊ ၄-၅၀၊ ၃-သဉ္စေတနိယဝဂ်၊ ၂-ဝိဘတ္တိသုတ် ၄၇၉
၇။ စတုက္က၊ ၄-၅၀၊ ၃-သဉ္စေတနိယဝဂ်၊ ၃-မဟာကောဋ္ဌိကသုတ်
၄၇၉-၄၈၀
၈။ စတုက္က၊ ၄-၅၀၊ ၃-သဉ္စေတနိယဝဂ်၊ ၅-ဥပဝါဏသုတ် ၄၈၂

၁၁။ အင်္ဂုတ္တရပါဠိ (ဒုတိယဘာဂ)


| | |
|---|---|
| ၉။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၂-၃ အာဃာတပဋိဝိနယသုတ် | ၁၆၄-၇ |
| ၁၀။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၃-သာကစ္ဆသုတ် | ၁၆၇ |
| ၁၁။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၄-သာဇီဝသုတ် | ၁၆၈ |
| ၁၂။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၅-ပဉ္ဟပုစ္ဆာသုတ် | ၁၆၈ |
| ၁၃။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၆-နိရောဓသုတ် | ၁၆၈-၁၇၂ |
| ၁၄။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၇-စောဒနာသုတ် | ၁၇၂-၅ |
| ၁၅။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၈-သီလသုတ် | ၁၇၅-၆ |
| ၁၆။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၂-အာဃာတဝဂ်၊ ၉-ခိပ္ပနိသန္တိသုတ် | ၁၇၆-၇ |
| ၁၇။ ပဉ္စက၊ ၄-ပဏ္ဏာသ၊ ၃-ဥပါသကဝဂ်၊ ၆-ပီတိသုတ် | ၁၈၂-၃ |
| ၁၈။ ဆက္က၊ ၁-ပဏ္ဏာသ၊ ၂-သာရဏီယဝဂ်၊ ၄-ဘဒ္ဒကသုတ် | ၂၅၉-၂၆၀ |
| ၁၉။ ဆက္က၊ ၁-ပဏ္ဏာသ၊ ၄-ဒေဝတာဝဂ်၊ ၁၁-ဒါရုက္ခန္ဓသုတ် | ၂၉၉ |
| ၂၀။ ဆက္က၊ ၁-ပဏ္ဏာသ၊ ၅-ဓမ္မိကဝဂ်၊ ၉-အာနန္ဒသုတ် | ၃၁၇-၈ |
| ၂၁။ သတ္တက၊ ၄-ဒေဝတာဝဂ်၊ ၄-၃ သောဝစဿတာသုတ် | ၄၂၀-၁ |
| ၂၂။ သတ္တက၊ ၄-ဒေဝတာဝဂ်၊ ၈-၃ ပဋိသမ္ဘိဒါသုတ် | ၄၂၃ |
| ၂၃။ သတ္တက၊ ၄-ဒေဝတာဝဂ်၊ ၉-၃ ဝသသုတ် | ၄၂၃ |
| ၂၄။ သတ္တက၊ ၄-ဒေဝတာဝဂ်၊ ၁၁-ပ နိဒ္ဒသသုတ် | ၄၂၄-၅ |
| ၂၅။ သတ္တက၊ ၅-ဒေဝတာဝဂ်၊ ၁၀-နန္ဒမာတာသုတ် | ၄၄၅-၇ |
| ၂၆။ သတ္တက၊ ၇-ဒေဝတာဝဂ်၊ ၆-သက္ကစ္စသုတ် | ၄၈၉-၄၉၃ |


၁၂။ အင်္ဂုတ္တရပါဠိ (တတိယဘာဂ)


| | |
|---|---|
| ၂၇။ အဋ္ဌက၊ ၁-ပဏ္ဏာသ၊ ၂-မဟာဝဂ်၊ ၆-ဒုတေယျသုတ် | ၃၇ |
| ၂၈။ အဋ္ဌက၊ ၁-ပဏ္ဏာသ၊ ၃-ဂဟပတိဝဂ်၊ ၈-၃ ဗလသုတ် | ၅၈-၉ |
| ၂၉။ အဋ္ဌက၊ ၂-ပဏ္ဏာသ၊ ၃-ယမကဝဂ်၊ ၇-ဏ္ဍုစ္ဆာသုတ် | ၁၄၃-၄ |
| ၃၀။ အဋ္ဌက၊ ၂-ပဏ္ဏာသ၊ ၃-ယမကဝဂ်၊ ၈-အလံသုတ် | ၁၄၅-၇ |
| ၃၁။ နဝက၊ ၁-ပဏ္ဏာသ၊ ၁-သမ္ဗောဓိဝဂ်၊ ၆-သေဝနာသုတ် | ၁၇၄-၇ |
| ၃၂။ နဝက၊ ၁-ပဏ္ဏာသ၊ ၂-သီဟနာဒဝဂ်၊ ၃-ကောဋ္ဌိကသုတ် | ၁၈၇-၁၉၀ |
| ၃၃။ နဝက၊ ၁-ပဏ္ဏာသ၊ ၂-သီဟနာဒဝဂ်၊ ၁-သီဟနာဒသုတ် | ၁၈၀-၄ |
| ၃၄။ နဝက၊ ၁-ပဏ္ဏာသ၊ ၂-သီဟနာဒဝဂ်၊ ၄-သမိဒ္ဓိသုတ် | ၁၉၀-၁ |
| ၃၅။ နဝက၊ ၁-ပဏ္ဏာသ၊ ၃-သတ္တာဝါသဝဂ်၊ ၆-သီလာယူပသုတ် | ၂၀၃-၅ |
| ၃၆။ နဝက၊ ၁-ပဏ္ဏာသ၊ ၄-မဟာဝဂ်၊ ၃-နိဗ္ဗာနသုခသုတ် | ၂၁၃-၅ |

၃၇။ ဒသက၊ ၁-၅၀၊ ၁-အာနိသံသဝဂ်၊ ၄-ဒု ဥပနိသသုတ် ၂၆၀-၁
၃၈။ ဒသက၊ ၂-၅၀၊ ၁-သစိတ္တဝဂ်၊ ၂-သာရိပုတ္တသုတ် ၃၃၀-၂
၃၉။ ဒသက၊ ၂-၅၀၊ ၁-သစိတ္တဝဂ်၊ ၅-ပရိဟာနသုတ် ၃၃၇-၃၄၀
၄၀။ ဒသက၊ ၂-၅၀၊ ၂-ယမကဝဂ်၊ ၅-ပ သုခသုတ် ၃၅၂
၄၁။ ဒသက၊ ၂-၅၀၊ ၂-ယမကဝဂ်၊ ၆-ဒု သုခသုတ် ၃၅၂-၃
၄၂။ ဒသက၊ ၂-၅၀၊ ၂-ယမကဝဂ်၊ ၇-ပ နဠကပါနသုတ် ၃၅၃-၆
၄၃။ ဒသက၊ ၂-၅၀၊ ၂-ယမကဝဂ်၊ ၈-ဒု နဠကပါနသုတ် ၃၅၆-၈
၄၄။ ဒသက၊ ၂-၅၀၊ ၄-ထေရဝဂ်၊ ၉-ကောကာလိကသုတ် ၃၉၃-၆
၄၅။ ဒသက၊ ၂-၅၀၊ ၄-ထေရဝဂ်၊ ၁၀-ခီဏာသဝဗလသုတ် ၃၉၆-၈
၄၆။ ဧကာဒသက၊ ၁-နိဿယဝဂ်၊ ၄-ဒု ဥပနိသာသုတ် ၅၁၉-၅၂၀
၄၇။ ဧကာဒသက၊ ၂-အနုဿတိဝဂ်၊ ၁၀-တ သမာဓိသုတ် ၅၅၃

## ခုဒ္ဒကနိကာယ်

၁၃။ ဥဒါနပါဠိ
၁။ ၂-မုစလိန္ဒဝဂ်၊ ၈-သုပ္ပဝါသာသုတ် ၉၇
၂။ ၃-နန္ဒဝဂ်၊ ၄-သာရိပုတ္တသုတ် ၁၀၈
၃။ ၄-မေဃိယဝဂ်၊ ၄-ယက္ခပ္ပဟာရသုတ် ၁၂၃
၄။ ၄-မေဃိယဝဂ်၊ ၇-သာရိပုတ္တသုတ် ၁၂၇
၅။ ၄-မေဃိယဝဂ်၊ ၁၀-သာရိပုတ္တသုတ် ၁၃၂
၆။ ၇-စူဠဝဂ်၊ ၁-ပ လကုဏ္ဍကဘဒ္ဒိယသုတ် ၁၇၀
၇။ ၇-စူဠဝဂ်၊ ၂-ဒု လကုဏ္ဍကဘဒ္ဒိယသုတ် ၁၇၀-၁
၁၄။ သုတ္တနိပါတပါဠိ
၈။ ၃-မဟာဝဂ်၊ ၁၀-ကောကာလိကသုတ် ၃၇၉-၃၈၅
၉။ ၄-အဋ္ဌကဝဂ်၊ ၁၆-သာရိပုတ္တသုတ် ၄၂၆
၁၅။ ပေတဝတ္ထုပါဠိ
၁၀။ ၂-ဥဗ္ဗရိဝဂ်၊ ၁-သံသာရမောစကပေတိဝတ္ထု ၁၃၈-၁၄၀
၁၁။ ၂-ဥဗ္ဗရိဝဂ်၊ ၂-သာရိပုတ္တတ္ထေရမာတုပေတိဝတ္ထု ၁၄၁-၁၄၄
၁၆။ ထေရဂါထာပါဠိ
၁၂။ ၁၇-တိံသနိပါတ်၊ ၂-သာရိပုတ္တတ္ထေရဂါထာ ၃၄၃-၆
၁၃။ ၂၀-သဋ္ဌိနိပါတ်၊ ၁-မဟာမောဂ္ဂလ္လာနတ္ထေရဂါထာ -
၁၄။ ၂၁-မဟာနိပါတ်၊ ၁-ဝင်္ဂီသတ္ထေရဂါထာ ၃၇၀

## ဝိနယပိဋက

၁၇။ ပါရာဇိကပါဠိ
၁။ ဝေရဥ္ဇကဏ္ဍ၊ သိက္ခာပဒပညတ္တိ အာရမ္ဘကထာ ၈–၁၁
၁၈။ ပါစိတ္တိယပါဠိ
၂။ ၅–ပါစိတ္တိယကဏ္ဍ၊ ၄–ဘောဇနဝဂ်၊
၁–အာဝသထပိဏ္ဍသိက္ခာပဒ ၉၆
၁၉။ မဟာဝဂ္ဂပါဠိ
၃။ ၆–ဘေသဇ္ဇက္ခန္ဓက၊ ၁၆၆–ပဋိဂ္ဂဟိတာဒိ အနုဇာနနာ ၃၀၈–၉
၂၀။ စူဠဝဂ္ဂပါဠိ
၄။ ၅–ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ ခုဒ္ဒကဝတ္ထူနိ ၂၈၂

| | | |
|---|---|---|
| ဒီဃနိကာယ်မှ | ၃ | သုတ် |
| မဇ္ဈိမနိကာယ်မှ | ၁၁ | သုတ် |
| သံယုတ္တနိကာယ်မှ | ၁၅ | သုတ် |
| အင်္ဂုတ္တရနိကာယ်မှ | ၄၇ | သုတ် |
| ခုဒ္ဒကနိကာယ်မှ | ၁၄ | သုတ် |
| ဝိနယပိဋကမှ | ၄ | ဝတ္ထု |
| သုတ် + ဝတ္ထု | ၉၄ | |

# (ခ) အဋ္ဌကထာများ


၁။ ဓမ္မပဒအဋ္ဌကထာ (ပထမဘာဂ)

၁။ ၁-ယမကဝဂ်၊ ၇-ဒေဝဒတ္တဝတ္ထု စာ ၄၉-၅၂
၂။ ၁-ယမကဝဂ်၊ ၈-သာရိပုတ္တတ္ထေရဝတ္ထု ၅၂-၇၃
၃။ ၅-ဗာလဝဂ်၊ ၁၅-ဝနဝါသီတိဿ သာမဏေရဝတ္ထု ၃၃၃-၃၄၅
၄။ ၆-ပဏ္ဍိတဝဂ်၊ ၁-ရာဓတ္ထေရဝတ္ထု ၃၄၆-၈
၅။ ၆-ပဏ္ဍိတဝဂ်၊ ၅-ပဏ္ဍိတ သာမဏေရဝတ္ထု ၃၅၉-၃၇၁
၆။ ၇-အရဟန္တဝဂ်၊ ၆-သာရိပုတ္တတ္ထေရဝတ္ထု ၃၉၀-၂
၇။ ၇-အရဟန္တဝဂ်၊ ၈-သာရိပုတ္တတ္ထေရဝတ္ထု ၃၉၅-၆
၈။ ၇-အရဟန္တဝဂ်၊ ၉-ခဒိရဝနိယ ရေဝတတ္ထေရဝတ္ထု ၃၉၆-၄၀၃
၉။ ၈-သဟဿဝဂ်၊ ၁-တမ္ဗဒါဌိက စောရဃာတကဝတ္ထု ၄၀၅-၈
၁၀။ ၈-သဟဿဝဂ်၊ ၃-ကုဏ္ဍလကေသီဝတ္ထု ၄၁၃-၈
၁၁။ ၈-သဟဿဝဂ်၊ ၅-သာရိပုတ္တတ္ထေရဿ မာတုလဗြာဟ္မဏဝတ္ထု ၄၂၀
၁၂။ ၈-သဟဿဝဂ်၊ ၆-သာရိပုတ္တတ္ထေရဿ ဘာဂိနေယျဝတ္ထု ၄၂၁
၁၃။ ၈-သဟဿဝဂ်၊ ၇-သာရိပုတ္တ-သဟာယက ဗြာဟ္မဏဝတ္ထု ၄၂၂
၁၄။ ၈-သဟဿဝဂ်၊ ၉-သံကိစ္စ သာမဏေရဝတ္ထု ၄၂၅-၄၃၃

၂။ ဓမ္မပဒအဋ္ဌကထာ (ဒုတိယဘာဂ)

၁၅။ ၁၀-ဒဏ္ဍဝဂ်၊ ၁၁-သုခသာမဏေရဝတ္ထု ၅၅-၆၃
၁၆။ ၁၄-ဗုဒ္ဓဝဂ်၊ ၂-ဒေဝေါရောဟဏဝတ္ထု ၁၃၀-၁၄၉
၁၇။ ၂၀-မဂ္ဂဝဂ်၊ ၉-သုဝဏ္ဏကာရတ္ထေရဝတ္ထု ၂၆၆-၈
၁၈။ ၂၆-ဗြာဟ္မဏဂ်၊ ၇-သာရိပုတ္တတ္ထေရဝတ္ထု ၃၉၈-၉
၁၉။ ၂၆-ဗြာဟ္မဏဝဂ်၊ ၉-သာရိပုတ္တတ္ထေရဝတ္ထု ၄၀၁
၂၀။ ၂၆-ဗြာဟ္မဏဝဂ်၊ ၁၇-သာရိပုတ္တတ္ထေရဝတ္ထု ၄၀၉
၂၁။ ၂၆-ဗြာဟ္မဏဝဂ်၊ ၂၃-သာမဏေရာနံဝတ္ထု ၄၁၆-၉
၂၂။ ၂၆-ဗြာဟ္မဏဝဂ်၊ ၂၇-သာရိပုတ္တတ္ထေရဝတ္ထု ၄၂၁-၂


၃။ ဇာတကဋ္ဌကထာ (ပထမဘာဂ)

၁။ ဧကကနိပါတ်၊ ၂-သီလဝဂ်၊ ၁-လက္ခဏမိဂဇာတ် (၁၁) ၁၅၉-၁၆၂
၂။ ဧကကနိပါတ်၊ ၄-ကုလာဝကဝဂ်၊ ၇-တိတ္တိရဇာတ် (၃၇) ၂၃၃-၆
၃။ ဧကကနိပါတ်၊ ၄-ကုလာဝကဝဂ်၊ ၉-နန္ဒဇာတ် (၃၉) ၂၄၁-၃
၄။ ဧကကနိပါတ်၊ ၅-အတ္ထကာမဝဂ်၊ ၁-လောသကဇာတ်(၄၁) ၂၅၁-၉
၅။ ဧကကနိပါတ်၊ ၁၅-ကကဏ္ဍကဝဂ်၊ ၃-ဝိရောစဇာတ်(၁၄၃) ၅၁၆-၉

သုတေသနစာကြည့်တိုက်
ထေရဝါဒသုတေသနစာပေ တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်မြို့

၄။ ဇာတကဋ္ဌကထာ (ဒုတိယဘာဂ)
၆။ တိကနိပါတ်၊ ၁-သင်္ကပ္ပဝဂ်၊ ၄-ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ် (၂၅၄) ၂၆၁-၅
၇။ တိကနိပါတ်၊ ၄-အဗ္ဘန္တရဝဂ်၊ ၁-အဗ္ဘန္တရဇာတ် (၂၈၁) ၃၅၂-၉
၈။ တိကနိပါတ်၊ ၄-အဗ္ဘန္တရဝဂ်၊ ၇-လာဘဂရဟဇာတ် (၂၈၇) ၃၇၈-၃၈၁
၉။ တိကနိပါတ်၊ ၅-ကုမ္ဘဝဂ်၊ ၂-သုပတ္တဇာတ် (၂၉၂) ၃၉၀-၃
၅။ ဇာတကဋ္ဌကထာ (တတိယဘာဂ)
၁၀။ စတုက္ကနိပါတ်၊ ၁-ကာလိင်္ဂဝဂ်၊ ၁-စူဠကာလိင်္ဂဇာတ် (၃၀၁) ၁-၇
၁၁။ စတုက္ကနိပါတ်၊ ၂-ပုစိမန္ဒဝဂ်၊ ၅-သဗ္ဗသံဟာရကဇာတ် (၃၁၅) ၄၅-၇
၁၂။ ပဉ္စကနိပါတ်၊ ၁-မဏိကုဏ္ဍလဝဂ်၊
၆-ကောရဏ္ဍိယဇာတ် (၃၅၆) ၁၅၈-၁၆၁
၁၃။ ပဉ္စကနိပါတ်၊ ၁-မဏိကုဏ္ဍလဝဂ်၊
၉-သုဝဏ္ဏမိဂဇာတ် (၃၅၉) ၁၆၉-၁၇၃
၁၄။ ပဉ္စကနိပါတ်၊ ၂-ဝဏ္ဏာရောဟဝဂ်၊
၁-ဝဏ္ဏာရောဟဇာတ် (၃၆၁) ၁၇၆-၉
၆။ ဇာတကဋ္ဌကထာ (စတုတ္ထဘာဂ)
၁၅။ တေရသကနိပါတ်၊ ၈-တက္ကာရိယဇာတ် (၄၈၁) ၂၄၃-၂၅၅

၇။ အခြားသက်ဆိုင်ရာ အဋ္ဌကထာများ



သောတာပန် အဖြစ်သို့ ရောက်အောင် အပို့ အဆောင် ကောင်းလှသဖြင့် သံဃာ့မွေးသမိခင်ဟု ဗုဒ္ဓ၏ ချီးမွမ်းခြင်းကို ခံယူရသူ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ၏ အကြောင်း